ဒုတိယအကြိမ်
ရှမ်းပြည်နယ်လွှတ်တော်
(၁၁)ကြိမ်မြောက်ပုံမှန်
အစည်းအဝေး
မှတ်တမ်း

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
(က)	**(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း**	
	(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။	၁
	(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက် ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပ ကြောင်း ကြေညာခြင်း။	၂
	(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။	၂
	(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။	၂
	(၅) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြား ခြင်း။	၅
	(၆) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့ အစည်းဝင်များက ဖြေကြား ခြင်း-	၈
	(က) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **"မိုင်းရှူးမြို့နယ်၊ မိုင်းစံဒေသ အတွက် ထိရောက်သော ကျန်းမာရေးဝန်ဆောင် မှုများ စီမံဆောင်ရွက်ပေးခြင်း"** နှင့်စပ်လျဉ်း သည့် မေးခွန်း။	၈
	(ခ) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအနီး မိုင်းယန်း မြို့မှ ကျိုင်းတုံမြို့သို့ သွားသည့် ကားလမ်းဘေးရှိ လယ်ရေသွယ်မြောင်းအရှည်(၆၀၀)ပေအား ကျောက်စီ မြောင်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။	၁၀

(၈) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"တောင်ကြီးမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း အရှေ့ ဖက်ဘေးရှိယခင်ညစျေး ယခု(Ocean) နေရာ တွင် အထပ်မြင့်စျေး အဆောက်အဦ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၂

(၂) **"ရှမ်းပြည်နယ်အတွင်းရှိ မြို့ပေါ်မှ ကျေးရွာများ အထိ စာကြည့်တိုက်မည်မျှ ဖွင့်ထားပြီး၊ စာကြည့် တိုက်မှူးများ ရှိ/မရှိ၊ စာကြည့်တိုက်များတွင် အသိပညာ ဗဟုသုတရရှိရန်အတွက် စာအုပ်များ ပြည့်စုံစွာ ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄

(ဃ) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အတည်ပြု ခဲ့သော အဆိုများကို မည်ကဲ့သို့ စီမံဆောင်ရွက်ထား သည်ကို သိရှိလိုသည်"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇

(င) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ကွတ်ခိုင်မြို့နယ်၊ တာမုံးညဲ-မုံးစီးကားလမ်းမမှ နှောင်လုံ ကျေးရွာအုပ်စု နမ့်မော- ကောင်းခမ်း- နှောင်လုံသွား ကျေးရွာချင်းဆက် မြေသားလမ်း (၂)မိုင် (၄)ဖာလုံကို ဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၉

(စ) ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းဖြတ်မြို့နယ်အတွင်းရှိ နားအယ်ကျေးရွာသည် မိုင်းဆတ်- မိုင်းခုတ်- မိုင်းဖြတ်လမ်းပေါ်ရှိ နမ့်ယွန်း ကျေးရွာအနီးမှ ခွဲထွက်သည့် နားအယ်ရွာသွားလမ်း (၃)မိုင်ကျော်အား မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၁

(ဆ) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ခမ်းမြို့နယ်၊ ဟင်လုံ ကျေးရွာအုပ်စု၊ ပန်ကူကျေးရွာရှိ မူလတန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ် ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၂

(၆) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၂၄
ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများအား ဘေးကင်းလုံခြုံသော အစားအစာ၊ အသီးအနှံများ စိုက်ပျိုးထုတ်လုပ် နိုင်ရေးအတွက် အထောက်အပံ့ အကူအညီများ ဆောင်ရွက်ပေးနေမှု အခြေအနေကိုသိရှိလိုပါသည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၈) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၂၇
"မိုင်းပျဉ်းမြို့နယ်၌ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် ဆရာ/ ဆရာမများ လုံးဝမရှိသည့် မူလတန်းကျောင်း၊ မူလတန်းကျောင်း(ခွဲ) (၂၉)ကျောင်းတွင် အမြန်ဆုံး ပြန်လည်ခန့်အပ်ပေးရန် အစီအစဉ် ရှိ/ မရှိ" နှင့် စပ်လျဉ်း သည့်မေးခွန်း။

(၉) ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၂၉
"မဘိမ်းမြို့နယ်၊ ဗဟဲကျေးရွာအုပ်စုအတွင်းရှိ မန်ဝေသစ်တောကြိုးဝိုင်းတိုးချဲ့ ပြင်ဆင်သတ်မှတ်သောကြောင့် တောင်သူများ၏ လယ်ယာမြေပါသွားမှုအပေါ် သစ်တော ဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်နိုင်မှု ရှိ/မရှိ၊ မရှိပါက လယ်ယာမြေလျော်ကြေးပေးချေရန် အစီအစဉ်ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၇) ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ ၃၂
ကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

(၈) ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ၃၅
ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ၃၆
ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၈-၂၀၁၉ ခု၊ ၃၈
ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း။

(၁၁) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာ နေရာများသို့တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"**အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၃၈

(၁၂) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါကယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း။ ၄၂

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၄၃

(ခ) (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၄

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက် ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ ၄၅

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၄၅

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၄၅

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့ အစည်းဝင်များက ဖြေကြားခြင်း- ၄၇

(က) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုင်းပန်မြို့နယ်၏မြောက်ဖက်ရှိ မိုင်းပန်-ကျိုင်းတောင်း ဆက်သွယ်ထားသောလမ်းနှင့် ကပ်လျက် ရှိသော ကုန်းကျိုင်းကွင်းရှိ ပေ(၇၁၀၀)ရှိသော ရေနုတ် မြောင်းအား ပြန်လည်တူးဖော်ပေးရန်"**နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၄၇

(ခ) ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"သီပေါမြို့နယ်၊ နမ့်ရမ်းကျေးရွာအုပ်စု၊ နောင်ကော်ကြီး ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအား တိုးချဲ့ဖွဲ့စည်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၉

(ဂ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ဆန်မြို့နယ်ရှိ ကိုယ်ထူကိုယ်ထ ကျေးရွာချင်းဆက်လမ်းများ မိုးရွာသွန်းမှုကြောင့် ပျက်စီးလျက်ရှိသဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၁

(ဃ) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျိုင်းတုံမြို့၊ မြို့မအားကစားကွင်းရှိ အထူးတန်းပွဲ ကြည့်စင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိရုံးနှင့် နေအိမ်ရရှိရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"**နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၅၂

(င) ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်ရွှေမြို့နယ်ရှိ (Early Childhood Care and Development) ECCD Centerများအား မှတ်ပုံတင်ပေးနိုင်ရေး"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၄

(စ) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း အကျဉ်းကျနေသောဒဿမတန်းကျောင်းသားများမည်မျှရှိကြောင်းနှင့်တက္ကသိုလ်ဝင်တန်းစာမေး ပွဲဖြေဆိုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးမှု ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၆

(ဆ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ - **"မိုင်းပျဉ်းမြို့၊ ပိန်းဆန်းရပ်ကွက်အတွင်းရှိ နဝဒေးလမ်း အား ကျောက်ချောလမ်း အရှည်(၁၈၄၀)ပေ၊ အကျယ် (၂၄)ပေ၊ အမြင့်(၁½)ပေ၊ Box Culvert (၅)စင်း ဆောင် ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။(ခွင့်)

(ဇ) ဦးစိုင်းလင်းမြတ်၊ မိုင်းရှုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၅၈ **"မိုင်းရှုးရတနာမြေ၊ လွိုင်ဆောင်ထောက်ဒေသ၊ တိုက်နယ်ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများအား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"၂၀၁၅ခုနှစ်မှ ယနေ့အထိ ရှမ်းပြည်နယ်အတွင်းရှိ ထင်ရှားကျော်ကြားသော ဒေသအသီးသီးသို့ လာရောက် လေ့လာကြသော နိုင်ငံခြားသားခရီးသည်၊ နိုင်ငံခြား သားခရီးသွားလုပ်ငန်း"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၉

(၂) **"ရှမ်းပြည်နယ်အတွင်း ယခင်နှစ်ပေါင်းများစွာကပင် နေထိုင်လာသော ဧည့်နိုင်ငံသားများ"**နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၆၂

(ည) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"မောက်မယ်မြို့နယ်၊ ထီတခေါ့- ဖာစန်း- ပန်သခွား ကျေးရွာအုပ်စုချင်းဆက် လမ်းအရှည်(၇)မိုင်ကျော်ခန့်မှ ကျောက်ချောလမ်းအဖြစ်(၄)မိုင်ခန့် ဆောင်ရွက်ပြီးကျန်ရှိ သည့်လမ်းပိုင်းကိုမည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၆၄

(ဋ) ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"တစ်နိုင်တစ်ပိုင် တရားဝင်လုပ်ငန်း လိုင်စင်စီဖြင့် ကွဲ၊ နွားများတင်ပို့ရောင်းချခြင်း"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၆

(၆) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၆၈
"တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ် ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူအသီးသီးက စဉ်ဆက် မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်း ကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ၇၃
ဆွေးနွေးရှင်းလင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

(၈) ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၇၈
"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု စာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်း ပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

(၉) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့် ၈၀
ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့် ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် ၈၀
လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

(ဂ) (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၁

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက် ကြောင်းနှင့် ၈၂
အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၈၂

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၈၂

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့ အစည်းဝင်များက ဖြေကြားခြင်း- ၈၄

(က) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မိုးချေးငွေမှ စတင်၍ စိုက်ပျိုးစရိတ်ချေးငွေ ပုံစံသစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေ ပုံစံတို့ဖြင့် တောင်သူ များအားချေးငွေထုတ် ချေးပေးမှုအခြေအနေ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၈၅

(ခ) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့မှ ဟိုလောင်းကျေးရွာသို့ ဆက်သွယ်ထားသောကျေးရွာချင်းဆက်လမ်းပိုင်း အရှည် (၁၀)မိုင်ခန့်အား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၈၈

(ဂ) ဦးမောင်ညီ၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မဘိမ်းမြို့နယ်သည် နယ်မြေကျယ်ဝန်းသဖြင့် မြို့မရဲ့ စခန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား တိုးချဲ့ခန့်ထားပေးရန်နှင့် အချုပ်ခန်းအသစ် တိုးချဲ့တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၀

(ဃ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **" ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ယနေ့အထိ အောင်ဘာလေသိန်းဆုလက်မှတ် ရောင်းချသော ဆိုင်များသည် တစ်စောင်လျှင် ကျပ်(၅၀၀/-)ဖြင့် ရောင်းချခြင်း ရှိ/ မရှိကို သက်ဆိုင်ရာဌာနများမှ စုံစမ်းမှုပြုလုပ်ခြင်း ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၉၂

(၂) **"၂၀၁၈ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း လျှပ်စစ်အန္တရာယ်၊ မိုးကြိုးအန္တရာယ်များ၏ အသိပညာပေး ဟောပြောပွဲများ မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၄

(ငး) ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးနှင့် လောင်းကစားကိစ္စအား မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၆

(စ) ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ကွန်ဟိန်းမြို့နယ်၊ အခြေခံညာအထက်တန်းကျောင်း၊ ကံ့ကော်ဆောင် သွပ်မိုးအုတ်ညှပ်(၆)ခန်းတွဲ(၂)ထပ် စာသင်ဆောင်သည် ပျက်စီးယိုယွင်းပြီး အသုံးပြုနိုင်ခြင်းမရှိသဖြင့် အသုံးပြုနိုင်ရေး မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၀

(ဆ) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လယ်ယာမြေ ပုံစံ(၇)ရရှိပြီးသော လယ်ယာမြေများကို နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်မရရှိသေးဘဲ အခြားအသုံးပြုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့အရေးယူမည်ကိုသိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၂

(ဇ) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ကွတ်ခိုင်မြို့နယ်၊ နမ့်ဖက်ကာနှင့် ဟိုမောလော့ခွမ်ကျေးရွာအုပ်စုကြား အရှည်(၈၀)ပေရှိ နမ့်မောချောင်း ကူးသန်းသားတံတားအား သံကူကွန်ကရစ်တံတား ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၅

ည

(စျ) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"နမ့်ခမ်းမြို့နယ်၊ မန်ဟောင်းကျေးရွာအုပ်စု၊ နောင်မ ကျေးရွာနှင့် နမ့်ခမ်းမြို့နယ်သို့ဆက်သွယ်သော (၁ မိုင် ၁ဖာလုံ) ကျောက်လမ်းအား ကတ္တရာလမ်းအဖြစ် ခင်း ပေးနိုင်မည့်အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၆

(၂) **"နမ့်ခမ်းမြို့နယ်၊ ဟင်လုံကျေးရွာအုပ်စု၊ ဟင်လုံ ကျေးရွာမှ ပန်ကူကျေးရွာ ချင်းဆက် မြေသားလမ်း (၄)မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့် တင်ရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၈

(၆) ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံတိုင်းရင်းသားများ မှတ်ပုံတင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်း ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၀၉

(၇) အဆိုနှင့်စပ်လျဉ်း၍ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၁၈

(၈) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်း ပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၂၃

(၉) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့် ကြောင်း ဆုံးဖြတ်ပါကယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။ ၁၂၅

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင် ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတတိယနေ့ ရုပ်နား ကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၂၆

(က) (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၂၇

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက် ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပ ကြောင်း ကြေညာခြင်း။ ၁၂၈

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၁၂၈

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၂၈

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၃၀

(က) ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းဖြတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ဘိုရှိး ကျေးရွာအနီး နမ့်ဟိုင်းချောင်း လက်ရိုက်ဆည်အား ခိုင်မာသည့် ရေလွှဲဆည်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၃၀

(ခ) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုင်းပန်မြို့နယ်၊ နမ့်တိန်းကျေးရွာအုပ်စု၊ ပုန်းချယ် ကျေးရွာနှင့်ကုန်းကျိုင်းကျေးရွာအုပ်စု၊လုံကြိမ် ကျေးရွာ တို့တွင်လျှပ်စစ်မီးရရှိရေး"**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၃၂

(ဂ) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျိုင်းတုံမြို့နယ်၊ မိုင်းလပ်ကျေးရွာအုပ်စု၊ ဝမ်လင်၊ ဝမ်မိုင်နှင့် နောင်ကန်ကျေးရွာအနီးရှိ တိမ်ကောနေသော နမ့်လပ်ချောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ/ မရှိ "**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၃၃

(ဃ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်းကျေးရွာအုပ်စုရှိ ဝမ်ပုံကျေးရွာအဝင်လမ်းခွ (၁၂)မိုင်ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၃၆

(၈) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ဆန်မြို့နယ်တွင်လျှပ်စစ်ဓါတ်အား(၂) မဂ္ဂါဝပ်ပိုလျှံလျက်ရှိသဖြင့် ကျေးရွာ(၄)ရွာသို့ ၂၀၁၈-၂၀၁၉ (RE) သို့မဟုတ် ၂၀၁၉-၂၀၂၀ (BE)တွင် ထည့်သွင်းလျာထားပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၃၈

(၉) ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းရှုးမြို့နယ်၊ မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လိုအပ်လျက်ရှိသည့် စာသင်ဆောင်"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၀

(ဆ) ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးမိတ်မြို့နယ်ရှိ မန်ဟီတောင်ကြိုးဝိုင်း သစ်တောဘုတ်တိုင်များကို ပြန်လည်စိုက်ထူရန်နှင့် ယခင်နေထိုင်ခဲ့သည့် ဒေသခံပြည်သူများ၊ စိုက်ပျိုးမြေဧရိယာများကို သစ်တောကြိုးဝိုင်းအတွင်းမှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၂

(၎) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲ မြို့နယ်ခွဲ၊ မုံးစီး- မုံးထမ်-ယုန်းမောသွားလမ်းရှိနမ့်ပျဉ်းချောင်းကူးသစ်သား တံတားအား သံကူကွန်ကရစ်တံတား ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၆

(ဈ) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းယန်းမြို့နယ်၊ ယန်းခိုင် ကျေးရွာအနီး အကျယ်(၁၅) ပေကိုယ်ထူကိုယ်ထလက်ရိုက်ရေလွှဆည်အား ကျောက်စီကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၈

(ည) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"စစ်တပ်ပိုင်မြေ၊ တပ်ရင်းတစ်တပ်ရင်း၏ မြေဧရိယာလိုအပ်ချက်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၅၀

(ဋ္ဌ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ကျုံးကျေးရွာ၊အ.ထ.ကကျောင်းအတွက် အထက်တန်းပြဆရာ/ဆရာမ(၄)ဦးနှင့် ကျား/မ အိမ်သာ(၁၀)လုံးအား ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၅၁

(၆) ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ ကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၅၃

(၇) ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ ကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၅၆

(၈) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၁၅၇

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒ ဥယျာဉ် ဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၅၈

(၁၀) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင်အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"**အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း။ ၁၅၉

(၁၁) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၆၆

(၁၂) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင် ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"**အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၆၂

(၁၃) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့် ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၆၅

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၄) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နား ကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပ မည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၉၅

(က) (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၉၇

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက် ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပ ကြောင်း ကြေညာခြင်း။ ၁၉၈

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကြေညာခြင်း။ ၁၉၈

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၉၈

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့်သက် ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့ အစည်းဝင်များက ဖြေကြားခြင်း- ၂၀၀

(က) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"ဆယ်ကျော် သက်နှင့် လူငယ်လိင်ပိုင်း ဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး အလုပ်ရုံဆွေးနွေးပွဲ များကို မြို့နယ်များတွင် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၀၀

(ခ) ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း မြို့နယ်များ၌ မြေများအကွက် ရိုက် ရောင်းချနေမှုများ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၀၃

(ဂ) ဒေါ်မေရီနို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"လွယ်ယင်းတောင်ခြေ - ဝမ်တုံအပိုင်း(၂) မြေသားလမ်း ဖောက်လုပ် ခြင်းလုပ်ငန်း"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၀၅

(ဃ) ဦးစိုင်းလုံ၊လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လင်း ခေး မြို့နယ်၊ ဝမ်စလောင်းကျေးရွာအုပ်စုရှိ ဝမ်စလောင်း အ.လ.က (ခွဲ)ကျောင်းဆောင်သစ်အား လျာထားဆောင် ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၀၈

(ဇ) ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်း-ကယား နယ်စပ်၊ ပီကင်းကောခူကျေးရွာအနီးရှိ စစ်ဆေးရေးဂိတ်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၁၈

(စ) ဦးအားမဲ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းကျေးရွာအုပ်စုရှိ ကျေးရွာ(၃)ရွာတွင် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ယာယီချောင်းပိတ်မြောင်းတမံကို ကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၁၂

(ဆ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိက တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီများ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မည်ကဲ့သို့ ညွှန်ကြားမှုပြုထားသည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၁၄

(ဇ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအနက် ကတိကဝတ်ဖြင့် ဖြေကြားခဲ့သည့်မေးခွန်းများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁၉

(၂) **"မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ မြို့မသုသာန်သွားကျောက်အမာခံလမ်းအရှည်(၃၀၀၀)ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၂၁

(ဈ) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်း ပြည်နယ်အတွင်း မြို့ပေါ်တွင် ဆောက်လုပ်ပေးမည့် ဝန်ထမ်း အိမ်ရာများအစား ကျေးလက်ရှိ ပညာရေးဝန်ထမ်း ဆရာ/ဆရာမများအတွက် တန်ဖိုးနည်းအိမ်ရာများဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၃

(ဉ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၂၅

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာ ရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်း ခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၃၄

(၈) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ် အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေး အတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ခြင်း။ ၂၃၅

(၉) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၃၉

(၁၀) ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြား တင်ပြခြင်း။ ၂၄၄

(၁၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ ရုပ်နား ကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၂၅၀

(စ) (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၅၁

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက် ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပ ကြောင်း ကြေညာခြင်း။ ၂၅၂

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။ ၂၅၂

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၅၂

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့ အစည်းဝင်များက ဖြေကြားခြင်း- ၂၅၄

ထ

(က) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ၂၅၅
၏ **"သီပေါမြို့နယ်၊ ဆွန်လုံကျေးရွာအုပ်စုမှ ဒုဋ္ဌဝတီမြစ် တစ်ဖက်ကမ်းရှိ ကုန်းသာကျေးရွာအုပ်စုသို့ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် (FLY FERRY) တံတား (သို့မဟုတ်) ကြိုးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၂၅၇
"ကွတ်ခိုင်မြို့နယ်၊ မန်နှောင် ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၂၅၉
"မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံကောက်ခံ လျက်ရှိသော အခွန်အခများ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် ၂၆၂
အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း သွေးလွန်တုပ်ကွေး နှင့် ငှက်ဖျားရောဂါကာကွယ်ရမည့် နည်းလမ်းများ အကြောင်း အသိပညာပေး ဟောပြောပွဲများနှင့် ရောဂါများ ဖြစ်ပွားခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ် ၂၆၅
(၂)၏ **"မောက်မယ်မြို့နယ်ရှိ ထီလင်း- ပင်ခွတ်- ထီဝါးဖော့- မိုက်ကန်းကျေးရွာအထိ ကျေးလက်လမ်းကို ကျောက်ချော လမ်းအဖြစ်ဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၂၆၇
"မိုင်းပန်မြို့နယ်တွင် မြို့နယ်ကျန်းမာရေးဆရာဝန် နေအိမ် နှင့် (၄)ခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာ" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၂၆၈
"မိုင်းဖြတ်မြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနမှ လယ် ရေသွယ်မြောင်း တူးဖော်ဆောင်ရွက်ရာတွင် မည်သည့် ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည်နှင့် စီမံကိန်းလျာထား ချက်တွင် မပါဝင်သောလုပ်ငန်းများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ထံ ဖြန့်ဝေပေးနိုင်ခြင်း ရှိ/ မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၈) ဒေါက်တာဝဏ္ဏစိုး၊ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ၏ ၂၇၁
"ကျိုင်းတုံမြို့တွင် ဥပဒေအထူးပြုဘာသာရပ်ကို သင်ကြားခွင့်ရရှိရေး (Law Department)အား ကျိုင်းတုံတက္ကသိုလ်၌ ထားရှိရန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်" နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၈၂) ဒေါ်မေရီရို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၂၇၃
"ဖယ်ခုံမြို့၊ မြို့ကုန်းနှင့် ဈေးရှေ့ ရပ်ကွက်အကြားတွင် နေထိုင်သည့် ဦးဝင်းနိုင်ပါ (၁၉)အိမ်စုအား ဈေးရှေ့ ရပ်ကွက်အတွင်းတွင် ပါဝင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/ မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၈၃) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၂၇၅
"မိုင်းပျဉ်းမြို့ အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါကျေးရွာသွား နမ့်ပိန်းချောင်းကူးတံတားအား တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၆) ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက် ၂၇၈
တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း။

(၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ၂၈၀
(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပ မည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

(ဆ) (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၈၁

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် ၂၈၂
အစည်းအဝေးစတင်ကျင်းပ ကြောင်းကြေညာခြင်း။

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ၂၈၂
ကြေညာခြင်း။

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ၂၈၂
ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ၂၈၄
ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်
သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၂၈၄
"သိန္နီမြို့နယ်၊ ဟွေတောင်ကျေးရွာအုပ်စုရှိ အ.မ.က(လန်ဒွဲ ဟော်)ကို တာဝန်ယူဆောက်လုပ်ခဲ့သည့် သုခဦီးကုမ္ပဏီ သည် ဒေသခံတိုင်းရင်းသားများထံမှ ကျောင်းဆောက်လုပ် စဉ်တွင် ပေးချေရန် ကျန်ရှိသည့်ငွေ"နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၂၈၆
"တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် လမ်းကြောင်းခရီးစဉ် တွင်(Permission Tour)များအပြင် အခြား ကမ္ဘာလှည့် ခရီးသည်များ လွတ်လပ်စွာ သွားလာခွင့်ပြုပေးရန် အစီအစဉ် ရှိ/ မရှိ"နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ၏ ၂၉၀
"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟို ကော်မတီ၏ ညွှန်ကြားချက်များအပေါ် ရှုမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်း အဖွဲ့၊ အထူးအဖွဲ့များအနေဖြင့် ယနေ့ချိန်ထိ ဆောင်ရွက် ပြီးစီးမှုအခြေအနေကို သိရှိလိုပါသည်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ၂၉၇
"မိုင်းဖြတ်မြို့နယ်၊ နမ့်လောက်ကျေးရွာအုပ်စု၊ ဝမ်ဆာ၊ ပါထွန်ကျေးရွာနှင့် နမ့်လန်းကျေးရွာအုပ်စု၊ နမ့်လန်း ကျေးရွာတို့ကို ဆက်သွယ်သော အုပ်စုချင်းဆက် လမ်း ဟောင်းကို ပြန်လည် ဖောက်လုပ်ပေးရန်အစီအစဉ် ရှိ/ မရှိ "နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၂၉၉
"မိုင်းပျဉ်းမြို့နယ်ရှိ အခြေခံပညာ ကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေ သင်ကြားသည့် ဆရာ/ ဆရာမ တို့အား နေ့စားအဖြစ် ခန့်အပ်ပေးရန်နှင့် (၃)လတစ်ကြိမ် ထောက်ပံ့ကြေးထုတ်ခွင့်ရရှိရန်"နှင့်စပ်လျဉ်းသည့်မေးခွန်း။

နံ

(စ) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ခမ်းမြို့နယ်၊ မန်ဟောင်းကျေးရွာအုပ်စု၊ နောင်မနှင့် မန်ဟောင်းကျေးရွာချင်းဆက်သွယ်သော တံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၀၁

(ဆ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ ရှမ်းပြည်နယ်အတွင်း တက္ကသိုလ်များ၊ ကောလိပ်များ၊ အဝေးသင် တက္ကသိုလ်များတွင် ကျောင်းသား / ကျောင်းသူမည်မျှရှိပြီး ဆရာ / ဆရာမများနှင့် အချိုးညီ/မညီ၊ ဘွဲ့ရများအား အလုပ်အကိုင်ရရှိရေး မည်သို့စီစဉ် ဆောင်ရွက်နေကြောင်း ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၀၂

(ဇ) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအနီး နမ့်လွေချောင်းမှာ တိမ်ကောလာသည့်အတွက် တူးဖော်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၀၈

(ဈ) ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၃၁၀

(ဂ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၃၁၃

(ဃ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ပြီးစီး ကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ် မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၃၁၅

- ဆုံးဖြတ်ချက်များ ၃၁၇

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(ပထမနေ့)မှတ်တမ်း

၁၃၈၀ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်

[တနလာ်နေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၁၄၃)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၇.၄၁%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါ ရဝ ပြုန္နတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၇-၉-၂၀၁၈ ရက်နေ့ (ပထမနေ့)မှာ

အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၇)ရက်။

(၂) ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၃) ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၇)ရက်။

(၄) ဦးယောသပ်၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၅) ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၇)ရက်။

(၆) ဦးအောင်ဝင်း၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၇)ရက်။

(၇) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၇)ရက်။

(၈) ဦးကိန်မိုင်၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၉) ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၇)ရက်။

(၁၀) ဦးစိုင်းစံမိုင်း၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၁၁) ဦးခွန်းအေးမောင်၊ ကယန်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၇)ရက်။

(၁၂) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၇)ရက်။

(၁၃) ဦးစိုင်းကျော်ဇေယျ (ခ) ဦးစိုင်းယဉ်၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၇) ရက်။

(၁၄) ဗိုလ်မှူးအောင်ဇော်မျိုး၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၇)ရက်။

(၁၅) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၇)ရက်။

(၁၆) ဗိုလ်မှူးဇော်ထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၇)ရက်။

(၁၇) ဗိုလ်ကြီးစိုးခိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၇)ရက်။

(၁၈) ဗိုလ်ကြီးမြင့်ထွန်းနိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၇)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၁၈)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၈)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ စုံညီစွာတက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံပါစေ။ မိမိတို့ကို ရွေးချယ်တာဝန်ပေးအပ်ထားသည့် မဲဆန္ဒရှင်တို့၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာမှာ စိတ်ရင်းစေတနာ မှန်မှန်ကန်ကန် မျှမျှတတဖြင့် မိမိတို့နယ်မြေဒေသရဲ့အကျိုး၊ ပြည်သူများရဲ့အကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ယနေ့ ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် အာဏာ(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲဝေပြီး နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမဏ္ဍိုင်ကြီး (၃)ရပ်ဟာ အချင်းချင်း

အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်မှုနှင့် အပြန်အလှန် ယုံကြည်မှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်မှာ ဥပဒေပြုခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း ကဏ္ဍနှင့်စပ်လျဉ်းပြီး အကြံပြုခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ မှတ်တမ်းတင်ခြင်း စသည့်အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးရေးကို ဦးတည်ပြီး တက်တက်ကြွကြွ ဆွေးနွေးလာခဲ့တာ ယခုဆိုရင်သက်တမ်းဟာ (၂)နှစ်ခွဲကျော် ကာလသို့ ရောက်ရှိလာပြီဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်းပဲ အရှိန်အဟုန် တိုးမြှင့်ဆက်လက် ဆွေးနွေးဆောင်ရွက်ကြရအုံးမှာပဲဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ ဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက အဆို (၆)ခုပေးပို့ထားပြီး လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၃၂)ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း (၇၇)ခု ပေးပို့ထားတာရှိပါတယ်။ ဒါကလည်းပဲ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြန်ကြားချက်ပေါ်မူတည်ပြီး ဆောင်ရွက်သွားပါမယ်။ အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ တင်သွင်းမှာဖြစ်ပါတယ်။

အရေးပေါ်အစည်းအဝေး (၁/၂၀၁၈)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ဥပဒေမူကြမ်းတစ်ခုနဲ့စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ဖို့လည်းရှိပါတယ်။ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ရေးရာကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၄၅ မှ နည်းဥပဒေ ၁၅၁ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူ့ငွေကို သုံးစွဲတဲ့နေရာမှာ စနစ်တကျဖြစ်မဖြစ်၊ သုံးစွဲရာမှာ ထိရောက်မှုနဲ့ အကျိုးသက်ရောက်မှုရှိမရှိ ကြားသိရုံနဲ့ မလုံလောက်ဘူးဆိုရင် မျက်မြင်ပါသွားရောက်ကြည့်ရှုဖို့အထိ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီရဲ့ တာဝန်မှာလည်း ဖော်ပြထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်မှာ ဆိုလို့ရှိရင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေကို ၂၀၁၅ ခုနှစ်မှာလည်းကောင်း၊ ယင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ၂၀၁၈ ခုနှစ်မှာလည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲ တင်ပြခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းနိုင်ရေးအတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (MPU) က ဦးဆောင်ပြီး စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူများ၏ တင်ပြစာများအရ ကျွန်တော်တို့ဖွဲ့စည်းထားတဲ့ ရေးရာကော်မတီများရဲ့ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်းကို ပြန်ကြည့်တဲ့အခါမှာ ဒသမပုံမှန်အစည်းအဝေးကနေပြီးတော့မှ ယခု (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်း ရေးရာကော်မတီ (၅)ခုမှ (၇)ကြိမ် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ ကွင်းဆင်းဆောင်ရွက်မှုရဲ့မှတ်တမ်းကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရထံ လွှဲပြောင်းပေးခဲ့တာ တချို့အမှုများအတွက် အစိုးရအဖွဲ့မှ ဆောင်ရွက်ပြီးစီးမှု ပြန်ကြားစာများကို ရရှိပြီးဖြစ်သလို ကျန်ရှိနေသေးသော အမှုများကိုလည်းသက်ဆိုင်ရာအဆင့်ဆင့်သို့ ဆက်သွယ်စီမံဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ ထုတ်ပြန်ထားသည့် ဥပဒေများကို အစိုးရနှင့် သက်ဆိုင်ရာဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းတို့က လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်းရှိမရှိ၊ တရားစီရင်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများကလည်း မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ခြင်းရှိ/ မရှိတို့ကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ စောင့်ကြည့်စိစစ်ရတာရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် တရားစီရင်ရေးပိုင်းဆိုင်ရာတို့ကို ဝင်ရောက်စွက်ဖက်ခြင်းမျိုး မဖြစ်စေဖို့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရမှာဖြစ်ပြီး အစိုးရအဖွဲ့အနေနဲ့လည်း ရေးရာကော်မတီများရဲ့တွေ့ရှိချက်၊ အကြံပြုချက်များကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

လက်ရှိလွှတ်တော်ရေးရာ ကော်မတီ(၁၀)ခုကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၈၃)ဦးနဲ့ ဖွဲ့စည်းထားရှိပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ လုပ်ငန်းလိုအပ်ချက်အရ တချို့ကော်မတီ၏ ကော်မတီဝင်ဦးရေ တိုးချဲ့ဖွဲ့စည်းခြင်း၊ အစားထိုး ဖြည့်စွက်တာဝန်ပေးအပ်ခြင်းတို့ကိုလည်းပဲ ဒီပုံမှန်အစည်းအဝေးမှာ ဆောင်ရွက်ဖို့ရှိပါတယ်။

ဒသမပုံမှန်အစည်းအဝေးမှ ယခု (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ (၃)လကျော်ကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော်နှင့် ပြည်တွင်း၊ ပြည်ပ NGO/ INGO များနှင့် ပူးပေါင်းပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ရုံးဝန်ထမ်းများအတွက် အလုပ်ရုံဆွေးနွေးပွဲ (၁၈)ကြိမ် ဆောင်ရွက်ပေးခဲ့ပါတယ်။ မည်သည့်အစိုးရပဲတက်တက်

အုပ်ချုပ်ရေးပိုင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တို့အတွက် ကာလရှည်စွာ လေ့ကျင့်ပြီးသား ဝန်ထမ်းများရှိပါတယ်။

ယခုပြည်နယ်လွှတ်တော်ရုံးအတွက် ရုံးဝန်ထမ်းများကို ယမန်နှစ်ကမှ သီးခြားစတင် ဖွဲ့စည်းထားတာ ဖြစ်သလို ရုံးဝန်ထမ်းအသစ်များလည်း ထပ်မံခန့်ထားတဲ့အတွက် ဝန်ထမ်း များအား လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါတယ်။ ဒါမှသာ မည်သည့်လွှတ်တော် အကြီးအမှူးပဲ တာဝန်ယူယူ ရုံးအဖွဲ့အနေနဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီမိုကရေစီ အားကောင်းအောင် ဆောင်ရွက်ရာမှာ လွှတ်တော်ဟာ စွမ်းရည်မြင့်မားဖို့ လိုအပ်ပါတယ်။ ပြည်သူသည်သာအခရာဖြစ်၍ ပြည်သူကိုဗဟိုပြုကာ မိမိတို့နိုင်ငံနှင့် အံဝင်ခွင်ကျဖြစ်မည့် လက်တွေ့ဘဝနဲ့လည်း ကိုက်ညီမည့် ဒီမိုကရေစီစနစ် မျိုးကို ကျင့်သုံးကြ ရမှာဖြစ်ပါတယ်။ အထူးသဖြင့် မတူကွဲပြားမှုတွေကို တွန်းအားအဖြစ် အသွင်ပြောင်းကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖယ်ဒရယ်ပြည်ထောင်စုစနစ် ပေါ်ထွန်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြပါစို့လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၀)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့ အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဦးစိုင်းလင်းမြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရှူးမြို့နယ် မိုင်းစံမြို့နှင့် ပတ်ဝန်းကျင်ဒေသအတွက် ထိရောက်သော ကျန်းမာရေးဝန်ဆောင်မှုများ စီမံဆောင်ရွက်ပေးနေခြင်းနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့နယ် အနီးတစ်ဝိုက် ကျေးရွာများမှာ ပြည်သူလူထုဦးရေ (၈၀၀၀)ကျော် နေထိုင်လျက်ရှိပါတယ်။ ၎င်းဒေသမှာ တိုက်နယ်ဆေးရုံအဖြစ် ဆောက်လုပ်ထားသော်လည်း ဝန်ထမ်းများ ပြည့်စုံလုံလောက်မှု မရှိတဲ့အပြင် ဆေးရုံကြီးမှာ အသုံးပြုခြင်း မရှိတော့ဘဲ ပိတ်ထားတာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီ ဖြစ်တာကို တွေ့ရှိရပါတယ်။ လူထုကျန်းမာရေး စောင့်ရှောက်မှုအနေနဲ့ အထက်တန်းသူနာပြု(၂)ဦး၊ မိုင်းစံကျေးလက်ကျန်းမာရေးဌာနခွဲရှိ သားဖွားဆရာမ (၁)ဦးနှင့် ကျန်းမာရေးကြီးကြပ် အဆင့်(၂) (၁)ဦးတို့မှသာ ဆောင်ရွက်ပေးနေကြောင်း ကျန်းမာရေးစောင့်ရှောက်မှု ကိစ္စရပ်များမှာ လွန်စွာမှ အားနည်းလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မိုင်းစံမြို့ရှိ ကျေးလက် ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ တိုးမြှင့် ဖွင့်လှစ်ပေးရန် တင်ပြ တောင်းခံပါသော်လည်း ထူးခြားပြောင်းလဲမှု မရှိသေးပါ ။

သို့ဖြစ်ပါ၍ မိုင်းစံမြို့ဒေသအတွက် လိုအပ်နေသော ထိရောက်သော ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုလုပ်ဆောင်ပေးနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနေသည် (သို့မဟုတ်) မည်ကဲ့သို့ စီမံဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နူတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွတ်တော် ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ရဲ့ မိုင်းစံမြို့အတွက် ထိရောက်တဲ့ ကျန်းမာရေးဝန်ဆောင်မှု ပိုမိုလုပ်ဆောင်ပေးနိုင်ရေး မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့အတွက် ထိရောက်သော ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်နှင့် ပတ်သက်၍ မိုင်းစံကျေးလက် ကျန်းမာရေးဌာနခွဲအား ကျေးလက် ကျန်းမာရေး ဌာနသို့ တိုးမြှင့်ပေးနိုင်ပါရန် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ (၁၆.၁၀.၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၅/ ကမခွဲ/ အဆိုပြု/ ၂၀၁၇ (၂၆၉၇)ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်သို့လည်းကောင်း၊ ရှမ်းပြည်နယ်

အစိုးရအဖွဲ့၏ ၂၆.၁၀.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၃၀၂၀/ ၈ - ၃၁၀/ အစရ(ရှမ်း)ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နေပြည်တော်သို့လည်းကောင်း တင်ပြထားပြီးဖြစ်ပါတယ်။

လတ်တလောအနေဖြင့် မိုင်းစံပြည်သူလူထုအား မိုင်းစံဆေးရုံမှ အထက်တန်း သူနာပြု (၂)ဦး၊ မိုင်းစံကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ(၁)ဦး၊ ကျန်းမာရေးကြီးကြပ် (၂)(၁)ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ မိုင်းစံဆေးရုံအနေဖြင့် ဆရာဝန် ခန့်ထားပေးနိုင်ခြင်း မရှိသေးပါသဖြင့် ဆေးရုံတွင် လူနာလက်ခံကုသခြင်း လုပ်ငန်းများဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ တိုက်နယ်ဆရာဝန်ခန့်ထားပေးနိုင်ပါရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နူတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာ မိုင်းယန်းမြို့နဲ့ ကျိုင်းတုံမြို့သို့ သွားသည့်ကား လမ်းဘေးရှိ လယ်ရေသွယ်မြောင်း အရှည် (၆၀၀)ပေအား ကျောက်စီ ရေမြောင်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအနီး မိုင်းယန်းမြို့မှ ကျိုင်းတုံမြို့သို့ သွားသည့်ကား လမ်းဘေးရှိ လယ်ရေသွယ်မြောင်း အရှည်(၆၀၀)ပေသည် လယ်မြေဧက (၂၂၇)ဧကကို အကျိုးပြုသည့်အပြင်၊ မိုင်းလွေကျေးရွာအစိုးရ အလယ်တန်းကျောင်းအနီးတွင် ဖြတ်သန်းသွားသည့် ရေမြောင်းလည်း ဖြစ်ပါတယ်။ ဒေသခံပြည်သူများအနေဖြင့် နှစ်စဉ် ကိုယ်ထူကိုယ်ထ ရေမြောင်းကို ဆယ်ယူပေးနေကြရပါတယ်။ ၎င်းမြောင်းအား ကျောက်စီကွန်ကရစ် ရေမြောင်းအဖြစ် ဒေသခံပြည်သူများအနေဖြင့် ဆောင်ရွက်ပေးစေလိုကြပါတယ်။

သို့ဖြစ်ပါ၍ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာ၊ မိုင်းယန်းမြို့နှင့် ကျိုင်းတုံမြို့သို့ သွားသည့် ကားလမ်းဘေးရှိ ရေသွယ်မြောင်း အရှည်(၆၀၀)ပေအား ကျောက်စီမြောင်း အဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း၊ ဒေသခံပြည်သူများ၏ ကိုယ်စား ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်းမေးမြန်းထားတဲ့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအနီး မိုင်းယန်းမြို့မှ ကျိုင်းတုံမြို့သို့ သွားသည့် ကားလမ်းဘေးရှိ လယ်ရေသွယ်မြောင်း အရှည်(၆၀၀)ပေအား ကျောက်စီမြောင်းအဖြစ် ဆောင်ရွက်ပေး နိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါကလည်း မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာ အုပ်စု၊ မိုင်းလွေကျေးရွာအနီးမှာရှိတဲ့ ဒေသခံတောင်သူ လယ်သမားများဟာ အဓိက အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးကို မှီခိုအားထား၍ မိုးစပါးကို အဓိက စိုက်ပျိုးလျက်ရှိပါတယ်။

မိုင်းလွေကျေးရွာအနီးမှာရှိတဲ့ မိုင်းလွေရေလွှဲဆည်၏ ဆည်ရေသောက် ရေပေး မြောင်းသည် အစိုးရအလယ်တန်းကျောင်းဘေးမှ မိုင်းခတ်- မိုင်းယန်း ကားလမ်းဘေးမှ တစ်ဆင့် အောက်ဘက်သို့ စီးဆင်းလျက်ရှိပြီး ဒေသခံတောင်သူများ၏ စိုက်ပျိုးလယ်မြေ (၂၂၇) ဧကခန့်ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါ ရေပေးမြောင်း ဟာ ကျေးရွာအတွင်း ဖြတ်သန်းစီးဆင်းသည့် ရေပေးမြောင်းဖြစ်ပြီး မြောင်းအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်း၊ နုန်းပို့ချမှုများလာခြင်းနှင့် ရေစီးရေလာကောင်းမွန်မှု မရှိခြင်းကြောင့် စိုက်ပျိုးလယ်မြေများအတွင်း ရေရောက်ရှိမှုနည်းပါးပြီး အောင်ရေအပြည့်အဝမရရှိတာကို

တွေ့ရှိရပါတယ်။ ဒါကြောင့် ဒေသခံတောင်သူများမှာ ရေပေးမြောင်းအတွင်း အမှိုက်များ ဖယ်ရှားခြင်းနှင့် သဲနုန်းတူးခြင်းတို့ကို နှစ်စဉ်ပြုလုပ်ပြီး အောင်ရေရရှိသည်အထိ အခက်အခဲများစွာ တွေ့ကြုံနေရသည်ဟု သိရှိရပါတယ်။

ဒေသခံတောင်သူများအနေဖြင့် နှစ်စဉ်ပြုလုပ်နေရ၍ အောင်ရေရရှိသေည်အထိ ရေရယူဆောင်ရွက်ရသည့်အတွက် အစိုးရအလယ်တန်းကျောင်းဘေးမှစ၍ တစ်ဖက်ကား လမ်းရေပေးမြောင်းအထိ အလျား(၆၀၀)ပေခန့်အား ကျောက်စီရေပေးမြောင်းပြုလုပ်ပေးပါက စိုက်ပျိုးလယ်မြေ(၂၂၇)ဧကခန့်ကို အောင်ရေရရှိသည်အထိ စိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်မည် ဖြစ်ပါတယ်။ ဒီလုပ်ငန်းဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၅၆.၀၀) သန်းလိုအပ်မည် ဖြစ်ပြီးလိုအပ်သော ရန်ပုံငွေအား ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းသွားမှာကတော့ တောင်ကြီးမြို့ စည်ပင်သာယာရေးနှင့် ပတ်သက်ပြီးတော့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့ကို လာရောက်လည်ပတ်တဲ့ ရပ်ဝေး/ ရပ်နီးမှ ဧည့်သည်တော်များဟာ တောင်ကြီးမြို့သို့ ရောက်ရှိမယ်ဆိုရင် ယခုဖွင့်ထားတဲ့ Ocean စျေးကို မပျက်မကွက် သွားရောက်လည်ပတ်တာကို တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး နိုင်ငံတော်အတွက် မည်သို့ အကျိုးအမြတ်များ ရရှိသည်ဆိုတာကိုလည်းပဲ အများပြည်သူစိတ်ဝင်စားချက်နဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့ စည်ပင်သာယာ စျေး၏ အရှေ့ဘက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အရှေ့ဘက်ဘေးတွင် ယခင်ညစျေး၊ ယခု Ocean နေရာတွင် အထပ်မြင့်စျေး အဆောက်အဦကို တောင်ကြီးမြို့နယ် စည်ပင်သာယာရေး ကော်မတီသည်၊ မည်သည့်ကုမ္ပဏီနှင့် အကျိုးတူဆောက်လုပ်ခဲ့၍ နိုင်ငံတော်အတွက် အကျိုးအမြတ် ငွေကြေးမည်မျှရရှိကြောင်း ဆိုင်ခန်းပေါင်းမည်မျှရှိပြီး ဆိုင်ခန်းကို မည်သို့စီမံခွဲဝေခဲ့ကြောင်း အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ကြွယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့၊ စည်ပင်သာယာဈေး၏အရှေ့ဘက်၊ဗိုလ်ချုပ်အောင်ဆန်းလမ်းအရှေ့ဘက်ဘေးရှိ ယခင်ညဈေး ယခု(Ocean)နေရာတွင် အထပ်မြင့်ဈေး အဆောက်အဦကို တောင်ကြီး မြို့နယ်စည်ပင် သာယာရေးကော်မတီသည် မည်သည့်ကုမ္ပဏီနှင့် အကျိုးတူဆောက်လုပ်ခဲ့၍ နိုင်ငံတော် အတွက် အကျိုးအမြတ်ငွေကြေး မည်မျှရရှိကြောင်း၊ ဆိုင်ခန်းပေါင်း မည်မျှရှိပြီး၊ ဆိုင်ခန်းကို မည်သို့စီမံခွဲဝေခဲ့ကြောင်းကိုသိရှိလိုခြင်းနှင့်ပတ်သက်ပြီးအောက်ပါအတိုင်းတင်ပြလိုပါတယ်-

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် တက်ခေတ် လမ်းကြား၊ ရေထွက်ဦးလမ်းနှင့် မဟာသုခလမ်းကြား ကွင်းအမှတ်(၂၆)၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ်(၄၆/၄၈)မြေချိန်ဧရိယာ (၁.၄၁၁)ဧကရှိ တောင်ကြီးမြို့နယ်စည်ပင်သာယာရေး ဌာနမှ နှစ်(၃၀)မြေငှားဂရန် ရရှိထားသော ကုန်ခြောက်သားငါးဈေးနေရာတွင် မြေအောက် ထပ် (၂)ထပ်အပါအဝင် အထပ်ပေါင်း(၁၃)ထပ်ပါရှိသော တောင်ကြီးရော့ပင်းစင်တာ တည်ဆောက်ခြင်းလုပ်ငန်းကို တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သီဟဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီလီမိတက်တို့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ခွဲဝေခံစား သည့်စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းသဘောတူစာချုပ်အား (၇-၁၀-၂၀၁၄) ရက်နေ့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါတယ်။

အဆိုပါတောင်ကြီး ရော့ပင်းစင်တာ၏ တည်ဆောက်ရေးလုပ်ငန်းများ အားလုံးကို ကုမ္ပဏီမှ (၁၀၀%)ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်ခဲ့ပါတယ်။ အပိုင်း(၁) တည်ဆောက်ရေး လုပ်ငန်းတွင် မြေအောက်ထပ်(၂)ကားရပ်နားရန်နေရာ၊ မြေအောက်ထပ်(၁) ကားရပ်နား ရန်နေရာနှင့် အသားရောင်းဆိုင်များ၊ မြေညီထပ်တွင် မူလဆိုင်ခန်း(၄၆၆)ခန်း အပါအဝင် စတုတ္ထထပ်တွင် ပါဝင်ပါတယ်။အပိုင်း(၁) တည်ဆောက်ရေးလုပ်ငန်းတွင် စည်ပင်သာယာရေး ဌာနမှ အကျိုးအမြတ် (၄၀%)ကုမ္ပဏီမှ (၆၀%) ရရှိပါတယ်။

အပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်းတွင် ပဉ္စမထပ်မှ ဧကဒသမထပ်အထိ စည်ပင် သာယာရေးဌာနမှ အကျိုးအမြတ် (၂၀%)၊ ကုမ္ပဏီမှ (၈၀%)ရရှိမည်ဖြစ်ပါတယ်။ မြေညီ

ထပ်ရှိ မူလဈေးဆိုင်ခန်း(၄၆၆)ခန်းအား ဈေးဆိုင်ခန်းရှင်များသို့ ကုမ္ပဏီမှ အခမဲ့ပေးအပ်ပြီး ပိုထွက်လာသည့် ဆိုင်ခန်းများကို ကုမ္ပဏီမှ ရောင်းချပြီးပါက ဌာနသို့ လွှဲပြောင်း အပ်နှံပြီး ဆိုင်ခန်းများ၏ လစဉ်ငှားရမ်းခများ၊ ကားရပ်နားခွန်၊ သန့်စင်ခန်း လိုင်စင် ခများနှင့် နှစ်စဉ် မြေငှားရမ်းခ(၁၈.၄၃၉)သန်းကို စည်ပင်သာယာရေးဌာနမှ ရရှိမည်ဖြစ်ပါတယ်။

အပိုင်း(၁) တည်ဆောက်ရေးလုပ်ငန်းတွင် ကုမ္ပဏီမှ ကျပ်(၃၆၀.၉၃)သန်း၊ အပိုင်း(၂) တည်ဆောက်ရေးတွင် စည်ပင်သာယာရေးဌာနမှ (၁၀၈.၇၇၉)သန်းနှင့် ကုမ္ပဏီမှ (၁၀၈.၇၇၉) သန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ သီးခြားအစီအစဉ်ဖြင့် ပေးသွင်းရမည်ဖြစ်ရာ စုစုပေါင်း (၅၇၈.၄၈၈)သန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးသွင်းရမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယ မေးခွန်း အနေနဲ့ ဆက်လက်ပြီး တင်ပြသွားမှာကတော့ စာကြည့်တိုက်နဲ့ ပတ်သက်ပြီးတော့ ဖြစ်ပါတယ်။ စာကြည့်တိုက်ဆိုတာ သုတ၊ ရသ၊ စာပေစာအုပ်မျိုးစုံကို အများပြည်သူဖတ်ရှု လေ့လာနိုင်အောင် စုဆောင်းထားရှိတဲ့ ပညာဘဏ်လို့ အဓိပ္ပာယ်ဖွင့်လို့ရပါတယ်။ ဘယ်လိုအလုပ်အကိုင်ပဲ လုပ်လုပ် အတွေ့အကြုံနှင့် ဗဟုသုတ၊ အတွေးအခေါ်မရှိရင် အောင်မြင်ဖို့ ခက်ပါတယ်။ အတွေ့အကြုံတွေ၊ ဗဟုသုတတွေအနေနဲ့ မှန်ကန်တဲ့ အတွေးအခေါ် အမြင်တွေ၊ စာအုပ်စာပေ ဖတ်ရှုခြင်းဖြင့် ရနိုင်ပါတယ်။ စာအုပ်စာပေ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ဖို့ဆိုရင် စာကြည့်တိုက်ရှိဖို့လိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းခြင်း ဖြစ်ပါတယ်။ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ၊ စာကြည့်တိုက်မှူးများ ညီလာခံကြီးကို နေပြည်တော် မြန်မာကွန်ဗင်းရှင်းဗဟိုဌာန(၂)မှာ ၂၀၁၈ခုနှစ်၊ မေလ ၂ရက်နေ့မှ ၅ ရက် အထိကျင်းပပြုလုပ်ခဲ့သည် အတွက် ရှမ်းပြည်နယ် အတွင်းရှိ မြို့ပေါ်မှ ကျေးရွာများအထိ စာကြည့်တိုက်မည်မျှ ဖွင့်ထားပြီး၊ စာကြည့်တိုက် မှူးများ ရှိ/မရှိ၊ စာကြည့်တိုက်များတွင် စာဖတ်သူများအား အသိပညာဗဟုသုတရရှိရန် အတွက် စာအုပ်များပြည့်စုံစွာ ရှိ/မရှိနှင့် ရှိပါက မည်သို့ကူညီပံ့ပိုးပေးမည်ကို အများပြည်သူ သိရှိရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော် များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော (၁၇)ကြိမ်မြောက် အရှေ့တောင် အာရှ၊ စာကြည့်တိုက်မှူးများညီလာခံကို နေပြည်တော်မြန်မာကွန်ဗင်းရှင်း ဗဟိုဌာန(၂)တွင် ၂၀၁၈ ခုနှစ်၊ မေလ(၂)ရက်နေ့မှ (၅)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့်အတွက် ရှမ်းပြည်နယ်အတွင်းရှိမြို့ပေါ်မှ ကျေးရွာများအထိ စာကြည့်တိုက်မည်မျှ ဖွင့်ထားပြီး၊ စာကြည့်တိုက်မှူးများ ရှိ/ မရှိ၊ စာကြည့်တိုက်များတွင် စာဖတ်သူများအား အသိပညာ ဗဟုသုတရရှိစေရန်အတွက် စာအုပ်များပြည့်စုံစွာ ရှိ/ မရှိကို သိရှိလိုပါသည်မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် ခရိုင်(၁၃)ခရိုင်၊ မြို့နယ်(၅၅)မြို့နယ်၊ မြို့(၈၅)မြို့၊ ရပ်ကွက်ပေါင်း(၄၉၇)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၃၁၉)၊ ကျေးရွာပေါင်း(၁၂၃၁၆)ကျေးရွာဖြင့် ဖွဲ့စည်းထားပါတယ်-

(က) ရှမ်းပြည်နယ်အတွင်း မြို့ပေါ်မှ ကျေးရွာများအထိ စာကြည့်တိုက်ပေါင်း(၈၂၉၃)ခုမှ ဖွင့်လှစ်ထားရှိပြီး စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက်(၅၁၄)ခု၊ စံနှင့်မညီသော စာကြည့် တိုက်(၇၇၇၉)ခု တို့ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း မြို့နယ်၊ မြို့ပေါ်နှင့် ကျေးရွာများတွင် စာကြည့်တိုက်မှူးများအားအောက်ပါအတိုင်းခန့်အပ်ထားရှိပါသည်-

(က) ရှမ်းပြည်နယ်အတွင်းရှိ စာကြည့်တိုက်မှူးများအဖြစ် မြို့ပေါ်/ ရွာနေ ပြည်သူများက စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်း၊

(ခ) စာကြည့်တိုက်ဖွင့်လှစ်ထားရှိသည့် ရပ်ကွက်/ ကျေးရွာများအလိုက် မိမိတို့၏အစီအစဉ်ဖြင့် တာဝန်ပေးခန့်ထားခြင်း။

(ဂ) စာကြည့်တိုက်မှူးများ စာကြည့်တိုက်ထိန်းသိမ်းနိုင်ရေးနှင့် ရေရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့က ပူးပေါင်း၍ စာကြည့်တိုက်ပညာဆင့်ပွား သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးခြင်း၊

(ဃ) အချို့ကျေးရွာများတွင် ဒေသခံတိုင်းရင်းသားများ ဖြစ်သည့်အတွက် စာကြည့်တိုက်မှူးတာဝန်အား ဆောင်ရွက်ရန် အခက်အခဲရှိသဖြင့် အဆိုပါ ကျေးရွာရှိ စာသင်ကျောင်းများမှ ဆရာ၊ ဆရာမများက တာဝန်ယူဆောင်ရွက် ဖွင့်လှစ်ထားရှိခြင်း၊

(င) အချို့နေရာများတွင် ဖွင့်လှစ်ထားရှိသည့် စံ(၅)ရပ်နှင့်ညီသော စာကြည့်တိုက်များတွင် စာကြည့်တိုက်မှူးများခန့်အပ်နိုင်ခြင်းမရှိသော်လည်း စာပေဝါသနာပါသော ရပ်/ ကျေးစာရေးများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် ကျေးရွာမှ စာပေဝါသနာရှင် လူငယ်များမှ အလှည့်ကျ စာကြည့်တိုက်မှူးများအဖြစ် တာဝန်ပေးထမ်းဆောင်ထားရှိခြင်း၊

(စ) ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ခရိုင်၊ ကုန်းကြမ်းမြို့နယ်သည် ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသဖြစ်သည့်အပြင် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု အပြည့်အဝမရရှိသော မြို့နယ်တစ်ခု ဖြစ်ပြီး၊မြို့နယ်အတွင်း ကိုးကန့်/ ပလောင်တိုင်းရင်းသား အများစု နေထိုင်ပြီး မြန်မာစာ၊ မြန်မာစကား တတ်ကျွမ်းမှုအားနည်းသဖြင့် လက်ရှိမြို့ပေါ်နှင့် ကျေးရွာများတွင် စာကြည့်တိုက်ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါ။

ရှမ်းပြည်နယ် မြို့နယ်မှ ကျေးရွာအထိ ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များတွင် စာဖတ်သူများအား အသိပညာဗဟုသုတရရှိရန်အတွက် သုတ၊ ရသ၊ မဂ္ဂဇင်းစာအုပ်ပေါင်း (၁၅၀)အုပ်အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထောက်ပံ့ပေးလျက်ရှိပါတယ်။ စာကြည့်တိုက်ဖောင်ဒေးရှင်းများမှလည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တစ်ဆင့်(၂)လတစ်ကြိမ်(သို့) (၃)လတစ်ကြိမ်စာအုပ်များပေးပို့လှူဒါန်းလျက်ရှိပြီး ရပ်ကွက်/ ကျေးရွာများရှိ အလှူရှင်များမှလည်း စာအုပ်များလှူဒါန်းလျက်ရှိပါတယ်။ ထို့ကြောင့် ရပ်ကွက်/ ကျေးရွာများတွင် စာကြည့်တိုက်များ တိုးပွားစေရန်နှင့် စာအုပ်စာစောင်များ ပြည့်စုံအောင်ထားရှိနိုင်ရေးတို့အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ရှမ်းပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များ၊ သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမဂ်လာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်က မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆိုများကို မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုသည်နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် မြို့နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ ရှမ်းပြည်နယ်လွှတ်တော်သို့ အဆိုတင်သွင်းခဲ့ပါတယ်။ ၎င်းအဆိုများသည် မိမိတို့၏ ရှမ်းပြည်နယ်အတွက် အထောက်အကူပြုစေမည့် အဆိုများဖြစ်သည့်အတွက် ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးအထိ(၄၁)ခု တင်သွင်းခဲ့ပြီး အတည်ပြုနိုင်ခဲ့သော အဆိုမှာ (၂၂)ခုရှိ၍ မှတ်တမ်းတင်ခဲ့သော အဆို(၁၆)ခုနှင့် မေးခွန်းအဖြစ် ပြောင်းလဲခဲ့သော အဆို(၃)ခုရှိခဲ့ပါကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်၏ သက်တမ်းလည်း(၃) နှစ်ပြည့်ရန် လပိုင်းသာလိုပါတော့တယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးအဖွဲ့အနေဖြင့် ၎င်းအတည်ပြုခဲ့သော အဆိုများအားမည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။ သိရှိလိုသော အချက်များကတော့-

(၁) ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးအထိ အတည်ပြုခဲ့ သော အဆို(၂၂)ခုအား ဥပဒေနှင့် နည်းဥပဒေ ဘယ်နှစ်ခု ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဘယ်နှစ်ခု ကျန်ပါသေးသနည်း။

(၂) ဥပဒေနှင့် နည်းဥပဒေ မပြဋ္ဌာန်းနိုင်သေးသော အဆိုများကို အဘယ်ကြောင့် ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပါသနည်း။

(၃) ရှမ်းပြည်နယ်လွှတ်တော်သို့ အတည်ပြုခဲ့သော အဆိုများသည် ရှမ်းပြည်နယ်အတွက် မည်သည့် အချိန်ကာလသက်တမ်းအထိ အကျိုးရှိမည်ကို သိရှိလိုပါသောကြောင့် ရှိသေလေးစားစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဥပဒေချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးတင်ဦး၊ ပြည်နယ်ဥပဒေချုပ်။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်သို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်တကွ ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နဲ့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်သို့ လေ့လာတက်ရောက်လာသော ပုဂ္ဂိုလ် အသီးသီးကို ကိုယ်၏ ကျန်းမာမှုနှင့် စိတ်၏ ချမ်းသာမှုနဲ့ ပြည့်စုံပါ စေကြောင်း ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ရှမ်းပြည်နယ် ဥပဒေချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ရသော ဦးတင်ဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း မေးမြန်းတဲ့ မေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဦးစိုင်းအောင်ခမ်း မေးမြန်းချက်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေနဲ့ အတည်ပြုခဲ့သော အဆိုများကို မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ဆိုတဲ့ အချက်(၃)ချက် မေးမြန်းထားတာ ဖြစ်ပါတယ်။

ပထမအချက်အနေနဲ့

(က) ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ အတည်ပြုခဲ့သော အဆို(၂၂)ခုအား ဥပဒေနှင့် နည်းဥပဒေမည်မျှပြဋ္ဌာန်းနိုင်ခဲ့ပြီး မည်မျှကျန်ရှိပါသနည်း။

(ခ) ဥပဒေနှင့် နည်းဥပဒေ မပြဋ္ဌာန်းနိုင်သေးသော အဆိုများကို အဘယ်ကြောင့် ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပါသနည်း။

(ဂ) ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုခဲ့သော အဆိုများသည် ရှမ်းပြည်နယ် အတွက် မည်သည့်အချိန်ကာလသက်တမ်းအထိ အကျိုးရှိမည်နည်းဆိုသည့် မေးခွန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လွှတ်တော်တစ်ရပ်လုံးသို့ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမမေးမြန်းချက်အနေနဲ့ ဒီမေးမြန်းထားတဲ့ မေးခွန်းဟာ ဥပဒေပြုရေးအာဏာ ကျင့်သုံးတဲ့ ရှမ်းပြည်နယ်လွှတ်တော်က ဆောင်ရွက်ရသည့် ဥပဒေပြုရေးကိစ္စရပ်များ ဖြစ်ပြီး၊ နည်းဥပဒေများကတော့ သက်ဆိုင်ရာ ဥပဒေနှင့် စပ်လျဉ်းသည့်ဝန်ကြီးနှင့် ၎င်း၏ ကွပ်ကဲမှုအောက်မှာရှိတဲ့ ပြည်နယ်အဆင့် ဌာနများက ရေးဆွဲပြုစုပြဋ္ဌာန်းရသည့် ကိစ္စရပ်များ ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ မေးမြန်းဆောင်ရွက်မှုများ ပြုပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြရခြင်း ဖြစ်ပါတယ်။

အတည်ပြုတဲ့ အဆို (၂၂)ရပ်အနက် ရှမ်းပြည်နယ်လွှတ်တော်မှာ ယခုဒုတိယအကြိမ် သက်တမ်းအတွင်း ဥပဒေကြမ်း (၁၆)ခုကို ဥပဒေ(၁၃)ရပ်အဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ဆွေးနွေးဆဲ ဥပဒေ(၃)ရပ်ရှိသေးကြောင်း ပူးတွဲပါဇယားဖြင့် အသေးစိတ်တင်ပြအပ်ပါတယ်။

အဆိုပါ ဥပဒေပြဋ္ဌာန်းချက်များဟာ (၁၃)ရပ်သော ဥပဒေများအနက် တတိယ အကြိမ်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ၂၀-၉-၂၀၁၆ ရက်နေ့က တင်သွင်းသည့် **"ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေ"** ကို ၆-၁၂-၂၀၁၆ ရက်နေ့ ကျင်းပသည့်အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) မှာ အတည်ပြု ပြဋ္ဌာန်းပေးနိုင်ခြင်းမရှိဘဲ ဥပဒေကြမ်းအဖြစ်မှ ၂၁-၉-၂၀၁၆ ရက်နေ့က အမိန့်ကြော်ငြာစာအဖြစ် ပြောင်းလဲ ထုတ်ပြန်ရန် ပြန်တမ်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးခဲ့သော ဥပဒေများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ထုတ်ပြန်ရ သည်ဖြစ်ပြီးတော့ အဆိုပါဥပဒေတို့၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက ညှိနှိုင်းရေးဆွဲပြုစုဆဲဖြစ်ပြီးတော့ နည်းဥပဒေများကို ထုတ်ပြန်ကြေညာရန် ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

အတည်ပြုပြီး အဆိုများအပေါ် ရေးဆွဲထုတ်ပြန်ပေးခဲ့သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအနေနဲ့ ရှမ်းပြည်နယ်အတွက် မည်သည့် ကာလအထိ အကျိုးရှိမည်ဆိုသော မေးမြန်းသည့် အချက်နှင့် ပတ်သက်ပြီးတော့ အတည်ပြုထုတ်ပြန်သော ဥပဒေ၊ နည်းဥပဒေများကို အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းစသည့် ဥပဒေတစ်ရပ်ရပ် ထုတ်ပြန်ခြင်း မပြုမီကာလအထိ အာဏာတည်ပြီး သက်ဆိုင်ရာ ကဏ္ဍ၌ တည်ဆဲဥပဒေ၊ နည်းဥပဒေများအဖြစ် အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး လေ့လာသူများ အားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်

မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်းဖြစ်ပါတယ်။ ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းကတော့ ကွတ်ခိုင်မြို့နယ်၊ တာမုံးညဲ- မုံးစီးကားလမ်းမမှ နှောင်လုံကျေးရွာအုပ်စု၊ နမ့်မော- ကောင်းခမ်း- နှောင်လုံလမ်း ကျေးရွာချင်းဆက် မြေသားလမ်း(၂)မိုင်(၄)ဖာလုံကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ နမ့်မော- ကောင်းခမ်း- နှောင်လုံလမ်းသည် လက်ရှိအခြေအနေမှာ ဆိုင်ကယ်၊ ထော်လာဂျီအငယ်စားများသာ သွားလာရန်ပင် အခက်အခဲရှိပါတယ်။ ၎င်းလမ်းကို ဖောက်လုပ်ပေးပါက အကျိုးပြုရွာများမှာ နမ့်မောရွာ အိမ်ခြေ ၆၃ အိမ်၊ ကောင်းခမ်းရွာ အိမ်ခြေ ၁၁၈ အိမ်၊ နှောင်လုံရွာ အိမ်ခြေ ၂၄ အိမ်၊ လွယ်ကန်ရွာ အိမ်ခြေ ၁၅ အိမ်ရှိပြီး စုစုပေါင်းအိမ်ခြေမှာ ၂၂၀အိမ်နှင့် လူဦးရေအားဖြင့် စုစုပေါင်း ၁၂၁၁ ယောက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ၎င်းနမ့်မော- ကောင်းခမ်း- နှောင်လုံသွားကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး လှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်မွန်းမှ မေးမြန်းလာသည့် ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲ- မုံးစီးကားလမ်းမှ နှောင်လုံကျေးရွာအုပ်စု၊ နမ့်မော- ကောင်းခမ်း- နှောင်လုံသွားရွာချင်းဆက် မြေသားလမ်း(၂)မိုင်(၄)ဖာလုံကို ဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/ မရှိ ၊ ရှိပါက မည်သည့် အချိန်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲ- မုံးစီးကားလမ်းမမှ နှောင်လုံကျေးရွာအုပ်စု၊ နမ့်မော- ကောင်းခမ်း- နှောင်လုံသွားကျေးရွာချင်းဆက် မြေသားလမ်း (၂/၄)မိုင်ဟာ ဒေသမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသော တစ်ကြောင်းထိုးမြေသားလမ်းဖြစ်ပြီး လက်ရှိတွင် လမ်းအကျယ်မှာ (၆) ပေသာရှိပါတယ်။ အဆိုပါ လမ်းပိုင်း(၂/၄)မိုင်အား မြေသားလမ်းအဖြစ်

အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဆိုပါက လမ်းကြောင်း တစ်လျှောက်တွင်(၅)ပေ Box Culvert (၁)စင်းနှင့် (၃)ပေ ကွန်ကရစ်ရေပြွန် (၅)စင်းထည့်သွင်း ဆောက်လုပ်ရန် လိုအပ်မည်ဖြစ်ပါတယ်။ ၎င်းလမ်းပိုင်း(၂/၄)မိုင်အား အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာ(၄)ရွာမှာရှိတဲ့ အိမ်ခြေ(၂၂၀)၊ လူဦးရေ(၁၁၂၁)ဦးတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါတယ်။

အဆိုပါ တာမိုးညဲ- မုံးစီးကားလမ်းမမှ နောင်လုံကျေးရွာအုပ်စု၊ နမ့်မော- ကောင်းခမ်း- နောင်လုံသွားကျေးရွာချင်းဆက်လမ်း(၂/၄)မိုင်အား မြေသားလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီ၏ ဦးစားပေးဆောင်ရွက်ပေးရန် တင်ပြချက်အပေါ်မူတည်၍လည်းကောင်း၊ မြို့နယ်အလိုက် ဘဏ္ဍာငွေအချိုးကျ ခွဲဝေရရှိမှုအပေါ်မူတည်၍ လည်းကောင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် မြေသားလမ်းဖောက်လုပ်ပေးနိုင်ခြင်း ရှိ/ မရှိနှင့် ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌနဲ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။
လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဟာ ပြည်သူလူထုများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိကြောင်းအားလုံး အသိပင်ဖြစ်ပါတယ်။ နားအယ်ကျေးရွာဟာ နမ့်ယွန်းကျေးရွာအုပ်စုမှာ တည်ရှိပြီး မိုင်းဆတ်- မိုင်းခုတ်- မိုင်းဖြတ်လမ်းပေါ်ရှိ ဝမ်ပုံကျေးရွာ နမ့်ယွန်းကျေးရွာသွားလမ်း နမ့်ယွန်းကျေးရွာအနီးမှာ ခွဲထွက်သွားကာ လမ်းအရှည် (၃) မိုင် ကျော်ရှိပါတယ်။ အဆိုပါလမ်းကို ကိုယ့်အားကိုယ်ကိုး

ဖောက်လုပ်ထားပြီးသွားလာနေရသဖြင့် သွားလာရေးခက်ခဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ပါသောကြောင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နားအယ်ကျေးရွာသွားလမ်း(၃)မိုင်ကျော်အား မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးနှင့်အတူ လွတ်တော် ကိုယ်စားလှယ်များအားလုံး အစည်းအဝေးသို့ တက်ရောက်နေသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးအားကိုမှ မေးမြန်းထားတဲ့ မိုင်းဖြတ်မြို့နယ်၊ နားအယ်၊ နမ့်ယွန်းရွာလမ်းမှာ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားတဲ့အတွက်ကြောင့်မို့ သွားရေးလာရေးခက်ခဲလျက်ရှိပြီး ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ၎င်းလမ်း(၃)မိုင်ကျော်အား မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ် နမ့်ယွန်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ နမ့်ယွန်း- နားအယ်ကျေးရွာသွားလမ်းသည် အရှည်(၃)မိုင်ရှိပြီးတော့ အကျိုးပြုရွာ ၂ ရွာ၊ အိမ်ခြေ ၁၄၄ အိမ်၊ လူဦးရေ ၈၃၂ ဦး ဖြစ်ပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လမ်းအဆင့်အတန်းသတ်မှတ်ချက်အရ Class- B အမျိုးအစားဖြစ်ပြီး ဒုတိယဦးစားပေးအဆင့်လမ်း(၁)လမ်းဖြစ်ပါတယ်။ အဆိုပါ လမ်းအား အဆင့်မြှင့်တင် ဆောက်လုပ်နိုင်ရန်အတွက် ၁၃ နှစ် စီမံကိန်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ရေး ပထမ ၃နှစ် စီမံကိန်းအတွင်း ထည့်သွင်းရေးဆွဲထားပါကြောင်းနှင့် လျာထားတောင်းခံပြီးနောက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊

လွတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ နမ့်ခမ်း မြို့နယ်၊ ဟင်လုံကျေးရွာအုပ်စု၊ ပန်ကူကျေးရွာရှိ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ် ပေးရန်ကိစ္စ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

နမ့်ခမ်းမြို့နယ်၊ ဟင်လုံကျေးရွာအုပ်စု၊ ပန်ကူကျေးရွာရှိ မူလတန်းကျောင်းဆောင် သည်ကျောင်းအုပ်(၁)ဦး၊ဆရာ/ဆရာမ(၃)ဦးနှင့်ကျောင်းသူ/ကျောင်းသား(၇၈)ဦး၊ပညာသင် ကြားလျက်ရှိပါတယ်။ အဆိုပါမူလတန်းကျောင်းဆောင်သည် ၁၉၈၄ ခုနှစ်တွင် ကော်မတီခန့် ဆရာဖြင့် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ကျောင်းဖြစ်ပါတယ်။ ၎င်းကျောင်း ဆောင်သည် ဒေသထွက်သစ်ဖြင့် ဆောက်လုပ်ထားခြင်းကြောင့်သော်လည်းကောင်း၊ နှစ်ကာလကြာရှည်ပြီဖြစ်ပါသောကြောင့်လည်းကောင်း၊ ပညာသင်ကြားနေသော ကျောင်းသူ/ ကျောင်းသားများအတွက် လုံခြုံမှုစိုးရိမ်နေရပါတယ်။ သို့ဖြစ်ပါသောကြောင့် ကျောင်း ဆောင်သစ်ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွတ်တော် ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ရဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ပေး နိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်၊ ဟင်လုံကျေးရွာအုပ်စု၊ ပန်ကူကျေးရွာရှိ မူလတန်းကျောင်း ဆောင်သည် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ကျောင်းဖြစ်ပြီး နှစ်ကာလ ကြာရှည်ပြီ ဖြစ်သဖြင့်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားတင်ပြရန် ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)၊ လားရှိုးမြို့၏ ၁၀-၉-၂၀၁၈ ရက်စွဲပါစာအမှတ်၊ စိတ်(၁)/ ၂၀၀၇/အဆအ(၁၈)ဖြင့် နမ့်ခမ်းမြို့နယ်ပညာရေးမှူးရုံးသို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စီမံကိန်းတွင် လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးနှင့် မြို့နယ်ပညာရေးမှူးတို့ ညှိနှိုင်းပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံကိန်းရေးဆွဲ တင်ပြလာပါက ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ မိမိတင်ပြတဲ့ ကြယ်ပွင့်ပြမေးခွန်းမှာ အစိုးရအဖွဲ့မှ စိုက်ပျိုးရေးဦးစီးဌာနကနေပြီးတော့မှ တောင်သူ လယ်သမားတွေကို အဆင့်မြင့်နည်းပညာသုံး သိပ္ပံနည်းကျ ခေတ်မီနည်းပညာတွေ ပေးနေတဲ့ လုပ်ငန်းစဉ်တွေနဲ့ မတူဘဲနဲ့ အခုကျွန်တော်တို့ တင်တဲ့အဓိက ရည်ရွယ်ချက်မှာ တောင်သူ လယ်သမားများအား ဘေးကင်းလုံခြုံသော အစားအစာ သီးနှံတွေကို စိုက်ပျိုး ထုတ်လုပ်နိုင်ရန်အတွက် GAP စနစ် Good Agriculture Practice နည်းစနစ်ဖြင့်သာ ဆောင်ရွက်ရေး အသိပညာ၊ နည်းပညာ ပေးခြင်းဆိုတဲ့ ဒီကြယ်ပွင့်ပြမေးခွန်းနဲ့ ဆက်စပ်တာလဲ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ GAP စနစ်နဲ့ ပတ်သက်ပြီးမှ ကျွန်တော့်အနေနဲ့ အနည်းငယ်ရှင်းပြလိုပါတယ်။ GAP ဆိုတာကတော့ သီးနှံတွေကို စတင် စိုက်ပျိုးဖို့ မြေစတင်ရွေးချယ်တဲ့ အချိန်ကစပြီး စားသုံးသူတွေ လက်ဝယ်ရောက်ရှိတဲ့ အချိန်ထိ စိုက်ပျိုးထုတ်လုပ်မှု အဆင့်ဆင့်တိုင်းမှာ၊ သီးနှံတွေမှာ ဓာတုဆေးတွေ၊ ညစ်ညမ်းမှုတွေ၊ ကူးစက်မှုတွေစတဲ့ ဘေးအန္တရာယ်တွေ ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်တဲ့ အလေ့အကျင့်ကောင်းတွေကို ဆိုလိုတာ ဖြစ်ပါတယ်။ ဒီအလေ့အကျင့်ကောင်းတွေ လိုက်နာတဲ့သူတွေကို GAP နဲ့ ပတ်သက်တဲ့ Certificate ရရှိထားတဲ့သူတွေဟာ ထွက်လာတဲ့ သီးနှံတွေမှာ ခိုင်မာတဲ့ စျေးကွက်(၁)ခုကို ရရှိကြတာလဲ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ အစိုးရအဖွဲ့အနေနဲ့ ရှမ်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများအား ဒီ Good Agriculture Practice နဲ့ ပတ်သက်ပြီးတော့ပြီးမှ အထောက်အပံ့အကူအညီနှင့် ပတ်သက်ပြီး မေးမြန်းတာလည်း ဖြစ်ပါတယ်။

မိမိတို့ နေ့စဉ်စားသုံးနေတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေမှာ ဓါတ်မြေဩဇာတွေ အလွန်အကျွံအသုံးပြုပြီး ပိုးသတ်ဆေးနဲ့ ဓါတုဆေး အကြွင်းအကျန်တွေ ပါဝင်နေတဲ့ အစားအသောက်တွေဟာ ယခုအချိန်မှာ စားသုံးသူတွေ၊ စိုက်ပျိုးထုတ်လုပ်သူတွေနဲ့ အစားအစာစျေးကွက်ကို ခြိမ်းခြောက်လျက်ရှိပြီး ပြောင်းလဲနေတဲ့လူနေမှုဘဝ တိုးတက်လာတဲ့ခေတ်ရေစီးကြောင်းနှင့်အညီ ကျန်းမာရေး၊ ဗဟုသုတတွေ တိုးပွားလာပြီး လူတိုင်းဟာ

လည်း ကျန်းမာရေးဂရုစိုက်လာမှုများလာသည်နှင့်အမျှ ဘေးကင်းစိတ်ချရတဲ့ အစားအစာသီးနှံတွေကို ဈေးကွက်တွေမှာ တောင်းဆိုလာကြသလို နိုင်ငံတကာဈေးကွက်များမှာလည်း တွင်ကျယ်စွာ စိုက်ပျိုးရောင်းဝယ်လာကြတာကိုလည်း တွေ့ရပါတယ်။

မိမိတို့ ခရီးသွားလုပ်ငန်းတွေတိုးတက်လာတာနဲ့အမျှ နိုင်ငံတကာနှင့် ကူးလူးဆက်ဆံလာကြရတဲ့အခါ မိမိတို့နိုင်ငံက အစားအစာတွေကို ဘေးကင်းစွာ ထုတ်လုပ်ဖို့လိုအပ်လာသလို ဘေးကင်းကြောင်းကို ဈေးကွက်မှာ သက်သေပြဖို့လိုအပ်လာပြီး၊ ဒါမှလည်း မိမိတို့နိုင်ငံထုတ်ကုန်တွေဟာ နိုင်ငံတကာဈေးကွက်တွေမှာ မျက်နှာမငယ်ရဘဲ ဈေးကောင်းများရရှိလာမှာလည်း ဖြစ်ပါတယ်။ ဒါတွေကို ဖြေရှင်းပေးနိုင်တာကတော့ လူသားများ သက်ရှည်ကျန်းမာပြီး လူသက်တမ်းစေ့နေထိုင်ရန်တို့အတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းတွေနဲ့ စိုက်ပျိုးထုတ်လုပ်ရောင်းချသော အစားအသောက်များ စားသုံးသင့်ပြီး စိုက်ပျိုးထုတ်လုပ် ရောင်းချဖို့ပဲ ဖြစ်ပါတယ်။

Myan GAP ဆိုပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲထားပြီး စိုက်ပျိုးထုတ်လုပ်ရာမှာ လိုက်နာကျင့်သုံးရမယ့် သီးနှံအလိုက် လမ်းညွှန်ချက်တွေ အသိပေးကြော်ငြာခဲ့ပြီး ဖြစ်သလို GAP စနစ်နဲ့ ထုတ်ပြန်ထားသည့် သီးနှံ(၁၅)မျိုးကို ကြည့်မည်ဆိုလျှင်လည်း မြန်မာနိုင်ငံတွင် အများဆုံးစိုက်ပျိုးစားသုံး သီးနှံနှင့် ပြည်ပပို့ကုန် အများဆုံးသီးနှံများ ပါဝင်တာကိုလည်း တွေ့ရှိရပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မြန်မာ GAP နည်းစနစ်လိုက်နာကျင့်သုံးဖို့ နည်းပညာနဲ့ မြန်မာ GAP အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး လုပ်ငန်းစဉ်တွေကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး GAP အသိအမှတ်ပြုလက်မှတ် (GAP Certificate) လျှောက်ထားရယူတဲ့ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ပြင်ဆင်ဆောင်ရွက်ပြီး ဖြစ်တယ်ဆိုတာကိုလည်း အားလုံးလည်း သိရှိပြီး ဖြစ်ပါတယ်။

ယခုလို သီးနှံအလိုက်စိုက်ပျိုးထုတ်လုပ်ရာမှာ လိုက်နာရမည့် လမ်းညွှန်ချက်တွေကို စိုက်ပျိုးထုတ်လုပ်သူတွေအနေနဲ့လည်း စည်းစနစ်တကျ လိုက်နာကျင့်သုံးဖို့ GAP အလေ့အကျင့်ကောင်းများကို နားလည်လက်ခံဖို့ ပူးပေါင်းပါဝင်လာဖို့ဆိုတာဟာလည်း အင်မတန်မှအရေးပါတဲ့ လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် သီးနှံတွေမှာ စာသုံးသူတွေအတွက် ဘေးအန္တရာယ်ကင်းဝေးစေဖို့ ဈေးကွက်မှာ အာမခံနဲ့ ရောင်းချနိုင်ဖို့၊ နိုင်ငံတကာဈေးကွက်အထိ ခြေဆန့်နိုင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေ GAPနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများအား ဘေးကင်းလုံခြုံသော အစားအစာသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အထောက်အပံ့

ကူညီမှုများအား ဆောင်ရွက်ပေးနေမှုအခြေအနေများကို သိရှိလို၍ လွတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့်တကွ လွတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် တက်ရောက်လာသူများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများအား ဘေးကင်းလုံခြုံသော အစားအစာ၊ အသီးအနှံများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် GAP စနစ်(Good Agriculure Practice) နည်းစနစ်ဖြင့် အသိပညာ၊ နည်းပညာနှင့် အခြားသော အထောက်အပံ့များ ဆောင်ရွက်ပေးနေမှု အခြေအနေကို သိရှိလိုပါသည်နှင့် ပတ်သက်၍ ကျွန်တော်အနေနဲ့ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တောင်သူများဟာ ဘေးကင်းလုံခြုံတဲ့ အစားအစာတွေနဲ့ အသီးအနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်တဲ့ GAP (Good Agriculure Practice) ကို လိုက်နာကျင့်သုံးရေး ဆောင်ရွက်လျက်ရှိပါတယ်။ သီးနှံများ စိုက်ပျိုးမှုအပေါ်မှာ GAP နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေးအတွက် GAP Module (၄)ရပ်ဖြစ်တဲ့ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သီးနှံများရဲ့ အရည်အသွေးကဏ္ဍ၊ လုပ်သားများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝ သာယာရေးကဏ္ဍစသည့် လုပ်ငန်းစဉ်များကို တောင်သူများ သိရှိနားလည်စေရန် တောင်သူပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများ၊ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့ ပညာပေးပြုလုပ်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်၊ ပြည်နယ်အစီအစဉ်နဲ့လည်း စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ပြီး မနှစ်ကတော့ တစ်မြို့နယ် တစ်ရွာနှုန်းဆောင်ရွက်ရာမှာ ဒီနှစ်မှာ (၁)ခရိုင်ကို (၂)ရွာနှုန်း၊ တစ်မြို့နယ်ကို (၁)ရွာနှုန်း ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုစံပြကျေးရွာမှ စိုက်ပျိုးလာတဲ့ GAP သီးနှံများကို ဒီGAP သီးနှံများ စိုက်ပျိုးရေးဆိုင်ရာ

အလေ့အကျင့်ကောင်းများနဲ့ GAP စနစ်အဖြစ်စံပြ စိုက်ပျိုးနိုင်အောင် အသိပညာပေးလျက် ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း၌ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများတွင် ဆောင်ရွက်လျက်ရှိခြင်းကြောင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သီးနှံများ အရည်အသွေး ကျဆင်းမှုကြောင့် တည်ငြိမ်သော ဈေးကွက်ရရှိမှု မရှိခြင်းတို့မှ ကင်းဝေး စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် GAP နည်းလမ်းအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်မှုများသည် ယခုလို တစ်မြို့နယ်တစ်ရွာမှသည် တစ်ဖြည်းဖြည်းနှင့် ကျေးရွာ အားလုံး၊ မြို့နယ်အားလုံးကို တိုးချဲ့သိရှိ ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိပါတယ်။

မြန်မာGAP အကောင်အထည်ဖော်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက် ပေးခြင်းအပြင် ထုတ်လုပ်လိုက်တဲ့ သီးနှံများကို GAP အသိအမှတ်ပြုလက်မှတ်တွေလည်း ထုတ်ပေးလျက်ရှိပါတယ်။ GAP Inspection team များ ဖွဲ့စည်းပြီးတော့ ကွင်းဆင်း စစ်ဆေးပြီး GAP နည်းစနစ်အတိုင်း လိုက်နာကျင့်သုံးတဲ့ တောင်သူများ၊ ခြံများကို GAP အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း တင်ပြအပ်ပါတယ်။ အဲ့ဒါအပြင် သဘာဝရဲ့ မြေဩဇာတွေ၊ ပိုးသတ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီများ၊ NGO၊ INGO စသည့် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ချိတ်ဆက်ပြီးတော့လည်း တောင်သူများအား ကူညီပေးနိုင်တဲ့ GAP နည်းလမ်းအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက် စေပြီး GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိတာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ခုလို GAP စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးတဲ့ သီးနှံများကတော့ သရက်၊ ခရမ်းချဉ်သီး၊ ကော်ဖီ၊ လက်ဖက်စိုက်ပျိုး သည့် တောင်သူများကို GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိပါကြောင်း လွတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်း ပါစေလို့ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်တွင် ၂၀၁၈-

၂၀၁၉ ပညာသင်နှစ်အတွင်းမှာ ဆရာ/ ဆရာမ လုံးဝမရှိတဲ့ ကျောင်းများကို အမြန်ဆုံး ပြန်လည်ခန့်အပ်ပြီး စာသင်ကြားပေးနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးနိုင်မှု ရှိ/ မရှိ ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ပြန်ကြည့်မယ် ဆိုလို့ရှိရင် အကြောင်းအမျိုးမျိုးကြောင့် ဆရာ/ ဆရာမတွေက အခြားမြို့နယ်၊ အခြား ကျောင်းများသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်တာတွေရှိပါတယ်။ အဲ့ဒီအကြောင်းကြောင့်ပဲ အခုကျေးရွာအုပ်စုအတွင်းမှာရှိနေတဲ့ မူလတန်းကျောင်း/ မူလတန်းကျောင်း(ခွဲ)တွေက ဆရာမလုံးဝမရှိတဲ့ ကျောင်းများဟာဆိုလို့ရှိရင်လည်း စာသင်ကြားပေးနိုင်မှု မရှိတဲ့အတွက် ကြောင့် ယာယီသဘောဖြင့် ကျောင်းပိတ်ထားတဲ့ အနေအထားလေးတွေကို လေ့လာတွေ့ ရှိရပါတယ်။ အဲ့ဒီကျောင်းမျိုး မိုင်းပျဉ်းမြို့နယ်အတွင်းမှာ (၂၉)ကျောင်းရှိပါတယ်။ ကျောင်းသူ/ ကျောင်းသား ကလေးသူငယ် (၈၇၅)ယောက်၊ စာသင် ကြားနိုင်ခွင့်မရှိတဲ့ အနေအထားရောက်ရှိနေကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ (၂၉)ကျောင်းနှင့် ကလေးများရဲ့ ပညာသင်ကြားရေးများကို ဆတက်ထမ်းပိုး တိုးတက်မြင့်မားရန် လိုအပ်တဲ့ အညီ အဲ့ဒီအားနည်းချက်တွေ ပပျောက်သွားနိုင်ရေးအတွက် အမြန်ဆုံး လစ်လပ်သွားတဲ့ ဆရာ/ ဆရာမများကို ပြန်လည်အစားထိုး အမြန်ဆုံး ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ၊ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ မိုင်းပျဉ်းမြို့နယ်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဆရာ/ ဆရာမများ လုံးဝ မရှိသည့် မူလတန်းကျောင်း၊ မူလတန်းကျောင်း (ခွဲ) (၂၉)ကျောင်းအား ဆရာ/ ဆရာမများ အမြန်ဆုံး ပြန်လည်ခန့်အပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ / မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ အ.မ.က (ခွဲ) ရွှမ်းကုန်းဆာတွင် ကျောင်းသား မရှိသည့်အတွက် ကျောင်းပိတ်ထားရပါတယ်။ အ.မ.က ယမ်းခမ်းတွင် အထွေထွေလုပ်သား ၁ ဦးသာရှိပြီး ကျန် ၂၇ ကျောင်းဖြစ်သည့် အ.မ.ကဟွေကြားပါး၊ အ.မ.က(ခွဲ)မိုက်ဆော့၊ အ.မ.က(ခွဲ)နားကျောင်း ရှိုး၊ အ.မ.က(ခွဲ)(၂၄)မိုင်အောက်၊ အ.မ.က (ခွဲ)၇ မိုင်ထနောင်း၊ အ.မ.က (ခွဲ)ရွာသစ်လွယ်ခါး၊ အ.မ.က(ခွဲ)ပါလိုင်၊ အ.မ.က(ခွဲ)နမ့်တက်၊ အ.မ.က(ခွဲ)ရွှေပဲ(ဝင်းနို)၊ အ.မ.က(ခွဲ)ဝမ်ကျန်း၊

အ.မ.က(ခွဲ)ဟွေနော့၊ အ.မ.က(ခွဲ)နားပယ်၊ အ.မ.က(ခွဲ)ပန်းဆက်၊ အ.မ.က(ခွဲ) ဝမ်ကောင်း (ရှမ်း)၊ အ.မ.က(ခွဲ)လွယ်ကူးခေ(၁)၊ အ.မ.က(ခွဲ)နားယုန့်၊ အ.မ.က(ခွဲ)ကတ်ကျန့်၊ အ.မ.က (ခွဲ)ခမ်းနူး(၂)၊ အ.မ.က(ခွဲ) ဒူးလုံ၊ အ.မ.က(ခွဲ)မိုင်(၃၀)၊ အ.မ.က(ခွဲ)လွယ်ကူခေး၊ အ.မ.က (ခွဲ)ကိန်းဟင်၊ အ.မ.က(ခွဲ)ကောင်းပျက်၊ အ.မ.က(ခွဲ)နောင်ခစ်၊ အ.မ.က(ခွဲ)ပန်နေ၊ အ.မ.က (ခွဲ)တီလွယ်၊ အ.မ.က(ခွဲ)နမ့်ဘော်လော့ ကျောင်းများတွင် ဆရာ/ ဆရာမ လုံးဝမရှိသည့် အတွက် ဆရာအင်အားပိုသော ကျောင်းများမှ ဆရာ/ ဆရာမ ဝန်ထမ်းများအား မြို့နယ် ပညာရေးမှူး၏ အစီအစဉ်ဖြင့် တွဲဖက်ထားရှိ၍ ပညာသင်ကြားပေးလျက်ရှိပါတယ်။

ပညာရေးကောလိပ်များမှ PPTT နှင့် DTEdသင်တန်းဆင်းများရရှိပါက စိစစ်၍ ခန့်ထားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးမဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းသွားမယ့် မေးခွန်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်အတွင်းရှိ မန်ဝေသစ်တောကြိုးဝိုင်း ပြန်လည်ပြင်ဆင်ရန် သတ်မှတ်သော ကြောင့် တောင်သူများ၏ လယ်ယာမြေများအပေါ် သစ်တောဦးစီးဌာနမှ ပြန်လည်စွန့်လွှတ် နိုင်မှု ရှိ/ မရှိ၊ မရှိပါက ထိုတောင်သူများကို လျော်ကြေးပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်အတွင်းရှိ ဗဟဲကျေးရွာ အုပ်စုအတွင်းတွင် မန်ဝေသစ်တောကြိုးဝိုင်း ရှိပါတယ်။ ထိုသစ်တောကြိုးဝိုင်းဟာ ရှေးယခင်ကပင်ရှိခဲ့ပါတယ်။ ယင်းသစ်တောကြိုးဝိုင်းနှင့် ကပ်လျက်တောင်သူများကလည်း ရှေးယခင်ကပင် တောင်ယာလယ်လုပ်လုပ်ငန်းဖြင့် အသက်မွေးနေထိုင်ကြပါတယ်။ ဒေသအခေါ် ဂျပန်ကားလမ်းသည် ကြိုးဝိုင်း၏ ကြိုးလမ်းအဖြစ် တည်ရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်တွင် မန်ဝေသစ်တောကြိုးဝိုင်းကို ပြန်လည်တိုးချဲ့လိုက်သောအခါ တောင်သူများ၏ လယ်ယာ မြေများဟာ ကြိုးဝိုင်းထဲသို့ ပါဝင်သွားပါတယ်။ ပါဝင်သွားသော တောင်သူ ဦးရေ(၄၄)ဦး၏

ပိုင်ဆိုင်မှု ဧကပေါင်း(၅၁၁.၅၉)ဧကဟာ မန်ဝေသစ်တောကြိုးဝိုင်းက ကျူးလာသောကြောင့် သစ်တောကြိုးဝိုင်းထဲသို့ ပါသွားခဲ့ပါတယ်။ ထိုတောင်သူများ၏ ရှေးကပြုလုပ်ထားသော ကြေးတိုင်နှင့် မြေစာရင်းအင်းဦးစီးဌာနမှ ထုတ်ပေးထားသည့် ပုံစံ(၁၀၅)ကိုလည်း တစ်ပါတည်းတင်ပြအပ်ပါတယ်။ မန်ဝေသစ်တောကြိုးဝိုင်း တိုးချဲ့ပြင်ဆင် သတ်မှတ်သောကြောင့် တောင်သူများသည် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စီမံချက်ပြုလုပ်၍ ပုံစံ(၇) ထုတ်ပေးသောအခါ မရရှိခဲ့ကြပါ။ ယခု လျှောက်ထားသော်လည်း အခက်အခဲများနှင့် တွေ့ကြုံနေပါတယ်။ ထို့ကြောင့် တောင်သူများအတွက် ချေးငွေလည်း မရရှိခဲ့ပါ ။ ထိုတောင်သူများမှ အသနားခံလာသောကြောင့် သစ်တောကြိုးဝိုင်းမှ လယ်ယာမြေများကို သစ်တောဦးစီးဌာနမှ စွန့်လွှတ်နိုင်မှု ရှိ/ မရှိ၊ မရှိပါက တောင်သူများအတွက် လယ်ယာမြေလျော်ကြေးပေးချေမှု ရှိ/ မရှိ သိလိုရှု တောင်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းမှာ မဘိမ်းမြို့နယ်၊ ဗဟဲကျေးရွာအုပ်စုအတွင်းရှိ မန်ဝေသစ်တောကြိုးဝိုင်းဟု မန်ဝေကို **သဝေထိုး ဝလုံးရေး ဝေ**လို့ စာလုံးပေါင်းပြီး သုံးနှုန်းထားသော်လည်း တရားဝင် မှတ်တမ်းမှတ်ရာများမှာတော့ ဗဟဲကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ မန်ဟွေ့သစ်တောကြိုးဝိုင်း **သဝေထိုးဟဝဆွဲအောက်ကမြစ် ဟွေ့** နဲ့ **မန်ဟွေ့**လို့ မှတ်တမ်းတင် တွေ့ရပါတယ်။ မဘိမ်းမြို့နယ်အတွင်းမှာရှိတဲ့ ဧရိယာအကျယ်အဝန်း (၂၈၂၉၀)ဧကရှိတဲ့ နယ်မြေကို တောတောင်ရေမြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နဲ့ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန် ရည်ရွယ်ပြီးတော့ ယခင်သစ်တောရေးရာ ဝန်ကြီးဌာန၏ ၁၀-၁-၂၀၁၁ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ်၊ ၀၁၃/၂၀၁၁ အရ "မန်ဟွေ့ကြိုးဝိုင်း" အဖြစ် ဖွဲ့စည်းသတ်မှတ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ မန်ဟွေ့ကြိုးဝိုင်း၏ တောအမျိုးအစားကတော့အထက်ရွက်ရောနှောတောခြောက် အမျိုးအစားဖြစ်ပြီး သဘာဝပေါက်ပင်များအနေနဲ့ ကျွန်း၊ ပိတောက်၊ ကညင်၊ အင်၊ အင်ကြင်း၊ သစ်ယာ၊ သစ်စေး၊ရုံး၊ ဖန်ခါး၊ သတီ၊ သရက်၊ ဘိုင် စသည့် အပင်တွေ ပေါက်ရောက်လျက်ရှိတာတွေကို တွေ့ရပါတယ်။

မန်ဟွေ့ကြိုးဝိုင်းတော ဖွဲ့စည်းသတ်မှတ်နိုင်ရေး ကြေးတိုင်ပုံစံ(၁) ထုတ်ပြန်ကြေညာချက်အပေါ်မှာ တောင်းဆိုလိုသည့် အခွင့်အရေးဆိုင်ရာ ဆိုင်ခွင့်များအား ကြေးတိုင်ပုံစံ(၃)ဖြင့်

(၃)လအတွင်း တင်ပြတောင်းခံစေခဲ့ရာမှာတော့ သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာ နယ်မြေဒေသရှိ ဒေသခံပြည်သူများမှ ဆိုင်ရာဆိုင်ခွင့် တောင်းဆိုခဲ့ခြင်း မရှိတဲ့အကြောင်း တွေ့ရပြီးတော့ ဖော်ပြပါ မန်ဟွေ့ကြိုးဝိုင်းအတွင်း ဆိုင်ရာဆိုင်ခွင့်များအဖြစ် ခွင့်ပြုသတ်မှတ်ထားခြင်း မရှိခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

ထို့အပြင် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်စွဲပါစာအမှတ်၊ ၁၃(၁)/၇ သမ္မတရုံးစာအရ သစ်တောမြေ (ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ သဘာဝနယ်မြေ) များအတွင်း နှစ်ကာလ အတိုင်းအတာတစ်ခုအထိ တရားမဝင် ကျူးကျော်အခြေချနေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုများအား စာရင်းကောက်ယူပြီး ကျေးရွာများ ပြန်လည်နေရာချထားပေးရန် လမ်းညွှန်ချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ယခင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့ပါဝင်သော ပြည်နယ်/ ခရိုင်/ မြို့နယ် ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်း၍ ဒေသခံကျေးရွာပြည်သူများ ပူးပေါင်းမှုဖြင့် ကွင်းဆင်းစာရင်းကောက်ယူချက်အရ မန်ဟွေ့ကြိုးဝိုင်းအတွင်း လယ်မြေ ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ နှစ်ရှည်/ စိုက်ခင်းမြေနှင့် သာသနာ/ အများပိုင် မြေစာရင်းများ ပါဝင်မှု မရှိပါကြောင်း တွေ့ရှိရပါတယ်။ မန်ဟွေ့ကြိုးဝိုင်းတောအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ရွှေလီရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းအတွက် မြေဧရိယာ(၃၆၉.၂)ဧကကိုတော့ ၇-၃-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၄)အရ သစ်တောနယ်မြေအဖြစ်ကနေပြီးတော့ ပယ်ဖျက်ပေးခဲ့ပါတယ်။

မန်ဟွေ့ကြိုးဝိုင်းတောအတွင်း သစ်တောဖုံးလွှမ်းမှု တိုးတက်စေဖို့အတွက် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းတွေကိုဆောင်ရွက်ပြီးတော့စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာမှာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်ကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ (၁၀)နှစ်တာကာလအတွင်း လုပ်ငန်းများဆောင်ရွက်ထားရှိမှုမှာ စီးပွားရေး(ကျွန်း)စိုက်ခင်း၁၀၀ဧက၊ ဓမ္မတာမျိုးဆက်ခြင်း ၂၀၀ ဧက၊ ပင်ကျပ် နုတ်ခြင်း ၂၄ ဧက၊ ပင်ပူးခွာကိုင်းချိုင် ရှင်းလင်းခြင်း၇၆ ဧက၊ စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်း ၅ ဧက၊ ကြိုးဝိုင်းနယ်နိမိတ်ပြုလုပ်ခြင်း ၂၇ တိုင်စသည့်လုပ်ငန်း တွေကို ဆောင်ရွက်ခဲ့တာတွေကို တွေ့ရပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သစ်တောဖုံးလွှမ်းမှု ကောင်းမွန်လာစေရေးအတွက် သစ်တောများ ပြန်လည်တည်ထောင်ခြင်း အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာ နိုင်ငံအလိုက်

ဆောင်ရွက်ရမည့် ကတိကဝတ် (Nationally Determinded Contribution- NDC)ကို လက်မှတ်ရေးထိုးပြီး ဖြစ်တဲ့အတွက် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နိုင်ငံဧရိယာရဲ့ ၃၀ %၊ သဘာဝနယ်မြေတွေကို ၁၀ % တိုးချဲ့ ဖွဲ့စည်းဖို့ စီစဉ်လျက်ရှိရာမှာ လက်ရှိအချိန်အထိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောကိုတော့ ၂၅.၁၉ %၊ သဘာဝနယ်မြေတွေကိုတော့ ၅.၇၉ % ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သစ်တောဦးစီးဌာနအနေနဲ့ နိုင်ငံတကာ ကတိကဝတ်ပြည့်မီရေးအတွက် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေကို တိုးချဲ့ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေရတဲ့အတွက် လွတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မန်ဟွေ့သစ်တောကြိုးအတွင်းမှာရှိတဲ့ လယ်ယာမြေများအား စွန့်လွှတ်ပယ်ဖျက်ပေးဖို့ မရှိပါကြောင်းနှင့်လယ်ယာမြေလျော်ကြေးပေးချေရန်အစီအစဉ်မရှိပါကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဒီကနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ ယခုအစီအစဉ် (၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား ရှမ်းပြည်နယ် လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်က တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှလုံး၏သာယာခြင်းနှင့် ပြီးပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဦးစွာပထမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၀(ခ)အရ ရှမ်းပြည်နယ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အခုတင်သွင်းမဲ့ ရှမ်းပြည်နယ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံသို့ ဖြန့်ဝေထားတဲ့ စာအုပ်(၄)အုပ်ရှိပါတယ်။ ပထမစာအုပ်ကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းစာအုပ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြီးပါက ပြည်နယ်ဝန်ကြီးချုပ် လက်မှတ်ရေးထိုးပြီး ထုတ်ပြန်မှာဖြစ်ပြီး ကျန်စာအုပ်များတွေဖြစ်တဲ့ နောက်ဆက်တွဲ (၁၂၂) တို့ကတော့ ဒေသန္တရ စီမံကိန်း

ဥပဒေကြမ်း စာအုပ်အတွက် အထောက်အကူပြုတဲ့ စာအုပ်တွေဖြစ်ပြီး စုစုပေါင်း စာအုပ်(၄) အုပ် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်ခင်ဗျား။

ပထမဦးစွာ ရှမ်းပြည်နယ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းမှာ ပါဝင်တဲ့ အဓိကကျတဲ့ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို တင်ပြသွားပါမယ်ခင်ဗျား။

ရှမ်းပြည်နယ်ရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)ကို **(နှစ်အလိုက် ဈေးနှုန်းများ)** အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် **(အောက်တိုဘာလမှ စက်တင်ဘာလထိ)** နှစ်ကုန်ခန့်မှန်းတန်ဖိုး **ကျပ် ၅၄၈၄ .၈ ဘီလီယံ** ဖြစ်ပေါ်ရန် ၊၂၀၁၈-၂၀၁၉ ဘဏ္ဍာ**ရေး**နှစ် ဒေသန္တရစီမံကိန်းတွင် **ကျပ် ၆၁၈၅.၄ဘီလီယံ** ရရှိရန်နှင့် **၁၂.၈** ရာခိုင်နှုန်း တိုးတက် ပြောင်းလဲရန် ရည်မှန်းထားပါသည်။ **၂၀၁၅-၂၀၁၆ ခု ပုံမှန် ဈေးနှုန်းများ** အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် **(အောက်တိုဘာလမှ စက်တင်ဘာလထိ)** နှစ်ကုန်ခန့်မှန်းတန်ဖိုး **(ကျပ် ၄၈၅၃.၃ဘီလီယံ)** ဖြစ်ပေါ်ရန် ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်သစ် ဒေသန္တရစီမံကိန်း တွင် **(ကျပ် ၅၂၁၆.၂ ဘီလီယံ)** ရရှိရန်နှင့် တိုးတက်မှုနှုန်း **၇.၅** ရာခိုင်နှုန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပြီး လူတစ်ဦးစီရဲ့ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို **၉၉၁၈၅၀ ကျပ်** ဖြစ်ပေါ်ရန် မျှော်မှန်းထားပါတယ်။

မြေယာအသုံးချမှုနှင့် မြေအသုံးချမှုအခြေအနေများကို အသားတင် စိုက်ပျိုးမှုမြေ **၇.၈** ရာခိုင်နှုန်း၊ ပလပ်ထားသည့်မြေ **၁.၃** ရာခိုင်နှုန်း ၊ စိုက်ပျိုးနိုင်သော မြေရိုင်း **၁၂.၂** ရာခိုင်နှုန်း ၊ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော **၂၂.၁** ရာခိုင်နှုန်း ၊ စိုက်ပျိုးခြင်းမပြုနိုင်သော မြေ **၂၇.၄** ရာခိုင်နှုန်း ၊ အခြားမြေ **၂၉.၂** ရာခိုင်နှုန်း ဖြစ်ပေါ်ပြောင်းလဲရန် ရည်မှန်းထားပါသည်။

စီးပွားရေးကဏ္ဍကြီးတွေအနေနဲ့ လယ်ယာကဏ္ဍကြီးကို ၅.၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးကို ၈.၂ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးကို ၈.၉ ရာခိုင်နှုန်းတို့အသီးသီး တိုးတက်စေဖို့လဲ ရည်မှန်းထားပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသကြီးများရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းအရ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ရဲ့ တိုးတက်မှုနှုန်းများအနေနဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ၉.၅ ရာခိုင်နှုန်း၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာ ၉.၉ ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ၂.၄ ရာခိုင်နှုန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ၁၀.၀ ရာခိုင်နှုန်းနှင့် '၀'ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းမှာ ၄.၈ ရာခိုင်နှုန်း အသီးသီး တိုးတက်စေဖို့ ရည်မှန်းထားပါတယ်။

ဆက်လက်ပြီး နောက်ဆက်တွဲ (၁)မှာ ပါတဲ့ ရှမ်းပြည်နယ်ရဲ့ မျှော်မှန်းချက် မူဝါဒနှင့် ရည်မှန်းချက်များကိုလည်း ဆက်လက်တင်ပြပါမယ်။ ရှမ်းပြည်နယ်ရဲ့ မျှော်မှန်းချက်ကတော့ "ရှမ်းပြည်နယ်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်နယ်ဖြစ်စေရမည်" ဖြစ်ပါတယ်။

မူဝါဒများအနေနဲ့

- ပြည်နယ်အတွင်း နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ပဋိပက္ခများ ချုပ်ငြိမ်းစေရေး၊
- ပြည်နယ်အတွင်း ဒေသများအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စီးပွားရေးအခြေခံကောင်းများရရှိရေး၊
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝ သယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေးနှင့် အကျိုးအရှိဆုံး ဖြစ်စေရေးအတွက် မျှတမှန်ကန်စွာ စီစစ်အသုံးပြုရေး၊
- ပြည်နယ်အတွင်း စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်စေရေး၊

ရည်မှန်းချက်များကတော့

- ပြည်နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံ ပိုလျှံစေရေးနှင့် စိုက်ပျိုးရေး အခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊
- ပြည်နယ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ ပြုနိုင်သည့် အခြေခံအဆောက်အအုံ လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်၊
- အလုပ်အကိုင် အခွင့်အလမ်း မြင့်မားသော စီးပွားရေး လုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊
- ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုး တိုးတက်စေရန်၊
- သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်ဆိုပြီး သတ်မှတ်ရည်မှန်းထားပါတယ်။
- ပြည်နယ်အတွင်းပုဂ္ဂလိကဏ္ဍတိုးတက်ရေးအတွက်နိုင်ငံသားတိုင်းမိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်၊

ရှမ်းပြည်နယ်အတွင်းရှိ ဌာနများရဲ့ လုပ်ငန်းစဉ်များကို နောက်ဆက်တွဲ(၁)စာအုပ်မှာ အသေးစိတ်ဖော်ပြထားပါတယ်။ နောက်ဆက်တွဲ(၂)မှာတော့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်မယ့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုတင်ပြသွားမှာဖြစ်ပါတယ်။ပြည်နယ်အဆင့်ဗဟို အဖွဲ့အစည်းများအနေနဲ့ကျပ်(၄၈.၉ဘီလီယံ)၊ပြည်ထဲရေးဝန်ကြီးဌာနကျပ်(၈.၁ဘီလီယံ)၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ကျပ်(၁.၈ဘီလီယံ)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ကျပ်(၁.၄ဘီလီယံ)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ကျပ်(၁၉.၇ဘီလီယံ)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ကျပ်(၂.၅ဘီလီယံ)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ကျပ်(၁.၆ဘီလီယံ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့

ကျပ်(၇၁.၆ ဘီလီယံ)နှင့် စည်ပင်သာယာရေးအဖွဲ့များအနေနဲ့ ကျပ် (၁၀.၂ ဘီလီယံ)၊ စုစုပေါင်း ကျပ်(၁၆၅.၈ ဘီလီယံ)ကို ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ရင်းနှီးမြှုပ်နှံဖို့ လျာထားပါတယ်။ ပညာရေး၊ ကျန်းမာရေးနှင့် အချို့သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကတော့ ပြည်ထောင်စုဘဏ္ဍာငွေရန်ပုံငွေနဲ့ ဆောင်ရွက်ရမှာဖြစ်ပြီး အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ပြဋ္ဌာန်းပြီးချိန်မှာ သက်ဆိုင်ရာ မြို့နယ်စီမံကိန်းဦးစီးမှူးရုံးများရဲ့ ကြော်ငြာသင်ပုန်းများ မှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းများနှင့်အတူ အသိပေးကြော်ငြာ ပေးထားမှာဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်ခင်ဗျား။

နောက်ဆက်တွဲ(၃)မှာ ရှမ်းပြည်နယ်အတွင်း ထုတ်လုပ်မှု၊ ဝန်ဆောင်မှု ရည်မှန်းချက်များကို စီးပွားရေးကဏ္ဍအလိုက် ဖော်ပြထားပါတယ်။ ရှမ်းပြည်နယ်ရဲ့ စီးပွားရေးကဏ္ဍများအလိုက် တိုးတက်မှုနှုန်းများကို လယ်ယာကဏ္ဍမှာ ၄.၉ ရာခိုင်နှုန်း၊ သားငါးကဏ္ဍမှာ ၅.၉ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍမှာ (–)၇.၇ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍမှာ ၂.၇ ရာခိုင်နှုန်း၊ စက်မှုလက်မှု ကဏ္ဍမှာ ၆.၇ ရာခိုင်နှုန်း၊ လျှပ်စစ်ဓါတ်အားကဏ္ဍမှာ ၃.၁ ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍမှာ ၁၂.၃ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍမှာ ၇.၈ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍမှာ ၁၅.၇ ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍမှာ ၁၆.၇ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍမှာ ၆.၀ ရာခိုင်နှုန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ၁၁.၄ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုကဏ္ဍမှာ ၇.၈ ရာခိုင်နှုန်း အသီးသီးတိုးတက်ရရှိဖို့ ရည်မှန်းထားပါတယ်ခင်ဗျား။

နိဂုံးချုပ်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်တဲ့ ဖော်ပြပါ ရှမ်းပြည်နယ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာ တင်သွင်းရပါတယ်ခင်ဗျား။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ ယခုအစီအစဉ် (၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ် လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ အဆိုကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ် ဥပဒေချုပ်၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမှာ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် တင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများကို နှစ်လတ်ဘဏ္ဍာရေး မူဘောင်ဖြင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းရန် ထောက်ပံ့ပေးမည့် ပမာဏကို တိုင်းဒေသကြီး၊ ပြည်နယ်များ၏ စုစုပေါင်း လူဦးရေ၊ ဆင်းရဲမှုညွှန်ကိန်း၊ မြေဧရိယာ အကျယ်အဝန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေအချိုး၊ တစ်ဦးကျ အခွန်ကောက်ခံရရှိမှုနှင့် လူတစ်ဦးစီ၏ ပျမ်းမျှ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစသည့် ညွှန်ကိန်း(၆)ခုဖြင့် ချိန်ထိုး၍ တွက်ချက်ပြီး ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြည်ထောင်စုထောက်ပံ့ ငွေများအား လျာထားပေးခဲ့ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ အတည်ပြုချက်နဲ့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများကို ၁၃-၇-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲရေးဆိုင်ရာ ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး (၂/၂၀၁၈) မှာ အတည်ပြုခဲ့ပါတယ်။

ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးက အတည်ပြုထားတဲ့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများအရ အခွန်အကောက်ရငွေ ကျပ်(၂၈၉၅.၀၈၈)သန်း၊ အခွန်

ဝေစုခွဲရငွေ ကျပ်(၁၁,၈၁၃.၀၉၃)သန်း၊ အခြား သာမန်ရငွေ ကျပ်(၃၀,၇၀၃.၁၈၉)သန်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ ကျပ်(၉.၅၄၄)သန်းနဲ့ ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ ကျပ်(၂၂၄,၀၉၀.၇၈၂)သန်း၊ စုစုပေါင်းရငွေ ကျပ်(၂၆၉,၅၁၁.၆၉၆)သန်း ရရှိမှာ ဖြစ်ပါတယ်။ သာမန်အသုံးစရိတ် ကျပ်(၁၀၃,၇၃၆.၈၈၃)သန်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်(၁၆၅,၇၇၄.၈၁၃)သန်း၊ စုစုပေါင်း ကျပ်(၂၆၉,၅၁၁.၆၉၆)သန်း သုံးစွဲရန် လျာထားပါတယ်။ Power Point Slide (6) မှ (12) အထိကို အသေးစိတ် တင်ပြခြင်း မပြုပဲ Power Point Slide (13) သာမန်အသုံးစရိတ်တွင် လစာနှင့် စရိတ်ချီးမြှင့်ငွေ ၃၈.၃၁% ထောက်ပံ့ငွေ အသုံးစရိတ် ၅.၃၂% ၊ အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ် ၅၆.၃၇% သုံးစွဲရန် လျာထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ၉.၃၃%၊ စက်ကိရိယာ၊ ပရိဘောဂ၊ ယာဉ်နဲ့ အခြားလုပ်ငန်းများသုံးစွဲရန် ၁.၆၀%နဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် ၈၉.၀၇% စသည်ဖြင့် အသီးသီး လျာထားပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဌာနအသီးသီးရဲ့ အသေးစိတ်ငယ်စာရင်းစာအုပ်တွေဖြန့်ဝေ အတည်ပြုချက်ရယူ ပြီးဖြစ်တဲ့အတွက် ယခုအစည်းအဝေးမှာ အဲ့ဒီစာရင်းတွေကို အခြေခံပြီး ရေးဆွဲထားတဲ့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအဖြစ် တင်ပြသွားမှာ ဖြစ်ပါတယ်။

ယခုတင်ပြထားတဲ့ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းမှာ အခန်း(၃)ခန်း၊ အပိုင်း(၅)ပိုင်းနဲ့ ဇယား(၈)ခု အပါအဝင် ရေးဆွဲထားတာဖြစ်ပါတယ်။ အပိုင်း(၁)"အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်" အပိုင်း(၂) "ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဦးစီးဌာနများ၏ အခန်း(၁) ရငွေများနှင့် သုံးငွေများ၊ အခန်း(၂) ငွေချေးယူခြင်း၊ အခန်း(၃) ပြည်ပ အကူအညီရယူခြင်း"၊ အပိုင်း(၃) "ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေများ" အပိုင်း(၄) "စည်ပင်သာယာရေးအဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေများ"နှင့် အပိုင်း(၅)မှာ "အရေးပေါ်ရန်ပုံငွေ" ဟူ၍ ဥပဒေအားဖြင့် ပိုင်းခြားရေးဆွဲထား ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ဇယား(၁)နဲ့ (၂)မှာ ဗဟိုအဖွဲ့အစည်း(၅)ခုရဲ့ ရငွေ ကျပ် ၂၅.၅၂၂ဘီလီယံ၊ သုံးငွေ ကျပ် ၆၇.၄၃၉ ဘီလီယံ၊ ဇယား(၃)အစမှာ အခွန်ရငွေ ကျပ် ၂.၈၉၅ ဘီလီယံ၊ ဇယား(၄)အဆုံးနဲ့ ဇယား(၄)မှာ ဦးစီးဌာန(၁၉)ခုရဲ့ ရငွေကျပ် ၂၂၄.၅၈၅ ဘီလီယံ၊ သုံးငွေ ကျပ် ၁၆၃.၆၉၀ ဘီလီယံ၊ ဇယား(၅)နဲ့ (၆)မှာ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း(၁)ခုရဲ့ ရငွေကျပ် ၀.၀၄၀ ဘီလီယံ၊ သုံးငွေ ကျပ် ၁၉.၇၇၀ ဘီလီယံ၊ ဇယား (၇)နဲ့ (၈)မှာ စည်ပင်သာယာရေးအဖွဲ့များရဲ့

ရင်္ဂေကျပ် ၁၆.၄၆၉ ဘီလီယံ၊ သုံးငွေ ကျပ် ၁၈.၆၁၂ ဘီလီယံ စသဖြင့် အသီးသီးထည့်သွင်းရေး ဆွဲထားပါတယ်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ပေါ်တွင် အခြေပြုထားတဲ့ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၂-၉/၂၀၁၈)မှ အတည်ပြုပြီးဖြစ်တဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်သို့ အတည်ပြုပေးပါရန် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် (သောကြာနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာ နေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ် အစိုးရအားတိုက်တွန်းကြောင်း"အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာ နေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ပေးပို့လာပါတယ်။ ယခု ဦးလင်းအောင်ဆွေက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်း

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ရိုသေလေးစားစွာဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ **"တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်း အစဉ်အလာ ရိုးရာယဉ်ကျေးမှု ဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး"** ရှမ်းပြည်နယ် အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ပြည်နယ်လွှတ်တော်သို့တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုး တိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုး စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် တိုက်တွန်း ကြောင်းအဆိုကို တင်သွင်းခဲ့ပြီး အဲ့ဒီအစည်းအဝေး စတုတ္ထနေ့မှာ ကျွန်တော် အပါအဝင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့က ထောက်ခံဆွေးနွေး ခဲ့ကြတဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်မှာ မဲခွဲဆုံးဖြတ်ပြီး အတည်ပြုချက်ရယူခဲ့ပြီး ဖြစ်ပါတယ်။

အဲ့ဒီအဆိုအောင်မြင်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်နေ့မှာပဲ ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးပြီးတိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့တာဟာ တိုင်းရင်းလူမျိုးများအနေနဲ့ သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်း အစဉ်အလာ ဖော်ထုတ်ပြသခွင့်ရလို့များစွာ ဂုဏ်ယူဝမ်းမြောက်ခဲ့ကြသလို ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များကလည်းများစွာ ကြည်နူးဝိတိကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ယခု ဒီအဆိုကို တင်သွင်းရခြင်းကတော့ ကျွန်တော်တို့ရဲ့ နမ့်စန်မြို့နယ် ဒေသတစ်ခုက ဖြစ်စဉ်တစ်ခုကို အခြေခံပြီး အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ အဲ့ဒီ ဖြစ်စဉ်ကတော့ လူပုဂ္ဂိုလ်တစ်ယောက်က ဒေသခံတိုင်းရင်းသားတွေရဲ့ လပြည့်လကွယ်ည ဓလေ့ထုံးတမ်း အစဉ်အလာ လှုပ်ရှားမှုကို Facebook Social Media ကနေ Video Live လွှင့်ပြီး

အသိဉာဏ်ဆင်ခြင်တုံတရားမဲ့စွာ ပြောဆို Live လွှင့်ခဲ့တာကြောင့် Online ပေါ်မှာ အဆိုပါ တိုင်းရင်းသားများရဲ့ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာကို ပြင်းထန်စွာ ထိခိုက်နစ်နာ စေခဲ့ပါတယ်။ ဒီဖြစ်စဉ် ဖြစ်ပွားခဲ့လို့ ဒေသခံ တိုင်းရင်းသားတွေ ဂုဏ်သိက္ခာကို ညှိုးနွမ်း သိမ်ငယ်စေခဲ့တဲ့အထိ ထိခိုက်သက်ရောက်စေခဲ့ပါတယ်။

ဒီဖြစ်စဉ်ကြောင့် အဲ့ဒီဒေသတိုင်းရင်းသားတွေဟာ တောထဲတောင်ထဲ တောင်ယာ၊ ထင်းခွေ၊ မှိရှာ၊ မျှစ်ရှာ၊ အသီးအနှံခူးဖို့ မဝံ့မရဲဖြစ်ကြရပါတယ်။ ရွာအနီးအနားသွားလို့ သူခြားသူစိမ်းသူတွေ တွေ့ရင်တောင် အပြောခံ၊ အထင်ခံ၊ ရန်ပြုခံရမှာကိုလဲ စိုးရိမ်ကြောက်ရွံ့ ခဲ့ကြရပါတယ်။ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ ဝတ်ဆင်နေထိုင် သွားလာမှုကို ထိခိုက်ခဲ့ရလို့ သူတို့မှာ ဒီလိုဝတ်ဆင်နေထိုင်ဖို့ စိုးရွံ့မှုတွေ ရှိနေခဲ့ကြရပါတယ်။ သူတို့ခံစား ချက်ကို ပြောပြလို့ နားထောင်မိတဲ့သူတိုင်း စာနာစိတ်နဲ့ သနားဂရုဏာ ဖြစ်ကြရပါတယ်။ သူတို့ပြောပြတဲ့ အားငယ်မှုတွေဟာ အများကြီးပါ။ ဒီဖြစ်စဉ်ကြောင့် ကျွန်တော်အပါအဝင် ဒေသအာဏာပိုင်တွေ၊ လူမှုအသင်းအဖွဲ့တွေက အဲ့ဒီနေရာကို သွားရောက်ပြီး ကိုယ်ချင်း စာစိတ်နဲ့ နှစ်သိမ့်မှုတွေ၊ မိရိုးဖလာရိုးရာ ယဉ်ကျေးမှုတွေကို ရိုးရာမပျက် အစဉ်အလာ ထိန်းသိမ်းပြီး ဆက်လက်လုပ်ဆောင်နိုင်ဖို့ အားပေးကူညီဖေးမမှုတွေ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ပါတယ်။ နောင်လဲမကြာခဏ သွားရောက်ဖြစ်မှာ ဖြစ်ပါတယ်။

ဒီဖြစ်စဉ်ကို အခြေခံပြီး ရှမ်းပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးစုများအတွက် ရှမ်းပြည်နယ်ရဲ့ အစိုးရအဖွဲ့၊ လွတ်တော်၊ လွတ်တော်ရေးရာကော်မတီနဲ့ လွတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း တာဝန်ရှိသူ အသီးသီးက ပြည်ထောင်စု စိတ်ဓာတ်နဲ့ အရင်းခံပြီး တိုင်းရင်းသားလူမျိုး အသီးသီးအတွက် တစ်အူတုံဆင်းညီရင်း အစ်ကို မိသားစုသဖွယ် ချစ်ကြည်ရင်းနှီးပြီး အချင်းချင်းရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ဖို့ ယခုထက်ပိုပြီး အလေးအနက်ထားရ တော့မှာ ဖြစ်ပါတယ်။ ပြည်တွင်းက ဒီပြဿနာလောက် ဖြစ်ခဲ့တယ်ဆိုပေမယ့် တိုင်းတစ်ပါးက မနာလိုမရှုစိမ့်သူ အချို့ကသာ ကျွန်တော်တို့ ပြည်ထောင်စုနွယ်ဖွားတိုင်းရင်းလူမျိုးတစ်ရပ်ရပ် ကို ထိပါးလာခဲ့ရင် ဒီထက်ပိုပြီး ရင်လေးစရာ ဖြစ်လာမှာပါ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့် တာဝန်များပါ "ပုဒ်မ ၃၄၇။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ဆိုင်ခွင့်ပေးရမည်။ ပုဒ်မ ၃၄၈။ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူး ဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို

အကြောင်းပြု၍ ခွဲခြားမှု မရှိစေရ။ ပုဒ်မ ၃၅၄။ (ဃ) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်း ကိုလည်းကောင်း၊ အခြားဘာသာ သာသနာ ကိုလည်းကောင်း၊ ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိချစ်ခင် မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်" စတဲ့ အချက်များနဲ့ အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်းအားလုံး သိရှိပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ သူ့ရိုးရာ၊ သူ့ဓလေ့၊ သူ့ယဉ်ကျေးမှုတွေနဲ့ လှပပြီး ချစ်စရာကောင်းတဲ့ ရိုးသားဖြူစင်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေ အများ အပြား တည်ရှိနေထိုင်ကြတာ ဖြစ်ပါတယ်။ ဒီတိုင်းရင်းသားတွေထဲက မြို့ပြနဲ့ အလှမ်း ကွာဝေးတဲ့ ကျေးလက် တောရွာနေ ဒေသခံတိုင်းရင်းသားပြည်သူတွေဟာ အချို့ဒေသတွေမှာ ရောယှက်နေ ထိုင်ကြပေမယ့် အချို့က လူမျိုးတစ်စုချင်း နေထိုင်ကြရပါတယ်။ မြို့ပြနှင့် အလမ်းကွာဝေးတဲ့ မိမိတိုင်းရင်းသားလူမျိုးတို့ရဲ့ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာအရ အေးချမ်းပျော်ရွှင်စွာ ပြုမှု ကျင့်ကြံနေထိုင်မှုတို့ကို နောင်အခါ Social Madia တစ်ခုခုကနေ မသမာသူတွေ ထိုးနှက်တိုက်ခိုက်မှု မည်သည့်နည်းလမ်းနဲ့မျှ ထိခိုက်စေသော ညှိုးငယ်စေ သော အပြုအမူ အပြောအဆို အရေးအသား ဆောင်ရွက်မှုတွေ မရှိစေရေး ပိုမိုထိရောက်သော အကာအကွယ် ပေးနိုင်ရေး၊ ဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းဖော်ပြ ပြဋ္ဌာန်းနိုင်ရေး လိုအပ်နေပြီ ဖြစ်ပါတယ်။

ဒီအပြင် အဆိုပါ မြို့နယ်အသီးသီးက မြို့ပြနဲ့ အလှမ်းကွာဝေးတဲ့ ဒေသခံ ပြည်ထောင်စုဖွား တိုင်းရင်းသားနွယ်ဖွား လူမျိုးစုများ အခြေချနေထိုင်ရာနေရာ ကျေးရွာ နေရာများကို အစိုးရ၊ လွတ်တော်၊ ရေးရာကော်မတီ၊ လွတ်တော်ကိုယ်စားလှယ်၊ နိုင်ငံ့ ဝန်ထမ်း၊ ဌာနဆိုင်ရာအသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်းပြီး သူတို့ရဲ့ ရိုးရာဓလေ့ တွေကို ပိုမိုပေါ်လွင်ထင်ရှားအောင် မြေတောင်မြှောက်ဖို့ သူတို့ရဲ့ လူနေမှုဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်ဖို့၊ သူတို့နေထိုင်ရာ ဒေသလေးတွေမှာ သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ် များ ခိုင်မာအခွန့်ရှည် တည်တံ့ဖို့ စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းလိုပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ **"တိုင်းရင်းသားလူမျိုးစု၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာ အကွယ်ပေးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အခြေချနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး"** တိုက်တွန်းကြောင်း အဆိုကို ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွတ်တော်သို့ ရိုသေ လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း။
(သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဦးလင်းအောင်ဆွေ တင်သွင်းတဲ့ **"တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်း အစဉ်အလာရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာ နေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးလင်းအောင်ဆွေ တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"တိုင်းရင်းသားလူမျိုးစု များ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာ နေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ် အစိုးရအားတိုက်တွန်းကြောင်း"**အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူမှာ ဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးလင်းအောင်ဆွေ တင်သွင်းသည့် အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။

နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေ တင်သွင်းသော အဆိုကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (အင်္ဂါနေ့)တွင် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (အင်္ဂါနေ့) နံနက် (၁၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်
ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
(ဒုတိယနေ့)မှတ်တမ်း
၁၃၈၀ပြည့်နှစ်၊ တော်သလင်းလဆန်း ၉ ရက်
၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်
[အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၁၄၃)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၃.၉၂%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က) နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်း နှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့်တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈-၉-၂၀၁၈ ရက်နေ့ (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ

စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာထွန်းလှိုင်၊ အင်းသား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၂) ဦးယောသပ်၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၃) ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးကိန်မိုင်၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၆) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၆)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၇)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၃)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၂၃)ဦး ရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ) နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ ပဏာမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုင်းပန်မြို့နယ်၏ မြောက်ဖက်ရှိ မိုင်းပန်-ကျိုင်းတောင်း ဆက်သွယ်ထားသော လမ်းနှင့်ကပ်လျက်ရှိသော ကုန်းကျိုင်းကွင်းရှိ ပေ(၇၁၀၀)ရှိသော ရေနှုတ်မြောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပန်မြို့နယ်၏ မြောက်ဘက်ရှိ မိုင်းပန် - ကျိုင်းတောင်းဆက်သွယ်ထားသော လမ်း၏အောက်ဘက်တွင် ကပ်လျက်ရှိသော ကုန်းကျိုင်းကွင်းရှိ ကုန်းကျိုင်းရေနှုတ်မြောင်းမှာ နှစ်စဉ် မိုးများရွာသွန်းချိန်၌ ရေကြီးရေလျှံမှုများကြောင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများမှာ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဖြစ်စဉ်ကို မြို့နယ်ဆည်မြောင်းဦးစီးဌာန၏ တာဝန်ခံနှင့်တကွ ခရိုင်ဆည်မြောင်းဦးစီးဌာန၏ တာဝန်ခံနှင့်အတူ ကွင်းဆင်းလေ့လာကြည့်သောအခါတွင် ၎င်းအပိုင်းရှိရေနှုတ်မြောင်းမှာ တိမ်ကောပြီး ကိုင်းမြက်များပေါက်ရောက်၍ မြောင်း၏ ပုံစံမျှသာ ကျန်နေသည်ကို တွေ့မြင်ရပါတယ်။ကျွန်တော်တို့ ၂၀၁၇ခုနှစ်တွင် ရေဖုံးလွှမ်းပြီး ရေနှုတ်မြောင်းမှ ထုတ်မနိုင်ပါသဖြင့် စပါးစိုက်ဧက(၃၈)ဧကနှင့် ကြက်သွန်ဖြူဧက(၃၅)ဧက ပျက်စီးခဲ့သည်ကို ကြုံတွေ့ခဲ့ရပြီးဖြစ်ပါတယ်။ ထိုသို့ ပျက်စီးဆုံးရှုံးမှုစာရင်းများကိုလည်း သက်ဆိုင်ရာဌာနမှ ပြည်နယ်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများအမှန်တကယ် လိုအပ်လျက်ရှိသော စိုက်ဧက(၁၉၀)ကျော်ကို အကျိုးပြုနိုင်မည့် ကုန်းကျိုင်းရေနှုတ်မြောင်းအား တူးဖော်ပေးနိုင်ပါရန်နှင့် တူးဖော်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ ပြန်လည်တူးဖော်ပေးနိုင်မည် ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးမည်နှင့် တူးဖော်ရန် ခွင့်ပြုရန်ပုံငွေပေါ်မူတည်၍ လျာထားပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အတိအကျ လျာထားပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းတင်ပြအပ် ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ၊ တက်ရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့် မေးမြန်းသည့်မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ကနေပြီးတော့ ပြန်လည် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ မိုင်းပန်မြို့နယ်၏ မြောက်ဖက်ရှိ မိုင်းပန်-ကျိုင်းတောင်း ဆက်သွယ်ထားသော ကားလမ်းနှင့် ကပ်လျက် ရှိသော ကုန်းကျိုင်းကွင်းရှိ ပေ(၇၁၀၀)ရှိတဲ့ ကုန်းကျိုင်းရေနှုတ်မြောင်းမှာ တိမ်ကောပြီး ကိုင်းမြက်များပေါက်ရောက်ပြီး မြောင်း၏ ပုံစံမျှသာကျန်နေခြင်း၊ နှစ်စဉ်ရေကြီးရေလျှံမှုများကြောင့် ရေဖုံးလွှမ်းပြီး ရေနှုတ်မြောင်းမှရေကောင်းစွာ မထုတ်နိုင်ခြင်းတို့ကြောင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများမှာ နှစ်စဉ်ပျက်စီး ဆုံးရှုံးခဲ့ရပါသဖြင့်ပြည်သူများ အမှန်တကယ် လိုအပ်လျက်ရှိသော ကုန်းကျိုင်းရေနှုတ်မြောင်းကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ

ဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီး မိုင်းပန်မြို့နယ်၏ မြောက်ဖက်ရှိ မိုင်းပန် - ကျိုင်းတောင်း ဆက်သွယ်ထားသော ကားလမ်းနှင့် ကပ်လျက်ရှိသော ကုန်းကျိုင်းကွင်းရှိ ပေ(၇၁၀၀)ရှိတဲ့ ကုန်းကျိုင်းရေနှုတ်မြောင်းဟာ လယ်မြေ (၁၉၁)ဧကကို ရေသွင်းရေထုတ်ပြီး အကျိုးပြုလျက် ရှိပါတယ်။ ၎င်းရေနှုတ်မြောင်းသည် နှစ်ကာလကြာမြင့်လာသည်နှင့်အညီ နုန်းအနယ်များ ပို့ချ၍ တိမ်ကောပြီး ကိုင်း၊ မြက်ပင်များ ပေါက်ရောက်ကာ ကျဉ်းမြောင်းလာခြင်းဖြစ်ပါတယ်။ နှစ်စဉ် ရေကြီးရေလျှံမှုများကြောင့် ရေဖုံးလွှမ်းပြီး ရေနှုတ်မြောင်းမှ ရေကောင်းစွာ မထုတ် နိုင်ခြင်းတို့ကြောင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများမှာ နှစ်စဉ်ပျက်စီး ဆုံးရှုံး နေရတာဖြစ်ပါတယ်။ ကုန်းကျိုင်းရေနှုတ်မြောင်းအား ပြန်လည်တူးဖော်ပေးရန် အမှန် တကယ် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ရေနှုတ်မြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ခန့်မှန်းကုန်ကျငွေ ကျပ်(၁၃.၄၀)သန်းခန့် ကုန်ကျမည် ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်၏ စီမံကိန်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနတို့ ညှိနှိုင်းပြီး စီမံကိန်းရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြည်နယ်အတွင်းမှာ ဦးစားပေး အစီအစဉ်များအရ လျာထား ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ ပြန်လည် ဖြေကြားအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းအောင်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင် ဖြစ်ပါတယ်။ ဒီကနေ့ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့မှာ ပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ပြည်သူများရဲ့ကိုယ်စား ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းလိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုသည့် ကြယ်ပွင့်ပြ မေးခွန်းမှာ သီပေါမြို့နယ်၊ နမ့်ရမ်းကျေးရွာအုပ်စု၊ နောင်ကော်ကြီးကျေးရွာ၌ ကျေးလက် ကျန်းမာရေး ဌာနခွဲတစ်ခု အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် ကြယ်ပွင့်ပြမေးခွန်းပဲ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သီပေါမြို့နယ်၊ နမ့်ရမ်းကျေးရွာအုပ်စု၊ နောင်ကော်ကြီး ကျေးရွာ လက်ရှိတွင်ပန်မိတ်ကျေးရွာအုပ်စု၊ ပန်မိတ်ကျေးလက်ကျန်းမာရေးဌာနခွဲအောက် တွင် တည်ရှိပြီး နောင်ကော်ကြီးမှ ပန်မိတ်သို့ အကွာအဝေး(၄)မိုင်ခန့်ရှိပါတယ်။ လက်ရှိ ပန်မိတ်ကျေးလက်ကျန်းမာရေးဌာနခွဲသည် လူဦးရေ (၇၃၄၇) ဦး ကျန်းမာရေး စောင့်ရှောက်မှု

ပေးနေရသည့်အတွက် လူဦးရေများပြားနေသည့်အပြင် နောင်ကော်ကြီးမှ ပန်မိတ်သို့ သွားရာလမ်းမသင့်သဖြင့် ညအချိန် အရေးပေါ်ကိစ္စပေါ်ပေါက်ပါက သွားလာရန် ခက်ခဲပါတယ်။ ထို့ကြောင့် နောင်ကော်ကြီးကျေးရွာတွင် ကျန်းမာရေးဌာနခွဲ တိုးချဲ့ပေးရန် လိုအပ်လှပါတယ်။ နောင်ကော်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ လိုက်မည်ဆိုပါက ပန်မိတ်ကျေးလက် ကျန်းမာရေးဌာနခွဲသည် ရွာပေါင်း(၁၁)ရွာ၊ လူဦးရေ (၄၄၄၇)ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးရတဲ့အပြင် နောင်ကော်ကြီးကျေးလက် ကျန်းမာရေးဌာနခွဲသည် ရွာပေါင်း(၁၂)ရွာနှင့် လူဦးရေ(၃၆၃၁)ဦး ကျန်းမာရေးစောင့်ရှောက်မှု ပေးလာရမှာဖြစ်ပါ တယ်။

ယင်းအပြင် နောင်ကော်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖြစ်မြောက်ရေးအတွက် ကျေးလက်နေပြည်သူများမှ ပေ(၁၅၀×၈၀) အကျယ်အဝန်းရှိတဲ့ မြေကွက်အား ပေးအပ်လျှဒါန်းမှာ ဖြစ်ပြီး ၎င်းမြေပေါ် တွင်ပေ (၄၀)အကျယ်အဝန်းရှိသည့် သံကူကွန်ကရစ် တစ်ထပ်တိုက်အဟောင်းတစ်လုံးလည်း ရှိနေပါတယ်။ ၎င်းအဆောက်အဦအား အကြီးစား ပြုပြင်မွမ်းမံမှုများပြုလုပ်မည် ဆိုပါက ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် အသုံးပြုရန် အဆင်သင့်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ အဘက်ဘက်မှပြည့်စုံပြီး မြေနေရာ အဆောက်အဦ အပြည့်အစုံရှိနေပြီဖြစ်သည့် နမ့်ရမ်းကျေးရွာ အုပ်စု၊ နောင်ကော်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအား တိုးချဲ့ဖွဲ့စည်း ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)၊ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စိုင်းခမ်းအောင်၏ သီပေါမြို့နယ်၊ နမ့်ရမ်းကျေးရွာအုပ်စု၊ နောင်ကော်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအား တိုးချဲ့ဖွဲ့စည်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်အတွင်းရှိ နမ့်ရမ်းကျေးရွာအုပ်စု၊ နောင်ကော်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ပါ က နမ့်ရမ်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ(၉)ရွာနှင့် ကုန်းဆော့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၃)ရွာတို့မှ အိမ်ခြေ(၉၀၀)၊ လူဦးရေပေါင်း(၃၆၃၁)ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲအတွက်လည်း (၁၅၀×၈၀) ပေ မြေနေရာရှိပြီး ဖြစ်ပါတယ်။

ကျောက်မဲခရိုင်၊ သီပေါမြို့နယ်အတွင်းရှိ နမ့်ရမ်းကျေးရွာအုပ်စု၊ နောင်ကော်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုနိုင်ပါရန် အခြေခံ

အချက်အလက်များ ပူးတွဲလျက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့၏ (၂.၆.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ရမ/ခွဲ-၄(၂)(အဆိုပြု)/၂၀၁၈/၁၅၁၁ ဖြင့် ညွှန်ကြားရေးမှူးချုပ် ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊နေပြည်တော်သို့လည်း တင်ပြထားပြီးဖြစ်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပါက နောင်ကော်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲကို ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်း က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဧကဒသမ(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ကြွရောက်ပေးပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော်မေးမည့် မေးခွန်းကတော့ ကျေးရွာများတွင် ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ထားသော လမ်းများမှာ မိုးတွင်းအခါက ပြိုကျပျက်စီးခဲ့တာရှိပါတယ်။ ၎င်းတို့ကိုမည်သည့်ဌာနက တာဝန်ယူဆောင်ရွက်ပေးမည် ဆိုသည့်မေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်ရှိ ကျေးရွာတော်တော်များ၏ ရွာချင်းဆက်လမ်းများသည် လွန်ခဲ့သည့် ၂၀၁၈ခုနှစ်၊ ဇွန်လအတွင်း မိုးများရွာသွန်းမှု များပြားမှုကြောင့် လမ်းတော်တော်များများ ပြိုကျပျက်စီးလျက် ရှိပါတယ်။ အဲ့ဒီလမ်းတွေကို ကျွန်တော်နှင့်အတူ လမ်းဦးစီးဌာနက အင်ဂျင်နီယာတွေနဲ့ လိုက်လံကြည့်ရှုခဲ့ပါတယ်။ ပြိုကျပျက်စီးနေသော အဆိုပါလမ်းများသည် လမ်းဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိတဲ့လမ်း မဟုတ်တဲ့အပြင် လမ်းအထူးအဖွဲ့က စီမံခန့်ခွဲခွင့်ရှိတဲ့လမ်းလည်း မဟုတ်ကြဘဲ ယခင်ကတည်းက ကျေးရွာလူထု၏ ကိုယ်ထူကိုယ်ထဖြင့် ဖောက်လုပ်ထားသော လမ်းများ ဖြစ်ကြပါတယ်။ယခုအခါ အဆိုပါလမ်းတွေဟာ ဖောက်လုပ်ထားတာကြာမြင့်ပြီးဖြစ်တာတစ်ကြောင်း၊ မိုးတွင်းအခါ မိုးများရွာသွန်းမှုကြောင့် လည်းကောင်း ယနေ့အချိန်အခါမှု ပြိုကျပျက်စီးနေတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းတွေကို အချိန်မီ မပြုပြင်ဘူးဆိုရင် နောက်ပိုင်းမှာဆိုးကျိုးတွေ ဖြစ်ပေါ်နိုင်ပါတယ်။ ဒါကြောင့်မို့ အဲ့လမ်းတွေကို ခုနပြောထားတဲ့ လမ်းဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိတဲ့လမ်း မဟုတ်တဲ့အပြင် လမ်းအထူးအဖွဲ့က စီမံခန့်ခွဲခွင့်ရှိတဲ့လမ်းလည်းမဟုတ်တဲ့အတွက် မည်သည့်ဌာနက တာဝန်ယူပြီးပြုပြင်ပေးမည်ဆိုတာကို ပြည်သူလူထုရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပဏာမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ နမ့်ဆန် မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမှ မေးမြန်းလာသည့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်ရှိ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသည့် ကျေးရွာချင်းဆက်လမ်းများသည် မိုးရွာသွန်းမှုကြောင့် ပြိုကျပျက်စီး လျက်ရှိသဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုသည့် ကြယ်ပွင့်ပြမေးခွန်း နှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဖြစ်တဲ့ မြေသားလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ နယ်မြေပိုင်းခြားမှုအရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရသည့်နယ်မြေအတွင်းရှိ ဒေသမှကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောက်လုပ်ထားသည့်လမ်းများအား ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေ သီးခြားခွင့်ပြုထားခြင်းမရှိပါ။

နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းများအား ဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါကလည်း လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများမှ လုပ်ငန်းအပ်နှံ စာချုပ် ပါ စည်းကမ်းချက်များအတိုင်း နှစ်အလိုက်သတ်မှတ်ချက်များနှင့်အညီ ပြုပြင်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဒေသတင်ပြချက်အပေါ် မူတည်၍ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း များအား နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ ပြည်ထောင်စုဘတ်ဂျက်၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသည့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်း ချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်းနဲ့နှုတ်ခွန်းဆက် ဂါရဝပြုသအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ယနေ့မေးမြန်းမည့် ကြယ်ပွင့်ပြမေးခွန်းမှာ ကျွန်တော်တို့ ကျိုင်းတုံမြို့နယ် ဘောလုံးကွင်းအတွင်းမှာရှိတဲ့ အထူးတန်းပွဲကြည့်စင်နှင့် မြို့နယ်ဦးစီး

အရာရှိရုံး၊နေအိမ်ရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့၊ မြို့မအားကစားကွင်းအတွင်းရှိ အထူးတန်း ပွဲကြည့်စင်မှာ ၂၀၀၆ ခုနှစ်ထဲက ကိုယ်ထူကိုယ်ထ စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ အမိုးများပျက်စီးခြင်း၊ သစ်သားတိုင်များဆွေးမြေ့ခြင်းကြောင့် မိုးများယိုကာ ပြိုင်ပွဲများ ကျင်းပခြင်း ၊ အခမ်းအနားများပြုလုပ်ခြင်းများတွင် များစွာ အခက်အခဲကြုံတွေ့ရပါတယ်။ အဆိုပါ ပွဲကြည့်စင်မှာ ခေတ်ကာလနှင့်လည်း ကိုက်ညီမှုမရှိတဲ့အတွက် ပွဲကြည့်စင် သဘောမျိုး မဟုတ်ဘဲ စတိတ်စင်ပုံစံမျိုးဖြစ်နေခြင်းကြောင့် အသစ်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ၎င်းအပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပြည်နယ်/ခရိုင်ရုံးစိုက်ရာ မြို့မှာ ကျိုင်းတုံမြို့ ဖြစ်ပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတွင် ဦးစီးအရာရှိ ရုံးနှင့် နေအိမ် မရှိသေးပါ၍ လောလောဆယ် ကာယကြံ့ခိုင်ရေး လေ့ကျင့်ရေးရုံဘေးတွင် ရုံးဖွင့်လှစ်ထားရှိရပါတယ်။ ယခုအခါ အစိုးရပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေသည့် အချိန်ကာလတွင် ဌာနအနေဖြင့် လုပ်ငန်းတာဝန်များပြားလာခြင်း၊ ဝန်ထမ်းအင်အား နည်းပါးခြင်း၊ ရုံးနှင့်အိမ်မရှိတဲ့အတွက် အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် မြို့ပေါ်မှာရှိတဲ့လူတော်တော်များများနဲ့ မြို့မိမြို့ဖများကပါ ဤအထူးတန်းပွဲကြည့်စင်နှင့် မြို့နယ်ဦးစီးအရာရှိရုံးနဲ့ နေအိမ်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို ဘယ်လို ဆောင်ရွက်ပေးမည်ဆိုတဲ့ မေးခွန်းကိုမေးဖို့ တင်ပြလာပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့လည်း ဘယ်လိုဆောင်ရွက်ပေးမယ်။ အကယ်၍ ဆောင်ရွက်ပေးဖို့ အခက် အခဲရှိမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခွဲဝေချထားပေးမည်ကို သိလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ပျက်စီးယိုယွင်းနေတဲ့ အားကစားရုံအတွင်းမှာရှိတဲ့ အထူးတန်းပွဲကြည့်စင်တွေကို Power Point ဖြင့် တင်ပြပါရစေ။ အားလုံးကိုကျေးဇူးတင်ပါ တယ် ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးရဲ့ အားကစားကဏ္ဍဆိုင်ရာမေးခွန်းကို ဆက်လက် ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျိုင်းတုံမြို့၊မြို့မအားကစားကွင်းရှိ ဘောလုံးကွင်း အထူးတန်း ပွဲကြည့်စင် အမိုးများ ပျက်စီးခြင်းနှင့် သစ်သားတိုင်များဆွေးမြေ့ခြင်းများအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် စီမံကိန်းလျာထားချက်၌ ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ ယခင် ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း) ဦးစီးဌာနရုံးများ ဖွင့်လှစ်ရာ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ရုံး၊ ကျိုင်းတုံခရိုင်ရုံး၊ ကျိုင်းတုံမြို့နယ်ရုံးများကို ယခုလက်ရှိ

ကျိုင်းတုံခရိုင်ရုံး မြေနေရာတွင် ပူးပေါင်းဖွင့်လှစ်ခဲ့ပါတယ်။ ကျိုင်းတုံမြို့နယ်ရုံး ရုံးခန်းအား ယခုလက်ရှိ ကျိုင်းတုံမြို့မအားကစားကွင်းတွင် ဖွင့်လှစ်လျက်ရှိပြီး ရုံးဝန်ထမ်း(၂)ဦးမှာလည်း ၎င်းမြို့မကွင်းတွင် ဝန်ထမ်းအိမ်ရာ (၃)ခန်းတွဲ၌ နေထိုင်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လာရောက်လေ့လာတဲ့ ဧည့်သည်တော်များ ၊ ဖိတ်ကြားထားတဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ အားလုံးကို စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော သုခနှင့်ပြည့်စုံပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့၊ ၁၈.၉.၂၀၁၈ ရက်နေ့ ၊ အင်္ဂါနေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်မှာ (Save the children) နဲ့ ပြည်သူလူထု ပူးပေါင်းတည်ဆောက် ထားတဲ့ (Early Childhood Care and Development) ECCD Center များကို ရပ်ရွာအခြေပြု ကိုယ်ထူ ကိုယ်ထ ဖွင့်လှစ်ထားတဲ့ မူကြို(၁၀၀)ခန့် ရှိပါတယ်။ မူလက နိုင်ငံတကာ အလှူရှင် များ၊ INGOများနှင့် ကျေးရွာလူထုတို့ ပူးပေါင်းပြီးတည်ဆောက်ခဲ့တာ အခုဆိုလို့ရှိရင် နှစ်ပေါင်း (၁၀)နှစ် (၁၅)နှစ်မက ရှိခဲ့ပါတယ်။ ယခုချိန်မှာ တည်ဆောက်ခဲ့တဲ့ Centerတွေကို ကျေးရွာလူထုကနေပြီးတော့မှ ထိန်းသိမ်း စောင့်ရှောက်နေရပါတယ် ။ ပြီးတော့မှ ညောင်ရွှေမြို့နယ်မှာရှိတဲ့ ကျွန်တော်တို့ ECCD Network ဆိုတဲ့ အဖွဲ့ ကလည်း Volunteer ကိုယ်ထူကိုယ်ထ စောင့်ရှောက်နေပါတယ်။ ဒီ ECCD Network ကလည်း မှတ်ပုံတင်ထားတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအဖွဲ့မှာ ရန်ပုံငွေမရှိခြင်း၊ ကိုယ်ထူကိုယ်ထအဖြစ်သာ လုပ်ဆောင်ပြီး ထိန်းသိမ်းစောင့်ရှောက် နေရတဲ့ အတွက် ရေရှည်မှာယိုယွင်းပျက်စီးလာတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ထိန်းသိမ်းနေရတဲ့အချိန်မှာ အခက်အခဲမြောက်များစွာရှိတာကို ကွင်းဆင်းတဲ့ အချိန်၊ ရပ်ရွာပြည်သူလူထုနဲ့ တွေ့ဆုံချိန်မှာ Center တွေကို နိုင်ငံတကာက အလှူရှင်တွေက လှူပြီးတော့မှ လှူထားတဲ့အချိန်ထက် ဒီအချိန်မှာဆိုရင် ယိုယွင်း ပျက်စီးနေတာကို တွေ့ရပါတယ်။ ပြီးတော့မှ Care Keeper လိုခေါ်တဲ့ မူကြို ဆရာမတွေကိုလည်း လစာတွေ ထောက်ပံ့တဲ့အချိန်မှာ ကိုယ်ထူကိုယ်ထနဲ့ တစ်ချို့ဆိုရင်လည်း လစာတွေကို နှစ်သောင်း၊ သုံးသောင်းလောက် ထောက်ပံ့ပြီးတော့ တစ်ချို့ဆိုရင် Care Keeper တစ်ယောက်ကို တစ်သိန်းလောက်ပဲ ထောက်ပံ့နိုင်တာကို တွေ့ရပါတယ်။

တစ်ချို့ကျောင်းတွေ၊ Center တွေဆိုလည်း မဖွင့်နိုင်တာကို တွေ့နေရပါတယ်။ ပြီးတော့မှ ၂၀၁၅ခုနှစ်မှာဆိုရင်လည်း လူမှုဝန်ထမ်းဦးစီးဌာနကို Center တွေ မှတ်ပုံတင် လျှောက်ထားတာကိုလည်း ကြားသိရပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက ပြန်ပြီးတော့မှ အကြောင်းပြန်ကြားခြင်းမရှိပါဘူး။ ဟိုတလော က လူမှုဝန်ထမ်း ဦးစီးဌာန မှ ဦးစီးမှူးက ကျေးရွာကိုရောက်ရှိလာပြီးတော့မှ ဒီCenter တွေကို မှတ်ပုံတင်ပေးလို့ ပြောကြားတာကို လည်း ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ Centerများကို သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီလို့ရှိရင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ပေးရန်ဆိုသည့်မေးခွန်းကို-

(က) ECCD Center များအားမှတ်ပုံတင်ပေးရန် အစီအစဉ်ရှိ/မရှိ။

(ခ) နှစ်ကာလအပိုင်းအခြားအလိုက် စီမံချက်ဖြင့် မှတ်ပုံတင်ပေးရန် အစီအစဉ် ရှိ/မရှိ။

(ဂ) မရှိပါက အဘယ်ကြောင့်နည်း။

(ဃ) ရှိပါက မည်သည့် ဘဏ္ဍာနှစ်၊ မည်သည့်ကာလတွင် စီစဉ်ဆောင်ရွက်ပေးမည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း အဖြစ် မေးမြန်းအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒေါက်တာအောင်သန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးခင်မောင်ဝင်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်ရှိ (Early Childhood Care and Development) ECCD Center များအား သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် မှတ်ပုံတင်စောင့်ရှောက်ပေးနိုင်ရန် အောက်ပါအတိုင်း သိရှိလိုပါသည်-

(က) ECCD Center များအားမှတ်ပုံတင်ပေးရန် အစီအစဉ်ရှိ/မရှိ။

(ခ) နှစ်ကာလအပိုင်းအခြားအလိုက် စီမံချက်ဖြင့် မှတ်ပုံတင်ပေးရန် အစီအစဉ် ရှိ/မရှိ။

(ဂ) မရှိပါက အဘယ်ကြောင့်နည်း။

(ဃ) ရှိပါက မည်သည့် ဘဏ္ဍာနှစ်၊ မည်သည့်ကာလတွင် စီစဉ်ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ယခင်က တောင်ကြီးခရိုင်၊ညောင်ရွှေမြို့နယ်တွင်(Save the children)နဲ့ ပြည်သူလူထု ပူးပေါင်းတည်ဆောက်ထားသော ECCD Center များသည်မိမိတို့ ရပ်ရွာအတွင်းရှိ ကလေးငယ်များအား ဒေသတွင်းပြုစုပျိုးထောင်ပေးနိုင်ရန်နှင့် ကလေးငယ်များ၏ ဖွံ့ဖြိုးမှုရရှိစေရန်(Save the children) နှင့်ပူးပေါင်း၍ မူကြိုများဖွင့်လှစ်ခြင်း၊ ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး ဆရာ၊ ဆရာမများ လစာအတွက် လည်ပတ်နိုင်ရန်ရန်ပုံငွေအား(Save the children)၏ထောက်ပံ့မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အခါအား လျော်စွာ ECCD Center သင်တန်းများအတွက် နည်းပညာပံ့ပိုးကူညီခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်ခဲ့သော ရပ်ရွာအခြေပြု Center များဖြစ်ပါသည်။

Save the children အဖွဲ့မှ တစ်ဆင့်လှူဒါန်းထားသော ECCD Center (၈၀)အား မြို့နယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးကွန်ယက်အဖွဲ့ (Township ECCD Network)မှ တာဝန်ယူကြီးကြပ်ပေးလျက်ရှိသော်လည်း ရန်ပုံငွေမရှိဘဲ ကိုယ်ထူကိုယ်ထ မိမိစရိတ်ဖြင့် ဒေသ အကျိုးအတွက် ဆောင်ရွက်နေသောအဖွဲ့ဖြစ်၍ ရေရှည်တွင် အခက်အခဲများနှင့် ကြုံတွေ့နေရသည့်အပေါ် ၂၀၁၄ ခုနှစ်ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်း ရှိ/ မရှိ ကွင်းဆင်းကြည့်ရှုပြီး ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် နှစ်စဉ် ထောက်ပံ့ကြေးရရှိနိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်) သို့ ခွင့်ပြုချက်ရယူဆောင်ရွက်ပေးလျက်ရှိပါသည်။

မှတ်ပုံတင်ခြင်း (သို့မဟုတ်) တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် ၂၀၁၄ ခုနှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်ပါက ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးသို့ လျှောက်ထား ဆောင်ရွက်နိုင်ပြီး ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လျက်ရှိသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ရှမ်းပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုတည်ထောင်ခွင့်ပြုမိန့် ရရှိထားသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများနည်းတူ ထောက်ပံ့ကြေးရရှိနိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်)သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာန၏ ဘတ်ဂျက်နှစ်အလိုက် ရန်ပုံငွေခွဲဝေချထားမှုအပေါ် မူတည်၍ ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ တက်ရောက်လာကြတဲ့ လွတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ

ကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အပြစ်ဒဏ်ကျခံနေရတဲ့ တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများရဲ့ ပညာရေးနဲ့ပတ်သက်ပြီးတော့မှ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ခေတ်အခါ အခြေအနေပြောင်းလဲလာမှုအရ လူ့အခွင့်အရေးများလည်း အထိုက်အလျောက်ရလာသည်နှင့်အညီ ရန်ကုန် (အင်းစိန်)၊ မန္တလေး(အုတ်ဖို) အကျဉ်းထောင်ထဲမှာရှိတဲ့ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ ဟာဆိုရင် ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ တက္ကသိုလ်ဝင်တန်း ဝင်ရောက် ဖြေဆိုခွင့်ရပြီး တစ်ချို့ ဟာဆိုရင် သုံးဘာသာဂုဏ်ထူးနဲ့ အောင်မြင်သွားတယ် ဆိုတာ ကြားသိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရှမ်းပြည်မှာရှိတဲ့ အကျဉ်းထောင်တွေမှာ ပြစ်ဒဏ်ကျခံနေရတဲ့ တက္ကသိုလ်ဝင်တန်းကျောင်းသားအရေအတွက် ဘယ်လောက်ရှိလဲဆိုတာ သိရှိလိုပြီး၊ သူတို့တွေကလည်း လာမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ရန်ကုန်၊ မန္တလေးရှိ အကျဉ်းသားများနည်းတူ ဝင်ရောက်ဖြေဆိုခွင့်ရရှိရေးအတွက် ဆောင်ရွက်ထားပေးမှု ရှိ/မရှိကို သိရှိလို ပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။အားလုံးပဲကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်ရဲ့ အကျဉ်းထောင်များမှ ဒသမတန်း ကျောင်းသား များ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးမှု ရှိ/မရှိ မေးခွန်းကို ဆက်လက် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များ တွင် ပြစ်ဒဏ်ခံ အကျဉ်းကျနေသော တက္ကသိုလ်ဝင်တန်း အကျဉ်းသူ၊အကျဉ်သားများမှာ ညောင်ရွှေအကျဉ်းထောင်တွင်၁၉ဦး၊ ကျိုင်းတုံအကျဉ်းထောင်တွင် ၄ဦး၊ လားရှိုးအကျဉ်း ထောင်တွင် ၁၀ဦး၊ သီပေါအကျဉ်းထောင်တွင် ၁၀ဦး၊စုစုပေါင်း၃၄ဦး ရှိပါတယ်။ဂင်းတို့အနက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်ဆန္ဒပြုသူများမှာ ညောင်ရွှေမှ ၉ ဦး၊ ကျိုင်းတုံမှ ၄ဦး၊ လားရှိုး မှ ၁ ဦး၊ သီပေါမှ ၁ ဦး၊ စုစုပေါင်း ၁၆ ဦးရှိပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ဖွင့်လှစ်ခြင်းသည် ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ခြင်းဖြစ်ရာ ပညာရေးဝန်ကြီးဌာနမှ ရန်ကုန်(အင်းစိန်)ဗဟိုအကျဉ်းထောင်နှင့် မန္တလေးဗဟိုအကျဉ်းထောင်တို့တွင်သာ တက္ကသိုလ် ဝင်စာမေးပွဲ စာစစ်ဌာနဖွင့်လှစ်ပေးထား ပါသဖြင့် ရှမ်းပြည်နယ်ရှိ အကျဉ်းထောင်များမှ စာမေးပွဲဖြေဆိုရန် ဆန္ဒပြုသူ ၁၆ ဦးရှိသည့်အနက် ကျိုင်းတုံမှ ၄ဦးအား မန္တလေးဗဟို အကျဉ်း ထောင်သို့ ပြောင်းရွှေ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ညောင်ရွှေမှ ၁ ဦး၊ သီပေါမှ ၁ ဦး တို့အားလည်း ပြောင်းရွှေ့ပေးရန်အတွက် ရှမ်းပြည်နယ် အကျဉ်းဦးစီးဌာနမှ၊ ညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန၊ နေပြည်တော်သို့ စိစစ်တင်ပြထားပါတယ်။ ကျန်ရှိသည့် ၁၀ ဦးနှင့်

ထပ်မံဆန္ဒပြုသူများကိုလည်း စာစစ်ဌာနရှိသည့် အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် မန္တလေးဗဟို အကျဉ်းထောင်များသို့ ပြောင်းရွှေ့ရေး ဆက်လက်စိစစ်တင်ပြရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှဦးစိုင်းလင်းမြတ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလင်းမြတ်၊မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) က လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ဖြစ်ပါတယ်။ ကျွန်တော် ကတော့ မိုင်းရှူးရတနာမြေ၊ လွိုင်ဆောင်ထောက်ဒေသ၊ တိုက်နယ်ဆေးရုံရှိ ဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မိုင်းရှူးရတနာမြေ လွိုင်ဆောင်ထောက်ဒေသ၊ တိုက်နယ်ဆေးရုံရှိ ကျန်းမာရေး ဝန်ထမ်းများ၏ လက်ရှိအိမ်ရာများသည် သွပ်မိုးသွပ်ကာပျဉ်ခင်း အဆောက်အဦများဖြစ်ပြီး ယခင် မိုင်းရှူးကျောက်မျက်ရတနာထွက်ရှိ ကျော်ကြားခဲ့စဉ် ၁၉၉၇ ခုနှစ် ကာလ ကတည်းက တည်ဆောက်ခဲ့သည့် အဆောက်အဦများဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် အိမ်တိုင်များ ခြစားခြင်း၊ ဆွေးမြေ့ပျက်စီးနေခြင်းတို့ကြောင့် အန္တရာယ်ရှိ အဆောက်အဦများအဖြစ် တွေ့မြင်ခဲ့ရပါတယ်။ သွပ်မိုးသွပ်ကာဖြစ်ခြင်းကြောင့် နွေရာသီတွင် နေအပူဒဏ်ကို သာမန်အဆောက် အဦများထက် ပိုမိုခံစားရကာ ဆောင်းရာသီတွင်လည်း အအေးဒဏ်ကို ပိုမိုလွန်ကဲစွာ ခံစားရသည်ဟု သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ မိုင်းရှူးမြို့နယ် လွိုင်ဆောင်ထောက်ရတနာမြေရှိ တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာ များအား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော် ဆောက်လုပ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ရဲ့ မိုင်းရှူးရတနာမြေ၊ လွိုင်ဆောင်ထောက် ဒေသ၊ တိုက်နယ်ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသော ဝန်ထမ်း အိမ်ရာများအား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက် ဖြေကြား ပေးသွားမှာဖြစ်ပါတယ်။

မိုင်းရှူးရတနာမြေ၊ လွိုင်ဆောင်ထောက်ဒေသ၊ တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန်အတွက် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနရဲ့ နိုင်ငံပိုင်အခန်းကဏ္ဍတွင်ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများ ရင်းနှီးမြှုပ်နှံမှု

လျာထားချက်တွင် ၄ခန်းတွဲ ၁ထပ် ဝန်ထမ်းအိမ်ရာ ၁ လုံး ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ လျာထားချက်စာရင်းများအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုချက် ရရှိပါက ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် တင်ပြဆွေးနွေးသွားမှာကတော့ ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း အမျိုးသားခရီးသွားလုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ၃.၈.၂၀၁၈ ရက်နေ့မှာ နေပြည်တော်၌ အမှာစကားပြောကြားခဲ့ပါတယ်။ အဲ့ဒီလိုပဲ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကလည်းပဲ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၊ ဆီးကျအင်းကျေးရွာနှင့် ပင်စိမ်းပင်ကျေးရွာများသို့ လာရောက်ပြီး ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း CBT ကိုလည်း လာရောက်အကြံပေး လုပ်ငန်းတွေ ပြုလုပ်ပေးခဲ့ပါတယ်။ ၁၅.၉.၂၀၁၈ရက်နေ့ကလည်းဘဲ ဆီးကျအင်းကျေးရွာနှင့် ပင်စိမ်းပင်ကျေးရွာမှာပြုလုပ်တဲ့ ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း CBT ကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နဲ့ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲ့လိုပဲ ကျွန်တော်တို့ ရှမ်းပြည်နယ် ပင်းတယမြို့နယ်မှာရှိတဲ့ ရွှေဥမင်ဘုရားမှာ နိုင်ငံပေါင်း ၃၇ နိုင်ငံမှ နိုင်ငံခြားဧည့်သည်ပေါင်း ၂၁၀၂ ယောက်လာရောက် လေ့လာခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ အောက်ပါအတိုင်းကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။

၂၀၁၅ခုနှစ်မှ ယနေ့အထိ ရှမ်းပြည်နယ်အတွင်းရှိ ထင်ရှားကျော်ကြားသော တောင်ကြီး၊ ညောင်ရွှေ(အင်းလေး)၊ ပင်းတယ၊ ကလော၊ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းလား ၊ မူဆယ်၊ လားရှိုး၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ အသီးသီး လာရောက်လေ့လာကြသော နိုင်ငံခြားသားခရီးသည်မည်မျှရှိပြီး၊ ၎င်းတို့ထံမှ ကောက်ခံရရှိငွေ မည်မျှရရှိပြီး၊ မည်သို့စီမံဆောင်ရွက်နေကြောင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံခြားသားခရီးသွားလုပ်ငန်းများကို ရေရှည်မည်သို့ စီမံဆောင်ရွက်နေကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခုပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးမြန်းထားတဲ့ ၂၀၁၅ ခုနှစ်မှ ယနေ့အထိ ရှမ်းပြည်နယ်အတွင်းရှိ ထင်ရှားကျော်ကြားသော တောင်ကြီး၊ ညောင်ရွှေ(အင်းလေး)၊ ပင်းတယ၊ ကလော၊ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းလား ၊ မူဆယ်၊ လားရှိုး၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ အသီးသီး လာရောက်လေ့လာကြသော နိုင်ငံခြားသားခရီးသည် မည်မျှရှိပြီး၊ ၎င်းတို့ထံမှ ကောက်ခံရရှိငွေ မည်မျှရရှိပြီး၊ မည်သို့စီမံဆောင်ရွက်နေကြောင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံခြားသားခရီးသွားလုပ်ငန်းများကို ရေရှည်မည်သို့စီမံဆောင်ရွက်နေကြောင်းသိရှိလိုပါသည်ဆိုသည့်မေးခွန်းကို ကျွန်တော် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း မြို့နယ်များရှိ ဟိုတယ်/တည်းခိုရိပ်သာများသို့ နိုင်ငံခြားသားဧည့်သည်ရောက်ရှိမှုမှာ တောင်ကြီးမြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၁၁၉၈၀ ဦး၊ ၂၀၁၆ခုနှစ်မှာ ၁၂၆၆၂ ဦး၊ ၂၀၁၇ ခုနှစ်မှာ ၁၁၃၆၃ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၆၁၂၄ ဦးဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ် အင်းလေးတွင် ၂၀၁၅ခုနှစ်မှာ ၁၃၇၈၆၁ ဦး၊ ၂၀၁၆ခုနှစ်မှာ ၁၇၈၇၈၇ဦး၊ ၂၀၁၇ခုနှစ်မှာ ၂၂၅၂၂၄ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၉၃၇၄၁ ဦးဖြစ်ပါတယ်။ ပင်းတယမြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၄၈၅၉ ဦး၊ ၂၀၁၆ခုနှစ်မှာ ၅၁၀၇ ဦး၊ ၂၀၁၇ခုနှစ်မှာ ၅၇၁၃ ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၂၀၄၄ဦးဖြစ်ပါတယ်။ ကလောမြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၁၈၀၄၃ ဦး၊ ၂၀၁၆ခုနှစ်မှာ ၂၃၇၈၂ ဦး၊ ၂၀၁၇ခုနှစ်မှာ ၃၀၇၀၅ ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၁၂၈၅၅ဦးဖြစ်ပါတယ်။ တာချီလိတ်မြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၃၉၇၃၇ ဦး၊ ၂၀၁၆ခုနှစ်မှာ ၆၂၂၁၅ ဦး၊ ၂၀၁၇ခုနှစ်မှာ ၅၂၃၃၅ ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၃၁၆၇၃ဦးဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၂၃၁၂၇ ဦး၊ ၂၀၁၆ခုနှစ်မှာ ၁၉၇၁၄ ဦး၊ ၂၀၁၇ခုနှစ်မှာ ၁၆၂၇၆ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၉၆၆၅ ဦးဖြစ်ပါတယ်။ မူဆယ်မြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၈၉၁ ဦး၊ ၂၀၁၆ခုနှစ်မှာ ၁၀၀၂ဦး၊ ၂၀၁၇ခုနှစ်မှာ ၃၆၃ ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၂၅၀ဦးဖြစ်ပါတယ်။ လားရှိုးမြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၁၅၅၄၂ ဦး၊ ၂၀၁၆ခုနှစ်မှာ ၂၁၈၉၅ ဦး၊ ၂၀၁၇ခုနှစ်မှာ ၁၉၂၈၇ ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၈၇၅၁ဦးဖြစ်ပါတယ်။ဒီနေရာတွင် မိုင်းလား၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှာ ဟိုတယ်လုပ်ငန်း လိုင်စင်ရယူထားသည့် ဟိုတယ် တစ်လုံးမှ မရှိသေးပါခင်ဗျား။

ရှမ်းပြည်နယ် နယ်စပ်ဝင်ပေါက်များမှ နိုင်ငံခြားသားခရီးသည် ရောက်ရှိမှုများမှာ တာချီလိတ်မြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၁၀၃၀၄၇၃ ဦး၊ ၂၀၁၆ခုနှစ်မှာ ၉၆၅၆၇၀ ဦး၊

၂၀၁၇ခုနှစ်မှာ ၈၀၉၇၇၆ ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၅၀၁၂၄၉ ဦး ဖြစ်ပါတယ်။ မိုင်းလားမြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၅၅၉၁၁၅ ဦး၊ ၂၀၁၆ခုနှစ်မှာ ၄၀၃၈၉၆ ဦး၊ ၂၀၁၇ခုနှစ်မှာ ၅၃၁၇၅ ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၃၃၇၃၃၆ ဦး ဖြစ်ပါတယ်။ မူဆယ်မြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၃၀၄၈၀ ဦး၊ ၂၀၁၆ခုနှစ်မှာ ၄၃၈၄၃ ဦး၊ ၂၀၁၇ခုနှစ်မှာ ၁၇၃၀၂ ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၂၀၁၉၀ ဦး ဖြစ်ပါတယ်။ လားရှိုးမြို့နယ်တွင် ၂၀၁၅ခုနှစ်မှာ ၁၇၁၃၁ ဦး၊ ၂၀၁၆ခုနှစ်မှာ ၁၉၃၀၆၅ ဦး၊ ၂၀၁၇ခုနှစ်မှာ ၁၉၃၃၆၀ ဦး၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ရရှိတဲ့စာရင်းအရမှာ ၄၂၆၄၅ ဦး တို့ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်၊အင်းလေးဒေသသို့လာရောက်ကြသည့် နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားများထံမှ အင်းလေးဇုန်ဝင်ကြေး(၁)ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာ သို့မဟုတ် ၎င်းနှင့်ညီမျှသည့် မြန်မာငွေကျပ်နှုန်းဖြင့်ကောက်ခံခဲ့ရာ ၂၀၁၅ခုနှစ်မှ ၂၀၁၈ခုနှစ် ဇူလိုင်လအထိ ကျပ်ငွေ ၄၃၃ ဘီလီယံ ကောက်ခံရရှိခဲ့ပါသည်။ ကောက်ခံရရှိငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ငွေစာရင်းအမှတ် MD-021932သို့ ရင်္ဂေ အဖြစ်ပေးသွင်းပါတယ်။ အဆိုပါကောက်ခံရရှိငွေမှ အင်းလေးဒေသ ဘက်စုံဖွံ့ဖြိုးရေးနှင့် အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများ၊ အင်းလေးဇုန်ဝင်ခွင့် ကောက်ခံရေး ကော်မတီရုံး အသုံးစရိတ်၊ ဝန်ထမ်းလစာ၊ ခါတ်ဆီ စသည့်အသုံးစရိတ်များ၊ အင်းလေးဒေသအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့်လုပ်ငန်းများနှင့် မှတ်ပုံတင်ရရှိပြီး သော CSO, NGO စသော လူထုအခြေပြုအဖွဲ့များ၏ အင်းလေးဒေသအတွင်း ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများတို့အတွက် ပြန်လည်လျာထားသုံးစွဲပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်သို့ လာရောက်ကြသည့် နိုင်ငံခြား သား ကမ္ဘာလှည့်ခရီးသွားများထံမှ မြို့ဝင်ကြေးအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များတွင် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ(၂)ဒေါ်လာနှုန်းဖြင့် ကောက်ခံခဲ့ပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှ စပြီး ယနေ့အထိ တစ်ဦးလျှင် အမေရိကန် ဒေါ်လာ (၅)ဒေါ်လာနှုန်းဖြင့် တိုးမြှင့်ကောက်ခံခဲ့ရာ ၂၀၁၅ခုနှစ်မှ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ မြို့ဝင်ကြေးအဖြစ် ကမ္ဘာလှည့်ခရီသည် (၁၁၃၁၀၈)ဦးထံမှ မြန်မာ ကျပ်ငွေ(၁၈၆၁၄၆၇၀၀) နှင့် ဒေါ်လာ (၁၈၇၇၁၆)တို့အား ကောက်ခံရရှိခဲ့ပါတယ်။ ကောက်ခံရရှိခဲ့တဲ့ မြို့ဝင်ကြေးများ အား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ် ချက်ဖြင့် ဒေသတွင်း ပညာရေး ၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာ တွင်သုံးစွဲလျက်ရှိပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ရွှေဥမင်ဘုရားသို့ လာရောက် လည်ပတ်ကြသည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများထံမှ ဂူဝင်ကြေးအဖြစ် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ(၃)ဒေါ်လာနှုန်းဖြင့် ကောက်ခံခဲ့ရာ ၂၀၁၅ခုနှစ်မှ ၂၀၁၈ခုနှစ်၊ ဇူလိုင်လ အထိ ဂူဝင်ကြေးအဖြစ် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်(၁၃၁၈၄၁)ဦးထံမှ မြန်မာ ကျပ် ငွေ(၃၀၂,၆၄၆,၀၀၀)နှင့် အမေရိကန်ဒေါ်လာ ၉၂၈၇၇ ဒေါ်လာတို့အား ကောက်ခံရရှိ

ခဲ့ပါတယ်။ ကောက်ခံရရှိတဲ့ ဂူဝင်ကြေးများအား ရွှေဥမင်ဘုရား ဩဝါဒစရိယဆရာတော်များ၏ ခွင့်ပြုချက်ဖြင့် သုံးစွဲလျက်ရှိပါတယ်။

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်အတွင်းသို့ ၂၀၁၅ခုနှစ်မှ ယနေ့အထိ နိုင်ငံကူးလက်မှတ်ဖြင့်လာရောက်သည့် နိုင်ငံခြားသားခရီးသည်(၁၀)ဦးရှိပြီး ခရီးသွားလုပ်ငန်း အနေဖြင့် လာရောက်ခြင်းမဟုတ်ဘဲ လုပ်ငန်းကိစ္စများဆောင်ရွက်ရန် အတွက်သာ လာရောက်ကြသူများဖြစ်ပါတယ်။

ရှမ်းပြည်နယ်ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက် အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်-

(၁) ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အင်းလေးကန်ခရီးစဉ် စီမံခန့်ခွဲမှုစီမံချက် (၅) နှစ်စီမံကိန်းကိုရေးဆွဲပြီး စီမံဆောင်ရွက်လျက်ရှိပါသည်။

(၂) ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင်လည်း ခရီးစဉ် ဒေသစီမံခန့်ခွဲမှုစီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နိုင်ငံခြားသားခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဂျာမနီနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီကိုယ်စား(GIZ)ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသခရီးသွားလာရေး အထောက်အကူပြုအဖွဲ့နှင့် ပူးပေါင်း၍ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း (CBT) အား ပင်းတယ မြို့နယ်တွင် ဆီးကျအင်းကျေးရွာ၊ပင်စိမ်းပင်ကျေးရွာနှင့် ရွာငံမြို့နယ်တွင် တောင်မြင့်ကြီးကျေးရွာ၊ ယစကျီကျေးရွာများတွင်လည်းကောင်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

(၄) ရှမ်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ် ခရီးသွားမြှင့်တင်ရေးလုပ်ငန်းစီမံချက်များရေးဆွဲ၍ ဘတ်ဂျက်လျာထားပြီး လုပ်ငန်း(၁၁)ခုကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယမေးခွန်းကို ကျွန်တော် တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်းတွင် ရှေးနှစ်ပေါင်းများစွာကတည်းက နေထိုင်လာသော နိုင်ငံခြားသားများမည်မျှရှိပြီး၊ ၎င်းတို့ထဲမှ ဧည့်နိုင်ငံသားရှိပြီး မရရှိသေးသူ မည်မျှရှိကြောင်းနှင့် အဆိုပါ ဧည့်နိုင်ငံသားနှင့် လျှောက်ထားဆဲ ဧည့်နိုင်ငံသားများသည် မည်သည့်လူမျိုးများဖြစ်ကြောင်း၊ မည်သည့်ဘာသာ

ကိုးကွယ်သူများဖြစ်ကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပင်းတယ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းမှ မေးမြန်းလာတဲ့ ရှမ်းပြည်နယ် အတွင်းတွင် ယခင်နှစ်ပေါင်းများစွာကပင် နေထိုင်လာသော နိုင်ငံခြားသားများမည်မျှရှိပြီး၊ ၎င်းတို့ထဲမှ ဧည့်နိုင်ငံသား ရရှိပြီး သူ မရရှိသေးသူမည်မျှရှိကြောင်းနှင့် အဆိုပါ ဧည့်နိုင်ငံသားနှင့် လျှောက်ထားဆဲ ဧည့်နိုင်ငံသား များသည် မည်သည့်လူမျိုးများဖြစ်ကြောင်း၊ မည်သည့်ဘာသာ ကိုးကွယ်သူများ ဖြစ်ကြောင်း ကို သိရှိလိုပါသည် ဟူသော ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်လင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းတွင် လက်ရှိအခွန်ဆောင်လျက်ရှိသော ပြည်တွင်းနေ နိုင်ငံခြား သားများမှာ အိန္ဒိယလူမျိုး ၃၄၇ဦး၊ပါကစ္စတန်လူမျိုး ၇၄ ဦး၊ဘင်္ဂလားဒေ့ရှ် လူမျိုး ၂ ဦး၊ တရုတ်လူမျိုး ၁၃၇၂ဦး၊ နီပေါလ်လူမျိုး၉၂၄ ဦး၊ စုစုပေါင်း၂၇၁၉ ဦးရှိပါတယ်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ ပုဒ်မ-၂၃အရ " ၁၉၄၈ခုနှစ်၊ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားဖြစ်ရန် လျှောက်ထားသူများသည် သတ်မှတ်ချက်များနှင့် အရည်အချင်းများ ကိုက်ညီပါက ဧည့်နိုင်ငံသားအဖြစ်ဗဟိုအဖွဲ့ကသတ်မှတ်နိုင်သည်"ဟု ဆိုထားပေရာ ရှမ်းပြည်နယ်အတွင်း ယခင်ကနေထိုင်လာကြသော ပြည်တွင်းနေ နိုင်ငံခြား သားများအနက် လျှောက်ထားသူများအား မြန်မာနိုင်ငံသားဥပဒေဆိုင်ရာဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်အရ အသက်(၁၈)နှစ်ပြည့်ပြီးသူ(၅၆၁၈)ဦးအား ဧည့်နိုင်ငံသား လက်မှတ်/ စိစစ်ရေးကတ်ပြားထုတ်ပေးခဲ့ပြီးဖြစ်တယ်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ ပုဒ်မ-၂၅အရ "ဧည့်နိုင်ငံသားလက်မှတ်တွင် လျှောက်လွှာ၌ ဖော်ပြထားသည့် သားသမီးအမည်ကို ဗဟိုအဖွဲ့ကထည့်သွင်းနိုင်သည်။ အမည် ထည့်သွင်းပေးခြင်းခံရသော သားသမီးသည် ဧည့်နိုင်ငံသားဖြစ်သည်"ဟု ဆိုထားပေရာ ဧည့်နိုင်ငံသားဖြစ်ပြီး သူတို့၏ သားသမီး(၃၆၂)ဦးတို့အား အသက်(၁၈)နှစ်ပြည့် ဧည့်နိုင်ငံ သားလက်မှတ်/စိစစ်ရေးကတ်ပြား ထုတ်ပေးခဲ့ပြီးဖြစ်တယ်။ လက်ရှိ ၎င်းတို့ အသက် (၁၈)နှစ် ပြည့်လဲလှယ်လျှောက်ထားမှုကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ ပုဒ်မ-၄၂အရ "၁၉၄၈ခုနှစ်၊ဇန်နဝါရီ(၄) ရက်နေ့မတိုင်မီ ကာလတွင် နိုင်ငံတော်အတွင်း၌ ရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ

နိုင်ငံတော်အတွင်း မွေးဖွားသည့် သားသမီးသည် ၁၉၄၈ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေအရ လျှောက်ထားရန် ကျန်ရှိနေကြောင်း ခိုင်လုံသော အထောက်အထား များဖြင့် ဗဟိုအဖွဲ့သို့ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည် ”ဟု ဆိုထားပေရာ လျှောက်ထားရန်ကျန်ရှိသော နိုင်ငံခြားသားလက်မှတ်ကိုင်ဆောင်သူများမှ နိုင်ငံသားပြုခွင့်ရ သူအဖြစ် သတ်မှတ်ပေးပါရန် လျှောက်ထားမှုများကို မြို့နယ်/ပြည်နယ်နိုင်ငံသား စိစစ်ရေး အဖွဲ့မှ တစ်ဆင့်ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်အရ အသက်(၁၈)နှစ်ပြည့်ပြီးသူ (၉၆၆၀)ဦး အား နိုင်ငံသားပြုခွင့်လက်မှတ်/စိစစ်ရေးကတ်ပြားထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ ပုဒ်မ-၄၇အရ “နိုင်ငံသားပြုခွင့်လက်မှတ်တွင် လျှောက်လွှာ၌ ဖော်ပြထားသည့် သားသမီးအမည်ကိုဗဟိုအဖွဲ့က ထည့်သွင်းနိုင်သည်။ အမည် ထည့်သွင်းပေးခြင်းခံရသော သားသမီးသည် နိုင်ငံသားပြုခွင့်ရသူဖြစ်သည် ”ဟု ဆိုထား ပေရာ နိုင်ငံသားပြုခွင့်ရရှိပြီးသူတို့၏ သားသမီး (၁၅၀၆)ဦးတို့အား အသက်(၁၀) နှစ် ပြည့် နိုင်ငံသားပြုခွင့်လက်မှတ်/စိစစ်ရေးကတ်ပြား ထုတ်ပေးခဲ့ပြီးဖြစ်တယ်။ လက်ရှိ ၎င်းတို့ အသက် (၁၈)နှစ်ပြည့် လဲလှယ်လျှောက်ထားမှုကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၇ခုနှစ်တွင် အိန္ဒိယလူမျိုး (၁၆)ဦး၊ တရုတ်လူမျိုး (၁၄)ဦး၊ ပါကစ္စတန်လူမျိုး (၁၃)ဦး၊ နီပေါလ်လူမျိုး(၁၇၇) ဦး၊ စုစုပေါင်း(၂၂၀)ဦး နှင့် ၂၀၁၈ ခုနှစ်တွင် အိန္ဒိယလူမျိုး (၆)ဦး၊ တရုတ်လူမျိုး (၂၄)ဦး၊ ပါကစ္စတန်လူမျိုး (၁၂)ဦး၊ နီပေါလ်လူမျိုး(၆၀) ဦး၊ စုစုပေါင်း(၁၀၂)ဦးတို့၏ လျှောက်ထားမှုအား ဗဟိုအဖွဲ့သို့တင်ပြခဲ့ရာ ဗဟိုအဖွဲ့၏ ဆုံးဖြတ် ချက်အရ အိန္ဒိယလူမျိုး (၁)ဦး၊ တရုတ်လူမျိုး (၁၀)ဦး၊ နီပေါလ်လူမျိုး(၃၀) ဦး၊ စုစုပေါင်း (၄၁)ဦးတို့အား နိုင်ငံသားပြုခွင့်လက်မှတ်/စိစစ်ရေးကတ်ပြား ထုတ်ပေးထားပြီးကြောင်းနှင့် လက်ရှိလျှောက်ထားသည့် အမှုတွဲများကိုလည်း ဗဟို၏အဆုံးအဖြတ်ခံယူပေးပို့ တင်ပြပေး လျက်ရှိပါတယ်။

လက်ရှိလျှောက်ထားဆဲ လူမျိုးများဖြစ်သည့် အိန္ဒိယလူမျိုးများသည် ဟိန္ဒူဘာသာ အားလည်းကောင်း၊ ပါကစ္စတန်လူမျိုးများသည် အစ္စလာမ်ဘာသာအားလည်းကောင်း၊ တရုတ်လူမျိုးများသည် ဗုဒ္ဓဘာသာအားလည်းကောင်း၊ နီပေါလ်လူမျိုးများသည် ဟိန္ဒူ ဘာသာအားလည်းကောင်း ကိုးကွယ်သူများဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်ဟန်သိန်းဦး က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဟန်သိန်းဦး၊ မောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လေ့လာသူများအားလုံး ရွှင်ချမ်းမြေ့ကြ ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် မေးခွန်း

ကတော့ မောက်မယ်မြို့နယ်ရှိ ထီတခေါ့-ဖာစန်း-ပန်သခွားကျေးရွာအုပ်စုချင်းဆက်လမ်းနှင့် ပတ်သက်သည့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ထီတခေါ့-ဖာစန်း-ပန်သခွားလမ်းသည် ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုကို ဆက်သွယ်ပေးသည့် ကျေးရွာအုပ်စုချင်းဆက်လမ်းဖြစ်ပြီး လမ်းအရှည် ၇ မိုင် ကျော်ခန့်ရှိပါတယ်။ လွန်ခဲ့သည့်ဘဏ္ဍာနှစ်များတွင် ကျောက်ချောလမ်းအဖြစ် (၄)မိုင်ခန့် ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်လမ်းပိုင်းများ ဆက်လက်ဆောင်ရွက်ပေးရန်၊ ကျေးရွာများရှိ မိဘပြည်သူများမှ တင်ပြတောင်းဆိုလာပါတယ်။ သို့ဖြစ်ပါ၍ ထီတခေါ့- ဖာစန်း - ပန်သခွါး ကျေးရွာများသို့ ဆက်သွယ်ပေးသည့်လမ်းမှကျန်ရှိသည့်လမ်းပိုင်းကို ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌ ကြီးမှ တစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ အစည်းအဝေးသို့ တက်ရောက်လာသော ဂုဏ်သရေရှိလူကြီးမင်းများအားလုံး ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦးက မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာ အုပ်စုတို့ကို ဆက်သွယ်ပေးသည့် ကျေးရွာအုပ်စုချင်းဆက်လမ်းဖြစ်တဲ့ ထီတခေါ့- ဖာစန်း - ပန်သခွားလမ်းတွင် ကျန်ရှိနေသေးတဲ့ ကျောက်ချောလမ်းအဖြစ် (၃)မိုင်ကို ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေး မည်ကိုသိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေး၊ မှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာ အုပ်စုတို့ကို ဆက်သွယ်ထားသည့် ထီတခေါ့- ဖာစန်း - ပန်သခွားလမ်းတွင်ဆက်စပ်နေသော ကျေးလက်လမ်း(၂)လမ်းရှိပါတယ်။ အဆင့်အတန်းနှင့် ဦးစားပေးအဆင့် A3 နှင့်B1ဟု သတ်မှတ်ထားသောလမ်းများ ဖြစ်ပါတယ်။ A3လမ်းမှာ ကျေးရွာ ၄ ရွာ၊အိမ်ခြေ ၇၀၄အိမ်၊လူဦးရေ ၄၀၁၃ ဦးကို အကျိုးပြုပြီး၈မိုင် ၄ဖာလုံရှည်လျားတဲ့ ထီတခေါ့- လွိုင်ကောင် - ထီပျဉ်လမ်း ဖြစ်ပါတယ်။ B1 လမ်းမှာ A3လမ်းပေါ်ရှိ လွိုင်ကောင်ရွာမှ လမ်းခွဲထွက်ပြီး ပန်းတန်ရွာမှတစ်ဆင့် ပန်သခွားသို့ သွားရောက်သော လွိုင်ကော်- ပန်းတန်-ထီတခေါ့- ဖာစန်း - ပန်သခွားလမ်းဖြစ်ပါတယ်။ ကျေးရွာ ၃ ရွာ၊အိမ်ခြေ ၂၆၂ အိမ်၊လူဦးရေ ၁၄၀၅ ဦးကို အကျိုးပြုလမ်းဖြစ်ပါတယ်။မေးခွန်းပါ ထီတခေါ့- ဖာစန်း - ပန်သခွားလမ်းသည် ဖော်ပြပါလမ်း ၂ လမ်းမှ A3၏ တစိတ်တပိုင်းနှင့် B1တို့ကို ပေါင်းစပ်ထားသော အရှည် ၆မိုင် ၄ဖာလုံရှိ ကျေးလက်လမ်းဖြစ်ပါတယ်။

မေးမြန်းထားသော ထီတခေါ်-ပန်သခွားလမ်းပေါ်တွင် ထီတခေါ်ရွာမှ ပန်းတန်ရွာအထိ (၄)မိုင်သည် ကျောက်ခင်းလမ်းဖြစ်ပြီး ပန်းတန်ရွာမှ ပန်သခွားရွာအထိ ၂မိုင် ၄ဖာလုံမှာ မြေသားလမ်းဖြစ်ပါတယ်။ ထို ၂ မိုင် ၄ ဖာလုံအား ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် ကျောက်လမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ရေးအတွက်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လျာထားတောင်းခံခဲ့သော်လည်း ခွဲဝေရရှိခဲ့ခြင်းမရှိပါ။ ဒေသပြည်သူများ၏ဆန္ဒအတိုင်း ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ရန် ရန်ပုံငွေရရှိရေး ဆက်လက်လျာထားတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမြတ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းခမ်းမြတ်၊တန့်ယန်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းမြတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ တစ်နိုင်တစ်ပိုင် တရားဝင်လိုင်စင်စီဖြင့် ကျွဲ၊ နွားများတင်ပို့ရောင်းချမှုနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီခင်ဗျား။ ကျွဲ ၊ နွားများကို ပြည်ပနိုင်ငံသို့ တင်ပို့ရောင်းချရန် နိုင်ငံတော်အစိုးရက ခွင့်ပြုခဲ့ပါတယ်။ ဤသို့ ခွင့်ပြုထားသော်လည်း ဒေသခံပြည်သူတွေရဲ့ တစ်နိုင်တစ်ပိုင်လုပ်ငန်း လိုင်စင်လျှောက်ထားရန်ကိစ္စမှာ တရားမဝင်သော နည်းလမ်းတွေဖြင့်ဆက်ပြီး လုပ်ကိုင်နေတာကို လေ့လာသုံးသပ်မိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့မေးခွန်းကို (၂)ပိုင်းမေးမြန်းသွားမှာဖြစ်ပါတယ်။

(၁) ဒေသခံလုပ်ငန်းရှင်များ တစ်နိုင်တစ်ပိုင် တရားဝင်လုပ်ငန်း လိုင်စင်စီဖြင့် ပြည်ပနိုင်ငံများသို့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များ တင်ပို့ရောင်းချနိုင်ရန် ရှမ်းပြည်နယ်အစိုးရလက်အောက်ရှိ တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ် ဌာနဆိုင်ရာများကို မည်သို့ မည်ပုံ ညွှန်ကြားထားသည်ကိုသိရှိလိုပါသည်။

(၂) တစ်နိုင်တစ်ပိုင်လုပ်ငန်း လိုင်စင်စီကိုခရိုင်၊မြို့နယ်မှတစ်ဆင့် တရားဝင်လျှောက်ထားခွင့်ရ/မရ သိရှိလိုတဲ့အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှိသေစွာမေးမြန်းအပ်ပါတယ်။အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါ တယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ဆက်လက်ပြီး တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ် ဦးစိုင်းခမ်းမြတ် မေးမြန်းတဲ့မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသခံလုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် တရားဝင်လုပ်ငန်းလိုင်စင်များဖြင့် အိမ်နီးနားချင်းနိုင်ငံများကိုကျွဲ၊နွား၊သိုး၊ဆိတ်များ တင်ပို့ ရောင်းချ နိုင်ရေး ရှမ်းပြည်နယ်အစိုးရလက်အောက်မှာရှိတဲ့ မည်သည့်ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများသို့ ညွှန်ကြားထားခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ပနိုင်ငံများသို့ ကျွဲ၊နွား၊သိုး၊ဆိတ်များကို တရားဝင် တင်ပို့လိုပါက တင်ပို့လိုသော လုပ်ငန်းရှင်သို့မဟုတ် အဖွဲ့အစည်းများက တရားဝင် ကုမ္ပဏီမှတ်ပုံတင်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ကျွဲ၊နွားများယာယီစုဆောင်းရပ်တွင် သတ်မှတ်ကောင်ရေ(၁၀၀) စုဆောင်းထားပြီးကြောင်းနှင့် လိုအပ်သောကျန်းမာရေးစစ်ဆေးပေးရန် ကျွဲ၊နွား၊သိုး၊ဆိတ်များတရားဝင် တင်ပို့ရာတွင် တင်ပို့လိုသည့် ကုမ္ပဏီမှ လိုက်နာရမည့်လုပ်ထုံးလုပ်နည်း(SOP)များနှင့်အညီ လျှောက်ထားရမှာဖြစ်ပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဝန်ထမ်းများမှ စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ညွှန်ကြားရေးမှူးချုပ်ရုံးမှ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ်ပေါင်းချုပ်နှင့် သဘောထားမှတ်ချက်တို့ကို ထုတ်ပေးသွားမှာဖြစ်ပြီးအဆိုပါ လက်မှတ်များနှင့်အတူ တင်ပို့လိုသည့်ကုမ္ပဏီမှ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ပို့ကုန်လိုင်စင်များ လျှောက်ထားရမှာ ဖြစ်ပါတယ်။ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်လိုင်စင်ရရှိပါက တင်ပို့မည်ကုမ္ပဏီသည် သတ်မှတ်ကာလအတွင်း သတ်မှတ်သည့်လမ်းကြောင်းမှ သတ်မှတ်ကောင်ရေတို့ကို တင်ပို့နိုင်မှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ သားသတ်လုပ်ငန်းများကို ၂၀၁၅ဘဏ္ဍာရေးနှစ်မှစ၍ ဈေးပြိုင်လေလံစနစ် ဖျက်သိမ်းပြီး အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ် (သားသတ်လုပ်ငန်းဆောင်ရွက်ခွင့်ထုတ်လုပ်ပြီးအသားအား ပြည်သူသို့ဖြန့်ဖြူးရောင်းချခွင့်)ဖြင့် လုပ်ကိုင်ဆောင်ရွက်လိုသူများကို မည်သူကိုမဆို စိစစ်ချထားလုပ်ကိုင်ခွင့်ပြု ပေးလျက်ရှိပါတယ်။ သားသတ်လုပ်ငန်းများနှင့်ပတ်သက်၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေတွင် ပြဋ္ဌာန်းချက်များအရ အများပြည်သူစားသုံးရန်အတွက် စည်ပင်သာယာရေးဌာနပိုင် သားသတ်ရုံ/ဌာနမှ အသိအမှတ်ပြုထားသော ပုဂ္ဂလိကပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်း၊အသားရောင်းချခြင်းတို့ကို ခွင့်ပြုခြင်း၊ထိုသို့ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊နွားတိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရေး ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊ သားသတ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းချက်များထုတ်ပြန်ခြင်း၊ တရားမဝင် သားသတ်ခြင်းနှင့် အသားရောင်းချခြင်းတို့ကို အရေးယူဆောင်ရွက်ခြင်းတို့ကိုသာဥပဒေ၊စည်းကမ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

မြို့နယ်စည်ပင်သာယာရေးဌာန အသီးသီးမှ လုပ်ကိုင်ခွင့်ပြုထားသည့် သားသတ်လုပ်ငန်းရှင်များမှ ဒေသအတွင်း ကုန်ကြမ်းလုံလောက်မှုမရှိ၍ နယ်မြေကျော်သယ်ဆောင်ခွင့်

တင်ပြလာပါက သက်ဆိုင်ရာ မြို့နယ်၊ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် စည်ပင်သာယာရေးဌာန တို့မှထောက်ခံတင်ပြလာမှုအားခွင့်ပြုပေးသင့်သည့်အရေအတွက်ပေါ်မူတည်၍လည်းကောင်း၊ သက်ဆိုင်ရာ လုပ်ငန်းရှင်များမှလည်း မြို့နယ်၊ခရိုင် စီမံခန့်ခွဲမှုကော်မတီနှင့် စည်ပင်သာယာရေးဌာနတို့၏ ထောက်ခံချက်နှင့်အတူ လျှောက်ထားလာလျှင် ခွင့်ပြုပေးသင့်သည့် အရေအတွက်ပေါ်မူတည်ပြီး ခွင့်ပြုပေးလျက်ရှိပါကြောင်း လွတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များခင်ဗျား ဒီကနေ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပြီဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ်ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကိုလွတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် ၊ မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူအသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွတ်တော်ကိုယ်စားလှယ်(၃)ဦး က ဆွေးနွေးဖို့ အမည်စာရင်းပေးထားပါတယ်။

ပထမဦးစွာ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊နမ့်ဆန်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော်၊ (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့တွင် တင်သွင်းသော နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေး မှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချ ရာနေရာများသို့ တာဝန်ရှိသူအသီးသီးက စဉ်ဆက် မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ကျွန်တော် နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းက ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးသော ပြည်နယ်တစ်ခုဖြစ်သည့်အားလျော်စွာ လူမျိုးပေါင်းစုံ နေထိုင်သည့် ပြည်နယ်

တစ်ခုလည်းဖြစ်ပါတယ်။ လူမျိုးပေါင်းစုံနေထိုင်ကြသည့် အားလျော်စွာ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ ဘာသာစကားလည်းရှိသလို မတူညီသော ဆင်းသက်လာပုံ သမိုင်းကြောင်းလည်းရှိကြမှာ အမှန်ဖြစ်ပါတယ်။ အဆိုပါလူမျိုးစုတို့သည် ရှေးပဝေသဏီ ကတည်းက အေးအတူပူအမျှ ဥမကွဲသိုက်မပျက် နေထိုင်လာကြသည်မှာ ယနေ့ထိတိုင် ဖြစ်ပါတယ်။ မည်သည့်လူမျိုးမဆို ကိုယ့်ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို ချစ်ခင်မြတ်နိုး သည့်စိတ် ထိန်းသိမ်းလိုသည့်စိတ်များ ရှိကြမှာအမှန်ပင်ဖြစ်ပါတယ်။ ဥပဒေရေးရာမှာလည်း "တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုးသို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကို သော် လည်းကောင်း၊အခြားဘာသာ သာသနာကိုသော်လည်းကောင်း၊ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိ ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်" ရှိသည်ဟူ၍ ပြဋ္ဌာန်းပါရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာလူမျိုး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို မပျောက်ပျက် အောင် ကာကွယ်ထိန်းသိမ်းရေးတွင် သက်ဆိုင်ရာလူမျိုးများ၏ မွေးရာပါ တာဝန်တစ်ရပ်ဖြစ်သလို နိုင်ငံတော်မှလည်း ဥပဒေပြဋ္ဌာန်းပြီး အကာအကွယ်ပေးထား ပြီးလည်း ဖြစ်ပါတယ်။ မိမိလူမျိုးစု၏ ဓလေ့ထုံးတမ်းကို ထိန်းသိမ်းသကဲ့သို့ အခြားသော လူမျိုးစုရဲ့ ယဉ်ကျေးမှုကို ဝေဖန်ခြင်း၊ အပြစ်တင်ခြင်း မပြုသင့်ပါ။

အဆိုရှင် ဦးလင်းအောင်ဆွေ စာတမ်းမှာပါရှိတဲ့ နမ့်စန်မြို့နယ်ရဲ့ ဒေသတစ်ခုက လူမျိုးစုဖြစ်စဉ်မှာ အဲ့ဒီဒေသခံလူမျိုးရဲ့မိရိုးဖလာ ယဉ်ကျေးမှုအစဉ်အလာအရ လပြည့်၊ လကွယ်နေ့ တွေမှာ ပြုလုပ်နေကျ၊ ဆင်ယင်ကျင်းပနေကျ ရိုးရာပွဲလမ်းသဘင်ပဲဖြစ်ပါတယ်။ ဒါကို ဂဃနဏာမသိဘဲ၊ သေချာစွာမလေ့လာဘဲ အပြင်ပန်းကြည့်ပြီး Online ကနေ Live ထုတ်လွှင့် ပြသတဲ့အပြင် ဝေဖန်အပုပ်ချရေးသားပြောဆိုခြင်းသည် သက်ဆိုင်ရာလူမျိုးစုကို စော်ကားရာ ကျသည့်အပြင်ငင်းလူမျိုးစုငယ်ရဲ့ ဂုဏ်သိက္ခာသိမ်ငယ်စေပြီး စိတ်ဒဏ်ရာလည်း ရစေပါတယ်။ အဲ့ဒီအပြုအမူများကြောင့် အဆိုပါလူမျိုးစုငယ်များသည် လူပုံအလယ်တွင် မသွားရဲမလာရဲလောက်အောင်၊ မျက်နှာမပြရဲလောက်အောင် ဖြစ်စေပါတယ်။ အဆိုးဆုံး ကတော့ သူတို့ဘိုးဘေးစဉ်ဆက်က ထိန်းသိမ်းလာခဲ့တဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေကို ပြောင်းလဲချင်တဲ့အထိဖြစ်စေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်း သားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းပါရှိပြီး ဖြစ်ပါတယ်။ အထက်က ဖော်ပြခဲ့တဲ့ ဦးလင်းအောင်ဆွေရဲ့ ဒေသက လူမျိုးစုငယ်တစ်စုရဲ့ ဖြစ်စဉ်မှာ လူမျိုးစုငယ်သည် ပညာရည်လွန်စွာနိမ့်ပါးခဲ့၍ မဖွံ့ဖြိုးသေး၍ အခြားလူများ စော်ကားသမှုပြုခြင်းခံရတယ်လို့ ယူဆပါတယ်။ နိုင်ငံတော်ရဲ့ မူဝါဒအရပညာရည်နိမ့်ပါးနေတဲ့ ငင်းလူမျိုးစုငယ်များရဲ့ လူမှု၊ စီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် အပြည့်အဝ အကူအညီပေး ရမည့် တာဝန်သည် သက်ဆိုင်ရာ အစိုးရအဖွဲ့၏ တာဝန်ဖြစ်သည်ဟုယူဆပါတယ်။ ၎င်းအပြင် မည်သည့်တိုင်းရင်းသားမဆို မိမိတို့ရဲ့ ယဉ်ကျေးမှု ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပမည်

ဆိုပါက အတားအဆီးမရှိ ခွင့်ပြုပေးဖို့နဲ့ လိုအပ်တဲ့ငွေကြေးများပါ အစိုးရမှ ပံ့ပိုးပေးဖို့ တာဝန်ရှိပါတယ်။

အထက်ကဖော်ပြခဲ့တဲ့ လူမျိုးစုငယ်သည် မိမိတို့ မြန်မာနိုင်ငံက နိုင်ငံသားပင် ဖြစ်ပါတယ်။ နိုင်ငံသားဖြစ်သည့်အားလျော်စွာ ဥပဒေကပြဋ္ဌာန်းထားတဲ့အတိုင်း **" နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင်တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေအကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ရှိစေရမည်"** ဟုဆိုသည့်အတိုင်း ဥပဒေအရာမှာ တန်းတူညီမျှသည့်အခွင့်အရေး ရရှိစေလိုပါသည်။ ဒါကြောင့် ၎င်းလူမျိုးစုငယ်ရဲ့ ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း ထိရောက်စွာအရေးယူသင့်ပါတယ်လို့ တင်ပြရင်း နမ့်စန်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျောက်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူးတာဝန်ကို ဆောင်ရွက်နေရတဲ့အတွက် ကော်မတီရဲ့ကိုယ်စား တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ **" တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေးတိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားတွေ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားတွေဟာ အတိတ်သမိုင်းကြောင်း အခြေအနေတွေကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှစ်မတွေကြားသံသယတွေဖြစ်ပွားခဲ့ကြတယ်။ အခွင့်အရေးတွေ တန်းတူမရရှိဘူးလို့ ထင်မြင်ကြပါတယ်။ ပဋိပက္ခတွေ ဖြစ်ပွားခဲ့ကြရပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးတွေ တန်းတူညီမျှရရှိဖို့အတွက် တိုင်းရင်းသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ၂၀၁၅ ခုနှစ် ၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့မှာ ပြဋ္ဌာန်းခဲ့သော်လည်း အဲဒီဥပဒေဟာ တိုင်းရင်းသားပြည်သူတွေကြားမှာ အသက်ဝင်ခြင်း၊ စိမ့်ဝင်ပြန့်နှံ့

နားလည်သဘောပေါက်ပြီး ကျင့်သုံးနိုင်ခြင်း မရှိခဲ့သေးတာတွေ ကွင်းဆင်းအတွေ့အကြုံအရ သိရှိခဲ့ရပါတယ်။

မိမိတို့ တိုင်းရင်းသားလူမျိုးများ အနေနဲ့လည်း ဝန်ကြီးဌာနရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ တိုင်းရင်းသားတွေရဲ့ စာပေနှင့်ယဉ်ကျေးမှုတွေကို ထိန်းသိမ်းမြှင့်တင်မယ်၊ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်မယ်၊ ဒီလိုဆောင်ရွက်ခြင်းဟာ တိုင်းရင်းသားတွေ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာပြီး တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝမြင့်မားတိုးတက်ဖို့ ဖြစ်ပါတယ်။ အခွင့်အရေးဆိုတာကလည်း ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေနဲ့အညီ တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်ပဲ ဖြစ်ပါတယ်။အခွင့်အရေးကို ရယူမယ်ဆိုရင် တာဝန်လည်း တွဲပါလာမယ်ဆိုတာ သိရှိဖို့လည်း လိုမှာ ဖြစ်ပါတယ်။အခွင့်အရေးနဲ့ တာဝန်ကို ဒွန်တွဲပြီး တူညီတဲ့တန်ဖိုးထားမှပဲ မိမိတို့ရဲ့ လူ့အသိုက်အဝန်းဟာ တိုးတက်လာမှာ ယုံကြည်ပါတယ်။

ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ အဆိုမှာပါရှိတဲ့ လပြည့်လကွယ်ည ဓလေ့ထုံးတမ်း အစဉ်အလာလှုပ်ရှားမှုကို Facebook Social Media ကနေ Video Live လွှင့်ပြီး အသိဉာဏ်ဆင်ခြင်တုံတရားမဲ့စွာ Live လွှင့်ခဲ့တာကြောင့် Online ပေါ်မှာ အဆိုပါ တိုင်းရင်းသားများရဲ့ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာကို ပြင်းထန်စွာ ထိခိုက်နစ်နာ စေခဲ့တဲ့အဖြစ်ကို ရှောင်ရှားနိုင်အောင် တာဝန်ရှိသူများအနေနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ (၁၀၈)ကျော် နေထိုင်လျက်ရှိသော မျိုးနွယ်စုများအလိုက် ဓလေ့ထုံးစံယဉ်ကျေးမှုများ စုံလင်စွာပါရှိသော ရိုးရာပွဲတော်၊ အခမ်းအနား၊ တေးဂီတများ၊ ရိုးရာပုံပြင်များ၊ သဘာဝနှင့် စကြာဝဠာဆိုင်ရာဗဟုသုတ(လပြည့်လကွယ်နက္ခ၊ ဗေဒင်)နှင့် ရိုးရာအစဉ်အလာဓလေ့များ၊ ရိုးရာပန်းချီ၊ ပန်းပု၊ တိုင်းရင်းဆေးပညာများ၊ ဝတ်စားဆင်ယင်မှုနှင့် အဝတ်အစားများ၊ ရိုးရာဗိသုကာပညာ၊ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသော ယာဉ်ကအစ ရိုက်ကူးရေး အစီအစဉ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် လူမျိုးတစ်မျိုးနှင့် တစ်မျိုးအကြား စိမ့်ဝင်ပြန့်နှံ့နိုင်အောင် Budget တစ်ခု ထူထောင်သင့်သည်ဟု ထင်မြင်ယူဆပါတယ်။ထို့အပြင် ရှမ်းပြည်နယ်အနေနဲ့လည်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဦးစီးဌာနရုံးများ ဖွင့်လှစ်ဆောင်ရွက် မည်ဆိုပါက ပိုမိုမြန်ဆန်ထိရောက်အောင်မြင်နိုင်မယ်လို့လဲ ဖြည့်စွက်တင်ပြထောက်ခံ ဆွေးနွေးလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါမှလည်း နယ်စွန်နယ်ဖျားရှိ တိုင်းရင်းသားများ ပိုမိုပညာသင်ကြားနိုင်ခွင့် / အခွင့်အရေးများ၊ Teaching Assistant ပိုမိုခန့်အပ်ပေးနိုင်ရေးနှင့်ကျန်းမာရေး ဆိုရင်လည်း အချိန်မီကုသရေး၊ ကြိုတင်ကာကွယ် ဆေးအချိန်မီထိုးနှံပေးနိုင်ရေး၊ မရှိမဖြစ် အထူးလိုအပ်နေသော နိုင်ငံသား မှတ်ပုံတင်စိစစ်ရေးကတ်ပြားများ၊ သန့်ရှင်းသော သောက်သုံးရေ၊ လျှပ်စစ်မီးများပါမကျန်၊ စီးပွားရေးဆိုင်ရာဒေသထွက် သယံဇာတအကျိုးအမြတ်၊ ရိုးရာလက်မှုပညာပစ္စည်း ဈေးကွက်များပါရရှိလာသည်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာရော/ ရုပ်ပိုင်းဆိုင်ရာပါ ပိုမိုဖွံ့ဖြိုးလာပြီး၊ ဖွံ့ဖြိုးမှုနှင့် ဒွန်တွဲနေသော ငြိမ်းချမ်းရေးပါ ဒီထက်မက ရရှိနိုင်မည်လို့ မျှော်လင့်ရင်း နမ့်စန်

မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ အဆိုကို ထောက်ခံဆွေးနွေး တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်လှသိန်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးခွန်လှသိန်း၊ဆီဆိုင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်းရှိသေလေးစားစွာနှင့် ဆုတောင်းမေတ္တာပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ **“ တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးအတူတကွ နေထိုင်လျက်ရှိတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြသောလူမျိုးများကို ဆိုလိုပါသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများမပါဝင်ဟု ၂၀၁၅ ခုနှစ် ၊ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈၊တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း(၁)၊ ပုဒ်မ(၂)၊အပိုဒ်ခွဲ(က)တွင် ပြဋ္ဌာန်းထားပါတယ်။ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေမှာ ဘာသာရေးဆိုင်ရာ၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ယဉ်ကျေးမှုပွဲလမ်းသဘင်၊ ဘာသာစကား၊ စာပေအရေးအသား၊ မိမိတိုင်းရင်းသားတွေရဲ့သမိုင်းတွေ၊ မိမိတို့ရဲ့ရပ်ရွာနာမည်တွေ ၊ နယ်မြေအခေါ်အဝေါ်တွေ၊ လူပုဂ္ဂိုလ်အမည်နာမတွေစသဖြင့် ၎င်းတို့ လူမျိုးအသီးသီးမှာ ကြွန်အင်လက္ခဏာအဖြစ် ဖော်ထုတ်အသုံးပြုလျက်ရှိကြပါတယ်။ ဒါတင်မကဘဲ တိုင်းရင်းသားဒေသ အသီးသီးတွေမှာလည်း ယဉ်ကျေးမှုဆိုင်ရာဖြစ်တဲ့ ရှေးဟောင်းသမိုင်းဝင် ဘူမိနက်သန်နယ်မြေတွေ ၊ အရာဝတ္ထုပစ္စည်းတွေကို သူ့စာပေ၊ သုခုမ အနုပညာမျိုးစုံနှင့် ထိန်းသိမ်းကာကွယ်ခြင်း၊ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်းတွေကို အတိတ်၊ ပစ္စုပ္ပန်သာမကဘဲ အနာဂတ်အတွက်ပါ နိုင်ငံဂုဏ်ကို ထိန်းသိမ်းဆောင်ရွက်နေကြတာလည်း သိရှိကြလိမ့်မည် ဟုယုံကြည်ပါတယ်။ ဒါကြောင့် မတူကွဲပြားကြတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ ရိုးရာအစဉ်အလာ၊ သမိုင်းကြောင်းတွေကို တိုင်းရင်းသားများရဲ့ ဂုဏ်သိက္ခာအခွင့်အရေးသဖွယ် အသိအမှတ်ပြုပြီး ပြည့်ပြည့်စုံစုံထင်ဟပ်စေဖို့ အစိုးရအနေနဲ့

သင့်တင့်လျောက်ပတ်တဲ့ တွန်းအားပေးမှုတွေပြုလုပ်ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ဒီအကြောင်းအရာဟာလည်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့်ဥပဒေ အခန်း(၆)၊ပုဒ်မ(၁၄)မှာ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှုရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်ဟု ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများအတွက် ဖွံ့ဖြိုးရေးဆိုင်ရာအခွင့်အရေး ကျင့်သုံးဆောင်ရွက်တဲ့နေရာမှာလည်း အထူးသဖြင့် တိုင်းရင်းသားတို့ရဲ့အပေါ် တိုက်ရိုက်သက်ရောက်နိုင်တဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးရေးအပါအဝင် ဌာနဆိုင်ရာတွေမှာ လျော်ညီတဲ့အဆင့်နဲ့ ပါဝင်ခွင့်တွေကို တိုင်းရင်းသားတိုင်း ခွဲခြားဆက်ဆံခြင်းမရှိဘဲ ရရှိခံစားပိုင်ခွင့်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သလို ဆောင်ရွက်ပေးခြင်းဖြင့် ကျင့်သုံးအသိအမှတ်ပြုပေးစေလိုပါတယ်။ တိုင်းရင်းသားတိုင်းဟာ အမိနိုင်ငံကို ချစ်မြတ်နိုးကြပါတယ်။ ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်တာ မြင်လိုကြပါတယ်။ တည်ငြိမ်အေးချမ်းတဲ့ ဘဝမျိုးကို ပိုင်ဆိုင်လိုကြတယ်ဆိုတာ ငြင်းလို့မရတဲ့ အမှန်တရားတွေဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ လူမျိုးအရသော်လည်းကောင်း၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုအရသော်လည်းကောင်း၊ သီးခြားကွဲပြားတဲ့ ဓလေ့ထုံးတမ်းတွေရှိကြပေမဲ့ အချင်းချင်း အသိအမှတ်ပြု လေးစားပြီး အတူလက်တွဲနေထိုင်လာခဲ့ကြတာဖြစ်ပါတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်အတွက် စုံလင်လှသော အကြောင်းတရားအားလုံးကို ခြုံငုံသုံးသပ်နိုင်ပါမှ မှန်ကန်သောအဖြေဆိုတာ ရရှိနိုင်မှာဖြစ်သလို ဖြစ်စဉ်ဖြစ်ရပ်သမိုင်းကြောင်းတွေဟာ နောင်အနာဂတ်အတွက် သင်ခန်းစာ ရယူဖို့နှင့် အမှားပြင်ဆင်ဖို့ လက်နက်ကောင်းတစ်ခုလို့ ယုံကြည်ရင်း ကျွန်တော့်အနေဖြင့် နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ **“ တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်း ”** အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေ တင်သွင်းတဲ့ အဆိုကို လွှတ်တော် ကိုယ်စားလှယ်(၃)ဦးက ထောက်ခံဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဇ)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ **" တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးဦးစီးဌာနနှင့် တိုင်းရင်းသားစာပေယဉ်ကျေးမှုဦးစီးဌာန အနေဖြင့် တိုင်းရင်း သားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို အကာ အကွယ်ပေးနိုင်ရန် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြဋ္ဌာန်း ခဲ့ပါသည်။ ထိုဥပဒေတွင် အခန်း (၉)ခန်းနှင့် ပုဒ်မ ၃၄ ခုပါဝင်ပါသည်။ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အခန်း (၃) တွင် ဖော်ပြထားပြီး ပုဒ်မ ၄ (က) တွင် **"မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်"**ဟူ၍လည်း ပါရှိပါသည်။ တိုင်းရင်း သားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ အခန်း (၇)တွင် **"တားမြစ် ချက်များ"** ဟူ၍ ပုဒ်မ ၂၂ ၊ ၂၃၊၂၄ တို့ဖြင့် ဖော်ပြထားပါသည်-

ပုဒ်မ ၂၂။ မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပိတ်ပင်တားဆီး ခြင်းမပြုရ။

ပုဒ်မ ၂၃။ မည်သူမျှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စအလို့ငှာ အလွဲ သုံးစား မပြုလုပ်ရ။

ပုဒ်မ ၂၄။ မည်သူမျှ တိုင်းရင်းသားလူမျိုးများအချင်းချင်း မုန်းတီးခြင်း၊ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရ။

အခန်း (၈)တွင် **"ပြစ်ဒဏ်များ"** ဟူ၍ ပုဒ်မ ၂၅ ၊ ၂၆၊၂၇ တို့ဖြင့် ဖော်ပြထားပါသည်-

ပုဒ်မ ၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပို သော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပို သော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပို သော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း (၉)တွင် **"အထွေထွေ"** တွင် ပုဒ်မ ၂၈မှ ၃၄ အထိပါဝင်ရာ-

ပုဒ်မ ၃၁။ "ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ်သတ်မှတ်သည်"

ပုဒ်မ ၃၃။ "ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်" ဟူ၍ ပါရှိပါသည်။

အထက်ဖော်ပြချက်များအရ တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်း အစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ထိပါးတိုက်ခိုက်လာပါက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေဖြင့် တားဆီးအပြစ်ပေး အရေးယူ နိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

ထို့အပြင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်အရ Facebook Social Media မှ Video Live လွှင့်ခြင်းနှင့်ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးဥပဒေ (Cyber Law) အရ လူမှုကွန်ယက်ပေါ်တွင် ကာယကံရှင်၏ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုက်ခိုက်ခြင်းတွေ့ကြုံလာပါက ကာယကံရှင်ကိုယ်တိုင် ခိုင်လုံသော အထောက်အထား (Electronic Record)ဖြင့် တရားစွဲဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ သတင်းနှင့်နည်းပညာဌာနမှ ထုတ်ပြန်ထားပါသည်။ ထိုသို့တိုင်ကြားမှုများအတွက် ဖုန်းနံပါတ် - ၀၆၇၄၀၇၁၈၅၅ (Cyber Police)သို့လည်းကောင်း ၊ သက်သေအထောက်အထား ခိုင်လုံပါက သက်ဆိုင်ရာမြို့နယ်တရားရုံးနှင့် နယ်မြေရဲစခန်းများတွင် ဆက်သွယ်ရေးဥပဒေ (Myanmar Cyber Law)ဖြင့်လည်းကောင်း ဦးတိုက်လျှောက်ထားနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်၍ တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ်ထိတွေ့ကွင်းဆင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး အနေဖြင့် ၂၀၁၈ ခုနှစ် ၊ မေလ အတွင်းတွင် ရုံးချုပ်၏ ခွင့်ပြုချက်ဖြင့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ နောင်အင်ကျေးရွာ၌နေထိုင်သော "ထနော့" တိုင်းရင်းသား အဖွဲ့ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ပျောက်ကွယ်လုနီးပါးဖြစ်နေသော "ထနော့" တိုင်းရင်းသားမျိုးနွယ်စု၏ ရိုးရာ

ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ရိုးရာလက်မှုပညာ၊ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းများအား မှတ်တမ်းတင်ရိုက်ကူးနိုင်ရေးအတွက် အကြိမ်ကြိမ်သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ ဇွန်လအတွင်းတွင် ကလောမြို့နယ်၊ အောင်ပန်းမြို့၊ တောင်ပို့လှကျေးရွာတွင်နေထိုင်သော "ထနော့" တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့်လည်း မှတ်တမ်းတင်ရိုက်ကူးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက်သွားရောက်တွေ့ဆုံဆွေးနွေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့ဖြင့် ရိုက်ကူးရေးကို ဆောင်ရွက်နိုင်ခဲ့ပြီး ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လွတ်တော်ကိုယ်စားလှယ်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့နှင့်အတူ "ထနော့"တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုမပျောက်စေရေး ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။ လားရှိုးမြို့ရှိ မြောင်ဇီးတိုင်းရင်းသားများနှင့်တွေ့ဆုံခဲ့ပြီး မှတ်ပုံတင်ရရှိရေးအတွက် ကူညီဆွေးနွေးခဲ့ပါသည်။ ကွယ်ပျောက်ပြီဟု ယူဆရသော "ကွီ" တိုင်းရင်းသားများကို တွေ့ရှိပြီး ဖြစ်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ဆက်လက်၍ လောက်ကိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ပူးပေါင်း၍ လောက်ကိုင်မြို့နယ်၊ မူးယစ်ဆေးဝါးသုံးစွဲသူ ဆေးကုသမှုနှင့် ပြန်လည်ထူထောင်ရေးအတွက် နှစ်ကြိမ်တိုင်တိုင် ကွင်းဆင်းခဲ့ပြီး ၁၈-၉-၂၀၁၈ရက်မှစ၍ (၃၅)ရက်တိုင် သင်တန်းသား ဦးရေအယောက် (၃၀)ဦးအားပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအနေဖြင့် "ထနော့" တိုင်းရင်းသားမျိုးနွယ်စု၏ "စာပေနှင့် ယဉ်ကျေးမှုကော်မတီ" ဖွဲ့စည်းနိုင်ရေးနှင့် တိုင်းရင်းသား အခွင့်အရေးများကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေကိုသိရှိနိုင်ရန် ၎င်းတို့နေထိုင်ရာကျေးရွာများ၌ လည်းကောင်း၊ ဌာနခွဲလည်းကောင်း တွေ့ဆုံဆွေးနွေးကာ အကြံပြုချက်များပေးလျက်ရှိပါသည်။ ရုံးချုပ်မှလည်း ပြည်နယ်ဌာနခွဲအတွက် ဘတ်ဂျက်လွှဲပြောင်းပေးခြင်း မရှိသေးပါသဖြင့် ခရီးစရိတ်နှင့် လစဉ်အသုံးစရိတ်များအား ဦးစီးဌာန(ရုံးချုပ်)သို့ ညှိနှိုင်းတင်ပြပြီး ရုံးချုပ်၏ ခွင့်ပြုချက်ရရှိမှသာ သွားရောက်ကွင်းဆင်း လေ့လာနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန အနေဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

(၁) တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကို အခွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊ သုတေသနပြုခြင်းနှင့် တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ခြင်းတို့ကို စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုး တန်ဖိုးထားလိုသော စိတ်ဓာတ်များဖြစ်ပေါ်ရန် အသိပညာပေးခြင်း၊

(၃) တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကိုတိုင်းရင်းသားများကိုယ်တိုင် အလေးထား၍ လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရေးအတွက် သုတေသနနည်းပညာများ၊ သိပ္ပံနည်းကျပညာများ၊ အနုပညာဆိုင်ရာလေ့လာမှုများနှင့် သုတေသနလုပ်ငန်းများဖြင့် အားပေးမြှင့်တင်ခြင်း၊

(၅) အထက်ဖော်ပြပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုကော်မတီများမှ တာဝန်ရှိသူများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်သည့် ပြည်နယ်အဆင့် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်း မြှင့်တင်ရေး ကော်မတီကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ (၂၆-၇-၂၀၁၈)ရက်စွဲပါ စာအမှတ်(ဖင၄၃၈)/၅-၁၈၁/အစရ(ရှမ်း)ဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်၏အဆိုအားအတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်က ဒီအဆိုကို အတည်ပြုရန်သဘောတူတဲ့အတွက် ယခု နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ တင်သွင်းသော အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေတင်သွင်းသော အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်)

အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောမတူတဲ့ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ သဘောမတူတဲ့ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးလင်းအောင်ဆွေ၏ အဆိုအားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဦးခင်မောင်ဝင်း၊ညောင်ရွှေမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု စာရင်းမရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှဦးခင်မောင်ဝင်းက အဆိုတစ်ရပ် အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူ များအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခုအဆိုကို ဦးခင်မောင်ဝင်းက တင်သွင်းဖို့ဖြစ်ပါတယ်။

ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လာရောက်လေ့လာတဲ့ လေ့လာသူများ ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံးကို စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပြီး ကောင်းကျိုးလိုအင် ဆန္ဒပြည့်စုံကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ ၁၈.၉.၂၀၁၈ ရက်နေ့ ၊ အင်္ဂါနေ့ ၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုတစ်ခု တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းမည့် အဆိုကတော့ **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း"**အဆို ဖြစ်ပါတယ်။ အဆိုကတော့ ရှမ်းပြည်နယ်အတွင်း မွေးဖွားပြီး နေထိုင်လျက်ရှိသော ဒေသခံတိုင်းရင်းသား များမှာ မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ မရှိသေး သူများ အများအပြားရှိနေသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော်၏ မဲဆန္ဒနယ်၊ ညောင်ရွှေမြို့နယ်တွင် ဒေသခံပြည်သူများ၏ တင်ပြချက်အရ အိမ်ထောင်စုစာရင်း မရှိသော အိမ်ထောင်စု (၇၀၀၀)ကျော်၊ အသက် (၁၀)နှစ် ပြည့်ပြီးသူ (၅၀၀၀)ကျော်နှင့် အသက် (၁၈)နှစ် ပြည့်ပြီးသူ (၇၀၀၀)ကျော်ရှိသည်ကို တင်ပြတာကို တွေ့ရှိရပါတယ်။ ညောင်ရွှေမြို့နယ်သည် ဖွံ့ဖြိုးသည့်မြို့နယ်တစ်ခုဖြစ်သော်လည်းပဲ ယခုကဲ့သို့ လိုအပ်ချက်များရှိနေသည်ကိုတွေ့ရှိရပါတယ်။ ကျွန်တော်တို့၏ ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း

ဒီထက်မက ရှိနေမယ်လို့ ယူဆမိပါတယ်။ နယ်စွန်နယ်ဖျားတွေမှာလည်း အိမ်ထောင်စု စာရင်းတွေ မှတ်ပုံတင်တွေ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ မရှိနိုင်ဘူးလို့ယူဆလို့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ မရှိရခြင်းမှာ ဒေသခံပြည်သူ အများစုသည် ရုံးဌာနများသို့ သွားရောက်ရန် မဝံ့ရဲခြင်း၊ ကျေးလက်နေပြည်သူများ ဖြစ်သည့်အလျောက် ယင်းကဲ့သို့ ပြုလုပ်ရန်နားမလည် ခြင်း၊ ရုံးဌာနများသို့သွားရောက်ရန် စရိတ်များ မတတ်နိုင်ခြင်းစသည့် အခက်အခဲများကြောင့် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရှိရခြင်း ဖြစ်ကြောင်း တင်ပြကြပါတယ်။

မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများမရှိခြင်း ကြောင့် ၎င်းပြည်သူများ၏ ခရီးသွားလာရေး၊ ပညာရေး၊ အလုပ်အကိုင်ရှာဖွေရေး အစရှိသည့် အခွင့်အရေးများ ဆုံးရှုံးလျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား အများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာရိုးသားစွာ လုပ်ကိုင် စားသောက်နေထိုင်ကြပါတယ်။ ၎င်းတို့ လုပ်ကိုင်စားသောက်သော လယ်ယာမြေ များအား မှတ်ပုံတင်ခြင်း (ဥပမာ-ပုံစံ (၇)) ပြုလုပ်ခြင်း ကိစ္စရပ်များတွင် အခက်အခဲများ ကြုံတွေ့ရပြီး အခွင့်အရေးများ ဆုံးရှုံးလျက်ရှိပါတယ်။ ခရီးသွားလာရာမှာလည်း အခက်အခဲ များရှိပါတယ်။

ဖော်ပြပါအချက်များကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း အတူတူပင်ဖြစ် သော်လည်း တိုင်းရင်းသားလူမျိုးအခွင့်အရေးတွေဆုံးရှုံးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် အတွင်းရှိ ဒေသခံတိုင်းရင်းသားများ၏ လိုအပ်လျက်ရှိသော မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား စီမံချက်ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ပါရန် ရှမ်း ပြည်နယ်အစိုးရထံ တိုက်တွန်းကြောင်း အဆိုအား ရှမ်းပြည်နယ် လွှတ်တော်သို့ တစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာ ပါခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာ ဝဏ္ဏစိုး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်း တင်သွင်းသော **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်း ကြောင်း"**အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း၊ ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ယင်းအဆိုကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခင်မောင်ဝင်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါ့မယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်)

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးခင်မောင်ဝင်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခင်မောင်ဝင်းက တင်သွင်းတဲ့ အဆိုကို ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) ကို ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်(ဗုဒ္ဓဟူးနေ့)နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်းကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(တတိယနေ့)မှတ်တမ်း

၁၃၈၀ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်

[ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်း နှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၁၄၃)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၂.၅၂%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က) နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်း နှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့်တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ၁၉-၉-၂၀၁၈ ရက်နေ့ (တတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် ၊ မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါ တယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးအာဇေလ၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၂) ဦးဇုတ်ဒေါင်၊ ကချင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၃) ဦးဂူဆာ၊ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၄) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

(၅) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၆) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၉)ဦးရှိပြီး ယနေ့ ခွင့်ပန် ကြားသူ (၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၅)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး(တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၂၅)ဦး ရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်က သဘောတူပါသည်)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ ယနေ့တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ မိုးချေးငွေမှ စတင်၍ စိုက်ပျိုးစရိတ်ချေးငွေပုံစံသစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စိုက်ပျိုးစရိတ် ချေးငွေပုံစံဖြင့် တောင်သူများအား ချေးငွေထုတ်ချေးပေးမှုအခြေအနေနှင့်စပ်လျဉ်း၍ လွတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မိမိတို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တာနဲ့အညီ နိုင်ငံ၏ ပြည်တွင်းထုတ်ကုန် စုစုပေါင်းတန်ဖိုး GDP ၏ (၃၀)ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှ ရရှိခြင်းကို ကြည့်လျှင် သိရှိနိုင်မှာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍမှ နိုင်ငံခြားငွေရရှိရေး၊ စက်မှုကုန်ကြမ်းသီးနှံဖြည့်တင်းရေးတို့အတွက် အခြေခံကျသကဲ့သို့ ပြည်သူတို့အတွက် စားဝတ်နေရေးဟူသော အရေးသုံးစလုံးပါးဟာလည်း ဆက်စပ်လျက်ရှိတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်၏ အခြေခံထုတ်လုပ်မှုကဏ္ဍဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆက်နွယ်သော လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းနေသူများဖြစ်သည့် တောင်သူဦးကြီး များဟာ နိုင်ငံတော်ရဲ့ အဓိကအားကိုး၊ အားထားပြုရသူများ ဖြစ်သည့်အတွက် ထိုတောင်သူ လယ်သမားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့်သာမက ပြည်နယ်အစိုးရအနေဖြင့်ပါ တောင်သူလယ်သမားများအတွက် ကဏ္ဍပေါင်းစုံ ဖြည့်ဆည်းဆောင်ရွက်ပေးနေတာကို တွေ့ရှိရပြီး အဆိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု များဟာ အမှန်တကယ် စိုက်ပျိုးထုတ်လုပ်နေတဲ့ တောင်သူလယ်သမားများ လက်ဝယ်ရောက်ရှိရေးဟာလည်း အင်မတန်မှ အရေးကြီးသည့် လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။

အဆိုပါကဏ္ဍများစွာထဲမှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးမှုဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မိုးစပါးတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းမှ ကျပ်တစ်သိန်းငါးသောင်းနှုန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အခြားသီးနှံတစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းမှ ငါးသောင်းနှုန်းသို့ တိုးမြှင့် ထုတ်ချေးပေးခဲ့သည့်အပြင် ယခု ၂၀၁၈ ခုနှစ်၊ မိုးချေးငွေမှ စတင်၍ ယခင်ကျင့်သုံးခဲ့သော တောင်သူလယ်သမားသုံးဦး အစုအဖွဲ့အချင်းချင်း အာမခံသည့် ပုံစံချေးငွေစနစ်မှ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်းက ကိုယ်ပိုင်

အာမခံသည့် ချေးငွေပုံစံသစ်ဖြင့် ၁၇-၅-၂၀၁၈ ရက်နေ့မှ စတင်ထုတ်ချေးပေးခဲ့ရာ ၂၀၁၈ ခုနှစ်၊ဇွန်လကုန်တွင် အပြီးထုတ်ချေးထားပြီးလည်းဖြစ်ကြောင်း သိရှိရပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ၂၀၁၂ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလုက်မှတ် (ပုံစံ-၇) များကို (၁)နှစ်တာကာလအတွင်း တောင်သူပေါင်း (၁၉၀၀၀)ကျော်၊ ဦးပိုင်ပေါင်း (၂၇၀၀၀)ကျော်၊ ဦးပိုင်ဧရိယာပေါင်း (၇၂၀၀၀)ကျော် ထုတ်ပေးနိုင်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုပြောင်းလဲကျင့်သုံးလိုက်သော စိုက်ပျိုးစရိတ်ချေးငွေ ပုံစံသစ်ဟာ လယ်ယာမြေကို အမှန်တကယ်လုပ်ကိုင်မည့် လုပ်ကွက်ငယ် တောင်သူများအား ဦးစားပေးထားတာကို တွေ့ရှိရပြီး အမွေဆိုင်လုပ်ကွက်ဖြစ်ပါက အမွေဆိုင် အခြားမောင်နှမများ၏ သဘောတူခံဝန်ပူးတွဲ တင်ပြရခြင်းဟာလည်း တောင်သူလယ်သမားများအတွက် ပိုမိုအဆင်ပြေစေသည့်အပြင် အကြောင်းအမျိုးမျိုးဖြင့် ပုံစံ(၇)များ ရယူထားပြီး အမှန်တကယ် မြေပြင်တွင် စိုက်ပျိုးခြင်းမပြုဘဲ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူနေတဲ့ကိစ္စတစ်နည်းအားဖြင့် နိုင်ငံတော် ဘဏ္ဍာအလွဲသုံးစားပြုမှုမျာကိုလည်း ထိန်းချုပ်ရာရောက်သလို နိုင်ငံတော်မှ ထုတ်ချေးလိုက်တဲ့ စိုက်ပျိုးစရိတ်ချေးငွေများဟာလည်း အမှန်တကယ်လိုအပ်နေတဲ့ စိုက်ပျိုးစရိတ်ချေးငွေရယူလိုသူများထံသို့ အမှန်တကယ်ရောက်ရှိစေသည့် ချေးငွေပုံစံသစ်လည်း ဖြစ်ပါတယ်။

သို့သော်လည်း တောင်သူတစ်ဦးချင်း ကိုယ်တိုင်အာမခံသည့်စနစ် (ပုံစံ-၇) မူရင်းကို ဘဏ်တွင် အပေါင်ထားရခြင်းကိစ္စနှင့် မြို့နယ်ဘဏ်ခွဲမရှိသော ဒေသများရှိ တောင်သူလယ်သမားများအတွက် အခက်အခဲများ တွေ့နေကြတာကိုလည်း သိရှိရပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေပုံစံသစ်ဖြင့် ထုတ်ချေးပေးမှုအပြင် စိုက်ပျိုးစရိတ်ချေးငွေများတိုးမြှင့်ထုတ်ချေးပေးနေမှုများဟာ ရှမ်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများအတွက် အမှန်တကယ်မည်မျှထိ အကျိုးသက်ရောက်သည်ကို သိရှိဖို့လည်း လိုအပ်ပါတယ်။ သို့ပါသောကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိုးချေးငွေမှစတင်၍ စိုက်ပျိုးစရိတ်ချေးငွေပုံစံသစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စိုက်ပျိုးစရိတ်ချေးငွေပုံစံတို့ဖြင့် တောင်သူလယ်သမားများအား ချေးငွေထုတ်ချေးပေးမှု အခြေအနေနှင့်စပ်လျဉ်း၍ ပူးတွဲပေးပို့ထားပြီးဖြစ်သော ကြယ်ပွင့်ပြမေးခွန်းများကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည့်စုံစွာ ဖြေကြားပေးမယ်လို့လည်း မျှော်လင့်မိပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ လေ့လာသူ ဧည့်သည်တော်များအားလုံး

ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပထမဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကလော မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းလာတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး၊ ကျွန်တော် ဦးစိုင်းရဲနိုတစ်လုံမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မိုးချေးငွေမှ စတင်၍ စိုက်ပျိုးစရိတ်ချေးငွေပုံစံသစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေပုံစံတို့ဖြင့် တောင်သူများအား ချေးငွေထုတ်ချေးပေးမှုအခြေအနေနှင့်စပ်လျဉ်း၍ မေးခွန်း(က)ဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေပုံစံသစ်ဖြင့် စတင်ထုတ်ချေးပေးခဲ့ပြီး ယခုနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချေးငွေထုတ်ချေးပေးခဲ့သည့် တောင်သူဦးရေ မည်မျှရှိသည်ကို သိရှိလိုခြင်းနှင့်အဆိုပါ (၂)နှစ်စာ ချေးငွေပမာဏ (ကျပ်သိန်း)နှင့် တောင်သူဦးရေ နှိုင်းယှဉ်တိုးတက်မှုရှာခိုင်နှုန်း မည်မျှတိုးတက်ခဲ့ကြောင်း သိရှိလိုခြင်း မေးခွန်းကို ဦးစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရှမ်းပြည်နယ်ဘဏ်ခွဲ(၁)၊ တောင်ကြီးမြို့မှ မိုးချေးငွေထုတ်ချေးဆောင်ရွက်မှုအနေဖြင့် ရှမ်းပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေပုံစံသစ်ဖြင့် စတင်ထုတ်ချေးပေးခဲ့ရာ လူဦးရေ (၃၂၆၄၅)ဦးအား ဧက (၁၆၀၆၆)အတွက် ငွေပေါင်းကျပ် (၂၀၂,၉၃၅)သိန်းကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လူဦးရေ (၃၀၂၅၈)ဦးအား ဧက (၁၅၃၁၅၂)အတွက် ငွေပေါင်းကျပ် (၁၉၂,၉၅၀)သိန်း ထုတ်ချေးဆောင်ရွက်ပေးခဲ့ရာ အဆိုပါ (၂)နှစ်တွင် (၂)နှစ်၏ ခြားနားချက်အရ ကြည့်မယ်ဆိုရင် ယခုနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လူဦးရေ (၂၃၈၇)ဦး၊ ဧက (၇၅၁၆)၊ ငွေပေါင်းကျပ်(၉၉၅၈)သိန်း၊ ရာခိုင်နှုန်းအားဖြင့် (၄.၉)ရာခိုင်နှုန်းလျော့နည်းထုတ်ချေးပေးခဲ့တာ တွေ့ရှိရပါတယ်။ လျော့နည်းသွားရခြင်းအကြောင်းမှာ တောင်သူများအနေဖြင့် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် (ပုံစံ-၇)မူရင်းအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပ်နှံနိုင်ခြင်းမရှိသည့်အတွက် လျော့နည်းသွားရခြင်းဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

မေးခွန်း(ခ)ဖြစ်တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများအလိုက် ထုတ်ချေးပေးခဲ့သည့် ချေးငွေပမာဏနှင့် တောင်သူဦးရေ မည်မျှရှိသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တောင်ကြီးမြို့နယ်ဘဏ်ခွဲမှ တောင်သူလယ်သမားဦးရေ (၂၅၄၆)ဦးအား ဧက (၁၄၇၀၄)အတွက် ကျပ် (၂၀၃၂၉)သိန်း၊ ကလောမြို့နယ်ဘဏ်ခွဲမှ တောင်သူဦးရေ (၃၃၂၁)ဦးအား ဧက (၁၄၄၀၁)အတွက် ကျပ် (၂၀,၇၀၃.၅)သိန်း၊ ညောင်ရွှေမြို့နယ် ဘဏ်ခွဲမှ တောင်သူဦးရေ(၄၃၁၅)ဦးအား ဧက (၂၂၅၆)အတွက် ကျပ် (၂၃,၉၈၇.၅)သိန်း ကိုသော်လည်းကောင်း၊ ပင်းတယမြို့နယ်ဘဏ်ခွဲမှ တောင်သူဦးရေ(၂၅၈၇)ဦးအား ဧက (၁၁၆၇၂)အတွက် ကျပ် (၁၅,၄၈၂)သိန်း၊ လွိုင်လင်မြို့နယ်ဘဏ်ခွဲမှ တောင်သူဦးရေ (၃၇၁၃)ဦးအား ဧက (၂၁၀၆၆)အတွက် ကျပ် (၂၉,၄၂၈)သိန်း၊ ကျိုင်းတုံမြို့နယ်ဘဏ်ခွဲမှ တောင်သူ

ဦးရေ(၂၁၂)ဦးအား ဧက (၈၁၈)အတွက် ကျပ် (၁,၂၂၇)သိန်း၊ လားရှိုးမြို့နယ်ဘဏ်ခွဲမှ တောင်သူဦးရေ(၂၂၆၉)ဦးအား ဧက (၁၀၁၃၈)အတွက် ကျပ် (၁၄,၄၄၄)သိန်း၊ သီပေါမြို့နယ်ဘဏ်ခွဲမှ တောင်သူဦးရေ(၃၄၅၉)ဦးအား ဧက (၂၀၀၃၆)အတွက် ကျပ် (၁၇,၃၀၂)သိန်း၊ ကျောက်မဲမြို့နယ် ဘဏ်ခွဲမှ တောင်သူဦးရေ(၁၄၆၃)ဦးအား ဧက (၇၀၂၆)အတွက် ကျပ်(၇,၂၄၂)သိန်း၊ နောင်ချိုမြို့နယ် ဘဏ်ခွဲမှ တောင်သူဦးရေ(၁၅၅၆)ဦးအား ဧက (၇၀၀၉)အတွက် ကျပ် (၈,၃၀၇.၅)သိန်း၊ မိုးမိတ် မြို့နယ် ဘဏ်ခွဲမှ တောင်သူဦးရေ (၃၅၀၇)ဦးအား ဧက (၁၈၄၅၇)အတွက် ကျပ် (၂၇,၁၉၇.၅)သိန်း ထုတ်ချေးပေးခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်း ထုတ်ချေးပေးခဲ့သည့် မြို့နယ်ဘဏ်ခွဲ (၁၂)ခု၊ မြို့နယ်ပေါင်း (၂၈)မြို့နယ်၊ လူဦးရေပေါင်း (၃၀၂၅၈)ဦးအား ဧကပေါင်း (၁၅၃၁၅၂) အတွက် ချေးငွေကျပ် (၁၉၂,၉၅၀)သိန်း ထုတ်ချေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မေးခွန်း(ဂ)ဖြစ်တဲ့ မြို့နယ်ဘဏ်ခွဲမရှိသော မြို့နယ်များတွင် တာဝန်ယူထုတ်ချေးပေးသည့် တာဝန်ခံများနှင့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှု အခြေအနေကို သိရှိလိုခြင်း မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်မြို့နယ်အား တောင်ကြီးဘဏ်ခွဲမှလည်းကောင်း၊ ညောင်ရွှေနှင့် ရပ်စောက်မြို့နယ်အား ညောင်ရွှေမြို့နယ်ဘဏ်ခွဲမှလည်းကောင်း၊ ကလော၊ ပင်လောင်း၊ ဖယ်ခုံမြို့နယ်အား ကလောဘဏ်ခွဲမှလည်းကောင်း၊ ရွာငံမြို့နယ်အား ရွာငံမြို့နယ်ဘဏ်ခွဲမှလည်းကောင်း၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲ၊ မောက်မယ်၊ ကွန်ဟိန်း၊ မိုင်းကိုင်၊ လဲချားမြို့နယ်များအား လွိုင်လင်မြို့နယ်ဘဏ်ခွဲမှ လည်းကောင်း၊ ကျိုင်းတုံ၊ မိုင်းဖြတ် မြို့နယ်များအား ကျိုင်းတုံဘဏ်ခွဲမှလည်းကောင်း၊ လားရှိုး၊ မိုင်းရယ်၊ သိန္နီ၊ နမ္မတူမြို့နယ်များအား လားရှိုးမြို့နယ်ဘဏ်ခွဲမှ လည်းကောင်း၊ သီပေါမြို့နယ်အား သီပေါမြို့နယ်ဘဏ်ခွဲမှလည်းကောင်း၊ ကျောက်မဲမြို့နယ်အား ကျောက်မဲမြို့နယ်ဘဏ်ခွဲမှ လည်းကောင်း၊ နောင်ချိုမြို့နယ်အား နောင်ချိုမြို့နယ်ဘဏ်ခွဲမှလည်းကောင်း၊ မိုးမိတ်နှင့် မဘိမ်းမြို့နယ်အား မိုးမိတ်မြို့နယ်ဘဏ်ခွဲမှလည်းကောင်း တာဝန်ယူထုတ်ချေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြပြောကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များအားလုံး၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့နယ်မှ ဟိုလောင်းကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်း အဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့နယ်မှ ဟိုလောင်းကျေးရွာသို့ ဆက်သွယ်ထားသော လမ်းသည် အရှည် (၁၀)မိုင်ခန့် ရှိပြီး ကျဉ်းမြောင်းခြင်း၊ ကျောက်တုံး၊ကျောက်ခဲများနှင့် အလွန်တရာမှ ကြမ်းတမ်းခြင်း၊ အဆက်ဆက်ပြုပြင်ထိန်းသိမ်းမှုမရှိခဲ့သဖြင့် လမ်းဟူ၍သာ မည်ကာမတ္တ သတ်မှတ်နိုင်ပြီး၊ နွေ၊ မိုး၊ ဆောင်း တစ်ဆယ့်နှစ်ရာသီကာလပတ်လုံး ဒေသခံ ရဟန်းရှင်လူ ပြည်သူလူထုများ၊ ကျောင်းသားကျောင်းသူများ ခက်ခဲပင်ပန်းစွာ သွားလာလုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါတယ်။ ယင်းလမ်းပိုင်းကို ဖောက်လုပ်ပေးမည်ဆိုပါက တစ်ဆက်တစ်စပ်တည်း ဖြစ်သော နားခါး၊ နောင်ဟိုင်း၊ ဝမ့်ပိန်း၊ နားကော်၊ နားဖြတ်၊ နားလောင်း၊ ဟိုလောင်း ကျေးရွာများရှိ လူဦးရေ (၅၀၀၀)ခန့်အား အကျိုးပြုနိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ပြည်သူများ အမှန်တကယ်လိုအပ်နေသော မိုင်းစံမြို့မှ ဟိုလောင်းကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းပိုင်းအား မူလဘတ်ဂျက်တွင် ထည့်သွင်း လျာထားဖောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် မေးမြန်းလာတဲ့ မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့မှ ဟိုလောင်းကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် လမ်းပိုင်းအရှည် (၁၀)မိုင်ခန့်အား မြေသားလမ်းအဖြစ် နီးစပ်ရာ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် အချိန်တွင် ဖောက်လုပ်ပေးနိုင်မည်ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းရှူးမြို့နယ်၊ မိုင်းစံ-ဝမ်ပိန်း-နားကော်-နားလောင်း နားဖြတ်ကျေးရွာချင်းဆက်လမ်းသည် လမ်းအရှည် (၈)မိုင်ရှိပြီး လမ်းအဆင့်အတန်း Class C ဦးစားပေးအဆင့်(၁)မြေသားလမ်းတစ်လမ်းဖြစ်ပါတယ်။ အဆိုပါမိုင်းစံ-ဝမ်ပိန်း-နားကော်-နားလောင်း-နားဖြတ်လမ်းနှင့် ဆက်သွယ်သည့် ဟိုလောင်းကျေးရွာအဝင်လမ်း လမ်းအရှည် (၂)မိုင်ရှိသော ကျေးလက်လမ်းစာရင်းတွင် မပါဝင်သည့် မြေသားလမ်းတစ်လမ်းဖြစ်ပါတယ်။ မိုင်းစံ-ဝမ်ပိန်း-နားကော်-နားလောင်း-နားဖြတ် လမ်း (၈)မိုင်အား မြေသားလမ်းအဖြစ် ဖောက်လုပ်ရန် (၁၃)နှစ် စီမံကိန်းပါအတိုင်း ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ်အတွက်

မြို့နယ်စီမံကိန်းလျာထားချက်များ ပြုစုရာတွင် မြို့နယ်အတွင်း ဦးစားပေးလိုအပ်ချက်အလိုက် မြို့နယ်မှ ထည့်သွင်းလျာထားတင်ပြလာပါက ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းတွင် လျာထားတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျန်ရှိသော ဟိုလောင်းရွာ အဝင်လမ်း (၂)မိုင်သည် ကျေးလက်လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးပါ၍ ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်း၍ မှတ်ပုံတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်ဆောင်ရွက်ပြီးပါက သင့်လျော်သော ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းသွားမဲ့ မေးခွန်းကတော့ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့ရှိ မြို့မရဲစခန်းတွင် ရဲအင်အားတိုးချဲ့ပေးမှုနှင့် အချုပ်ခန်း တိုးချဲ့ ဆောက်လုပ်ပေးမှု အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့ရှိ မြို့မရဲစခန်းတွင် ဖွဲ့စည်းပုံအရ အရာရှိ(၁၉)ဦး၊ အခြားအဆင့် (၇၇)ဦး၊ စုစုပေါင်း (၉၆)ဦးရှိရာ လက်ရှိတွင် အရာရှိ (၁၃)ဦး၊ အခြားအဆင့် (၆၂)ဦး၊ စာရေး(၂)ဦး၊ စုစုပေါင်း(၇၇)ဦး ရှိပါတယ်။ မဘိမ်းမြို့နယ်သည် လူဦးရေနည်းသော်လည်း နယ်မြေကျယ်ဝန်းလှပါတယ်။ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ကချင်ပြည်နယ်တို့နှင့် ဆက်စပ်လျက်ရှိပြီး ဝေးလံခေါင်းပါးသောဒေသ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ရောင်းဝယ်မှုများ ပေါများပြီး ကုန်သည်များသွားရာ လမ်းကြောလည်း ဖြစ်ပါတယ်။ လက်ရှိ ရဲတပ်ဖွဲ့ဝင်များကိုလည်း မြို့မရဲစခန်းအပြင် ငါးအိုးရဲကင်း၊ ရွှေလီမြစ်ကူးတံတား ရဲကင်းတို့ပါ ထားရသောကြောင့် မလုံလောက်ပါ။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့မရဲစခန်းတွင် အလျား (၂၀)ပေ၊ အနံ(၂၀)ပေ၊ အမြင့် (၁၁)ပေ ယောကျ်ားအချုပ်ခန်းတွင် (၁၀)ဦး ထားရန် သတ်မှတ်ထားသော်လည်း ၁၈-၇-၂၀၁၈ ရက်နေ့တွင် (၂၇)ဦးထားရပါတယ်။ တစ်ခါတစ်လေ (၄၀)ဦး ဝန်းကျင်အထိ ထားရပါကြောင်း သိရှိရပါတယ်။ အမျိုးသမီးအချုပ်ခန်းသည် အလျား(၂၀) ပေ၊ အနံ(၁၀)ပေ၊ အမြင့်(၁၁)ပေရှိပါတယ်။ ထားရမည့် လူဦးရေမှာ(၅)ဦး ထားရမည့်အစား ယခု (၆)ဦးထားရပါတယ်။ တစ်ခါတစ်လေ (၁၅)ဦးအထိ ရှိပါတယ်။ အမှုအများစုမှာ မူးယစ်ဆေးဝါးမှုများသာ များပါတယ်။

သို့ပါသောကြောင့် ပြစ်မှုကျူးလွန်သူများ ရှာဖွေဖမ်းဆီးနိုင်ရေးအတွက် နယ်မြေကျယ်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား အားနည်းနေပါတယ်။ ဖမ်းဆီးရမိပြန်သော်လည်း အချုပ်ခန်း မဖောက်အောင် များစွာ ကြိုးစားဆောင်ရွက်နေရပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အင်အား တိုးချဲ့ခန့်ထားမှု အစီအစဉ် ရှိ/မရှိနှင့် အချုပ်ခန်းအသစ် တိုးချဲ့တည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းသည် လူထုကိုယ်စားရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ညို မေးမြန်းလာတဲ့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့သည် နယ်မြေကျယ်ဝန်းသဖြင့် ပြစ်မှုကျူးလွန်သူများ ရှာဖွေဖမ်းဆီးနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား အားနည်းခြင်းနှင့် ဖမ်းဆီးရ မိသော်လည်း အချုပ်ခန်း မဖောက်အောင်များစွာ ကြိုးစားဆောင်ရွက်နေရပါသဖြင့် မဘိမ်းမြို့ရှိ မြို့မရဲစခန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား တိုးချဲ့ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် အချုပ်ခန်းအသစ် တိုးချဲ့တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည် ဆိုသည့်ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့(လားရှိုး)နယ်မြေအတွင်းရှိ မဘိမ်းမြို့နယ်၊ မဘိမ်းမြို့မ ရဲစခန်းတွင် ဖွဲ့စည်းပုံအရ အရာရှိ(၁၂)ဦး၊ အခြားအဆင့် (၆၉)ဦး၊ ပေါင်း (၈၁)ဦးခန့် ထားရမည်ဖြစ်သော်လည်း လက်ရှိတွင် အရာရှိ (၆)ဦး၊ အခြားအဆင့် (၅၆)ဦး၊ ပေါင်း (၆၂)ဦးရှိပါတယ်။ ဖွဲ့စည်းပုံအရ လိုအပ်သော အရာရှိ (၆)ဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့သို့ ပြောင်းဝင်ရောက်ရှိလာသော အရာရှိများရှိပါက အင်အား ပြည့်စုံအောင် ဖြည့်တင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အခြားအဆင့် လိုအပ်သည့် (၂၂)ဦး အား မဘိမ်းမြို့နယ်ရဲတပ်ဖွဲ့မှုးမှ ဦးစီးပြီး ရဲတပ်ဖွဲ့သို့ ဝင်ရောက်လိုသည့် အရပ်သားများကို စုဆောင်းပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် ရဲတပ်သားသစ်များစုဆောင်းကာ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်စေပြီး သင်တန်းဆင်းပါက မဘိမ်းမြို့မ ရဲစခန်းသို့ ပြန်လည် ဖြည့်တင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မဘိမ်းမြို့မရဲစခန်းအချုပ်တွင် တရားခံ(ကျား) (၁၈)ဦး၊ တရားခံ(မ)(၅)ဦးသာ ချုပ်နှောင်ထားနိုင်သည့် အချုပ်ခန်း(၂)ခုအား လက်ရှိတွင် အမှုနှင့် ရင်ဆိုင်နေရသူနှင့် ရီမာန်ကာလချုပ်နှောင်ထာသူ တရားခံ(ကျား)(၃၉)ဦး၊ တရားခံ(မ)(၁၃)ဦးအား ချုပ်နှောင်ထားရှိမှုနှင့် ပတ်သက်၍ တာဝန်ရှိသူ စခန်းမှူးအား အချုပ်ခန်းတိုးချဲ့ ဆောက်လုပ်ခွင့်ပြုရန် အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြဆောင်ရွက်သွားရန်နှင့် ခန့်မှန်းကုန်ကျငွေ၊

ဆောက်လုပ်မည့်ပုံစံများ တွက်ချက်တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လမ်းညွှန်ထား ရှိပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအားလုံး၊ လေ့လာသူအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းသွားမဲ့ မေးခွန်းကတော့ အောင်ဘာလေထီနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အောင်ဘာလေနဲ့ပတ်သက်ပြီးတော့ ၂၀၁၇ ခုနှစ်မှာလည်း မေးမြန်းခဲ့ပြီး ဖြစ်ပါတယ်။ ထိုမေးခွန်းမေးမြန်းစဉ် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇)တွင် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားသွားတာလည်း ရှိပါတယ်။ အောင်ဘာလေထီ ဥပဒေနဲ့ပတ်သက်ပြီးတော့ မြေပြင်မှာ ကိုက်ညီမှုမရှိဘူးဆိုရင်လည်း ဥပဒေပြုလွှတ်တော်မှာ တင်ပြပြီး ပြုပြင်ပြောင်းလဲနိုင်ပါကြောင်း ပြောကြားလိုပါတယ်လို့ ဖြေကြားသွားတာရှိပါ တယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

အောင်ဘာလေထီနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ရောင်းဈေးဟာ ကျပ် (၅၀၀) ကျကာ ယခုထီတစ်စောင်ကို ကျပ်(၆၀၀)ကျပ်နဲ့ရောင်းပါတယ်။ ဒါဟာလည်း တောင်ကြီး မြို့ရဲ့ ထင်ရှားတဲ့ဆိုင်ကြီးတွေမှာ ရောင်းချနေတာဖြစ်ပါတယ်။ ဒီလို ထီတစ်စောင်ကို (၆၀၀)ကျပ်နဲ့ တောင်ကြီးမြို့ပေါ်မှာ ထင်ထင်ရှားရှားရောင်းနေပါလျက် ဌာနဆိုင်ရာတွေက ဘာကြောင့်မစုံစမ်းသလဲ၊ ဘာကြောင့် စစ်ဆေးမှုမပြုလုပ်ခဲ့သလဲဆိုတာကို ကျွန်တော်တို့ အထူးလေ့လာဖို့ လိုပါတယ်။ ထီတစ်စောင်ကို (၆၀၀)ကျပ်နဲ့ရောင်းလိုက်တဲ့အတွက် ထီထိုး သူဟာ (၁၀၀)ကျပ်ပိုပေမယ့် လူဦးရေ(၁၀၀၀၀) ကို (၁၀)စောင်နှုန်းနဲ့တွက်မယ်ဆိုရင် ကျပ်သိန်းပေါင်း (၁၀၀) နိုင်ငံတော်အတွက် နစ်နာပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို မေးမြန်း ရခြင်း ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ယနေ့အထိ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေ သိန်းဆု ဌာနခွဲမှ အောင်ဘာလေ သိန်းဆုလက်မှတ် ၅၀၀/-(ကျပ် ငါးရာ)ဖြင့် ရောင်းချ ခြင်းရှိ/မရှိကို တရားဥပဒေစိုးမိုးရေးကို အကြောင်းပြု၍ သက်ဆိုင်ရာဌာနများက စုံစမ်း မေးမြန်းခြင်းရှိ/မရှိ အများပြည်သူများသိရှိရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ လေ့လာသူဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပထမဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း မေးမြန်းလာတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး၊ ကျွန်တော် ဦးစိုင်းရဲန်တစ်လုံမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ အောင်ဘာလေသိန်းဆုလက်မှတ်ရောင်းချသော ဆိုင်များသည် အောင်ဘာလေသိန်းဆုလက်မှတ်တစ်စောင်လျှင် ကျပ်(၅၀၀/-)ဖြင့် ရောင်းချခြင်းရှိ/မရှိကို သက်ဆိုင်ရာဌာနများမှ စုံစမ်းမှုပြုလုပ်ခြင်း ရှိ/မရှိ သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထီဈေးနှုန်းတိုးမြှင့်ရောင်းချနေမှုသည် ပြည်သူလူထု၏အခြေခံ နေ့တွက် လုပ်ခနှင့် ဆက်စပ်လျက်ရှိကြောင်း အနည်းငယ်ရှင်းလင်း တင်ပြလိုပါတယ်။ အခြေခံ နေ့တွက် လုပ်ခ (၃)ကျပ် (၁၅)ပြားရရှိသည့် အချိန်တွင် ထီတစ်စောင်၏ ရောင်းဈေးသည် (၂)ကျပ်ဖြစ်ပြီး ထီစာအုပ်တွင် (၁၁)စောင်ပါရှိခြင်းကြောင့် ထီတစ်အုပ်ရောင်းချပြီးချိန်၌ လက်လီထီရောင်းချသူ တစ်ဦးအနေဖြင့် ကော်မရှင်ခ (၂)ကျပ် ရရှိမှာ လေ့လာတွေ့ရှိရပါတယ်။ ထီရောင်းချသူတစ်ဦးအနေဖြင့် တစ်ရက်တွင် ထီ(၂)အုပ်ရောင်းချရုံဖြင့် ယင်းခေတ်ကာလ ရရှိမည့် အခြေခံနေ့တွက် လုပ်ခအား ပြည့်မီခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဈေးကွက်အတွင်း အောင်ဘာလေထီရောင်းချမှု အခြေအနေများမှာ အောင်ဘာလေသိန်းဆုဌာနခွဲမှ တိုက်ရိုက်ဝယ်ယူသူ၏ ပင်ရင်းထီဆိုင်၊ ယင်းမှတစ်ဆင့် ကိုယ်စားလှယ်ထီဆိုင်၊ ကိုယ်စားလှယ်မှ ထပ်ဆင့်ဖြန့်ဖြူးရောင်းချသော လမ်းလျှောက် ထီရောင်းချသူဆိုင်ကယ်၊ ကားနှင့် ရောင်းချသူအဆင့်ထိ အဆင့်ဆင့်သော ဖြန့်ဖြူးသူများမှ ဈေးကွက်သဘောသဘာဝအတိုင်း လိုအပ်ချက်အပေါ် မူတည်၍ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်းလည်း တွေ့ရှိရပါသည်။

ယနေ့အချိန်တွင် အခြေခံနေ့တွက်လုပ်ခသည် ကျပ် (၅၀၀၀)ခန့် ရှိနေခြင်းကြောင့် ကျပ် (၅၀၀)တန် ထီစာအုပ် (၁၀)အုပ်ခန့် ကုန်စင်အောင် ရောင်းချနိုင်မှသာ လက်လီရောင်းချသူအနေဖြင့် ရရှိမည့် ကော်မရှင်ခသည် နေ့တွက်လုပ်ခပမာဏနှင့် ညီမျှမှုရှိနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခင်ကျပ် (၁၀၀)တန် ထီလက်မှတ်များ ထုတ်ဝေရောင်းချခဲ့စဉ်က ထီတစ်စောင်တန်ဖိုးသည် ပြင်ပပေါက်ဈေးကျပ် (၂၀၀)ခန့်ထိ ရောင်းချခဲ့သည့်အတွက် ထီဈေးနှုန်းမှာ ၁၀၀% ထိမြင့်တက်ခဲ့သော်လည်း ကျပ် (၂၀၀)တန် ထီလက်မှတ်များ ထုတ်ဝေရောင်းချခဲ့စဉ်က ထီတစ်စောင်တန်ဖိုးသည် ပြင်ပပေါက်ဈေးကျပ် (၃၅၀)ခန့်ထိ ရောင်းချခဲ့သည့်အတွက် ထီဈေးနှုန်းမှာ ၇၅% ထိသာမြင့်တက်ခဲ့ပြီး ယခုကျပ် (၅၀၀)တန် ထီလက်မှတ်များ ထုတ်ဝေရောင်းချခဲ့သည့်အချိန်တွင် ပြင်ပပေါက်ဈေး ကျပ်(၆၀၀)ခန့် ရောင်းချခဲ့သည့်အတွက် ၃၅%ခန့်သာ မြင့်တက်သဖြင့် ပြင်ပထီဈေးနှုန်း တိုးမြင့်မှုလျော့ကျလာကြောင်း တွေ့ရှိရပါသည်။

လက်ရှိတွင် ပြင်ပထီဈေးနှုန်းကျဆင်းလာစေရန်အတွက် ကျပ် (၁၀၀၀)တန် ထီလက်မှတ်များ တိုးချဲ့ထုတ်ဝေရောင်းချနိုင်ရေးအတွက် ပြည်တွင်း အခွန်များ ဦးစီးဌာန အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ နိုင်ငံတော်မှ ထုတ်ဝေသည့် ထီလက်မှတ်တန်ဖိုးများ တိုးမြင့်ရောင်းချခြင်းဖြင့် အချိန်ကာလတစ်ခုရောက်ရှိချိန်တွင် ပြင်ပထီပေါက်ဈေးနှင့် ဌာနမှရောင်းချသည့် သတ်မှတ်ဈေးနှုန်းတို့သည် ခြားနားမှုမရှိ တူညီသွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ထိုအခြေအနေများကို လေ့လာပါက နိုင်ငံတော်မှ သတ်မှတ်ရောင်းချသည့် ထီဈေးနှုန်းတိုးမြင့်မှုသည် အခွန်ရရှိရေး၊ ချီးမြှင့်မည့်ဆုကြေးနှင့် ဆုမဲပမာဏမြင့်မားလာခြင်းကြောင့် ပြည်သူတို့၏ မျှော်လင့်ချက် မြင့်မားမှုနှင့် ပြင်ပထီ ဈေးနှုန်းမြင့်မားခြင်းကို တစ်ဖက်တစ်လမ်းမှ ထိန်းချုပ်နိုင်မယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

လက်ရှိအချိန်တွင် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ အောင်ဘာလေသိန်းဆုကဏ္ဍမှ လစဉ်အခွန်ရငွေများ ပိုမိုတိုးမြင့်ရရှိရေး၊ ထီဝယ်ယူ ရောင်းချလိုသူများ၏ ဝယ်လိုအား လိုအပ်ချက်မရှိစေရေးနှင့် ပြင်ပတွင် ဝယ်လိုအား မြင့်မားမှု ကြောင့် ထီဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေးတို့အတွက် အကြိမ်အလိုက် အောင်ဘာလေထီလက်မှတ်များကို မှာယူသည့်အရေအတွက်အတိုင်း အခြေခံ၍ အကွာရာလုံးရေ တိုးမြင့်ထုတ်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ပြင်ပတွင် ရောင်းဈေးကြီးမြင့်မှုသည် အခြေခံနေ့တွက်လုပ်ခနှင့် ဆက်စပ်လျက်ရှိသဖြင့် တစ်နိုင်တစ်ပိုင်ထီရောင်းချသူများ တစ်နေ့ရောင်းချနိုင်တဲ့ ထီစာအုပ်အရေအတွက်နှင့်ငင်းတို့၏ အခြေခံနေ့တွက်လုပ်ခ ကာမိစေရေးအတွက် ထီလက်မှတ်တန်ဖိုးများအား တိုးမြှင့်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်းနှင့် စုံစမ်းစစ်ဆေးအရေးယူ ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ မိုးကြိုးအန္တရာယ်နဲ့ပတ်သက်ပြီးတော့ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လျှပ်စစ်အန္တရာယ်နဲ့ပတ်သက်ပြီးတော့ ၂၀၁၆ ခုနှစ်မှာ (၅၉)ဦးသေဆုံးခဲ့ပါတယ်။ ထိုထဲတွင် ကလေး (၁၀)ဦးသေဆုံးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ (၄၀)ဦးသေဆုံးခဲ့ပြီး ကလေး

(၅)ဦးပါပါတယ်။ ရန်ကုန်မြို့မှာ မကြာမီကပဲ ကလေးတစ်ဦး လျှပ်စစ်ဝါယာကြိုးရှော့ဖြစ်ပြီး သေဆုံးခဲ့တာလည်း ရှိပါတယ်။ လျှပ်စစ်အန္တရာယ်နဲ့ မိုးကြိုးအန္တရာယ်တို့ဟာ မြန်မာနိုင်ငံအနှံ့မှာ ဖြစ်ပေါ်နေတာဖြစ်တဲ့အတွက် ပြည်သူလူထုထဲတွင် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်လာသည့်အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ရှမ်းပြည်နယ်အတွင်းရှိ မြို့များမှ ကျေးရွာများအထိလည်းကောင်း၊ စာသင်ကျောင်းများအထိလည်းကောင်း၊ ရွှေလျားမိုဘိုင်းဖုန်းများမှ လည်းကောင်း၊ လျှပ်စစ်အန္တရာယ်၊ မိုးကြိုး အန္တရာယ်များ၏ အသိပညာပေး ဟောပြောပွဲများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ကပ်ခြင်းများ၊ သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒေါက်တာအောင်သန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့များမှ ကျေးရွာများအထိလည်းကောင်း၊ စာသင်ကျောင်းများအထိလည်းကောင်း၊ ရွှေလျားမိုဘိုင်း ဖုန်းများမှ လည်းကောင်း၊ လျှပ်စစ်အန္တရာယ်၊ မိုးကြိုးအန္တရာယ်များ၏ အသိပညာပေး ဟောပြောပွဲများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ကပ်ခြင်းများ၊ သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း၌ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လ ၂၀ ရက်နေ့အထိ ကာလအတွင်း အောက်ဖော်ပြပါ သဘာဝဘေးအသိပညာပေးလုပ်ငန်းပေါင်း (၁၂၂)ကြိမ်အား ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်-

(က) ပြည်နယ်အဆင့် သဘာဝဘေးလျော့ပါးရေးအလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ်

(ခ) မြို့နယ်အဆင့် သဘာဝဘေးလျော့ပါးရေးအလုပ်ရုံဆွေးနွေးပွဲ (၄)ကြိမ်

(ဂ) မြို့နယ်အဆင့်သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်း (၉)ကြိမ်

(ဃ) ငလျင်ဇာတ်တိုက်လေ့ကျင့်ခန်း (၆)ကြိမ်

(င) ရပ်ကွက်/ ကျေးရွာအဆင့် သဘာဝဘေးအသိပညာပေးဟောပြောပွဲ (၆၂)ကြိမ်

(စ) တက္ကသိုလ်/အခြေခံပညာကျောင်းများတွင် ဟောပြောမှု (၄၁)ကြိမ်

အဆိုပါ အသိပညာပေးမှုများပြုလုပ်ရာတွင် မိုးကြိုးဘေးအပြင် အခြားသဘာဝဘေး အန္တရာယ်များဖြစ်သည့် မီးဘေး၊ ရေဘေး၊ လေဘေး၊ မြေပြိုဘေးနှင့် ငလျင်ဘေးများ အတွက်ပါ ထည့်သွင်းပညာပေး ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ကမ်းစာစောင်အရေအတွက် (၄၀၀၀၀)ခန့် ကိုလည်း တစ်ပါတည်း ဖြန့်ဝေပေးခဲ့ပါတယ်။

ထို့အပြင် ၂၀၁၈ ခု၊ နှစ်ကုန်အထိ ကာလအတွင်း အောက်ဖော်ပြပါအတိုင်း ပညာပေး လုပ်ငန်း (၉၆)ကြိမ်ခန့်ကိုလည်းကောင်း၊ လက်ကမ်းစာစောင်အရေအတွက် (၁၂၀၀၀)ခန့်ကို လည်းကောင်း ဆက်လက်ဖြန့်ဝေ ဆောင်ရွက်သွားမည်ဖြစ်ပြီး မိုဘိုင်းဖုန်းများမှတစ်ဆင့် သဘာဝဘေးအသိပညာပေးမှုအား DAN Mobile Application ဖြင့်လည်းကောင်း၊ ပုံနှိပ် မီဒီယာအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ (၃)လ(၁)ကြိမ် ထုတ်ဝေသော မဏ္ဍိမေခလာမဂ္ဂဇင်းနှင့် တစ်လတစ်ကြိမ်ထုတ်ဝေသော သတင်းလွှာစာစောင်များဖြင့်လည်းကောင်း၊ သတင်းစာနှင့် ရုပ်မြင်သံကြားအစီအစဉ်များတွင် အသံလွှင့်ချက်များ၊ ဆောင်းပါးများထုတ်လွှင့်ခြင်းဖြင့် ရှမ်းပြည်နယ်အပါအဝင် တစ်ပြည်လုံး အတိုင်းအတာအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့်နှစ်များတွင် ယခုထက် ပိုမို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်

(က) ပြည်နယ်အဆင့် သဘာဝဘေးလျော့ပါးရေးအလုပ်ရုံဆွေးနွေးပွဲ (၂)ကြိမ်

(ခ) မြို့နယ်အဆင့် သဘာဝဘေးလျော့ပါးရေးအလုပ်ရုံဆွေးနွေးပွဲ (၄)ကြိမ်

(ဂ) မြို့နယ်အဆင့်သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်း (၆)ကြိမ်

(ဃ) ငလျင်ဇာတ်တိုက်လေ့ကျင့်ခန်း (၄)ကြိမ်

(င) ရပ်ကွက်/ ကျေးရွာအဆင့် သဘာဝဘေးအသိပညာပေးဟောပြောပွဲ (၃၀)ကြိမ်

(စ) တက္ကသိုလ်/ အခြေခံပညာကျောင်းများတွင် ဟောပြောမှု (၅၀)ကြိမ် တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်း က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနဲ့ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းသွားမဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နှင်းရေးနှင့် လောင်းကစားကိစ္စများကို ရှမ်းပြည်နယ်

အစိုးရအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်နေသည်ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်ဟာ မူးယစ်ဆေးဝါးအများဆုံးထွက်ရှိရာ ဒေသအဖြစ် သတ်မှတ်ခြင်းခံထားရတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ထို့အတူ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်း လိုလိုတွင် လောင်းကစားမှုများဟာဆိုရင်လည်း အနည်းနဲ့အများ ရှိနေတယ်ဆိုတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တစ်ခုလုံးကို ခြုံငုံပြီး ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေမှာ တွေ့ရှိတဲ့ အချက်အလက်တွေကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့ရဲ့မဲဆန္ဒနယ်အတွင်းရှိ ကျေးရွာအုပ်စုများနှင့် ဝေးလံခေါင်သီသောမြို့နယ်များရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် လေ့လာတွေ့ရှိရသည်မှာ မူးယစ်ဆေးဝါးများသည် လက်တစ်ကမ်းတွင် လွယ်ကူစွာ ဝယ်ယူသုံးစွဲပြီး ဈေးနှုန်းများမှာလည်း လူတိုင်းဝယ်ယူနိုင်တဲ့ သက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူလို့ ရနိုင်တာကို တွေ့ရှိရပါသည်။ ဥပမာ-WY စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြားလျှင် ၂၀၀ ကျပ်နှုန်းဟု စုံစမ်းသိရှိရပါတယ်။ ထို့အပြင် အချိန်မရွေး ဝယ်ယူသုံးစွဲရရှိနိုင်သည့် အနေအထား ဖြစ်ပေါ်နေပါတယ်။ ထိုဒေသရှိ လူငယ်အများစုမှာ အထက်ပါအကြောင်းအရာများကြောင့် မူးယစ်ဆေးဝါးသုံးစွဲသူများ တစ်နေ့တစ်ခြား ပိုမိုများပြားလာပါတယ်။ ထိုကဲ့သို့ များပြားလာခြင်းကြောင့် ဒေသအတွင်းရှိ စာသင်ကျောင်းများရှိ ကလေးငယ်များ၏ အခြေအနေမှာလည်း စိုးရိမ်ပူပန်ရသည့် အနေအထားတွင် ရောက်ရှိနေပါတယ်။ ထို့အတူ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး နောက်ဆက်တွဲပြဿနာဖြစ်တဲ့ လောင်းကစားကိစ္စများဟာလည်း ဆက်တိုက်ဖြစ်ပေါ်နေပါတယ်။ ဥပမာအားဖြင့် အချို့သော မြို့နယ်များရှိ စာသင်ကျောင်းနှင့် အနီးတစ်ဝိုက်တွင် လောင်းကစားကိစ္စများ လွယ်ကူစွာဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။

ထိုကဲ့သို့ မူးယစ်ဆေးဝါးများ ဖောင်းပွမှုဖြစ်ခြင်း၊ လောင်းကစားများ တစ်နေ့တစ်ခြား ပိုမိုများပြားလာသည့်အတွက် အိုးအိမ်စည်းစိမ် လုံခြုံမှုအတွက် စိတ်မအေးရသည့် အခြေအနေဖြစ်ပေါ်လာပါတယ်။ လူငယ်အများစုမှာ စာရိတ္တပျက်ပြားနေပြီး ပတ်ဝန်းကျင်အတွက် အစစအရာရာ စိုးရိမ်နေရသည့်အနေအထား ဖြစ်ပေါ်နေပါတယ်။ ၎င်းအခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာကြောင်း သိရှိခံစားနေရပါတယ်။ ယခုအခါ မူးယစ်ဆေး၏ဆိုးကျိုးကိုသိရှိပြီး ပြုပြင်လိုသူများမှာ မိမိတို့ဆန္ဒအလျောက် ဆေးဖြတ်ခြင်းများ၊ အစုအဖွဲ့ငယ်များဖြင့် ဆေးဖြတ်ခြင်းများ ပြုလုပ်နေကြပါတယ်။ သို့သော် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိခြင်းကြောင့် အသက်အန္တရာယ် ထိခိုက်စေနိုင်ပြီး အချို့မှာ မူးယစ်ဆေးဝါးပြန်လည်အသုံးပြု၍ မူးယစ်သံသရာထဲ ပြန်လည် သွားကြပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိအခြေအနေတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် လောင်းကစားမှုများအား အမြန်ဆုံးကင်းစင်ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို အောက်ပါမေးခွန်းများဖြင့် မေးမြန်းတင်ပြအပ်ပါတယ်-

(၁) မူးယစ်ဆေးဝါးအန္တရာယ်အား ရှမ်းပြည်နယ်အတွင်းတွင် မည်ကဲ့သို့ နှိမ်နှင်းဆောင်ရွက်နေသည်ကို သိရှိလိုခြင်း။

(၂) ရပ်ကျေးအဆင့်တွင် မူးယစ်ဆေးဝါးဖြတ်လိုသူများကို မည်ကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည်ကို သိရှိလိုခြင်း။

(၃) လောင်းကစားမှုများ ပပျောက်အောင် မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိရှိလို၍ ပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်းမှ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နှင်းရေးနှင့် လောင်းကစားကိစ္စအား မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း အောက်ဖော်ပြပါ အချက်(၃)ချက်ဖြင့် မေးမြန်းလာပါတယ်-

(၁) မူးယစ်ဆေးဝါးအန္တရာယ်အား ရှမ်းပြည်နယ်အတွင်းတွင် မည်ကဲ့သို့ နှိမ်နှင်းဆောင်ရွက်နေသည်ကို သိရှိလိုခြင်း။

(၂) ရပ်ကျေးအဆင့်တွင် မူးယစ်ဆေးဝါးဖြတ်လိုသူများကို မည်ကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည်ကို သိရှိလိုခြင်း။

(၃) လောင်းကစားမှုများ ပပျောက်အောင် မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မေးခွန်း(က)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နယ်မြေအတွင်း (၁-၁-၂၀၁၈) ရက်နေ့မှ (၁၉-၈-၂၀၁၈)ရက်နေ့အထိ မူးယစ်ဆေးဝါးအမှုများနှင့်စပ်လျဉ်း၍ အမှုပေါင်း (၁၆၈၄)မှု၊ တရားခံ(ကျား) (၂၀၅၉)ဦး၊ တရားခံ(မ) (၂၉၀)ဦးတို့အား အမှုဖွင့်အရေးယူထားရှိပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နှင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး မဟာဗျူဟာအရလည်းကောင်း၊

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်အရလည်းကောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်/ သယ်ဆောင်/ ရောင်းဝယ်သော သတင်းများကို စုဆောင်းဖော်ထုတ်ဖမ်းဆီးခြင်း၊ ရှောင်တခင်ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းတို့ကို တပ်မတော်၊ မူးယစ်အထူးအဖွဲ့များနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်ပြီး ဝင်ထွက်နိုင်သော ကုန်းလမ်း၊ ရေလမ်းခရီးများတွင် ပူးပေါင်းအဖွဲ့ဖြင့် ရှောင်တခင်ပိတ်ဆို့ ရှာဖွေဖမ်းဆီးခြင်း၊ အမာခံသတင်းပေးများ မွေးမြူထားရှိပြီး နေအိမ်/ အဆောက်အဦများသို့ ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်း၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများဖြစ်ကြသော ဓာတုပစ္စည်းများ၊ ရိုက်စက်များ၊ စစ်ဆေးရှာဖွေခြင်း၊ နယ်မြေခံ ရပ်ကွက်/ ကျေးရွာအုပ်ချုပ် ရေးမှူးများနှင့် ပူးပေါင်းကာ ပိုက်စိပ်တိုက် ဖော်ထုတ်ရှာဖွေ ဖမ်းဆီးခြင်း၊ ပြည်နယ်အဆင့် အထူးမူးယစ်ဆေးဝါး ဖမ်းဆီးရေးအဖွဲ့များနှင့် ပေါင်းစပ်ကာ မြို့နယ်/ ရပ်ကွက်/ ကျေးရွာများ အတွင်းသို့ ရရှိသောသတင်းပေါ်မူတည်၍ ကွက်ပြည့်နင်းဖော်ထုတ်ဖမ်းဆီးခြင်း၊ကျောင်းသား လူငယ် လူရွယ်များအား အသိပညာပေးဟောပြောခြင်း တို့ဖြင့် နှိမ်နှင်းဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေးဟောပြော ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါတယ်။ မူးယစ်ဆေးဝါး၏ အန္တရာယ်ကို နက်နက်နဲနဲသိမြင်ပြီး ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဟောပြောပွဲများကိုလည်း ဒေသခံ လူထုများမှ တက်ရောက်ဆွေးနွေးခြင်းများ ပြုလုပ်ကြရန် လိုအပ်ပါတယ်။ ရှမ်းပြည်နယ် အတွင်း မူးယစ်ဆေးဝါးများ လုံးဝပပျောက်ရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဘက်အဖွဲ့အစည်းများသာမက ပြည်သူလူထုမှလည်း တတ်နိုင်သမျှ ပူးပေါင်းကူညီမှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

မေးခွန်း(ခ)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးဖြတ်လိုသူများနှင့် ပတ်သက်၍ ရပ်ကွက်/ ကျေးရွာအဆင့်တွင် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး များမှ ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေပြီး၊ ဒုတိယဥက္ကဋ္ဌအဖြစ် မြို့မရဲစခန်းများမှ အခြားအဆင့် ရဲတပ်ဖွဲ့ဝင်(၁)ဦး၊ အဖွဲ့ဝင်များအဖြစ် ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့ဝင် (၁)ဦး၊ ဘာသာရေးအသင်းအဖွဲ့မှ (၁)ဦး၊ ပညာရေးဌာနမှ (၁)ဦး၊ ကျန်းမာရေးဌာနမှ (၁)ဦး၊ စီးပွားရေးလုပ်ငန်းရှင်(၁)ဦး၊ ရာအိမ်မှူး/ ဆယ်အိမ်မှူး (၁)ဦး၊ ရပ်မိရပ်ဖ (၁)ဦး၊ လူငယ် ခေါင်းဆောင် (၁)ဦးနှင့် အများဆန္ဒဖြင့် ရွေးချယ်သူ (၁)ဦးအား အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအား ရပ်ကွက်/ ကျေးရွာအုပ်စုမှ (၁)ဦးအား ရွေးချယ် ထားရှိပါတယ်။ ပြည်သူလူထုအခြေပြု မူးယစ်ဆေးစွဲ ကုသရေးလုပ်ငန်းစနစ်နှင့် အကျိုး ကျေးဇူးများ သိရှိနားလည်စေပြီး ပါဝင်ဆောင်ရွက်လာစေရန် အသိပညာပေးခြင်းနှင့် လုပ်ငန်းစွမ်းရည်မြှင့်တင်ပေးနိုင်ရန်အတွက် သင်တန်းများ၊ အစည်းအဝေးများ ပြုလုပ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့ပြင် ဆေးစွဲလူနာများအား စာရင်းကောက်ယူပြီး လူနာ များ စုဆောင်းကာ နားခိုရာနေရာများ၊ DIC ဖွင့်လှစ်မည့် နေရာများ ရွေးချယ်ကာ ကျန်းမာ ရေးစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရပ်ကွက်၊ ကျေးရွာများ အတွင်း မူးယစ်ဆေးဝါးဖြတ်လိုသူများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မူးယစ်ဆေးဝါး

ဆန့်ကျင်ရေးအသင်း MANA တို့ဖြင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးဖြတ်လိုသူများကို ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ဆေးဝါးကုသခြင်း၊ မူးယစ်ဆေးဖြတ်ဌာနများနှင့် ဆက်သွယ်ဆောင်ရွက်၍ ဆေးဖြတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မေးခွန်း(ဂ)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အတွင်း လောင်းကစားမှုများ ပပျောက်စေရေးအတွက် ရပ်ကွက်/ ကျေးရွာများသို့ ကွင်းဆင်းကာ အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ဆောင်ရွက်ခြင်း၊ အမာခံသတင်းပေးများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်ကာ သတင်းရယူ စုဆောင်းခြင်း၊ လောင်းကစားနည်းမျိုးစုံပြုလုပ် တတ်လေ့ရှိသောနေရာများအား ရှောင်တခင်ဝင်ရောက် ဖမ်းဆီးခြင်းများ ပြုလုပ်ဆောင်ရွက် လျက်ရှိပါတယ်။ လောင်းကစားမှုများ ပပျောက်စေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးများမှ ဦးစီး၍ လစဉ် ပညာပေးဟောပြောမှုများ ဆောင်ရွက်ခြင်း၊ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လောင်းကစားမှုများနှင့်ပတ်သက်၍ သတင်းပေးနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူး၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၏ ဖုန်းနံပါတ်များအား ရပ်ကွက်/ ကျေးရွာများအထိ ဖြန့်ဝေဆောင်ရွက်ခြင်း၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မိမိအမာခံသတင်းပေးများဖြင့် လောင်းကစားသတင်းများကို စဉ်ဆက်မပြတ် သတင်းရယူ၍ လောင်းကစားမှုများ ပပျောက်ရေးအတွက် စီမံချက်များ/ အစီအမံများ ရေးဆွဲဖမ်းဆီးလျက်ရှိတဲ့အတွက် (၁-၁-၂၀၁၈) ရက်နေ့မှ (၁၉-၈-၂၀၁၈)ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်း လောင်းကစားအမှု (၆၅)မှု၊ တရားခံ (ကျား)(၉၃)ဦး၊ တရားခံ(မ)(၅၄)ဦး၊ ပေါင်း (၁၄၇)ဦးတို့အား အရေးယူထားနိုင်ခဲ့ပါတယ်။ ဖမ်းဆီးရမိသော တရားခံများကိုလည်း ထိရောက်ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ တရားရေးဝန်ထမ်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံထွန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) သို့တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းသွားမဲ့ မေးခွန်းကတော့ ကွန်ဟိန်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၊ ကုံကော်ဆောင်၊ သွပ်မိုးအုပ်ညှပ် (၆)ခန်းတွဲ (၂)ထပ် စာသင်ဆောင်ပျက်စီးယိုယွင်းလျက်ရှိတာနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့၊ အခြေခံပညာအထက်တန်းကျောင်းသည် (၉-၁၀-၁၉၄၈)ခုနှစ်တွင် မူလတန်းကျောင်း၊ (၉-၂-၁၉၇၂)ခုနှစ်တွင် အလယ်တန်းကျောင်းအဆင့်မှ (၁၆-၁၀-၁၉၈၆)

ခုနှစ်တွင် အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ကျောင်း၏ ဧရိယာသည် (၄.၄၂)ဧကရှိပြီး ကျောင်းဆောင်စာသင်ဆောင် (၇)ဆောင်၊ ကျောင်းရုံးခန်း(၁)ဆောင်၊ သိပ္ပံဆောင် (၁)ဆောင်၊ စုစုပေါင်း ကျောင်းဆောင် (၉)ဆောင် ရှိပါတယ်။ ယနေ့ထိ ဝန်ထမ်းအင်အားမှာ ခွဲဝေမှု(၅၁)ဦး၊ ခန့်ထားပြီး (၄၄)ဦးနှင့် လစ်လပ်(၇)ဦးရှိပါတယ်။ ကျောင်းသားအင်အားမှာ (၁၀၂၂)ဦးခန့်ရှိပါတယ်။ တန်းခွဲပေါင်း (၂၅)ခန်းထားရှိပါတယ်။

ယခုကျွန်တော်တင်ပြလိုသည်မှာ ကျောင်းဆောင်များအနက် ကုံကော်ဆောင် (၂)ထပ်ဆောင်သည် (၉၀×၃၀)ပေ (၆)ခန်းတွဲ (၂)ထပ်ဆောင်ဖြစ်ပြီး သွပ်မိုးအုတ်ညှပ်(၂)ထပ်ဆောင်ဖြစ်ပါတယ်။ ၁၉၇၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော စာသင်ဆောင်ဖြစ်ရာနှစ်ပေါင်း (၄၀)ခန့်ကြာမြင့်ပြီဖြစ်သော ကျောင်းဆောင်ဖြစ်ပါတယ်။ အဆိုပါ ကျောင်းဆောင်သည် ပျက်စီးယိုယွင်းနေမှုများကြောင့် ၎င်းစာသင်ဆောင်အား အသုံးပြုနိုင်ခြင်း မရှိသည်ကို စိစစ်တွေ့ရှိရသဖြင့် အဆိုပါ ကျောင်းဆောင်အား မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်-

(၁) အဆိုပါကျောင်းဆောင်အား ဖျက်သိမ်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ခုနှစ်တွင် ဖျက်သိမ်းပေးရန်။

(၂) ၎င်းကျောင်းဆောင် ဖျက်သိမ်းပြီးပါက ၎င်းကျောင်းဆောင်အစား မည်ကဲ့သို့ အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။

(၃) အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါက မည်သည့်ခုနှစ်တွင် ချထားပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံထွန်းရဲ့ ကွန်ဟိန်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၊ ကုံကော်ဆောင် ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/ မရှိ၊ အဆိုပါ ကျောင်းဆောင်အစား အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ၊ ရှိပါက မည်သည့်ခုနှစ်တွင် ချထားပေးမည်နည်း နှင့်စပ်လျဉ်းသည့် မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လူမှုရေးဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းသည် ကျောင်းပိုင်မြေ (၄.၂၇)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှုပုံစံ (၁၀၅)လည်း ရှိပါတယ်။ စာသင်ဆောင်များမှာ စံပယ်ဆောင် (၁၃၀×၃၀)ပေ၊ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်(၈)ခန်း၊ ကုံကော်ဆောင်

(၉၀×၃၀)ပေ၊ သွပ်မိုးအုတ်ညှပ် နှစ်ထပ်ဆောင်(၃)ခန်း၊ သပြေဆောင် (၉၀×၃၀)ပေ၊ ပျဉ်ခင်းပျဉ်ကာ တစ်ထပ်ဆောင်(၃)ခန်း၊ ဗေဒါဆောင် (၆၀×၃၀)ပေ၊ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်(၂)ခန်း၊ သဇင်ဆောင် (၂၄၀×၃၀)ပေ၊ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင် (၈)ခန်း၊ ရုံးခန်းဆောင် (၃၀×၃၀×၂၅)ပေ၊ သွပ်မိုးအုတ်ညှပ် နှစ်ထပ်ဆောင်(၂)ခန်း၊ သိပ္ပံဆောင် (၆၀×၃၀×၁၂)ပေ၊ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်(၂)ခန်း၊ ရွက်လှဆောင် (၁၅၀×၃၀)ပေ၊ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်(၅)ခန်း၊ ချယ်ရီဆောင် (၁၂၀×၃၀)ပေ၊ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်(၄)ခန်း ရှိပါတယ်။

ကျောင်းသားဦးရေမှာ KG (၇၅)ဦး၊ ပထမတန်း(၁၀၄)ဦး၊ ဒုတိယတန်း (၁၀၆)ဦး၊ တတိယတန်း(၉၅)ဦး၊ စတုတ္ထတန်း (၁၀၀)ဦး၊ မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ စုစုပေါင်း (၄၈၀)ဦး၊ တန်းခွဲ(၁၁)ခု ရှိပါတယ်။ ပဉ္စမတန်း(၁၄၃)ဦး၊ ဆဋ္ဌမတန်း(၁၁၀)ဦး၊ သတ္တမတန်း (၁၀၅)ဦး၊ အဋ္ဌမတန်း(၉၂)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ကျောင်းသူ စုစုပေါင်း (၄၅၀)ဦး၊ တန်းခွဲ(၁၂)ခု ရှိပါတယ်။ နဝမတန်း(၇၁)ဦး၊ ဒသမတန်း(၆၈)ဦး၊ အထက်တန်းအဆင့် ကျောင်းသား/ကျောင်းသူ စုစုပေါင်း (၁၃၉)ဦး၊ တန်းခွဲ (၄)ခုရှိပါတယ်။ မူ/လယ်/ထက် ကျောင်းသား/ကျောင်းသူ စုစုပေါင်း(၁၀၆၉)ဦး၊ တန်းခွဲပေါင်း(၂၇)ခုရှိပါတယ်။

ကွန်ဟိန်း အထကရှိ ၁၉၇၉ ခုနှစ်က ဆောက်လုပ်ခဲ့သော ကဲ့ကော်ဆောင် သွပ်မိုးအုတ်ညှပ် နှစ်ထပ်ဆောင်မှာ ပျက်စီးယိုယွင်းနေမှုကြောင့် ဖျက်သိမ်းသင့်ကြောင်း ကွန်ဟိန်းမြို့နယ်ပညာရေးမှူးရုံး၏ ၂၁-၈-၂၀၁၈ ရက်စွဲပါ စာအမှတ်/ဦ၄၇/လွတ်တော်(၁၈)အရ ထောက်ခံတင်ပြလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဖျက်သိမ်းခွင့်အမှုတွဲ ပြုစုတင်ပြရန် ပြည်နယ်ပညာရေးမှူးရုံးမှ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိပါက အနီးဆုံးဘဏ္ဍာနှစ်တွင် ကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်ရန် မြို့နယ်ပညာရေးမှူးရုံး၊ ကွန်ဟိန်းမြို့မှ ဦးစားပေးတင်ပြ တောင်းခံလာပါက အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) သို့တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လယ်ယာမြေ ပုံစံ(၇) ရရှိပြီးသော လယ်ယာမြေများကို နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်

မရရှိသေးဘဲ အခြားအသုံးပြုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ အရေးယူမည်ကို သိရှိလိုသည်နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေ ပုံစံ(၇) ရရှိပြီးသော လယ်ယာမြေများကို နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက် မရရှိသေးဘဲ မြေဖို့ခြင်း၊ မြေပြင်ခြင်း၊ ယခင်က စပါးစိုက်ပျိုးခဲ့ပြီး ယခုစိုက်ပျိုးခြင်း မရှိသေးဘဲ ၎င်းမြေအား မြေဖို့ပြီး လပ်ထားနေကြောင်း တိကျမှန်ကန်သော အထောက်အထားနှင့် တင်ပြလာပါက အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ အရေးယူမည်ကို သိရှိလိုပါသည်။ သိရှိလိုသောအချက်များမှာ -

(၁) မည်သည့်ဌာနနှင့် မည်သည့်ကော်မတီတွင် တာဝန်ရှိပါသနည်း။

(၂) ၎င်းမြေအား ခွင့်ပြုချက်မရရှိသေးဘဲ မြေဖို့ခြင်း ပြုလုပ်နေသည်ကို တွေ့ပါလျက် တာဝန်ရှိသော ဌာနနှင့် ကော်မတီဥက္ကဋ္ဌကို မည်ကဲ့သို့ အရေးယူအပြစ်ပေးမည်ကို အသေးစိတ်သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းရဲ့ လယ်ယာမြေပုံစံ(၇)ရရှိပြီးသော လယ်ယာမြေများကို နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်မရရှိသေးဘဲ အခြားအသုံးပြုပါကရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ အရေးယူမည်ကို သိရှိလိုပါသည်မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာ လယ်ယာမြေဥပဒေပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းအပေါ် လယ်ယာမြေဥပဒေပုဒ်မ ၁၉ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါတယ်-

ပုဒ်မ ၁၉။ ။ ဤဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကို ဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ

အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) သတ်မှတ်သည့် နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊

(ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊

(ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အုံများကိုဖယ်ရှားခြင်း စသည်ဖြင့် ပြဋ္ဌာန်းထားပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၂၀ အရ ပုဒ်မ ၁၉ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်သော အမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာ တရားရုံးသို့ ဦးတိုက်လျှောက်ထားတရားစွဲဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်မရရှိဘဲ အသုံးပြုထားသည့် ကိစ္စရပ်များအပေါ် အသုံးပြုထားသည့် နည်းလမ်းအလိုက် ဆောင်ရွက်ရန်ကိစ္စအတွက် ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၈-၈-၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၂/ လယ-၃၀ (၃၉၅/ ၂၀၁၈) ဖြင့် အောက်ပါအတိုင်း ညွှန်ကြားထားရှိပါတယ်-

(က) လယ်ယာမြေကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုထားသည့် ကိစ္စရပ်များအား ဒဏ်ကြေးငွေ သတ်မှတ်ရာတွင် လယ်ယာမြေဥပဒေမပြဋ္ဌာန်းမီ၊ ၂၀၁၂ ခုနှစ် မတိုင်မီနှင့် စတင်ပြဋ္ဌာန်းသည့် ၂၀၁၂ ခုနှစ်နောက်ပိုင်းဟူ၍ ခွဲခြားခြင်းမပြုဘဲ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တစ်ပြေးညီ သတ်မှတ်ဆောင်ရွက်ရန်၊

(ခ) လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်မရှိဘဲ ဆောင်ရွက်ထားမှုများကို အသုံးပြုထားသည့် နည်းလမ်းအတိုင်း နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ ဒဏ်ကြေးငွေ သတ်မှတ်ဆောင်ရွက်ရန်၊

(ဂ) လယ်ယာမြေအား ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုထားမှုများအပေါ် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ရန် ဆိုပြီးတော့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

အဆိုပါ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ နိဂုံးတော်သမ္မတမှ လယ်ယာမြေအား အခြားနည်း အသုံးပြုခွင့်မရှိဘဲ အခြားနည်းအသုံးပြုဆောင်ရွက်နေမှုများသည် လယ်ယာမြေများ ဆုံးရှုံးမှု ဖြစ်ပေါ်နိုင်သဖြင့် ခွင့်ပြုချက် မရှိဘဲ ကြိုတင်လုပ်ဆောင်၍ လယ်ယာမြေအား

အခြားနည်းအသုံးပြုမှုအပေါ် ဒဏ်ကြေးငွေပေးဆောင်စေခြင်းအပြင် ဥပဒေကြောင်းအရ ထိရောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုခဲ့ပါတယ်။

လယ်ယာမြေကို ခွင့်ပြုမိန့်မရယူဘဲ အခြားနည်းသုံးစွဲထားခြင်းကို တွေ့ရှိပါက ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တာဝန်ရှိသူမှလည်းကောင်း၊ ပြည်သူ့ကိုယ်စားလှယ်မှ သော်လည်းကောင်း၊ တာဝန်သိပြည်သူမှလည်းကောင်း၊ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ သတင်းပို့ ဆောင်ရွက်နိုင်ပါတယ်။ ယင်းသို့ သတင်းပေးပို့လာမှုအပေါ် လယ်ယာမြေ ဥပဒေပုဒ်မ ၁၉ နှင့်အညီ ဆောင်ရွက်မှုမရှိပါက ဆောင်ရွက်မှုမရှိသည့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် အဖွဲ့တွင် ပါဝင်သော ဌာနများတွင် တာဝန်ရှိမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေဖြင့် လယ်ယာမြေများကို ခွင့်ပြုချက်မရရှိဘဲ အခြားနည်း အသုံးပြုထားမှုအပေါ် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်မွန်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာအုပ်စုနှင့် ဟိုမောလော့ခွမ်ကျေးရွာအုပ်စုကြား၌ နမ့်မောချောင်း ကူးသန်းသားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့်ပတ်သက်၍ နမ့်မောချောင်းတံတားသည် အရှည် (၈၀)ပေရှိသော သစ်သားတံတားဖြစ်၍ တံတားမှာ ယခုအခါ ပျက်စီးယိုယွင်းလျက် ရှိနေပါတယ်။

ၚင်းတံတားပေါ်တွင် နေ့စဉ် ဆိုင်ကယ်၊ ထွေလာကျီ၊ ကားများ ဖြတ်သန်းသွားလာ နေပါတယ်။ ယင်းတံတားကို အမှီပြု၍ သွားလာနေရသော ကျေးရွာများမှာ ဟိုမောလော့ခွမ် ကျေးရွာအုပ်စုရှိ လော့ခွမ်ကျေးရွာ အိမ်ခြေ (၁၇၀)အိမ်၊ ဝက်ဘာကျေးရွာ အိမ်ခြေ(၄၀)အိမ်၊ ဟိုမောကျေးရွာ အိမ်ခြေ (၁၂၀)အိမ်နှင့် ဟိုမောဟိုပုံကျေးရွာအုပ်စုရှိ ကောင်းလော့ကျေးရွာ အိမ်ခြေ (၄၀)အိမ်၊ ဟိုပုံကျေးရွာ အိမ်ခြေ(၈၀)အိမ်၊ စုစုပေါင်းအိမ်ခြေ(၄၄၅)အိမ်၊ လူဦးရေ အားဖြင့် စုစုပေါင်း (၂၇၂၃)ဦး ရှိပါတယ်။ ၚင်းအပြင် လော့ခွမ်ကျေးရွာမှ အလယ်တန်း၊

အထက်တန်း ကျောင်းသား/သူ (၈၀)ဦးကျော်မှာလည်း နမ့်ဖက်ကာသို့ နေ့စဉ် ကျောင်းသွား ကျောင်းပြန် သွားလာနေရပါသဖြင့် ရေအန္တရာယ်များလှပါသည်။ သို့ဖြစ်ပါ၍ ၎င်းနမ့်မော ချောင်းကူးသစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ်သို့ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်ခုနှစ်တွင် ပြုလုပ်ပေးရန် သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်မွန်း မေးမြန်းလာတဲ့ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖက်ကာကျေးရွာအုပ်စုနှင့် ဟိုမောလော့ခွမ် ကျေးရွာအုပ်စုကြား အရှည် (၈၀)ပေရှိ နမ့်မောချောင်းကူးသစ်သား တံတားမှာ ယခုအခါ ပျက်စီးယိုယွင်းလျက်ရှိနေပါသဖြင့် ဒေသခံပြည်သူများ သွားလာရေး အန္တရာယ်များသောကြောင့် အဆိုပါ သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ်သို့ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘတ်ဂျက်နှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကွတ်ခိုင်မြို့နယ်၊ နမ့်ဖက်ကာကျေးရွာအုပ်စုနှင့် ဟိုမောလော့ခွမ်ကျေးရွာအုပ်စုကို ဆက်သွယ်ပေးထားသည့် နမ့်မောချောင်းကူးသစ်သားတံတား အရှည် (၈၀)ပေသည် နမ့်ဖက်ကာ- လော့ခွမ်ဟိုမောလမ်း အဆင့်အတန်း A ဦးစားပေးအဆင့် (၁)လမ်းပေါ်တွင် တည်ရှိပြီး ကျေးရွာ (၆)ရွာ၊ အိမ်ခြေ(၄၄၅)အိမ်၊ လူဦးရေ(၂၇၂၃)ဦးတို့အား အကျိုးပြု ပါတယ်။ အဆိုပါ နမ့်မောချောင်းကူးတံတား (၈၀)ပေအား သံကူကွန်ကရစ်တံတားအဖြစ် ပြုပြင်တည်ဆောက်ရန် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ်အတွက် မြို့နယ်စီမံကိန်းလျာထားချက် များ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း ဦးစားပေးလိုအပ်ချက်အလိုက် မြို့နယ်မှ ထည့်သွင်းလျာထားတင်ပြလာပါက ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်း တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ နမ့်ခမ်းမြို့နယ်ရှိ

မန်ဟောင်းကျေးရွာအုပ်စု၊ နောင်မကျေးရွာနှင့် နမ့်ခမ်းမြို့သို့ ဆက်သွယ်သောလမ်းသည် ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ်သို့ ခင်းပေးရေးကိစ္စဖြစ် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ နောင်မကျေးရွာနှင့် နမ့်ခမ်းမြို့သို့ ဆက်သွယ်သောလမ်းသည် (၁ မိုင် ၁ ဖာလုံ)ရှိပါတယ်။ အဆိုပါလမ်းသည် ကျေးရွာမှ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျောက်လမ်းခင်းထားပြီး ဖြစ်ပါတယ်။ ကျေးရွာမှ နမ့်ခမ်းမြို့သို့ ကုန်စည်များ စီးဆင်းသော လမ်းမကြီးလည်း ဖြစ်ပါတယ်။ ၎င်းလမ်းသည် ကတ္တရာလမ်းအဖြစ် ခင်းပေးနိုင်ပါက၊ အကျိုးပြုမှု အိမ်ခြေ (၁၆၄)အိမ်နှင့် လူဦးရေ (၁၁၈၉)ဦး အကျိုးပြုနိုင်မည်ဖြစ်ပါတယ်။ ကျေးရွာမှ မြို့သို့လည်းကောင်း၊ ကျောင်းသူ/ သားများနှင့် ပြည်သူများ အသုံးပြုမှုများပြားလာသောကြောင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းအား ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် တိုးချဲ့ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ မည့်သည့်ဘတ်ဂျက်၊ မည်သည့်ခုနှစ်တွင် ဆောင်ရွက်မေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ တင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် မေးမြန်းလာတဲ့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်ရှိ မန်ဟောင်းကျေးရွာအုပ်စု၊ နောင်မကျေးရွာနှင့် နမ့်ခမ်းမြို့သို့ ဆက်သွယ်သော ကျောက်လမ်းအား ကတ္တရာလမ်းအဖြစ် တိုးချဲ့ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်ဘတ်ဂျက်၊ မည်သည့်ခုနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဖြေကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်ရှိ မန်ဟောင်းကျေးရွာအုပ်စု၊ နောင်မကျေးရွာနှင့် နမ့်ခမ်းမြို့နယ်သို့ ဆက်သွယ်ထားသော နမ့်ခမ်း-နောင်မလမ်းသည် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားသော ကျောက်ချောလမ်းဖြစ်ပြီး အရှည်(၁/၁)မိုင်ရှိ လမ်းအဆင့်အတန်းသတ်မှတ်ချက် Class A ဦးစားပေးအဆင့် (၃)ဖြစ်ပြီး အကျိုးပြုကျေးရွာ (၁)ရွာ၊ အကျိုးပြုအိမ်ခြေ (၁၅၄)အိမ်၊ လူဦးရေ (၇၅၆)ဦးတို့ကို အကျိုးပြုသော ကျောက်လမ်းတစ်လမ်းဖြစ်ပါတယ်။ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် (၁၃)နှစ် စီမံကိန်းပါအတိုင်း ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် မြို့နယ်စီမံကိန်း လျာထားချက်များပြုစုရာတွင် မြို့နယ်အတွင်း ဦးစားပေးလိုအပ်ချက်အလိုက် မြို့နယ်မှ ထည့်သွင်းလျာထား တင်ပြသွားရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဆက်လက်ပြီး ဒုတိယမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ ဟင်လုံကျေးရွာအုပ်စု၊ ဟင်လုံကျေးရွာမှ ပန်ကူကျေးရွာ၊ ရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းပေးရေးကိစ္စဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ ဟင်လုံကျေးရွာအုပ်စု၊ ဟင်လုံကျေးရွာမှ ပန်ကူကျေးရွာ၊ ရွာချင်းဆက်လမ်းသည် (၄)မိုင်ရှိသည့် မြေသားလမ်းဖြစ်ပါတယ်။ ၎င်းလမ်းသည် တောင်တက်/ တောင်ဆင်းလမ်းဖြစ်ပါသောကြောင့် မိုးရာသီတွင် သွားလာရေး အင်မတန်ခက်ခဲပါတယ်။ အဆိုပါလမ်းသည် ပန်ကူရွာ၊ စံကားရွာ၊ မန်ပွဲရွာ ရွာ(၃)ရွာနှင့် အိမ်ခြေ (၁၃၃)အိမ်၊ လူဦးရေ (၇၂၆)ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်စားသောက်ကြပါတယ်။ အဓိကထွက်ကုန်မှာ လက်ဖက်ခြောက်၊ ပြောင်းဖူးလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်စားသောက်ကြပါတယ်။ ၎င်းလမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဖောက်လုပ်ပေးမည်ဆိုပါက ၎င်းဒေသရှိ ကျေးရွာ၊ ပြည်သူများသည် ရာသီမရွေး သွားလာနိုင်မည် ဖြစ်ပါတယ်။ ဒေသတွင်းမှ ထွက်ကုန်များကိုလည်း အချိန်မီ တင်ပို့ရောင်းချနိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဟင်လုံရွာမှ ပန်ကူရွာ၊ ရွာချင်းဆက်လမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပြီး ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် အနီးကပ်ဆုံး လျာထားမည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့် အနေနဲ့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောင်မှ နမ့်ခမ်းမြို့နယ်၊ ဟင်လုံကျေးရွာအုပ်စု၊ ဟင်လုံကျေးရွာမှ ပန်ကူကျေးရွာ ချင်းဆက် မြေသားလမ်း(၄)မိုင်ကို ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပြီး ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် အနီးကပ်ဆုံး လျာထားမည်ကို သိရှိလိုပါသည် ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်၊ ဟင်လုံကျေးရွာအုပ်စု၊ ဟင်လုံကျေးရွာနှင့် ပန်ကူကျေးရွာချင်းဆက် မြေသားလမ်း(၄)မိုင်သည် ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားပြီး အကျယ် (၁၈)ပေခန့်ရှိသည့် မြေသားလမ်းဖြစ်ပါတယ်။ နမ့်ခမ်း-မန်တပ် (ရေအားလျှပ်စစ်)သို့ ဆက်သွယ်သည့်လမ်းမကြီး

ပေါ်မှ ခွဲထွက်သည့် ကျေးရွာချင်းဆက်လမ်းဖြစ်ပါတယ်။ ၎င်းလမ်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စံနှုန်းသတ်မှတ်ချက်များအတိုင်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးပါက ၎င်းဒေသမှ ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၃၈၄)အိမ်နှင့် လူဦးရေ(၁၃၄၄)ဦးတို့အား အကျိုးပြုနိုင်မည်ဖြစ်ပါသဖြင့် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ပြည်ထောင်စုဘတ်ဂျက်၊ ပြည်နယ်ရန်ပုံငွေဖြင့် လျာထားနိုင်ရေး တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။ ပထမဦးစွာ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် (၁၈.၉.၂၀၁၈) ရက်နေ့က ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်း တင်သွင်းသွားခဲ့တဲ့ **"ရှမ်းပြည်နယ်အတွင်းနေထိုင်သူ ဒေသခံတိုင်းရင်းသားများ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက်ဖြင့်လုပ်ဆောင်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်တစ်ပြည်လုံးကို လက်လှမ်းမမီပါသဖြင့် ကျွန်တော်လက်လှမ်းမီရာ ကျိုင်းတုံနယ်မြေခံ တောင်ပေါ်တိုင်းရင်းသားများ၏ ယနေ့

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ပတ်သက်၍ ခံစားနေရမှုများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ကောက်ယူထားသော စာရင်းဇယားများအရ ကျိုင်းတုံမြို့နယ်အတွင်း လူဦးရေမှာ (၁၇၀၀၀၀)ကျော်ရှိရာ မြို့ပေါ်နေ လူဦးရေမှာ(၅၀၀၀၀)နီးပါးရှိပြီး ကျေးလက်နေ တိုင်းရင်းသားအများစုမှာ (၁၂၀၀၀၀)ကျော်ရှိ၍ တောင်ပေါ်ဒေသတွင် နေထိုင်ကြပါတယ် ခင်ဗျား။ လူဦးရေအနည်းအများအလိုက် ပြန်ကြည့်မယ်ဆိုပါက ရှမ်း၊ လားဟူ၊ အာခါ၊ ဝ၊ လွယ်၊ ဗမာ၊ လီဆူ၊ ကချင်၊ ရခိုင်၊ ကရင်၊ အင်းသား၊ ကိုးကန့်၊ ချင်း၊ ဓနု၊ ကယား၊ မွန်၊ ပအိုဝ်း၊ ကယန်းဆိုပြီးတော့ တိုင်းရင်းသားများ မျိုးစုံရှိပြီး၊ ရှမ်းတိုင်းရင်းသားအများစုမှာ မြေပြန့်တွင် နေထိုင်ပြီး ကျန်တိုင်းရင်းသားများ ဖြစ်ကြတဲ့ လားဟူ၊ အာခါ၊ လွယ်၊ ပလောင်၊ အင်း၊ လီဆူတို့မှာ တောင်ပေါ်အရပ်ဒေသများတွင်သာ နေထိုင်ကြပါတယ်။

ကျွန်တော်နှင့် အာခါတိုင်းရင်းသားရေးရာဝန်ကြီး၊ လားဟူတိုင်းရင်းသားရေးရာ ဝန်ကြီးတို့ဟာ အခါအားလျော်စွာ တောင်ပေါ်တိုင်းရင်းသားများထံသို့ သွားရောက်၍ တိုင်းရင်းသားလူမျိုးစုတို့၏ လိုအပ်ချက်များကို ကြားနာခဲ့ပါတယ်။ ကြားနာတဲ့အခါမှာ မှတ်ပုံတင်နဲ့ အိမ်ထောင်စုဇယားပြုလုပ်ပေးဖို့ အများအားဖြင့် တောင်းဆိုကြပါတယ်။ အဓိက တောင်းဆိုတဲ့အခါ တောင်ပေါ်အရပ်ဒေသတိုင်းရင်းသားအများစုရဲ့ မှတ်ပုံတင်မရရှိနိုင်ရခြင်း အကြောင်းအရင်းများမှာ ၎င်းတို့တင်ပြခဲ့သော အချက်အလက်များပေါ် မူတည်ပြီး သုံးသပ်ရလျှင်-

(၁) မိဘအိမ်ထောင်စုမရှိခြင်း၊ မှတ်ပုံတင်မရှိခြင်းတို့ဖြစ်ပါတယ်။ အဓိကအနေဖြင့် ယခင်က ဗ.က.ဗ ကြီးစိုးစဉ်က တိုင်းရင်းသား အများစုဟာ စစ်ဘေး၊ စစ်ဒဏ်ကို ရှောင်ရင်း အချို့နေရာကို ပြောင်းနေရပါတယ်။ အချို့ကလည်း ရေကြည်ရာ၊ မြက်နုရာ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရပါတယ်။

(၂) အချို့ကတော့ မွေးစာရင်းမရှိတဲ့အတွက် အိမ်ထောင်စုစာရင်းမှာ မပါတဲ့အတွက်ကြောင့် မှတ်ပုံတင်ပြုလုပ်ဖို့ ခက်ခဲတယ်ဆိုတာ သိရပါတယ်။

(၃) တောင်ပေါ်ဒေသများဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီးတော့ ဝေးလံခေါင်သီတဲ့အတွက် ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဘာသာစကား ခက်ခဲတဲ့အတွက် ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ လ.ဝ.က မှ ကွင်းဆင်းဆောင်ရွက်ပေးမှု အားနည်းတဲ့အချက်လည်း ပါဝင်ပါတယ်။ ရပ်/ကျေးစာရေးများမှ လ.ဝ.က သို့ စာရင်းကောက်ယူပြုစု တင်ပြလုပ်ဆောင်ဖို့လည်း လိုအပ်ပါတယ်။ နောက်တစ်ချက်ကတော့ တောင်ပေါ်ဒေသခံများမှာ အသိပညာနည်းပါး၍ မှတ်ပုံတင်ပြုလုပ်ရမည်ကို မသိရှိခြင်း၊ စိတ်ဝင်စားမှုနည်းပါးခြင်းတို့လည်း ပါပါတယ်။ ဒါ့ပြင် တောင်ပေါ်ဒေသအချို့တွင် (၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့်ဆိုပြီး (၂)ကြိမ်လုပ်ရမှာ သိသော်လည်း

(၂)ခါပြုလုပ်ရသည့်အတွက်ဝေးလံသည့်ခရီးလမ်းအခက်အခဲကြောင့် (၁၈)နှစ်ပြည့်လျှင် ထပ်မံပြုလုပ်ရမည်ကိုသိရှိသော်လည်း အကြပ်အတည်းဖြစ်နေပါတယ်။ ရပ်/ကျေးမှ အသိပညာပေးဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။

အထူးသဖြင့် တောင်ပေါ်ဒေသတိုင်းရင်းသားများဟာ ရုံးကနားသွားရမှာ အထူးကြောက်ရွံ့ပါတယ်။ (One Stop Service)ရုံးများ ဖွင့်ထားသော်လည်း စောင့်ဆိုင်းရခြင်းတို့ကြောင့် ၎င်းတို့ရှိရာ နယ်မြေဒေသသို့ ကွင်းဆင်းပြီးဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

အထက်တွင် ဖော်ပြခဲ့တဲ့အချက်များဟာ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်နဲ့ တိုင်းရင်းသားရေးရာဝန်ကြီးတို့နဲ့ ကျေးလက်ဒေသအောက်ခြေထိ ကွင်းဆင်း၍ သဘောထားကောက်ယူမှုများကို ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို ဒီကိစ္စအတွက် စီမံချက်ရေးဆွဲရာမှာ ထည့်သွင်းစဉ်းစားဖို့ အပြုသဘောဆောင်အကြံပြုတင်ပြအပ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် ပါဝင်သော ပုဒ်မ ၃၅၅ အရ **"နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်"** ဆိုသော ဥပဒေအရ ရွှေ့ပြောင်းနေထိုင်သော ဓလေ့စရိုက်ရှိသည့် ကျွန်တော်တို့ တောင်ပေါ်တိုင်းရင်းသားများ၏ နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရေးအစီအစဉ်တွင် (လ.ဝ.က)မှ နိုင်(၂)မရှိလို့ နိုင်(၄)မရှိ၍ မှတ်ပုံတင် မလုပ်ပေးနိုင်ဘူးဆိုသည့် အချက်ကိုလည်း မည်ကဲ့သို့ လျှော့ပေါ့စဉ်းစားရမည်ကို ထည့်သွင်းစဉ်းစားပေးစေလိုပါတယ်။ တိုင်းရင်းသားများ၏ မူလအခွင့်အရေးကို တန်းတူညီမျှစွာ ရရှိစေရန် အလို့ငှာ လိုင်စင်မရှိတဲ့ Motor Car Without တွေအတွက် စဉ်းစားပေးသလို၊ မှတ်ပုံတင်မရှိ၊ လိုင်စင်မရှိသည့် လူ Without တွေဖြစ်နေတဲ့ ကျွန်တော်တို့ တောင်ပေါ်ဒေသတွင် နေထိုင်ကြတဲ့ တိုင်းရင်းသားတွေအတွက် ထည့်သွင်းစဉ်းစားပေးပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ဦးခင်မောင်ဝင်း တင်သွင်းသည့်အဆိုကို အတည်ပြုပေးပါရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်

လွတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်(၁)၏ **“ ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများမှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ် အစိုးရအားတိုက်တွန်းကြောင်း”**အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ်များရှင်။ မိမိတို့ မဲဆန္ဒနယ်မြေတစ်နံတစ်လျားရှိ တိုင်းရင်းသားပြည်သူတို့၏ ဘဝဖြစ်စဉ်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ လုပ်ဆောင်ရာ၌ အဆင်ပြေမှုမရှိဘဲ အခက်အခဲနှင့် စိတ်ကသိကအောက်ဖြစ်စရာ အဖြစ်သနစ်များကို တစ်ချိန်ချိန်တစ်နေရာရာမှာတော့ မြင်ခဲ့ကြားခဲ့ဖူးပါလိမ့်မယ်လို့ထင်မိပါတယ်။

ဒီအဆိုနဲ့စပ်လျဉ်းပြီး လူ့လောကထဲရောက်ရှိလာခဲ့တဲ့ ကလေးတစ်ဦးကို ကျမတို့စမြင်ကြည့်ကြရအောင်။ မိခင်တစ်ဦးဟာ ရင်သွေးကိုမွေးဖွားနိုင်ရန် သားဖွားဆရာမ ဒါမှမဟုတ် ဆရာဝန်နဲ့ မွေးဖွားမယ်ဆိုရင် အဲဒီကလေးကို ပြည်သူ့ဆေးရုံကနေ မွေးစာရင်း လုပ်ပေးလိုက်နိုင်ပါတယ်။ အဲဒီမွေးစာရင်းက ကလေးရဲ့ အသက်မှန်ကန်တိကျခြင်း၊ ကျောင်းအပ်နှံချိန်တွင် ခိုင်လုံသည့် အထောက်အထားဖြစ်စေခြင်းတို့အတွက် ဖြစ်ပါတယ်။

အဲဒီအခြေအနေနဲ့ကွဲလွဲပြီး ဝေးလံတဲ့နေရာဒေသမှာနေထိုင်တဲ့ မိခင်တစ်ဦးဟာ ရင်သွေးငယ်ကိုမွေးဖွားမယ်ဆိုရင် အရပ်လက်သည်နဲ့မွေးဖွားရပြီး မွေးစာရင်းဘယ်လိုလုပ်ရမယ်ဆိုတာ မသိတဲ့အတွက် ကလေးရဲ့ မွေးစာရင်းမရှိနိုင်တော့ပါဘူး။ မွေးဖွားပြီး (၁)လမှ (၆)လအတွင်း မိမိနေထိုင်ရာ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးထံမှာ မွေးစာရင်းလုပ်ရမယ်ဆိုတဲ့အသိအားနည်းမှုနှင့် ရုံးများနဲ့ သွားရောက်ဆက်သွယ်ဆောင်ရွက်လိုမှုတွေ မရှိခြင်းတို့ကြောင့် မွေးစာရင်း မလုပ်ဖြစ်ကြတော့ပါဘူး။ အဲဒီကလေးတွေကို ကျွန်မအနေနဲ့ ကလေးသူငယ်အခွင့်အရေး ဆုံးရှုံးနေကြသူများလို့မြင်မိပါတယ်။ ထိုနည်းတူ သေဆုံးပြီဆိုရင်လည်း သက်ဆိုင်ရာ ဌာနအသီးသီးကို သေဆုံးကြောင်း အကြောင်းကြားအသိပေးရမည့် အသိလည်းလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လူဦးရေစာရင်းသည် အမြဲတမ်း တည်ငြိမ်သည့်စာရင်းမဟုတ်ပါ။ အချိန်တိုင်း အပြောင်းအလဲဖြစ်နေသည့် ကိန်းဂဏန်းများသာ ဖြစ်ရပါမယ်။

ကျွန်မတို့ မိုးမိတ်မြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စုပေါင်း (၂၈)အုပ်စုနှင့် အမှတ် (၂၇၆) ခြေလျင်တပ်ရင်း၊ အမှတ်(၂၂၃)ခြေလျင်တပ်ရင်း၊ အမှတ်(၃၄၈) ခြေမြန်တပ်ရင်းနှင့် စစ်ဗျူဟာ အခြေချတပ်ရင်း၊ တပ်ခွဲများနှင့် ဖွဲ့စည်းထားသော မြို့တစ်မြို့ဖြစ်သောကြောင့် ရှမ်း၊ ကချင်၊ လီဆူ၊ ပလောင်၊ ဗမာ၊ ရခိုင်၊ ချင်း၊ မွန် စသည့် တိုင်းရင်းသားများအတူနေထိုင်နေကြပါတယ်။ အိမ်ထောင်စု စုစုပေါင်း ၁၃၈၂၁ အိမ်ထောင်စု၊ ၁၀ နှစ်အောက်ကျား/မပေါင်း ၁၃၉၀၂ ဦး၊ ၁၀ နှစ်မှ ၁၈ နှစ်ကြား ကျား/မပေါင်း ၁၂၃၇၀ ဦး၊ ၁၈ နှစ်အထက်ကျား/မပေါင်း ၃၈၀၃၆ ဦး၊ မြို့နယ်ချုပ်စုစုပေါင်း လူဦးရေ ကျား/မပေါင်း ၆၄၃၀၈ ဦး

ရှိကြောင်း မိုးမိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ စာရင်းများအရ သိရှိရပါတယ်။

မိမိအနေဖြင့် ၎င်းစာရင်းသည် စီမံချက်နှင့် ကွင်းဆင်းဆောင်ရွက်ရာတွင် အခြေခံအဖြစ် ကိုးကား၍ရသည့် စာရင်းတစ်ခုသာဖြစ်ပြီး လက်ရှိမြေပြင်အခြေအနေနှင့် ကိုက်ညီမှုမရှိပါ။ မိမိတို့မြို့နယ်တွင် ကျေးရွာအုပ်စု (၁၁)အုပ်စုခွဲ ကချင်၊ ပလောင်၊ လီဆူ စသည့် တိုင်းရင်းသားလူမျိုးများသည် တောင်ပေါ်ဒေသတွင် နေထိုင်ကြပါတယ်။ လမ်းပန်းဆက်သွယ်မှု မကောင်းခြင်း၊ အသိပညာအားနည်းခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ စားဝတ်နေရေးခက်ခဲခြင်းတို့ကြောင့် ၎င်းတို့၏ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနစ်နာနေကြဆဲဖြစ်ပါတယ်။ မိဘ(၂)ပါးစလုံး သေဆုံးပြီး အသက်(၄၅-၅၀)ရှိတဲ့ လူပုဂ္ဂိုလ်တစ်ဦးဟာ သူ့ရဲ့သားသမီးများ နိုင်ငံသားကတ်ရရှိနိုင်ရေးအတွက် ၎င်းကိုယ်တိုင် နိုင်ငံသားကတ်ရချင်၊ လုပ်ချင်သော ဒေသခံ တိုင်းရင်းသားပြည်သူအချို့ကို တွေ့မြင်ခဲ့ဖူးပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏အခွင့်အရေးကို မဖြစ်မနေဖော်ဆောင်ပေးရမည့်တာဝန်၊ ကာကွယ်ပေးရမည့်တာဝန်သည် အစိုးရ၏မဖြစ်မနေလုပ်ဆောင်ရမည့်တာဝန်တစ်ရပ်ဖြစ်သည့်အတွက် တိုင်းရင်းသားများ လိုအပ်လျက်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့်အိမ်ထောင်စုစာရင်းများကို ကျေးရွာများသို့အရောက် ကွင်းဆင်းဆောင်ရွက်ပေးရန် အထူးလိုအပ်လှပြီဖြစ်ပါတယ်။

ထို့ကြောင့် ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်(၁)၏ **"ရှမ်းပြည်နယ်အတွင်း ရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို့က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဒေါ်မေရီချို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ပါတယ်ရှင်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၏ **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"**

အဆိုကို မိမိမြို့နယ်တွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် နှိုင်းယှဉ်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ရှမ်းပြည်နယ် လွတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဖယ်ခုံမြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးအများစုမှာ ကယန်း တိုင်းရင်းသားလူမျိုးများဖြစ်ပြီး အခြားတိုင်းရင်းသားများမှာ ရှမ်း၊ ဗမာ၊ အင်း၊ ပအိုဝ်း၊ ကယား၊ ကရင်၊ မွန်၊ ချင်း၊ လီဆူ၊ ရခိုင်၊ လားဟူ၊ အာခါ လူမျိုးများနေထိုင်ကြပါတယ်။ ဖယ်ခုံမြို့နယ် ဧရိယာ မှာ (၅၁၆၈၈၁)ဧက ကျယ်ဝန်းပြီး ကျေးရွာပေါင်း (၂၀၀)ကျော် တည်ရှိပါတယ်။ လူဦးရေပေါင်း (၁၀၆၀၀၀)ကျော် နေထိုင်ကြပါတယ်။ ကျေးရွာတွင် နေထိုင်ကြသော တိုင်းရင်းသားအများစုမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ မရှိကြသည်ကို တွေ့ရှိရပါတယ်။ မရှိကြရသည့် အကြောင်းအရင်းမှာ ကျေးရွာတွင် နေထိုင်ကြသော တိုင်းရင်းသားအများစုသည် အသိပညာ အားနည်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ မြို့နှင့်ကွာဝေးခြင်း၊ စီးပွားရေးအဆင်မပြေခြင်း၊ ဌာနဆိုင်ရာများနှင့်ဆက်ဆံရန်အတွက် ကြောက်ရွံ့ခြင်း၊ လ.ဝ.က ရုံးသို့ လူကိုယ်တိုင်ရောက်ရှိသော်လည်း လွယ်ကူချောမွေ့စွာ ဆောင်ရွက်ပေးမှုမရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။

ဖယ်ခုံမြို့နယ်၊ ပုန်းလောကျေးရွာတွင် နေထိုင်ကြသော လီဆူတိုင်းရင်းသားများသည် မှတ်ပုံတင်ပြုလုပ်ရာတွင် နှစ်နှင့်ချီပြီး ကြာမြင့်သည်အထိ မရရှိကြသည်ကို တွေ့ရှိရပါတယ်ရှင်။ ဖယ်ခုံမြို့နယ်၊ ခေါင်အိကျေးရွာအုပ်စုတွင် ကျေးရွာ(၄)ရွာအတွက် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခဲ့ပါတယ်။ လွတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာပြည်သူများ တွေ့ဆုံရာတွင် လျှပ်စစ်မီတာလျှောက်ရန်အတွက် မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းများမရှိကြသည်ကို တွေ့ရှိရပါတယ်။ လ.ဝ.ကရုံးသို့ လူကိုယ်တိုင်သွားရောက်ပြုလုပ်ရင်လည်း ကျပ်(၂၀၀၀၀)ပေးရကြောင်း၊ ဖယ်ခုံမြို့နယ်တွင် ရှိသော အခြားကျေးရွာအုပ်စုများမှာလည်း ငွေကြေး တောင်းခံတာတွေ့ရှိကြောင်း တင်ပြကြပါတယ်။

ကျေးရွာပြည်သူလူထုများက လဝက ဌာနမှ မိမိတို့ ကျေးရွာများသို့ ကွင်းဆင်းပြီး ဆောင်ရွက်ပေးနိုင်ရန် တင်ပြတောင်းဆိုကြပါတယ်ရှင်။ ပြည်သူများ တင်ပြမှုကြောင့် ကျွန်မအနေဖြင့် လ.ဝ.က ဦးစီးမှူးကို ရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ညှိနှိုင်းရာ ဦးစီးမှူးက ရွာသို့ ကွင်းဆင်းဆောင်ရွက်ရန် ပြည်နယ်မှူးကခွင့်မပြုကြောင်း ကျွန်မကိုပြောခဲ့ပါတယ်။ ပြည်နယ်မှူးက ခွင့်မပြုဘူးဆိုရင် ကျွန်မကလည်း ဆောင်ရွက်ခွင့်ပြုနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ စာဖြင့်တင်ပြတောင်းခံသွား မည်ဟု ပြန်ပြောခဲ့ပါတယ်။ ဦးစီးမှူးနှင့် ပြောပြီး(၂)ရက်မြောက်အကြာတွင် လဝက ဒုဦးစီးမှူးက ကျွန်မကို ဖုန်းဆက်လာခဲ့ပါတယ်။ ညီမရေ ပြည်နယ်ကို စာတင်ဖို့မလိုတော့ဘူး အစ်မကိုယ်တိုင် ပြည်နယ်မှူးနှင့်တွေ့ပြီး ညီမတောင်းဆိုချက်ကြောင့် ပြည်နယ်မှူးက ကတ်ပါတစ်ခါတည်းထုတ်ပေးခဲ့တယ်။ အစ်မကိုယ်တိုင်ကျေးရွာသို့ ကွင်းဆင်းပြီး ဆောင်ရွက်ပေးမည်

ဖြစ်ကြောင်း ဖုန်းဆက်ပြောခဲ့ပါတယ်။ ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဖယ်ခုံမြို့နယ်၊ ကရင်အုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် ငွေကြေး တောင်းခံခြင်းနှင့် ပတ်သက်ပြီး ပြည်သူတစ်ဦးက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ထံသို့ တိုင်ကြားခဲ့သည့် ပြဿနာဖြစ်ပွားခဲ့ပါတယ်။

ၚင်းအပြင် ဖယ်ခုံမြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူငယ်အများစုသည် စားဝတ်နေရေးအခက်ခဲကြောင့် ပြည်ပသို့သွားရောက် အလုပ်အကိုင်ရှာဖွေ လုပ်ကိုင်ကြ ပါတယ်။ ထိုသို့ သွားရောက်လုပ်ကိုင်ကြရာတွင် တရားဝင်လမ်းကြောင်းမှ သွားရောက် လုပ်ကိုင်သူ ဦးရေနည်းပါးပြီး တရားမဝင်လမ်းကြောင်းမှ သွားရောက်လုပ်ကိုင်သူဦးရေ ပိုများသည်ကို သိရှိရပါတယ်။ ပြည်ပသို့သွားရောက်လုပ်ကိုင်သူအချို့မှာ နိုင်ငံသားမှတ်ပုံတင် မရှိခြင်းကြောင့် တရားမဝင်လမ်း သို့မဟုတ် အောက်လမ်းကနေ သွားရောက်လုပ်ကိုင်ကြ ရကြောင်း သိရှိရပါတယ်။ ၚင်းအပြင် ပင်လောင်းမြို့နယ်တွင် နေထိုင်ကြသော ကယန်း တိုင်းရင်းသားလူမျိုး(၁၀၀၀)ကျော်ခန့်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ကယန်းလူမျိုး မဟုတ်ဘဲ အခြားတိုင်းရင်းသား အမည်များဖြစ်နေသည်ကိုလည်း တွေ့ရှိရပါတယ်။ ယင်းကိစ္စ ရပ်နှင့်ပတ်သက်၍ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်းအေးမောင်မှလည်း ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးထံသို့ တင်ပြထားပြီးဖြစ်ပါတယ်ရှင်။ ယနေ့ အချိန်ထိ ဒေသခံတိုင်းရင်းသားပြည်သူများသည် မှတ်ပုံတင်နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများမရှိခြင်း၊ မှတ်ပုံတင်ရှိသော်လည်း လူမျိုးကွဲလွဲမှားနေခြင်းတို့ကြောင့် အခွင့်အရေးများစွာ ဆုံးရှုံးခဲ့ရပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် မှတ်ပုံတင်နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ချပြီးမှန်မှန်ကန်ကန် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုများ လျော့နည်းစေပြီး အဂတိ လိုက်စားမှုများကိုပါ လျော့နည်းစေမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၏ အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။ ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်**

ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းလိုလိုတွင် မှတ်ပုံတင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသော ဒေသခံတိုင်းရင်းသားများကို တွေ့ရှိနေရတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ နယ်မြေကျယ်ဝန်းပြီး လက်နက်ကိုင်အဖွဲ့အစည်းများ ပေါများခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ကြောင့် အချို့သော ဒေသများရှိ ကျေးရွာများတွင် မှတ်ပုံတင်မရှိသူဦးရေဟာ ရာဂဏန်းကျော်အထိရှိတာကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ ထိုသို့ ဖြစ်ပေါ်နေရတဲ့ အဓိက အကြောင်းအရင်းကတော့ ခေတ်အဆက်ဆက် ဌာနဆိုင်ရာ တာဝန်ရှိသူများရဲ့ လုပ်ထုံး လုပ်နည်းများမှာ အားနည်းချက်ကြောင့် ဖြစ်ခဲ့သလို၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ကိုယ်တိုင် အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်ကတ်များပြုလုပ်ရန် အားနည်းခဲ့တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

ယခုအခါ နိုင်ငံတော်မှ ပြည်သူတို့အကျိုးကိုရှေးရှုပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မှတ်ပုံတင်နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းရှိသူများသာ အကျိုးခံစားခွင့်ရရှိတာ ဖြစ်ပါတယ်။ ဥပမာ လယ်ယာမြေပုံစံ(၇) လျှောက်ရာတွင်သော်လည်းကောင်း၊ စိုက်ပျိုးစရိတ်ချေးရာတွင်သော်လည်းကောင်း၊ အခြားကိစ္စအဝဝ ဆောင်ရွက်ရာတွင်လည်း မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း ရှိသူများသာ အကျိုးခံစားခွင့်ရရှိကြပြီး၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမရှိသူများမှာ ခံစားခွင့်ဆုံးရှုံးနေရတာကို ဝမ်းနည်းစွာ တွေ့ရှိနေရပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ အချို့သော မြို့နယ်များတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မြို့နယ်အဆင့် စီမံချက်တစ်ရပ်အဖြစ် ဆောင်ရွက်နေကြတာကို တွေ့ရှိနေရပါတယ်။ ထိုသို့ ဆောင်ရွက်နေကြတဲ့ မြို့နယ်များအတွက် မှတ်ပုံတင်ရရှိဖို့ အခွင့်အရေးဟာ အင်မတန်ဝမ်းသာစရာဖြစ်ပေမယ့် ဆောင်ရွက်မှု အားနည်းတဲ့ မြို့နယ်များမှာတော့ ယနေ့အချိန်အထိ မှတ်ပုံတင်မရရှိသူဦးရေဟာ များပြားလျက်ရှိပါတယ်။

ထိုသို့ ဆောင်ရွက်တဲ့နေရာမှာလည်း ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လွဲများမှုများ အမျိုးမျိုး ဖြစ်ပေါ်နေတာကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ ထို့လွဲမှားမှုတွေက ဘာတွေလည်းဆိုရင် လူမျိုးလွဲမှားခြင်း၊ အမည်လွဲမှားခြင်း၊ အဖအမည် လွဲမှားခြင်း မျိုးတွေ များစွာဖြစ်ပေါ်နေပါတယ်။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ရှမ်းလူမျိုးကို ဗမာဆိုပြီး မှတ်ပုံတင်ထဲတွင် ထည့်ထားသောကြောင့် ရှမ်းလူမျိုးတွေအနေနဲ့ သူတို့ရဲ့ စိတ်ခံစားမှု ထိခိုက်တာတွေကို တွေ့ရှိရပါတယ်။ ထိုနည်းတူ အဖအမည် လွဲမှားသောအခါတွင်လည်း ကလေး(၃)ယောက်ရှိသော ဖခင်တစ်ယောက်ဟာ သားသမီး(၃)ယောက်ရဲ့ မှတ်ပုံတင်မှာ နာမည်(၃)မျိုးနဲ့ လွဲမှားသောကြောင့် နေပြည်တော်အထိ သွားရောက် ပြင်ဆင်ခဲ့ရသည့် အတွေ့အကြုံတွေလည်း တွေ့ရှိခဲ့ရပါတယ်။

ဒါ့အပြင် ယခုအခါ ဒေသခံတိုင်းရင်းသားတွေနဲ့ နိုင်ငံသားတွေ ဖြစ်တဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို တန်းတူအခွင့်အရေးများ ရရှိရန်မှာ အင်မတန်မှ အရေးကြီးလှပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပါတီစုံ ဒီမိုကရေစီစနစ်ဖြင့် ပြည်သူလူထုမှရွေးကောက်ပွဲတွင် မဲပေး၍ ရွေးချယ်ပေးရပါတယ်။ ထိုသို့ မဲပေးရာတွင်လည်း မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းရှိသူများ၊ အသက် (၁၈)နှစ်ပြည့်ပြီးသူများသာ မဲပေးခွင့် ရကြပါတယ်။ မှတ်ပုံတင်မရှိသူများမှာတော့ နိုင်ငံသားအခွင့်အရေးဆုံးရှုံးသလို၊ မဲပေးခွင့်လည်း ဆုံးရှုံးနေရပါတယ်။

သို့ပါသောကြောင့် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားအားလုံး နိုင်ငံသားအခွင့်အရေးများ အပြည့်အဝတန်းတူအခွင့်အရေးရရှိရန်အတွက် ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်း တင်သွင်းသော **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ဝင်း တင်သွင်းသောအဆိုနှင့် ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ အခြားတိုင်းဒေသကြီး/ ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် လူမျိုးစုအားဖြင့် ပိုမိုစုံလင်စွာ နေထိုင်ကြသော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားစုံသလို ဘာသာစကားလဲစုံလင်ကြပြီး ရိုးသားအေးချမ်းစွာ နေထိုင်လိုကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးသည် မြန်မာစကားကို ကျွမ်းကျင်စွာမပြောတတ်ခြင်းနှင့် အေးချမ်းစွာနေထိုင်လိုကြသည့်အတွက် မြို့ပေါ်ရုံးပြင်ကနားများသို့ ထိတွေ့ဆက်ဆံမှုမရှိတာကို တွေ့ရှိရာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းတို့နေထိုင်ရာဒေသနှင့် မြို့ပေါ်အစိုးရရုံးစိုက်ရာနေရာသည် လမ်းပန်းဆက်သွယ်ရေး

ခက်ခဲ ခြင်း ကြောင့်လည်း ဌာနဆိုင်ရာများနှင့် ပိုမိုအလှမ်းကွာဝေးကြောင်း တွေ့ရှိရပါတယ်။ မှတ်ပုံတင်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ မွေးနေ့သက္ကရာဇ်များကို မှတ်မထားခြင်းနှင့် မှတ်ပုံတင်ရုံးသို့ဝင်ထွက်သွားလာရန် ဝန်လေးခြင်းတို့ကြောင့် ကျေးရွာနေ တိုင်းရင်းသားများ၏ ၆၀% ခန့်သည် မှတ်ပုံတင်မရှိကြသည်ကို တွေ့ရှိနေရပါတယ်။ ကျွန်တော်တို့၏ မြို့နယ်တွင် တောင်တန်းဒေသတွင် နေထိုင်သော ပလောင်တိုင်းရင်းသား များသည် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ မဲစာရင်းပြုစုရန် ဟူ၍ အိမ်ထောင်စု ဧယားပုံစံ ၆၆/၆ မူရင်းများကို ရပ်/ကျေးစာရေးများက ယူဆောင်သွားပြီး ယနေ့တိုင်ပြန်လည်မရရှိသဖြင့် မှတ်ပုံတင်ပြုလုပ်ရန် ခက်ခဲနေသောကြောင့် သက်ဆိုင်ရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့်မကြာခဏဆိုသလိုညှိနှိုင်းပေါင်းစပ်ပေးနေရပါတယ်။သက်ကြီးရွယ်အိုများသည် မှတ်ပုံတင်ပြုလုပ်ရန် စိတ်အားမထက်သန်တော့ပေမယ့် လူငယ် လူရွယ်တိုင်းရင်းသားများသည် ခရီးသွားလာရာတွင်လည်းကောင်း၊ ပညာသင်ကြားရာတွင် လည်းကောင်း မှတ်ပုံတင်မရှိ၍ မဖြစ်ပါ။ ယခုအခါ သက်ကြီးရွယ်အို (၈၅)နှစ်များသည်လည်း နိုင်ငံတော်မှ လစဉ်ထောက်ပံ့သော လူမှုရေးပင်စင်ကို နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးနှင့်အညီ ခံစားခွင့်ရရှိရန်မှာ အိမ်ထောင်စုဧယား သို့မဟုတ် မှတ်ပုံတင်ရှိမှသာလျှင် ခံစားခွင့်ရမှာ ဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အတွင်း မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို စီမံချက်ဖြင့် လုပ်ဆောင်ပေးရန် အမှန်တကယ်လိုအပ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က နိုင်ငံတော်မှ မှတ်ပုံတင်ပြုလုပ်ခြင်းကို (၁-၁-၂၀၁၅)မှ (၃၀-၁၂-၂၀၁၅)ထိ (၆)လတာ မိုးပွင့်စီမံချက်ဖြင့် လုပ်ဆောင်ပေးခဲ့သော်လည်း ကျေးလက်ဒေသနေ တိုင်းရင်းသားများအားလုံး အကျုံးမဝင်ခဲ့သလို ယခုအကောင်အထည်ဖော်နေသည့် OSS ဟုခေါ်သော (One Stop Service) သည်လည်း လက်တွေ့တွင် အလုပ်မဖြစ်ပါ။ ထို့ကြောင့် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခင်မောင်ဝင်း တင်သွင်းသော **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေး သူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်း ကြောင်း"** အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်း တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက အသီးသီးထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (ဇ)အရ ဤအဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၏ **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးရာတွင် လျှောက်ထားသည့် ရပ်ကွက်/ကျေးရွာအုပ်စုသည် ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်ပေါက်ဖြစ်ရန်လိုအပ်ပြီး အဆိုပါ ကျေးရွာတွင် အခြေချနေထိုင်ခွင့်နှင့်ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ လိုအပ်ပါက ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက်လိုအပ်မည် ဖြစ်ပါတယ်။

အဆိုပါ အချက်များနှင့်မကိုက်ညီသူများအား အိမ်ထောင်စု လူဦးရေစာရင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ အခြေချနေထိုင်ခွင့်ရရှိပြီးသူများကိုသာ အိမ်ထောင်စုလူဦး ရေစာရင်းရရှိနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ရှမ်းပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိမ်ထောင်စုလူဦးရေ စာရင်းသည် မြေ၊ အဆောက်အဦ၊ အိမ်ခန်း ပိုင်ဆိုင်ခွင့်နှင့်လုံးဝသက်ဆိုင်ခြင်း မရှိပါ။

နိုင်ငံသားစိစစ်ရေးကတ်ပြားသည် အိမ်ထောင်စုလူဦးရေစာရင်းအပေါ် အခြေပြု၍ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်းမရှိသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းမရှိပါ။ သို့ရာတွင် မိသားစုစားဝတ်နေရေး အခြေအနေအရ လည်းကောင်း၊ သဘာဝဘေးအန္တရာယ် အခြေအနေအရလည်းကောင်း၊ မူလနေထိုင်ရာ အရပ်ဒေသတွင် နေထိုင်စားသောက်ရေး အခက်အခဲများကြောင့်လည်းကောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့်နယ်စပ်ဒေသမြို့များနှင့် သယံဇာတအရင်းအမြစ်များရှိသည့် အခြား ဒေသများသို့ သွားရောက်၍ အလုပ်အကိုင်အခြေတကျနေထိုင်ကြသူများနှင့် ဘဝရှင်သန် နိုင်ရေး တစ်ဝမ်းတစ်ခါးအတွက် တစ်နေရာမှ တစ်နေရာသို့ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းသွားလာပြီး ယခင်နေထိုင်ခဲ့သော မြို့နယ်များမှ ပုံစံ(၁၀)ထုတ်ယူ ခဲ့ခြင်းမရှိ သူများလည်းရှိရာ ၎င်းတို့သည် ရှမ်းပြည်နယ်အတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနမှ အတည်ပြု သတ်မှတ်ထားသော နယ်မြေ၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၌ ရွှေ့ပြောင်းနေထိုင်သူများ ဖြစ်ပါက ၎င်းတို့အား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ် တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၅-၈-၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/ ၂၀၁၆ အရ မြို့နယ်အဆင့်တွင် သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေး

အဖွဲ့မှလည်းကောင်း၊ မြို့နယ်အဆင့် ဖြေရှင်းရန်ခက်ခဲသော ကိစ္စရပ်များအား သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းထားသော ခရိုင်အဆင့် လုပ်ငန်းကြီးကြပ်ရေး အဖွဲ့သို့ တင်ပြ၍လည်းကောင်း၊ ခရိုင်အဆင့် ဖြေရှင်းရန် ခက်ခဲသော ကိစ္စရပ်များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းထားသည့် ပြည်နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍လည်းကောင်း အဆင့်ဆင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအား မိုးပွင့်စီမံချက် အဆင့် (၁)မှ (၇)အထိ လည်းကောင်း၊ မိုးပွင့်အထူး (၁)၊(၂)ဖြင့်လည်းကောင်း၊ ရက်(၁၀၀)သစ္စာ စီမံချက်ဖြင့် ရွှေပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား မြို့နယ်လုပ်ငန်း ကြီးကြပ် ရေးအဖွဲ့များဖြင့် ကျောင်းများသို့ ကွင်းဆင်း၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ အခါအားလျော်စွာ ကျေးရွာများမှ အကြောင်းကြားချက်အရ ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိရာ ရှမ်းပြည်နယ်အတွင်း ၂၀၁၅ ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအား အောက်ပါ အတိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်-

(က)	အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား-၃(က) ဆောင်ရွက်ပေးမှု	၁၄၁၉၉၈ ခု
(ခ)	အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား-၆(က) ဆောင်ရွက်ပေးမှု	၁၉၆၁၀၇ ခု
(ဂ)	အသက်(၁၀)နှစ်ပြည့်မှအသက်(၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား လဲလှယ်ဆောင်ရွက်ပေးမှု	၆၄၀၁၄ ခု
(ဃ)	နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံး/ပျက်စီးမှုအား မိတ္တူမှန်ဆောင်ရွက်ပေးမှု	၆၈၃၆၄ခု
	စုစုပေါင်းဆောင်ရွက်ပေးခဲ့မှု	**၄၇၉၄၈၃ ခု**

ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးခင်မောင်ဝင်း၏ **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုတွင် ပါဝင်သော ညောင်ရွှေမြို့နယ်တွင် ဒေသခံပြည်သူများ၏ တင်ပြချက်အရ အိမ်ထောင်စုစာရင်းမရှိသော အိမ်ထောင်စု (၇၀၀၀)ကျော်၊ အသက် (၁၀)နှစ်ပြည့်ပြီးသူ (၅၀၀၀)ကျော်နှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူ (၇၀၀၀)ကျော်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း ဒီထက်မက ရှိမည်ဖြစ်ကြောင်း ဆိုသည့်အချက်များနှင့်

ပတ်သက်၍ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်တွင် ၂၀၁၈ ခုနှစ် မြေပြင်လူဦးရေစာရင်းအရ ကျား(၈၈၈၂၉)ဦး၊ မ (၈၉၄၇၄)ဦး၊ စုစုပေါင်း (၁၇၈၃၀၃)ဦးရှိပြီး အိမ်ထောင်စု (၃၈၁၇၇)စု ရှိပါတယ်။ အဆိုပါ လူဦးရေအနက်မှ အသက်(၁၀)နှစ်ပြည့်ပြီးသူ ကျား(၁၉၀၇၈)ဦး၊ မ(၁၈၄၈၀)ဦး၊ စုစုပေါင်း (၃၇၅၅၈)ဦးရှိပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးပြီးသည့် လူဦးရေမှာ ကျား(၁၈၂၄၉)ဦး၊ မ(၁၇၇၈၅)ဦး၊ စုစုပေါင်း (၃၆၀၃၄)ဦး ဖြစ်ပြီး နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရန် ကျန်မှာ ကျား(၈၂၉)ဦး၊ မ(၆၉၅)ဦး၊ စုစုပေါင်း (၁၅၂၄)ဦး ရှိပါတယ်။ အသက် (၁၈)နှစ်ပြည့်ပြီးသူ ကျား(၆၃၅၂၆)ဦး၊ မ(၆၆၀၅၂) ဦး၊ စုစုပေါင်း (၁၂၉၅၇၈)ဦးရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပြီးသည့် လူဦးရေမှာ ကျား (၆၁၈၄၁)ဦး၊ မ(၆၄၉၈၉)ဦး၊ စုစုပေါင်း (၁၂၆၈၃၀)ဦးဖြစ်ပြီး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးရန်ကျန်မှာ ကျား(၁၆၈၅)ဦး၊ မ(၁၀၆၃)ဦး၊ စုစုပေါင်း (၂၇၄၈)ဦးဖြစ်ပါတယ်။ ဒီထဲမှာ အသက် (၁၀)နှစ်အောက်ရှိတဲ့လူဦးရေကတော့ ကျားမပေါင်း (၁၁၁၆၇)ဦး ဖြစ်ပါ တယ်။ မြို့နယ်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရမည့် လူဦးရေအနက်မှ ကျား (၈၀၀၉၀)ဦး၊ မ(၈၂၇၇၄)ဦး၊ စုစုပေါင်း (၁၆၂၈၆၄)ဦးအား ပြုလုပ်ပေးပြီး ဖြစ်ပါသောကြောင့် ကျန်ရှိသူဦးရေမှာ ကျား(၂၅၁၄)ဦး၊ မ(၁၇၅၈)ဦး၊ စုစုပေါင်း (၄၂၇၂)ဦးဖြစ်ကြောင်း တွေ့ရှိရ ပါတယ်။

အဆိုတွင်ပါဝင်သော မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများမရှိရခြင်းမှာ ဒေသခံပြည်သူအများစုသည် ရုံးဌာနများသို့ သွားရောက်ရန် မဝံ့ရဲခြင်း၊ ကျေးလက်နေပြည်သူများ ဖြစ်သည့်အလျောက် ယင်းကဲ့သို့ပြုလုပ်ရန် နားမလည်ခြင်း၊ ရုံးဌာနများသို့ သွားရောက်ရန် စရိတ်များမတတ်နိုင်ခြင်း စသည့် အခက်အခဲများကြောင့် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရှိရခြင်းဖြစ်ကြောင်း ဆိုသည့်အချက်နှင့်ပတ်သက်၍ ညောင်ရွှေမြို့နယ်အတွင်း မိုးပွင့် စီမံချက် အဆင့် (၁)မှ (၇)အထိလည်းကောင်း၊ မိုးပွင့်အထူး (၁)၊ (၂)ဖြင့်လည်းကောင်း၊ ရက်(၁၀၀)သစ္စာစီမံချက်ဖြင့် ရွှေပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား မြို့နယ် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များဖြင့် ကျောင်းများသို့ကွင်းဆင်း၍ လည်းကောင်း ဆောင်ရွက် ပေးလျက်ရှိပါကြောင်းနှင့် အခါအားလျော်စွာ ကျေးရွာများမှ အကြောင်းကြားချက်အရ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်ရှိသူများမှာသက်ဆိုင်ရာ ကျေးရွာအုပ်ချုပ် ရေးမှူးများထံတင်ပြခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ သက်ဆိုင်ရာ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ တိုက်နယ်မှူးများထံသို့ အကြောင်းကြား၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးသို့ ဆက်လက်တင်ပြ ပါ က အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဆိုတွင်ပါဝင်သော မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများမရှိခြင်းကြောင့် ၎င်းပြည်သူများ၏ ခရီးသွားလာရေး၊ ပညာရေး၊ အလုပ် အကိုင်ရှာဖွေရေး အစရှိသည့် အခွင့်အရေးများဆုံးရှုံးလျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ် အတွင်းရှိ ဒေသခံတိုင်းရင်းသားအများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး

လုပ်ငန်းများကို မိရိုးဖလာရိုးသားစွာ လုပ်ကိုင်စားသောက်နေထိုင်ကြပါကြောင်း၊ ၎င်းတို့ လုပ်ကိုင်စားသောက်သော လယ်ယာမြေများအား မှတ်ပုံတင်ခြင်း [ဥပမာ - ပုံစံ (၇)] ပြုလုပ်ခြင်းကိစ္စရပ်များတွင် အခက်အခဲများကြုံတွေ့ရပြီး အခွင့်အရေးများ ဆုံးရှုံးလျက် ရှိပါကြောင်းဆိုသည့်အချက်နှင့်ပတ်သက်၍ ဒေသခံပြည်သူများသည် မိမိတို့၏ မူလ အခွင့်အရေးများဖြစ်သော နိုင်ငံသားတစ်ယောက်၏ ရပိုင်ခွင့်များအား မိမိကိုယ်တိုင် ကြိုးစား အားထုတ်၍ လုပ်ဆောင်ရမည့် ကိစ္စရပ်များလည်းရှိပါတယ်။ အခြေခံလိုအပ်ချက်များ ဖြစ်သည့် နိုင်ငံသားတစ်ဦး၏ သက်သေခံအထောက်အထားများဖြစ်သော အိမ်ထောင်စု စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရန်အတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ် ရေးမှူးများထံ တင်ပြခြင်း၊ မိမိတို့၏ မိသားစုအတွင်း မွေးဖွားလာသည့် သားသမီးများအား အိမ်ထောင်စုစာရင်းများတွင် ထည့်သွင်းနိုင်ရန်တင်ပြခြင်း၊ အသက်အပိုင်းအခြားအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်နိုင်ရန်တင်ပြခြင်း၊ မိမိတို့၏ မိသားစုအတွင်းမှ သားသမီးများ အိမ်ထောင်ပြု၍ အိမ်ထောင်ခွဲပါက အိမ်ထောင်စုစာရင်းရရှိနိုင်ရန် တင်ပြခြင်း များကို လုပ်ဆောင်ရမည်မှာ မိမိတို့၏တာဝန်သာဖြစ်ပြီး လတ်တလော လိုအပ်မှုရှိလာမှသာ အလျင်စလို ရယူလိုခြင်းများသည် သက်ဆိုင်ရာ ဌာနများအား ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။

အဆိုပါ ကိစ္စရပ်များနှင့်ပတ်သက်၍ ဌာနဆိုင်ရာများ၏ အားနည်းချက်များကို ရှုမ်းပြည်နယ်အစိုးရအဖွဲ့မှ တတ်အားသရွေ့ ဖြည့်ဆည်းပေးလျက်ရှိပြီး ဒေသနေပြည်သူ များ၏ လိုအပ်ချက်များကိုလည်း ပြည်သူနှင့်နီးကပ်စွာရှိသော လွတ်တော်ကိုယ်စားလှယ် ကြီးများမှလည်း လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ပြည်နယ် လွတ်တော်ကိုယ်စားလှယ်ကြီးများမှလည်း မိမိနယ်မြေဒေသအတွင်းရှိ အိမ်ထောင်စု စာရင်း၊ မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ပတ်သက်ပြီး လူထု၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများသို့ တင်ပြပေးခြင်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးခြင်းဖြင့် ဒေသအတွင်း လိုအပ်ချက်များ၊ အခက်အခဲများ ပြေလည်နိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း တင်သွင်းသော အဆိုသည် ဒေသနေပြည်သူများ၏ အမှန်တကယ် လိုအပ်လျက်ရှိသော အချက်များဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အတည်ပြုပါကြောင်းနှင့် ရှမ်းပြည်နယ်လွတ်တော်မှလည်း အတည်ပြုပေးနိုင်ပါရန် ဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး လွတ်တော်ကိုယ်စားလှယ် (၅)ဦးက အသီးသီးထောက်ခံဆွေးနွေးသွားသလို ဒီအဆိုကို အတည်ပြုပေးဖို့အတွက် သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်ကလည်း သဘောတူထားတာ တွေ့ရှိရပါတယ်။ ဒါကြောင့် ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း တင်သွင်းသော အဆိုကို အတည်ပြုရန် လွတ်တော်ရဲ့ ဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။ အဆိုကိုအတည်ပြုရန် လွတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်းတင်သွင်းသော အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းခင်ထားရီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(တတိယနေ့)သို့ ကြွရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ဘဝနှင့် ဆန္ဒတစ်ထပ်တည်းကျပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစား ဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီး ပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ ဒီအဆိုကို ဘာလို့တင်သွင်းရသလဲဆိုရင် ရှမ်းပြည်နယ်လွှတ်တော် အစီအစဉ်ဖြင့် Save The Children နဲ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ လားရှိုးမြို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုယ်စားလှယ်နဲ့ လူငယ်တွေ့ဆုံပွဲတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီတွေ့ဆုံပွဲမှာ လားရှိုးတက္ကသိုလ်တွင် တက်ရောက်နေတဲ့ ကျောင်းသားတွေရဲ့အသံနဲ့ပဲ ဒီအဆိုကို ကျွန်မ တင်သွင်းရခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း လောင်းကစားဝိုင်းဆိုသည့်နေရာတွင် (ငါးမန်းဂိမ်း အပါအဝင်) နေရာအနှံ့အပြားတွင် အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် နယ်စပ်မြို့များတွင် ပိုမိုများပြားစွာ လုပ်ဆောင်နေသည်ကို တွေ့ရှိရပါတယ်။

ယခုလက်ရှိ အခြေအနေတွင် ပြည်သူတို့သည် စားဝတ်နေရေးအတွက် လုံးပမ်းနေရသည်မှာ အကြပ်အတည်းများစွာနှင့် ရင်ဆိုင်နေရပါတယ်။ တောင်သူလယ်သမားတို့သည် ဝမ်းစာအဖြစ် စပါး၊ ပြောင်းနှင့် ဖရဲကို အဓိကထား စိုက်ပျိုးပြီး တရုတ်ပြည်သို့ တင်ပို့ရောင်းချနေရပါတယ်။ တရုတ်ပြည်သို့ တင်ပို့ရောင်းချရာတွင် အမြတ်အစွန်းရရန် မရှိသည့်အပြင် ကားခတောင် မပေးနိုင်သည့် တောင်သူများရှိသလို တချို့မှာ အိမ်မှ ငွေဖြင့် ပြန်လည်ပေးချေနေရပြီး ဆုံးရှုံးမှုများစွာ ဖြစ်ပွားလျက်ရှိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ တရုတ်နှစ်သစ်ကူးပွဲတော်တွင်းစတင်၍ လားရှိုးမြို့တွင် လောင်းကစားဝိုင်းများ အကြီးအကျယ်ဖွင့်လှစ်ခဲ့သည်မှစ၍ ကျွန်မနေထိုင်သည့် သိန္နီမြို့သို့ စိမ့်ဝင်လာခဲ့ပါတယ်။ ကျွန်မတို့ လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲမှူးတို့မှ လောင်းကစားဝိုင်းများကို အချိန်မီ တားဆီးနိုင်ခဲ့သော်လည်း အခြားမြို့နယ်များတွင် တားဆီးပိတ်ပင်နိုင်ခြင်း မရှိခဲ့ချေ။ ဤလောင်းကစားဝိုင်းနှင့် ငါးမန်းဂိမ်းဆိုင်များကြောင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအတွက် ကြီးမားတဲ့ အန္တရာယ်နဲ့ ရင်ဆိုင်ရပြီး အကျင့်စာရိတ္တပျက်ပြားလျက်ရှိပါတယ်။

အထူးသဖြင့် တင်ပြလိုသည်မှာ ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်နေ့ မူဆယ်မြို့တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုတွင်လည်း လောင်းကစားနှင့်ဆက်နွယ်နေသည်ကို သိရှိရပါတယ်။ လောင်းကစားဝိုင်းများကို တားဆီး၊ ပိတ်ပင် ထိရောက်စွာအရေးယူခြင်းမရှိပါက မလိုလားအပ်သည့် ပြဿနာများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးနစ်နာမှုများ ထပ်မံဖြစ်ပေါ်နေမည်မှာ မလွဲဧကန်ပင် ဖြစ်ပေမည်။ မူဆယ်မြို့တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုကြောင့် ကျွန်မတို့မြို့တွင် ဒဿမပုံမှန်အစည်းအဝေးမှာ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ လွတ်တော်ကိုယ်စားလှယ် ဦးအောင်သူကလည်း ဝမ်းနည်းကြောင်း အဆို တစ်ရပ်ကို လွတ်တော်သို့ တင်သွင်း အတည်ပြုနိုင်ခဲ့ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ (၁၆-၉-၂၀၁၈) ညနေ (၄)နာရီ (၃၀)မိနစ်အချိန်တွင် ကွတ်ခိုင်မြို့နယ်၊ ရပ်ကွက် (၈)၊ ခိုလုံကျေးရွာ အဝင်လမ်း၊ ကောင်းခါးလမ်းခွဲမှာလည်း ဖွင့်လှစ်ထားတဲ့ ငါးမန်းဂိမ်းဆိုင်ကို ရပ်ကွက်နေ မိဘ ပြည်သူများက ဝိုင်းဝန်းဖျက်ဆီးလိုက်တဲ့ဖြစ်ရပ်ကိုလည်း Social Media များမှတစ်ဆင့် သိရှိရပါတယ်။

လေးစားရပါသော လွတ်တော်ဥက္ကဋ္ဌကြီးရှင်။ သို့ဖြစ်ပါ၍ ပြည်သူတို့၏ စီးပွားရေးအကြပ်အတည်းများ ဖြစ်ပေါ်စေခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် သုံးစွဲများပြားလာခြင်း၊ စားဝတ်နေရေးအတွက် စိန်ခေါ်မှုများရှိနေခြင်းတို့ကြောင့် ခိုးဆိုးတိုက်ခိုက်မှုများ၊ အုပ်စုဖွဲ့ရိုက်နှက်မှုများ၊ လုယက်မှုများ၊ လိမ်လည်မှုများ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေခြင်းကြောင့် ပြည်သူတို့မှာ လုံခြုံမှုမရှိဘဲ "ကျီးလန့်စာစား" သကဲ့သို့ နေထိုင်နေရပါတယ်။ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်စွာ တားဆီး ပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကို လွတ်တော်သို့ တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို လေးစားပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လာရောက်လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ် ဖြစ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီတင်သွင်း သွားသော အဆိုအား ကျွန်တော်တို့ရဲ့ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမယ့်အရာပဲဖြစ်ပါတယ်။ ဒါကြောင့် တင်သွင်းသွားသော အဆိုဖြစ်သည့် **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်စွာ တားဆီး ပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းခင်ထားရီ တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်)

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါ်နန်းခင်ထားရီရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက တင်သွင်းတဲ့အဆိုကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်(ကြာသပတေးနေ့) နံနက် (၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ။ ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(စတုတ္ထနေ့)မှတ်တမ်း

၁၃၈၀ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

[ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၁၄၃)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၄.၆၂%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က) နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀-၉-၂၀၁၈)ရက်နေ့ (စတုတ္ထနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းစံမိုင်း၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂၁)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ (၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၂)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ(၂၂)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအားကိုက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များ အားလုံး စိတ္တသုခ၊ ကာယသုခနှစ်ဖြာသော သုခနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားကိုဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြလိုတဲ့အကြောင်းကတော့ မိုင်းဖြတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ဘိုရိုးကျေးရွာရှိ နမ့်ဟိုင်းချောင်း ရေလွှဲဆည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် ပတ်သက်သော ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဖြတ်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းမှု ပြုလျက်ရှိပါတယ်။ လယ်များရေကောင်းမွန်စွာရရှိမှသာ စပါးအထွက်ကောင်းပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ကျေးရွာများက ကိုယ့်အားကိုယ်ကိုးပြုလုပ်ထားသော လက်ရိုက်ဆည်များဟာ မိုးတွင်းတောင်ကျရေကြီးလာသည့်အခါ ပျက်စီးသွားပြီး မကြာခဏ ပြုပြင်နေရသဖြင့် ပြည်သူလူထုများ အခက်အခဲနဲ့ရင်ဆိုင်နေရပါတယ်။

မိုင်းဖြတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု၊ ဘိုရိုးရွာအနီးရှိ နမ့်ဟိုင်းလက်ရိုက်ဆည်ဟာ ဘိုရိုး- ဝမ်ကပ်- တုံလုံကျေးရွာများမှ တောင်သူများ အသုံးပြုလျက်ရှိပြီး တောင်သူ (၅၂)ဦးကျော်၊ လယ်ဧက (၂၂၀)ကျော်ခန့်ကို အကျိုးပြုလျက်ရှိပါတယ်။

သို့ပါသောကြောင့် ဘိုရိုးကျေးရွာအနီး နမ့်ဟိုင်းချောင်းလက်ရိုက်ဆည်အား ခိုင်မာသည့် ရေလွှဲဆည်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် မည်သည့်အချိန်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ဗိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ ဗိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) ဦးအားကို မေးမြန်းတဲ့ မိုင်းဖြတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ဘိုရိုးရွာအနီးရှိ နမ့်ဟိုင်းလက်ရိုက်ဆည်ဟာ ဘိုရိုး- ဝမ်ကပ်- တုံလုံကျေးရွာများမှ တောင်သူများ အသုံးပြုလျက်ရှိပြီး မိုးတွင်းတောင်ကျရေကြီးလာသည့် အခါပျက်စီးသွား၍ မကြာခဏ ပြုပြင်နေရသဖြင့် နမ့်ဟိုင်းချောင်းလက်ရိုက်ဆည်အား ခိုင်မာသည့် ရေလွှဲဆည်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဦးစိုင်းလုံကျော်မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ဘိုရိုး၊ ဝမ်ကတ်နှင့် တုံလုံကျေးရွာများမှ ဒေသခံတောင်သူလယ်သမားများသည် လယ်ယာစိုက်ပျိုးရေးကို အသက်မွေးဝမ်းကျောင်းအဖြစ် မှီခိုအားထား၍ စပါးကို အဓိကစိုက်ပျိုးလျက်ရှိရာ ဘိုရိုးကျေးရွာအနီး ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်ဟိုင်းချောင်းပေါ်တွင် သစ်၊ ဝါးများကို အသုံးပြု၍ ကိုယ်ထူကိုယ်ထလက်ရိုက်ဆည် တည်ဆောက်ပြီး လယ်မြေ (၂၂၀)ဧကခန့်အတွက် စိုက်ပျိုးရေရယူလျက်ရှိပါတယ်။ မိုးတွင်းကာလ မိုးများစွာရွာသွန်းသည့်အခါ ချောင်းရေတိုက်စား၍ လက်ရိုက်ဆည်ကျိုးပေါက်ပျက်စီးလျက်ရှိသည့်အတွက် မကြာခဏ ပြုပြင်နေရခြင်း၊ စိုက်ပျိုးရေလုံလောက်စွာ မရရှိခြင်း၊ နှစ်စဉ်ပြုပြင်စရိတ်များ ကုန်ကျခြင်းစသည့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် အခိုင်အမာရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးနိုင်ရန် ဒေသခံတောင်သူများမှ လိုလားလျက်ရှိပါတယ်။

ကွင်းဆင်းစိစစ်ချက်အရ အခိုင်အမာရေလွှဲဆည်အဖြစ် တည်ဆောက်ပေးရန် လိုအပ်သည့်အတွက် အလျား (၉၀)ပေ၊ အမြင့် (၁၀)ခန့်ရှိသော အခိုင်အမာ အုတ်ပန်းရံရေလွှဲဆည် တည်ဆောက်ရမည်ဖြစ်ပြီး တည်ဆောက်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက်

အလျား ပေ (၆၀၀)ခန့် လမ်းအသစ်ဖောက်လုပ်ရမည်ဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျငွေမှာ ကျပ် (၂၂၀)သန်းဖြစ်ပြီး မိုင်းဖြတ်မြို့နယ်၏ စီမံကိန်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနတို့ ညှိနှိုင်းပြီး စီမံကိန်းရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်နောင့်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းနောင့်ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးတင်ပြသွားမဲ့ မေးခွန်းကတော့ မိုင်းပန်မြို့နယ်၊ နမ့်တိန်းကျေးရွာအုပ်စု၊ ပုန်းချယ်ကျေးရွာနှင့် ကုန်းကျိုင်းကျေးရွာအုပ်စု၊ လုံကြိမ်ကျေးရွာတို့အတွက် လျှပ်စစ်မီးရရှိရေးနှင့် စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ နမ့်တိန်းကျေးရွာအုပ်စု၊ ပုန်းချယ်ကျေးရွာနှင့် ကုန်းကျိုင်းကျေးရွာအုပ်စု၊ လုံကြိမ်ကျေးရွာတို့မှာ လျှပ်စစ်ဓာတ်အားလိုင်းများ ကျော်ဖြတ်ကာ တစ်ခြားကျေးရွာတွင် လျှပ်စစ်မီးများ လင်းထိန်နေပြီးဖြစ်သော်လည်း ကျန်နေသေးသော ကျေးရွာနှစ်ရွာမှာ ပြည်သူလူထုများ၏ လျှပ်စစ်မီးအကျိုးကျေးဇူးများ ယခုချိန်ထိမခံစားရသေးသည်ကို မြင်တွေ့နေရပါတယ်။ နမ့်တိန်းကျေးရွာအုပ်စု၊ ပုန်းချယ်ကျေးရွာနှင့် ကုန်းကျိုင်းကျေးရွာအုပ်စု၊ လုံကြိမ်ကျေးရွာတို့ လျှပ်စစ်မီးရရှိရေးအတွက် မည်သည့်အစီအစဉ် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးမည်ကို ပြည်သူလူထုများက သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး (ကိုယ်စား) ဘဏ္ဍာရေးဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ

တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးနဲ့ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာပဏာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ယခု မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းနောင့်မေးမြန်းတဲ့မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးကိုယ်စား ကျွန်တော် ဘဏ္ဍာရေးဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ နမ့်တိန်းကျေးရွာအုပ်စု၊ ပုန်းချယ်ကျေးရွာနှင့် ကုန်းကျိုင်းကျေးရွာအုပ်စု၊ လုံကြိမ်ကျေးရွာတို့မှာ လျှပ်စစ်ဓာတ်အားလိုင်းများ ကျော်ဖြတ်ကာ တခြားကျေးရွာတွင် လျှပ်စစ်မီးများ လင်းထိန်နေပြီဖြစ်သော်လည်း ၎င်းကျေးရွာနှစ်ရွာမှာ လျှပ်စစ်မီး မရရှိသေးပါသဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်အစီအစဉ်၊ မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးမည်ကို သိရှိလိုပါတယ်ဆိုတဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ နမ့်တိန်းကျေးရွာအုပ်စု၊ ပုန်းချယ်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဂျာမဏီချေးငွေဖြင့် ဆောင်ရွက်မည့် KFW Priorty -1 တွင် ၁၁ကေဗွီဓာတ်အားလိုင်း (၀.၁၄)မိုင် ၁၁/၀.၄ ကေဗွီ ၅၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် ၄၀၀ဗို့ဓာတ်အားလိုင်း (၀.၄၈)မိုင်တို့အား ထည့်သွင်းလျာထားတင်ပြထားပြီးဖြစ်ပါတယ်ခင်ဗျား။

ဂျာမဏီနိုင်ငံ၊ KFW ချေးငွေဖြင့် စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်မှ International Consultant Tender ခေါ်ယူစိစစ်လျက်ရှိပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ ပစ္စည်းများ ဝယ်ယူရေးအတွက် Bidding Document ပြုစုခြင်းများ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း ICB တင်ဒါများ စတင်ခေါ်ဆိုသွားမည်ဖြစ်ရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလခန့်တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါက်တာဝဏ္ဏစိုးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်

ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြု၍ ရှင်းလင်းခွင့်ပြုပါ။

ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းလပ်ကျေးရွာအုပ်စု၊ ဝမ်လင်ကျေးရွာ၊ ဝမ်မိုင်ကျေးရွာနှင့် နောင်ကန်ကျေးရွာအနီးမှ ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်လပ်ချောင်းမှာ တိမ်ကောလာတဲ့အတွက် တူးဖော်ဆယ်ယူရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဒီ နမ့်လပ်ချောင်းရေကြီးမှုနှင့်ပတ်သက်ပြီးတော့ ကျွန်တော် နယ်မြေဒေသအခြေအနေတချို့ကို တင်ပြခွင့်ပြုပါ။ ကျိုင်းတုံမြို့နယ်ဟာ ချောင်းမြောင်းနည်းပါးပြီးတော့ တောင်မှ မြောက်ကိုစီးဆင်းတဲ့ ကျိုင်းဖောင်းချောင်းနဲ့ နမ့်လပ်ချောင်း (၂)ချောင်းသာဖြတ်သန်းစီးဆင်းသွားပါတယ်။ အမြင့်ဆုံးအပူချိန်ဟာ (၃၉.၆)ဒီဂရီနဲ့ အနိမ့်ဆုံးဒီဂရီဟာ (၅.၈)ဒီဂရီဖြစ်ပါတယ်။ မိုးရွာရက်တွေကို ကြည့်မယ်ဆိုရင် ကမ္ဘာကြီးပူနွေးလာမှု၊ သစ်တောတွေပြုန်းတီးလာမှုတို့ကြောင့် မိုးရွာရက်တွေများလာသလို မိုးရေချိန်တွေလဲများလာပါတယ်။ ၂၀၁၆ မှာဆိုရင် မိုးရွာရက် (၉၃)ရက်နဲ့ မိုးရေချိန်လက်မ (၇၁.၁၃)ရှိပါတယ်။ ၂၀၁၇ ဧပြီလမှာစတင်ပြီးရွာနေတာ စက်တင်ဘာလကုန်အထိ မိုးရွာရက်မပြီးသေးပါဘူး။ ရွာနေတုန်းပါဘဲ။ မိုးရေချိန်လက်မတွေကလည်း တက်လျက်ရှိပါတယ်။ ၎င်းအပြင် နမ့်လပ်ချောင်းကလည်း မိုးရွာရက်များပြီး မိုးရေချိန်များလာသလို နမ့်လပ်ချောင်းကလည်း သဲနုန်းပို့ချမှုများတဲ့အတွက် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လျက်နေပါတယ်။ နမ့်လပ်ချောင်း ရေကြီးမှုကြောင့် မိုင်းခတ်ကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာအားလုံး(၁၆)ရွာနှင့် လူဦးရေပေါင်း (၄၀၀၀)ကျော်ခံစားနေရပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့နယ်၊ မိုင်းလပ်ကျေးရွာအုပ်စု၊ ဝမ်လင်ကျေးရွာ၊ ဝမ်မိုင်ကျေးရွာနဲ့ နောင်ကန်ကျေးရွာအနီးမှာ ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ နမ့်လပ်ချောင်းမှ ချောင်းရေဆင်းဧရိယာများမှာ သစ်တောများပြုန်းတီးလာခြင်း၊ ချောင်းအကွေ့ကောက်များနေခြင်းတို့ကြောင့် အနည်ထိုင်မှုများပြားလာ၍ မိုးအဆက်မပြတ်ရွာသွန်းသည့်အခါတိုင်း အဆိုပါချောင်းရေလျှံပြီး အထက်ဖော်ပြပါ ကျေးရွာများရှိ လယ်မြေ (၈၅)ဧကနှင့် အနိမ့်ပိုင်းရှိ ဝမ်လင်ကျေးရွာ၊ ဝမ်မိုင်ကျေးရွာများအတွင်း ရေများဝင်ရောက်ပြီး နှစ်စဉ်ရေကြီးရေလွှမ်းမိုးဒဏ်ခံစားနေရပါတယ်။

အဆိုပါ လယ်မြေများရေလွှမ်းမိုးမှု၊ ကျေးရွာတွင်းရေကြီးမှုများကြောင့် ဒေသခံပြည်သူအများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအစရှိသည့် ဘက်ပေါင်းစုံ ထိခိုက်မှု

ကြုံတွေ့ခံစားနေရပါသဖြင့် ဒေသခံပြည်သူများမှ ပြန်လည်တူးဖော်ပေးပါရန် တင်ပြလာပါတယ်။ ရေများဝင်ရောက်လာ၍ ဒေသခံပြည်သူများအခက်အခဲနဲ့ကြုံတွေ့နေရပြီး လယ်ဧကများ ပျက်စီးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ မိုင်းလပ်ကျေးရွာအနီးမှာရှိတဲ့ ဝမ်လင်ကျေးရွာကွင်းအမှတ် (၁၀၀)မှာရှိတဲ့ ဧက(၄၀)ရေလွှမ်းမိုးနေတာဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ်၊ မိုင်းလပ်အုပ်စု၊ ဝမ်လင်ကျေးရွာအနီးမှာရှိတဲ့ ကွင်းအမှတ် (၁၁၀) ဧက (၃၀) ရေလွှမ်းမိုးပျက်စီးနေတာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်တုံမြို့နယ်၊ မိုင်းလပ်ကျေးရွာအုပ်စု၊ ဝမ်လင်ကျေးရွာ၊ ဝမ်မိုင်ကျေးရွာ၊ နောင်ကန်ကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေသည့် တိမ်ကောနေသော နမ့်လပ်ချောင်းအား တူးဖော်ဆယ်ယူပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိနှင့် ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း၊ ဒေသခံပြည်သူများ၏ ကိုယ်စား ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ရိုသေလေးမြတ်စွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးရဲ့ ကျိုင်းတုံမြို့နယ်အတွင်းမှာရှိတဲ့ နမ့်လပ်ချောင်းအား တူးဖော်ဆယ်ယူပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါကမည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြစ်/ ချောင်းများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းနှင့် ရေလွှမ်းမိုးမှု (ရေကြီးရေလျှံမှု) ကာကွယ်ရေးလုပ်ငန်းတို့ကို ရရှိသောရန်ပုံငွေ အပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျိုင်းတုံမြို့နယ်၊ မိုင်းလပ်ကျေးရွာအုပ်စု၊ ဝမ်လင်ကျေးရွာ၊ ဝမ်မိုင်ကျေးရွာနှင့် နောင်ကန်ကျေးရွာအနီးဖြတ်သန်းစီးဆင်းနေသည့် တိမ်ကောနေသော နမ့်လပ်ချောင်းအား တူးဖော်ဆယ်ယူခြင်း လုပ်ငန်းဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉

ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေစာရင်းတွင် တင်ပြတောင်းခံထား ခြင်းမရှိပါ။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်းစိစစ်ပြီး နောက် ဆောင်ရွက်သင့်သော အစီအမံများကို ယခုလုပ်ငန်းနှင့် သက်ဆိုင်မည့်ဌာနက ဘဏ္ဍာနှစ်အလိုက် မြို့နယ်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲစေခြင်း၊ ဘဏ္ဍာရန်ပုံငွေလျာထား တောင်းခံစေခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်း တင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်ပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတဲ့ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့မေးခွန်းမှာတော့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်းကျေးရွာအုပ်စု၊ ဝမ်ပုံအဝင် လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်မဲ့အစီအစဉ် ရှိ/ မရှိနဲ့စပ်လျဉ်းပြီးတော့ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ် ၊ မိုင်းမန်း ကျေးရွာအုပ်စု၊ ဝမ်ပုံရွာ သည် ရှမ်းတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပါတယ်။ အိမ်ခြေ (၇၅)အိမ်၊ လူဦးရေ (၃၀၅)ဦး ရှိသည်နှင့်အညီ ကျေးရွာသားများတို့သည် မိမိတို့ဝမ်းစာစားဝတ်နေရေးကိစ္စ အဝဝကို စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် ဆောင်ရွက်လုပ်ကိုင်နေကြတဲ့ ကျေးရွာ လေးတစ်ခုဖြစ်ပါတယ်။ အဲ့ရွာလေးဟာဆိုရင် သီးခြားရွာလေးဖြစ်တဲ့အပြင် ထွက်ပေါက် ဆိုရင်လည်း တစ်လမ်းပဲရှိပါတယ်။ အဲ့လမ်းကို သူတို့ကိုယ်တိုင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် (၁)မိုင်ခွဲသာသာရှိတဲ့ မြေလမ်းကိုတော့ ဖောက်လုပ်ထားရှိပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အဲ့လမ်း ဟာ ခြောက်သွေ့ရာသီမှာသွားလာလို့ရအဆင်ပြေပေမဲ့ မိုးရာသီကျတော့ ရုန်းကန်လှုပ်ရှား သွားလာနေရတဲ့လမ်းဖြစ်တာကြောင့် တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ အဲ့လမ်းထွက်ပေါက်ဟာ ဒီကျေးရွာအုပ်စုအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝကို စဉ်းစားပေးမယ်ဆိုရင် ဒီလမ်းဟာအင်မတန်မှ ခက်ခက်ခဲခဲနဲ့ ကိုယ့်ရွာအတွက် ရုန်းကန်နေတာဖြစ်တဲ့အညီ အဲ့လမ်းဟာဆိုရင် မိုင်းပျဉ်း၊ မိုင်းဆတ် လမ်းပေါ်မှာရှိတဲ့ အေးချမ်းရွာဆီပေါက်တဲ့လမ်းဖြစ်ပါတယ်။ တစ်ဆက်တည်း မိုင်းပူးကျေးရွာအုပ်စုဖြတ်သန်းပြီး မိုင်းပျဉ်းမြို့ကိုသွားလာရတဲ့ ကျေးရွာအတွက်လည်း

ဖြစ်တာနဲ့အညီ ဒီကျေးရွာမှာနေထိုင်ကြတဲ့ ပြည်သူလူထုက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့အတွက် ကျောက်ချောလမ်းများ နိုင်ငံတော်ရန်ပုံငွေအားဖြင့် ဆောင်ရွက်ပေးမယ်ဆိုရင် သူတို့အတွက် အင်မတန်မှပဲအကျိုးထူး ခံစားခွင့်ရရှိမှာ ဖြစ်တာနဲ့အညီ အခုလိုပဲလွတ်တော်ကတစ်ဆင့် ဆောင်ရွက်ပေးနိုင်ဖို့ အထူးလိုလားတောင်းတလျက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်းကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာ၏ လမ်းခွဲ(၁ ၁/၂) မိုင်ရှိ မြေလမ်းမှ ကျောက်ချောလမ်းအဖြစ်၊ အဆင့်မြင့်ဖောက်လုပ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ လွတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး လှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ လွတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမှ မေးမြန်းလာသည့် မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်းကျေးရွာအုပ်စုရှိ ဝမ်ပုံကျေးရွာသည် မိုင်းပျဉ်း-မိုင်းဆတ်ကားလမ်းပေါ်တွင် တည်ရှိသည့် အေးချမ်းရွာသို့သွားရောက်ရသည့် လမ်းဖြစ်၍ ၎င်းမှတစ်ဆင့် မိုင်းပုအွန်အုပ်စုဖြတ်ကာ မိုင်းပျဉ်းသို့သွားသည့် လမ်းအားကျေးရွာသားများမှ ကိုယ်ထူကိုယ်ထဖြင့် မြေသားလမ်းဖောက်လုပ်ခဲ့ကြပြီး မိုးရာသီအခါတွင် ခက်ခဲစွာရုန်းကန်သွားလာနေရသဖြင့် အဆိုပါ ဝမ်ပုံကျေးရွာအဝင်လမ်းခွဲ (၁/၄)မိုင်ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်မည့် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါတယ် ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်းကျေးရွာအုပ်စုရှိ ဝမ်ပုံကျေးရွာနေ ပြည်သူများသည် မိုင်းပျဉ်း-မိုင်းဆတ် ကားလမ်းပေါ်ရှိ မိုင်းမန်းကျေးရွာနှင့် အေးချမ်းကျေးရွာမှ ဝမ်လုံ- ဝမ်ပုံသို့ သွားသောလမ်းအား အဓိက အသုံးပြုလျက်ရှိပါတယ်။ အေးချမ်းရွာနှင့် မိုင်းမန်းရွာသည် ရွာချင်းဆက်လျက်တည်ရှိပြီး ဝမ်ပုံရွာသည် မိုင်းမန်းရွာနှင့် မိုင်းမန်းချောင်းသာခြားပြီး ရွာချင်းကပ်လျက်တည်ရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဝမ်လုံမှ

ဝမ်ပုံရွာအထိ မြေသားလမ်း (၃/၀)မိုင် ဖောက်လုပ်ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ၎င်းလမ်းဆက်စပ်လျက်ရှိသော နောင်ခစ်- မိုင်းမန်းအထိ (၇/၀)မိုင်အနက် (၂/၀)မိုင် ကျောက်ခင်းခြင်းအား ရန်ပုံငွေထည့်သွင်းလျာထားပြီးဖြစ်ရာ မိုင်းမန်း - အေးချမ်း - ဝမ်လုံမှ ဝမ်ပုံရွာအထိ (၃/၀)မိုင် မြေသားလမ်းပေါ်တွင် နောင်ခစ်လမ်းခွဲအထိ ကျောက်ချောလမ်း (၁/၂)မိုင် ပါဝင်မည်ဖြစ်ပါတယ်။

နောင်ခစ်ရွာအထိ (၇/၀)မိုင် ကျောက်ချောလမ်းဆောင်ရွက်ပြီးပါက ဝမ်လုံမှဝမ်ပုံရွာသို့ ကျန်ရှိသည့်လမ်းပိုင်း (၁/၆)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်ရာဘဏ္ဍာရေးနှစ်တွင် ဆက်လက်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ်တွင် (၂) မဂ္ဂါဝပ်ပိုလျှံလျက်ရှိသဖြင့် (၂၀၁၈ ၂၀၁၉) (RE-Revised Estimate)၊ သို့မဟုတ် ၂၀၁၉-၂၀၂၀ (BE- Budget Estimate) တွင် ထည့်သွင်းလျာထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိမေးခွန်းနဲ့ စပ်လျဉ်းပြီး ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားတာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား။ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်တွင် ၂၀၁၀ ခုနှစ်မှစ၍ 66 KVA လိုင်းဖြင့်၊ လျှပ်စစ်ဓါတ်အား (၅) မဂ္ဂါဝပ်ကို ပြည်သူလူထုအား ဖြန့်ဝေပေးရာလက်ရှိတွင် (၃) မဂ္ဂါဝပ်သာ သုံးစွဲပြီး(၂) မဂ္ဂါဝပ်ပိုလျှံလျက် ရှိပါတယ်။ ဒါ့ကြောင့် ၎င်းပိုလျှံနေသော ဓါတ်အားများကို အောက်ဖော်ပြပါကျေးရွာများဖြစ်သည့်

(၁) တောင်မကျေးရွာအုပ်စု၊လပိုင်းကျေးရွာ 11KV လိုင်း ACSR 95 mm 2မိုင် 11/0.4KVထရန်စဖော်မာ 100 (၁)လုံး 4000Volt လိုင်း 0.9 မိုင်၊

(၂) ကျောက်ဖြူကျေးရွာအုပ်စု၊ ကျောက်ခေါင်းကျေးရွာ 11KV လိုင်း ACSR 95 mm 1.5 မိုင် 11/0.4KVထရန်စဖော်မာ 100 (၁)လုံး 400 Volt လိုင်း 1 မိုင်၊

(၃) ကျောက်ဖြူကျေးရွာအုပ်စု၊မြိုင်ကျေးရွာ 11KV လိုင်း ACSR 95 mm 0.9 မိုင် 11/0.4KVထရန်စဖော်မာ 100 (၁)လုံး 400 Volt လိုင်း 0.9 မိုင်၊

(၄) မန်ကန်ကျေးရွာအုပ်စု၊ ဟိုက်တန်ကျေးရွာ 11KV လိုင်း ACSR 95 mm 3.2 မိုင် 11/0.4KVထရန်စဖော်မာ 100 (၁)လုံး 400 Volt လိုင်း 0.8 မိုင်၊

စသည့်ကျေးရွာများသို့ လျှပ်စစ်မါတ်အား သွယ်တန်းနိုင်ရေးအတွက် (၂၀၁၈-၂၀၁၉) (RE-Revised Estimate)တွင်လည်းကောင်း၊ သို့မဟုတ် ၂၀၁၉-၂၀၂၀ (BE-Budget Estimate) တွင်လည်းကောင်း ထည့်သွင်းလျာထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး(ကိုယ်စား) ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံ ၊ ဘဏ္ဍာရေးဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒီနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် လေ့လာသူဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းထားတဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်တွင် လျှစ်စစ်မာတ်အား (၂) မဂ္ဂါဝပ် ပိုလျှံလျက်ရှိသဖြင့် အောက်ဖော်ပြပါ ကျေးရွာများသို့ ၂၀၁၈-၂၀၁၉ (RE) သို့မဟုတ် ၂၀၁၉-၂၀၂၀ (BE)တွင်ထည့်သွင်းလျာထား ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါတယ်နှင့် စပ်လျဉ်း၍ ကျွန်တော်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဆန်မြို့နယ်၊ ၆၆ ကေဗွီ မာတ်အားခွဲရုံရှိ ၆၆/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ထရန်စဖော်မာသည် ဝန်အား (၃.၅) မဂ္ဂါဝပ်အထိ သုံးစွဲနိုင်ပြီး လက်ရှိဝန်အား (၁.၅) မဂ္ဂါဝပ်သုံးစွဲလျှက်ရှိသဖြင့် (၂) မဂ္ဂါဝပ်ခန့်အား ထပ်မံဖြန့်ဖြူးပေးနိုင်

မှာ ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်ရှိ လပိုင်း၊ ကျောက်ခေါင်း၊ မြိုင်၊ ဟိုက်တန် ကျေးရွာ(၄)ရွာ လျှပ်စစ်ခါတ်အား ရရှိရေးအတွက် ၁၁ ကေဗွီ ခါတ်အားလိုင်း (၇.၆) မိုင်၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ (၄)လုံးနှင့် ၄၀၀ ဗို့ ခါတ်အားလိုင်း (၃.၆)မိုင် တည်ဆောက် တပ်ဆင်ခြင်း လုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ဒေသန္တရစီမံကိန်းရေးဆွဲရေးမှာ ဦးစားပေး အစီအစဉ်အလိုက် ထည့်သွင်းလျာထားပေးလာပါက (BE)ဘတ်ဂျက်တွင် စဉ်းစား ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းကောင်ခမ်း က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် လေ့လာသူများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာပထမ နူတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်း ဖြစ်ပါတယ်။ ပြည်သူလူထု ကိုယ်စား ကျွန်မမေးမြန်းသွားမည့် မေးခွန်းကတော့ မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့ အခြေခံ ပညာအထက်တန်းကျောင်း၌ လိုအပ်နေသော စာသင်ဆောင်ကိစ္စနှင့် စပ်လျဉ်း၍ ပညာရေး ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းအားမေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်အတွင်းရှိ မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ အထက်တန်းအဆင့် ၁၈ ဦး၊ အလယ်တန်းအဆင့် ၁၇၄ ဦး၊ မူလတန်းအဆင့် ၄၂၇ ဦးဖြင့် စုစုပေါင်း ကျောင်းသူကျောင်းသား ၆၁၉ ဦးတက်ရောက် ပညာသင်ကြားလျက် ရှိပါတယ်။အခြေခံပညာအထက်တန်းကျောင်း၊ မိုင်းစံသည် ၂၀၁၀ ပြည့်နှစ်တွင် အထက်တန်း အဆင့်သို့ တိုးမြှင့်ခံရပြီး အဆင့် (၄)ဆင့်ကျော်၍ အဆင့်တိုးမြှင့်ကျောင်း ဖြစ်သောကြောင့် ယခုအခါ တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသူ၊ကျောင်းသားများ အတွက် စာသင် ဆောင်များ လုံလောက်မှုမရှိပါသဖြင့် လက်ရှိတွင် စာသင်ဆောင်၃ဆောင်သာရှိပြီး တက် ရောက်သင်ကြားနေသည့် ကျောင်းသားဦးရေနှင့် မလုံလောက်သောကြောင့် ယာယီ စာသင် ဆောင် ၃ ဆောင်ကို ဆောက်လုပ်ကာ သင်ကြားပေးနေရသည့်အတွက် ကျောင်းသူ ကျောင်းသားများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါတယ်။ တစ်နှစ်ထက် တစ်နှစ်

တိုးတက်များပြားလာသော ကျောင်းသူ၊ကျောင်းသားဦးရေကြောင့် ထက်/လယ်/မူ အဆင့် အားလုံးအတွက် စာသင်ဆောင်များ အရေးတကြီး လိုအပ်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လိုအပ်လျက်ရှိသည့် စာသင်ဆောင်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနမှ မည်သည့်အချိန်ကာလတွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာတင်ပြ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်းရဲ့ မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့ အခြေခံ ပညာအထက်တန်းကျောင်း၌ လိုအပ်နေသော စာသင်ဆောင် ဆောက်လုပ်ပေးရေးမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်၊ မိုင်းစံအခြေခံပညာ အထက်တန်းကျောင်းသည် ကျောင်းပိုင်မြေ (၀.၅၁၁) ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှုပုံစံလည်း (၁၀၅)ရှိပါတယ်။ (၁၀၀×၃၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ် ချယ်ရီဆောင်၊ (၁၂×၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် ပိတောက်ဆောင်၊ (၉၀×၃၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ် စကားဝါဆောင်၊ (၃၂×၁၆)ပေ သွပ်မိုး၊ ဝါးကာ ရေတွင်းဆောင်၊ (၃၆×၂၄)ပေ သွပ်မိုး၊ သွပ်ကာဆောင်၊ စုစုပေါင်း စာသင်ဆောင် (၅)ဆောင် ရှိပါတယ်။

ကျောင်းသားဦးရေမှာ (KG) (၆၀)ဦး၊ ပထမတန်း (၈၆)ဦး၊ ဒုတိယတန်း (၁၃၇)ဦး၊ တတိယတန်း (၆၆)ဦး၊ စတုတ္ထတန်း (၇၈)ဦး၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူစုစုပေါင်း (၄၂၇)ဦး၊ တန်းခွဲ (၅)ခုရှိပါတယ်။ ပဉ္စမတန်း (၅၇)ဦး၊ ဆဋ္ဌမတန်း (၅၂)ဦး၊ သတ္တမတန်း (၄၇)ဦးနှင့် အဋ္ဌမတန်း (၁၈)ဦး၊ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ စုစုပေါင်း (၁၇၄)ဦး၊ တန်းခွဲ (၄)ခု ရှိပါတယ်။ နဝမတန်း (၇)ဦးနှင့် ဒသမတန်း (၁၀)ဦး၊ အထက်တန်းအဆင့်ကျောင်းသားကျောင်းသူစုစုပေါင်း (၁၇)ဦး၊ တန်းခွဲ (၂)ခုရှိပါတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စုစုပေါင်းကျောင်းသားကျောင်းသူဦးရေ (၆၁၈)ဦးရှိပြီး တန်းခွဲပေါင်း (၁၁)ခုရှိပါတယ်။

မိုင်းစံအခြေခံပညာအထက်တန်းကျောင်း၏ လိုအပ်လျက်ရှိသော စာသင်ဆောင်ကို စိစစ်၍ အမြန်ဆုံးတင်ပြတောင်းခံရန် ပြည်နယ်ပညာရေးရုံး၊ တောင်ကြီးမြို့၏ (၁၀-၉-၂၀၁၈)ရက်စွဲပါ စာအမှတ် ဌာနခွဲ (၃)/ ၂၉၈၇/ လွတ်တော် (၂၀၁၈-၂၀၁၉)ဖြင့် မိုင်းရှူးမြို့နယ် ပညာရေးမှူးရုံးသို့ အကြောင်းကြားထားပြီး မြို့နယ်ပညာရေးမှူးရုံးမှ တင်ပြဦးစားပေးအစီအစဉ်အလိုက် စီမံကိန်းရေးဆွဲတောင်းခံလာပါက အနီးဆုံး ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ခွင့်ရရှိနိုင်ရန် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံ ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ရီရီဝင်း ကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မန်ဟီတောင်ကြိုးဝိုင်းကိစ္စနဲ့ ပတ်သက်ပြီးတော့မှ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်တွင် မန်ဟီတောင်ကြိုးဝိုင်းကို ၂၀၁၁ ခုနှစ်တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ နေပြည်တော်၊ အမိန့်ကြော်ငြာစာအမှတ် (၁၇၀/၂၀၁၁)ဖြင့် သစ်တောကြိုးဝိုင်းဖွဲ့စည်းထားရှိကြောင်း သိရှိရပါတယ်။ ထိုသို့သတ်မှတ်ရာတွင် မန်ဟီတောင်ကြိုးဝိုင်းသည် လက်ခုပ်ပင်ကျေးရွာအုပ်စုနှင့် ရွှေဇလီကျေးရွာအုပ်စုတို့ရှိ နယ်နိမိတ်မြေဧရိယာများနှင့် ထိစပ်လျက်ရှိသောကြောင့် သစ်တောဘုတ်တိုင်များကို ပြည်သူများ မှတ်မှတ်သားသားသိရှိစေရန် ရည်ရွယ်၍ ပြန်လည်စိုက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/ မရှိနှင့် ၎င်းသစ်တောဧရိယာ မသတ်မှတ်ခင် ကတည်းက ဒေသခံပြည်သူအချို့နေထိုင်ကာ ထွန်ယက်စိုက်ပျိုးစားသောက်နေထိုင်လျက် ရှိနေကြကြောင်းကိုလည်း သိရှိရပါတယ်။ အိမ်ခြေ(၃၀)ခန့်၊ နေထိုင်သူစုစုပေါင်း (၉၃)ဦး၊ လယ်(၁၁)ဧက၊ ယာ (၃၀၈.၅)ဧကနှင့် ရွာမြေ (၀.၅၂)ဧကခန့်တို့သည် ၎င်းသစ်တော ကြိုးဝိုင်းဧရိယာထဲပါဝင်သွားခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ထို့ကြောင့် သစ်တောဧရိယာ မသတ်မှတ်ခင် နေထိုင်ခဲ့သည့် ပြည်သူများနှင့် စိုက်ပျိုးမြေဧရိယာများကို သစ်တောကြိုးဝိုင်း အတွင်းမှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ။ လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြတဲ့ သူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း မေးမြန်းတဲ့မေးခွန်းမှာ ရည်ရွယ်ချက်(၂)ခုရှိတာကိုတွေ့ရပါတယ်။ ပထမတစ်ခုကတော့ သစ်တောကြိုးဝိုင်းနယ်နိမိတ်အမှတ်အသားကို အများပြည်သူ သိသာထင်ရှားစေလိုတဲ့ရည်ရွယ်ချက်ကိုတွေ့ရှိရပြီးတော့၊ ဒုတိယတစ်ခုကတော့ သစ်တောကြိုးဝိုင်း ပယ်ဖျက်ပေးစေလိုတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ပထမအပိုင်းကို စတင်ဖြေကြားမှာဖြစ်ပါတယ်။

မိုးမိတ်မြို့နယ်အတွင်းရှိ ဧရိယာအကျယ်အဝန်း(၅၈၅၅)ဧကရှိသော နယ်မြေအား ယခင်သစ်တောရေးရာဝန်ကြီးဌ၏ (၁-၉-၂၀၁၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၇၀/၂၀၁၁)အရ "မန်ဟီတောင်ကြိုးဝိုင်း"အဖြစ် ဖွဲ့စည်းသတ်မှတ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ မန်ဟီတောင်ကြိုးဝိုင်းတောဖွဲ့စည်းသတ်မှတ်နိုင်ရေးအတွက် ကြေးတိုင်ပုံစံ(၁)ထုတ်ပြန် ကြေညာချက်အပေါ် တောင်းဆိုလိုသည့် အခွင့်အရေးဆိုင်ရာ ဆိုင်ခွင့်များအား ကြေးတိုင်ပုံစံ (၃)ဖြင့် (၃)လအတွင်း တင်ပြတောင်းခံစေရာ သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာ နယ်မြေဒေသရှိ ဒေသခံပြည်သူများမှ ဆိုင်ရာဆိုင်ခွင့် တောင်းဆိုခဲ့ခြင်း မရှိကြောင်းနှင့် မန်ဟီတောင်ကြိုးဝိုင်း အတွင်း ဆိုင်ရာဆိုင်ခွင့်များအဖြစ် ခွင့်ပြုသတ်မှတ်ထားရှိချက် မရှိကြောင်း မှတ်တမ်းများမှာတွေ့ရှိရပါတယ်။

ထို့အပြင် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်စွဲပါ စာအမှတ်၊ ၁၃(၁)/၇ သမ္မတရုံးစာအရ သစ်တောမြေ (ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တော/ သဘာဝနယ်မြေ)များအတွင်းမှာ နှစ်ကာလအတိုင်းအတာတစ်ခုအထိ တရားမဝင်ကျူးကျော် အခြေချနေထိုင်သည့် ရွာစုနှင့်အိမ်ထောင်စုများအား စာရင်းဇယားကောက်ယူပြီး ကျေးရွာများပြန်လည်နေရာချထားပေးရန် လမ်းညွှန်ချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ယခင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့ပါဝင်သော ပြည်နယ်/ ခရိုင်/ မြို့နယ် ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းပြီးတော့ ဒေသခံကျေးရွာပြည်သူများ ပူးပေါင်းမှုဖြင့် ကွင်းဆင်းစာရင်းကောက်ယူချက်အရ မန်ဟီတောင်ကြိုးဝိုင်းအတွင်း အိမ်ခြေ(၅၀)အောက် ပြန့်ကျဲနေသော အိမ်စု၊ ရွာစုများစာရင်း(မူရင်းဒေသသို့ ပြန်လိုသောအိမ်စု၊ ရွာစုများစာရင်း)တွင် အိမ်စု၊

လယ်မြေစုစုပေါင်း(၉)ဧက၊ ယာမြေ(၃၀၈.၅) ဧက ပါဝင်ပြီး ဆိုင်ရာဆိုင်ခွင့် ဥယျာဉ် ခြံမြေ၊ နှစ်ရှည်/ စိုက်ခင်းမြေနှင့် သာသနာ / အများပိုင်မြေစာရင်းများ ပါဝင်မှုမရှိတာ တွေ့ရပါတယ်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ သစ်တောနယ်မြေများအတွင်း ကာလအတန်ကြာ ကျူးကျော်ဝင်ရောက် နေထိုင်လျက်ရှိသည့် စာရင်းများအား အဖွဲ့စုံဖြင့် ကောက်ယူရရှိချက်အပေါ်မှာ အိမ်ခြေ (၅၀)နှင့် အထက် ပြည်ထဲရေးအမည်ပေါက် ကျေးရွာများစာရင်း၊ အိမ်ခြေ (၅၀)အောက် ပြည်ထဲရေးအမည်ပေါက် ကျေးရွာများနှင့် ပြည်ထဲရေးအမည်မပေါက်သော်လည်း အိမ်ခြေ (၅၀)အထက် အခိုင်အမာတည်ရှိသည့် ကျေးရွာများအား သစ်တောနယ်မြေများအဖြစ်မှ ထိုစဉ်ကပယ်ဖျက်ပေးခဲ့ပြီး ဖြစ်သော်လည်း မန်ဟီတောင်ကြိုးဝိုင်းအတွင်း ကောက်ယူရရှိသည့် စာရင်းမှာ အထက်ဖော်ပြပါအတိုင်း အိမ်ခြေ (၅၀)အောက်ပြန့်ကျဲနေသော အိမ်စုများစာရင်း (မူရင်းဒေသသို့ ပြန်လိုသော အိမ်စုများစာရင်း)သာရှိခဲ့သဖြင့် ပယ်ဖျက်ပေးခဲ့ခြင်း မရှိခဲ့တာကို တွေ့ရှိရပါတယ်။

အဆိုပါသစ်တောကြိုးဝိုင်းအတွင်း စာရင်းကောက်ယူရရှိသည့် စိုက်ပျိုးမြေများအနက် ယာမြေများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခြင်းမပြုဘဲ ယာ(၁)ဧကလျှင် သစ်တော သစ်ပင်နှင့် နှစ်ရှည်သီးပင်စားပင် (၁၅၀)ပင်အား သီးနှံသစ်တောရောနှောစနစ်ဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်း ဆောင်ရွက်စေပြီး ရှင်သန်ဖြစ်ထွန်းလာသော အပင်များ၏ အကျိုးအမြတ်များကို တောင်သူများခံစားခွင့်ရရှိစေမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်အား ထုတ်ပေးပြီးနှစ် (၃၀)လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်ပါကြောင်းနှင့် ဥယျာဉ်ခြံမြေ/ နှစ်ရှည်စိုက်ခင်းများအား နှစ်ရှည်မြေဌားရမ်းစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုရေး ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် မရှိတဲ့အကြောင်း တင်ပြလိုပါတယ်။

သစ်တောဦးစီးဌာနမှ ကြိုးဝိုင်းနယ်နိမိတ် အမှတ်အသားအဖြစ် သစ်သားဘုတ်တိုင်နှင့် မြေပုံတိုင်များ ပုံမှန်စိုက်ထူဆောင်ရွက်လျက်ရှိပါတယ်။ သစ်သားဘုတ်တိုင်များကို သာမန်အားဖြင့် တစ်တိုင်နှင့်တစ်တိုင် လှမ်းမြင်နိုင်အောင် စိုက်ထူရမည်ဖြစ်ပြီး တစ်တိုင်နှင့် တစ်တိုင် (၂)ဖာလုံအကွာတွင် စိုက်ထူဆောင်ရွက်လျက်ရှိပါတယ်။ မြေပုံတိုင်များကိုတော့ တစ်တိုင်နှင့် တစ်တိုင်(၁)ဖာလုံ အကွာအဝေးတွင် စိုက်ထူဆောင်ရွက်လျက် ရှိပါတယ်။ သစ်သား ဘုတ်တိုင်များ အပါအဝင် မြေပုံတိုင်များကို ပုံမှန်အားဖြင့် အသစ်လဲလှယ်ခြင်းကို (၅)နှစ် (၁)ကြိမ် ဆောင်ရွက်လျက်ရှိပါတယ်။

မြို့/ ကျေးရွာများနှင့် လွန်စွာနီးကပ်လျက်ရှိသည့် သစ်တောနယ်မြေများတွင် ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် ကာလတိုအတွင်း

(ဧပြီလမှ စက်တင်ဘာလထိ (၆)လကာလအတွင်း) ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း) ဖြင့် ဆောင်ရွက်လျက်ရှိရာမှ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ သဘာဝ နယ်မြေများအား ခြံစည်းရိုးကာရံခြင်းအဖြစ် (၈)မိုင်အား ခွင့်ပြုပေးခဲ့ပါတယ်။ ယခုနှစ် အတွက် လူနေအိမ်များနှင့် လွန်စွာထိစပ်လျက်ရှိသည့် တောင်ကြီးမြို့တွင် တောင်ကြီးငှက်ဘေးမဲ့တော၌ (၃)မိုင်၊ ကလောမြို့နယ်တွင် ကလောကြိုးဝိုင်း၌ (၁)မိုင်၊ ကျိုင်းတုံမြို့နယ်တွင် နမ့်လွေကြိုးဝိုင်း (၁)မိုင်၊ မိုင်းဖြတ်မြို့နယ် ဖားပေ့တောင်ကြိုးဝိုင်း (၁)မိုင်နှင့် လားရှိုးမြို့နယ်တွင် လွယ်ဂူးကြိုးဝိုင်း (၂)မိုင်တို့ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် သစ်တောနယ်မြေအတွင်း နှစ်ရှည် မြေငှားရမ်းစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားသည့် ကုမ္ပဏီများရဲ့အစီအစဉ်နဲ့ ကြိုးဝိုင်း ခြံစည်းရိုး ကာရံစေခြင်း ဆောင်ရွက်လျက်ရှိရာမှာ တောင်ကြီး တောင်ထင်းကြိုးဝိုင်းတွင် လွိုင်ခမ်းအိမ်ရာ စီမံကိန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ခြံစည်းရိုး ကာရံခြင်း(၆၃၀၀)ပေ ဆောင်ရွက်ပြီးဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၃၅၁၀)ပေ ဆောင်ရွက်သွားဖို့ရှိနေပါတယ်။ အလားတူ တောင်ကြီးငှက်ဘေးမဲ့တောမှ TAUNGGYI BUSINESS CENTER (TBC) အိမ်ရာစီမံကိန်းတွင် သစ်တောမြေမှ ပယ်ဖျက်ပေးခဲ့ခြင်းအတွက် ခြံစည်းရိုးကာရံခြင်းကို ဆောင်ရွက်ပေးဖို့လည်း ရှိတဲ့အကြောင်း တင်ပြအပ်ပါတယ်။ လွတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မန်ဟီတောင်ကြိုးဝိုင်းတောဧရိယာ တစ်လျှောက်ခြံစည်းရိုးကာရံခြင်း ဆောင်ရွက်ရန် လိုအပ်မည့် အတိုင်းအတာကို ကွင်းဆင်းတိုင်းတာပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ လျာထားတောင်းခံပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် သစ်တော သယံဇာတအရင်းအမြစ်များ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သစ်တောဖုံးလွှမ်းမှု ကောင်းမွန်လာစေရေး၊ သစ်တောများ ပြန်လည်တည်ထောင်ခြင်း အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာ နိုင်ငံအလိုက် ဆောင်ရွက်ရမည့် ကတိကဝတ် (Nationally Determinded Contribution-NDC) ကိုလက်မှတ်ရေးထိုးပြီးဖြစ်တဲ့အတွက် ကတိကဝတ်ပါအတိုင်း ကြိုးဝိုင်းတောအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ရာသီဥတု ပြောင်းလဲမှု လျော့ချရေးဆိုင်ရာ နိုင်ငံအလိုက်ဆောင်ရွက်ရမည့် ကတိကဝတ် (Nationally Determinded Contribution-NDC) ကိုလက်မှတ်ရေးထိုးထားပြီး ဖြစ်၍ နိုင်ငံဧရိယာ၏ ၃၀% ကို ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော အဖြစ် လည်းကောင်း၊ ၁၀% ကို သဘာဝနယ်မြေများအဖြစ်လည်းကောင်း တိုးချဲ့ဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်းလည်း ယခင်နေ့ က မေးခွန်းထဲမှာ ဖြေကြားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သစ်တောကြိုးဝိုင်း

အတွင်းရှိ စိုက်ပျိုးမြေများအား စွန့်လွှတ်ပယ်ဖျက်ပေးရန် အစီအစဉ် မရှိပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအိုက်မွန်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး နှင့် လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ နှစ်ဖြာသောကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းကတော့ ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့နယ်ခွဲနဲ့ မုံးစီး-မုံးထမ်-ယုန်းမောသွားလမ်းဖြစ်သည့် နမ့်ပျဉ်း ချောင်းကူးသစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ နမ့်ပျဉ်းချောင်းကူး သစ်သားတံတားသည် အရှည်ပေ (၃၀)အမြင့် (၁၀)ပေ ရှိသော တံတားဖြစ်ပါတယ်။

၎င်းတံတားမှာ လွန်ခဲ့သော ၂၀၁၈ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်နေ့တွင် မိုးကြိုးရေလျှံရေတိုက်စားမှုကြောင့် ချောင်းရေနှင့် အတူမျောပါသွားခဲ့ပါတယ်။ ၎င်းတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ပြုလုပ်ပေးပါက မုံးထမ်းကျေးရွာအုပ်စုရှိ ရွာ (၈)ရွာ၊ အိမ်ခြေ (၂၂၄)အိမ်၊ လူဦးရေ (၁၄၄၇)ဦး ၊ ယုန်းမောကျေးရွာအုပ်စုရှိ ရွာ (၁၇)ရွာ၊ အိမ်ခြေ (၄၄၁)အိမ်၊ လူဦးရေ (၂၂၃၂)ဦး၊ စုစုပေါင်းလူဦးရေ (၃၆၇၉)ဦးကို အကျိုးပြုနိုင်မည်ဖြစ်ပါတယ်။ ယင်းတံတားများနှစ်စဉ် ပြုပြင်နေရခြင်း၊ သစ်ဝါးများရှားပါးလာနေခြင်း၊ ၎င်းအပြင် မိုးများသော ဒေသဖြစ်၍ ပျက်စီးမှုပိုမိုမြန်ခြင်းတို့ကြောင့် သံကူကွန်ကရစ်တံတားအဖြစ် ပြုလုပ်ပေးပါက ပြည်သူလူထုအားပို၍ အကျိုးပြုနိုင်သည့်အပြင် လမ်းပန်းဆက်သွယ်ရေး အနေဖြင့်လည်း ကွတ်ခိုင်မြို့၊ သိန္နီမြို့သို့ လွယ်ကူလျှင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၎င်းကျေးရွာချင်းဆက်နမ့်ပျဉ်းချောင်းကူးတံတား သစ်သားတံတားကို သံကူကွန် ကရစ်တံတားအဖြစ်သို့ ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့် ဘတ်ဂျက်နှစ်တွင် ပြုလုပ်ပေးမည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေ ကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်မွန်းမှ မေးမြန်းလာတဲ့ ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့နယ်ခွဲနဲ့ မုံးစီး-မုံးထ-မုံးထမ်း-ယုန်းမောသွားလမ်းတွင် သစ်သားတံတားသည် အရှည်ပေ (၃၀)အမြင့် (၁၀) ပေရှိ နမ့်ပျဉ်းချောင်းကူးသစ်သားတံတားမှာ နှစ်စဉ်ပြုပြင်နေရခြင်း၊ သစ်ဝါးများ ရှားပါး လာခြင်း၊ မိုးများသောဒေသဖြစ်၍ ပျက်စီးမှုပိုမိုမြန်ခြင်းတို့ကြောင့် အဆိုပါ ကျေးရွာချင်းဆက် သစ်သားတံတားကို သံကူကွန်ကရစ် တံတားအဖြစ်သို့ ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘတ်ဂျက်နှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပါသည် ဆိုသည့်မေးခွန်းနှင့် ပတ်သက်ပြီး လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးမှ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့၊ မုံးစီးကျေးရွာ၊ မုံးထမ်းကျေးရွာနှင့် ယုန်းမောကျေးရွာ အုပ်စု၊ ကျေးရွာချင်းဆက်မြေသားလမ်းသည် (၁၀/၀)မိုင်ရှိပြီး ၎င်းလမ်းပေါ်တွင် အရှည် (၃၀)ပေ၊ တံတား (၁)စင်းမှာ ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ထားရှိပြီး နှစ်ကာလကြာရှည် ပြီဖြစ်သဖြင့် အသစ်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ အဆိုပါ တံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးမည်ဆိုပါက ၎င်းဒေသရှိ ကျေးရွာ(၂၅)ရွာမှ အိမ်ခြေ (၆၈၅)အိမ်၊ လူဦးရေ (၃၆၇၉)ဦးတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

အဆိုပါ အရှည် (၃၀)ပေ၊ အမြင့် (၁၀)ပေရှိ နမ့်ပျဉ်းချောင်းကူးသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ရေးအတွက် မြို့နယ်စီမံကိန်းရေးဆွဲ အကောင် အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးဆောင်ရွက်ပေးရန် တင်ပြချက်အပေါ် မူတည်၍ လည်းကောင်း၊ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍လည်းကောင်း သင့်လျော်သည့် ဘဏ္ဍာရေး နှစ်တွင် ထည့်သွင်းလျာထားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်ဝင်း က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းယန်းမြို့နယ်၊ ယန်းခိုင်ကျေးရွာအနီး အကျယ် (၁၅)ပေ ကိုယ်ထူကိုယ်ထ လက်ရိုက်ရေလွှဆည်အား ကျောက်စီကွန်ကရစ်ဆည် အဖြစ် တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မိုင်းယန်းမြို့နယ်၊ ယန်းခိုင်ကျေးရွာအနီး အကျယ် (၁၅)ပေ ကိုယ်ထူကိုယ်ထ လက်ရိုက်ရေလွှဆည်မှာ ယန်းခိုင်ကျေးရွာနှင့် ဝမ်းတောင်းကျေးရွာရှိ တောင်သူလယ်သမားများ၏ လယ်မြေ၈က (၁၂၀)ကျော် အကျိုးပြုလျက်ရှိပါတယ်။ ၎င်းဆည်အားဒေသခံ တောင်သူလယ်သမားများ အနေဖြင့် နှစ်စဉ် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ပေးနေရသည့်အတွက် ကျောက်စီကွန်ကရစ် ဆည်အဖြစ် ဆောင်ရွက်ပေးစေလိုကြပါတယ်။

သို့ဖြစ်ပါ၍ မိုင်းယန်းမြို့နယ်၊ ယန်းခိုင်ကျေးရွာအနီး အကျယ် (၁၅)ပေ ကိုယ်ထူကိုယ်ထလက်ရိုက်ရေလွှဆည်အား ကျောက်စီကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း၊ ဒေသခံပြည်သူများ၏ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှိသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ ပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းမေးမြန်းတဲ့ မိုင်းယန်းမြို့နယ်၊ ယန်းခိုင်

ကျေးရွာအနီး အကျယ် (၁၅)ပေ ကိုယ်ထူကိုယ်ထ လက်ရိုက်ရေလွှဆည်အား ကျောက်စီကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်နှင့် ပတ်သက်၍ ကျွန်တော် ဦးစိုင်းလုံကျော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်အတွင်းရှိ မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်ကျေးရွာနှင့် ဝမ်တောင်းကျေးရွာရှိ ဒေသခံတောင်သူများသည် အဓိကလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးကို မှီခိုအားထား၍ လုပ်ကိုင်ရာတွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးရန် နမ့်သီချောင်းပေါ်တွင် ကိုယ်ထူကိုယ်ထ ဒေသလက်ရိုက်ဆည်ပြုလုပ်ပြီးတော့ နမ့်သီချောင်းရေကို သွယ်ယူစိုက်ပျိုးလျက်ရှိပါတယ်။

အဆိုပါ လက်ရိုက်ဆည်အား နှစ်စဉ်ပြုပြင်ထိန်းသိမ်းရခြင်း၊ မိုးတွင်းကာလ မိုးများစွာရွာသွန်းသည့်အခါ ချောင်းရေစီးအားကြောင့် မကြာခဏ ကျိုးပေါက်လေ့ရှိပြီး ဒေသခံရေသောက်တောင်သူများမှ နှစ်စဉ်အကြိမ်ကြိမ် ပြုပြင်နေရခြင်းတို့ကြောင့် အောင်ရေရရှိသည့်အထိ ခက်ခဲစွာ ရေရယူဆောင်ရွက်ရသည့်အတွက် အခိုင်အမာကျောက်စီကွန်ကရစ်ဆည်ပြုပြင် တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။

ယန်းခိုင်ကျေးရွာနှင့် ဝမ်တောင်းကျေးရွာအနီး၊ နမ့်သီချောင်းပေါ်ရှိ ဒေသလက်ရိုက်ဆည်၏ တည်နေရာမှာ (၁လက်မ = ၁ မိုင်ခန့်မှန်းမြေပုံညွှန်း ၉၃ အို/ ၉၆၁၀၃၈၅)တွင် တည်ရှိတာဖြစ်ပါတယ်။ အဆိုပါ ကိုယ်ထူကိုယ်ထလက်ရိုက်ဆည်အား ကျောက်စီကွန်ကရစ်ဆည်အဖြစ် အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်ပေးပါက လယ်မြေဧက (၁၂၀)ဧကခန့်အား အောင်ရေ ရရှိသည်အထိ စိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ပါတယ်။

အဆိုပါ လက်ရိုက်ဆည်အား အခိုင်အမာကျောက်စီကွန်ကရစ်ဆည် တည်ဆောက်ခြင်း အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း (၈၀.၀၀)ကုန်ကျမှာဖြစ်၍ မိုင်းယန်းမြို့နယ်၏ စီမံကိန်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနသို့ ညှိနှိုင်းပြီး စီမံကိန်းရေးဆွဲတင်ပြလာပါက ရန်ပုံငွေရရှိမှု ခွဲဝေမှုအပေါ် မူတည်၍ ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သီဃါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးမှာ စစ်တပ်ပိုင်မြေ၊ တပ်ရင်းတစ်တပ်ရင်း၏ မြေဧရိယာနှင့်စပ်လျဉ်း၍ ကြွယ်ပွင့်ပြေမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

အထက်ပါကိစ္စနှင့် ပတ်သက်၍ ကျွန်မတို့သီပေါမြို့နယ်တစ်ခုလုံးမှာ တပ်ရင်းပေါင်း (၉)တပ်ရင်းရှိရာ တပ်ရင်းများပိုင်ဆိုင်သည့် မြေဧရိယာများကို လေ့လာကြည့်လျှင် အနည်းဆုံး (၃၂၂.၅၀)ဧကအများဆုံးမှ (၁၄၄၂.၀၀) ဧကအထိ အကျယ်အဝန်းရှိသည်ကို တွေ့ရပါတယ်။ အချို့သောတပ်ရင်းမှာ တပ်ရင်းတစ်ခုနှင့်တစ်ခု အလွန်နီးကပ်နေသောကြောင့် တပ်ရင်းတစ်ခုက လမ်းဝဲဘက်ခြမ်းကို တပ်ပိုင်မြေအဖြစ်ယူထားလျှင် နောက်တပ်ရင်းတစ်ခုက လမ်းယာဘက်ခြမ်းကို ယူထားသည်ကို တွေ့ရပါတယ်။ အဲ့ဒီလိုယူထားသည့် အလျောက် လမ်းနှစ်ဖက်တစ်လျောက်လုံးက တပ်ပိုင်မြေများသာဖြစ်နေသည့်အတွက် တပ်အနီးအနားမှ ရွာသားများလုပ်ကိုင်စားသောက်ဖို့ မြေနေရာမကျန်ရှိတော့သည်ကို တွေ့နေရပါတယ်။

နိုင်ငံတော်ကချမှတ်ထားသည့် တပ်မြေသိမ်းဆည်းခံရမှုများနှင့်စပ်လျဉ်းသည့် မူဝါဒ (၃)ရပ်အနက် ဒုတိယအချက်မှာ တပ်၊ ဌာနချုပ်များ၏ လုံခြုံရေးလိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်းလိုအပ်ချက်များအတွက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးမြေဧရိယာအကျယ်အဝန်းကိုသာ တိုင်းတာတွက်ချက်ရယူ ဆောင်ရွက်သွားရန် ဟုဖော်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများကိုယ်စား သဘောရိုးဖြင့် မေးမြန်းလိုသည့်မေးခွန်းများမှာ-

(၁) တပ်ရင်းတစ်ရင်း၏ လုံခြုံရေးလိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်းလိုအပ်ချက်များအတွက် အနည်းဆုံးမြေဧရိယာမှာ မည်မျှသတ်မှတ်ထားပါသနည်း။

(၂) ဖော်ပြပါမြေနေရာများအပြင် အခြား အဘယ်သို့သော အရာများအတွက် မြေနေရာ လိုအပ်ပါသနည်း။

(၃) တပ်ရင်းတစ်ရင်းလျှင် အထက်ဖော်ပြပါမြေဧရိယာအားလုံးအတွက် အကျယ်အဝန်းစုစုပေါင်း မည်မျှလိုအပ်ပါသနည်း။

စသည့်မေးခွန်းများကို ပြည်သူလူထုများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌထံမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး လှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး နှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ၏ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းသည် ကာကွယ်ရေးဝန်ကြီး ဌာနနှင့် သက်ဆိုင်သည့် တပ်မတော်ပိုင်မြေနေရာကိစ္စများဖြစ်သဖြင့် ပြည်ထောင်စုအဆင့်တွင် သာ မေးမြန်းသင့်သောမေးခွန်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါ တယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်ပြဆွေးနွေးသွားမှာကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ကျုံးကျေးရွာရှိ အ.ထ.က ကျောင်းသို့ ကျွန်တော်ရောက်ရှိသွားသည့်အချိန်တွင် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်းကျသွားခြင်းသည် ကျောင်းတွင် အထက်တန်းပြ ဆရာ/ဆရာမ (၈)ဦးသာရှိပြီး ကျောင်းသားအချို့နှင့်မညီမျှ၍ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းတွင်

ကျောင်းသား/သူ(၂၈၁)ဦး၊ နဝမတန်းတွင်(၂၅၆)ဦး၊ စုစုပေါင်း(၅၃၇)ဦး ရှိပါတယ်။ သင်ကြားသည့်ဆရာ/ဆရာမများသည်လည်း(၈)ဦးသာ ရှိသည့်အတွက် လိုအပ်နေပါတယ်။ အိမ်သာနှင့်ပတ်သက်ပြီး(၁၀)လုံးသာရှိသည့်အတွက် အောက်ပါအတိုင်း ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းအပ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ကျုံးကျေးရွာရှိ အ. ထ. က ကျောင်း၊ ဒသမတန်းတွင် ကျောင်းသား/သူ (၂၈၁)ဦး၊ နဝမတန်းတွင် (၂၅၆)ဦး၊ စုစုပေါင်း (၅၃၇)ဦးရှိပြီး စာသင်ကြားသော ဆရာ/ဆရာမ (၈)ဦး သာရှိပြီး ကျောင်းသားနှင့် ဆရာ/ဆရာမအချိုးညီရန်အတွက် လိုအပ်သော အထက်တန်းပြ ဆရာ/ဆရာမ (၄)ဦးနှင့် တစ်ကျောင်းလုံး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၉၉၅)ယောက်တွင် ကျား/မအိမ်သာ (၁၀)လုံးသာရှိသဖြင့် ကျောင်းသားနှင့် အိမ်သာအချိုးညီရန်အတွက် အိမ်သာ (၁၀)လုံးအား ကူညီပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိကို ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွတ်တော်ဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း၏ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာ၊ အ. ထ. က ကျောင်း အထက်တန်းပြဆရာ/ဆရာမ (၄)ဦးနှင့် အိမ်သာ(၁၀)လုံး ကူညီပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကိုဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပင်းတယမြို့နယ်၊အခြေခံပညာအထက်တန်းကျောင်း၊ ကျုံးကျေးရွာတွင်အထက်တန်းအဆင့် သင် ဆရာ/မ (၈)ဦးရှိပြီး ကျောင်းသား/သူများအနေဖြင့် ဒသမတန်းတွင် (၂၈၁)ဦး၊ နဝမတန်းတွင် (၂၅၆)ဦး၊ စုစုပေါင်း(၅၃၇)ဦးရှိပါတယ်။ အထက်တန်းပြဆရာ/ဆရာမ(၈)ဦးအပြင် အလယ်တန်းပြဆရာ/ ဆရာမ (၄)ဦးတက်ရောက်သင်ကြားလျက်ရှိပါတယ်။

ပင်းတယမြို့နယ်၊ ကျုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်ကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ဖွင့်လှစ်စဉ်က အထက်တန်းပြဆရာ (၄)ဦးခန့်ထားပေးခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ မန္တလေးမြို့၏ (၂၉-၁၁-၂၀၁၁) ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ (၁-ခ)/ ၈၀၂၄/ထ (ဆိုင်ရှင်)အရ အခြေခံပညာအထက်တန်း ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး အထက်တန်းပြဆရာ (၁၂)ဦး ခွဲဝေချထားပေးခဲ့ပါတယ်။

သို့ဖြစ်ပါ၍ အ. ထ. က ကျုံး၊ ပင်းတယမြို့နယ်တွင် အထက်တန်းပြခွဲဝေ (၁၂)ဦး၊ ခန့်ထား (၈)ဦးရှိပြီး ကျောင်းသားဦးရေနှင့် ဆရာအင်အား လိုအပ်ချက်တွက်ချက်မှုအရ ထပ်မံလိုအပ်သော အထက်တန်းပြဆရာများကို ရာထူးထိုး/ပြောင်းရွှေ့ဆောင်ရွက်ချိန်တွင် ရာထူးတိုး ပြောင်းရွှေ့လျှောက်ထားသူများရှိပါက ဖြည့်ဆည်းခန့်ထားပေးမည်ဖြစ်ပါတယ်။

အခြေခံပညာအထက်တန်းကျောင်း၊ ကျုံးတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားစုစုပေါင်း (၉၉၅)ဦးရှိပြီး လက်ရှိ အိမ်သာ(၁၀)လုံးရှိ၍ အိမ်သာ/ ကျောင်းသား အချိုးအရ ထပ်မံလိုအပ်သော အိမ်သာကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဒုတိယ(၁၂)လတွင် ၀၄၀၉ ခေါင်းစဉ်အောက်မှ ဦးစားပေးထည့်သွင်းလျာထားပေးရန် ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ (၂၁-၈-၂၀၁၈)ရက်စွဲပါ စာအမှတ် /၂၇၂၉/ (၀၉၀၄)(၂၀၁၈)ဖြင့် မြို့နယ်ပညာရေးမှူးရုံး၊ ပင်းတယမြို့သို့ အကြောင်းကြားထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဒီကနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇-၉-၂၀၁၈) (ပထမနေ့)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည် စာရင်းပေးပို့သည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-

၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၈) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းအပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃) အရ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၈.၉.၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များမှ စိစစ်သုံးသပ်ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၇.၉.၂၀၁၈)ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။

ဥပဒေကြမ်းတွင် အခန်းပေါင်း(၃)ခန်း၊ ပုဒ်မပေါင်း(၈)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ ကဏ္ဍကြီး (၃)ခု၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇.၅ ရာခိုင်နှုန်း တိုးတက်ရန် လျာထားပါသည်။ လယ်ယာကဏ္ဍ ၄.၉ ရာခိုင်နှုန်း၊ သားငါးကဏ္ဍ ၅.၉ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက် ပစ္စည်းကဏ္ဍ ၂.၇ ရာခိုင်နှုန်း၊ စက်မှုလက်မှု ကဏ္ဍ ၆.၇ ရာခိုင်နှုန်း၊ လျှပ်စစ်ဓါတ်အား ကဏ္ဍ ၃.၁ ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍ ၁၂.၃ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ ၇.၈ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍ ၁၅.၇ ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍ ၁၆.၇ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ ၆.၀ ရာခိုင်နှုန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ ၁၁.၄ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍ ၇.၈ ရာခိုင်နှုန်း တိုးတက်ရန်နှင့် သစ်တောကဏ္ဍ ၇.၇ ရာခိုင်နှုန်း လျော့နည်းရန် ရည်မှန်းထားပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအလိုက် ပုံမှန်ဈေးနှုန်းများအရ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၉.၅ ရာခိုင်နှုန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၉.၉ ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ဒေသ ၂.၄ ရာခိုင်နှုန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၁၈.၀ ရာခိုင်နှုန်း၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၄.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို နှစ်အလိုက်ဈေးနှုန်းအရ ၃၃.၃ ရာခိုင်နှုန်းမှ ၃၂.၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၄.၃ ရာခိုင်နှုန်း မှ ၂၄.၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၂.၄ ရာခိုင်နှုန်းမှ ၄၂.၇ ရာခိုင်နှုန်း အသီးသီး ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၅.၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈.၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈.၉ ရာခိုင်နှုန်း အသီးသီး ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

လူတစ်ဦးချင်းစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)မှာ နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၉၉၁,၈၈၅ ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံတော်ပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၆၅,၇၇၄.၈၁၃ သန်း(ကျပ် ဘီလီယံ ၁၆၅.၇၇၄)ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားပါသည်။

တင်ပြချက်

ဥပဒေကြမ်းအပေါ် အကြံပြုချက်မှာ ပြည်နယ်တွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများဘက်ညီစွာဖွံ့ဖြိုးတိုးတက်လာစေရန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားစေရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပံ့ပိုးကူညီရန်၊ စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းရေးဆွဲထားသည့် ဥပဒေကြမ်းဖြစ်သည်ကို တွေ့ရှိရပါသဖြင့် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန် မရှိကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက လွှတ်တော်သို့ တင်ပြဖို့ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဒေသန္တရ စီမံကိန်းဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၀(ခ)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအစည်းအဝေးကို (၁)နာရီ (၃၀)မိနစ် ရပ်နားမှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည်(၁)နာရီ (၅၀)မိနစ်အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(စတုတ္ထနေ့)မှတ်တမ်း

၁၃၈၀ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

[ကြာသပတေးနေ့]

နေ့လယ်ပိုင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ဖတ်ကြား ရှင်းလင်းတင်ပြရန်ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေကြောင်း ရှေးဦးစွာ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာ ကော်မတီဝင် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒ ဥယျာဉ်ဥပဒေ (မူကြမ်း) အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ (မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃) အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၃၁.၇.၂၀၁၈) ရက်နေ့၊ (၁.၈.၂၀၁၈) ရက်နေ့နှင့် (၂၇.၈.၂၀၁၈)ရက်နေ့များတွင် လွှတ်တော်ရေးရာကော်မတီ အခန်း(၁)၌ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၊ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်လမ်း ဦးစီးဌာနနှင့် ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးတို့မှ တာဝန်ရှိသူများသည် အဆိုပါဥပဒေ(မူကြမ်း) နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမှ ပေးပို့လာသော ပြင်ဆင်ရန်အကြံပြုချက်များ အား စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒ ဥယျာဉ် ဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး

(၁/၂၀၁၈) (၁၈.၆.၂၀၁၈)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။ ဤဥပဒေ (မူကြမ်း)မှာ ၁၉၉၄ ခုနှစ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/ ၉၄)နှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂ ဇီဝမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေတို့ကို ကိုးကား၍ ပြုစုရေးဆွဲထားခြင်းဖြစ်ပါသည်။

ဥပဒေ (မူကြမ်း)တွင် အခန်းပေါင်း(၁၃)ခန်း၊ ပုဒ်မပေါင်း(၅၆)ခု ပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်း ဖြစ်ပါသည်။

တင်ပြချက်

ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင် ဖြည့်စွက်ရန် အကြံပြုချက်မှာ-

အမှတ်စဉ်(၁) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဇ)အဖြစ် **သစ်တောအရာရှိဆိုသည်မှာ ဤဥပဒေပါလုပ်ငန်း တာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ မြို့နယ်အဆင့်တာဝန်ခံမှ ပြည်နယ်အဆင့်တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကိုဆိုသည်** ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု အကြံပြု ထားပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း ပြီးတော့ ဥပဒေပြုရေးဆိုင်ရာကော်မတီက (၁၉)ချက်၊ နောက်လွှတ်တော် ကိုယ်စားလှယ် (၂)ဦးက စုစုပေါင်း (၈)ချက် အကြံပြုထားတာရှိပါတယ်။

ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ပြင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်များကို တစ်ခုချင်း အလိုက် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေပြုရေးဆိုင်ရာကော်မတီ ကနေပြီးတော့မှ အမှတ်စဉ်(၁)ခုချင်းအလိုက် တင်ပြဖို့ဖြစ်ပါတယ်။ အမှတ်စဉ်(၁)ကို ပြန်လည်တင်ပြပါ။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁) ဖြစ်ပါ တယ်။ အခန်း(၁) ပုဒ်မ ၂(ဇ)အဖြစ် **သစ်တောအရာရှိ ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ မြို့နယ်အဆင့်**

တာဝန်ခံမှ ပြည်နယ်အဆင့်တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်ဟု ဖြည့်စွက်ထားပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။ ပြင်ဆင်ထားတဲ့ နောက်ပိုင်းစာကြောင်းလေးမှာ သစ်တောဦးစီးဌာန၏ ဆိုတဲ့ **သစ်တောဦးစီးဌာန** ဆိုတဲ့စကားရပ်အစား ဒီဥပဒေကြမ်းရဲ့ ပုဒ်မ ၂ (ဆ)မှာ အဓိပ္ပာယ် ဖွင့်ဆိုချက်နဲ့ လိုက်လျောညီထွေဖြစ်စေဖို့အတွက် **"သစ်တော"**ဆိုတဲ့ စကားလုံးလေးကို ဖြုတ်ပေးဖို့ရန်အတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ သဘောထားပြောပါ။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ဝန်ကြီး၏ အဆိုပြု ပြင်ဆင်ချက်ကို သဘောတူပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁) ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အဆိုပြုတင်ပြချက်အပေါ် ဝန်ကြီး၏အဆိုပြု ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ည)အဖြစ် အပန်းဖြေစခန်းဆိုသည်မှာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ အများပြည်သူတို့ စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရန် အရိပ်ရ အပင်များ၊ နှစ်ရှည်နှင့် ရာသီစားသုံးသီးပင်များ၊ နားနေဆောင်များ၊ **ကဲစမ်းကစား ရုံများ၊** အားကစားကွင်းများ၊ ရှုခင်းနေရာများ၊ ရေကူးကန်များ၊ ပန်းဥယျာဉ်များနှင့် လှပစွာ စိုက်ပျိုး၊ ပြုစုတည်ထောင်ထားသောနေရာကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီးရဲ့ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။ ကဲစမ်းကစားရုံများလို့ ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့

တည်ဆဲဥပဒေကိုပြန်ကြည့်တဲ့အချိန်မှာ ပြည်ထောင်စုအဆင့် တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၈၆ ခုနှစ် လောင်းကစားဥပဒေပုဒ်မ ၂ (က) အဓိပ္ပာယ်ဖွင့်ဆိုထားရာမှာတော့ ကံစမ်းကစားခြင်းကိုလည်း လောင်းကစားအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတွက် **"ကံစမ်းကစားရုံများ"** ဆိုတဲ့စကားရပ်ဟာ တည်ဆဲပြည်ထောင်စု ဥပဒေတစ်ခုနဲ့ ညီစွန်းနေတဲ့အတွက် ရှုမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ကတော့ ကံစမ်းကစားရုံများအစား အပျင်းပြေကစားလို့ရတဲ့ ကစားနည်းအားလုံးကို ခြုံငုံမိစေမဲ့ **"အားကစားရုံများ"**ဆိုတဲ့ စကားရပ်နဲ့ ထပ်မံပြီးတော့ ပြင်ဆင်ပေးဖို့ရန်အတွက် အကြံပြုတင်ပြအပ် ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအမှတ်စဉ်ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်ကို အသုံးပြု၍ လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ ဒီနေရာမှာ ကျွန်တော်က ကိုယ်စားလှယ်များကို ဆန္ဒမဲပေးနိုင်ကြပါပြီဆိုတဲ့ အချက်ကို ကြေညာတဲ့အခါကြမှသာလျှင် စက်ခလုတ်ကို စတင်နှိပ်ကြဖို့ သတိပြုစေလို ပါတယ်။

ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ ပြင်ဆင်ချက်အား သဘောမတူပါက ကန့်ကွက်မဲပေးဖို့ဖြစ်ပါတယ်။ ထပ်ပြောပါ့မယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ ပြင်ဆင်ချက်အား သဘောမတူပါက ကန့်ကွက်မဲပေးရန် ဖြစ်ပါ တယ်။ ရှင်းပါတယ်နော်။ ထောက်ခံမဲများပါက ပြင်ဆင်ချက်သည် အတည်ဖြစ်မှာဖြစ်ပြီး ကန့်ကွက်မဲများပါက မူလအဆိုပြုချက်သည် အတည်ဖြစ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ စက်ဖွင့်လို့ရပြီ။ ကိုယ်စားလှယ်များ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၃၄)မဲ၊ ကြားနေ (၄)မဲ၊ ကန့်ကွက်မဲ (၇၂)၊ အဲ့ဒီတော့ ကန့်ကွက်မဲက များပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်မဲများသည့်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အဆိုပြုတင်ပြချက်အပေါ် ဝန်ကြီး၏အဆိုပြုပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဃ)အဖြစ် သဘာဝ အပင် ဆိုသည်မှာ နေရင်းဒေသတွင် သဘာဝအတိုင်း မြေမျက်နှာပြင်ပေါ်၊ မြေမျက်နှာပြင်အောက်၊ အခြား အပင်များပေါ်၊ ရေစပ်၊ ရေပေါ်၊ ရေအောက်တို့တွင် ပေါက်ရောက်နေသောအပင်မျိုးစုံနှင့် ယင်းတို့၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း၊ မျိုးစေ့၊ တစ်သျှူးနှင့် မျိုး**ရိုး**ဗီဇများကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃) ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။ ပြင်တဲ့အချက်ကို သဘောတူတယ်ဆိုရင် သဘောတူတယ်လို့ပြောပါ။ သဘောတူပါသလားခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ ဒီနေရာမှာ ကျွန်တော်နဲ့နဲ့ ရှင်းဖို့လိုပါမယ်။ မနေ့က သက်ဆိုင်ရာဝန်ကြီးနဲ့ညှိတဲ့အခါမှာ ဝန်ကြီးက သဘောတူတဲ့ဟာကို ဝန်ကြီးကို ကျွန်တော်ထပ်ပြီးမမေးတော့ပါဘူး။ ဒါ့ကြောင့်မို့ လွှတ်တော်ဆန္ဒကို ချက်ချင်းခံယူတာ ဖြစ်ပါတယ်။ အကယ်၍ ဝန်ကြီးကသဘောမတူဘူးဆိုရင် လွှတ်တော်ဆန္ဒကိုခံယူပါမယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၄)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(န)အဖြစ် စစ်ဆေးရေးအဖွဲ့ဆိုသည်မှာ အကြောင်းတစ်စုံတစ်ရာကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များကို ဖြေရှင်းရန်အတွက် စစ်ဆေးတင်ပြနိုင်ရန် ကြီးကြပ်ရေးအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသောအဖွဲ့ကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ ဒီနေရာမှာလည်း ဝန်ကြီးဆန္ဒမမေးတော့ဘဲနဲ့ လွှတ်တော်ဆန္ဒကို ချက်ချင်းပဲ ခံယူပါ့မယ်။ အမှတ်စဉ် (၄)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ပ)အဖြစ် **ကာကွယ်ထားသည့်** တောရိုင်းတိရစ္ဆာန် ဆိုသည်မှာ **သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ် ထားသော** လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၊ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၊ ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်တို့ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီးရဲ့ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက်ကို ခြွင်းချက်လေးတစ်ခုနဲ့ သဘောတူပါတယ်ခင်ဗျား။ ခြွင်းချက်ကတော့ ဝန်ကြီးဌာနဆိုတဲ့စကားရပ်ဟာ ဒီဥပဒေရဲ့ ပုဒ်မ ၂ အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ ပုဒ်မ ၂ (ဂ)မှာ ဝန်ကြီးဆိုတာ ပြည်နယ်အဆင့် ရှမ်းပြည်နယ်မှ ဝန်ကြီးဌာနကို အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနကို ရည်ညွှန်းချင်တာဖြစ်တဲ့အတွက် ဝန်ကြီးဌာနဆိုတဲ့ စကားရပ်ရှေ့မှာ **"ပြည်ထောင်စု"** ဆိုတဲ့စကားရပ်လေး ဖြည့်စွက် ပေးဖို့နဲ့ ဒီဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ အကြံပြုချက်ကို အဲ့ဒီဖြည့်စွက်ချက်ကလေးနဲ့ သဘော တူညီပေးဖို့ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဒီနေရာမှာ ခုနကအတိုင်းပါပဲ။ ဝန်ကြီးရဲ့သဘောထားနဲ့ ဥပဒေပြုရေး ဆိုင်ရာကော်မတီရဲ့ သဘောထားဟာမတူညီဘူးဆိုတဲ့အခါ မဲခွဲပြီးတော့ ဆန္ဒယူမှာဖြစ် ပါတယ်။ ခုနအတိုင်းပါပဲ ကျွန်တော်က ဆန္ဒမဲပေးနိုင်ပါပြီဆိုမှ ခလုတ်ကို စတင်နှိပ်ဖို့ ဖြစ်ပါတယ်။ ထပ်ပြီးတော့ရှင်းပါမယ် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ ပြင်ဆင်ချက်အား သဘောမတူပါက ကန့်ကွက်မဲ ပေးရန်ဖြစ်ပါတယ်။ ထောက်ခံမဲများပါက ပြင်ဆင်ချက်သည် အတည်ဖြစ်မှာဖြစ်ပြီး၊ ကန့်ကွက်မဲများပါက ဝန်ကြီး၏ဖြည့်စွက်ချက်သည် အတည်ဖြစ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်များ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၄၉)မဲ၊ ကြားနေ (၆)မဲ၊ ကန့်ကွက်မဲ (၆၀)၊ ကန့်ကွက်မဲများပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်သည့်ဆန္ဒမဲများသည့်အတွက် ဝန်ကြီး၏ဖြည့်စွက်ချက် သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၆) ဖြစ်ပါ တယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် အဆိုပြုချက်များကို ဆက်လက် တင်ပြသွားမှာဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ(၄) **ပုဒ်မ(၄)အရ** ဖွဲ့စည်းသောစီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီအဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ဖြည့်စွက်ပေးပါရန် အဆိုပြု ထားပါတယ်။ အဆိုပါ အဆိုပြုချက်ကို အတည်ပြုပေးနိုင်ပါရန်အတွက် ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါ တယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီးရဲ့ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။ ပုဒ်မ ၄ မှာစီမံခန့်ခွဲမှုဆိုင်ရာကော်မတီရဲ့ ဖွဲ့စည်းပုံကိုဖော်ပြထားပြီးတော့ ပုဒ်မ ၄ (ခ) (ဂ) (ဃ)မှာ ပုဒ်မ ၄ (ခ)မှ ပြည်နယ်အဆင့်ဌာနဆိုင်ရာမှာဆိုပြီးတော့ လွတ်လွတ်လပ်လပ် ကြိုက်တဲ့ဌာနကိုထည့်လို့ရအောင် Space ချန်ထားပေးပြီးသား ဖြစ်ပါတယ်။ ပုဒ်မ ၄ (ဂ)မှာလည်း ဌာနဆိုင်ရာများအပြင် ပြင်ပကပညာရှင်အဖွဲ့ အစည်းတွေ၊ အကူအညီပေးတဲ့ အဖွဲ့အစည်းတွေ လွတ်လွတ်လပ်လပ်ထပ်မံဖြည့်သွင်း ဖွဲ့စည်းလို့ရအောင်လို့ အဖွဲ့အစည်းတွေ နာမည်မဖော်ပြဘဲ အဖွဲ့အစည်းများမှ ပညာရှင်များဆိုပြီး ထည့်ပေးထားပါတယ်။ နောက်ထပ် ပုဂ္ဂလိကပညာရှင်တွေကိုပါ ထပ်ပြီးဖွဲ့စည်းလို့ရအောင် ပုဒ်မ ၄ (ဂ)မှာ လွတ်လွတ်လပ်လပ် ထည့်သွင်းပေးဖို့ရန်အတွက် ဖော်ပြထားပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းပြုစုစဉ်ကတည်းက ဒီပုဒ်မဟာ လျာထားခြင်းထဲမှာ ပါဝင်ပြီးတော့ ဖွဲ့စည်းပုံမှာ လွတ်လွတ်လပ်လပ် လုပ်ထားပေးတဲ့အတွက် အဲ့ဒီပုဒ်မကို ဖြုတ်ထားပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မူလ ဥပဒေအတိုင်း ထားရှိဖို့ရန်အတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဦးသန်းထိုက်ရဲ့ သဘောထားကိုပြောပါ။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ ကျွန်တော့်ရဲ့ပြန်လည်ပြင်ဆင်ဖြည့်စွက်တဲ့ အခန်း (၃) ကော်မတီများရဲ့ ပြန်လည်စီမံခန့်ခွဲရန်ကော်မတီများကိုသာ မူလ ဥပဒေကြမ်းမှာပါတဲ့ ပုဒ်မ ၄ မှာ အစိုးရအဖွဲ့သည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် စီမံခန့်ခွဲမှုဆိုင်ရာကော်မတီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဆိုပြီး (၅)ဦးပါဝင်တာဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်ပြီး လိုအပ်ရင်လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်ရန်အတွက် ပုဒ်မ ၄ အရ ပြန်လည်ဖြည့်စွက်ပြီး ဒီအောက်မှာဘဲ စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီအဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်တယ် ဆိုတဲ့ဟာကို ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွတ်တော်ရဲ့ ဆန္ဒကိုခံယူလိုပါတယ်။

ဥက္ကဋ္ဌ။ ဦးသန်းထိုက်၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ ပြင်ဆင်ချက်ကို သဘောမတူပါက ကန့်ကွက်မဲပေးဖို့ ဖြစ်ပါတယ်။ ထောက်ခံမဲများပါ က ပြင်ဆင်ချက်သည် အတည်ဖြစ်မှာဖြစ်ပြီး၊ ကန့်ကွက်မဲများပါက မူလအဆိုပြုချက်သည် အတည်ဖြစ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၅၂)မဲ၊ ကြားနေ (၆)မဲ၊ ကန့်ကွက်မဲ (၅၇)၊ ကန့်ကွက်မဲများသည့်အတွက် မူလအဆိုပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ (စ)အဖြစ် ကော်မတီသည် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်လုပ်ငန်း လုပ်ကိုင်သည့်ကာလကို ခွင့်ပြုသည့်နေ့မှစ၍ နှစ်ပေါင်း(၃၀) ခွင့်ပြုနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ ဝန်ကြီးရဲ့ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ သဘောတူပါတယ်ခင်ဗျား။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ဝန်ကြီးဌ၏ပြင်ဆင်ချက်ကို သဘောတူသင့်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤဥပဒေပါ ဝန်ကြီးဌ၏ ရှင်းပြတဲ့အချက်ကို သဘောတူပါသလားခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ဝန်ကြီးဌ၏ဖြည့်စွက်ချက်သည် အတည်ဖြစ်၍ ဤဥပဒေဌ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၈) ဖြစ်ပါတယ်။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် အဆိုပြုချက်များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ (စ)အဖြစ် ကော်မတီသည် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်လုပ်ငန်း ခွင့်ပြုသည့်အချိန်ကို **စတင်** ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း (၃၀)ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ပေးပါရန် အဆိုပြုထားပါတယ်။

ဥက္ကဋ္ဌ။ ဦးသန်းထိုက်ရဲ့ သဘောထားကိုပြောပါ။

ဦးသန်းထိုက်၊ ကလော မဲဆန္ဒနယ်အမှတ် (၂)။ စောစောက ဥပဒေကြမ်းအတည်ပြုတဲ့အထဲ ပါဝင်သွားပြီဖြစ်တဲ့အတွက် ပြည့်စုံသွားပါပြီ။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ်ပါ ဦးသန်းထိုက်ရဲ့ ပြင်ဆင်ရန် လွှတ်တော်ကိုတင်ပြတဲ့အချက်ကို သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၉) ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် အဆိုပြုချက် များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇ (က) မြို့နယ် သစ်တောအရာရှိ **အဖွဲ့ခေါင်းဆောင်**၊ (ခ) မြို့နယ် အဆင့်ဌာနဆိုင်ရာများ **အဖွဲ့ဝင်** ပြင်ဆင်ပေးပါရန် အဆိုပြု ထားပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။ မြို့နယ်သစ်တောအရာရှိကို တာဝန်ပေးမယ်ဆိုရင် တချို့ဥပဒေကြမ်းအရ ကြီးကြပ်ရေးကော်မတီကို ပေးအပ်ထားတဲ့တာဝန်တွေဟာ မြို့နယ်အဆင့်သစ်တော အရာရှိ တွေက ဥပဒေကြောင်းအရလုပ်ဖို့ရန်အတွက် တာဝန်ကျပွန်စွာထမ်းဆောင်ဖို့ရာအတွက် အခက်အခဲရှိတာကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ထားခြင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့် မူလအတိုင်းထား ရှိဖို့ရန်အတွက် ကျွန်တော်တို့အနေနဲ့ တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဒီနေရာမှာလည်းဘဲ လွတ်တော်ဆန္ဒကို ခံယူဖို့ရှိပါတယ်။ ဦးခိုင်ညီညီကျော်ရဲ့ သဘောထားပြောပါ။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ဥက္ကဋ္ဌကြီး ခင်ဗျား။ မြို့နယ်တစ်မြို့နယ်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်အုပ်ချုပ်ရေးမှူး က မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှာ အလိုအလျောက်ဥက္ကဋ္ဌ ဖြစ်ပြီးဖြစ်ပါတယ်။ မြို့နယ်ဌာန ဆိုင်ရာတွေရဲ့ လိုအပ်ချက်တွေကို နဂိုသူရဲ့အုပ်ချုပ်မှုအခွင့်အာဏာအရ ပေါင်းစပ်ညှိနှိုင်းနိုင်တဲ့ အခွင့်အာဏာ ရှိပြီးသားလည်းဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မြို့နယ်တွေမှာ လိုအပ် သလိုကော်မတီတွေဖွဲ့စည်းတဲ့အခါ စီမံကိန်းရေးဆွဲတဲ့နေရာမှာပဲဖြစ်ဖြစ်၊ မြို့နယ်သိမ်းဆည်းခံ လယ်ယာမြေနှင့် အခြားမြေများပြန်လည်စိစစ်ရေးကော်မတီမှာပဲဖြစ်ဖြစ် မြို့နယ်အုပ်ချုပ် ရေးမှူးက ဥက္ကဋ္ဌဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ယောက်ထဲဆီကို အကုန်လုံးစုပုံပြီး တော့ အပ်နှင်းထားသကဲ့သို့ ဖြစ်ပါတယ်။ မွန်ပြည်နယ်မှာလည်း ကျွန်တော်တို့အခု ရှမ်းပြည်နယ်မှာ ပြဋ္ဌာန်းထားတဲ့ အပန်းဖြေစခန်းနဲ့ပတ်သက်ပြီးတော့ ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်း ခဲ့ပါတယ်။ မွန်ပြည်နယ်ဥပဒေရဲ့ ပုဒ်မ ၂၃ မှာလည်း ကြီးကြပ်ရေးအဖွဲ့ကို မြို့နယ်

သစ်တောအရာရှိကို အဖွဲ့ခေါင်းဆောင်အဖြစ် ဥပဒေအဖြစ်ပြဋ္ဌာန်းထားတာကို လေ့လာ တွေ့ရှိရပါတယ်။

ဒါ့အပြင် ပြည်ထောင်စုကနေပြီး ပြဋ္ဌာန်းထားတဲ့ ဇီဝမျိုးကွဲနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်မြေများကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ မှာလည်း ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ သတ်မှတ် တည်ထောင်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရက္ခဗေဒ ဥယျာဉ်ကို စီမံအုပ်ချုပ်ရန် သင့်လျော်သည့် သစ်တောအရာရှိတစ်ဦးဦးအား အုပ်ချုပ်ရေးမှူး အဖြစ် တာဝန်ပေးအပ်ရမည်လို့ နည်းဥပဒေမှာဒီလို ပြဋ္ဌာန်းဖို့ ရေးဆွဲထားတာ တွေ့ရှိရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မလို့ လုပ်ပိုင်ခွင့် အင်မတန်များပြားနေတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်စား မြို့နယ်သစ်တောအရာရှိကိုသာ အဖွဲ့ခေါင်းဆောင်ပေးအပ်ပေးဖို့ ကျွန်တော့်အနေနဲ့ အဆိုပြုပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီး၏ သဘောထားပြောပြီးပြီနော်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။ ပြောပြီးပါပြီ။

ဥက္ကဋ္ဌ။ ဒါဆို မဲခွဲရမှာဖြစ်ပါတယ်။ ဒီအမှတ်စဉ်နဲ့ပတ်သက်လို့ အမှတ်စဉ် (၉) (၁၀) (၁၁) (၁၂) တို့ဟာ အတူတူဘဲဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် သစ်တောအရာရှိ စသည်အားဖြင့်တူတဲ့အတွက် အမှတ်စဉ် (၉) (၁၀) (၁၁) နဲ့ပတ်သက် လို့ အမှတ်စဉ် (၉)ရဲ့ဆုံးဖြတ်ချက်အတိုင်းပဲ ဖြစ်မှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခိုင်ညီညီကျော်၊ ရပ်စောက် (၁)၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ ပြင်ဆင်ချက်အား သဘော မတူပါက ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက ပြင်ဆင်ချက်သည် အတည် ဖြစ်မှာဖြစ်ပြီး၊ ကန့်ကွက်မဲများပါက မူလအဆိုပြုချက်သည် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၄၆)မဲ၊ ကြားနေ (၄)မဲ၊ ကန့်ကွက်မဲ (၆၅) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် မူလ အဆိုပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာ ပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၂) ဖြစ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်ရဲ့ အဆိုပြုချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ အမှတ်စဉ် (၁၀)(၁၁)(၁၂) အတူတူပဲ။ အမှတ်စဉ် (၁၃)ပြောပါ။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၃) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၉(က)အဖြစ် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် လျှောက်ထားလာပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း စီမံဆောင်ရွက်ပေးရမည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအမှတ်စဉ်ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၄) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၆(ခ)အဖြစ် ခွင့်ပြုမိန့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအမှတ်စဉ်ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၅) ဖြစ်ပါတယ်။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် အဆိုပြုချက်များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၈ အဖြစ် ကော်မတီသည်

အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ် တည်ထောင်ခွင့်ပြုရာတွင် **မြေဧရိယာနှင့် စပ်လျဉ်း၍-**

(က) **အပန်းဖြေစခန်း လုပ်ငန်းဖြစ်ပါက ဧက (၁၀၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။**

(ခ) **တိရစ္ဆာန်ဥယျာဉ် လုပ်ငန်းဖြစ်ပါက ဧက (၁၀၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။**

(ဂ) **ရုက္ခဗေဒဥယျာဉ် လုပ်ငန်းဖြစ်ပါက ဧက (၅၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်** ဟု ပြင်ဆင်ပေးပါရန် အဆိုပြုတင်ပြထားပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ အဓိကကတော့ တိရစ္ဆာန်ရုံတွေအတွက် စဉ်းစားရတဲ့ကိစ္စ ဖြစ်ပါတယ်။ တိရစ္ဆာန်ရုံတွေမှာ လုပ်ငန်းသဘောသဘာဝအရ တိရစ္ဆာန်အမျိုးအစားတစ်မျိုးချင်းစီအလိုက် ထားရှိရတဲ့စားကျက်မြေအကျယ်အဝန်းဟာ အသေးစိတ်ဆွေးနွေးရမှာဖြစ်တဲ့အတွက် နည်းဥပဒေထဲထည့်သွင်းရမှာဖြစ်တဲ့အတွက် ချန်လှပ်ထားခဲ့တဲ့ အချက်ဖြစ်တဲ့အတွက် မူလအတိုင်းပဲ ထားရှိဖို့ရန်အတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဦးသန်းထိုက်ရဲ့ သဘောထားကိုပြောပါ။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတွေရေးဆွဲပြီး ပြဋ္ဌာန်းပြီးတဲ့ဟာနဲ့ ဥပဒေရဲ့နောက်ဆက်တွဲ မဖြစ်မနေထည့်သွင်းပြဋ္ဌာန်းရမဲ့ နည်းဥပဒေရေးဆွဲတဲ့ ကြားကာလဟာ အင်မတန်မှ ကြာမြင့်တယ်၊ အချိန်ယူရတယ်ဆိုတာ အားလုံးလည်းသိပြီးသားဖြစ်ပါတယ်။ ဥပဒေကြမ်းမှာပါတဲ့ ကာလခွင့်ပြုတဲ့လိုအပ်သည့် အနည်းဆုံးမြေဧရိယာ အကျယ်အဝန်းနှင့် လုပ်ငန်းပမာဏဆိုတဲ့နေရာမှာ ဥပဒေကိုထုတ်ပြန်လိုက်ပြီဆိုတာနဲ့ လုပ်ငန်းရှင်တစ်ဦးအနေနဲ့သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုကနေပြီး လုပ်ချင်တဲ့လုပ်ငန်းရှင်တစ်ဦးကနေပြီးတော့ မြေဧရိယာအကျယ်အဝန်းက ဘယ်လိုသတ်မှတ်ချက်ရှိတာလဲအပေါ် မူတည်ပြီးတော့မှ ဒီလုပ်ငန်းအကြောင်းအရာကို စဉ်းစားရမှာလည်းဖြစ်သလို၊ မြေတွေကို အကြောင်းအမျိုးမျိုးယူထားတဲ့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကနေပြီးတော့ ဒါကိုလည်း ကောင်းကောင်းအသုံးချနိုင်တဲ့ ဟာမျိုးလည်း သက်ရောက်သွားမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကျွန်တော်ပြန်လည် ပြင်ဆင်ဖြည့်စွက်လိုတဲ့အတိုင်းပဲ လွှတ်တော်ကို တင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဒီအမှတ်စဉ် (၁၅)နဲ့ပတ်သက်လို့လည်းပဲ လွှတ်တော်က စက်ခလုတ် သုံးပြီးတော့ ဆန္ဒရယူဖို့ဖြစ်ပါတယ်။ ဦးသန်းထိုက်၊ ကလော (၂)၏ ပြင်ဆင်ချက်အား သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ ပြင်ဆင်ချက်အား သဘောမတူပါက ကန့်ကွက်မဲ ပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက ဦးသန်းထိုက်၏ ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ကန့်ကွက်မဲများပါက မူလအဆိုပြုချက်သည် အတည်ဖြစ်မှာဖြစ်ပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၄၈)မဲ၊ ကြားနေ (၅)မဲ၊ ကန့်ကွက်မဲ(၆၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကန့်ကွက်မဲများသည့်အတွက် မူလအဆို ပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါ တယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၆) ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၄ (ဇ)အဖြစ် ခွင့်ပြုထားသည့်လုပ်ငန်းကို လုပ်ငန်း ခွင့်ပြုမိန့်ပါ သက်တမ်းကာလအတွင်း ထိုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ် တစ်ဦးဦးအား ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းလွှဲပြောင်းခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်ထားပါ တယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။ ဒီအချက်ကလည်း ဥပဒေပြုစဉ်ကတည်းက အကြိတ်အနယ်ဆွေးနွေးခဲ့ရတဲ့ အချက်လည်းဖြစ်ပါတယ်။ တကယ်လို့သာ ဥပဒေပြုရေးဆိုင်ရာကော်မတီက အကြံပြုတာကတော့ ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းလွှဲပြောင်းခြင်းမပြုရ ဆိုတာကတော့ ကော်မတီရဲ့ခွင့်ပြုချက်နဲ့ လုပ်ငန်းလွှဲပြောင်းလို့ရတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆွေးနွေးခဲ့စဉ်အခါကတော့ အဲ့လိုသာလွှဲပြောင်းခွင့်ပြုမယ် ဆိုရင်ပြင်ပမှာ လုပ်ငန်းလိုင်စင်ကို အရောင်းအဝယ်လုပ်တဲ့ စျေးကွက်တစ်ခု ပေါ်ပေါက်လာနိုင်တဲ့အတွက် တကယ်လို့များ မူလ လုပ်ပိုင်ခွင့်ရတဲ့သူက ဆက်လက်ပြီး လုပ်ကိုင်လိုခြင်းမရှိရင် ကော်မတီဆီကို ပြန်လည်အပ်နှံ စေပြီးတော့မှ နောက်ထပ်လုပ်ကိုင်တဲ့သူက ပြန်လည်လျှောက်ထားစေဖို့ဆိုပြီး အတည်ပြု တင်ပြခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့်မလို့ ကျွန်တော်တို့အနေနဲ့ မူလအဆိုပြုချက်အတိုင်း ထားရှိဖို့ရန်အတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဒီနေရာမှာလည်းပဲ လွှတ်တော်ရဲ့ ဆန္ဒခံယူမှာဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူပါကထောက်ခံ ဆန္ဒမဲပေး၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်အား သဘောမတူပါကကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက ပြင်ဆင်ချက်သည်

အတည်ဖြစ်မှာဖြစ်ပြီး ကန့်ကွက်မဲများပါက မူလအဆိုပြုချက်သည် အတည်ဖြစ်မှာဖြစ်ပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၂၈)မဲ၊ ကြားနေ (၁)မဲ၊ ကန့်ကွက်မဲ(၈၄) ဒီနေရာမှာလည်းပဲ ကန့်ကွက်မဲများသည့်အတွက် မူလအဆိုပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၇) ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၄ (၄)အဖြစ် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မ ၉ ပုဒ်မခွဲ (က) အရ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လျှောက်ထားသူသည် ခွင့်ပြုမိန့် မရမီ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် မြေနေရာအတည်ပြုချက်ရရှိရေး ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၇)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၈)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၅(ဂ)အဖြစ် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်းဟု ဖြည့်စွက် ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၈) ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၁၉) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၆ အဖြစ် ကော်မတီသည် ဤဥပဒေအရ တည်ထောင်ထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေကျပ် ငါးသောင်းအထိ ပေးဆောင်ရန် စီမံခန့်ခွဲမှုဆိုင်ရာအမိန့် ချမှတ်နိုင်သည်။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့သို့လည်း လွှဲအပ်ဆောင်ရွက်စေနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ဒီကိစ္စကိုလည်း ဥပဒေပြုရေးမှာ ဝိုင်းပြီးတော့အကြံပြုခဲ့တဲ့ ပညာရှင်တွေရဲ့ အကြံပြုချက်၊ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ ညှိနှိုင်းပြီးဖြစ်ပါတယ် ခင်ဗျား။ ညှိနှိုင်းချက်အရကတော့ ကော်မတီရဲ့အကြံပြုချက်မှာ နောက်ပိတ်ဆုံး စာကြောင်းမှာ သီးသန့်စာကြောင်းမထည့်ဘဲနဲ့ ရှေ့ဆုံးမှာ သူ့ရဲ့သဘောတရားကတော့ ပြည်နယ်အဆင့် ကော်မတီရဲ့လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်ကြီးကြပ်ရေးအဖွဲ့ဆီကို ဖြေလျော့ပေးတဲ့ သဘောတရားဖြစ်တဲ့အတွက် စာပိုဒ်ရဲ့အစမှာရှိတဲ့ ကော်မတီသည် ဆိုတဲ့စကားရပ်အစား ကြီးကြပ်ရေးအဖွဲ့သည်ဆိုတဲ့ စကားရပ်ကိုဖြည့်လိုက်မယ်ဆိုရင် နောက်ဆုံးက စာကြောင်းဖြစ်တဲ့ မြို့နယ်ကြီးကြပ်ရေးအဖွဲ့သို့လည်း လွှဲအပ်ဆောင်ရွက်စေနိုင်သည်ဆိုတဲ့ စာကြောင်းထည့်စရာမလိုတော့ဘဲနဲ့ လိုရင်းတိုရှင်း ကျစ်ကျစ်လစ်လစ်ဖြစ်မှာဖြစ်တဲ့အတွက် အဲ့ဒီအတိုင်း စာကြောင်းကို ပြင်ဆင်ဖို့ရန်အတွက် လွှတ်တော်ကော်မတီနဲ့ သဘောတူညီထားတာ ရှိပါတယ် ခင်ဗျား။ နောက်တစ်ချက်အနေနဲ့ကတော့ ဒဏ်ကြေးငွေကျပ် ငါးသောင်းဆိုတာကတော့ အပန်းဖြေလာရောက်တဲ့ အများပြည်သူတွေအတွက် ဝန်ထုတ်ဝန်ပိုးဖြစ်စေနိုင်ပြီးတော့ တိုင်းတာဖို့ရာခဲယဉ်းပြီး အောက်ခြေအဆင့်ဝန်ထမ်းတွေကြားထဲမှာ လာဘ်ပေးလာဘ်ယူများဖြစ်နိုင်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ လက်ရှိငွေကြေးဖောင်းပွနှုန်းနဲ့တွက်ဆပြီးတော့ ငွေငါးသောင်းအစား ငွေနှစ်သောင်းထားဖို့ရန်အတွက် သဘောတူညီထားပြီးဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့အကြံပြုရရင်တော့ မဲခွဲလိုက်ရင်တော့ အကြံပြုလိုက်တာက မူလအဆိုအတိုင်းလည်းမဟုတ် ရေးရာကော်မတီကနေပြီးတော့ အကြံပြုချက်သဘောတရားကိုလက်ခံပြီးတော့ စကားလုံးလေးကို ပြင်ထားတာဖြစ်တဲ့အတွက် ရေးရာကော်မတီက သဘောတူတယ်ဆိုရင် မဲမခွဲတော့ဘဲ လွှတ်တော်ဆီကနေပြီးတော့ သဘောထားဆန္ဒရယူပေးဖို့ရာအတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ဝန်ကြီးရဲ့အကြံပြုချက်ကိုသဘောတူပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၉) ပါ အချက်နဲ့စပ်လျဉ်းပြီး ၎င်းပြင်ဆင်ချက်နှင့် ဝန်ကြီး၏ ရှင်းလင်းချက်အတိုင်း အတည်ဖြစ်သည်လို့ ယူဆရမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက ဝန်ကြီး၏ အဆိုပြု ရှင်းလင်းချက်အတိုင်း သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်နှင့် ဝန်ကြီး၏အဆိုပြု ရှင်းလင်းချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂၀) ဖြစ်ပါတယ်။အခန်း(၁၀) ပုဒ်မ ၂၆ (ဃ) တိရစ္ဆာန် ဥယျာဉ်အတွင်းရှိ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း၊ အနာတရဖြစ်စေခြင်း၊ အထိတ်တလန့်ဖြစ်စေခြင်း၊ အသံဖြင့်အနှောင့်အယှက်ပေးခြင်းဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအမှတ်စဉ်ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကိုလွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၇ ကော်မတီသည် ဤဥပဒေအရ တည်ထောင် ထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ်တစ်သိန်းအထိ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ ဝန်ကြီး၏ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး။ ဒဏ်ငွေ တစ်သိန်းပြင်ဆင်တာကို သဘောတူပါတယ်။ စောစောက အမှတ်စဉ် (၁၉) တုန်းကလိုပဲ ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ ထပ်ပြီးညှိလိုက်တာကတော့ ဒီကိစ္စမှာ ဒဏ်ငွေတစ်သိန်းလောက်ကလည်း ပြည်နယ်အဆင့်ကော်မတီကနေပြီးတော့ လုပ်စရာမလိုဘဲ မြို့နယ်အဆင့်ကြီးကြပ်ရေးအဖွဲ့ကနေပြီး ဆောင်ရွက်လို့ရနိုင်တဲ့ ကိစ္စမျိုးဖြစ်တဲ့အတွက် စာပိုဒ်ရဲ့အစ ကော်မတီသည်ဆိုတဲ့စကားရပ်အစား ကြီးကြပ်ရေးအဖွဲ့သည်ဆိုပြီး အဲ့လိုမျိုး လေးပါ ထပ်မံပြင်ဆင်ပေးဖို့ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ အကြံပြုချက်မှာ အဲ့ဒါမျိုးလေး လုပ်ပေးဖို့ရန်အတွက်သဘောတူထားတာတော့ ရှိပါတယ်ခင်ဗျား။ အဲ့ဒါကလည်း စောစောက အမှတ်စဉ် (၁၉) လိုပါပဲ ခင်ဗျား။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ဝန်ကြီးရဲ့အကြံပြုချက်ကိုသဘောတူလက်ခံပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ်ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီး၏ အဆိုပြုရှင်းလင်းချက်အတိုင်း လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်နှင့် ဝန်ကြီး၏အဆိုပြု ရှင်းလင်းချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂၂) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၃၀ကို ပုဒ်မ ၃၀ အဖြစ်၊ ပုဒ်မ ၃၀ ကို ပုဒ်မ ၃၁ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌ။ ဒီအမှတ်စဉ်ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ် (၂၃) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၃၁ အဖြစ် ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုကို လိုက်နာခြင်းမရှိပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ တရားစွဲဆိုစေနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု အကြံပြုထားပါတယ်။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၂၃)ပါဥပဒေပြုရေးဆိုင်ရာကကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂၄) ဖြစ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်အဆိုပြုချက်များကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ အခန်း(၁၃) ကော်မတီမှ ပေးအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလျှင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဟု ဖြည့်စွက်ပေးပါရန် အဆိုပြုထားပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၃)ပါ ဦးသန်းထိုက်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ကျွန်တော်ပြောစရာတစ်ခုရှိပါတယ်ခင်ဗျား။ ဒီပြင်ဆင်ချက်က အမှတ်စဉ် (၂၆)မှာ ကြည့်ပေးပါခင်ဗျား။ အမှတ်စဉ်(၂၆) အခန်း(၁၃) ပုဒ်မ ၅၃ အတွက်ကို ပြည်နယ် ဥပဒေပြုရေးဆိုင်ရာကော်မတီကနေပြီးတော့ ပြင်ဆင်ရန်အကြံပြုချက်ရှိပါတယ်။ အဲ့ဒါကတော့ နောက်ဆုံးဟိုဖက်စာမျက်နှာမှာ စာမျက်နှာ ၆ မှာ မျဉ်းသားထားတဲ့ သို့သော် ကော်မတီမှ ပေးအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလျှင် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဆိုတဲ့ ပြင်ဆင်ချက်ကို ရှုမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့လက်ခံပြီးဖြစ်တဲ့အတွက် ဒါဟာဆိုရင်သဘောတရားတစ်ခုထဲဖြစ်ပြီးတော့

ကော်မတီရဲ့ပြင်ဆင်ချက်က ကျစ်လစ်ပြီး လိုရင်းတိုရှင်းဖြစ်တဲ့အတွက် အဲ့ဒီအတိုင်းထားရှိပေးဖို့ရန်အတွက် တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ခုနကမေးနေတာက အမှတ်စဉ် (၂၄)ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးက (၂၆)ပါ သဘောတူတယ်ဆိုတော့ ကျွန်တော့်အနေနဲ့နားလည်တာက အမှတ်စဉ် (၂၄) (၂၅)နဲ့ အမှတ်စဉ် (၂၆)ကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က သဘောတူတယ်လို့ပဲ ကျွန်တော့်အနေနဲ့နားလည်ပါတယ်။ ဟုတ်ပါသလား။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ဟုတ်ကဲ့ခင်ဗျား။ ဦးသန်းထိုက်တင်ပြတာကတော့ ပုဒ်မတစ်ခု သီးသန့်ဖြည့်စွက်ပေးဖို့တင်ပြတာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ကတင်သွင်းထားတာကတော့ ပုဒ်မ ၅၃ မှာ ရေးရာကော်မတီကနေပြီးတော့ အဆိုပြုတဲ့အတိုင်း အဲ့ဒီအချက်ကို ပုဒ်မ ၅၃ ရဲ့နောက်မှာ အသုံးအနှုန်းမတူတဲ့ စာကြောင်းတစ်ခုနဲ့ ဖြည့်ထားတာကို ကျွန်တော်တို့သဘောတူထားတာဖြစ်ပါတယ်။ သီးသန့်ပုဒ်မအနေနဲ့ ထည့်ဖို့ရာမဟုတ်ပါဘူး ခင်ဗျား။

ဥက္ကဋ္ဌ။ အခြားပုဒ်မ ထည့်စရာမလိုဘူးလား။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ဖြည့်စွက်ပြီးဖြစ်တဲ့အတွက် ဒီဟာက သီးခြားပုဒ်မ ထည့်စရာမလိုတော့ပါဘူး ခင်ဗျား။

ဥက္ကဋ္ဌ။ ဦးသန်းထိုက်က တင်ပြဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလော မဲဆန္ဒနယ်အမှတ် (၂)။ ဟုတ်ကဲ့။ စောစောက သက်ဆိုင်ရာဝန်ကြီးကလည်း ကျွန်တော်မူလတင်ပြထားတဲ့ အခန်း (၁၃)ရဲ့ ရည်ရွယ်ချက်နဲ့ အမှတ်စဉ် (၂၆)မှာ အခန်း (၁၃)၊ ပုဒ်မ ၅၃ မှာပါတဲ့ဟာက ဆက်စပ်မှုရှိတဲ့အတွက် အစိုးရဝန်ကြီးက တင်ပြတဲ့အချက်က ဒီတိုင်းပဲအဆင်ပြေပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၂၄)ပါ မူလအဆိုပြုချက်နှင့်ပတ်သက်လို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် မူလအဆိုပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂၅) ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၃၉(က) ပြစ်မှုကျူးလွန်သူကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သက်ဆိုင်ရာသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါကြောင်း အကြံပြုထားပါတယ်။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၂၅)ပါဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂၆) ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၅၃ အဖြစ် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ ကြီးကြပ်ရေးအဖွဲ့ဝင် တစ်ဦးဦးကိုသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်းမရှိစေရ။ သို့သော် ကော်မတီမှ ပေးအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလျှင် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၆)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင် ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အမှတ်စဉ်(၂၇) ဖြစ်ပါတယ်။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် အဆိုပြုချက်များကို ဆက်လက်တင်ပြ သွားမှာဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၅၃ အဖြစ် ဤဥပဒေအရ

အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေ အထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီအဖွဲ့ဝင် တစ်ဦးဦးကို သော်လည်းကောင်း၊ ကြိုးကြပ်ရေးအဖွဲ့ဝင် တစ်ဦးဦးကိုသော်လည်းကောင်း၊ ပြစ်မှုကြောင်း အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်အရဖြစ်စေ အရေးယူ ဆောင်ရွက်ခြင်းမရှိစေရ။ ဤဥပဒေသည် မသမာမှုပြုလုပ်သည့် ကိစ္စရပ်များအပေါ် သက်ရောက်ခြင်းမရှိစေရဟု ဖြည့်စွက်ပေးပါရန် အဆိုပြုထားပါတယ်။ အဆိုပါ အဆိုပြုချက်မှာ ဥပဒေပြုရေး ဆိုင်ရာကော်မတီမှ အမှတ်စဉ်(၂၆) အခန်း(၁၃)၊ ပုဒ်မ ၅၃ နှင့် သဘောထားချင်းအတူတူဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ် (၂၇)ပါ ဦးသန်းထိုက်၏ ပြင်ဆင်ထားသည့်အချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) (၁၈-၆-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆိုပြု တင်ပြဖို့ ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)ကို ဒီကနေ့ လွှတ်တော်

ကိုယ်စားလှယ်များ လွှတ်တော်မှာ သဘောတူပြီးဖြစ်တဲ့အတွက် ဥပဒေ(မူကြမ်း)ကို ဥပဒေအဖြစ် အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) (၁၈-ဖ-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)အား လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)အား အတည်ပြုကြောင်း ကြေညာပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများပပျောက်ရေးနှင့်တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။

ပထမဦးစွာ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်သိန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာ

အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းကျော်သိန်းဖြစ်ပြီးတော့ ကျွန်တော့်အနေနဲ့ သိန်္ဓိမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ တင်သွင်းခဲ့တဲ့ အဆိုဖြစ်တဲ့ **" ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပယျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုနှင့် ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် လောင်းကစားနှင့်ပတ်သက်၍ တားမြစ်ထားသည့် ဥပဒေရှိပြီး ဖြစ်ပါတယ်။ ဥပဒေအတိုင်း တိတိကျကျလိုက်နာပါက လောင်းကစားဝိုင်းများ ခေါင်းထောင်လာမှာမဟုတ်ပါဘူး။ ယခင်က လောင်းကစားဝိုင်းများသည် သာမန်ပွဲလမ်းသဘင်၌သာပါဝင်လေ့ရှိပြီး ၎င်းတို့သည် ပွဲလမ်းသဘင်များ ပြီးဆုံးပါက ၎င်းတို့သည်လည်း အိပ်ယာလိပ်ပြီး အိမ်ပြန်ကြရပါတယ်။ ယခုအခါမှာတော့ လောင်းကစားဝိုင်းများသည် ခေတ်မီစက်ကိရိယာများ တပ်ဆင်ပြီး တောရောမြို့ပါမကျန် ပြန့်နှံ့စွာ ဖွင့်လှစ်နေကြတဲ့ ငါးမန်းဂိမ်းလို လောင်းကစားဝိုင်းများ၊ အကြွေစေ့နှင့် ကစားရသော ခုနှစ်သုံးလုံး Lucky (777 lucky)လို လောင်းကစားဝိုင်းများသည် နေရာအနှံ့ လျှင်မြန်စွာ ပြန့်နှံ့လျက်ရှိပါတယ်။ ဒီလောင်းကစားဝိုင်းများရှိခြင်းကြောင့် လူငယ်လူရွယ်များအပြင် အိမ်ထောင်သည် အမျိုးသား၊ အမျိုးသမီးများသည်လည်း အကျင့်စာရိတ္တပျက်ပြားပြီး ခိုးမှု၊ လုယက်မှု၊ ခါးပြမှုများ ကျူးလွန်ကြသည်အထိ ဖြစ်ပေါ်လာနိုင်ပါတယ်။ ထို့အပြင် လောင်းကစားဝိုင်းများနှင့် ဆက်နွယ်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုများ၊ ရောင်းဝယ်ဖောက်ကားမှုများလည်း ပိုမိုများပြားလာနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် လောင်းကစားဝိုင်းပယျောက်ရေးသည် အင်မတန်အရေးကြီးသည့် ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းကစားပယျောက်ရေးလုပ်ဆောင်ရာမှာ အဓိက ပါဝင်တဲ့ အဖွဲ့များအနေဖြင့် မြို့နယ်နှင့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များ နှင့် တရားစီရင်ရေးအဖွဲ့များအပြင် ပြည်သူလူထုများသည်လည်း သတင်းပေးခြင်းဖြင့် ကူညီရမည့် ဝတ္တရားရှိပါတယ်။အုပ်ချုပ်ရေးအဖွဲ့များဆိုရာမှာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များသည် အဓိကဖြစ်ပြီး ၎င်းတို့သည် မိမိတို့အုပ်ချုပ်ရသော နယ်မြေတွင် ဖြစ်ပေါ်နေသည့် ကိစ္စရပ်များကို အသိဆုံးဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေ၌လည်း ၎င်းတို့ကိုယ်တိုင် ဖမ်းဆီးခွင့်ပြုထားပြီး ဖြစ်သည့်အပြင် ဒုရဲအုပ်ထက် အဆင့်မနိမ့်သော ရဲအရာရှိတစ်ဦးအား ဖမ်းဆီးနိုင်ရန် ဖမ်းဝရမ်းထုတ်ရမည်ဟု ပါပြီးသားဖြစ်ပါတယ်။

ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးမှ ဆောင်ရွက်ရန် တာဝန်ပျက်ကွက်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးမှ အရေးယူဆောင်ရွက်ရန် တာဝန်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေးအရ ဖမ်းဆီးရာ၌ အဓိက ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ပြီး တပ်ဖွဲ့ဝင်များ၊ အရာရှိ၊ အရာခံများသည် မိမိ တပ်ဖွဲ့၏ ဂုဏ်သိက္ခာကို စောင့်ထိန်းပြီး အဂတိလိုက်စားမှုကင်းကင်းဖြင့် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြည်သူများမှ ပေးပို့လာသော သတင်းများကို ပေါက်ကြားခြင်း မရှိစေဘဲ အချိန်နှင့်တစ်ပြေးညီ လျှင်မြန်စွာ တုံ့ပြန်ဆောင်ရွက်မှသာ လောင်းကစားဒိုင်များကို ဖမ်းဆီးနိုင်မှာ ဖြစ်ပါတယ်။

တရားစီရင်ရေးအဖွဲ့များသည်လည်း ဖမ်းဆီးရုံးတင်စစ်ဆေးခြင်းခံရသော လောင်းကစား အမှုများကို စီရင်ဆုံးဖြတ်ရာတွင် အဂတိလိုက်စားမှုကင်းရှင်းစွာဖြင့် အခွင့်အာဏာ အပ်နှင်းထားသည့် အမြင့်ဆုံးပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လောင်းကစားကျူးလွန်သူများ၊ ကျူးလွန်ရန် အားထုတ်သူများအား မကျူးလွန်ရဲအောင် သတိပေးပြီးသား ဖြစ်ပါတယ်။ ဤကဲ့သို့ တရားဥပဒေစိုးမိုးရေး တာဝန်ယူနေရသော အဖွဲ့အစည်းများနှင့် ပြည်သူလူထုများ ပူးပေါင်းပါဝင်ခြင်းဖြင့် လောင်းကစားလုပ်ငန်းများသည်လည်း လျော့နည်းပျောက်သွားမည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်ပြခဲ့သော ကွတ်ခိုင်မြို့နယ်က အဖြစ်အပျက်ကို ကြည့်ပါက ပြည်သူများသည် လောင်းကစားဝိုင်းနှင့်ပတ်သက်လာလျှင် ဘယ်လောက်ထိ မလိုလားသလဲဆိုတာ ပေါ်လွင်နေပါတယ်။ ပြည်သူများက ၎င်းတို့ရပ်ကွက်၌ ငါးမန်းဂိမ်း လောင်းကစားဝိုင်းရှိနေကြောင်း သတင်းပေးသော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများမှ အရေးယူဆောင်ရွက်မှု မရှိသဖြင့်ရပ်မိ/ရပ်ဖများ၊ ပြည်သူလူထုများက ၎င်းလောင်းကစားဝိုင်းကို သွားရောက်ဖျက်ဆီးတယ်ဆိုတာ ကြားလို့တောင် မသင့်တော်ပါဘူး။ ဒီဖြစ်စဉ်ကို ကြည့်ပါက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက အဘယ်ကြောင့် အရေးမယူသလဲ၊ အရေးယူနိုင်ရန် ဘာဖြစ်လို့တာဝန်မပေးသလဲ၊ နယ်မြေအပိုင် ရဲစခန်းကရော လောင်းကစားဝိုင်း ရှိတာ ဘာလို့မသိသလဲ၊ ပြည်သူကတောင် သတင်းပေးနေပြီဆိုတော့ မသိစရာအကြောင်း မရှိပါဘူး၊ သတင်းရပြီဆိုမှ ဘာဖြစ်လို့ မဖမ်းဆီးသလဲ၊ တာဝန်ဝတ္တရားရှိတဲ့အတိုင်း မဆောင်ရွက်တဲ့ တာဝန်ရှိသူများကို ရှုမ်းပြည်နယ်အစိုးရ အနေဖြင့် လျစ်လျူရှုမနေဘဲ အရေးယူ ဆောင်ရွက်သင့်ပါတယ်။

ဒါကြောင့်လောင်းကစားဝိုင်းများသည် ကျွန်တော်တို့ လူမှုဝန်းကျင်၊ လူမှုအသိုင်းအဝိုင်းကို နှောင့်ယှက်ဖျက်ဆီးသည့် ကိစ္စရပ်များဖြစ်သဖြင့် သိန္နီမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ တင်သွင်းသော **" ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်း**

များပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း” အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ (၂၀၂၉.၉.၂၀၁၈)ရက်နေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) သို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်း ဖြစ်ပါတယ်။ (၁၉.၉.၂၀၁၈) ရက်နေ့၊ ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (တတိယနေ့)မှာ သိန္နီမြို့နယ် အမှတ်(၁)မဲဆန္ဒနယ် မှ ဒေါ်နန်းခင်ထားရီ တင်သွင်းခဲ့တဲ့ အဆို ဖြစ်တဲ့ **“ ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုနှင့် ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ နိုင်ငံတော်အစိုးရမှ တာဝန်ယူဆောင်ရွက်နေသော အောင်ဘာလေထီမှလွဲ၍ အခြားမည်သည့် လောင်းကစားမျှမလုပ်ရဟု ၁၉၈၃ ခုနှစ် လောင်းကစားဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သို့သော် ရှမ်းပြည်နယ် တောင်ပေါ်ဒေသမှာ လောင်းကစားနည်းတစ်မျိုးဖြစ်တဲ့ ငါးမန်းဂိမ်းမှာ မြို့ရောတောပါမကျန် ခေတ်စားလာတာကိုတွေ့ရပါတယ်။ ဆရာတော်တစ်ပါးရဲ့ တရားပွဲမှာ ဟောကြားတဲ့အတိုင်း မိမိတို့မြန်မာနိုင်ငံ မြစ်ကမ်းခြေဒေသမှာ ငါးမန်းအန္တရာယ် မကြောက်ရဘဲ ယခုအခါ တောင်ပေါ်ဒေသမှာ ငါးမန်းအန္တရာယ်ကို ကြောက်နေရသလို ဖြစ်နေရပါပြီ ဆိုတဲ့အတိုင်းပဲ ငွေကြေးအဆင်ပြေသူများ သာမက နေ့လုပ်နေ့စား၊ လက်လုပ်လက်စားသမားမကျန် လောင်းကစားနေရာသို့ တစ်ခါရောက်ဖူးသွားပါ က၊ ကစားဖူးသွားပါက စွဲလန်းမှုအနေဖြင့် စွဲပါသွားတာကို တွေ့ရှိရပါတယ်။ သွားရောက်ကစားဖူးသူများရဲ့ ပြောပြချက်အရနိုင်သူကို စွဲလန်းအောင် အိပ်ချင်စိတ်ပျောက်အောင် မူးယစ်ဆေးဝါးဖြစ်တဲ့ ယာမဆေးပြားဖြင့် ဆွဲဆောင်မှုပြုတာကို သိရှိရပါတယ်။

ဂိမ်းဆိုင်မှာငွေကြေးရှုံးသည့်အခါပင်ဖြစ်စေ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်စေ ခိုး၊ဆိုး၊ လုယက်မှုများ၊ ရာဇဝတ်မှုများ ထူပြောလာပြီး ရပ်ရွာ အေးချမ်းသာယာရေးကိုပါ ထိခိုက်လာတာတွေ့ရှိရပါတယ်။ အထူးသဖြင့် ကျောင်းသားလူငယ်များသည် ကျောင်းသွားသည့် အခါမှာ ကျောင်းသို့မရောက်ဘဲ ၎င်းလောင်းကစားဂိမ်းသို့ ရောက်သွားတာကို တွေ့ရှိရပါတယ်။ ယခင် ၂၀၁၇-၂၀၁၈ စာသင်နှစ်မှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ နမ့်ဖတ်ကာအထက်တန်းကျောင်းက အလယ်တန်း၊ အထက်တန်း ကျောင်းသားအချို့ဟာ ကျောင်းသို့မရောက်ဘဲ လောင်းကစားရုံကို သွားရောက်နေသည့်အတွက် ကျောင်းသားမိဘများက ကျောင်းအုပ်ဆရာမကြီးကို ထိန်းမရနိုင်ကောင်းသလားဟုဆိုပြီး ကျောင်းအုပ်ဆရာမကြီးကို ပြဿနာရှာတာကို သိရှိခဲ့ရပါတယ်။ ကျောင်းအုပ်ဆရာမကြီးက ထိုလောင်းကစားရုံ တာဝန်ခံကို ကျောင်းသားများမလာစေဖို့၊ မကစားစေဖို့ပြောတဲ့အခါမှာ ခင်ဗျားလာပြီးမပြောနဲ့၊ဒီမှာ ခင်ဗျားနဲ့မဆိုင်ဘူးလို့ သေနတ်တကားကားနဲ့ ဆရာမကြီးကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတာကို ဆရာမကြီးရဲ့ ပြောပြချက်အရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ (၁၄.၉.၂၀၁၈)ရက်နေ့မှာပဲ နမ့်ဖတ်ကာ ရပ်ကွက်အတွင်းရှိ ဒေသခံရွာသား (၆၆)ဦးက လက်မှတ်ရေးထိုးပြီး လောင်းကစားရုံပိတ်ပေးဖို့ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးကို လိပ်မူပြီး၊ မိတ္တူကို မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကွတ်ခိုင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကွတ်ခိုင်မြို့ဟုရေးပြီး ကျွန်တော့်ထံ ၎င်းတိုင်ကြားစာကို Viber ဖြင့် (၁၅.၉.၂၀၁၈)ရက်နေ့ ညနေပိုင်းမှာပေးပို့လာပါတယ်။ ၎င်းတိုင်စာကို သက်ဆိုင်ရာ တာဝန်ရှိသူများ အရေးယူခြင်းမရှိသောကြောင့် မကြာခင်မှာပဲ (၁၆.၉.၂၀၁၈)ရက်နေ့၊ ညနေ လေးနာရီခွဲမှာ ကွတ်ခိုင်မြို့ ရပ်ကွက်(၈)မှာရှိတဲ့ ရပ်ကွက်သူ၊ ရပ်ကွက်သားများဟာ ၎င်းတို့၏ခံစားချက်များပေါက်ကွဲမှုကြောင့် ၎င်းတို့ရပ်ကွက်အတွင်းမှာရှိတဲ့ ငါးမန်းဂိမ်းလောင်းကစားရုံကို သွားရောက်ဖျက်ဆီးတာ Online ပေါ်မှာတွေ့ရှိရမည်ဟု ထင်ပါတယ်။ ၎င်းအပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ ၊ မဲခေါင်ရပ်ကွက်တွင်လည်း အိမ်ခြေပေါင်း (၂၅၀) ကျော်ရှိသည့်အနက် (၂၂၂)အိမ်မှ မိဘပြည်သူများက ၎င်းတို့ရပ်ကွက်အတွင်းရှိ လောင်းကစားဝိုင်းများနှင့် ငါးမန်းဂိမ်းဆိုင်များကို ပိတ်သိမ်းပေးပါရန် ခရိုင်၊ မြို့နယ်သို့ တောင်းဆိုထားသည်ကိုလည်း မြေပြင်သတင်းအရ သိရှိရပါတယ်။

သို့ဖြစ်ပါသောကြောင့် သိန္ဒီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ၏ **“ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပယျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင်အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုကို လေးလေးနက်နက် ထောက်ခံရင်းနှီးကျုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ အဆိုပါစာသားအသုံး အနှုန်းအပေါ် အကြံပြုခြင်းနှင့် အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ အဆိုပါ စာသားအသုံးအနှုန်းနှင့် ပတ်သက်၍ **"တင်းကြပ်တားဆီး ပိတ်ပင် အရေးယူပေးနိုင်ပါရန်"**စကားရပ်အစား **"ထိရောက်စွာတားဆီး အရေးယူပေးနိုင် ပါရန်"** ပြောင်းလဲ သုံးနှုန်းမည်ဆိုပါက ပိုမိုသင့်လျော်မည်ဟု အကြံပြုလိုပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ လောင်းကစားခြင်းဆိုင်ရာကိစ္စရပ် များနှင့်စပ်လျဉ်း၍ နယ်မြေအနေအထား ကျယ်ဝန်းခြင်း၊ မတူကွဲပြားမှုများပြားခြင်းစတဲ့ အခြေအနေများပေါ်မူတည်ပြီး လောင်းကစားကိစ္စများက တည်ရှိနေတာဖြစ်ပြီး၊ ဒေသရဲ့ ရိုးရာဓလေ့ပေါ်မှာ မူတည်ပြီးတော့ ဒွန်တွဲလျက်ရှိနေတာကိုလည်း အားလုံးသတိပြုဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ အဆိုပါအချက်များပေါ်မူတည်၍ ဝိသမလောဘသားတွေဟာ အဆိုပါ အချက်ကို အခွင့်ကောင်းယူပြီးမှ အကျိုးအမြတ်ထုတ်ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

လူ့အသိုင်းအဝိုင်းတစ်ခုလုံးသာမက ပြည်သူများရဲ့ အကျိုးစီးပွား၊ စာရိတ္တများ ပျက်ပြားစေသည့် ဒီလောင်းကစားဝိုင်းများဟာ မိမိတို့ဝန်းကျင်မှာ ပပျောက်ရေးနှင့် ကင်းရှင်းရေး၊ နိုင်ငံတော်ရဲ့ အနာဂတ်လို့ပြောလို့ရတဲ့ လူငယ်/ လူရွယ်များ အတုယူ မမှားစေရေး ဒီအလေ့အကျင့်ဆိုးတွေကို ဆက်လက်သယ်မသွားရေးအတွက် ဆောင်ရွက်တဲ့ အခါမှာ အစိုးရအနေဖြင့် သာမက မိမိတို့အားလုံးမှာပါ တာဝန်ရှိတာကို အားလုံးလည်း သိပြီးသား ဖြစ်ပါတယ်။

မနေ့က ပြုလုပ်ကျင်းပခဲ့တဲ့ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှလည်း လောင်းကစားကိစ္စများပပျောက်ရေး၊

မူးယစ်ဆေးဝါးကိစ္စများ ဆောင်ရွက်ရာတွင် ပြည်သူများမှလည်း ပူးပေါင်းပါဝင်ဖို့ လိုတယ်လို့ ပြောကြားထားတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်သူများ ပူးပေါင်းပါဝင်လာဖို့ ဆိုတာကလည်း အဆိုပါ လုပ်ငန်းစဉ်များနှင့် အဓိကသက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများအနေဖြင့်လည်း အဂတိကင်းကင်းနဲ့ တာဝန်ယူ၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်မှသာလျှင် ပြည်သူများရဲ့ ယုံကြည်အားကိုးမှုများနှင့် ပြည်သူများရဲ့ ပူးပေါင်းပါဝင်မှု ရရှိမှာကိုလည်းမြင်ရမှာ ဖြစ်ပါတယ်။

ဒီကိစ္စနှင့် ပတ်သက်ပြီး မိမိမြို့နယ်အတွင်း ဖြစ်စဉ်လေးတစ်ခုကို အနည်းအကျဉ်း တင်ပြလိုပါတယ်။ မိမိတို့ကလောမြို့နယ်မှာ နှစ်စဉ်ကျင်းပနေတဲ့ ပုံမှန်ဘုရားပွဲများတွင် လောင်းကစားဝိုင်းများ ထည့်သွင်းမကျင်းပတာ အချိန်ကာလအတန်ကြာခဲ့ပြီး ဖြစ်ပါတယ်။ ဒီတစ်နှစ်မှာတော့ ရွာတစ်ရွာမှာ ရွာရဲ့ဆောက်လုပ်ဆဲ ဘုန်းကြီးကျောင်းပေါ်မူတည်ပြီးမှ လေးကောင်ဂျင်ဝိုင်းကို ထည့်သွင်းကျင်းပခဲ့ပါတယ်။ ကျင်းပတဲ့နေရာမှာလည်း သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးအနေဖြင့် နားလည်မှုဖြင့်သာ ထည့်သွင်းကျင်းပခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါတယ်။

ပွဲတော်ရက် သတ်မှတ်ကာလ ပြီးဆုံးသည့်အချိန်ထိတောင် လေးကောင်ဂျင် လောင်းကစားဝိုင်းများမှာ မသိမ်းသေးဘဲ ကာလကြာရှည် တစ်လကျော်အထိ ဆက်လက် ဆောင်ရွက်နေတဲ့အချိန်မှာ ပြည်သူများမှ မိမိထံသို့ တင်ပြလာမှသာ လောင်းကစားဝိုင်းတွေ ထည့်သွင်းကျင်းပတယ်ဆိုတာ မိမိအနေဖြင့် သိရှိရတာ ဖြစ်ပါတယ်။ ဒါနဲ့ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဒါကမဖြစ်သင့်ဘူးဆိုတာကို အချိန်မတန်ခင် ကွတ်ခိုင်မြို့နယ်လို ကိစ္စမျိုးဖြစ်လာမှာစိုးလို့ အခြေအနေကို အမှန်အတိုင်း ဆောင်ရွက်ပေးပါလို့ တင်ပြတဲ့နေရာမှာ ဆောင်ရွက်ပါမယ်လို့ ကတိပေးပြီးမှ နောက်တစ်ပတ်ကြာတဲ့အထိ ဒီလောင်းကစားဝိုင်းဟာ သိမ်းသွားခြင်းမရှိဘဲ ညအချိန်မှာ ပြန်လည်ပြီးမှ ဆောင်ရွက် နေတာကို သိရှိရပါတယ်။ ဒါနဲ့ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဒါကမဖြစ်သင့်တော့ဘူး၊ တစ်ချိန်မှာ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်သွားနိုင်တယ်။ ဒါကို အချိန်မီ ထိန်းချုပ်ပေးပါလို့ ပြောတဲ့အခါကျတော့ နောက်နေ့ မနက်မှာ သက်ဆိုင်ရာ ရွာက ဘုန်းကြီးနဲ့ ရပ်မိ/ ရပ်ဖများမှ ကျွန်တော့်ဆီကို လာရောက်ပြီး ဘာကြောင့် လေးကောင်ဂျင် ဝိုင်း၊ လောင်းကစားဝိုင်းတွေကို ပိတ်သိမ်းခိုင်းတာလည်းလို့ ပြောကြားလာပါတယ်။ ဒီနေရာ မှာပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ လွတ်တော်ကိုယ်စားများဟာ ပြည်သူလူထုကို ကိုယ်စားပြုရတယ်၊ အစိုးရကို ထိန်းကျောင်းရတယ်ဆိုတာ အားလုံးသိပြီးသားပဲဖြစ်ပါတယ်။ ပြည်သူများရဲ့ဆန္ဒကို တင်ပြလာတဲ့နေရာမှာ ကျွန်တော်တို့ဟာ မဖြစ်သင့် မဖြစ်ထိုက်တဲ့ ဟာကို ထိန်းညှိပေးတယ်ဆိုတဲ့အနေနဲ့လည်းပဲ တာဝန်ရှိသူများဟာ တာဝန်မဲ့စွာနဲ့

ဒီလောင်းကစားဝိုင်းကို လွှတ်တော်ကိုယ်စားလှယ်က ပိတ်သိမ်းခိုင်းလို့ ပိတ်သိမ်းရပါတယ် ဆိုပြီး ပြောကြားတဲ့အတွက် သက်ဆိုင်ရာ ရွာက ဘုန်းကြီးနဲ့ ရပ်မိ/ ရပ်ဖများမှ အိမ်ကို ရောက်ရှိလာခြင်းဖြစ်ပါတယ်။

မိမိလိုဖြစ်စဉ်မျိုးလည်း လွှတ်တော်ကိုယ်စားလှယ်များလည်း ကြုံတွေ့ကြဖူးမှာ အားလုံးပဲ သိမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းစဉ် လျော့နည်းပျောက်သွားဖို့ ဆိုတဲ့ နေရာမှာ အစိုးရမှ၊ သက်ဆိုင်ရာဌာန တာဝန်ရှိပုဂ္ဂိုလ်များမှလည်း အဂတိကင်းကင်းနဲ့ ဆောင်ရွက်ရမှာဖြစ်သလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများမှ လည်း ပူးပေါင်းပါဝင်မယ်ဆိုရင် အမြစ်ဆိုးနဲ့ ကပ်ဆိုးလို တွယ်ကပ်နေတဲ့ ဒီလောင်းကစား ဝိုင်းဟာလည်း ပပျောက်သွားမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အဆိုပါ စကားလုံးအသုံး အနှုန်းကို အနည်းငယ်ပြင်ဆင်ပြီးမှ ပြည်သူရဲ့အကျိုးစီးပွားကို ဦးတည်ပြီးပူးပေါင်း ဆောင်ရွက်ကြပါလို့ ပြောကြားရင်း သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဒေါ်နန်းခင်ထားရီ၏ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီး ပိတ်ပင်အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"**အဆိုအား အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက အကြံပြုထောက်ခံသွားတာကို တွေ့ရှိရပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၂၅ (ဇ)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဤအဆိုနှင့် စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်နန်းခင်ထားရီ၏ **"ရှမ်းပြည်နယ် အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူ ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ အဆိုတင်သွင်းသွားသော

ပြည်နယ်လွတ်တော်ကိုယ်စားလှယ်ရဲ့ တင်ပြချက်များအပေါ် ဆွေးနွေးရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ နယ်စပ်မြို့များ၊ စီးပွားရေးအချက်အချာကျသော မြို့များတွင် အဓိကအားဖြင့် ရှမ်း၊ကချင်၊ပလောင်၊မုန်းဝန်း၊ခိုလုံလီရော၊ကိုးကန့်၊လီဆူ၊တရုတ်(သွေးနှော) စသည့် တိုင်းရင်းသားများနေထိုင်ကြပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဗမာစကား အပြင် တရုတ်၊ရှမ်း၊ကချင်စသည့် ဘာသာစကားများလည်းပြောဆို၍ တရုတ်(သွေးနှော)များ ရှိသည့်အလျောက်ငင်းတို့၏ သာရေး/နာရေးပွဲများတွင် တရုတ်ရိုးရာ မာကျောက်ကစားခြင်း အားငွေကြေးဖြင့် ကစားလေ့ရှိပြီး လောင်းကစားဝိုင်းများကိုလည်း လျှို့ဝှက်စွာ ဖွင့်လှစ်လုပ်ကိုင်မှုများ ရှိနေပါတယ်။ တစ်ဖက်နိုင်ငံ ကျယ်ဂေါင်၊ ရွှေလီမြို့နှင့် နမ့်ဆန်မြို့များမှ တရုတ်နိုင်ငံသားများသည် မိမိနိုင်ငံအတွင်းသို့ လာရောက်ပြီး လောင်းကစားမှုများကျူးလွန်တတ်သည့် သတင်းကျော်ဇော ရှိခဲ့ဖူးသူများနှင့် ပူးပေါင်း၍ ငွေကြေးစိုက်ထုတ်ကာ လောင်းကစားဒိုင်ပြုလုပ်ခြင်းများရှိသဖြင့် သတင်းရယူ စုံစမ်းဖမ်းဆီးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း လောင်းကစားဝိုင်းများသည် နယ်စပ်မြို့၊ စီးပွားရေးအချက်အချာကျသောမြို့များတွင် စီးပွားရေးလောဘသမားများက စီးပွားရေးအမြတ်အစွန်း အမြန်ရနိုင်သည့်အတွက် အများဆုံးဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

လောင်းကစားဝိုင်းများသည် လျှို့ဝှက်စွာ ပြုလုပ်လေ့ရှိသဖြင့် ပြည်သူလူထုမှ သတင်းပေးနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့များအနေဖြင့် လစဉ်အသိပေးဟောပြော၍ သတင်းပေး ဆက်သွယ်နိုင်ရန် မြို့နယ်မှူး၊စခန်းမှူး၊နယ်ထိန်းများ၏ ဖုန်းနံများအား ဖြန့်ဝေထားရှိပါတယ်။ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ လစဉ်လောင်းကစားဖမ်းဆီးရမိမှုများအား သုံးသပ်ကာ မြို့နယ်အလိုက်၊ မိမိနယ်မြေနှင့် ကိုက်ညီသော စီမံချက်များ ရေးဆွဲစေပြီး လျော့နည်းကျဆင်းသည်အထိ ဖော်ထုတ်ဖမ်းဆီးသွားရန် ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုများမှလည်း လောင်းကစားပြုလုပ်ခြင်းများ၏ အဆိုးအပြစ်များကို သိရှိနားလည်ပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူလူထုများအားလုံး လိုလိုလားလားနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက် သတင်းပေးမှသာလျှင် ရှမ်းပြည်နယ်အတွင်း လောင်းကစားမှုများ လျော့နည်းကျဆင်းလာနိုင်မှာ ဖြစ်ပါတယ်။

အဆိုတွင်ပါရှိသော “တရုတ်နှစ်သစ်ကူးပွဲတော်တွင်း စတင်၍ လားရှိုးမြို့တွင် လောင်းကစားဝိုင်းများ အကြိုးအကျယ် ဖွင့်လှစ်ခဲ့သည်မှစ၍ အဆိုပြုလွတ်တော်ကိုယ်စားလှယ်နေထိုင်သည့် သိန္နီမြို့သို့ စိမ့်ဝင်လာခဲ့ပါတယ်။ အဆိုပြု လွတ်တော်ကိုယ်စားလှယ်၊ မြို့နယ်

အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲမှူးတို့မှ လောင်းကစားဝိုင်းများကို အချိန်မီ တားဆီနိုင်ခဲ့သော်လည်း အခြားမြို့နယ်များတွင် တားဆီးပိတ်ပင်နိုင်ခြင်း မရှိခဲ့ချေ" ဆိုသည့်အချက်နှင့်ပတ်သက်၍ တာဝန်သိသိဖြင့် ဝိုင်းဝန်းကူညီပါသော ဒေသခံလွှတ်တော် ကိုယ်စားလှယ်ကြီးများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အခြားမြို့နယ်များတွင်လည်း ထိုနည်းတူစွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ကိုယ်စားလှယ်ကြီးများအား အကူအညီတောင်းခံလိုပါတယ်။ သို့မှသာ သိန္နီမြို့နယ်ကဲ့သို့ အခြားမြို့နယ်များမှာလည်း တားဆီးနိုင်မှာဖြစ်ပါတယ်။

အဆိုတွင်ပါရှိသော အထူးသဖြင့် တင်ပြလိုသည်မှာ ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်နေ့ မူဆယ်မြို့တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုတွင်လည်း လောင်းကစားနှင့်ဆက်နွယ်နေသည်ကို သိရှိရပါတယ်။ လောင်းကစားဝိုင်းများကို တားဆီး၊ ပိတ်ပင်ထိရောက်စွာ အရေးယူခြင်း မရှိပါက မလိုလားအပ်သည့်ပြဿနာများ၊ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးနစ်နာမှုများ ထပ်မံဖြစ်ပေါ်နေမည်မှာ မလွဲဧကန်ပင် ဖြစ်ပေမည် ဆိုသည့်အချက်နှင့် ပတ်သက်၍ မူဆယ်မြို့နယ်(၁)မြို့နယ်တည်းတွင်သာမဟုတ်ဘဲ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးအရေးယူခဲ့သည်မှာ (၁-၂-၂၀၁၈)ရက်နေ့မှ (၁၈-၉-၂၀၁၈)ရက်နေ့အထိ သတင်းရယူစုံစမ်းဖမ်းဆီး ခဲ့သည့် လောင်းကစားအမှုပေါင်း(၈၁)မှု၊ အချုပ်တရားခံ ကျား(၁၁၇)ဦး၊ မ(၆၃)ဦး၊စုစုပေါင်း(၁၈၀)ဦး၊လောင်းကြေးငွေ မြန်မာငွေ (၁၂,၁၁၇,၈၅၀)ကျပ်နှင့် ထိုင်းနိုင်ငံသုံးဘတ်ငွေ(၂၄,၄၅၀)ဘတ်၊ ဂိမ်းစက်(၁၈)လုံး၊ ဖုန်းမျိုးစုံ(၄၈)လုံး၊ နာရီမျိုးစုံ(၈)လုံးတို့အား ဖမ်းဆီးအရေးယူထားရှိပါတယ်။ ဖမ်းဆီးရမိသည့် တရားခံများအား ထိုက်သင့်သည့် ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းဖြစ်သည့် ဥပဒေ၊ တရားရေးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုတွင်ပါရှိသော "ပြည်သူတို့၏ စီးပွားရေးအကြပ်အတည်းများ ဖြစ်ပေါ်စေခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် သုံးစွဲမှုများပြားလာခြင်း၊ စားဝတ်နေရေးအတွက် စိန်ခေါ်မှုများရှိနေခြင်းတို့ကြောင့် ခိုးဆိုးတိုက်ခိုက်မှုများ၊ အုပ်စုဖွဲ့ရိုက်နှက်မှုများ၊ လုယက်မှုများ၊ လိမ်လည်မှုများ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေခြင်းကြောင့် ပြည်သူတို့မှာ လုံခြုံမှုမရှိဘဲ "ကျိုးလန့်စာစား" သကဲ့သို့နေထိုင်နေရပါတယ်" ဆိုသည့်အချက်နှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာ (၁-၁-၂၀၁၈)ရက်နေ့မှ (၁၈-၉-၂၀၁၈) ရက်နေ့အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် (၁၀၅၃)မှု၊ တရားခံ ကျား (၁၂၃၄)ဦး၊ မ(၁၇၄)ဦး၊ စုစုပေါင်း (၁၄၀၈)ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် (၅၈၉)မှု၊ တရားခံ ကျား(၇၈၈)ဦး၊ မ(၁၀၃)ဦး၊ စုစုပေါင်း(၈၉၁)ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၃၄၄)မှု၊ တရားခံ ကျား(၄၃၀)ဦး၊ မ(၄၉)ဦး၊ စုစုပေါင်း(၄၇၉)ဦးဖြစ်တဲ့အတွက် စုစုပါင်း (၁၉၈၆)မှု၊

တရားခံ ကျား(၂၄၅၂)ဦး မ(၃၂၆)ဦး၊စုစုပေါင်း (၂၇၇၈)ဦးတို့အား အရေးယူဆောင်ရွက်လျက် ရှိပါတယ်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ (၂၆-၆-၂၀၁၈)ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနဖွင့်လှစ်၍ မည်သူမဆို လွတ်လပ်စွာ သတင်းပေးတိုင်ကြားနိုင်ပြီး တိုင်ကြားသူများအတွက် လုံခြုံမှုပေးခြင်းနှင့် ဆုကြေးငွေထုတ် ပေးခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါး များထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများ လျော့နည်းကျဆင်းလာစေရန်အတွက် ပြည်နယ်အစိုးရမှ ဦးဆောင်လမ်းညွှန်၍ သက်ဆိုင်ရာ တပ်ဖွဲ့/ ဌာနများမှလည်း အသိပညာ ပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ ဖမ်းဆီးအရေးယူခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာနိုင်စေရန်အတွက် လွတ်တော်ကိုယ်စားလှယ်ကြီးများမှလည်း သက်ဆိုင်ရာ မြို့နယ်အလိုက်စည်းရုံး ဟောပြော ခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ဆောင်ရွက်ပေးခြင်းများဖြင့် ဒေသအတွင်း မူးယစ်ဆေးဝါး နှင့် ပတ်သက်သည့်ဖြစ်စဉ်များ လျော့နည်းကျဆင်းလာနိုင်မည် ဖြစ်ပါတယ်။

ခိုးဆိုးတိုက်ခိုက်မှုများ၊ အုပ်စုဖွဲ့ရိုက်နှက်မှုများ၊ လုယက်မှုများ၊ လိမ်လည်မှုများ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေခြင်းများနှင့်ပတ်သက်၍ ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှ ၂၀၁၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်း အမှုကြီးများဖြစ်သည့် လူသတ်မှု၊ ဓါးပြမှု၊ လုယက်မှု၊ ပြန်ပေးမှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းမှု၊ တိရစ္ဆာန်ခိုးမှု၊ ပုန်ကန်မှု၊ လက်နက်မှု၊ မတရားအသင်းစသည့် အမှုပေါင်း (၂၉၀)မှု၊ အခြားအမှုများဖြစ်သည့် ခိုးမှု (၆(၁)၊ စက်ဘီး၊ ဆိုင်ကယ်၊ ကား၊ နွှီက်)၊ ခိုးမှုရိုးရိုး၊ ခိုးမှု ၃၈၂၊ နာကျင် (ယာဉ်)၊ နာကျင်(ရိုးရိုး)၊ ကျန်အခြားအမှုပေါင်း (၃၇၆၁)မှုနှင့် ကြိုတင်ကာကွယ်မှု လက်နက် ပုန်း၊ ခြေချုပ်၊ ယစ်မျိုး၊ ပြည့်တန်ဆာ၊ ကျင့်၅၄၊ ရဲအက်၊ မော်တော်ယာဉ်အက် အပါအဝင် အမှုပေါင်း(၂၇၉၈)မှုဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သောစုစုပေါင်းအမှု (၆၈၄၉)မှု အား ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရှမ်းပြည်နယ်အတွင်း ရှမ်းပြည်နယ် ရဲတပ်ဖွဲ့၏ လက်ရှိအင်အားစာရင်းမှာ အမှန်ရှိရမည့် ဖွဲ့စည်းပုံ၏ (၄၆.၅၅)% သာရှိသဖြင့် ပြည်သူနှင့်ရဲ အချိုးအရ ၁: ၁၅၅၉ ရှိ၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် ပြည်သူ (၁၅၅၉)ဦးအား စောင့် ရှောက်ခြင်းနှင့် ရဲလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်နေရပါတယ်။

မှုခင်းဖြစ်ပွားမှုလျော့ကျနိုင်ရေးအတွက်စဉ်ဆက်မပြတ်ဆောင်ရွက်မှုအနေဖြင့်-

(၁) လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့ရှာဖွေခြင်း၊ ပညာပေးဟောပြောခြင်း၊

(၂) မှုခင်းဖြစ်ပွားနိုင်သောနေရာများအား လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာ နယ်မြေခံ တပ်ရင်း/ တပ်ဖွဲ့များနှင့်ပူးပေါင်း၍ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်း များဖြင့် ဆောင်ရွက်ခြင်း၊

(၃) မှုခင်းကျဆင်းရေးအတွက် မှုခင်းအသိပညာပေး ဟောပြောခြင်း၊ ပညာပေး လက်ကမ်း စာစောင်များဖြန့်ဝေခြင်း၊ အရက်ပုံးချက်လုပ်သူများ၊ လိုင်စင်မဲ့ အရက်ဆိုင်များ၊ ဆင်ဆာမဲ့ဗီဒီယိုများ စုံစမ်းဖော်ထုတ် ဖမ်းဆီးအရေးယူ ဆောင်ရွက်ခြင်း၊

(၄) အသက်မပြည့်သေးသူ ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု မခံရစေရေးအတွက် အိမ်တိုင်ရာရောက် မှုခင်းအသိပညာပေးဟောပြောခြင်း၊

(၅) သက်ငယ်မုဒိမ်းမှုခင်း ဖြစ်ပွားပါက ထိရောက်ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(၆) အဖိုးတန်ပစ္စည်းများဝတ်ဆင်၍ အဖော်မဲ့ တစ်ဦးတည်း သွားလာခြင်းမပြုရန် အသိပညာပေးဟောပြောခြင်း၊ လူပြတ်သောနေရာများတွင် အမျိုးသမီးတစ်ဦး တည်း နေထိုင်ခြင်း၊ သွားလာခြင်း မရှိစေရန် အသိပညာပေး ဟောပြောခြင်း များ ဆောင်ရွက်ခြင်း၊

(၇) လူပြတ်သောနေရာများ၊ မှုခင်းဖြစ်ပွားလေ့ရှိသည့်နေရာများသို့ လှည့်ကင်းဖြင့် စဉ်ဆက်မပြတ် စိုးမိုးကာ မှတ်တမ်းဝင်လူဆိုးများ၊ စရိုက်ကြမ်းပြီး ဆိုးသွမ်း လေ့ရှိသော လူဆိုးများအား အမြဲမပြတ် စောင့်ကြည့်ခြင်းနှင့် လိုအပ်ပါက ခြေချုပ်နှင့်ခံဝန် ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း၊

(၈) လူသတ်မှု၊ ခိုးမှုတို့နှင့်ပတ်သက်၍ ကျူးလွန်ပုံ၊ ကျူးလွန်မည့် အခြေအနေကို လေ့လာပြီး အပေါင်းအသင်း၊ ဆွေမျိုးသားချင်းများကို ခေါ်ယူတွေ့ဆုံ စစ်ဆေး ကာ ဖြစ်နိုင်ခြေအကြောင်းအရာနှင့် မသက်ဆိုတရားခံ စစ်ဆေး ဖော်ထုတ်ခြင်း၊

(၉) ထိရောက်ကြိုကာဖြစ်သော လက်နက်ပုန်း၊ လောင်းကစား၊ မူးယစ်ဆေးဝါး၊ ပြည့်တန်ဆာ စသည့်ကိစ္စရပ်များအား တိုးမြှင့်ဖမ်းဆီးပေးခြင်း။

(၁၀) ရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကျဆင်းရေး လုပ်ငန်းစဉ်(၅)ရပ်၊ သော့ချက်(၅)ချက် တို့ဖြင့် စိစစ်ဆောင်ရွက်ခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက် ခြင်းနှင့် လောင်းကစားမှုများ လျော့နည်းကျဆင်းရေးနှင့်ပတ်သက်၍ စီမံချက် များ ထပ်မံချမှတ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးတင်သွင်းတဲ့ **"ရှမ်းပြည်နယ် အတွင်းရှိ လောင်းကစားဝိုင်းများ လျော့နည်းကျဆင်းရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုတင်ပြချက်နှင့် ပတ်သက်၍ အတည်ပြုပါကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီးရဲ့ ဆွေးနွေးချက်မှာ ကျွန်တော်သတိပြုမိတာ တစ်ခု ရှိပါတယ်။ မူလအဆိုမှာကတော့ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန်"** ဆိုတဲ့စာသားဖြစ်ပါတယ်။ အခု သက်ဆိုင်ရာဝန်ကြီးက ပြန်လည်ရှင်းလင်းတဲ့နေရာမှာ **"ရှမ်းပြည်နယ် အတွင်းရှိ လောင်းကစားဝိုင်းများ လျော့နည်းကျဆင်းရေး"** ရယ်လို့ ကျွန်တော် သတိပြုမိပါတယ်။ ဒါကြောင့် ဒီခေါင်းစဉ်နဲ့ပတ်သက်လို့ **"လောင်းကစားဝိုင်းများ လျော့နည်းကျဆင်းရေး"** ဆိုတဲ့စာသားကို ကျွန်တော်တို့ ပြင်ဖို့လိုပါမယ်။ ဒါနဲ့ဆက်စပ်လျဉ်းပြီး အဆိုရှင်က တင်ပြဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးပဲမင်္ဂလာပါ။ ခုနက ဝန်ကြီးပြင်ဆင်တဲ့ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ လျော့နည်းကျဆင်းရေး"**ဆိုပြီးတော့မှ ကျွန်မက **"ပပျောက်ရေး"**လုပ်ထားတာပါ။ အဲ့ဒါကို ကျွန်မ အဆိုရှင်အနေနဲ့ လက်ခံနိုင်ပါတယ်။ ဝန်ကြီးက လျော့နည်းကျဆင်းရေးဆိုတဲ့နေရာမှာ ပပျောက်ရေးဆိုတာက ခက်ခဲတယ်ပေါ့။ ဥပမာ- တစ်ယောက်နဲ့တစ်ယောက် ကိုယ်ဝန်ရှိတာတောင် ယောကျ်ားလေးမွေးမလား၊ သမီးလေးမွေးမလား ဆိုပြီး အဲ့လိုမျိုးတောင်မှ လောင်းတယ်ဆိုတော့ အဲ့ဒါကို ပပျောက်ရေးအစား လျော့နည်းကျဆင်းရေး ဆိုတာကိုလည်း ကျွန်မအနေနဲ့ လက်ခံပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် ဒီအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

သဘောမတူတဲ့သူမရှိတဲ့အတွက် သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ တင်သွင်းသော အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များကို ပြည်သူလူထု မနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၂)ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များကို ပြည်သူလူထု မနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန်ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းနောင့်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ မင်္ဂလာပါ။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ကြွရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသူများ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ရဲ့ ဆောင်ပုဒ်အတိုင်း **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်"** ဆိုတဲ့အတိုင်း ပြည်သူလူထုအတွက် **"ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေးအတွက် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤအဆိုကိုတင်သွင်းရခြင်း အကြောင်းမှာ ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ဥပဒေအရ အရေးယူ မည်ဟု ပြည်သူလူထုများကြား ရုတ်ရုတ်သဲသဲသတင်းအမျိုးမျိုးနှင့် အင်တာနက်လူမှု ကွန်ယက်မှ သတင်းအမျိုးမျိုးကြောင့် ပြည်သူလူထုများ ထိတ်လန့်စိုးရိမ်မှုဖြစ်နေရပါသဖြင့် ရှမ်းပြည်နယ်အစိုးရမှ ၎င်းလိုင်စင်မဲ့မော်တော်ယာဉ်များကို ဒေသအတွင်းသွားလာနိုင်ရေး

အတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များ ပေါများစွာဝင်ရောက်လာရခြင်းမှာ ပြည်သူလူထု၏ အမှားမဟုတ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ခေတ်အဆက်ဆက်အစိုးရ၏ နယ်စပ်ဒေသ တရားဥပဒေ စိုးမိုးမှုအားနည်းခြင်းကြောင့် လိုင်စင်မဲ့မော်တော်ယာဉ်များ တစ်နေ့တစ်ခြား များပြားလာခဲ့ရပြီး တရားမဝင်ကူးသန်းရောင်းဝယ်မှုများ၊ အဂတိလိုက်စားမှုများ၊ ပိုင်ရှင်မဲ့ယာဉ်များနှင့် မလိုလားအပ်သော ပြဿနာများဖြစ်လာပြီး နိုင်ငံတော်၏တရားဥပဒေ စိုးမိုးမှုများ ထိပါးလာခဲ့ရသည်မှာ ယနေ့တိုင် မြင်တွေ့နေရပါတယ်။

လွန်ခဲ့သော ၂၀၀၅ ခုနှစ် တပ်မတော်အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုင်စင်မဲ့မော်တော်ယာဉ်များကို သိမ်းဆည်းခဲ့ရာ လိုင်စင်မဲ့မော်တော်ယာဉ်များ သိသိသာသာလျော့နည်းသွားသော်လည်း ပြည်သူလူထုများမှာ များစွာနစ်နာဆုံးရှုံးရပြီး ဖြစ်သည်ကို အားလုံးအသိပင် ဖြစ်ပါတယ်။

ၚင်းနောက်ပိုင်းတွင် လိုင်စင်မဲ့မော်တော်ယာဉ်များ ပေါများစွာ ထပ်မံဝင်ရောက်လာကာ ဝင်ငွေနည်းသော ပြည်သူလူထုများအတွက် ဈေးနှုန်းချိုသာစွာ ဝယ်ယူရခြင်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင်လည်းကောင်း၊ ကလေးကျောင်းပို့/ကျောင်းကြိုရာတွင်လည်းကောင်း၊ သာရေး/ နာရေးကူညီမှုများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအသုံးတည့်သည့်အတွက်ကြောင့် ပြည်သူလူထုလက်ဝယ်သို့ ရောက်လာခဲ့ရာသည်ကို လေ့လာကြားသိရှိရပါတယ်။

ပြည်သူလူထု လက်ဝယ်အတွင်းသို့ လိုင်စင်မဲ့မော်တော်ယာဉ်များကို ဖမ်းဆီးသိမ်းဆည်းခြင်းများ ပြုလုပ်မည်ဆိုပါက ပြည်သူလူထုများ၏ သွားလာနေထိုင်မှု ဖွံ့ဖြိုးရေးကို သွယ်ဝိုက်သောနည်းအားဖြင့် ဖျက်ဆီးနေသကဲ့သို့ဖြစ်ပြီး နောက်ထပ်တစ်ကြိမ် နစ်နာဆုံးရှုံးမှုဖြစ်လာမည်ကို ထိတ်လန့်စိုးရိမ်စွာ ဖြစ်နေရသော ပြည်သူလူထုများကိုယ်စား တင်ပြလိုပါတယ်။

မည်သည့်မိဘမှ သား/ သမီးများကို စိုးရိမ်ထိတ်လန့်ခြင်း၊ ဒုက္ခဆင်းရဲခြင်းများ ရင်ဆိုင်ကြုံတွေ့နေရသည်ကို မလိုလားသလို ရှမ်းပြည်နယ်အစိုးရမှာလည်း ရှမ်းပြည်နယ် ပြည်သူလူထုများ ကြုံတွေ့နေရသော ထိတ်လန့်စိုးရိမ်မှုများကိုလည်း လိုလားလိမ့်မည် မဟုတ်ဟု ယုံကြည်မိပါတယ်။

သို့ဖြစ်ပါသောကြောင့် ရှမ်းပြည်နယ်အတွင်း ပြည်သူလူထုများလက်ဝယ်အတွင်းရှိ လိုင်စင်မဲ့မော်တော်ယာဉ်များကို သင့်တင့်မျှတသော အခွန်ဈေးနှုန်းဖြင့် ပြည်တွင်းသွားလာ

ခွင့်ဒေသလိုင်စင်များ သို့မဟုတ် ယာဉ်များကို မှတ်ပုံတင်ပြုလုပ်ဆောင်ရွက်ပေးမည်ဆိုပါက ပြည်နယ်အခွန်ဘဏ္ဍာပိုမိုရရှိသည့်အပြင် ပြည်သူလူထုမှ အကျိုးစီးပွားနှင့် သွားလာနေထိုင်မှု ဖွံ့ဖြိုးရေးကို ကူညီကာကွယ်ပေးယုံတင်မက တရားမဝင်ကူးသန်းရောင်းဝယ်မှုများ၊ အဂတိလိုက်စားမှုများ၊ ဒုစရိုက်မှုများ၊ ပိုင်ရှင်မဲ့ယာဉ်များ၊ မလိုလားအပ်သော ပြဿနာများ ထိန်းချုပ်နိုင်မည်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းလာမည်ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်များအတွင်း မပါရှိသော်လည်း ရှမ်းပြည်နယ်အတွင်း ပြည်သူလူထု၏ လိုအပ်ချက်များကို ပြည်ထောင်စုသို့ တင်ပြရန်အတွက် ဇယား(၂)မှာ တားမြစ်ထားခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရန်နှင့် ဒေသအတွင်းအသုံးပြုသွားလာနိုင်ရေး အတွက်အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးကို ပြည်ထောင်စု အစိုးရသို့တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်အတွင်း တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ၂၀-၉-၂၀၁၈ ရက်နေ့သို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်း ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် တင်သွင်းသွားသော **"ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထု မနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်အစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းနောင့် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကသဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းနောင့်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့်က တင်သွင်းတဲ့အဆိုကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် (သောကြာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံး ထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဉ္စမနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်(သောကြာနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(ပဉ္စမနေ့)မွတ်တမ်း

၁၃၈၀ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

[သောကြာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၁၄၃)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၃.၂၂%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နဲ့ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ပဉ္စမနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁-၉-၂၀၁၈) ရက်နေ့

(ပဥ္စမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာအောင်သန်းမောင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၂) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၃) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၄) ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၉)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၃)ဦး၊ ယခင်က ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦး ရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် (၉)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်ပြဆွေးနွေးမှာကတော့ ပင်းတယမြို့နယ် ဆရာဝန်ကြီး ဦးဆောင်မှုဖြင့် ဆယ်ကျော်သက်နှင့် လူငယ်လိင်ပိုင်း ဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျွန်တော် ကိုယ်တိုင်သွားရောက်၊ တက်ရောက်လေ့လာခဲ့ပါတယ်။ အဲ့ဒီရဲ့

အလုပ်ရုံဆွေးနွေးပွဲမှာ လူငယ်တွေရဲ့ အခွင့်ကောင်း လုပ်ငန်းရလဒ် ၄ ခုပေါ်ထွက်ခဲ့ပါတယ်။ အဲ့ဒီရလဒ် ၄ ခုကတော့ (၁) မြို့နယ်ရှိ ကျန်းမာရေးစောင့်ရှောက်သူများ၏ ဆယ်ကျော်သက်နှင့် လူငယ်တို့၏ လိင်ပိုင်းဆိုင်ရာများနှင့် မျိုးဆက်ပွားကျန်းမာရေးကို အားပေးမြင့်တင်နိုင်သည့် အသိပညာများနှင့်နည်းဗျူဟာများ ပိုင်ဆိုင်လာခြင်း၊ (၂) ရွေးချယ်ထားသောမြို့နယ်များရှိ ကျန်းမာရေးဌာနများနှင့် AYSRH လုပ်ငန်းစီမံချက်များရှိလာခြင်း၊ (၃) လူငယ်အသိုင်းအဝိုင်းနှင့် လူငယ်ကိုယ်စားလှယ်များသည် ကျန်းမာရေးဝန် ဆောင်သူများနှင့် ဆွေးနွေးဖလှယ်ကာ မြို့နယ်၏ AYSRH မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များရေးဆွဲမှုနှင့် အကြံပြုချက်များ၊ ထင်မြင်ချက်များ၊ တင်ပြနေသည့် အခွင့် အလမ်းများရရှိလာခြင်း၊ (၄) ရွေးချယ်ထားသော မြို့နယ်များ၏လူငယ်အုပ်စုများနှင့် လူမှုအသိုင်းအဝိုင်းထဲမှ အုပ်စုများသည် မြို့နယ်၏ AYSRH လုပ်ငန်းစီမံချက်များနှင့် ဆက်လက် ပါဝင်အကြံပြုပေးနိုင်သည့် လုပ်ထုံးလုပ်နည်းတစ်ခုရရှိလာခြင်း၊ ရည်ရွယ်ချက် ၄ ချက်ကိုလည်းပဲ ကျန်တဲ့မြို့နယ်တွေမှာ မျှဝေပေးချင်တဲ့အတွက် အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

ဆယ်ကျော်သက်နှင့် လူငယ်လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး အလုပ်ရုံဆွေးနွေးပွဲများကို အများပြည်သူ အသိပညာ ဗဟုသုတရရှိစေရန်အတွက် ပင်းတယမြို့နယ်၊ ပင်လောင်းမြို့နယ်များအပြင် ရှမ်းပြည်နယ်အတွင်းရှိ အခြားသော မြို့နယ်များတွင် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ဆယ်ကျော်သက်နှင့် လူငယ်လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး အသိပညာဗဟုသုတ ရရှိစေရန် မြို့နယ်များတွင် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဆယ်ကျော်သက်နှင့် လူငယ်လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး အလုပ်ရုံ

ဆွေးနွေးပွဲကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် Pathfinder အဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ်၊ ဧပြီလ(၄)ရက်နှင့် (၅)ရက်နေ့တို့တွင် တောင်ကြီးမြို့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်အဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ထိုအလုပ်ရုံဆွေးနွေးပွဲ၌ မြို့နယ်(၂၁)မြို့နယ်မှ ဖိတ်ကြားထားတဲ့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနဲ့ ဆယ်ကျော်သက်လူငယ်များ တက်ရောက်ကြပါတယ်။ ဆယ်ကျော်သက်နှင့် ပျိုရွယ်သူ လူငယ်များအကြား မျိုးဆက်ပွား ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာနှင့် နည်းပညာများ မျှဝေရန် ဆယ်ကျော်သက်နှင့် ပျိုရွယ်သူများအကြား ကျန်းမာရေးစောင့်ရှောက်မှုများရောက်ရှိရန် တွေ့ကြုံနေရသော အတားအဆီးများကို ကျော်ဖြတ်ရန်၊ ဆယ်ကျော်သက်နှင့် ပျိုရွယ်သူ လူငယ်များထံမှ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ လူငယ့်အသံများ နားထောင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြီး ဆယ်ကျော်သက်လူငယ်များ၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေးအကြောင်းများကို ပွင့်ပွင့် လင်းလင်းဆွေးနွေးကြခြင်း၊ မေးခွန်းများ အပြန်အလှန် မေးမြန်းပြီး ဖြေကြားဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါတယ်။

၂၀၁၇ ခုနှစ်၊ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အကြံပြုချက်များအနက် တစ်ခုဖြစ်သည့် "ဆယ်ကျော်သက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်သွားရန်" အပေါ်မူတည်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) (၂၁)မြို့နယ်အတွင်း ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချိန်၌ ဆယ်ကျော်သက်လူငယ် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးအကြောင်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အစမှ စတင်၍ ပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ကျင်းပပြီးစီးခဲ့သည့် ဆယ်ကျော်သက်နှင့် ပျိုရွယ်သူ လူငယ်လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးအလုပ်ရုံ ဆွေးနွေးပွဲရဲ့ နောက်ဆက်တွဲ ဆောင်ရွက်မှုအဖြစ် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် Pathfinder အဖွဲ့တို့ ပူးပေါင်း၍ ပင်းတယမြို့နယ်နှင့် ပင်လောင်းမြို့နယ်များတွင် မြို့နယ်အဆင့် ဆယ်ကျော်သက်နှင့် လူငယ်များအတွက် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ရန်ပုံငွေနှင့် နည်းပညာအထောက်အပံ့များ လိုအပ်ပါသဖြင့် အဆိုပါအဖွဲ့မှ ရန်ပုံငွေ ထပ်မံရရှိပါက အခြားမြို့နယ်များတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လွှတ်တော်သို့ တက်ရောက်လာကြသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် မြေယာအကွက်ရိုက် ရောင်းချဝယ်ယူနေမှုနှင့် ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ကြွယ်ပွင့်ပြ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ ကြွယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ မြို့မြေ၊ ရွာမြေ၊ လယ်မြေ၊ ယာမြေ၊ သစ်တောမြေ၊ သစ်တောကြိုးဝိုင်းပြင်ပမြေ၊ မြေလွတ်၊ မြေရိုင်းများတို့တွင် အကွက်ရိုက်ရောင်းချနေမှုများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံဝယ်ယူသူ၊ ရောင်းချသူ၊ သက်ဆိုင်ရာဌာနများအကြား အငြင်းပွားမှုများ မရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရန်အတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိသည်ကိုသိရှိလိုပါ၍ ပြည်သူလူထုတို့၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုးရဲ့ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ မြို့မြေ၊ ရွာမြေ၊ လယ်မြေ၊ ယာမြေ၊ သစ်တောမြေ၊ သစ်တောကြိုးဝိုင်းပြင်ပမြေ၊ မြေလွတ်၊ မြေရိုင်းများတို့တွင် အကွက်ရိုက်ရောင်းချနေမှုများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံဝယ်ယူသူ၊ ရောင်းချသူ၊ ဆိုင်ရာဌာနများအကြား အငြင်းပွားမှုများ မရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရန်အတွက် မည်ကဲ့သို့

စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါသည်နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ကျွန်တော် ဦးစိုင်းလုံကျော်မှ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းမှာ မြေအမျိုးအစား သတ်မှတ်ချက်အရ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ မြေအမျိုးအစားအလိုက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲလျက်ရှိပါတယ်။

မြို့မြေ၊ ရွာမြေ၊ ကျန်အခြားမြေများနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၈၇၆ ခုနှစ်၊ မြန်မာနိုင်ငံတော်(အောက်ပိုင်း)မြေယာနှင့် အခွန်အက်ဥပဒေနှင့် နည်းဥပဒေ၊ ၁၈၈၉ ခုနှစ် မြန်မာနိုင်ငံတော် အထက်ပိုင်းမြေမှုမှစ၍ အခွန်တော်ရက်ဂူလေးရှင်းဥပဒေနှင့် နည်းဥပဒေများ၊ ၁၈၉၈ ခုနှစ် မြို့နှင့် ကျေးရွာများ အက်ဥပဒေ၊ ၁၉၀၇ ခုနှစ်၊ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

သစ်တောမြေ၊ သစ်တောကြိုးဝိုင်း ပြင်ပမြေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ သစ်တောဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိန်းရေး ဥပဒေ၊ သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး လယ်မြေ၊ ယာမြေများကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လည်းကောင်း၊ မြေလွတ်၊ မြေရိုင်းမြေများကို ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်လုပ်ငန်းအဖွဲ့များမှ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်လုပ်ငန်းအဖွဲ့များမှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။

သက်ဆိုင်ရာ မြေအမျိုးအစားအလိုက် စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ဝန်ကြီးဌာနများမှလည်း တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေသတ်မှတ်အပ်နှင်း၍ အများပြည်သူအကျိုးငှာ ဝန်ဆောင်မှုလုပ်ငန်းများကို စီမံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်၍လည်း ရုံးလုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် အလေးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြို့မြေ၊ ရွာမြေ၊ လယ်မြေ၊ ယာမြေ၊ သစ်တောမြေ၊ သစ်တောကြိုးဝိုင်း ပြင်ပမြေ၊ မြေလွတ်၊ မြေရိုင်းများတို့တွင် ဥပဒေမဲ့ အကွက်ရိုက် ရောင်းချနေမှုများနှင့်ပတ်သက်၍

သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ ကော်မတီများအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို အများပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနားလည်စေရန် ချပြရှင်းလင်းဆွေးနွေးခြင်း၊ အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း၊ Mass Media များမှတစ်ဆင့် အသိပေးခြင်း၊ စိစစ်ဖော်ထုတ် အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။

ရင်းနှီးမြှုပ်နှံဝယ်ယူသူများ အနေဖြင့်လည်း မလိုလားအပ်တဲ့ ပြဿနာများ မဖြစ်ပွားစေရန်အတွက် မိမိဝယ်ယူအသုံးချမည့် မြေနေရာသည် မြို့မြေ၊ ရွာမြေအတွင်း တရားဝင်ကျရောက်ခြင်း ရှိ/ မရှိ မြေဌားဂရန် ရရှိပြီး/ မပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူမှ ရောင်းချခြင်း ဟုတ်/ မဟုတ်၊ လယ်ယာမြေဖြစ်ပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိပြီး/ မပြီး၊ အခြားနည်းအသုံးပြုထားပါက တရားဝင်ခွင့်ပြုချက် ရရှိပြီး/ မပြီး၊ သစ်တောမြေနှင့် သစ်တောမြေပြင်ပ မြေလွတ်၊ မြေရိုင်းများအား လွှဲပြောင်းရောင်းချပိုင်ခွင့် မရှိကြောင်း သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာန၊ အဖွဲ့အစည်း၊ ကော်မတီများတွင် ကြိုတင်လေ့လာ စုံစမ်းမေးမြန်းစေရေး လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့်လည်း အများပြည်သူသိရှိအောင် အသိပေးဆောင်ရွက်သွားသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီရှို့က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်မေရီရှို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံးကို မင်္ဂလာပါ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်ရှင်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီရှို့ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မ မေးမြန်းသွားမှာကတော့ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ မိုးဇွဲကျေးရွာအုပ်စု၊ ကျေးလက်လမ်းဖွဲ့ဖြိုးရေးဦးစီးဌာနမှ တင်ဒါစနစ်ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း " မြန်မာ့လင်း(နှ) ကုမ္ပဏီလီမိတက် "မှ တာဝန်ယူဆောင်ရွက်ခဲ့သော လွယ်ယင်းတောင်ခြေ- ဝမ်တုံလမ်းအပိုင်း(၂) မြေသားလမ်း(၂)မိုင် ဖောက်လုပ်ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အဆိုပါ မြေသားလမ်းသည် ယခုအချိန်အထိ ပြည်သူများ သွားလာအသုံးပြုနိုင်ခြင်းမရှိဘဲ သတ်မှတ် စံချိန်စံညွှန်းနှင့်လည်း မပြည့်မီသည်ကို တွေ့ရှိရပါတယ်။ ထိုမြေသား

လမ်းနှင့် ပတ်သက်၍ ၉-၈-၂၀၁၈ ရက်စွဲပါစာဖြင့် "မြန်မာ့လင်း(နှ်)ကုမ္ပဏီ"မှ တင်ပြလာသောစာတွင် ကုမ္ပဏီအနေဖြင့် တွက်ချက်မှု (Estimate)၏ လုပ်ငန်းပမာဏထက်များစွာပိုမိုလုပ်ဆောင် ထားရှိပါတယ်။ တွက်ချက်မှုတွင် ဆောင်ရွက်ရမည့် မြေသားပမာဏမှာ (၁၅၈၄၀၀၀) ကုဗပေသာရှိသော်လည်း ကျွန်တော်များ ကုမ္ပဏီအနေဖြင့် မြေပြင်တွင် ကုဗပေပေါင်း(၃၀၀၀၀၀၀) ကျော်လုပ်ဆောင်ထားရှိပြီး ဖြစ်သည့်အတွက် ခွင့်ပြု(Estimate) ထက် (၁၄၁၆၀၀၀)ကုဗပေပိုမိုဆောင်ရွက်ထားရှိခဲ့ကြောင်း တင်ပြခဲ့ပါတယ်။ ၂၈-၈-၂၀၁၈ ရက်နေ့တွင် မြို့ပြအင်ဂျင်နီယာများပါဝင်သော အဖွဲ့ဖြင့် မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ပါတယ်။ ထိုသို့ တိုင်းတာစစ်ဆေးတွေ့ရှိချက်အရ ဖြတ်မြေပေါင်းမှာ တွက်ချက်မှု (Estimate) တွင်ပါဝင်သော ဆောင်ရွက်ရမည့် မြေသားပမာဏထက် လျော့နည်းနေသည်ကို တွေ့ရှိရပါတယ်။ အဆိုပါလမ်းနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိမှုအခြေအနေများကို ဖယ်ခုံမြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှလည်း သက်ဆိုင်ရာ ခရိုင်၊ ပြည်နယ်အဆင့် ကျေးလက်လမ်းဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ပါတယ်။ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ ကျွန်မမေးမြန်းလိုသည့်မေးခွန်းမှာ-

(၁) "မြန်မာလင်း(နှ်) ကုမ္ပဏီလီမိတက်"မှ တာဝန်ယူဆောင်ရွက်ခဲ့သော လွယ်ယင်း တောင်ခြေ- ဝမ်တုံလမ်းအပိုင်း(၂)မြေသားလမ်း (၂)မိုင် ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ သတ်မှတ်ထားသော စံချိန်စံညွှန်းပြည့်မှီခြင်းမရှိသည့်အပြင် ကုမ္ပဏီမှ တွက်ချက်မှု(Estimate) ထက်ပိုမိုလုပ်ဆောင်ထားကြောင်း လိမ်လည်တင်ပြခြင်းကို မည်သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါတယ်။

(၂) လွယ်ယင်း တောင်ခြေ- ဝမ်တုံလမ်းအပိုင်း (၂) မြေသားလမ်း (၂)မိုင် ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ပြည်သူလူထုများသွားလာ အသုံးပြုနိုင်ခြင်းမရှိဘဲ အရည်အသွေးမပြည့်မီခြင်းများကို သက်ဆိုင်ရာ ခရိုင်၊ ပြည်နယ်အဆင့်ရှိ တာဝန်ရှိပုဂ္ဂိုလ်များ ကိုယ်တိုင်ထပ်မံလာရောက်ကွင်းဆင်း စစ်ဆေးရန် အစီအစဉ် ရှိ/ မရှိ။

"ရှိ" မည်ဆိုပါက မည်သည့်အချိန်တွင် လာရောက်ကွင်းဆင်းမည်ကို သိရှိလိုပြီး၊ "မရှိ" ဆိုပါကမည်သည့်အကြောင်းကြောင့် ကွင်းဆင်းစစ်ဆေးနိုင်ခြင်း မရှိသည်ကို သိရှိလိုပါသဖြင့် ပြည်သူများ၏ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာသို့ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးပို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီရို့ မေးမြန်းထားတဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လွယ်ယင်းတောင်ခြေ- ဝမ်တုံလမ်းအပိုင်း(၂) မြေသားလမ်း (၂)မိုင် ဖောက်လုပ်ခြင်း လုပ်ငန်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ လွယ်ယင်းတောင်ခြေကျေးရွာနှင့် ဝမ်တုံကျေးရွာတို့ ဆက်သွယ်ထားသော လမ်းသည် အိမ်ခြေ ၁၅ အိမ်၊ လူဦးရေ ၇၂ ဦး ရှိတဲ့ ဝမ်တုံကျေးရွာကို အကျိုးပြုတဲ့ လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ မြေပြင်အခြေအနေအရ တစ်ဖက်ပိတ်လမ်းသဖွယ်ဖြစ်ပါတယ်။ လွယ်ယင်းတောင်ခြေရွာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၁၀ ပေမှ ပေ ၃၉၉၀ ရှိတဲ့ တောင်ကြောထိပ် ၎င်းမှ ဝမ်တုံကျေးရွာ ပေ ၃၇၇၀ သို့ မတ်စောက်တဲ့ တောင်ခါးပန်းအတိုင်း ရှေးယခင်က ခြေလျင်လမ်းကြောင်း ရှိခဲ့ပါတယ်။ ကျောက်တုံးကျောက်ဆောင်များလည်း ထူထပ်တဲ့ အနေထားလည်း ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြေသားလမ်း (၄)မိုင် ဖောက်လုပ်ပေးနိုင်ဖို့အတွက်ကို ပြည်နယ်ရန်ပုံငွေမှ တင်ပြတောင်းခံရရှိပြီးတော့ မြေသားလမ်းရဲ့ ပထမပိုင်းရဲ့ (၂)မိုင်အား ခွင့်ပြုငွေကျပ် ၄၅ သန်းဖြင့် မြင့်မြတ်အောင် ကုမ္ပဏီက လည်းကောင်း၊ ဒုတိယပိုင်း(၂)မိုင်အား ကျပ် ၄၅ သန်းဖြင့် ယခုမေးခွန်းပါရှိတဲ့ မြန်မာလင်း(နိ) ကုမ္ပဏီက လည်းကောင်း၊ တင်ဒါအောင်မြင်စာချုပ်ချုပ်ဆိုပြီးတော့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇ခုနှစ်၊စက်တင်ဘာလ ၁ ရက်နေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနကို စတင်ဖွဲ့စည်းပြီးတဲ့နောက်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းတံတားလုပ်ငန်းများကို လွှဲပြောင်းလက်ခံရယူခဲ့ပါတယ်။ ထို့အတူပဲ တင်ဒါအောင်မြင်ခဲ့တဲ့ ကုမ္ပဏီများနဲ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှာ စာချုပ်များကို ပြန်လည်ချုပ်ဆိုပြီးတော့ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

မြန်မာလင်း(နိ)ကုမ္ပဏီအနေနဲ့ လုပ်ငန်းပမာဏခန့်မှန်းခြေစာရင်းမှာ ဖြတ်မြေ ပမာဏ တွက်ချက်ရာ၌ အကျယ် ၁၈ ပေ၊ အမြင့် ၁၀ပေမှ ၁၅ ပေ အနေအထားဖြင့်

တွက်ချက်ထားတဲ့အတွက် ဖြတ်မြေဆောင်ရွက်ရန် ကုဗပေပေါင်း ၁' ၅၈၄' ၀၀၀ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ အသေးစိတ်တိုင်းတာတွက်ချက်မှုများအရ ဖြတ်မြေအမြင့် ပေ ၅ ပေမှ ပေ ၂၀ အတွင်းမှာ အလျားပေ ၂၈၀၀၊ ၅ ပေမှ ၂၄ပေအတွင်း အလျားပေ၄၀၀၊ ၅ ပေမှ ၁၀ ပေအတွင်း အလျားပေ ၉၀၀၊ ၃ပေမှ ၁၉ ပေအတွင်း အလျားပေ ၂၂၀၀နှင့် ၂ ပေမှ ၁၀ ပေ အတွင်း အလျားပေ ၁၅၀၀စသည်ဖြင့် တည်ရှိနေပြီး ထိုအပိုင်းခြားအတွင်း မြေအမျိုးအစားအရ ကျောက်ငုတ်၊ ကျောက်ဆောင်ထူထပ်စွာပါရှိကာ မိုင်းခွဲကျောက်တောင်ချဲ့ခြင်းကို မဖြစ်မနေ ဆောင်ရွက်ထားရကြောင်း တွေ့ရှိရပါတယ်။ ဖြတ်မြေဆောင်ရွက်မှုအနေနဲ့ ကုဗပေ ၁၆ သိန်း ၄ သောင်းကျော်ဖြစ်ကြောင်းနဲ့ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏအောက် လျော့နည်းဆောင်ရွက်ထားခြင်း မရှိကြောင်းကို တွေ့ရှိရပါတယ်။

သို့သော်လည်း တင်ပြခဲ့သည့်အတိုင်း မတ်စောက်တဲ့ ကျောက်ဆောင် ကျောက်ငုတ်များရောထွေးနေသော တောင်ခါးပန်းတွင် ဖောက်လုပ်ထားသည့် မြေသားလမ်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ လျှောစောက်များကို ရနိုင်သမျှ ပြန်လည်ပြုပြင်ရန်၊ မိုးရေတိုက်စားခဲ့သော လမ်းမျက်နှာပြင်အား ပြန်လည်ပုံဖော်မွမ်းမံရန်နှင့် ရေမြောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ရန်လိုအပ်ကြောင်းကိုလည်း စစ်ဆေးတွေ့ရှိရပါတယ်။

အိမ်ခြေ ၁၅ အိမ်သာရှိတဲ့ ရွာငယ်တစ်ရွာအတွက် တစ်ဖက်ပိတ်လမ်းတစ်လမ်းဖြစ်သော်လည်း ကိုယ်စားလှယ်ကြီးရဲ့ စိစစ်ထောက်ပြနိုင်မှုကြောင့် လိုအပ်ချက်များကို ဆောင်ရွက်ပေးသွားနိုင်တော့မည်ဖြစ်ပါတယ်။ စာချုပ်အရ ပြုပြင်ဆောင်ရွက်ပေးရန် တာဝန်ရှိတဲ့ ကုမ္ပဏီက ဖော်ပြပါလုပ်ငန်းများကို လုပ်ဆောင်ရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြပ်မတ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်းနှင့် မေးခွန်းပါလိုလားချက်အတိုင်း ပြည်နယ်အဆင့်တာဝန်ရှိ ပုဂ္ဂိုလ်များက ထပ်မံ၍ အကြိမ်ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံ၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့

လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးမြို့နယ်ရှိ ဝမ်စလောင်းကျေးရွာအုပ်စု ဝမ်စလောင်း အ.မ.က(မူလွန်)မှ အ.လ.က(ခွဲ) ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးထားသည့် စာသင်ကျောင်းရှိ ကျောင်းဆောင်သစ် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ ဝမ်စလောင်းကျေးရွာအုပ်စု ဝမ်စလောင်း ကျေးရွာမှာ လမ်းခေး- ဟိုမိန်းသွားကားလမ်းမကြီးပေါ်တည်ရှိပြီး လင်းခေးမြို့နှင့် ၃၄ မိုင် ၄ ဖာလုံ ကွာဝေး၍ အ.ထ.က ဝမ်ဟတ်နှင့် ၂၁ မိုင် ၄ ဖာလုံ ကွာဝေးလျက်ရှိပါတယ်။ ဝမ်စလောင်း ကျေးရွာအုပ်စုဟာ အိမ်ခြေ ၃၁၂ ၊ အိမ်ထောင်စု ၃၁၈၊ လူဦးရေပေါင်း ၁၆၈၇ ဦး နေထိုင်ခဲ့တာရှိပါတယ်။

၁၉၈၆ ခုနှစ်တွင် (၃၀×၁၂၀) ပေ ကိုယ်ထူကိုယ်ထ ဝါးထရံကာဖြင့် ဆောက်လုပ်ပြီး ဝမ်စလောင်းတွင် အ.မ.က စာသင်ကျောင်း စတင်ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်တွင် ကျောင်းအကာကို ဝါးထရံကာမှ အုတ်ဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ ရန်ပုံငွေ ကျပ်(၁၀)သိန်းခွဲဝေချပေးပြီး လက်ရှိကျောင်းဆောင်အား ပြန်လည်၍ ပြင်ဆင်မွမ်းမံခဲ့ပါတယ်။

ယခုအခါ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အ.မ.က (မူလွန်)ဝမ်စလောင်းမှ အ.လ.က (ခွဲ) ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးပြီး ကျောင်းသား/ကျောင်းသူ ၁၆၈ ဦး၊ ဆရာ/ ဆရာမ ၈ ဦးဖြင့် စာသင်ကြားပေးလျက်ရှိပါတယ်။ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးပါသော်လည်း ကျောင်းဆောင်မှာ ဟောင်းနွမ်းအိုမင်းနေသည့်အတွက် အ.လ.က(ခွဲ)ကျောင်း၏အဆင့်နှင့် လိုက်ဖက်မည့် ဥပဓိရုပ်ကောင်းမွန်အောင် (၃၀×၉၀) ပေရှိ ကျောင်းဆောင်အသစ်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံရဲ့ လင်းခေးမြို့နယ်၊ ဝမ်စလောင်းကျေးရွာ အ.လ.က(ခွဲ) ကျောင်း (၃၀×၉၀) ပေ ကျောင်းဆောင်သစ်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ မေးခွန်းကို ကျွန်တော်

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လူမှုရေးဝန်ကြီးက ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ ဝမ်စလောင်းကျေးရွာ အ.လ.က(ခွဲ)သည် ကျောင်းပိုင်မြေ ၂.၃၅ ဧကရှိပြီး၊ ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅) ရှိပါတယ်။ စာသင်ဆောင်များအနေနဲ့ (၁၂၀× ၃၀× ၁၂) ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် ပင်မဆောင်၊ (၆၀×၃၀×၁၂) ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် တိုးချဲ့ ဆောင်တို့ရှိပါတယ်။

ကျောင်းသားဦးရေမှာ KG ၁၃ ဦး၊ ပထမတန်း ၂၀ ဦး၊ ဒုတိယတန်း ၃၂ ဦး၊ တတိယတန်း ၂၈ ဦး၊ စတုတ္ထတန်း ၂၂ ဦး၊ မူလတန်းအဆင့် စုစုပေါင်း ကျောင်သား ၁၁၅ ဦး၊ တန်းခွဲ ၅ ခု ရှိပါတယ်။ ပဉ္စမတန်း ၂၇ ဦး၊ ဆဋ္ဌမတန်း ၁၁ ဦး၊ သတ္တမတန်း ၁၀ ဦး၊ အဋ္ဌမတန်း ၉ ဦး၊ အလယ်တန်းအဆင့် စုစုပေါင်း ၅၇ ဦး၊ တန်းခွဲ ၄ ခု ရှိပါတယ်။ ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၁၇၂ ဦး၊ တန်းခွဲ ၉ ခု ရှိပါတယ်။

လင်းခေးမြို့နယ်၊ ဝမ်စလောင်းကျေးရွာ အ.လ.က (ခွဲ)၏ ကျောင်းဥပဓိရုပ်ပေါ်လွင်အောင် လိုအပ်လျက်ရှိသော (၉၀×၃၀×၁၂) ပေ စာသင်ဆောင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လျာထားပေးရန် ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၂၁-၈-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၃)/၂၇၂၇/ အဆအ (၂၀၁၈) ဖြင့် မြို့နယ်ပညာရေးမှူးရုံး၊ လင်းခေးမြို့သို့ အကြောင်းကြားထားပါကြောင်း ဖြေကြားအပ်ပါတယ်။ လင်းခေးမြို့နယ် စီမံကိန်းလျာထားချက်တွင် ဝမ်စလောင်း အနောက်ဘက်ကျောင်းအား ဦးစားပေးလျာထားတင်ပြလာပါ က ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအန်းကျလိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအန်းကျလို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်ကြွယ်ပွင့်ပြမေးခွန်းကတော့ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စုနှင့် ကယားပြည်နယ်၊ ကုန်းသာ ကျေးရွာအုပ်စု နယ်နိမိတ်တစ်နေရာဖြစ်သည့် ပီးကင်းကောခူကျေးရွာအနီး၌ စစ်ဆေးရေးဂိတ်တစ်ခုထားရှိရာတွင် ဒေသခံပြည်သူများတို့မှာ (၁) စစ်ဆေးရေးဂိတ်ရှိနေသည့်အတွက် ကယားပြည်နယ်ဘက်သို့လည်းကောင်း၊ ရှမ်းပြည်နယ်ဘက်သို့လည်းကောင်း၊ လယ်ယာမြေများသွားရောက်လုပ်ကိုင်ကြသည့် တောင်သူလယ်သမားများအတွက် စစ်ဆေးမေးမြန်းမှုများကြောင့် အဆင်မပြေမှုများဖြစ်ခြင်း၊ (၂) ဖယ်ခုံမြို့နယ်၊ နောင်လွိုင်ကျေးရွာအုပ်စု၊ ကရင်ကျေးရွာအုပ်စုနှင့် မိုးဗြဲကျေးရွာအုပ်စုအတွင်းရှိ ဆောင်ကန်း

(ရှမ်း)၊ ကန်းကျိုင်း၊ ဖလိုင်တောင်ခြေ၊ လယ်ထွန်၊ ကဖု၊ ဒေါပေါ်ကူး စသည့် ကျေးရွာများနေ ပြည်သူများတို့သည် မိုးဇြဲသို့ လာရောက်ရာတွင်လည်းကောင်း၊ မိုးဇြဲမှ ၎င်းကျေးရွာများသို့ သွားရောက်ရာတွင် လည်းကောင်း အဟန့်အတားအခက်အခဲ မကြာခဏ ကြုံတွေ့ခဲ့ရခြင်း၊ (၃) ၎င်းကျေးရွာများနေထိုင်သည့် ပြည်သူတို့သည် မိုးဇြဲဈေးသွားလာရာတွင် သော်လည်း ကောင်း၊ နာရေးကြုံတွေ့သည့်အခါ မိုးဇြဲတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ရာတွင် သော်လည်း ကောင်း စစ်ဆေးမေးမြန်းမှုများကြောင့် အခက်အခဲ အဆင်မပြေမှုများဖြစ်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ဖယ်ခုံမြို့နယ်ရှိ ကျေးရွာများအချင်းချင်း လွတ်လပ်စွာ ဆက်သွယ်သွား လာနိုင်ရေးအတွက် ၎င်းရှမ်း- ကယားနယ်စပ်၊ ဝိကင်းကောခူ ကျေးရွာအနီး၌ စစ်ဆေးရေး ဂိတ်ဆက်လက်၍ မထားရှိသင့်ကြောင်းနှင့် ပြောင်းရွှေ့ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိကို သိရှိလို၍ လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးအမ်းဂျလိုမှ မေးမြန်း လာတဲ့ ဖယ်ခုံမြို့နယ်၊ မိုးဇြဲကျေးရွာ အုပ်စုအတွင်းရှိတဲ့ ဆောင်ကန်း (ရှမ်း)၊ ကန်းကျိုင်း၊ ဖလိုင် တောင်ခြေ၊ လယ်ထွန်၊ ကဖု၊ ဒေါပေါ်ကူး စသည့် ကျေးရွာများနေ ပြည်သူများတို့ဟာ မိုးဇြဲသို့ သွားရောက်ရာတွင်လည်းကောင်း၊ အဟန့်အတားအခက်အခဲ မကြာခဏ ကြုံတွေ့ခြင်း၊ မိုးဇြဲ ဈေးသွားရောက်ရာတွင်သော်လည်းကောင်း၊ နာရေးကြုံတွေ့သည့်အခါ မိုးဇြဲတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ရာတွင်သော်လည်းကောင်း စစ်ဆေးမေးမြန်းမှုများကြောင့် အခက်အခဲ အဆင်မပြေမှု များဖြစ်ခြင်းနှင့် စစ်ဆေးရေးဂိတ် ရှိနေသည့်အတွက် ကယားပြည်နယ်ဘက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ်ဘက်သို့လည်းကောင်း လယ်မြေများသွားရောက်လုပ်ကိုင်ကြသည့် တောင်သူများ အတွက် စစ်ဆေးမေးမြန်းမှုများကြောင့် အဆင်မပြေမှုများ ဖြစ်ပေါ်နေသဖြင့် ဖယ်ခုံမြို့နယ်ရှိ ကျေးရွာများအချင်းချင်းလွတ်လပ်စွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် ရှမ်း- ကယားနယ်စပ်၊ ဝိကင်းကောခူကျေးရွာအနီးမှာရှိတဲ့ စစ်ဆေးရေး ဂိတ်ဆက်လက်၍ မထားရှိသင့်ကြောင်းနှင့် ပြောင်းရွှေ့ပေးပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းများနဲ့

ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ရသော ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်း- ကယားနယ်စပ် ကယားပြည်နယ်အပိုင် ပီကင်းကောခူ ကျေးရွာအနီးရှိ စစ်ဆေးရေး ဂိတ်သည် ကယားပြည်နယ်မှ (ရဲတပ်ဖွဲ့၊ လဝက၊ သစ်တော၊ ယာဉ်ထိန်းရဲ)စသည့်တို့ ပါဝင်သော အဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသော ဂိတ်ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာ အုပ်စုအတွင်းရှိ ဆောင်းကန်၊ ကန်းကျိုင်း၊ ဖလိုင်တောင်ခြေ၊ လယ်ထွန်၊ ကဖု၊ ဒေါပေါ်ကူး ကျေးရွာနေပြည်သူများ မိုးဗြဲသို့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် လာရောက်ရာတွင် အဆိုပါ စစ်ဆေးရေးဂိတ်မှ အမြဲတစေ စစ်ဆေးမှု မရှိကြောင်းနှင့် မော်တော်ယာဉ်များအား မှခင်း သတင်းအရ ရံဖန်ရံခါ စစ်ဆေးခြင်းများ ရှိသော်လည်း ကယားပြည်နယ်ဘက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ်ဘက်သို့ လည်းကောင်း လယ်ယာမြေသွားရောက်လုပ်ကိုင်ကြသည့် တောင်သူများ အား စစ်ဆေးမေးမြန်းမှုများ မရှိကြောင်း သိရှိရပါတယ်။

ရှမ်း- ကယားပြည်နယ်နယ်စပ်ဖြစ်တဲ့ ကယားပြည်နယ်အပိုင် ပီကင်းကောခူ ကျေးရွာ အနီးရှိတဲ့ စစ်ဆေးရေးဂိတ်သည် ရှမ်းပြည်နယ်မှ စီမံခန့်ခွဲသည့်ဂိတ်မဟုတ်ဘဲ ကယား ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် ဂိတ်ဖြစ်ပါ၍ ပြည်ထောင်စုအဆင့်၌သာ မေးမြန်း သင့်သော မေးခွန်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ဒီကနေ့ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သို့ တက်ရောက်လာကြသည့် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များနှင့် လွှတ်တော်သို့ လာရောက်လေ့လာကြသည့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်း ကျေးရွာအုပ်စု၊ ဝမ်ကျန်း ကျေးရွာ၊ ဝမ်ဟောင်ရွာ၊ ဝမ်လုံကျေးရွာ တောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် လယ်မြေ

၁၅၀ ဧကအတွက် စိုက်ပျိုး **ရေ** လုံလောက်စွာရရှိရေး ရေလွှဲဆည်တည်ဆောက်ပေး နိုင်မှု အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်း ကျေးရွာအုပ်စုတွင် ပါဝင်သော ဝမ်ဟောင်ကျေးရွာနှင့် ဝမ်ကျန်းကျေးရွာများရှိ တောင်သူများသည်ဝမ်းစာအတွက် ၎င်းတို့ပိုင်လယ်မြေဧက ၁၅၀ ခန့်အား နမ့်ယန်းတောင်ကျ ချောင်းရေတစ်ခုကို ကိုယ်ထူကိုယ်ထစုပေါင်းပြီး မြေသားတမံယာယီပိတ်၍ ရေရယူပြီး နှစ်စဉ်စိုက်ပျိုးလုပ်ကိုင်ခဲ့ပါတယ်။ ၎င်းတမံမှာ မြေသားတမံဖြစ်သဖြင့် ခိုင်ခံမှုမရှိဘဲ နှစ်စဉ် ပြန်လည်ပိတ်ဆို့ရသဖြင့် တောင်သူများမှ နှစ်စဉ်ငွေကြေးစိုက်ထုတ်နေရခြင်း၊ မိုးကြီး၍ တောင်ကျချောင်းရေကြီးပါက တမံခိုင်ခဲ့မှုမရှိဘဲ အကြိမ်ကြိမ်ပြန်လည်ပြုပြင်နေရခြင်းများကို တောင်သူများမှ နှစ်စဉ်ကြုံတွေ့ ခံစားနေရပါတယ်။

အဆိုပါမြေသားတမံမှာ ကျေးရွာ(၃)ရွာမှ ဒေသနေပြည်သူ ၈၈၆ ဦးတို့အတွက် လယ်မြေ ဧက ၁၅၀ အား အကျိုးရှိမည်ဖြစ်ပါတယ်။ ၎င်းယာယီချောင်းပိတ်တမံအား ရေရှည်သုံးစွဲနိုင်ရေးအတွက် ကျောက်စီကွန်ကရစ်ရေလွှဲဆည်အဖြစ် တည်ဆောက်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ရိုသေလေးစားစွာဖြင့် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီး ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါ စေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ မေးမြန်းတဲ့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်း ကျေးရွာအုပ်စု၊ ဝမ်ကျန်းကျေးရွာ၊ ဝမ်ဟောင်ကျေးရွာနှင့် ဝမ်လုံကျေးရွာ(၃)ရွာမှ တောင်သူ များ စိုက်ပျိုးလုပ်ကိုင်နေသည့် လယ်မြေဧက ၁၅၀ အား စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး အတွက် ယာယီချောင်း ပိတ်မြေသားတမံကို ရေရှည်သုံးစွဲနိုင်ရေး ကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ / မရှိ မေးခွန်းနဲ့ ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ကျွန်တော် ဦးစိုင်းလုံကျော်မှ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဝမ်ကျန်း ကျေးရွာ၊ ဝမ်ဟောင်ကျေးရွာနှင့် ဝမ်လုံကျေးရွာရှိ ဒေသခံတောင်သူများသည် မိုးစပါး၊ နွေစပါးစိုက်ပျိုးရန်အတွက် နမ့်ယန်းချောင်းပေါ်မှာ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်ပြုလုပ်ပြီး နမ့်ယန်းချောင်းရေကို သွယ်ယူ၍ လယ်မြေဧက ၁၅၀ ကျော်ကို စိုက်ပျိုးလျက်ရှိပါတယ်။

အဆိုပါ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်ကို ဒေသခံတောင်သူများမှ နှစ်စဉ်စိုက်ပျိုးရာသီအမီ ပြန်လည်ပြုပြင်ရခြင်း၊ မိုးများစွာ ရွာသွန်းသည့်အခါ ချောင်းရေစီးအားကြောင့် မကြာခဏ ကျိုးပေါက်လေ့ရှိပြီး ကျေးရွာ ၃ ရွာ ရေသောက်တောင်သူများ နှစ်စဉ်အကြိမ်ကြိမ် ပြုပြင်နေရခြင်းတို့ကြောင့် စိုက်ပျိုးလယ်မြေများကို အောင်ရေရရှိသည်အထိ ခက်ခဲစွာ ရေရယူဆောင်ရွက်ပေးရသည့်အတွက် အခိုင်အမာကျောက်စီ ကွန်ကရစ်ရေလွှဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။

ဒေသခံတောင်သူများ၏ ကိုယ်ထူကိုယ်ထလက်ရိုက်ဆည်၏ တည်နေရာကတော့ ၁ လက်မ = ၁ မိုင် ခန့်မှန်းမြေပုံညွှန်း ၉၃ အို/ ၆၂၀၈၂၂၇ တွင် တည်ရှိပါတယ်။ ကိုယ်ထူကိုယ်ထ စုပေါင်းလက်ရိုက်ဆည်အား ကျောက်စီကွန်ကရစ် ရေလွှဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးမယ်ဆိုရင် ဝမ်ကျန်းကျေးရွာ၊ ဝမ်ဟောင်ကျေးရွာနှင့် ဝမ်လုံကျေးရွာရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးလယ်မြေဧက ၁၅၀ ကျော် စိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါ လက်ရိုက်ဆည်ကို အခိုင်အမာ ကျောက်စီကွန်ကရစ် ရေလွှဆည်အဖြစ် ပြုပြင်တည်ဆောက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ် ၆၅.၀၀ သန်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းခတ်မြို့နယ်၏ စီမံကိန်းတွေမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းပြီး စီမံကိန်းရေးဆွဲတင်ပြလာပါ က ရရှိလာတဲ့ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကနေ တစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိက တယ်လီဖုန်း ဆက်သွယ်ရေး ကုမ္ပဏီများ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် မည်ကဲ့သို့ ညွှန်ကြားမှုပြုထားသည်နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မိမိတို့လွတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူတို့၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်နေသလို ဒေသရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် တာဝန်ကလည်း လွတ်တော်ကိုယ်စားလှယ်များ၏ တာဝန်လည်းဖြစ်ပြီး ဒါ့အပြင် ပြည်သူများ တင်မြှောက်ထားသည်နှင့်အညီ မိမိတို့ဒေသအတွင်း ဖြစ်ပေါ်နေသော ကိစ္စရပ်အလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးရမည့်သူများလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အချို့သော ဌာနဆိုင်ရာများမှာ ညှိနှိုင်းပေါင်းစပ်မှု အားနည်းခြင်းများကြောင့် မိမိတို့ လွတ်တော်ကိုယ်စားလှယ်များဟာ အခက်အခဲများလည်း ကြုံတွေ့နေရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေတဲ့ ဆက်သွယ်ရေး ကဏ္ဍတွေမှာ ယခုအခါ မြို့ပြနှင့် ကျေးလက်များပါမကျန် ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိက ဆက်သွယ်ရေးစနစ်နှင့်အညီ သက်ဆိုင်ရာ ဆောင်ရွက်ခွင့်ရ ကုမ္ပဏီများအနေဖြင့် တယ်လီဖုန်းဆက်သွယ်ရေးတာဝါတိုင်များ၊ ဖိုင်ဘာကေဘယ်ဆက်ကြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ပိုမိုဆောင်ရွက်လာသည်ကိုလည်း ယနေ့ချိန်မှာ နေရာအနှံ့အပြားမြို့ပြ၊ ကျေးလက်ပါမကျန် လမ်းတစ်လမ်းထဲတောင်မှ ကွန်ကရစ်တိုင်များ (၃)(၄)တိုင် စိုက်ထူထားတာကို တွေ့ရှိ၊ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ထို့သို့ ဆက်သွယ်ရေးတည်ဆောက်ခြင်း လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် အတွက်လည်း သက်ဆိုင်ရာ မြို့နယ်အဆင့် ဆက်သွယ်ရေးတည်ဆောက်ခြင်း လုပ်ငန်းစိစစ်ရေးကော်မတီများလည်း ဖွဲ့စည်းတာဝန်ပေးပြီး ကြီးကြပ်ဆောင်ရွက်နေတာကိုလည်း သိရှိရပါတယ်။ သို့သော်လည်း အောက်ခြေမြေပြင်တွင် ဆောင်ရွက်ခွင့်ရ ကုမ္ပဏီအချို့အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ စာချုပ်ပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု အားနည်းခြင်းသာမက သက်ဆိုင်ရာ မြို့နယ်ဆက်သွယ်ရေး တည်ဆောက်ခြင်းလုပ်ငန်းစိစစ်ရေးကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများတွင်လည်း အားနည်းခြင်းတို့တွေ့ရှိရပြီး အချို့သော ကုမ္ပဏီများမှာ လုပ်ငန်းလာရောက်လုပ်ကိုင်စဉ်က ဆက်သွယ်ရန်ပေးထားသော ဖုန်းနံပါတ်များမှာလည်း လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်သောအခါတွင် ဆက်သွယ်၍ မရသည့်အခြေအနေများ၊ လုပ်ငန်းပြီးစီးပါက တာဝန်ယူ၊ တာဝန်ခံမှု အားနည်းသည့်အတွက် အများပြည်သူနှင့် ထိတွေ့ဖြေရှင်းရမည့်ကိစ္စများ၊ မလိုလားအပ်သော

ပြဿနာများ ကြုံတွေ့လာသည့်အခါမှသာ မိမိတို့ လွတ်တော်ကိုယ်စားလှယ်များဟာ သိရှိရသည့် အခြေအနေမျိုးဖြစ်ပြီး ထိုအခါ နီးစပ်ရာ သက်ဆိုင်သည့် မြို့နယ်တာဝန်ခံများထံ ဆက်သွယ်ပါကလည်း ၎င်းတို့ထံသို့လည်း ပုဂ္ဂလိက ဆက်သွယ်ရေးကုမ္ပဏီများမှ လာရောက် ဆက်သွယ်ခြင်း မရှိကြောင်းလည်း သိရှိရပါတယ်။ ဒီလိုအခြေအနေမျိုးဟာ အခြားသော မြို့နယ်အသီးသီးမှာလည်း အလားတူ ဖြစ်ရပ်မျိုးလည်း ကြုံတွေ့လျက်ရှိတာကိုလည်း သိရှိရပါတယ်။

အချို့သော ပုဂ္ဂလိက ဆက်သွယ်ရေးကုမ္ပဏီများဆိုလျှင် ၎င်းတို့လုပ်ငန်းဆောင်ရွက်မည့် ရပ်ကွက်/ ကျေးရွာများတွင် ရန်ပုံငွေအနည်းငယ်မျှသာ ထည့်ဝင်ပြီး အများပြည်သူနှင့် ဆိုင်သောနေရာများ မြို့ပြနှင့် ကျေးလက်လမ်းစီမံကိန်း နယ်နိမိတ်များတွေမှာ လက်လွတ်စပယ် ဆောင်ရွက်နေခြင်းများဟာလည်း ခုချိန်မှာ မဖြစ်သင့်သလို စီမံကိန်းများလာမှ နောင်ခါလာ နောင်ခါစျေးဆိုသည့် သဘောပိတ် ဆောင်ရွက်နေသည့် ပုံစံများဟာလည်း လုံးဝ မဖြစ်သင့်ပါဘူး။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်တစ်မြို့နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဌာနအချင်းချင်း မိမိတို့ လုပ်ငန်းစီမံကိန်းများ အချင်းချင်း ချိတ်ဆက်ညှိနှိုင်း ပေါင်းစပ်နိုင်မှသာ နိုင်ငံတော်၏ ဘတ်ဂျက်များ မလိုအပ်ဘဲ ကျခံသုံးစွဲရခြင်းမှ ကင်းလွတ်မည်ဖြစ်သလို အချိန်ကာလ အချည်းအနှီးမဖြစ်စေခြင်းများစသည့် အကျိုးများရရှိမှသာ ထိရောက်အောင်မြင်မှာ ဖြစ်သလို ဌာနဆိုင်ရာများမှလည်း ဌာနစွဲ၊ ရာထူးစွဲ၊ ပုဂ္ဂိုလ်စွဲ မထားပဲ ပြည်သူ့အကျိုးစီးပွားကို ရှေးရှု လျက်ပေးအပ်ထားတဲ့ တာဝန်များကို ကျပွန်စွာထမ်းဆောင်ဖို့လည်း လိုအပ်မှာလည်း ဖြစ်ပါတယ်။

အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာများနှင့် အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်း ပေါင်းစပ်ရန် လိုအပ်လာသည့်အခါ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဆက်သွယ်ရေး လုပ်ငန်းဖြစ်သည့်အပြင် လုပ်ငန်းကော်မတီ၏အတွင်းရေးမှူး တာဝန်ရယူထားသော အနီးစပ်ဆုံးအောက်ခြေ မြို့နယ်အဆင့်ဖြစ်သည့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတာဝန်ခံများအား ရှုမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိက တယ်လီဖုန်း ဆက်သွယ်ရေးကုမ္ပဏီများ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် မည်ကဲ့သို့ ညွှန်ကြားမှု ပြုထားသည်ကို သိရှိလိုပါ၍ ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်အကျွ လွတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မှ မေးမြန်းထားတဲ့ ဆက်သွယ်ရေးဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်းများနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ဆက်လက်ဖြေကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်လာရောက် လျှောက်ထားသူများအား ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်များ ထုတ်ပေးလျက်ရှိပါတယ်။ လိုင်စင်အမျိုးအစား ၅ မျိုးရှိပြီးတော့-

(က) နိုင်ငံတစ်ဝှမ်းဆက်သွယ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်
Nationwide Telecommunications Licence (NW)

(ခ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(အထူး)
Network Facilities Service (Individual) Licence (NFS-1)

(ဂ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(သာမန်)
Network Facilities Service (Class) Licence (NFS-C)

(ဃ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်
Network Service Licence (NS)

(င) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်
Application Service Licence (AS)

လိုင်စင်ဆိုပြီး လိုင်စင် ၅ မျိုးရှိပါတယ်။ ထိုလိုင်စင် ၅ မျိုးအနက်မှ နိုင်ငံတကာ ဆက်ကြောင်းများ ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ အမြင့်ဆုံး လိုင်စင်ရရှိထားကြသည့် Operator ၄ ခုရှိပါတယ်။

(က) Ooredoo Myanmar Limited

(ခ) Telenor Myanmar Limited

(ဂ) Myanmar Posts and Telecommunication (MPT)

(ဃ) Myanmar National Tele and Communication (Mytel) တို့ဖြစ်ကြပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယှဉ်ပြိုင်ဆောင်ရွက်နေသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း State Economic Enterprise တစ်ခုဖြစ်ပါတယ်။ အခြား Opertor များဖြစ်သည့် Telenor, Ooredoo, Mytel တို့၏ လုပ်ငန်းဆောင်ရွက်မှုကိစ္စများနှင့် ပတ်သက်ပြီးတော့ ဝင်ရောက်ဖြေရှင်းဆောင်ရွက်ခွင့် မရှိပါဘူး။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်မှသာ ဆုံးဖြတ်ခွင့်ရှိပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည်လည်း တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် ရုံးဖွင့်လှစ်ထားခြင်းမရှိပါဘူး။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာ ဆက်သွယ်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိုဘိုင်းရေဒီယိုဆက်သွယ်ရေးတာဝါတိုင်စခန်းများ၊ ဆက်သွယ်ရေးဖိုင်ဘာကေဘယ်လ် (FOC)လိုင်းများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုပေးသော လိုင်စင်ရကုမ္ပဏီအသီးသီးကတည်ဆောက်ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုချက်ရရှိပြီး ဆောင်ရွက်ခွင့်တင်ပြလာသော လုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရက လိုအပ်သည်များ စိစစ်ခွင့်ပြုပြီး သက်ဆိုင်ရာ ခရိုင်စီမံခန့်ခွဲရေးကော်မတီများသို့ စည်းကမ်း သတ်မှတ်ချက်များနှင့်အတူ အကြောင်းကြားပေးလျက်ရှိပါတယ်။

မိုဘိုင်းဆက်သွယ်ရေးတာဝါတိုင်စခန်းတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုချက်နှင့် ပတ်သက်ပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ချက်များကို အခြေခံထားတဲ့ ရှမ်းပြည်နယ်အတွင်း စိစစ်ရန် အချက် ၃၂ ချက်ဖြင့် မြို့နယ်တိုင်းမှာရှိတဲ့ မြို့နယ်အဆင့် ဆက်သွယ်ရေးတည်ဆောက်ခြင်း လုပ်ငန်းစိစစ်ရေးကော်မတီများက စိစစ်ပြီး ခရိုင်မှထောက်ခံတင်ပြလာပါက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုပေး လျက်ရှိပါတယ်။

ဆက်သွယ်မှုကောင်းမွန်ခြင်းတွင် အရေးကြီးသော ဆက်သွယ်ရေး Fibre Optic Cable (FOC) လိုင်းများ တည်ဆောက်ရာတွင်လည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပြီးနောက် ရှမ်းပြည်နယ်အတွင်း လုပ်ငန်းများအတွက် ခွင့်ပြုချက်တောင်းခံလာမှုများအပေါ် လိုအပ်သည်များ စိစစ်ပြီးနောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်စေလျက်လည်းကောင်း၊ သက်ဆိုင်ရာ မြို့များ၏ Town Plan ထိုမြို့မှ သက်ဆိုင်ရာ ဌာနများ၏ အနာဂတ်အစီအမံနှင့်

မြို့၏ စနစ်တကျ သပ်ရပ်မှု မထိခိုက်စေရန် ဂရုပြုစေလျက်လည်းကောင်း၊ ဖိုင်ဘာကေဘယ်လ်လိုင်းဖြတ်သန်းရာတစ်လျှောက် သက်ဆိုင်သူများထံ ညှိနှိုင်းစေလျက်လည်းကောင်း၊ ဆောင်ရွက်စေရန် သက်ဆိုင်ရာ ခရိုင်စီမံခန့်ခွဲရေးကော်မတီများသို့ ခွင့်ပြုအကြောင်းကြား ပေးလျက်ရှိပါတယ်။

ထို့အတူ မိုဘိုင်းရေဒီယိုတာဝါတိုင်စခန်းများသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဟု မှားယွင်းနားလည်ယုံမှတ်ခြင်းများကြောင့် လည်းကောင်း၊ မြေငှားရမ်းခနှင့် ပတ်သက်၍ မနာလိုမရှုစိမ့်မှုများအရလည်းကောင်း၊ အခြားအကြောင်းများကြောင့် လည်းကောင်း ကန့်ကွက်တိုင်ကြားလာခြင်းများကိုလည်း ခရိုင်စီမံခန့်ခွဲရေး ကော်မတီများ၏ စီမံမှုဖြင့် စိစစ်ခြင်း၊ ဖြေရှင်းပေးခြင်းများဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိက တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီများ၏ ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ခြင်း၊ ဆက်သွယ်ရေးဖိုင်ဘာလိုင်းများ တည်ဆောက်ခြင်းများနှင့် ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT မြို့နယ်တာဝန်ခံများအနေဖြင့် ဝင်ရောက် ဖြေရှင်းခွင့် မရှိပါကြောင်း၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနကသာ ဆုံးဖြတ်ခွင့်ရှိ ပါကြောင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ပထမ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ လွန်ခဲ့တဲ့ နဝမပုံမှန်အစည်းအဝေးမှာ မေးမြန်းဖို့ စီစဉ်ဆောင်ရွက်ခဲ့ပေမယ့်လည်းအကြောင်းအမျိုးမျိုးကြောင့် ကျန်ခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် ပြန်လည်မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ အဲ့ဒီမေးမြန်းမယ့် မေးခွန်းကတော့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအနက် သက်ဆိုင်ရာ အစိုးရအဖွဲ့ ကနေပြီးတော့ ကတိကဝတ်ဖြင့် ပြန်လည်ဖြေကြားခဲ့တဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ အမှန်အကောင်အထည်

ဖော်ဆောင်ရွက်ပြီးတဲ့အခြေအနေ၊ ဆောင်ရွက်ဆဲအခြေအနေ၊ ဆောင်ရွက်ရန်ကျန်တဲ့အခြေအနေနဲ့ စပ်လျဉ်းပြီးတော့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းနဲ့ပြည်နယ်လွှတ်တော် ဥပဒေ၊ နည်းဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်များဟာဆိုလို့ရှိရင် ဥပဒေပြုရေးဖြစ်တဲ့အပြင် မိမိရဲ့ နေထိုင်တဲ့ မြို့နယ်အတွင်းမှာ ပြည်သူလူထုအများရဲ့ လိုအပ်ချက် လူနေမှုဘဝအဆင့် မြင့်မားလာဖို့အတွက် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များဟာဆိုရင် အစည်းအဝေးရှိတိုင်း မေးခွန်းဖြင့် တင်ပြဆွေးနွေးခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်လည်းပဲ လွှတ်တော်ကိုယ်စားလှယ်များမှာဆိုလို့ရှိရင် အဋ္ဌမပုံမှန်အစည်းအဝေးအထိ လွှတ်တော်သက်တမ်း(၂) နှစ်တာ ကာလအတွင်းမှာ မေးခွန်းပေါင်း ၄၀၀ ကျော် မေးမြန်းခဲ့ပြီး သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အစည်းမှလည်း ပြန်လည်ဖြေကြား ရှင်းလင်းခဲ့ပြီး၊ အချို့မေးခွန်းများကို ရန်ပုံငွေအားဖြင့် လည်းကောင်း၊ လုပ်ငန်းအခြေအနေအရ သော်လည်းကောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကတိကဝတ်ဖြင့် ဖြေကြားခဲ့သည်ကို လေ့လာတွေ့ရှိရပါတယ်။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများအနက်၊ အစိုးရအဖွဲ့အစည်းမှ ကတိကဝတ်ဖြင့် ဖြေကြားသည့် မေးခွန်းများနှင့် စပ်လျဉ်း၍ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးအခြေအနေ၊ ဆောင်ရွက်ဆဲအခြေအနေနှင့် ဆောင်ရွက်ကျန်အခြေအနေများကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စာလှယ်များ၊ လေ့လာသူဧည့်သည့်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမှ မေးမြန်းသည့် **"ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအနက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမှ ကတိကဝတ်ဖြင့် ဖြေကြားခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ပေးပြီး အခြေအနေ၊ ဆောင်ရွက်ဆဲ အခြေအနေ၊ ဆောင်ရွက်ရန် ကျန်ရှိ**

အခြေအနေများကို သိရှိလိုပါသည်” မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အင်္ဂမပုံမှန်အစည်းအဝေးအထိ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအနက် ကတိကဝတ်ဖြင့် ဖြေကြားခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်း ၂၁၀ ခုရှိပြီး၊ အဆိုပါ မေးခွန်းများအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာန အလိုက် ဆောင်ရွက်ပြီးစီးမှု ၁၁၅ ခု၊ ဆောင်ရွက်ဆဲ ၈၉ ခု၊ ဆောင်ရွက်ကျန် ၆ ခု ဖြစ်ပါကြောင်းနှင့် ကတိကဝတ်ဖြင့် ဖြေကြားခဲ့သည့် ကြယ်ပွင့်မပြမေးခွန်း ၁၆၆ ခုရှိပြီး အဆိုပါမေးခွန်းများအပေါ် ဆောင်ရွက်ပြီးစီးမှု ၆၈ ခု၊ ဆောင်ရွက်ဆဲ ၉၄ ခု၊ ဆောင်ရွက်ကျန် ၄ ခု ဖြစ်ပါတယ်။

ကတိကဝတ်အဖြစ် ဖြေကြားခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ ဖြေကြားချက် စုစုပေါင်း ၃၇၆ ခု အပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များအား ကြပ်မတ်၍ ဆက်လက်ဆောင်ရွက်လျက်ရှိပါ ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေဖြင့် ပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးကျင်းပသည့် အချိန်များ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိ သူများနှင့် အခါအားလျော်စွာ တွေ့ဆုံ၍ ပြည်နယ်လွှတ်တော်ရှိ ကတိကဝတ်ဖြစ်ပေါ်ခဲ့သော မေးခွန်းများ၊ အဆိုများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသကဲ့သို့ ကတိကဝတ်ဖြစ်ပေါ်ခဲ့သော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းစွာ သိရှိစေနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ဒုတိယ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်၊တုံတာမြို့ ၏မြို့မသုသာန်သွားလမ်း ကွန်ကရစ်လမ်း ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်း ပြီးတော့ ကြယ်ပွင့်ပြ မေးခွန်းဖြင့် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ မြို့မသုသာန်ဟာဆိုလို့ရှိရင် မြို့ငယ်(၃)ရပ်ကွက်က ပြည်သူများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဘာသာပေါင်းစုံမှ လူထုအားလုံးတို့ကို အသုံးပြုနေတဲ့ သုသာန်ဖြစ်ပါတယ်။ အဆိုပါသုသာန်သည် ကျိုင်းတုံမြို့သို့ ထွက်သည့်လမ်းမကြီးမှတစ်ဆင့် အရှည် ၃၀၀၀ ပေကွာဝေးသည့် တောင်ကုန်းတွင် တည်ရှိနေပါတယ်။ ၎င်းသွားသည့်လမ်း လွယ်ကူစွာ သွားလာနိုင်ရန် မိဘ ပြည်သူများစုပေါင်းပြီး ကျောက်ဖြင့် အမာခံလမ်းဖြစ်အောင် ဆောင်ရွက်ထားခဲ့ပြီး ဖြစ်ပါတယ်။

သို့သော် ပိုမိုကောင်းမွန်ပြီး ကြာရှည်စွာ အသုံးပြုသွားနိုင်ရန်အတွက် ကွန်ကရစ် ခင်းလိုသော်လည်း ငွေရေးကြေးရေးအခက်အခဲကြုံတွေ့နေရပါသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ သို့ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီ ပံ့ပိုး ဆောင်ရွက်ပေးနိုင်ရန် အထူးလိုလားပြီး တင်ပြလာခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၏ မြို့မသုသာန်သွားလမ်းအရှည် ၃၀၀၀ ပေအား ကွန်ကရစ်လမ်း အဖြစ် အဆင့်မြင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါ တယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ မြို့မသုသာန်သို့ သွားသည့် လမ်း လွယ်ကူစွာ သွားလာနိုင်ရန် မိဘပြည်သူများ ကျောက်ဖြင့် အမာခံလမ်းဖြစ်အောင် ဆောင်ရွက်ထားခဲ့ကြပြီး အဆိုပါ လမ်းအရှည် ၃၀၀၀ ပေအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ သိလိုခြင်းနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း တင်ပြလိုပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ မြို့မသုသာန်သို့ သွားသည့်လမ်းအား ဌာနမှ ကွင်းဆင်းစစ်ဆေးခဲ့ရာ ပထမပိုင်း ပေ ၅၀၀ ပေမှာ အကျယ် ၁၂ပေ၊ ဒုတိယပိုင်း ပေ ၁၁၀၀ ပေမှာ အကျယ် ၁၀ ပေ၊ တတိယပိုင်း ပေ ၁၄၀၀ မှာ အကျယ် ၁၂ ပေရှိပြီး Box Culvert

(၄)စင်းထည့်သွင်းဆောင်ရွက်ရန် ဖြစ်ပါတယ်။ ပထမအပိုင်း(၅၀၀'×၁၂'×၆")အတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁၇.၃)သန်း၊ ဒုတိယအပိုင်း (၁၁၀၀'×၁၀'×၆")အတွက် ခန့်မှန်းကုန်ကျငွေကျပ်(၂၉)သန်း၊ တတိယအပိုင်း(၁၄၀၀'×၁၂'×၆")အတွက် ခန့်မှန်းကုန်ချငွေ ကျပ်(၄၆.၁)သန်းနှင့် Box Culvert (၁၂'×၃'×၃")(၄)စင်းအတွက် ခန့်မှန်း ကုန်ကျငွေကျပ်(၄.၈)သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ်(၉၇.၂)သန်း ဖြစ်ပါတယ်။

တုံတာမြို့နယ်ခွဲ စည်ပင်သာယာရေးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၁၂)လအတွက် ဝင်ငွေလျာထားချက်မှာ (၂၆)သန်းဖြစ်ပြီး သာမန်အသုံးစရိတ်အတွက် (၁၃)သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်အတွက် (၁၃)သန်း လျာထားပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်မှာ (၁၄.၃)သန်းဖြင့် အမှတ်(၂)ရပ်ကွက် ဗိုလ်တဲလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကျပ်(၁၀.၄)သန်း၊ ဆိုလာမီးတိုင် (၂)တိုင် ဝယ်ယူခြင်း ကျပ်(၂)သန်း၊ ဆိုလာမီး တိုင်(၂)တိုင်အတွက် ဘက်ထရီဝယ်ယူခြင်း ကျပ်(၀.၆)သန်း ဆောင်ရွက်ရန် လျာထားပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ မြို့မသုသာန်သို့ သွားသည့် လမ်းအားကွန်ကရစ်ခင်းရန်၊ Box Culvert (၄)စင်းနှင့် ဆောင်ရွက်ရန် စုစုပေါင်း ကုန်ကျငွေ ကျပ်(၉၇.၂)သန်းဖြစ်ပြီး တုံတာမြို့နယ်ခွဲ စည်ပင်သာယာရေးဌာန၏ ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (၁၂)လအတွက် ဝင်ငွေလျာထားချက်မှာ ကျပ်(၂၆)သန်းဖြစ်ပါသဖြင့် ရန်ပုံငွေလုံလောက်မှု မရှိသောကြောင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရွားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလင်းမြတ်၊မိုင်းရွားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနဲ့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရွားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးရွာများရှိ ပညာရေး ဝန်ထမ်းများအတွက် တန်ဖိုးနည်း အိမ်ရာများ ဆောက်လုပ်ပေးနိုင်ရန်ကိစ္စနှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာရေးဦးစီးဌာနသည် ဝန်ထမ်း အိမ်ရာတစ်ဆောင်အတွက် အစိုးရ ဘတ်ဂျက်သိန်း ၃၈၀ ခန့်ဖြင့် အကုန်ကျခံ တည်ဆောက်ပေးလျက်ရှိသည်ကို သိရှိရပါတယ်။

လက်ရှိမြေပြင် အခြေအနေများအရ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့ပြနှင့် အလှမ်းဝေးတဲ့ ကျေးလက်ဒေသမှာရှိတဲ့ အ.မ.က ကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ လုံလောက်မှုမရှိဘဲ ကြုံသလို အဆင်ပြေအောင် ဖန်တီးနေထိုင်ကြရပြီး အနာဂတ်မျိုးဆက်သစ်များအတွက် ပညာရေး တာဝန်များကို ပင်ပန်းကြီးစွာ ထမ်းဆောင်နေကြရကြောင်း တွေ့ရှိရပါတယ်။ သွပ်မိုး၊ သွပ်ကာ ၊ ဝါးကပ်ခင်း၍ ဂိုဒေါင်သဖွယ် အဆောက်အဦများတွင် သုံးလေးဦးစုပေါင်း နေထိုင်ရခြင်းများ ရှိသလို ကျေးရွာအတွင်းရှိ လူသူမနေသော အိမ်လွတ်များတွင် စုပေါင်း နေထိုင်ရသည်များလည်းရှိကြောင်း သိရှိရပါတယ်။ အိမ်ရှင်များပြန်လည်ရောက်ရှိလာပါက နေရာရှာဖွေ ပြောင်းရွှေ့ နေထိုင်ရသည်များလည်း ကြုံတွေ့နေရကြောင်းကိုလည်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မြို့ပေါ်တွင် ဆောက်လုပ်ပေးမည့် တန်ဖိုးမြင့် ဝန်ထမ်းအိမ်ရာများအစား ကျေးလက်ရှိ ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများအတွက် လုံခြုံစိတ်ချရပြီး သင့်တင့်မျှတမည့် တန်ဖိုးနည်းအိမ်ရာများကို ရပ်ရွာပြည်သူလူထုများ၏ ပူးပေါင်းပါဝင်မှုအားဖြင့် ဦးစားပေး ဆောက်လုပ်ပေးမည်ဆိုပါက အထက်ပါ အခက်အခဲများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပါတယ်။ ပညာရေးဝန်ထမ်းများမှလည်း ၎င်းတို့၏ အခက်အခဲများ တင်ပြလာခြင်းအပေါ် ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ရဲ့ ကျေးလက်ရှိ ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပညာရေးကဏ္ဍအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အန္တရာယ်ကျောင်းဆောင်

၉၂ ကျောင်း တန်ဖိုးငွေကျပ် ၃၀၄၄.၉၄ သန်း၊ ကျောင်းသားအင်အား ဝင်ဆံ့မှုမမျှတသော ကျောင်း ၁၀၉ ကျောင်း တန်ဖိုးငွေ ကျပ် ၅၄၆၁.၆၇၃ သန်း၊ လွတ်တော်ကိုယ်စားလှယ်မှ တောင်းခံထားသော ကျောင်းဆောင်သစ် ၃၉ ကျောင်း တန်ဖိုးငွေ ကျပ် ၁၅၅၇.၆၆၅ သန်း၊ တိုးချဲ့ကျောင်းဆောင် ၂ ကျောင်း တန်ဖိုးငွေ ကျပ် ၄၉.၉၅၀ သန်းနှင့် ဝန်ထမ်းအိမ်ရာ ၉ လုံး တန်ဖိုး ကျပ် ၈၉၆.၅၂၉ သန်းတို့ကို ခွဲဝေချထားပေးခဲ့ပြီး ဖြစ်ပါတယ်။

ဝန်ထမ်းအိမ်ရာများမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တောင်ကြီးမြို့နယ် ၂လုံး၊ ပင်းတယမြို့နယ် ၁ လုံး၊ ပင်လောင်းမြို့နယ် ၁လုံး၊ ကျေးသီးမြို့နယ် ၂လုံး၊ လင်းဆေးမြို့နယ် ၂ လုံး၊ မောက်မယ်မြို့နယ် ၁လုံး၊ စုစုပေါင်း ၉ လုံး တန်ဖိုးငွေ ကျပ် ၈၉၆.၅၂၉သန်း ခွဲဝေပေးခဲ့ပါတယ်။ မိုင်းရှူးမြို့နယ်အတွင်း လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ပေးနိုင်ရန် ၎င်းမြို့နယ်အတွင်း ဝန်ထမ်းအိမ်ရာ လိုအပ်မှုကို မြို့နယ်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွတ်တော်ကိုယ်စားလှယ်များက ညှိနှိုင်းအတည်ပြု၍ တန်းစီဇယားတွင် ဦးစားပေးအစီအစဉ်ဖြင့် တင်ပြတောင်းခံပေးပို့ရန် ပြည်နယ်ပညာရေးမှူး၊ တောင်ကြီးမြို့၏ ၁၀-၉-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၃)/ ၂၉၈၆/ လွတ်တော် (၁၈-၁၉)ဖြင့် မိုင်းရှူးမြို့နယ်ပညာရေးမှူးရုံးသို့ အကြောင်းကြားထားပြီး ရရှိပါက အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက် တင်ပြသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဒီကနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇-၉-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းပေးပို့သည့် ကိုယ်စားလှယ်မရှိသည့်အတွက် သက်ဆိုင်ရာ ရေးရာကော်မတီ (၂)ခုမှ စိစစ်သုံးသပ်တင်ပြချက် အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၈) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် နည်းဥပဒေ ၆၆ နှင့်အညီ အစီရင်ခံစာ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း ဇယား(၁)တွင် ဗဟိုအဖွဲ့အစည်း(၅)ခု၏ ရငွေမှာ ကျပ် ၂၅၅၂၂.၆၄၈ သန်း၊ ဇယား(၂)တွင် ဗဟိုအဖွဲ့အစည်း(၅)ခု၏ သုံးငွေမှာ ကျပ် ၆၇၄၃၉.၅၁၈ သန်း၊ ဇယား(၃)တွင် အခွန်ရငွေမှာ ပြည်နယ်အဆင့်ဦးစီးဌာန(၁၈)ခု၏ ရငွေ ကျပ် ၂၂၄၅၈၅.၃၂၈ သန်း၊ ဇယား(၄)တွင် ဦးစီးဌာန(၁၉)ခု၏သုံးငွေမှာ ကျပ် ၁၆၃၆၉၀.၁၁၄ သန်း၊ ဇယား(၅)တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် လျှပ်စစ်နှင့် စွမ်းအင်မှ ရငွေ ကျပ် ၄၀.၀၀၀ သန်း၊ ဇယား(၆)တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် လျှပ်စစ်နှင့်စွမ်းအင်မှ သုံးငွေ ကျပ် ၁၉၇၆၉.၉၇၄ သန်း၊ ဇယား(၇)တွင် စည်ပင်သာယာရေးအဖွဲ့မှ ရငွေမှာ ကျပ် ၁၆၄၆၈.၆၃၂ သန်း၊ ဇယား(၈)တွင် စည်ပင်သာယာရေးအဖွဲ့မှ သုံးငွေမှာ ကျပ် ၁၈၆၁၂.၀၉၀ သန်း၊ စုစုပေါင်း ရငွေမှာ ကျပ် ၄၅၄၂၀.၉၁၄ သန်း၊ စုစုပေါင်း သုံးငွေမှာ ကျပ် ၂၆၉၅၁၁.၆၉၆ သန်း၊ လိုငွေမှာ ကျပ် ၂၂၄၀၉၀.၇၈၂ သန်း ဖြစ်သဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ပေးထားသည်ကို ထည့်သွင်းရေးဆွဲထားပြီး ၂၀၁၈-

၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပေါ်တွင် အခြေပြုထားသည်ကို စိစစ်တွေ့ရှိရပါတယ်။

တင်ပြချက်

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် စုစုပေါင်း ရငွေကျပ် ၄၅၄၂၀.၉၁၄ သန်း၊ စုစုပေါင်း သုံးငွေကျပ် ၂၆၉၅၁၁.၆၉၆ သန်း၊ လိုငွေကျပ် ၂၂၄၀၉၀.၇၈၂ သန်းကို ပြည်ထောင်စုမှ ထောက်ပံ့ပေးထားသဖြင့် ဥပဒေကြမ်းအား ပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်းနှင့် အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများမှ ဦးစီးဥက္ကဋ္ဌများ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများနှင့် တက်ရောက်လာကြသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်တော့်အနေနဲ့ နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေတဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ရှမ်းပြည်နယ်ဘဏ္ဍာငွေနဲ့ ပတ်သက်ပြီး Budget ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။

နိုင်ငံသားဘတ်ဂျက်နဲ့ပတ်သက်လို့ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုအတွက် ရည်ရွယ်၍ သာမန်ပြည်သူများ အလွယ်တကူနားလည်နိုင်စေမည့် ဘတ်ဂျက်အချက်အလက်များ၊ အရေးပါသော အမှန်ဖြစ်ရပ်များ၊ ကိန်းဂဏန်းများနှင့် အစိုးရ၏ အသုံးစရိတ်နှင့် ဝင်ငွေများအကြောင်း သတင်းအချက်အလက်များပါဝင်သော မှတ်တမ်းတစ်ခုဖြစ်ပါတယ်။

ဒါ့အပြင် Citizen Budget ဆိုသည်မှာ နိုင်ငံတော်၏ ဘတ်ဂျက်လုပ်ငန်းစဉ်၊ မေခရိုစီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ၊ အခွန်အကောက်ရငွေ၊ စုစုပေါင်း အသုံးစရိတ်၊

ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေး စသည့်အသုံးစရိတ်များ၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်ဂျက် စသည်တို့သည် သာမန်ပြည်သူများ နားလည်ရန်ခက်ခဲသဖြင့် ရှင်းလင်းလွယ်ကူစွာ နားလည် သိမြင်စေရန် အနှစ်ချုပ်တင်ပြသည့် စာစောင်ဖြစ်ပါတယ်။

နိုင်ငံသားတွေ ဘာကြောင့် အစိုးရ၏ဘတ်ဂျက်ကို နားလည်သိရှိသင့်သလဲဆိုရင် နိုင်ငံတိုင်းတွင် ဘဏ္ဍာရေးအရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာ ရှိပါတယ်။ ပြည်သူ့ လိုအပ်ချက်များနှင့် အမှန်တကယ် လက်ဝယ်၌ ရှိနေသော ဘဏ္ဍာရေးအရင်းအမြစ်များ အကြား ကွာဟနေတတ်ပါတယ်။ ပြည်သူလူထုအနေဖြင့် လျော်ကန်သော ဘုံလိုအပ်ချက် များကို ရှာဖွေရန်လိုအပ်ပါတယ်။ ပြည်သူတို့ ပေးဆောင်ခဲ့သော အခွန်အကောက်များ မည်သည့်နေရာသို့ ရောက်ရှိသွားသလဲဆိုတဲ့ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုလည်း လိုအပ်တာ ဖြစ်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်ဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ ဘဏ္ဍာရေးမူဝါဒနှင့် ပြည်သူ့အသုံးစရိတ်စီမံခန့်ခွဲမှုများကို နားလည်ဖို့ လိုအပ်ပါတယ်။

နိုင်ငံသားများအနေဖြင့် ဘတ်ဂျက်ဖြစ်စဉ်တွင် ပါဝင်လို့ရသလား၊ ဘယ်လိုပါဝင်ရမလဲ ဆိုတာနဲ့ပတ်သက်ပြီး ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းအဆင့်တွင် ပြည်သူများအနေဖြင့် ဘတ်ဂျက်ပြင်ဆင်ရေးဆွဲသည့်ကာလအတွင်း စီမံကိန်းများ ဖော်ထုတ်ဦးစားပေး သတ်မှတ်ရာ တွင် ပြုလုပ်လေ့ရှိသည့် အစည်းအဝေးများ၊ ဆွေးနွေးညှိနှိုင်းမှုများတွင် ပူးပေါင်းပါဝင်နိုင် ပါတယ်။ ဘတ်ဂျက်ဥပဒေရေးဆွဲခြင်းတွင် ဘတ်ဂျက်များပြန်လည်သုံးသပ်ချင့်ချိန်ရာ၌ ဥပဒေပြုလွှတ်တော်အနေဖြင့် အစိုးရဌာနတစ်ခုချင်းစီနှင့် ပြည်သူများကို ပါဝင်ခွင့်ပေးသော ဘတ်ဂျက်ကြားနာပွဲများပြုလုပ်နိုင်ပါတယ်။ ဒါကတော့ ခုနကတင်ပြသွားတဲ့ ဦးခင်မောင်တင့်တို့ရဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ ဆောင်ရွက်နေတဲ့ ပုံစံဖြစ်ပါတယ်။ ဘတ်ဂျက်အကောင်အထည်ဖော်သုံးစွဲခြင်းတွင် ပြည်သူများအနေဖြင့် အစိုးရလုပ်ငန်းစဉ်များ၏ အရည်အသွေး၊ မှန်ကန်တိကျမှု၊ အကျိုးသက်ရောက်မှုတို့ကို စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်းနှင့် အစိုးရထံဝေဖန်အကြံပြုချက်များ ပေးပို့ခြင်းအားဖြင့် ပါဝင်နိုင်ပါတယ်။ ဘတ်ဂျက်ကခွင့်ပြုပြီး ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးရင် မြို့နယ် အသီးသီးမှာ အကောင်အထည်ဖော်မဲ့ ဒေသန္တရစီမံကိန်းများကို ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များအပါအဝင် ပြည်သူများ ခုနက မေးခွန်းတွေ မေးနေရသလို မရှိအောင် ပါဝင်စုစည်းပြီး ပေါင်းစပ်စိစစ်ပေးနိုင်ဖို့ဖြစ်ပါတယ်။

နိုင်ငံသားဘတ်ဂျက်တွင် ပါဝင်သောအကြောင်းအရာများကတော့ အခွန်ဆိုင်ရာမူဝါဒ၊ အသုံးစရိတ်ဆိုင်ရာမူဝါဒ၊ နိုင်ငံဖွံ့ဖြိုးရေးဦးစားပေးသတ်မှတ်ချက်များ၊ ကဏ္ဍအလိုက် ဖွံ့ဖြိုး

တိုးတက်မှုဆိုင်ရာ ဦးတည်ချက်များ၊ ကဏ္ဍအလိုက်အသုံးစရိတ်ခွဲဝေချထားမှု၊ စုစုပေါင်းဝင်ငွေ၊ ခွဲဝေသုံးစွဲငွေနှင့် လက်ကျန်ငွေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက် ဘဏ္ဍာငွေခွဲဝေသတ်မှတ်ခြင်း၊ ကာလရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကာလလတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဘတ်ဂျက်ဆိုင်ရာ အခြေခံကျသော စီးပွားရေးယူဆချက်များ၊ အခွန်ငွေကောက်ခံခြင်း၊ သုံးစွဲမှုကိုခွဲဝေခြင်း၊ သိသာထင်ရှားသည့် မူဝါဒသစ်များ၊ ဆက်သွယ်ရန် သတင်းအချက်များ စတာတွေဟာ နိုင်ငံသားဘတ်ဂျက်တွင် ပါဝင်တာတွေဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ရေးဆွဲအကောင်အထည်ဖော်ပုံအဆင့်အဆင့်ကို ဇယားနဲ့တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသအပါအဝင် ရှမ်းပြည်နယ်တွင် (၂၆)ခု ဖြစ်ပါတယ်။ ဒါတွေဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို အရအသုံးခန့်မှန်းခြေငွေစာရင်းတင်သွင်းပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လွှတ်တော်သို့ အရအသုံးခန့်မှန်းခြေငွေစာရင်းအတည်ပြုဖို့အတွက် တင်ပြလာတာဖြစ်ပါတယ်။ ပြီးရင် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆက်လက်တင်ပြရပါတယ်။ နောက်ပြီး တိုင်းဒေသကြီး/ ပြည်နယ် ဘတ်ဂျက်နဲ့ပတ်သက်တဲ့ တာဝန်ခံ ဒုတိယသမ္မတ(၂)ကို တင်ပြပြီး၊ ဘဏ္ဍာရေးကော်မရှင်ကို ဆက်လက်တင်ပြရပါတယ်။ ဘဏ္ဍာရေးကော်မရှင်မှာတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွဲ့ဝင်ဖြစ်တဲ့အတွက် အဲ့ဒီအချိန်အထိ ဘဏ္ဍာရေးနဲ့ပတ်သက်လို့ ဆွေးနွေးဆုံးဖြတ်နိုင်တာဖြစ်ပါတယ်။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပြီးရင်တော့ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ အတည်ပြုပေးတာဖြစ်ပါတယ်။ အဲ့ဒီလို အတည်ပြုပြီးတော့ ကျွန်တော်တို့ ဒီနေ့ စက်တင်ဘာလ (၁၇)ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဥပဒေကြမ်း တင်သွင်းပြီး ဖြစ်ပါတယ်။ ဒီတင်သွင်းလာတဲ့ ဥပဒေကြမ်းအပေါ်မှာ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ ရှမ်းပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ဖို့အတွက် ဆွေးနွေးတင်ပြခြင်းဖြစ်ကြောင်း ကျွန်တော်တို့ရဲ့ ဘတ်ဂျက်ရေးဆွဲပုံအဆင့်ဆင့်ကို တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်ရဲ့ ဘတ်ဂျက်အချိန်ဇယားဖြစ်ပါတယ်။ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အသုံးပြုသွားမဲ့ ဘတ်ဂျက်အချိန်ဇယားအသစ်ပဲဖြစ်ပါတယ်။ ဘတ်ဂျက် Calendar အရ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် (၃)လကတော့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မိမိဒေသမှာရှိတဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေနဲ့ပတ်သက်ပြီး စီမံကိန်းတန်ဖိုးတွက်ချက်မှုများဖြင့် ဆောင်ရွက်နေကြရမှာ ဖြစ်ပါတယ်။ မတ်လမှာ အပြာရောင်ပြထားတဲ့နေရာမှာတော့ သက်ဆိုင်ရာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ လျာထားချက်နှင့် ပတ်သက်ပြီး BE စာရင်းနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာသုံးစွဲမဲ့ RE လို့ခေါ်တဲ့ SG

စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြရမှာဖြစ်ပါတယ်။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နဲ့ပတ်သက်ပြီး ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီရဲ့ စိစစ်ချက်တွေ၊ လွှတ်တော်ကိုယ်စားတွေပါဝင်တဲ့ အဖွဲ့တွေက မြေပြင်မှာ လိုအပ်မယ်ဆိုရင် စစ်ဆေးမှာ ဖြစ်ပါတယ်။ လိုအပ်လို့ရှိရင် မိမိဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေ မတ်လ ကာလအတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ကြရမှာ ဖြစ်ပါတယ်။ ပြီးရင်တော့ ဒီစိစစ်ချက်တွေအားလုံးကို ပြည်နယ်အစိုးရအနေနဲ့ ခုနက ကျွန်တော်တင်ပြတဲ့ ဘတ်ဂျက် ဇယား အတိုင်းတင်ပြီးရင် ဇွန်လမှာ SG နဲ့ပတ်သက်တဲ့ Law (RE နဲ့ပတ်သက်တဲ့ SG Law)ကို ထုတ်ပြန်ပေးရမှာဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော်တို့ ဥပဒေပြုရေးကော်မတီ အနေနဲ့ ဥပဒေနဲ့အညီ ပြန်လည်စိစစ်ပြီး လွှတ်တော်ကို အစီရင်ခံမှာ ဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ SG လို့ခေါ်တဲ့ RE ပါမှာဖြစ်ပါတယ်။ နောက်ပြီး ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာ မှာတော့ ခုနကတင်ပြထားတဲ့အရာတွေနဲ့ပတ်သက်ပြီး အဆင့်ဆင့် ပြည်ထောင်စုအဆင့်သို့ ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ စက်တင်ဘာလမှာတော့ ပြည်နယ်အစိုးရ အနေနဲ့ BE နဲ့ပတ်သက်တဲ့ Law အတွက်ကို ဘတ်ဂျက်သုံးစွဲပုံ ဥပဒေကို တင်ပြရတာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ရောက်ရှိနေတဲ့ စက်တင်ဘာလ၊ ဥက္ကဋ္ဌကြီးမှ အစည်းအဝေး စတင်ခေါ်ယူ ပေးတဲ့ စက်တင်ဘာလ (၁၇)ရက်နေ့မှ (၂၅)ရက်နေ့အတွင်းမှာ ရှမ်းပြည်နယ်အတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် သုံးစွဲမဲ့ ဘတ်ဂျက်ဥပဒေကို ထုတ်ပြန်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီဇင်ဘာလအတွင်းမှာတော့ အစိုးရအဖွဲ့အနေနဲ့ ဘတ်ဂျက်သုံးစွဲမှုနှင့်ပတ်သက်ပြီး နှစ်ပတ် လည်အစီရင်ခံစာ တင်သွင်းမှာ ဖြစ်ပါတယ်။ ဒါ ကတော့ တိုင်းဒေသကြီး/ ပြည်နယ်တွေရဲ့ ဘတ်ဂျက်အချိန်ဇယားနဲ့ပတ်သက်ပြီး မတ်လမှာ BE စာရင်းရှိမယ်။ နောက် SG စာရင်း ရှိမယ်။ လျာထားချက်စာရင်းဖြစ်ပါတယ်။ ဇွန်လမှာတော့ RE ကို SG Law အနေနဲ့ နှစ်ဝက်အစီရင်ခံစာနဲ့အတူ တင်ပြတာဖြစ် ပါတယ်။ စက်တင်ဘာလမှာတော့ BE Law ကို အတည်ပြုတာဖြစ်ပါတယ်။ ဒီဇင်ဘာလ မှာတော့ နှစ်ပတ်လည်အစီရင်ခံစာဖြစ်တဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ပုံမှန်အစည်းအဝေး(၁)နှစ်ကို အနည်းဆုံး (၄)ကြိမ် ကျင်းပနိုင်ပါတယ်ဆိုတာလေးလည်း တစ်ဆက်တည်း ဆွေးနွေးတင်ပြလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၈) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် ပြည်နယ် လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ) (၃) အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၈.၉.၂၀၁၈)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များမှ

စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇.၉.၂၀၁၈)ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။

ထို ဥပဒေကြမ်းတွင် အပိုင်း(၅)ပိုင်း၊ အခန်းပေါင်း(၃)ခန်း၊ ပုဒ်မပေါင်း(၁၆)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ ဗဟိုအဖွဲ့အစည်း(၅)ခု၏ အခြားသာမန်ရငွေတွင် ပြည်နယ်အစိုးရအဖွဲ့ ငွေကျပ် ၁၉,၂၇၇.၈၃၈ သန်း၊ ပြည်နယ်လွှတ်တော် ငွေကျပ် ၂.၀၀၀ သန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ရုံး ငွေကျပ် ၂၃၇.၂၈၈ သန်း၊ ပြည်နယ်ဥပဒေချုပ်ရုံး ငွေကျပ် ၀.၉၅၀ သန်း၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး ငွေကျပ် ၀.၅၇၂ သန်း၊ စုစုပေါင်း ငွေကျပ် ၁၉,၅၁၈.၆၄၈ သန်းနှင့် ပြည်ထောင်စုမှ ထောက်ပံ့ငွေကျပ် ၆,၀၀၄.၀၀၀ သန်း ရရှိရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်အကောက်မှာ ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် ငွေကျပ် ၉၉၀.၆၁၃ သန်း၊ နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် ငွေကျပ် ၆၅၇.၉၁၇ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံသည့် အခွန် ငွေကျပ် ၁,၂၄၆.၅၅၈ သန်း၊ စုစုပေါင်း ငွေကျပ် ၂,၈၉၅.၀၈၈ သန်း ကောက်ခံရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃) ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၅၄.၄၀၀ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၅)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၉၉.၃၄၀ သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၃)ခု ၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၁၅.၆၀၀ သန်း၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန အောက်ရှိ ဌာန (၁)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၉၉.၇၇၂ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၄)ခု၏ အခြားသာမန်ရငွေ ကျပ် - ၇၃.၂၄၆ သန်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ ကျပ် ၉.၅၄၄ သန်း၊ အခြား သာမန်ရငွေမှာ ငွေကျပ် ၇၃.၂၄၆ သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေကျပ် ၂၂၄,၀၉၀.၇၈၂ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၂)ခု၏

အခြားသာမန်ရငွေမှာ ကျပ် ၁၄၂.၆၄၄ သန်း၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၏ စုစုပေါင်းရငွေတွင် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ ကျပ် ၉.၅၄၄ သန်း၊ အခြားသာမန်ရငွေ ကျပ် ၄၈၅.၀၀၂ သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ် ၂၂၄,၀၉၀.၇၈၂ သန်း ရရှိရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အခြားသာမန်ရငွေမှာ ငွေကျပ် ၄၀.၀၀၀ သန်းနှင့် စည်ပင်သာယာရေးအဖွဲ့များ အခြားသာမန် ရငွေတွင် ငွေကျပ် ၁၆,၄၆၈.၆၃၂ သန်း ရရှိရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အစိုးရအဖွဲ့ သာမန်သုံးငွေကျပ် ၈,၅၄၉.၀၆၄ သန်း၊ ထောက်ပံ့ငွေကျပ် ၅,၅၀၀.၀၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၄၇,၂၈၁.၄၉၈ သန်း၊ ပေါင်းကျပ် ၆၁,၃၃၀.၅၆၂ သန်း၊ ပြည်နယ်လွှတ်တော် သာမန်သုံးငွေကျပ် ၁,၁၁၁.၅၈၄ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၆၀၈.၆၂၂ သန်း၊ ပေါင်းကျပ် ၁,၇၂၀.၂၀၆ သန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ရုံး သာမန်သုံးငွေကျပ် ၆၆.၀၀၀ သန်း၊ ပြည်နယ်ဥပဒေချုပ်ရုံး သာမန်သုံးငွေကျပ် ၁,၀၃၉.၁၄၄ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၅၄၇.၂၅၀ သန်း၊ ပေါင်းကျပ် ၁,၅၈၆.၃၉၄ သန်း ၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး သာမန်သုံးငွေကျပ် ၂,၂၃၆.၇၈၉ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၄၉၉.၅၆၇ သန်း၊ ပေါင်းကျပ် ၂,၇၃၆.၃၅၆ သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်း(၅)ခု၏ သာမန်သုံးငွေကျပ် ၁၃,၀၀၂.၅၈၁ သန်း၊ ထောက်ပံ့ငွေကျပ် ၅,၅၀၀.၀၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၄၈,၉၃၆.၉၃၇ သန်း၊ စုစုပေါင်းကျပ် ၆၇,၄၃၉.၅၁၈ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သုံးစွဲမှုတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၂၃,၂၆၈.၁၆၆ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၈,၀၅၂.၄၂၄ သန်း၊ ပေါင်းကျပ် ၃၁,၃၂၀.၅၉၀ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဌာန(၅)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၉,၄၁၃.၈၅၁ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၈၀၅.၃၀၈ သန်း၊ ပေါင်းကျပ် ၁၁,၂၁၉.၁၅၉ သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေ ကျပ် ၃,၀၇၃.၇၀၂ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၄၃၂.၃၂၁ သန်း၊ ပေါင်းကျပ် ၄,၅၀၆.၀၂၃ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးအောက်ရှိ ဌာန(၁)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၂,၅၁၂.၆၇၉ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၂,၅၀၀.၀၀၀ သန်း၊ ပေါင်းကျပ် ၅,၀၁၂.၆၇၉ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ

ဌာန(၄)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၂,၁၆၇.၇၅၄ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၅၉၀.၅၆၂ သန်း၊ ပေါင်းကျပ် ၃,၇၅၈.၃၁၆ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၂)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၃၆,၂၉၆.၇၀၅ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၇၁,၅၅၆.၇၆၁ သန်း၊ ပေါင်းကျပ် ၁၀၇,၈၅၃.၄၆၆ သန်း၊ ကုန်တင်ကုန်ချကော်မတီရုံး၏ သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၁၉.၈၈၁ သန်း ဖြစ်ပြီး ဝန်ကြီးဌာန(ဖ)ခုနှင့် ကော်မတီရုံး(၁)ခု၏ သာမန်သုံးငွေကျပ် ၇၆,၇၅၂.၇၃၈ သန်း ၊ ငွေလုံးငွေရင်းသုံး ငွေကျပ် ၈၆,၉၃၇.၃၇၆ သန်း၊ စုစုပေါင်းကျပ် ၁၆၃,၆၉၀.၁၁၄ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ သုံးစွဲမှုတွင် လျှပ်စစ်မောတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ သာမန်သုံးငွေကျပ် ၂၄.၄၇၄ သန်း ၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၁၉,၇၄၅.၅၀၀ သန်း၊ စုစုပေါင်းကျပ် ၁၉,၇၆၉.၉၇၄ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါတယ်။ ဒါကတော့ ကျေးလက်မီးလင်းရေးတွေ၊ မြို့ပေါ်မှာ ဓါတ်အားပေးစနစ်ကို အဆင့်မြှင့်တင်တာတွေအတွက် သုံးမှာဖြစ်ပါတယ်။ အရင်တုန်းကတော့ သုံးခွင့်မရှိပါဘူး။ ခုတော့ ပြည်နယ်ဘတ်ဂျက်ကနေ စသုံးခွင့်ရလာပြီဖြစ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့များသုံးစွဲမှုတွင် သာမန်သုံးငွေကျပ်သန်း ၈,၄၅၇.၀၉၀ သန်းဖြစ်ပါတယ်။ အစောပိုင်းက စည်ပင်သာယာရေးဝန်ကြီးရှင်းပြခဲ့သလို မြို့နယ်ဖွံ့ဖြိုးရေး၊ စည်ပင်သာယာရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ လမ်းခင်းတာတွေ၊ တည်ဆောက်ရေးလုပ်ငန်းတွေသုံးဖို့ အတွက် ငွေလုံးငွေရင်း သုံးငွေ ကျပ် ၁၀,၁၅၅.၀၀၀ သန်း ဖြစ်ပါတယ်။ ဒါကတော့ စည်ပင်သာယာရေးအဖွဲ့ (၈၃)ဖွဲ့ရဲ့ သုံးစွဲမဲ့ ငွေဖြစ်ပါတယ်။ စုစုပေါင်း ကျပ် ၁၈,၆၁၂.၀၉၀ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါတယ်။

ဥပဒေကြမ်းအပေါ် အကြံပြုချက်မှာ အစိုးရအဖွဲ့အပါအဝင် ဗဟိုအဖွဲ့အစည်း(၅)ခု၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ (၁၈)ခု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၁)ခုနှင့် စည်ပင်သာယာရေးအဖွဲ့များ(၁)ခုတို့၏ ရငွေမှာ ငွေကျပ် ၄၅,၄၂၀.၉၁၄ သန်းရရှိရန် လျာထားပြီး၊ ဗဟိုအဖွဲ့အစည်း(၅)ခု၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာ(၁၈)ခု၊ ကော်မတီရုံး(၁)ခု၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်း(၁)ခုနှင့် စည်ပင်သာယာရေးအဖွဲ့များ (၁)ခုတို့၏ သာမန်သုံးငွေကျပ် ၁၀၃,၇၃၆.၈၈၃ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁၆၅,၇၇၄.၈၁၃ သန်း စုစုပေါင်းကျပ် ၂၆၉,၅၁၁.၆၉၆ သန်း သုံးစွဲရန်တင်ပြထားရာ ဘတ်ဂျက်လိုငွေကျပ် ၂၂၄,၀၉၀.၇၈၂သန်းကို ပြည်ထောင်စုမှ ဖြည့်ဆည်းထားကြောင်း တွေ့ရှိရပါသဖြင့် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်းနှင့် သတ်မှတ်ထားတဲ့ ငွေစာရင်းခေါင်းစဉ်အလိုက် အသုံးစရိတ်တွေ၊ ဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး ငွေစာရင်းတာဝန်ခံ

အရာရှိများမှ ရင်ွေ၊ သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနဲ့အညီ ဆောင်ရွက်သွားဖို့ အကြံပြု တင်ပြလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးက လွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)သို့ တက်ရောက် လာကြသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးနှင့်တကွ လေ့လာသူ များနှင့် တက်ရောက်လာကြသော ပြည်နယ်အဆင့်အရာရှိ၊ အရာခံများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ (၁၇-၉-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင် ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ " ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေးအတွက် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **" ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေးအတွက် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။

ပထမဦးစွာ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သူ ကျွန်တော် ဦးခိုင်ညီညီကျော်မှ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနောင့်တင်သွင်းသော အဆိုနှင့်ပတ်သက်ပြီး အကြံပြု ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတွင် လိုင်စင်မဲ့မော်တော်ယာဉ်များကို အများပြည်သူ ဝယ်ယူသုံးစွဲလာခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း (၂၀)ပေါင်း နီးပါးကြာမြင့်လျက်ရှိပါပြီ။ လိုင်စင်မဲ့မော်တော်ယာဉ်များသည် နည်းလမ်းအမျိုးမျိုးနှင့် နိုင်ငံတွင်း ဝင်ရောက်လျက်ရှိသလို အဆိုပါ မော်တော်ယာဉ်များဝင်ရောက်မှုကို ဟန့်တားနိုင်ရန်မှာလည်း နိုင်ငံတော်မှ အခက်အခဲအများအပြားရှိနေတာကို လေ့လာသိရှိရပါတယ်။ လိုင်စင်မဲ့မော်တော်ယာဉ်များကို သုံးစွဲသူပြည်သူလူထုအား လေ့လာကြည့်ရာတွင် ဥပဒေနှင့် ညီညွတ်မှုမရှိသည်ကို သိရှိသော်လည်း ဝယ်ယူသုံးစွဲသူများသည် (၁) ဈေးနှုန်းသက်သာခြင်း၊

(၂) သွားလာရေးလွယ်ကူအဆင်ပြေခြင်း၊ (၃) ၎င်းယာဉ်ကို အမှီပြု၍ မိသားစုစား၀တ်နေရေး ဖြေရှင်းနိုင်ခြင်းဆိုတဲ့ အချက်တွေပေါ်မူတည်နေတာကို တွေ့ရှိရပါတယ်။ တရား၀င်နိုင်ငံတော်ကို အခွန်ထမ်းဆောင်၍ ၀ယ်ယူမည်ဆိုပါက လက်ရှိကာလတန်ကြေးနှင့် တွက်ချက်နှိုင်းယှဉ်လျှင် (၅)စီးလျှင် (၁)စီး သို့မဟုတ် (၆)စီးလျှင် (၁)စီးစာလောက် ကွာဟချက်ကြီးမားနေသည်ကို တွေ့ရှိရသည့်အတွက် သက်သာသောနှုန်းထားဖြင့် ၀ယ်ယူသုံးစွဲသော ၀င်ငွေနိမ့်ပါးသည့် ပြည်သူဘက်ကကြည့်လျှင် လွန်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ယခင်တပ်မတော်အစိုးရတာ၀န်ယူစဉ်က လိုင်စင်မဲ့မော်တော်ယာဉ်များကို ပပျောက်စေရန်ရည်ရွယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတော်ပိုင်သိမ်းဆည်းခဲ့သည်ကို ပြန်လည်မှတ်မိကြမည် ထင်ပါတယ်။ ထိုစဉ်က တစ်နိုင်ငံလုံး လိုင်စင်မဲ့တော်ယာဉ်များကို သိမ်းဆည်းခဲ့သော်လည်း နိုင်ငံတော်အတွက်သော်လည်းကောင်း၊ ပြည်သူလူထုအတွက်သော်လည်းကောင်း သိသာထင်ရှားသော ရလဒ်များထွက်ပေါ်ခဲ့ခြင်း မရှိပါ။ မရှိမဲ့ ရှိမဲ့နှင့် ၀ယ်ယူခဲ့ရသော ပြည်သူများသာနစ်နာသူများဖြစ်ခဲ့ရပြီး လိုင်စင်မဲ့မော်တော်ယာဉ်များမှာ ၀င်ငြဲ၊ ၀င်ဆဲနှင့် ယခုဆိုလျှင် ပိုလို့ပင် တိုးပွားနေသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ လိုင်စင်မဲ့မော်တော်ယာဉ်များသည် လက်ရှိပြဋ္ဌာန်းထားသော အထူးကုန်စည်ဥပဒေအရ တရား၀င်သလို ၂၀၁၇ ခုနှစ်၊ ဖေဖော်၀ါရီလ ၂၄ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စုအခွန်အကောက်ဥပဒေ ပုဒ်မ ၂၂ အရ တရား၀င် အထူးကုန်စည်လက်၀ယ်ထားရှိသူအား သတင်းပေးတိုင်တန်း၍ ဖမ်းဆီးရမိပါက သတင်းပေးသူကို (၂၀)ရာခိုင်နှုန်း၊ ဖမ်းဆီးသည့်အဖွဲ့အစည်းကို (၃၀)ရာခိုင်နှုန်းနှင့် နိုင်ငံတော်မှ ပြည်သူ့ဘဏ္ဍာအဖြစ် (၅၀) ရာခိုင်နှုန်းရရှိမယ်လို့ ပြဋ္ဌာန်းထားတာကို တွေ့ရှိရတဲ့အတွက် ရိုးသားစွာလိုင်စင်မဲ့ မော်တော်ယာဉ်သုံးစွဲသူ ပြည်သူများကတော့ စိုးရိမ်ကြောင့်ကြစွာဖြင့် စိတ်မချမ်းမသာဖြစ်ခဲ့ရပါတယ်။ အဆိုပါ ဥပဒေဟာ ဥပဒေနှင့်အညီ အခွန်ထမ်းဆောင်နေသော ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို အကာအကွယ်ပေးနိုင်သော်လည်း ချွေးနဲစာဖြင့် လိုင်စင်မဲ့မော်တော်ယာဉ် ၀ယ်ယူသုံးစွဲနေသည့် ပြည်သူများအတွက်ကတော့ ကျီးလန့်စာစားဖြစ်နေသည်ဟု ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လိုင်စင်မဲ့မော်တော်ယာဉ်များကို သုံးစွဲသူပြည်သူများတွင်လည်း ရိုးရိုးသားသားဖြင့် သွားလာရေးနှင့် မိမိတို့၏ စီးပွားရေးအတွက် မဖြစ်မနေသုံးစွဲနေသော ပြည်သူများရှိသလို၊ ၎င်းယာဉ်ကို အကြောင်းပြု၍ ဥပဒေနှင့် ညီညွတ်မှုမရှိသော တရား၀င်သစ်မှောင်ခိုကူးခြင်း၊ မူးယစ်ဆေး၀ါးသယ်ယူဖြန့်ဖြူးခြင်းနှင့် မတော်တဆယာဉ်အန္တရာယ်ဖြစ်ပါက ယာဉ်ကိုထားရှိ၍ တိမ်းရှောင်ထွက်ပြေးခြင်းတို့ကြောင့် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများသည်လည်း တရားဥပဒေစိုးမိုးမှုအတွက် စိန်ခေါ်မှုရှိနေသည်ကို လေ့လာသိရှိရပြန်ပါတယ်။

အထက်ဖော်ပြပါ အကြောင်းအခြင်းအရာများကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံတော်အတွက်လည်း အခွန်ဆုံးရှုံးမှုမရှိစေရန်၊ ပြည်သူအတွက်လည်း မနစ်နာစေရန် စသော နည်းလမ်းများကို အသုံးပြုရန်မှာ ကျွန်တော်တို့ ဥပဒေပြုရေးမဏ္ဍိုင်တွင် ရောက်ရှိ

နေသော လွတ်တော်ကိုယ်စားလှယ်အားလုံး၏ တာဝန်ဖြစ်နေသည်ကို ထင်ထင်ရှားရှား တွေ့ရှိရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)အရ မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်လွတ်တော်များသည် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းခွင့်မရှိသော်လည်း ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်အကြံပြုရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ခွင့်ရှိသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ လက်ရှိတွင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိပါက ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် တရားရုံးများက အရေးယူ၍ အဆိုပါ မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော်လည်း လက်တွေ့တွင် ၎င်းယာဉ်များမှာ အမိုးအကာမရှိသော နေရာများတွင်ထားရှိနေရသည့်အတွက် ပျက်စီးမှုများ ရှိနေသည်ကိုလည်း မျက်မြင်တွေ့ရှိရမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာအစိုးရထံသို့ စီမံခန့်ခွဲရန်အတွက် လွှဲပြောင်းပေးနိုင်ရန်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသည့်အတွက် ပိုမိုပျက်စီးလျက်ရှိပြီး နိုင်ငံတော်အတွက် အကျိုးမရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းထားသည့် မော်တော်ယာဉ်ဥပဒေတွင် မှတ်ပုံတင်ထားခြင်းမရှိသော ယာဉ်များကို အများပြည်သူအသုံးပြုသည့်လမ်းများတွင် မောင်းနှင်ခြင်းမပြုရန် တားမြစ်ထားသည့် အခန်းကဏ္ဍများ၊ မော်တော်ယာဉ်မှတ်ပုံတင်ခြင်း အခန်းကဏ္ဍများ၊ ယာဉ်မောင်းလိုင်စင်ထုတ် ပေးနိုင်သည့် အခန်းကဏ္ဍများ၊ မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာ အခန်းကဏ္ဍများနှင့် ပြစ်မှုပြစ်ဒဏ်များကို ပြည့်ပြည့်စုံစုံ ဖော်ပြပြဋ္ဌာန်းထားသော်လည်း အဆိုပါ ဥပဒေ အခန်း(၁၄)အထွေထွေ၊ ပုဒ်မ ၇၆ တွင် **“ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာဖြင့် မည်သည့် မော်တော်ယာဉ်ကိုမဆို သို့မဟုတ် မည်သည့်မော်တော်ယာဉ်အမျိုးအစားကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံး သို့မဟုတ် တစ်ခုခုအကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်”** ဟု ပြဋ္ဌာန်းထားသည့်အတွက် လိုင်စင်မဲ့မော်တော်ယာဉ် သုံးစွဲသူ ပြည်သူများအတွက်တော့ အဆိုပါ ဥပဒေပုဒ်မသည် အားကိုး အားထားပြုနိုင်မည်ဟု ကျွန်တော့်အနေဖြင့် ယူဆမိပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းသွားသော အဆို၏ ရည်ရွယ်ချက်တွင်လည်း ပြည်သူလူထု မနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ရန်ဟု တင်သွင်းသွားသည့် ယခုတင်ပြသည့် ဥပဒေပုဒ်မ ၇၆ အားအားကိုး၍ ပြည်ထောင်စုအစိုးရအား အကြံပြုမည်ဆိုပါက သင့်လျော်မည်ဟု ယူဆပါသောကြောင့် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်တင်သွင်းသော **“ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေးအတွက် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အကြံပြုထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ (၂၀၉.၉.၂၀၁၈)ရက်နေ့က မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် တင်သွင်းသော **"ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

လေးစားရတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လိုင်စင်မဲ့မော်တော်ယာဉ်များသည် နိုင်ငံခြားတွင် ထုတ်လုပ်သောယာဉ်များဖြစ်ပြီး ရှမ်းပြည်နယ်အတွင်းသို့ နယ်စပ်ဒေသအသီးသီးမှ နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်လာသည်ကိုလေ့လာတွေ့ရှိရပါတယ်။ အဆိုပါ တရားမဝင် ကူးသန်းရောင်းဝယ်မှုများသည် တရားဥပဒေစိုးမိုးမှု အားနည်းမှုကြောင့် လည်းကောင်း၊ စုပေါင်းစစ်ဆေးရေးဂိတ်မှ စိစစ်ဆောင်ရွက်မှု အားနည်းခြင်းကြောင့် လည်းကောင်း၊ ငွေရှင်းကြေးရှင်းများ၏ လာဘ်ပေးမှုရှိခြင်းကြောင့် လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းသို့ တောရောမြို့ပါမကျန် ဝင်ရောက်ပြန့်နှံ့လျက်ရှိနေပါတယ်။ အဆိုပါကားများသည် ပြည်သူများမှ လက်လှမ်းမီနိုင်သော ဈေးနှုန်းဖြစ်နေခြင်းကြောင့် ဥပဒေနှင့် ညီ/ မညီ မသိရှိနားမလည်ဘဲ မိမိတို့အတွက် အသုံးပြုရန် လိုအပ်သည့်အတွက် ဝယ်ယူအသုံးပြုနေ သည်ကို ထပ်မံလေ့လာသိရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ တင်ပြချက်မှာလည်း လိုင်စင်မဲ့မော်တော်ယာဉ် အသုံးပြုနေရခြင်းသည် ဝင်ငွေနည်းသော ပြည်သူလူထုများအတွက် ဈေးနှုန်းချိုသာစွာ ဝယ်ယူရခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်း သယ်ဆောင်ရာတွင် လွယ်ကူလျှင်မြန်စေခြင်း၊ ကလေးများ ကျောင်းကြို/ ပို့ရာတွင်နှင့် သာရေးနာရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်း အသုံးတည့်သည့်အတွက် ဝယ်ယူရခြင်းဖြစ်သည်ဟု ပါရှိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်တွင်လည်း လိုင်စင်မဲ့မော်တော်ယာဉ် အသုံးပြုသွားလာခြင်းကြောင့် ယာဉ်တိုက်မှုအန္တရာယ်ဖြစ်ပွားလျှင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းစိစစ်နိုင်မှုမရှိနိုင်ခြင်း၊ ထိခိုက်နစ်နာရင်လည်း တရားဥပဒေလမ်းကြောင်းအရ ဖြေရှင်းဆောင်ရွက်ရာတွင်လည်း အခက်အခဲရှိနိုင်ခြင်းနှင့် လုပ်ပိုင်ခွင့်ရဥာနများမှာလည်း အဂတိ

လိုက်စားမှုများရှိနိုင်ခြင်း၊ တရားမဝင်ပစ္စည်းများ သယ်ဆောင်ရာတွင်လည်း ပစ္စည်းမဲ့၊ ယာဉ် ပိုင်ရှင်မဲ့ဖြစ်နိုင်ခြင်းနှင့် သက်ဆိုင်ရာဌာနတွင် ယာဉ်မှတ်ပုံတင်ထားရှိခြင်း မရှိသောကြောင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများလည်း ဆုံးရှုံးနစ်နာခြင်းများစသည့် အားနည်းချက်များစွာ ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ လိုင်စင်မဲ့မော်တော်ယာဉ်များကို ဒေသလိုင်စင် သို့မဟုတ် ယာဉ်မှတ်ပုံတင်များ ဆောင်ရွက်ပေးခြင်းအားဖြင့် ယာဉ်တိုက်မှုဖြစ်ပွားလျှင် တရားခံကို လိုက်လံရှာဖွေဖမ်းဆီးနိုင်ခြင်း၊ ပရဟိတလုပ်ငန်း၊ သာရေးနာရေးအသင်းများ အတွက် စေတနာရှင် သို့မဟုတ် အဖွဲ့အစည်းမှ မော်တော်ယာဉ်များ ပံ့ပိုးလှူဒါန်းကူညီမှု ကြောင့် အရေးပေါ်လူနာများ အသက်ဆုံးရှုံးမှုမရှိစေဘဲ လိုရာကိုအချိန်မီ ရောက်အောင် ပို့ဆောင်ပေးနိုင်ခြင်း၊ ကလေးများကျောင်းကြို/ ကျောင်းပို့ရာတွင် ဖယ်ရီကားအနေဖြင့် အသုံးပြုနိုင်ခြင်းကြောင့် အသက်မပြည့်သေးသောကလေးများ မော်တော်ဆိုင်ကယ်စီးပြီး ယာဉ်တိုက်မှု မဖြစ်ပွားအောင်လည်း ကာကွယ်ရာရောက်ခြင်း၊ လယ်ယာထွက်ကုန်များကို ဈေးကွက်တွင်းသို့အချိန်မီပို့ဆောင်ပေးနိုင်ခြင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန် ဘဏ္ဍာများကို ပိုမိုရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသောကြောင့် မိုင်းပန် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့် တင်သွင်းသော **"ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထု မနစ်နာစေရေးအတွက် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်း ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း "** အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက အကြံပြုထောက်ခံသွားတာရှိသလို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးကလည်းပဲ ထောက်ခံသွားတာ တွေ့ရှိရပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (ဇ)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့် တင်သွင်းသောအဆိုနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ရှင်းလင်းဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

အဆိုတွင် ပါရှိသော ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို မှတ်ပုံတင်နိုင်ရေးအပိုင်းနှင့်ပတ်သက်၍ ဦးစွာ တင်ပြဆွေးနွေးလိုပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်ပေးခြင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ သဘော်ဖြင့်သယ်ယူလျက် ဆိပ်ကမ်းမှတင်သွင်းခြင်းနှင့် ကုန်းလမ်းဖြင့် နယ်စပ်ဝင်ပေါက်များမှ တင်သွင်းခြင်း နှစ်ပိုင်းရှိပြီးတော့ အဲ့လိုမှတ်ပုံတင်ပေးရာမှာ

(၁) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော ယာဉ်တင်သွင်းခွင့်သွင်း ကုန်လိုင်စင် Import Licence ၊

(၂) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ သွင်းကုန်ကြေညာလွှာ Import Declaration ၊

(၃) အကောက်ခွန်ဖော်ပြချက် Custom Statement စာရွက်စာတမ်းမူရင်းနှင့်အတူ ဦးစီးဌာနသို့ လျှောက်ထားလာပါက မော်တော်ယာဉ် ကနဦးမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံအတွင်းသို့ တရားမဝင်ရောက်ရှိနေသည့်လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိပါက ၂၀၁၂ ခုနှစ် ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဖမ်းဆီးရမိ လိုင်စင်မဲ့မော်တော်ယာဉ်များကို ဒဏ်ရိုက်အခွန်ဆောင်ပြီး တရားဝင်လိုင်စင်ထုတ်ပေးခြင်း မရှိပါ။ သို့သော်လည်း အကြောင်းအမျိုးမျိုးဖြင့် ပြည်တွင်းသို့ တရားမဝင်ရောက်ရှိနေသည့် ယာဉ်များကို စီးနင်းအသုံးပြုနေခြင်း၊ လိမ်လည်ရောင်းချမှုကြောင့် မသိနားမလည်သူများ လက်ဝယ်ရောက်ရှိနေခြင်းတို့ကြောင့် ဥပဒေနှင့်အညီ ဖြစ်စေရန်ရည်ရွယ်၍ (၃၀-၆-၂၀၁၀) ရက်နေ့တွင် ကျင်းပသည့် ကုန်သွယ်မှုမူဝါဒကောင်စီအစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၀)မှ ယာဉ်ကာလ တန်ဖိုး၏ (၈၅)ရာခိုင်နှုန်းကို ပေးဆောင်စေ၍ တရားဝင်ယာဉ်အဖြစ် မှတ်ပုံတင်ပေးခြင်းကို (၁)ကြိမ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ အဖွဲ့ဝင်အဖြစ် ပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်လျက် (၁၆-၇-၂၀၁၀) ရက်နေ့မှ (၂၂-၉-၂၀၁၀) ရက်နေ့အထိ ယာဉ်ပေါင်း (၆၂၂၆)စီး မှတ်ပုံတင်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်မှ (၁၈၉၅)စီး ပါဝင်ခဲ့ပါတယ်။ (တောင်ပိုင်း (၁၉၅)စီး၊ မြောက်ပိုင်း (၁၆၆)စီးနှင့် အရှေ့ပိုင်း (၁၄၉၈)စီး)

ထိုသို့ တရားမဝင်ယာဉ်များကို တရားဝင်ဖြစ်စေရန် (၁)ကြိမ်ဆောင်ရွက်ပေးခဲ့ပြီးနောက် **"မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြိုးကြပ်ရေးကော်မတီ"**ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး မော်တော်ယာဉ်တင်သွင်းခွင့်

ဆိုင်ရာကိစ္စရပ်များအား စနစ်တကျ ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါတယ်။ ယာဉ်အိုယာဉ်ဟောင်းများ လဲလှယ်ရေးအစီအစဉ်၊ တစ်ဦးချင်းအလိုက် သွင်းကုန်ပါမစ်ပေး၍ အရောင်းစင်တာ/ပြခန်းများ ဖွင့်လှစ်၍စသည်ဖြင့် တင်သွင်းခွင့်များ ခွင့်ပြုပေးခဲ့ပါတယ်။ ယခုအစိုးရအဖွဲ့ လက်ထက်(၂၅-၄-၂၀၁၆)ရက်နေ့တွင် **"မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ"**ကို အသစ်ဖွဲ့စည်းတာဝန်ပေးကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်-

(က) ပြည်တွင်းရှိ ယာဉ်အိုဟောင်းများအား အစားထိုးလဲလှယ်ရေးစီမံချက်ဖြင့် ယာဉ်တင်သွင်းခွင့်ပြုခြင်း၊

(ခ) နိုင်ငံခြားငွေ တရားဝင်ရရှိသောသဘော်သားများ၊ ပြည်ပတွင် အလုပ်လုပ်ကိုင်သူများ၊ ကုမ္ပဏီ/ လုပ်ငန်းအဖွဲ့အစည်းများကို ယာဉ်တင်သွင်း ခွင့်ပြုခြင်း၊

(ဂ) မော်တော်ယာဉ်အရောင်းစင်တာ၊ အရောင်းပြခန်းများမှ တင်သွင်းရောင်းချခြင်းနည်းလမ်းများဖြင့် မော်တော်ယာဉ်များ ရွေးချယ်တင်သွင်းလာနိုင်ကြပြီး နိုင်ငံခြားကားကုမ္ပဏီများမှလည်း ဝန်ဆောင်မှုများတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လာကြပြီဖြစ်ပါတယ်။ ယာဉ်တင်သွင်းမှုအစီအစဉ်များ စတင်ခွင့်ပြုခဲ့သည့် (၁၉-၉-၂၀၁၀) မှ (၃၁-၇-၂၀၁၈) အထိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦး ယာဉ်မှတ်ပုံတင်ပေးခဲ့သော ယာဉ်စီးရေ စုစုပေါင်းမှာ (၈၉၈၉၀၇)စီး ဖြစ်ပါတယ်။

ထိုသို့ ဖြေလျှော့မှုများဖြင့် တရားဝင်တင်သွင်းခွင့်ပြုထားသော်လည်း နယ်စပ်ဝင်ပေါက်များစွာမှ မြန်မာနိုင်ငံအတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် တရားမဝင်တင်သွင်းနေကြသဖြင့် တရားမဝင်လိုင်စင်မဲ့ယာဉ်များလည်း ရှိနေဆဲဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးဖြင့် လိုင်စင်မဲ့ယာဉ်အသုံးပြုနေကြသူ ပြည်သူများရှိနေသကဲ့သို့ တရားဝင်တင်သွင်းထားသည့် ယာဉ်ပိုင်ရှင်များလည်း မြောက်မြားစွာရှိနေပြီး ဥပဒေကို လေးစားလိုက်နာကြသည့် ပြည်သူ၊ တာဝန်သိ ပြည်သူများဖြစ်ကြပါတယ်။

လက်ရှိအခြေအနေတွင် လိုင်စင်မဲ့မော်တော်ယာဉ်များအား နည်းလမ်းတစ်မျိုးမျိုး သတ်မှတ်လျက် တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးမည်ဆိုပါက

(က) ဥပဒေကို လိုက်နာသော တရားဝင်တင်သွင်းလာသော ယာဉ်ပိုင်ရှင်များ နစ်နာမှုအရ မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်ခြင်း၊

(ခ) ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသော အရောင်းစင်တာများ၊ အရောင်းပြခန်းများ ထိခိုက်လာနိုင်သဖြင့် ကန့်ကွက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊

(ဂ) ပြည်တွင်းကားဈေးကွက် ကမောက်ကမ ဖြစ်နိုင်ခြင်း၊

(ဃ) တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန် ဆောင်ရွက်ရမည့် အခြေအနေဖြစ်ခြင်း၊

(င) နောင်တွင်လည်း အလားတူထပ်မံ၍ ဖောက်ဖျက်ရန် အလေ့အထသဖွယ် ကျင့်သုံးလာမည်ဖြစ်ခြင်း၊

(စ) တရားမဝင်တင်သွင်းမှုကို အားပေးရာရောက်စေမည်ဖြစ်ခြင်း၊

(ဆ) နိုင်ငံတကာကျင့်သုံးနေသည့် စနစ်များနှင့် ဆန့်ကျင်နေမည်ဖြစ်ခြင်း၊

(ဇ) အိမ်နီးချင်းနိုင်ငံများမှ ခိုးယူလာသော ယာဉ်များဖြစ်ပါကလည်း ကန့်ကွက်ခြင်း၊ တားမြစ်ခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် မလိုလားအပ်သော ကိစ္စများ ရှုပ်ထွေးလာနိုင်ခြင်း စသည့် မလိုလားအပ်သော အခြေအနေများ တွေ့ကြုံရင်ဆိုင်ရမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုဆောင်ရွက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ မရှိပါသဖြင့် ရှမ်းပြည်နယ်အတွင်း တရားမဝင်ရောက်ရှိနေသည့် မော်တော်ယာဉ်များအား တရားဝင်မှတ်ပုံတင်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နိုင်ငံတော်မှ အထူးကိစ္စအဖြစ် သတ်မှတ်ဆောင်ရွက် ခွင့်ပြုမှသာလျှင် သတ်မှတ်ချက်များအတိုင်း တိကျစွာ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အဆို၏ ဒုတိယပိုင်းဖြစ်သော အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြည်ထောင်စုအစိုးရသို့တင်ပြရန်ကိစ္စနှင့်ပတ်သက်၍ ပြည်သူအများ လက်ဝယ်၊ ဝယ်ယူပိုင်ဆိုင် အသုံးပြုနေကြသော တရားမဝင် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ တရားဝင်လိုင်စင် ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကရှင်းလင်းစွာ ဖြေကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန်ဆောင်ရွက်ရမည့် အခြေအနေအား ပြည်ထောင်စုအစိုးရသို့ တင်ပြရန် ဆောင်ရွက်ခြင်းမပြုသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

အကြောင်းအမျိုးမျိုးဖြင့် ပြည်တွင်းသို့ တရားမဝင်ရောက်ရှိနေသည့် ယာဉ်များကို စီးနင်းအသုံးပြုနေခြင်း၊ လိမ်လည်ရောင်းချမှုကြောင့် မသိနားမလည်သူများ လက်ဝယ်ရောက်ရှိနေခြင်းတို့ကြောင့် ဥပဒေနှင့်အညီဖြစ်စေရန် ရည်ရွယ်၍ လိုင်စင်မဲ့မော်တော်ယာဉ်များကို မှတ်ပုံတင်ပေးခြင်း တစ်ကြိမ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ခြင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီဖြင့် မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာကိစ္စရပ်များအား စနစ်တကျခွင့်ပြုဆောင်ရွက်ပေးနေခြင်း၊ ဖြေလျော့မှုများပြု၍ တရားဝင်တင်သွင်းနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုဆောင်ရွက်သည့် ဥပဒေ၊

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများမရှိခြင်းတို့ကြောင့် ရှုမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များကို မှတ်ပုံတင်နိုင်ရေး သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် တင်ပြပါ အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်းတင်သင့် ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (စ)နဲ့ (ဆ)အရ အဆိုတင်သွင်းသော လွှတ်တော် ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။အားလုံးမင်္ဂလာပါ။ လေးစား ရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအဆိုတင်သွင်းရခြင်းဟာ မည်သည့်အဖွဲ့အစည်း ကိုမှ ကိုယ်စားမပြုဘဲ ပြည်သူလူထုမနစ်နာစေရေးအတွက်သာ ရည်ရွယ်၍ တင်သွင်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဥပဒေပြုလွှတ်တော်မှ ပြည်သူ့ရဲ့အသံ၊ ပြည်သူ့ရဲ့ဆန္ဒ၊ ပြည်သူရဲ့ မျှော်လင့်ချက်တွေကို ဖော်ဆောင်တဲ့အခါမှာ ပြည်သူ့ရဲ့အရေး ကို အလေးပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အဆိုကို အတည်ပြုသည်ဖြစ်စေ၊ မှတ်တမ်းတင်သည်ဖြစ်စေ အဓိက က မဲဆန္ဒရှင်ပြည်သူတို့ မနစ်နာစေဖို့ဘဲဖြစ်ပါတယ်။ ပြည်သူတို့ နစ်နာစေမဲ့ဖြစ်ရပ်မျိုး လုပ်ဆောင်မည်ဆိုပါက ကျွန်တော် သဘောရိုးနဲ့ ပြည်သူလူထုကိုယ်စား လုံးဝကန့်ကွက် ပါတယ် ခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူရဲ့ အားပေးမှုနဲ့ လွှတ်တော်အတွင်း ရောက်ရှိလာသော ပုဂ္ဂိုလ်များဖြစ်သောကြောင့် ပြည်သူလူထုအတွက် စဉ်းစားပေးစေလိုပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်မှ ပြည်ထောင်စုသို့ တင်ပြရန်အတွက် အဆိုဖြစ်ပါသောကြောင့် ကျွန်တော် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူလိုပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဒီနေရာမှာ အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်က ၎င်းရဲ့ အဆိုကို အတည်ပြုပေးနိုင်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒ ခံယူလိုပါကြောင်း တင်ပြလာပါ သဖြင့် ယင်းအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇ (က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့်သာ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဆန္ဒမဲပေးဖို့အတွက် စက်ခလုတ်ကို အသုံးပြုသည့် နည်းလမ်းကို ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ မနေ့က ကျွန်တော်တင်ပြတဲ့အတိုင်း ကျွန်တော် က ဆန္ဒမဲပေးနိုင်ကြပါပြီရယ်လို့ ကြေညာတဲ့အခါကျမှသာလျှင် စက်ခလုတ်ကို စတင်အသုံးပြု ဖို့ သတိပြုစေလိုပါတယ်။ ဦးစိုင်းနောင့်တင်သွင်းသော အဆိုကို အတည်ပြုရန် သဘောတူ ပါ က ထောက်ခံဆန္ဒမဲပေး၍ အဆိုကို အတည်ပြုရန် သဘောမတူပါက ကန့်ကွက် ဆန္ဒမဲပေး ဖို့ ဖြစ်ပါတယ်။ ထောက်ခံမဲများပါက အဆိုသည် အတည်ဖြစ်ပြီး ကန့်ကွက်မဲများပါက အဆို

သည် ပြည်နယ်အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့်အတိုင်း မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ စက်ဖွင့်လို့ရပြီ။

ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံမဲ (၅၃)မဲ၊ ကြားနေမဲ(၆)မဲ၊ ကန့်ကွက်မဲ (၅၈)မဲ၊ မဲမပေးတာ (၁)မဲ ဖြစ်ပါတယ်။ ကန့်ကွက်မဲ များသည့်အတွက် အဆိုသည် ပြည်နယ်အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့်အတိုင်း မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ရှင်းလင်း ဖတ်ကြားဖို့အတွက် ဖိတ်ခေါ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါဝရ ပြုအပ်ပါတယ်။ ကျွန်မကတော့ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ရီရီဝင်း ဖြစ်ပါတယ်။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် ကတိကဝတ်ပြုခဲ့သည့် အဆိုနှင့် မေးခွန်းများအပေါ် ကော်မတီ၏ စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

ဒုတိယကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများ အပေါ် ကတိကဝတ်ပြုခဲ့သည်များကို နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေး ကို (၁၀.၉.၂၀၁၈)ရက်နေ့မှ (၁၄.၉.၂၀၁၈)ရက်နေ့အထိ လွှတ်တော်ရေးရာကော်မတီ

အခန်း(၆)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများတို့နှင့် ပူးပေါင်းလေ့လာစိစစ်၍ ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

ကော်မတီဖွဲ့စည်းမှု

ဒုတိယကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(ဆဋ္ဌမနေ့)၌ လွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄ နှင့် နည်းဥပဒေ ၆၂ အရ ကော်မတီဝင်(၇)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုံကျော် (ရပ်စောက်-၂)သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ် ရွေးချယ်ခြင်းခံရပါသောကြောင့် ကော်မတီဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်မှုကို ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)၌ လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဦးအောင်သူ(လားရှိုး-၂)ကို အစားထိုးတာဝန်ပေးအပ်ခဲ့ ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်အစားထိုးပြင်ဆင် ဖွဲ့စည်း တာဝန်ပေးအပ်မှုကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)(တတိယနေ့)၌ လွှတ်တော်၏ အတည်ပြုချက်ဖြင့် အစားထိုးတာဝန်ပေးအပ်ခဲ့ပြီး ကော်မတီအစားထိုး တာဝန်ပေးအပ်မှုကို စုစုပေါင်း (၂)ကြိမ် အစားထိုးပြင်ဆင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်းတင်ပြအပ်ပါတယ်ရှင်။

ကော်မတီအစည်းအဝေးကျင်းပမှုအခြေအနေ

ကော်မတီသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများ၊ ပြည်နယ် အစိုးရအဖွဲ့အစည်းဝင်များမှ လွှတ်တော်တွင် ဖြေကြားပြီးသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကတိကဝတ်ပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရန်အတွက် ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါပြဋ္ဌာန်းချက်များနှင့်အညီ (၉)ကြိမ် အထိ ကျင်းပနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်ရှင်။

အဆိုတင်သွင်းခြင်း၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းထားရှိမှုအခြေအနေ

ဒုတိယကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ အရေးပေါ်အစည်းအဝေးများအပါအဝင် အစည်းအဝေးများတွင် အဆို တင်သွင်းခြင်း၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့် မပြမေးခွန်းများ မေးမြန်းထားရှိမှု အခြေအနေမှာ အဆိုစုစုပေါင်း (၄၁)ခု၊ ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း (၅၂၈)ခု၊ ကြယ်ပွင့်မပြ မေးခွန်းစုစုပေါင်း (၄၁၄)ခု ဖြစ်ပါတယ်။

စိစစ်လေ့လာတွေ့ရှိချက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ အရေးပေါ်အစည်းအဝေးများအပါအဝင် အစည်းအဝေး (၁၂)ကြိမ်တွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများ၏ ဖြေကြားချက်များအပေါ် စိစစ်တွေ့ရှိမှုများမှာ-

(က) လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးက တင်သွင်းခဲ့သည့် အဆို(၄၁)ခု အနက် လွှတ်တော်တွင် အတည်ပြု ပြီးသောအဆို(၂၂)ခု၊ မှတ်တမ်းတင်ခြင်း(၁၆)ခု၊ မေးခွန်းပြောင်း(၃)ခုရှိရာ အတည်ပြုခဲ့သည့် အဆိုများအပေါ် စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

(ခ) လွှတ်တော်ကိုယ်စားလှယ်(၆၄)ဦးက မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း (၅၂၈)အပေါ် ဝန်ကြီးဌာနအလိုက်ဖြေကြားမှု (၅၅၄) ခုတွင် ကတိမဖြစ် (၁၆၄)ခု၊ ကတိဖြစ်ပေါ်မှု (၃၈၆)ခုတွင် ဆောင်ရွက်ပြီး (၂၂၈)ခု၊ ဆောင်ရွက်ဆဲ(၄၄)ခု၊ ဆောင်ရွက်ရန်ကျန်(၁၁၈)ခု ရှိပါတယ်။ စုစုပေါင်း ဆောင်ရွက်ရန်ကျန် (၁၁၈)ခုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထား ဆောင်ရွက်မည်ဟု ဖြေကြားပြီး မလုပ်ရသေးတာက (၁၃)ခု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားမည်ဟု ဖြေကြားချက်က (၂၁)ခု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားမည်ဟု ဖြေကြားချက်က (၃၈)ခု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းတွင် လျာထားမည်ဟု ဖြေကြားချက်က (၁၀)ခု၊ ရုံးချုပ် (နေပြည်တော်)သို့ တင်ပြထားသည်ဟု ဖြေကြားချက်က (၁၇)ခု၊ ဦးစားပေးဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က (၁)ခု၊ ဘဏ္ဍာငွေရရှိမှုပေါ် မူတည်၍ ယေဘုယျ ဖြေကြားချက်က (၁၁)ခု၊ သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းညှိနှိုင်းမည်ဟု ဖြေကြားချက်က(၂)ခု၊ ၂၀၁၇-၂၀၁၈ JICA ODA Loan ချေးငွေရရှိမှု ဆောင်ရွက်မည်ဟု ဖြေကြားချက်က (၂)ခု၊ ဥပဒေအရ ဖြေရှင်းရမည့်

မြေဖြစ်သောကြောင့် အသေးစိတ်တိုင်းတာမှုများ မပြုရသေးကြောင်း ဖြေကြားချက်က (၁)ခု၊ လုပ်ငန်းလိုအပ်ချက် ဆောင်ရွက်ပြီးမှသာလျှင် ဆက်လက် လျာထားဆောင်ရွက်မည်ဟု ဖြေကြားချက်က(၁)ခု၊ သစ်တော ပယ်ဖျက်မိန့်ရရှိပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စီမံခန့်ခွဲပေးနိုင်မည်ဟု ဖြေကြားချက်က(၁)ခု ရှိသည်ကို တွေ့ရှိရပါတယ်။ အစည်းအဝေးအလိုက် ဝန်ကြီးဌာနတစ်ခုချင်းရဲ့ ဆောင်ရွက်ရန်ကျန်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁)	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန	၂၃ ခု
(၂)	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	၁၃ ခု
(၃)	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန	၃၉ ခု
(၄)	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	- ခု
(၅)	လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန	၈ ခု
(၆)	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန	- ခု
(၇)	လူမှုရေးဝန်ကြီးဌာန	၂၅ ခု
(၈)	ဘဏ္ဍာရေးဝန်ကြီးဌာန	- ခု
(၉)	စည်ပင်သာယာရေးဝန်ကြီးဌာန	၈ ခု
(၁၀)	ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန	၂ ခု

(၈) လွတ်တော်ကိုယ်စားလှယ် (၅၂)ဦးက မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်း (၄၁၄)အပေါ် ဝန်ကြီးဌာနအလိုက် ဖြေကြားမှု (၄၃၉) ခုတွင် ကတိမဖြစ်(၉၁)ခု၊ ကတိဖြစ်ပေါ်မှု(၃၃၆) ခုတွင် ဆောင်ရွက်ပြီး (၁၆၁) ခု၊ ဆောင်ရွက်ဆဲ(၁၃)ခု၊ ဆောင်ရွက်ရန်ကျန်(၁၇၄)ခု ရှိပါတယ်။ စုစုပေါင်း ဆောင်ရွက်ရန်ကျန် (၁၇၄)ခုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်မည်ဟု ဖြေကြားပြီး မလုပ်ရသေးတာက (၅)ခု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားမည်ဟု ဖြေကြားချက်က (၅၃)ခု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားမည်ဟု ဖြေကြားချက်က (၅၁)ခု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းတွင် လျာထားမည်ဟု ဖြေကြားချက်က (၁၄)ခု၊ ရုံးချုပ် (နေပြည်တော်)သို့ တင်ပြထားသည်ဟု

ဖြေကြားချက် (၁၇)ခု၊ ဦးစားပေးဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က (၅)ခု၊ ပြည်ထောင်စုဘတ်ဂျက်တွင် ထည့်သွင်းလျာထားရန် ဖြေကြားချက်က (၁)ခု၊ ယေဘုယျဖြေကြားချက်က (၂၆)ခု၊ မြစိမ်းရောင်စီမံကိန်းတွင် ထည့်သွင်းနိုင်ရေး ဆောင်ရွက်မည်ဟု ဖြေကြားချက်က (၁)ခု၊ ကွင်းဆင်းစိစစ်ဆောင်ရွက်မည်ဟု ဖြေကြားချက်(၁)ခု ရှိသည်ကို တွေ့ရှိရပါတယ်။ အစည်းအဝေးအလိုက် ဝန်ကြီးဌာန တစ်ခုချင်းရဲ့ ဆောင်ရွက်ရန်ကျန်များကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁)	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန	၄၂ ခု
(၂)	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	၂၃ ခု
(၃)	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန	၄၃ ခု
(၄)	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	- ခု
(၅)	လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန	၁၈ ခု
(၆)	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန	- ခု
(၇)	လူမှုရေးဝန်ကြီးဌာန	၄၂ ခု
(၈)	ဘဏ္ဍာရေးဝန်ကြီးဌာန	-ခု
(၉)	စည်ပင်သာယာရေးဝန်ကြီးဌာန	၅ ခု
(၁၀)	ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန	၁ ခု

(ဃ) ဘဏ္ဍာရေးနှစ်ကို ဦးစားပေးဖော်ပြီး ဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့သော်လည်း ရန်ပုံငွေ မရရှိသဖြင့် ဘဏ္ဍာရေးနှစ် ပြောင်းလဲလျာထားမှုများ စိစစ်တွေ့ရှိရပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

(c) မေးခွန်းစာရင်းချုပ်အပေါ်တွင် ဝန်ကြီးဌာနအလိုက် ဖြေဆိုမှုများရှိသည့် မေးခွန်းအရေအတွက် ပြောင်းလဲမှုများရှိပါတယ်။ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကြယ်ပွင့်ပြမေးခွန်း(၂၇)ခု၊ ကြယ်ပွင့်မပြ မေးခွန်း (၃၉)ခု၊ စုစုပေါင်း(၆၆)ခုရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

(စ) အချို့မေးခွန်းများအပေါ် ဖြေကြားချက်တွင် မြို့နယ်အလိုက် ဘဏ္ဍာငွေ အချိုးကျ ခွဲဝေရရှိမှုအပေါ် မူတည်၍လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးတင်ပြချက်အပေါ်

မူတည်၍လည်းကောင်း ဆက်လက်ဆောင်ရွက် ပေးသွားမည်ဟု ယေဘုယျ ဖြေကြားထားသည်ကို တွေ့ရှိရပါတယ်။

(ဆ) လွတ်တော်ကိုယ်စားလှယ်မှ တင်ပြတောင်းခံသော လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုအဆင့်သို့ဆက်လက် တင်ပြထားသော်လည်း ပြည်ထောင်စု ဘတ်ဂျက်တွင်ပါဝင်ခြင်း ရှိ/မရှိကို သိရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ တင်ပြအပ်ပါတယ်ရှင်။

အကြံပြုတင်ပြချက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားချက်များ အပေါ် အကြံပြုချက်မှာ-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားခဲ့သော အဖြေအများစုသည် **"ဘဏ္ဍာငွေ ခွဲဝေရရှိမှုပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်"** ဟုသာ ပါရှိပြီး တိကျသည့် ဖြေကြားမှုများကို မရရှိသောကြောင့် ကတိကဝတ် ဖြစ်/ မဖြစ် ဆုံးဖြတ်ရန် ခက်ခဲပါသဖြင့် ဖြေကြားမှုများသည် တိကျမှုရှိရန် လိုအပ်ပါကြောင်း၊

(ခ) ဝန်ကြီးဌာနများမှ ကော်မတီသို့ ပြန်လည်ဖြေကြားပေးရာတွင် ကြယ်ပွင့်ပြ နှင့် ကြယ်ပွင့်မပြများအား အစည်းအဝေးအကြိမ်အလိုက် စာရင်းချုပ်များ ဖော်ပြပေးသင့်ပါကြောင်း၊

(ဂ) အချို့မေးခွန်းအပေါ် ဖြေကြားချက်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ဟု ပြောကြားသော်လည်း မပါဝင်သည့် အပြင် ၂၀၁၈-၂၀၁၉ တွင်လည်း ထည့်သွင်းလျာထားခြင်းမရှိသဖြင့် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဦးစားပေးထည့်သွင်းရန်လိုအပ်ပါကြောင်း၊

(ဃ) မေးခွန်းအချို့တွင် ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ဆောင်ပေးမည်ဟု ကတိ ကဝတ်ပြုခဲ့သော်လည်း ကွင်းဆင်းစိစစ်ရာတွင် လုပ်ဆောင်၍ မရသည့် လုပ်ငန်းများ တွေ့ရှိရပါက အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာလွတ်တော် ကိုယ်စားလှယ်များထံသို့ ပြည်နယ်လွတ်တော်မှတစ်ဆင့် အသိပေး ပြန်လည် ရှင်းလင်းသင့်ပါကြောင်း၊

(c) လွှတ်တော်အစည်းအဝေးကျင်းပပြီးတိုင်း မေးခွန်းနှင့် အဆိုများအပေါ် ဖြေကြားရှင်းလင်းခဲ့မှုများမှာ ကတိကဝတ်ဖြစ်/ မဖြစ်နှင့်ပတ်သက်၍ ကော်မတီနှင့် အစိုးရအဖွဲ့ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သင့်ပါကြောင်း၊

နိဂုံး

ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ကော်မတီ၏ သတ်မှတ်ပေးအပ်ထားသည့် တာဝန်များနှင့်အညီ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏လမ်းညွှန်မှု၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုမှ ရရှိသည့် ဖြေကြားချက်များဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)တွင် ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များစိစစ်ရေးကော်မတီမှ တင်ပြသည့် အစီရင်ခံစာအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈(စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ရပ်နားကြောင်းနှင့် (ဆဋ္ဌမနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်(တနလ်ာနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(ဆဋ္ဌမနေ့)မှတ်တမ်း

၁၃၈၀ပြည့်နှစ်၊ တော်သလင်းလပြည့်နေ့

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်

[တနလၤာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၁၄၃)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၁.၈၂%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၀(က) နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ် အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်

ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြု လုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄-၉-၂၀၁၈)ရက်နေ့ (ဆဋ္ဌမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၃) ဦးရန်ကျော်၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့် (၂)ရက်။

(၄) ဦးအယိုင်စဉ်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၅) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၆) ဦးခင်မောင်ညွန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၇) ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၈) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၉) ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၁၀) ဦးအာဗေလ၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွတ်တော်က ခွင့်ပြုထားသူ (၁၆)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် (၂၆)ဦးအားခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွတ်တော် သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၂၆)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ်လွတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွတ်တော်ကိုယ်စား လှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) သို့ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွတ်တော်သို့ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက္ခ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်စမ်းအေးဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးမှာ ကျွန်မအနေဖြင့် သီပေါမြို့နယ်၊ ဆွန်လုံကျေးရွာအုပ်စုမှ ကုန်းသာ ကျေးရွာအုပ်စုသို့ ဒုဋ္ဌဝတီမြစ်ကူးတံတား (Fly Ferry) သို့မဟုတ် ကြိုးတံတားတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သီပေါမြို့နယ်၊ ဆွန်လုံကျေးရွာအုပ်စုသည် ကျေးရွာစုစုပေါင်း (၆)ရွာဖြင့် ဖွဲ့စည်းထားရှိပြီး အိမ်ခြေ (၃၆၆)စု၊ အိမ်ထောင်စု (၄၀၁)စု၊ လူဦးရေစုစုပေါင်း (၁၇၁၉)ဦး စုပေါင်းနေထိုင်လျက်ရှိရာ သီပေါမြို့နှင့် (၆) မိုင် အကွာအဝေးတွင် တည်ရှိပါတယ်။ ၎င်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသည် ရာသီသီးနှံများ စိုက်ပျိုးလျက်ရှိရာ ဒေသထွက် သီးနှံများကူးသန်းရောင်းဝယ်သည့် နေရာများသို့ သယ်ယူ ပို့ဆောင်ရာတွင် ဒုဋ္ဌဝတီမြစ်ရေ လမ်းကြောင်း (ရေယာဉ်) နှင့် မီးရထားလမ်း ဆွန်လုံတွင် သုံးမိနစ်ခန့်သာရပ်နားရသည့် ရထားကိုသာအဓိက အသုံးပြုနေရသဖြင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးကြန့်ကြာလျက်ရှိပြီး အခက်အခဲများစွာကြုံတွေ့နေရပါတယ်။ အဆိုပါကျေးရွာများတွင် ဘာသာရေး၊ သာသနာရေး၊ ကျန်းမာရေး၊ ကုန်စည်ကူးသန်း ဆက်သွယ်ရေးနှင့် လူမှုရေးကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန် တံတားတစ်ခု အထူးလိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ (၁၇.၈.၂၀၁၇) ရက်နေ့က ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ သီပေါမြို့သို့ လာရောက်သည့်ခရီးစဉ်တွင် သီပေါမြို့၏ မြစ်တစ်ဖက်ကမ်းရှိ ဆွန်လုံကျေးရွာအုပ်စု၏ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကို တွေ့ရှိခဲ့ပြီး အဆိုပါ ဆွန်လုံ ကျေးရွာအုပ်စုမှ မြစ်တစ်ဖက်ကမ်းရှိ ကုန်းသာကျေးရွာအုပ်စု မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးသို့ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ရေးအတွက် Fly Ferry တံတား

တည်ဆောက်နိုင်ရေးကို လွတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ ညှိနှိုင်းပေါင်းစပ်၍ ကွင်းဆင်းစစ်ဆေးပြီး အချက်အလက်များ စုဆောင်း တင်ပြရန် မှာကြားခဲ့ပါတယ်။

အဆိုပါမှာကြားချက်အရ (၁၈.၁၁.၂၀၁၇) ရက်နေ့တွင် မိမိအပါအဝင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းဌာန၊ မြို့နယ်ဆည်မြောင်း ဦးစီးဌာန၊ မြို့နယ် မိုးလေဝသနှင့်ဓလဗေဒဦးစီးဌာနနှင့် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ ပါဝင်သောအဖွဲ့သည် ဆွန်လုံကျေးရွာမှ ဒုဌဝတီမြစ်ကို ဖြတ်၍ ကုန်းသာကျေးရွာအုပ်စု တဖက်ခြမ်းသို့ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ရေး Fly Ferry တံတားတည်ဆောက်ထားရှိနိုင်ရေး ကွင်းဆင်းစိစစ်ရာ ကမ်းနားအတွင်းနယ်ကုန် (မြစ်ကမ်းနှစ်ဖက် အကွာအဝေး) ပေ (၃၀၀) ကျော်ခန့်ရှိပြီး၊ ရေပြင်နယ်နိမိတ်ပေ (၂၀၀) ခန့်ရှိကာ လက်ရှိ ကွင်းဆင်း တိုင်းတာချက်အရ ရေအနက် (၅) ပေကျော်၊ ရေအလျင် 0.18 ft/sec ခန့်နှင့် မြစ်ကမ်းမှ ကုန်းသာကျေးရွာအုပ်စု (ပြည်ထောင်စုလမ်းမသို့) သွားရာမြေနီလမ်းမှာ (၃) မိုင်ခန့် ကွာဝေးကြောင်းတွေ့ရှိရပါသည်။

အဆိုပါတံတားအား တည်ဆောက်ပေးခြင်းဖြင့် လက်ရှိတွင် မီးရထားသံလမ်းတလျှောက်၊ မီးရထားသံလမ်းတစ်ဖက်တွင် သဲတောင်နှင့် ကျန်တစ်ဖက်တွင် ကမ်းပါးယံ၊ ဆိုင်ကယ်ဖြင့် သော်လည်းကောင်း စက်ရေယာဉ်ဖြင့်သော်လည်းကောင်း ကုန်စည်သီးနှံများအား အချိန်ကြာမြင့်စွာ သွားလာနေရသည့် ပြည်သူများအတွက် အထူးအကျိုးပြုမည်ဖြစ်သည့်အတွက် အဆိုပါ Fly Ferry တံတား သို့မဟုတ် ကြိုးတံတားအား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ၊မရှိနှင့် ရှိပါက မည်သည့် အနီးဆုံးဘတ်ဂျက်နှစ်တွင် ထည့်သွင်း ဆောင်ရွက်ပေးနိုင်မည်ကို လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းစမ်းစမ်းအေးမေးမြန်းထားတဲ့ သီပေါမြို့နယ်၊ ဆွန်လုံကျေးရွာအုပ်စုမှ ဒုဌဝတီမြစ်တစ်ဖက်ကမ်းရှိ ကုန်းသာကျေးရွာအုပ်စု (မန္တလေး-လားရှိး- မူဆယ်) ပြည်ထောင်စုလမ်းမကြီးသို့ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ရေးအတွက် (FLY FERRY) တံတား သို့မဟုတ် ကြိုးတံတားအား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့် အနီးဆုံးဘတ်ဂျက်တွင်

ထည့်သွင်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ ကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

သီပေါမြို့နယ်၊ ဆွန်လုံကျေးရွာအုပ်စုမှ ဒုဌဝတီမြစ်၏ တစ်ဖက်ကမ်းရှိ ကုန်းသာကျေးရွာအုပ်စု မန္တလေး- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီးသို့ သွားလာ ဆက်သွယ်နိုင်ရေးအတွက် သဘာဝအတားအဆီးမှာ ဒုဌဝတီမြစ်ဖြစ်ပါတယ်။ မြစ်တစ်ဖက်ကမ်းသို့ ရောက်ရှိပါက ပြည်ထောင်စုလမ်းမကြီးအတိုင်း မြို့များသို့ ချောမွေ့လျင်မြန်စွာ သွားရောက်နိုင်မည်ဖြစ်သော်လည်း သဘာဝအတားအဆီး ဒုဌဝတီမြစ်မှာ အကျယ်ပေ ၃၀၀ ကျော်ခန့် ဖြစ်ပါတယ်။ အကျိုးပြုအိမ်ခြေ၊ လူဦးရေတို့အရ လက်ရှိအခြေအနေတွင် ပေ ၃၀၀ ကျော် သံကူကွန်ကရစ် တံတားတစ်စင်းတည်ဆောက်ခြင်းထက် အခြားသင့်လျော်သည့် နည်းလမ်းတစ်ခုအဖြစ် Fly Ferry ဖြင့် ခရီးသည်နှင့် ဒေသထွက်ကုန်များ ကူးသန်းပေးနိုင်ရေးသည် စဉ်းစားစီမံသင့်သော အစီအမံတစ်ခုဖြစ်ပါတယ် ခင်ဗျား။

Fly Ferry သည် ကမ်းနှစ်ဖက်ကိုသွယ်တန်းထားသည့် ဖယ်ရီကေဘယ်လ်ကြိုးတွင် စက်သီးဖြင့်ချိတ်ဆက်ထားသော လှေ သို့မဟုတ် ဖောင်အား အလျင်တစ်စက္ကန့် လျှင် ၃ ပေနှင့် အထက်ရှိသော ရေစီးကြောင်းအင်အားဖြင့် တစ်ဖက်ကမ်းသို့ ကူးဖြတ်စေခြင်းဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်၊ လောင်စာဆီတို့ မလိုအပ်သောကြောင့် အသုံးပြုခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း ကန့်သတ်ချက်များကိုလည်း လျော့နည်းစေမည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ယခင်က Fly Ferry အသုံးပြုမှုများ ရှိခဲ့ဖူးသော်လည်း လက်ရှိတွင် တည်ဆောက်ခြင်း၊ အသုံးပြုထိန်းသိမ်းခြင်း၊ ကိုင်တွယ်မောင်းနှင်ခြင်းစသည့် အတွေ့အကြုံရှိသူများနှင့် တည်ဆောက်ရေးပုံစံများရှာဖွေရရှိရေးတို့အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြိုပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း စီမံကိန်းဖိုး တွက်ချက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးအိုက်မွန်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ် ပါတယ်။ ကျွန်တော်ကတော့ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်မွန်းဖြစ်ပါတယ်။ ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းကတော့

ကွတ်ခိုင်မြို့နယ်၊ အင်မိန်းဟိုကျန့်ကျေးရွာအုပ်စု မန်နှောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ မန်နှောင်ကျေးရွာသည် လွယ်ဆမ်ဆစ်တောင်ခြေ ပြည်ထောင်စုကားလမ်းဘေးတွင်ရှိပြီး ကွတ်ခိုင်မြို့နယ်၊ ပြည်သူ့ဆေးရုံမှ (၆) မိုင်ခန့် ကွာဝေးသော ကျေးရွာဖြစ်ပါတယ်။ မန်နှောင်ကျေးရွာသည် အင်မိန်းဟိုကျန့်ကျေးရွာအုပ်စုရှိ ကျေးရွာများဖြစ်ကြသော ဟိုကျန့်ရွာ၊ လွယ်ဆိုင်ရွာ၊ ဟွေခုတ်ရွာ၊ မန်ထန်ရွာ၊ မန်တုံရွာ၊ ကုန်းဆာရွာ၊ ဟွေအစ်ရွာ၊ ခိုလုံရွာ၊ နှောင်ဗျတ်ရွာ၊ နမ့်ပါချီးရွာ၊ မန်ဟူးရွာ၊ လွယ်ဆမ်ဆစ်ရွာတို့၏ အလယ်ဗဟိုတွင် ကျရောက်သောရွာလေးဖြစ်ပါတယ်။ ၎င်းကျေးရွာများရှိ လူဦးရေစုစုပေါင်းမှာ (၄၀၉၆)ဦး ရှိပါတယ်။ ၎င်းမန်နှောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရရှိပါက ပတ်ဝန်းကျင် ကျေးရွာရှိ ကိုယ်ဝန်ဆောင် မိခင်လောင်းများ၊ (၅) နှစ်အောက် ကလေးသူငယ်များအတွက် ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်းများလည်း ပြုလုပ်ပေးနိုင်မည် ဖြစ်ပါတယ်။ ဆေးခန်းဆောက်လုပ်ရန် အတွက် မြေကွက်(၈၀ပေ×၅၀ပေ) အဆင်သင့်ရှိပါတယ်။

သို့ဖြစ်ပါ၍ အင်းမိန်းဟိုကျန့်ကျေးရွာအုပ်စုရှိ ကျေးရွာ (၁၃) ရွာအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန် ကာလ၊ မည်သည့် ဘတ်ဂျက်နှစ်တွင် ဖွင့်လှစ်ပေးရန် ကျေးရွာနေ ပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ချမ်းသာကြပါစေလို့ မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်မွန်းရဲ့ ကွတ်ခိုင်မြို့နယ် မန်နှောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ အင်မိန်းဟိုကျန့် ကျေးရွာအုပ်စု၊ မန်နှောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ (၁) ခု အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုနိုင်ပါရန် အခြေခံအချက်အလက်များ ပူးတွဲလျက် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ လားရှိုးမြို့၏ ၃၀.၇.၂၀၁၈ရက် ရက်စွဲပါ စာအမှတ်၊ ရမ/ခွဲ-

၄(၂)(အဆိုပြု) /၂၀၁၈/၂၀၂၅ ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ မန်နောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် အတွက် မြေနေရာ (၁၀၀×၁၀၀)ပေ ရှိပြီး အင်မိန်းဟိုကျန့်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ပေါင်း (၁၃)ရွာမှ အိမ်ခြေ (၇၂၇)အိမ်၊ လူဦးရေ (၃၄၄၅)ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ပါတယ်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်၏ ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိမှသာလျှင် မန်နောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲကို ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးမိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူကောက်ခံလျှက်ရှိသော အခွန်အခများကို ပြည့်ဝမှန်ကန်စွာကောက်ခံခြင်းမရှိဘဲ ခြစား၊ လာဘ်စားသည်ဟု တိကျမှန်ကန်သော အထောက်အထားများနှင့် ပြည်သူများကဖြစ်စေ၊ ကိုယ်စားလှယ်များကဖြစ်စေ တင်ပြလာပါ က နိုင်ငံတော်အစိုးရမှ ဥပဒေနှင့်အညီ မည်ကဲ့သို့အရေးယူမည်ကို တိကျမှန်ကန်သော အဖြေသိရှိလိုပါသောကြောင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူကောက်ခံလျှက်ရှိသော အခွန်အခ အမျိုး အမည် အသေးစိတ်သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်

တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့်အတူ လွတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ဦးစိုင်းအောင်ခမ်း ရဲ့မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ယူထား သော ကျွန်တော်ဦးစိုင်းရဲ့နိတစ်လုံမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှ သတ်မှတ်ထားသော ဘဏ္ဍာရေးနှစ်အလိုက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံ ကောက်ခံလျက်ရှိသော အခွန်အခများကို ပြည့်ဝမှန်ကန်စွာကောက်ခံခြင်းမရှိဘဲ ခြစား၊ လာဘ်စားသည်ဟု တိကျမှန်ကန်သော အထောက်အထားနှင့်ပြည်သူများကဖြစ်စေ၊ လွတ်တော်ကိုယ်စားလှယ်များက ဖြစ်စေတင်ပြလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ အရေးယူမည်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံလျက် ရှိသည့် အခွန်အခအမျိုးအမည်များကိုလည်း အသေးစိတ် သိရှိလိုပါကြောင်း တင်ပြလာ ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံ ပေးသွင်း လျက်ရှိသော အခွန် အမျိုးအစားများမှာ ယစ်မျိုးခွန်၊ မြေခွန်၊ မြေခွန် ထဲမှာမှ ကောက်ကြိုးခွန်၊ ကိုင်းမုရင်းခွန်၊ သီးနှံခွန်၊ မြို့မြေခွန်တို့ဖြစ်ပြီး ဓာတ်သတ္တုခွန် တို့ ဖြစ်ပါတယ်။

ယစ်မျိုးခွန်တွင် ယစ်မျိုးလုပ်ငန်းအမျိုးအစားအလိုက် ပုံသေသတ်မှတ်ထားသော လိုင်စင်ခနှင့် လေလံဖြင့်ရောင်းချရရှိသော လိုင်စင်ခဟူ၍ (၂)မျိုးရှိပြီး ယစ်မျိုးလိုင်စင် အမျိုးအစားအပေါ်မူတည်၍ သတ်မှတ်ထားသည့်ဈေးနှုန်းကို အခွန်ထမ်းလိုင်စင်ရရှိသူမှ မြန်မာ့စီးပွားရေးဘဏ်သို့ ချလန်ဖြင့် ပေးသွင်းဆောင်ရွက်ကာ ချလန်ဖြတ်ပိုင်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်ပေးပို့၍ ငွေသွင်းပြီးကြောင်း မှတ်တမ်းသွင်း ရမှာဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခွန်ထမ်းပြည်သူများထံမှ အခွန်ငွေများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများမှ လက်ခံ၍ ပေးသွင်းဆောင်ရွက်စေခြင်းများ မရှိပါကြောင်းနှင့် အခွန်ငွေများကိုကောက်ခံပြီး ယာယီအလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေး အတွက်လည်း အခွန်တော်အရာရှိများမှ ကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။ မြေခွန် ကောက်ခံရာတွင်လည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ပေးပို့ လာသောပြေစာများကို အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၁၂၈ အရ ခရိုင်

အုပ်ချုပ်ရေးမှူးက အနည်းဆုံး ၅% မှန်/မမှန် စစ်ဆေးပြီး ခရိုင်ရုံးတံဆိပ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး၏ လက်မှတ်ရိုက်နှိပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ပေးပို့ရပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးမှ မြေခွန်ပြေစာများအား စစ်ဆေးပြီး ကျေးရွာအုပ်စုအလိုက် စည်းကြပ်သည့်အခွန်ငွေများကို သူကြီးလယ်ကျာတွင် မှတ်သား၍ ပြေစာများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးသို့ ထုတ်ပေးရပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ အခွန်ငွေကောက်တာဝန်ခံက ကောက်ခံရငွေများကို ငွေသွင်းချလန်တွင် ရေးသားပြုစု၍ အခွန်ငွေကို ပေးသွင်းသူ ကိုယ်တိုင်ဘဏ်သို့ ပေးသွင်းမှာဖြစ်ပါတယ်။ ကောက်ခံပေးသွင်းငွေကို သူကြီးလယ်ကျာ၏ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုစာရင်းတွင် မင်ပြာဖြင့် ရေးသွင်း၍ ကောက်ခံရန်ကျန်ငွေကို မင်နီဖြင့် မှတ်သားရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မြေခွန်နှင့် အမိန့်ဆင့်ဆိုချက် ၁၆၉ အရ အခွန်တော်အရာရှိ (မြို့နယ်အုပ်ချုပ်ရေးမှူး) သည် သူကြီးလယ်ကျာကို အမြဲ ကြည့်ရှုစစ်ဆေးပြီး ကောက်ခံမှုအားနည်းသော ကျေးရွာ အုပ်စုများသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးရုံးများတွင် ရုံးဝန်ထမ်းများအား ငွေသားလက်ခံရယူခွင့်မပြုကြောင်း၊ အခွန်ငွေများကို ရုံးဝန်ထမ်းများထံ အပ်နှံခြင်းမပြုရန် ညွှန်ကြားထားရှိပါတယ်။ အခွန်ငွေများ ဆုံးရှုံးမှုဖြစ်ပေါ်သောအခါ ဆောင်ရွက်ရမည့် နည်းလမ်းကိုလည်း ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၂၄-၆-၁၉၉၇) ခုနှစ် ရက်စွဲပါ စာအမှတ်၊ ၃၃/၁၇/အခ(၃၊၄) ဖြင့် မြေခွန်နှင့် အခွန်ညွှန်ကြားချက် (၁/၉၇)နှင့် (၂/၉၇) တို့ဖြင့် ထုတ်ပြန်ညွှန်ကြားထားသည့် ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဓာတ်သတ္တုခွန်ကောက်ခံရာတွင် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်အက်ဥပဒေ ပုဒ်မ ၃၈(က) နှင့် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်အစည်းမျဉ်းဥပဒေ ပုဒ်မ ၃၁ (၁)(၂) တို့အရ တူးဖော်ထုတ်ယူလိုသူမှ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားဆောင်ရွက်ရပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ (၁၁၄/၂၀၁၅) ဖြင့် ထုတ်ပြန်ထားသည့် အခွန်နှုန်းထားများဖြင့် ထုတ်လုပ်သည့် ကျင်း/အုတ် အရေအတွက်အပေါ် မူတည်၍ အခွန်တွက်ချက်ကောက်ခံလျက်ရှိရာ လုပ်ငန်း လိုင်စင်ရရှိသူမှ ချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ တိုက်ရိုက်ပေးသွင်းစေပြီး ချလန်ဖြတ်ပိုင်းသာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ ပြန်လည်ပေးပို့၍ အမှုတွဲတွင် တွဲရပါတယ်။

အခွန်ငွေများ ယာယီအလွဲသုံးစားမှု ပေါ်ပေါက်ပါက မြို့နယ်အုပ်ချုပ်ရေးမှူး သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၉ အရ အမှုဖွင့်အရေးယူဆောင်ရွက်ရပါမည်။ ခြစား၊ လာဘ်စားသည်ဟု တင်ပြတိုင်ကြားလာပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ

အရသော်လည်းကောင်း၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းအရသော်လည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

အမိန့်ကြော်ငြာစာကို အနည်းငယ် ဖတ်ကြားလိုပါတယ်။ အမိန့်ကြော်ငြာစာ (၁၄.၅.၂၀၁၅)ရက်နေ့တွင် မြန်မာနိုင်ငံ မြေနှင့် အခွန်အမိန့် ဖွင့်ဆိုချက် ၁၉၀ နှင့် အောက် မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အမိန့်ဖွင့်ဆိုချက် ၆၃ အရ တွင်းထွက်စက်မှုကုန်ကြမ်းနှင့် လစဉ်ကျောက်အဆင့်မှာ ပါဝင်ခြင်းမရှိတဲ့ လမ်းခင်းရန် တည်ဆောက်ရေးလုပ်ငန်းသုံးရန် ဓာတ်သတ္တုများထုတ်ယူသုံးစွဲရန်၊ မြေစေးထုတ်ယူသုံးစွဲခြင်းတို့နှင့် ပတ်သက်ပြီး ဓာတ်သတ္တုခွန်နှုန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ အောက်ဖော်ပြပါ နှုန်းထားများအတိုင်း စည်းကြပ်ကောက်ခံရန် ပြင်ဆင်သတ်မှတ်လိုက်ပါတယ်။ အမှတ်စဉ်(၁) ကတော့ ထုံးကျောက်၊ ကျောက်ခဲ စတုန်း မြေခွန်ပုံစံ(၄) ဓာတ်သတ္တု(၁) ၁၀၀ ကုဗပေမှာ ပြင်ဆင်သတ်မှတ်တဲ့နှုန်းကတော့ ၂၅၀၀ ကျပ်ဖြစ်ပြီး ဂဝံကျောက် မြေခွန်ပုံစံ (၄) ဓာတ်သတ္တုပုံစံ (၁) ၁၀၀ ကုဗပေမှာ ၂၅၀၀ ကျပ်ဖြစ်ပြီး ၊ (၃) ကျောက်စရစ်မှာ ကုန်းကျောက်စရစ်၊ ဖြုန်းကျောက်စရစ် ပါဝင်ပါတယ်။ မြေခွန်ပုံစံ (၄) ဓာတ်သတ္တု(၁)ပုံစံ ၁၀၀ကုဗပေမှာ ၂၅၀၀ ကျပ်ဖြစ်ပြီး သဲကျောက် မြေခွန်ပုံစံ (၄) ဓာတ်သတ္တုပုံစံ(၁) ၁၀၀ကုဗပေမှာ ၂၅၀၀ကျပ်ဖြစ်ပါတယ်။ ထုံးကျောက် မြေခွန်ပုံစံ (၄) ဓာတ်သတ္တုပုံစံ(၁) ၁၀၀ကုဗပေမှာ ၂၅၀၀ကျပ်ဖြစ်ပါတယ်။ စကျင်ကျောက် မြေခွန်ပုံစံ (၄) ဓာတ်သတ္တုပုံစံ(၁) ၁၀၀ကုဗပေမှာ ၃၀၀၀ကျပ်ဖြစ်ပြီး ဂဝံတန်ကျောက် မြေခွန်ပုံစံ (၄) ဓာတ်သတ္တုပုံစံ(၁) ၁၀၀ကုဗပေမှာ ၃၀၀၀ကျပ်ဖြစ်ပြီး နမ့်ဖက်ကျောက်၊ လိပ်သဲကျောက် မြေခွန်ပုံစံ (၄) ဓာတ်သတ္တုပုံစံ(၁) ၁၀၀ကုဗပေမှာ ၂၅၀၀ကျပ်ဖြစ်ပြီး ကန့်ကူဆန် မြေခွန်ပုံစံ (၄) ဓာတ်သတ္တုပုံစံ(၂) ၁ပိသာ ၁၀၀၀ကျပ်ဖြစ်ပါတယ်။ သဲ မြေခွန်ပုံစံ (၄) ဓာတ်သတ္တုပုံစံ(၁) ၁၀၀ကုဗပေမှာ ၅၀၀၀ကျပ်ဖြစ်ပါတယ်။ မြေစေး အုတ်ဖုတ်ရန် အုတ်ထုတ်လုပ်ရန် စဉ့်ထည်လုပ်ရန်အတွက် ထုတ်ယူတဲ့မြေကိုဆိုလိုပါတယ်။ မြေခွန်ပုံစံ (၄) ဓာတ်သတ္တုပုံစံ(၅) မှာ အုတ်အတွက်လျှင် မြေစေး၁၀၀၀ကုဗပေမှာ ၁၀၀၀၀၀ကျပ်ဖြစ်ပါတယ်။ မြေခွန်ပုံစံ (၄) ဓာတ်သတ္တုပုံစံ(၆)မှာ မြေစေး ၁၀၀၀ကုဗပေမှာ ၂၅၀၀ကျပ်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂) မှ ရွှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးသွားမှာ ကတော့ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ် ပါတယ်။

၂၀၁၈ခုနှစ် မိုးရာသီကာလတွင် ရွှမ်းပြည်နယ်အနှံ့အပြားတွင် ခြင်များ ပေါက်ဖွားလျက်ရှိသဖြင့် မြို့မှ ကျေးရွာများအထိ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါဖြစ်ပွါးသည်ကို သိရှိရပါတယ်။ ထိုရောဂါနှင့် ပတ်သက်ပြီး ပေါင်းစပ်ငှက်ဖျား ပျောက်ဆေးများကို မည်သို့ ရယူရမည်နှင့် တာရှည်ခံဆေးစိမ် ခြင်ထောင်များကို အလွယ်တကူ မည်သို့ရရှိနိုင်မည်နှင့် ခြင်ကိုက်မခံရအောင် ကာကွယ်ရန် အခြားနည်းလမ်းများ မည်သို့ရှိကြောင်း ကျေးရွာများကို အသိပညာပေးဟောပြောပွဲများပြုလုပ်ရန် လိုအပ်နေသည်ကို တွေ့ရှိရပါသဖြင့် အောက်ပါ အတိုင်း မေးခွန်းမေးမြန်းအပ်ပါတယ်။ ၂၀၁၈ခုနှစ် မိုးရာသီကာလတွင် ရွှမ်းပြည်နယ် အတွင်းရှိ မြို့မှ ကျေးရွာများအထိ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါနှင့် မည်သို့ကာကွယ် ရမည့် နည်းလမ်းများ အကြောင်းကို အသိပညာပေးဟောပြောပွဲများအား မည်သို့စီမံ ဆောင်ရွက်နေကြောင်းနှင့် အဆိုပါ ရောဂါများဖြစ်ပွားခြင်းရှိ/မရှိ ရှိပါက မည်သည့်ဒေသ ဖြစ်ကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ရွှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရွှမ်းပြည်နယ် အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင် ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ရွှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ၏ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ အသိပညာပေး ဟောပြောပွဲများအား မည်သို့စီမံဆောင်ရွက်နေကြောင်းနှင့် ရောဂါများ ဖြစ်ပွားခြင်း ရှိ/မရှိမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်း များကို ဦးတည်နေရာများအလိုက် ဆောင်ရွက်ရန်အတွက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ၁၀-၅-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ပကရ၊ရန-ငဖ/၂၀၁၈/၂၂၂ဖြင့် ညွှန်ကြားချက်အရ ရက်သတ္တပတ်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများလုပ်ဆောင်နိုင်ရန် ရွှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၏ ဦးတည်နေရာများတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်

သွားရန် ထပ်ဆင့်ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဦးတည်နေရာများဖြစ်သည့် အစိုးရနှင့် ပုဂ္ဂလိက ရုံးဌာနများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ စျေးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ နတ်ကွန်းငယ်များအပါအဝင်ဖြစ်ပါတယ်။ အခြားအများနှင့်ဆိုင်သော နေရာများ၊ တက္ကသိုလ်များနှင့် စာသင်ကျောင်းများ အားလုံး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများထဲရှိ နေအိမ်များနှင့် အိမ်ပတ်ဝန်းကျင်၊ လမ်းပတ်ဝန်းကျင် နေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို အခြေခံကျန်းမာရေး ဝန်ထမ်းများနှင့်အတူ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး ပူးပေါင်းလုပ်ဆောင်သွားရန် ဖြစ်ပါတယ်။

မြို့နယ်များအနေဖြင့် သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နှင်းရေးဆိုင်ရာ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခပ်ခြင်းလုပ်ငန်းများ အပတ်စဉ် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၊ စေတနာလုပ်အားရှင်များနှင့် ပူးပေါင်း၍ တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ ဖြစ်တဲ့ (၂)ရက်မှ (၇) ရက်ခန့် အပြင်းဖျားခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ပေါ်တွင် အနီစက်များ ထွက်ခြင်းအစရှိသည့် သံသယ လူနာများတွေ့ရှိပါကလည်း ဆေးရုံ၊ ဆေးခန်းသို့ ဆောလျင်စွာ သွားရောက်ပြသရန် ဟောပြောစည်းရုံးလျက်ရှိပါတယ်။

၂၀၁၈ခုနှစ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ၂၁မြို့နယ်တွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုအနေဖြင့် (၁၁.၂.၂၀၁၈)ရက်မှ (၁၈.၈.၂၀၁၈) ရက်အထိ တောင်ကြီးမြို့နယ်တွင် (၇၂)ဦး၊ ညောင်ရွှေမြို့နယ်တွင် (၂၁)ဦး၊ ဟိုပုံးမြို့နယ်တွင် (၃)ဦး၊ ဆီဆိုင်မြို့နယ်တွင်(၄)ဦး၊ ကလောမြို့နယ်တွင်(၁) ဦး၊ ပင်းတယမြို့နယ်တွင်(၉)ဦး၊ ရပ်စောက်မြို့နယ်တွင် (၃၆) ဦး၊ ပင်လောင်းမြို့နယ်တွင်(၂)ဦး၊ ဖယ်ခုံမြို့နယ်တွင် (၆) ဦး၊ လွိုင်လင်မြို့နယ်တွင် (၂)ဦး၊ နမ့်စန်မြို့နယ်တွင် (၁)ဦး၊ လဲချားမြို့နယ်တွင် (၁) ဦး၊ လင်းခေးမြို့နယ်တွင် (၄၅)ဦး၊ မိုးနဲမြို့နယ်တွင် (၃)ဦး၊ မောက်မယ်မြို့နယ်တွင် (၅)ဦး၊ စုစုပေါင်း ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ (၂၁၁)ဦးရှိပြီး ရပ်စောက်မြို့နယ်တွင် (၁)ဦး သေဆုံးခဲ့ပါတယ်။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိမ်နင်းရေး လုပ်ငန်းများအနေဖြင့် ပိုးလောက်လန်း ရှာဖွေစစ်ဆေးသော အိမ်ပေါင်း (၁၁၆၄၃၅၇)လုံး၊ ပိုးလောက်လန်းတွေ့ရှိ၍ ရေသွန်၊ ရေလှယ် ဆောင်ရွက်ခဲ့သော အိမ်ခြေပေါင်း (၁၅၇၇၇၂) လုံး၊ ပိုးလောက်လန်းသတ်ဆေး (အဘိတ်) ခပ်ထည့်ခဲ့သော အိမ်ခြေပေါင်း (၁၅၇၉၀၃) လုံး၊ သက်ကြီးကောင်ခြင် နှိမ်နင်းရေးဆိုင်ရာ မာလာသီယွန်ဆေးမှုတ်ခဲ့သော အိမ်ခြေပေါင်း (၁၂၂၄) လုံးကို ဆောင်ရွက်ပေးခဲ့ပြီး အုပ်စုလိုက် ကျန်းမာရေးပညာပေး ဟောပြောခြင်း (၁၇၉၂) ကြိမ် ပြုလုပ်ပေးခဲ့ပါတယ်။

ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်အနေဖြင့် မြန်မာနိုင်ငံသည် သက္ကရာဇ် (၂၀၃၀) ခုနှစ်တွင် ငှက်ဖျားရောဂါကင်းဝေးရေး ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ငှက်ဖျားရောဂါ ကူးစက်ဖြစ်ပွားနေမှုသည် ၂၀၀၇ ခုနှစ်တွင် (၂၁၁၂) ဦး ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် (၁၂၁၇)ဦးသာ ငှက်ဖျားရောဂါဖြစ်ပွားခဲ့ပါတယ်။ ယခုကဲ့သို့ ငှက်ဖျားရောဂါ သိသိသာသာ လျော့နည်းကျဆင်းသွားရခြင်းမှာလည်း Global Fund ၏ အထောက်အပံ့ဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် ကျေးရွာအဆင့်အထိ စေတနာ့ဝန်ထမ်း ငှက်ဖျားလုပ်သားများကို သင်တန်းပေးခြင်း၊ ငှက်ဖျားသံသယရှိသူများနှင့် ငှက်ဖျားလူနာအား လုံးကို (၂၄)နာရီအတွင်း အခမဲ့ သွေးဖောက်စစ်ဆေးပေးခြင်း၊ ပိုးတွေ့လူနာများကို အရည်အသွေးပြည့်မှီ ကောင်းမွန်သော ငှက်ဖျားဆေးများဖြင့် အခမဲ့ ကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည့်အတွက် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ်များတွင် ၂၀၁၈ ခုနှစ်၊ ပထမ (၆) လပတ်အထိ ငှက်ဖျားသံသယရှိသူလူနာ ၃၃၃၁၂ဦး ကို သွေးဖောက်စစ်ဆေးခဲ့ရာတွင် ၁၉၆ ဦး သာ ငှက်ဖျားရောဂါပိုးတွေ့ရှိရပြီး ထိရောက်စွာ ကုသပေးနိုင်ခဲ့ပါတယ်။

အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာများရှိ စေတနာ့ဝန်ထမ်း ငှက်ဖျားလုပ်သားများက ငှက်ဖျားလူနာသစ် ရှာဖွေဖော်ထုတ်ကုသမှုပေးခြင်း၊ တာရှည်ခံဆေးစိမ်ခြင်ထောင်များဖြန့်ဝေခြင်း၊ ဖြန့်ဝေထားသောခြင်ထောင်များ စနစ်တကျ သုံးစွဲစေခြင်း၊ ညစဉ်ခြင်ထောင်ဖြင့် စနစ်တကျ အိပ်စက်စေခြင်းစသည့် ပညာပေးလုပ်ငန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက်ပညာပေးခြင်း၊ ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း နှင့် ယင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ကြိုတင်ညှိနှိုင်း ချမှတ်ဆောင်ရွက်နိုင်ရန် ၃လ တစ်ကြိမ် မြို့နယ်အလိုက် တွေ့ဆုံ၍ ငှက်ဖျားရောဂါကင်းဝေးရေး ရည်မှန်းချက် ပြည့်မီအောင်မြင်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးခွန်ဟန်သိန်းဦးက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ

လွတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ ထီလင်း- ပင်ခွတ်- ထီးဝါးဖော့- မိုက်ကန်းကျေးရွာအထိ ကျေးလက်လမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်သွားရန်နှင့် စပ်လျဉ်းသည့်မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသောလွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်ခွတ်ကျေးရွာ၊ ထီဝါးဖော့ ကျေးရွာနှင့် မိုက်ကန်းကျေးရွာများသည် ဟိုနမ့်ကျေးရွာအုပ်စု၏ အရှေ့ဘက်ဆုံး ကျေးရွာများ ဖြစ်ကြပါတယ်။ ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ်လမ်း ပေါ်ရှိ ထီလင်းမှ ပင်ခွတ်-ထီဝါးဖော့-မိုက်ကန်းအထိ (၆)မိုင်ကျော်ခန့်ရှိပြီး လက်ရှိတွင် မြေသားလမ်းအဆင့်ဖြစ်ပြီး နွေရာသီတွင်သွားလာရန် အဆင်ပြေပါသော်လည်း မိုးရာသီတွင် သွားလာရန် ခက်ခဲ ပါတယ်။ ကျေးရွာများ၏ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ပြောင်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပန်းနှမ်းများ ဖြစ်ပြီး ကျေးရွာများ၏ ထွက်ကုန်များကို ဆိုက်ခေါင်သို့ရောင်းချပါတယ်။ ကုန်ပစ္စည်းများ သယ်ယူရာတွင် မိမိတို့၏ ကျေးရွာများမှ ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ် ဆက်သွယ်ထားသည့်လမ်းပေါ်ရှိ ထီလင်းနေရာသို့ နွားလှည်းဖြင့် ပို့ဆောင်ရပါတယ်။ ထီလင်းမှတစ်ဆင့် ကားဖြင့် တင်ဆောင်ပြီးမှ ဆိုက်ခေါင်သို့ ထွက်ကုန်များကို ရောင်းချရပါတယ်။ မိမိဒေသ ထွက်ကုန်များ ရောင်းချရာတွင် လှည်းများဖြင့် တင်ဆောင်ရသည့်အတွက် အချိန်ကြန့်ကြာမှု ရှိခြင်း၊ သယ်ယူစရိတ်ကုန်ကျမှုများခြင်းတို့နှင့် ကြုံတွေ့နေရပါတယ်။ ထို့အပြင် နေမကောင်းသည့် လူနာများ ဆေးဝါးကုသမှုခံယူရန်အတွက် ဟိုနမ့်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ရာတွင် နွေရာသီ၌အဆင်ပြေပါသော်လည်း မိုးရာသီတွင် နွားလှည်းဖြင့် တစ်ဆင့် သယ်ယူပို့ဆောင်ပေးရသည့် အတွက် လူနာများ အခက်အခဲများစွာကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ်လမ်းမကြီးပေါ်ရှိ ထီလင်းမှ တစ်ဆင့် ပင်ခွတ်-ထီဝါးဖော့-မိုက်ကန်းကျေးရွာအထိ ကျေးလက်လမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် မည်သည့် ဘဏ္ဍာနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ဦးခွန်ဟန်သိန်းဦး ၏ မောက်မယ်မြို့နယ်၊ ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ်လမ်းမကြီးပေါ်ရှိ ထီလင်း-ပင်ခွတ်-ထီဝါးဖော့-မိုက်ကန်း

ကျေးရွာအထိ ကျေးလက်လမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက် ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

မောက်မယ်မြို့နယ် ထီလင်း- ထီဝါးဖော့- မိုက်ကန်းလမ်းသည် အမျိုးအစားနှင့် ဦးစားပေးအဆင့် A2 သတ်မှတ်ထားသော လမ်းဖြစ်ပါတယ်။ အရှည် ၅ မိုင် ၇ ဖာလုံ မြေသားလမ်းဖြစ်ပြီး ကျေးရွာပေါင်း ၄ ရွာ၊ အိမ်ခြေ ၂၇၃အိမ်၊ လူဦးရေ ၁၈၇၁ ဦးကို အကျိုးပြုသောလမ်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ မူလခန့်မှန်းခြေစာရင်းတွင် ခွင့်ပြုရရှိခဲ့ခြင်း မရှိပါ။ လမ်း ၂လမ်းနှင့် ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် မြို့နယ်စီမံကိန်းလျာထားချက်စာရင်းတွင် ထည့်သွင်းတင်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဆက်လက်လျာထား တောင်းခံသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးစိုင်းနောင့်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့ မေးခွန်းကတော့ မိုင်းပန်မြို့နယ်တွင် မြို့နယ်ကျန်းမာရေး ဆရာဝန်နေအိမ်နှင့် (၄)ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် စပ်လျဉ်းသည့်မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့မြို့နယ်ရှိ ကျန်းမာရေးဌာနပိုင်မြေမှာ (၄.၇၃) ဧကရှိပြီး (၂၅)ခုတင်ဆံ့ ဆေးရုံဟု ဖွဲ့စည်းထားသော်လည်း အဆောက်ဦးဖွဲ့စည်းထားပုံမှာ (၁၆)ကုတင်ဆံ့ဆေးရုံပုံစံ သာရှိနေသေးကြောင်း နှင့် ဆေးရုံနှင့်အတူတည်ဆောက် လာခဲ့သော ဆရာဝန် နေအိမ်မှာလည်း နှစ်ကာလ ကြာလာပြီဖြစ်သည့်အတွက် ခိုင်ခန့်မှုများ မရှိတော့သည်ကို လေ့လာတွေ့ရှိရပါတယ်။ ပြင်ထိန်းခြင်းများသာပြုပြင် မွမ်းမံမည်ဆိုပါက အပြင်ပိုင်းသာ ကြည့်

ကောင်းပြီး လိုအပ်သောခိုင်ခံ့မှုမရှိဘဲ ပြင်လိုက်ပျက်လိုက်နှင့်ဆိုလျှင် ဘတ်ဂျက်ကုန်သလောက် အကျိုးမရှိသည်ကို ထပ်မံတင်ပြလိုပါတယ်။

လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ မြို့နယ်ကျန်းမာရေးဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာနေထိုင်နိုင်ရန်အတွက် မြို့နယ် ဆရာဝန်နေအိမ်(၁)လုံးနှင့် (၄)ခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာ အမှန်တကယ် လိုအပ်လျက် ရှိပါတယ်။ အဆောက်အဦများဆောက်လုပ်ရန်အတွက် မြေနေရာ အလုံအလောက် ရှိကြောင်း မြို့နယ်မှ အကြိမ်ကြိမ် တင်ပြခဲ့သော်လည်း ဘတ်ဂျက်လျာထားမှုမှာ ပါဝင်လျာထားခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ ထို့ကြောင့် အမှန်တကယ်လိုအပ်နေသော ဆရာဝန်နေအိမ်(၁)လုံးနှင့် ဝန်ထမ်းအိမ်ရာကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပေးမည်နှင့် ထည့်သွင်း လျာထားခြင်း အစီအစဉ် ရှိ/မရှိ၊ မရှိသေးပါက အဘယ်ကြောင့်နှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ပေးမည်ကိုသိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းနောင့်၏ မိုင်းပန်မြို့နယ်တွင် လိုအပ်နေသော မြို့နယ်ကျန်းမာရေး ဝန်ထမ်းအိမ်ရာကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်းကဏ္ဍ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်စာရင်းတွင် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မိုင်းပန်မြို့နယ်အတွက် (၂)ခန်းတွဲ(၁)ထပ် ဆရာဝန် အိမ်ရာ (၁)လုံး၊ (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံးအား ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ လျာထားစာရင်း ပေးပို့တင်ပြထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်အတည်ပြုချက်ရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ဦးအားကိုက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လေ့လာသူဧည့်သည်တော်များအားလုံး

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် မေးမြန်းလိုသည့် အကြောင်းအရာကတော့ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းလျာထားမှုများတွင် မပါဝင်သောရန်ပုံငွေများနှင့် ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ လျာထားချက်များကို B.E ဘတ်ဂျက်မှာ သော်လည်းကောင်း၊ R.E ဘတ်ဂျက်မှာ သော်လည်းကောင်း စီမံကိန်းများ အသီးသီး လျာထားပြီး လွှတ်တော်မှ အတည်ပြုချက်ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ ရင်းနှီးမြှုပ်နှံမှုများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လွှတ်တော် ကိုယ်စားလှယ်များ အားလုံးအသိပင်ဖြစ်ပါတယ်။ အခုလို မေးမြန်းရခြင်းအကြောင်းကတော့ မိုင်းဖြတ်မြို့နယ်မှာ ၂၀၁၈-၂၀၁၉ မီနီဘတ်ဂျက်၌ စီမံကိန်းလျာထားခြင်းမရှိဘဲ ဆည်မြောင်းဦးစီးဌာနမှ လယ်ရေသွယ်မြောင်း တူးဖော်နေတာတွေ့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များထံ အသိပေးခြင်းလည်း မရှိပါသောကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ သိရှိမှသာ ဘဏ္ဍာငွေများ လေလွင့်မှု နည်းပါးအောင် ထိန်းကျောင်းနိုင်မှာဖြစ်ပါတယ်။

သို့ပါသောကြောင့် စီမံကိန်းလျာထားရာ၌ မပါဝင်သော လုပ်ငန်းများဆောင်ရွက်ရာမှာ မည်သည့်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်းနှင့် စီမံကိန်း လျာထားချက်တွင် မပါဝင်သောလုပ်ငန်းများကို သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်ထံ ဖြန့်ဝေပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ မေးမြန်းတင်ပြအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအားကို မေးမြန်းတဲ့ မိုင်းဖြတ်မြို့နယ်တွင် ၂၀၁၈-၂၀၁၉ မီနီဘတ်ဂျက်၌

စီမံကိန်းလျာထားချက် ပါဝင်ခြင်း မရှိဘဲ ဆည်မြောင်းဦးစီးဌာနမှ လယ်ရေသွင်းမြောင်း တူးဖော်နေကြောင်း တွေ့ရှိရပါသဖြင့် အဆိုပါလုပ်ငန်း ဆောင်ရွက်ရာတွင် မည်သည့်ရန်ပုံငွေ ဖြင့် ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်းနှင့် စီမံကိန်း လျာထားချက်တွင် မပါဝင်သော လုပ်ငန်းများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ထံ ဖြန့်ဝေပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါသည် ဆိုသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ကျွန်တော် ဦးစိုင်းလုံကျော်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ခု၊ ဧပြီလမှစက်တင်ဘာလ၊ ပထမ (၆) လ မီနီဘတ်ဂျက်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော နမ့်နန်း ကျေးရွာအုပ်စု၊ ပါယောင်းကျေးရွာစိုက်ပျိုးရေးရှိရေး ရေသွယ်မြောင်း တူးဖော်ခြင်း လုပ်ငန်းမှာ ဒေသခံတောင်သူများမှ တောင်းဆိုချက်အရလည်းကောင်း၊ နမ့်ကုန်း ကျေးရွာ အုပ်စု၊ ပါဆန်းရေသွယ်မြောင်း တူးဖော်ခြင်းလုပ်ငန်းမှာ ပြည်နယ်တိုင်းရင်းသား ရေးရာဝန်ကြီး၏ (၃၁.၆.၂၀၁၇) ရက်နေ့ခရီးစဉ်တွင်လည်းကောင်း၊ ပြည်နယ်ဘဏ္ဍာရေး ဝန်ကြီး၏ (၁၇.၇.၂၀၁၇) ရက်နေ့ ခရီးစဉ်တို့တွင်လည်းကောင်း၊ ဒေသခံတောင်သူများ တင်ပြချက်အရ လည်းကောင်း၊ (၂၃.၇.၂၀၁၇) ရက်နေ့ စီမံကိန်း အစည်းအဝေး အတည် ပြုချက်အရလည်းကောင်း ဆောင်ရွက်ပေးရခြင်း ဖြစ်ပါတယ်။

အဆိုပါ လုပ်ငန်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂၀၁၈-၂၀၁၉)ခု၊ ဧပြီလမှ-စက်တင်ဘာလ ဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှ ရန်ပုံငွေကျပ် (၃၅)သန်း ရရှိခဲ့ပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပါယောင်းရွာ စိုက်ပျိုးရေးရှိရေး ရေသွယ်မြောင်းတူးဖော်ခြင်းလုပ်ငန်း (၉၅) ရာခိုင်နှုန်းခန့် နှင့် ပါဆန်းရေသွယ်မြောင်း တူးဖော်ခြင်းလုပ်ငန်း (၉၅) ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ လုပ်ငန်းမှာ လုပ်ငန်းစီမံကိန်းသစ်များ (ငွေလုံးငွေရင်း) ခေါင်းစဉ် အောက်မှ မဟုတ်သည့် အတွက် BP,BQ ကို မိုင်းဖြတ်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏ (၁၁.၇.၂၀၁၈) ရက်စွဲပါ စာအမှတ်-၃/ ၂၉-၁/ ဦးဖ (၁၀၉၉) ဖြင့်တောင်းခံချက်အရ BP,BQ (၄) စုံစီအား မြို့နယ်လွှတ်တော်ရုံး (၁)စုံနှင့် မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့ ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပါယောင်းရွာ စိုက်ပျိုးရေးရှိရေး ရေသွယ်မြောင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ပါဆန်းရေသွယ်မြောင်းတူးဖော်ခြင်း လုပ်ငန်းတို့အား ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ (၂၀၁၈-၂၀၁၉) ခု၊ ဧပြီလမှ-စက်တင်ဘာ ဘဏ္ဍာနှစ်၊ မူလခွင့်ပြုရန်ပုံငွေ သာမန်အသုံးစရိတ်

ခေါင်းစဉ်အောက်မှ ကျခံဆောင်ရွက်ခြင်း ဖြစ်ပါကြောင်းနှင့် စီမံကိန်းလျာထားချက်တွင် မပါဝင်သော လုပ်ငန်းများကိုလည်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ထံ ပေးပို့သွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတဆင့် လေးစားစွာပြန်လည် ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဒေါက်တာဝဏ္ဏစိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက္ခ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကျိုင်းတုံတက္ကသိုလ်မှာ မူလကဖွင့်လှစ်ထားသော ၂၀၁၇ ခုနှစ်က ပိတ်ထားခဲ့ပြီးသော ဥပဒေ ပညာအထူးပြုဘာသာရပ် (Law Department) ကို ပြန်လည်ဖွင့်လှစ်ပေးရန် မဲဆန္ဒရှင်များကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပညာအထူးပြုဘာသာရပ်အား ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံ တက္ကသိုလ်၌ ၂၀၁၆ ခုနှစ် အထိ ပညာသင်ယူခွင့်ရရှိခဲ့ရာ ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ်၊ မိုင်းယောင်း၊ မိုင်းခတ်၊ မိုင်းပျဉ်း၊ မိုင်းတုံ၊ မိုင်းယန်း၊ မက်မန်းအစရှိသော မြို့များရှိ (၁၀)တန်းအောင် ဒေသခံကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျိုင်းတုံတက္ကသိုလ်၌ တက်ရောက်ပညာဆည်းပူးသင်ယူခွင့် ရရှိခဲ့ပါသည်။ ဒီလို ပညာဆည်းပူးခွင့် ရသည့်နေခဲ့ရာမှာ ၂၀၁၇ ခုနှစ်မှစ၍ ဥပဒေပညာအထူးပြု ဘာသာရပ်ကို ကျိုင်းတုံတက္ကသိုလ်၌ ဆက်လက်သင်ကြားခွင့်မရှိတော့ပါ။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ ရှိကြသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဥပဒေပညာကို သင်ယူလိုပါက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး တက္ကသိုလ်သို့ သွားရောက်သင်ယူရမည့် အခြေအနေသို့ ဖြစ်ပေါ်နေပါတယ်။

သို့ဖြစ်ပါသောကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေထိုင်ကြသော ဒေသခံတိုင်းရင်းသား ကျောင်းသား၊ကျောင်းသူများအနေဖြင့် ဥပဒေပညာ အထူးပြုဘာသာရပ် တက်ရောက်သင်ယူရန် လိုလားနေကြသော်လည်း ကျိုင်းတုံတက္ကသိုလ်၌ သင်ယူနိုင်ခွင့် မရရှိခြင်းနှင့် တောင်ကြီးတက္ကသိုလ်သို့ သွားရောက်သင်ယူရန်အတွက် အခက်အခဲများစွာရှိနေရ

ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ရှိသော မြို့နယ်များအနေဖြင့် ဥပဒေအမြင်ရှိသူများ၊ ဥပဒေ ပညာကို တတ်သိနားလည်သော ပြည်သူ့အကျိုးပြုဥပဒေပညာရှင်ကောင်းများစွာ ပေါ်ထွက် လာရန်အတွက် ကျောင်းသား/ကျောင်းသူများက ဥပဒေပညာအထူးပြုဘာသာရပ် သင်ယူ ခွင့်ရရှိရန် အထူးပင်လိုအပ်လျက်ရှိနေပါတယ်။ နောင်အနာဂတ် ဥပဒေပြုရေးကို အလေးထား လုပ်ဆောင်ကြရာ၌ လွတ်တော်ကဏ္ဍ၌ ဥပဒေပညာရှင် ညီငယ်၊ ညီမငယ်များ ပခုံးပြောင်း တာဝန်ယူကြရမှာဖြစ်ပါတယ်။ လေ့လာချက်အရ ကမ္ဘာအရပ်ရပ်မှ နိုင်ငံများတွင် ဥပဒေ ပညာရှင် ပါဝင်မှုနှုန်းထားမှာ ၂၀% မှ ၃၀% အထိရှိပါတယ်။

သို့ဖြစ်ပါ၍ ဥပဒေပညာအထူးပြုဘာသာရပ်ကို သင်ကြားခွင့်ရရှိနိုင်ရန် (Law Department) အား ကျိုင်းတုံတက္ကသိုလ်၌ ထားရှိပေးပါရန် ဥပဒေကျောင်းသား၊ ကျောင်းသူ များနှင့်တစ်ကွ ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများမှ တောင်းဆိုမှုကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း တင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌ ကြီး နှင့် လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၏ ကျိုင်းတုံတက္ကသိုလ်တွင် ဥပဒေ ပညာအထူးပြု ဘာသာရပ်ထားပေးနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆက်လက် ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျိုင်းတုံတက္ကသိုလ်တွင် ဥပဒေပညာ၊ စိတ်ပညာ၊ စီးပွားရေး ပညာဌာနများ ဖွင့်လှစ်ထားခြင်းမရှိပါ။ ဥပဒေပညာဌာနဖွင့်လှစ်ရန်အတွက် ဝန်ကြီးဌာနသို့ ခွင့်ပြုချက်တောင်းခံပြီး တက်ရောက်မည့် ကျောင်းသားဦးရေ၊ ခန့်ထားရမည့် ဆရာ/ဆရာမ အင်အား၊ ဝန်ထမ်းအင်အား၊ ဘတ်ဂျက်ခွင့်ပြုငွေ၊ Infrastructure, Facility, Board of Study နှင့် ညှိနှိုင်းချက် စသည်တို့ ပြည့်စုံမှသာ ခွင့်ပြုချက် ရရှိချိန်တွင် ဖွင့်လှစ်ပေးနိုင်မှာ ဖြစ်ပါတယ်။

(၁၂-၁-၂၀၁၈)ရက်နေ့ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ရုံးခွဲတွင် ကျင်းပပြုလုပ် သော အဝေးသင်တက္ကသိုလ် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးကိစ္စများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးချက်များအရ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အထိ အဝေးသင်တက္ကသိုလ် ဥပဒေ ပညာ အထူးပြုစနစ်ဟောင်း ကျောင်းသားများ (ဒုတိယနှစ်နှင့်အထက်) အတွက် သင်တန်း များ ဆက်လက်ပို့ချ ပေးမည်ဖြစ်ပါတယ်။ အဝေးသင်တက္ကသိုလ် စနစ်သစ်သင်တန်း ကျောင်းသား/ကျောင်းသူများ ၂၀၁၉ ပညာသင်နှစ် ပထမနှစ်မှစ၍ ဥပဒေပညာ၊ စိတ်ပညာ၊

စီးပွားရေးပညာများအတွက် သင်တန်းများ ကျိုင်းတုံတက္ကသိုလ်တွင် ဖွင့်လှစ်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဒေါ်မေရီရှို့က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်မေရီရှို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီရှို့ ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် ဖယ်ခုံမြို့၊ မြို့ကုန်းရပ်ကွက်နှင့် ဈေးရှေ့ရပ်ကွက် အကြားတွင် နေထိုင်သည့် ဦးဝင်းနိုင်ပါ (၁၉) အိမ်စုအား ဈေးရှေ့ရပ်ကွက်အတွင်းသို့ ထည့်သွင်း ပူးပေါင်း ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

အထက်ပါကိစ္စနှင့် ပတ်သက်၍ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ မြို့ကုန်းရပ်ကွက်နှင့် ဈေးရှေ့ရပ်ကွက် အကြားတွင် နေထိုင်သည့် ဦးဝင်းနိုင်ပါ (၁၉) အိမ်စုသည် မြို့ကုန်းရပ်ကွက် အတွင်းတွင် နေထိုင်သော အခြားအိမ်ထောင်စုများနှင့် မြို့မသရီမြို့နယ်ဧက (၂၀) နီးပါး ခန့်ခြားနေပါတယ်။ ဈေးရှေ့ရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိပြီး အိမ်ထောင်စု လူဦးရေ စာရင်း၊ မြေစာရင်းပုံစံ (၁၀၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေပေးမိန့် နှင့် လျှပ်စစ်မီတာ လိပ်စာများမှာ ဈေးရှေ့ရပ်ကွက်တွင် အမည်ပေါက်နေပါတယ်။ ဈေးရှေ့ရပ်ကွက် အ.ထ.က (၂) ဖယ်ခုံကျောင်းနှင့်လည်း အဆိုပါ အိမ်များနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိပါတယ်။ ရပ်ကွက်သာရေး၊ နာရေးကိစ္စများဆောင်ရွက်ရာတွင်လည်း ရပ်ရွာဓလေ့အရ မြို့ကုန်း ရပ်ကွက်မှ မဆောင်ရွက်ပေးနိုင်ပါသဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ရပါတယ်။ ပြည်သူလူထု မှတင်ပြတောင်းခံချက်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်နှင့် စည်ပင်ကော်မတီများ မြေပြင်အနေအထား ကွင်းဆင်းကြည့်ရာတွင် ဦးဝင်းနိုင်ပါ (၁၉) အိမ်စု သည် မြေပြင် အနေအထားအရ ဈေးရှေ့ရပ်ကွက်တွင် ပါဝင်သင့်ပြီး ဈေးရှေ့ရပ်ကွက်နှင့် မြို့ကုန်းရပ်ကွက်တွင် နေထိုင်ကြသော အိမ်ထောင်စုအများစုကလည်း သဘောတူလက်ခံကြပါတယ်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင်မှ ပြည်သူများကိုယ်စား ဦးဝင်းနိုင်ပါ (၁၉)အိမ်စုအား ဈေးရှေ့ရပ်ကွက်အတွင်းသို့ ထည့်ဝင် ပူပေါင်းပေးနိုင်ပါရန် တောင်းဆိုဆွေးနွေးခဲ့ပါတယ်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဖယ်ခုံမြို့နယ်

အုပ်ချုပ်ရေးမှူးသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည် တင်ပြရာတွင် ဦးဝင်းနိုင်ပါ (၁၉)အိမ်စုသည် ဈေးရှေ့ရပ်ကွက်အတွင်းသို့ ပြောင်းရွှေ့သတ်မှတ်ရန် မြေပုံအနေအထားအရ နေအိမ်များကွေ့ဝိုက်၍ ဆွဲထုတ်ရမည်ဖြစ်ခြင်း၊ နေအိမ်တစ်ဆက် တစ်စပ်တည်း တည်ရှိမှုမရှိခြင်းများကြောင့် နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရန် မသင့်ကြောင်း၊ အုပ်ချုပ်ရေး၊ လူမှုရေးအမြင်အရ မည်သည့်ရပ်ကွက်တွင်ပါဝင်သည်ဖြစ်စေ အခွင့်အရေး မဆုံးရှုံးကြောင်း၊ မြို့နယ်ပြည်သူ့ကောင်စီအဖွဲ့ နယ်နိမိတ်သတ်မှတ်ချက်နှင့် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေရာဇဝင်စိစစ်ချက်အရ မြို့ကုန်းရပ်ကွက် အတွင်းပါဝင်ပြီး ဈေးရှေ့ရပ်ကွက်အဖြစ်ပြင်ဆင်ရန် လျော်ကန်မှုမရှိသဖြင့် မြို့ကုန်းရပ်ကွက် အဖြစ် ရပ်တည်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိနိုင်ပါရန်နှင့် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြခဲ့ပါတယ်။ အမှန်တကယ်မြေပြင်အခြေအနေတွင် ပြောင်းရွှေ့သတ်မှတ်ရန် မြေပုံအနေအထားအရ ရှင်းလင်းလွယ်ကူပြီး မြေပြင်အခြေအနေအမှန်ကို သိရှိနိုင်ရန်အတွက် အထက်မှ တာဝန်ရှိပုဂ္ဂိုလ်များမှ ကိုယ်တိုင်လာရောက်ကွင်းဆင်းစေလိုပါတယ်။ အုပ်ချုပ်ရေး၊ လူမှုရေး အမြင်အရ မည်သည့်ရပ်ကွက်တွင် ပါဝင်သည်ဖြစ်စေ၊ အခွင့်အရေး မဆုံးရှုံးနိုင်ကြောင်း ဆိုသော်လည်း လက်တွေ့အခြေအနေတွင် ရပ်ရွာဓလေ့အရ များစွာ အခက်အခဲရှိနေပါတယ်။ ဖယ်ခုံမြို့နယ်အုပ်ချုပ်ရေးမှူးသည် ပြည်သူလူထုများ၏ ဆန္ဒနှင့် ဆန့်ကျင်ပြီး အထက်သို့ တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ကျွန်မမေးမြန်းလိုသည့်မေးခွန်းမှာ မြို့ကုန်းရပ်ကွက်နှင့် အဆိုပါ (၁၉)အိမ်သည် ဧက(၂၀)ခန့်ရှိသော မြို့မသရီုင်းနှင့် ခြားနေပြီး ဈေးရှေ့ရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသောကြောင့် ဦးဝင်းနိုင်ပါ(၁၉) အိမ်စုအား ဈေးရှေ့ရပ်ကွက်အတွင်းတွင် ပူးပေါင်းပါဝင်သတ်မှတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ။ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ပြောင်းလဲသတ်မှတ်ပေးမည်ကို သိရှိလိုပြီး၊ မရှိဆိုပါက မည်သည့်အကြောင်းကြောင့် မသတ်မှတ်ပေးနိုင်သည်ကို သိရှိလိုပါသဖြင့် ပြည်သူများ၏ ကိုယ်စားရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့်သက်ဆိုင်ရာသို့ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဒေါ်မေရီနို့ မေးမြန်းလာတဲ့ ဖယ်ခုံမြို့နယ်ရှိ မြို့ကုန်းရပ်ကွက် နှင့် ဈေးရှေ့ ရပ်ကွက်အကြားတွင် နေထိုင်သည့် ဦးဝင်းနိုင်ပါ (၁၉)အိမ်စုသည် ဧက (၂၀)ခန့်ရှိသော မြို့မ သရီုင်းနှင့်ခြားနေပြီး ဈေးရှေ့ရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသောကြောင့် အဆိုပါ (၁၉)အိမ်စုအား ဈေးရှေ့ရပ်ကွက်အတွင်းတွင် ပူးပေါင်းပါဝင် သတ်မှတ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ပြောင်းလဲသတ်မှတ်ပေးမည်နှင့် မရှိပါက မည်သည့် အကြောင်းကြောင့် မသတ်မှတ်ပေးနိုင်သည်ကို သိရှိလိုပါသည်နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကိုယ်စား ကျွန်တော် ပြန်လည် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ဖယ်ခုံမြို့နယ်၊ မြို့ကုန်းရပ်ကွက်မှ ဈေးရှေ့ရပ်ကွက်အတွင်းသို့ ပူးပေါင်းနေထိုင် လိုကြောင်း ဦးဝင်းနိုင်(၁၃/ဖခန(နိုင်)၀၀၅၄၁၆)ပါ (၁၉)အိမ်စုမှ တင်ပြလာမှုအပေါ် မြို့ကုန်း ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူလူထု၊ ရပ်မိရပ်ဖများ၏ သဘောထားများနှင့် ဈေးရှေ့ ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူလူထု၊ ရပ်မိရပ်ဖများ၏ သဘောထားများနှင့် မြေပြင် သဘောထားရယူခဲ့ရာ ဈေးရှေ့ရပ်ကွက်အတွင်းရှိဒေသခံပြည်သူလူထု၊ ရပ်မိရပ်ဖများအားလုံး က သဘောတူလက်ခံခဲ့ပြီး၊ မြို့ကုန်းရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူ လူထု၊ ရပ်မိရပ်ဖများ အနက်(၁၂၀)ဦးမှလက်ခံခဲ့ပြီး (၂၈)ဦးမှာ လက်ခံနိုင်ခြင်းမရှိကြောင်း၊ ဖယ်ခုံမြို့နယ် စီမံ ခန့်ခွဲမှုကော်မတီအနေဖြင့် ကန့်ကွက်ရန် မရှိကြောင်း တင်ပြလာမှုအပေါ် တောင်ကြီးခရိုင် စီမံ ခန့်ခွဲမှုကော်မတီ အနေဖြင့်လည်း ပြောင်းရွှေ့မှုကို လက်ခံမည့် ဈေးရှေ့ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများ အားလုံးမှ လက်ခံသဖြင့် ကန့်ကွက်ရန်မရှိပါကြောင်းကို ၁၈-၉-၂၀၁၈ရက်စွဲပါ စာအမှတ်၊ ၃/၄၂-၃(၁၄၅၄)/ဦး၁ ဖြင့် သဘောထားပေးပို့လာပါတယ်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးသို့ တင်ပြ အတည်ပြုချက်ရယူပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးစိုင်းလှဝင်း က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စာလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ

ကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါရွာရှိ နမ့်ပိန်းချောင်းအား ဖြတ်ကူးမည့် အကျယ်ပေ (၁၆၀)ရှိ တံတားအတွက် တည်ဆောက်ပေးနိုင်မည့် အခြေအနေရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်း မြို့အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါရွာရှိ နမ့်ပိန်းချောင်းအား ပြည်သူလူထုနှင့် ဌာန ဆိုင်ရာပူးပေါင်းပြီး ကွန်ဂရစ်တံတားတစ်ခု တည်ဆောက်ခဲ့ပါတယ်။ သို့သော် စံချိန် စံညွှန်း မမီသဖြင့် မိုးတွင်းရေကြီးရာတွင် အလယ်တိုင်ယိုင်သွားခဲ့ရာ နိုင်ငံတော် ရန်ပုံငွေဖြင့် ထပ်မံ မွမ်းမံပြင်ဆင်ခဲ့ပါသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆိုင်ကယ်များ၊ ယာဉ်ငယ်များသာ ဖြတ်သန်း သွားလာနိုင်ပါတယ်။ ထို့ကြောင့် ခြောက်သွေ့သောရာသီမှသာ တောင်ဖက်ပိုင်းရှိ အုပ်စုတွင်နေထိုင်သည့် ပြည်သူလူထု၏ စားဝတ်နေရေးနှင့် စီးပွားရေး၊ လူမှုရေး အဖက်ဖက်မှ သွားလာရာမှာ နမ့်ပိန်းချောင်းကိုသာလျှင် ဆင်းပြီး ကုန်တင်ယာဉ်နှင့် လူတင်ယာဉ်များတို့ သွားလာကြပြီး မိုးရာသီတွင် ဖြတ်သန်းသွားလာခြင်းမရှိ တော့ပါ။ ထို့ကြောင့် အစိုးရအဖွဲ့ အနေဖြင့် (၁၆၀)ပေရှိ နမ့်ပိန်းချောင်းကူးတံတားတည်ဆောက်ပေးနိုင်ရန်အတွက် ဒုတိယ အကြိမ်၊ ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် တင်ပြမေးမြန်းခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ကတိကဝတ်ဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။သို့သော် အဆိုပါလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ်တွင် ပါဝင်ခဲ့ခြင်းမရှိသလို (၁၂)လတွင်လည်း ဆောင်ရွက်ရန် လုံးဝ သတ်မှတ်လျာထားခြင်းမရှိ ခဲ့သည်ကို လေ့လာသိရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်မေးမြန်းခဲ့ရာတွင်လည်း ပြည်သူလူထုမှ စိတ်အဝင်စားဆုံး မေးခွန်းဖြစ်ခဲ့ပါတယ်။ ကျွန်တော်ရောက်သွားတိုင်းလည်းမေးမြန်း ကြပါတယ်။ အဘယ်ကြောင့်ဆိုသော် ထိုတံတား၏ တောင်ဘက်သည် မိုင်းပျဉ်းမြို့နယ်၏ အခရာကျသော ကျေးရွာအုပ်စုဖြစ်ပါတယ်။ ကျေးရွာအုပ်စု (၁၀)အုပ်စု ရှိပြီး လူဦးရေ (၂၀၀၀၀) ကျော် ရှိပါတယ်။ ထို့အပြင် မိုင်းဆတ်မြို့နှင့် မိုင်းပျဉ်းမြို့ ဆက်စပ်သည့် လမ်းတစ်ခုလည်း ဖြစ်သည့်အပြင် အကျိုးပြုသည့် တံတားတစ်စင်းဖြစ်မည်ဟုလည်း ယုံကြည်ပါတယ်။ ထို့အပြင် တောင်ဘက်တွင် ဆန်၊ စပါး အင်မတန်မှ ပေါများသည့် မိုင်းပျဉ်းမြို့ကို လုပ်ကျွေး နေသည့်အပြင် ဆန်၊ စပါး၊ လက်ဖက်၊ ပဲမျိုးစုံ၊ ကြံ၊ အခြားနှစ်ရှည်သီးနှံပင်များသည် ထိုကျေးရွာအုပ်စု (၁၀)အုပ်စုမှ အများဆုံးထွက်ရှိသည့်အပြင် စီးပွားရေး၊ လူမှုရေး အဘက်

ဘက်မှ ပြန်ကြည့်မည်ဆိုလျှင် ထိုတံတားအားတည်ဆောက်ပေးမည်ဆိုပါက မိုင်းပျဉ်းမြို့နယ်အတွက် အမှန်တကယ်အကျိုးပြုနိုင်မည့် တံတားတစ်စင်းဖြစ်လာမှာဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အကယ်၍များ တံတားမဖြစ်ခဲ့ပါက ထိုဒေသသို့ အခေါက်ခေါက် အခါခါသွားတိုင်း ထိုမေးခွန်းမျိုးမေးမြန်းနေမည်သာဖြစ်ကြောင်း ယုံကြည်မှုနှင့်အညီ မိုင်းပျဉ်းမြို့နယ် အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါရွာ ကျောက်ချောလမ်းတွင်ရှိ နမ့်ပိန်းချောင်းကူးတံတားအကျယ် (၁၆၀)ပေအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် အမှန်တကယ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာတင်ပြ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း မေးမြန်းသည့် မိုင်းပျဉ်းမြို့နယ်၊ နမ့်ပိန်းချောင်းကူးတံတားအကျယ် (၁၆၀)ပေအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် အမှန်တကယ် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ဆက်လက်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့ (၃)ရပ်ကွက်၊ စွန်တောင်းရွာမှ ယမ်းမိုင်အုပ်စု နားခေါကျေးရွာသွားလမ်းသည် လမ်းအဆင့်အတန်း (A)၊ ဦးစားပေးအဆင့် (၁) သတ်မှတ်ထားသော လမ်းဖြစ်ပြီး စုစုပေါင်းလမ်းအရှည် (၄/၀)မိုင်ရှိပါတယ်။ ကျေးရွာအုပ်စု (၁၁) အုပ်စု၊ ကျေးရွာပေါင်း (၁၆၀)၊ အိမ်ခြေ (၄၅၂၁)အိမ်၊ လူဦးရေ (၂၃၆၂၁)ဦး တို့အား အကျိုးပြုသော လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်ရှိ နမ့်ပိန်းချောင်းကူး တံတားအား သံကူကွန်ကရစ်တံတား (၁၆၀)ပေ အဖြစ်တည်ဆောက်ပေးမည်ဆိုပါက (၄၃၂.၀၀)သန်း ကုန်ကျမည်ဖြစ်ပါတယ်။ လမ်းအဆင့်အတန်း နှင့် ဦးစားပေးသတ်မှတ်ချက် A 1 လမ်းပေါ်တွင် တည်ရှိသော နမ့်ပိန်းချောင်းကူး သံကူကွန်ကရစ်တံတား (၁၆၀)ပေ တည်ဆောက်ရန်အတွက် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ စာရင်းတွင် ထည့်သွင်း လျာထားခဲ့သော်လည်း ဘဏ္ဍာငွေခွဲဝေရရှိခဲ့ခြင်း မရှိခဲ့ပါ။ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အတွက် မြို့နယ်စီမံကိန်း လျာထားချက်များ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း ဦးစားပေး လိုအပ်ချက်အလိုက် မြို့နယ်မှ ထည့်သွင်းလျာထားတင်ပြလာပါက ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းတွင် တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။

ရေးရာကော်မတီဝင်များ အစားထိုး၊ပြောင်းလဲ၊ဖြည့်စွက် တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသား လူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စများကို လေ့လာတင်ပြနိုင်စေရေး အတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း နိုင်သည်။ လွှတ်တော် အစည်းအဝေးတစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာ သည့်အခါ ဥက္ကဋ္ဌသည်ကော်မတီတွင် ပါဝင်ရမည့်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ် တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြု ချက် ရယူရမည်ဟု ၂၀၁၀ ခုနှစ်၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃ နှင့် ၂၄ တို့မှာ ပြဋ္ဌာန်းထားပါတယ်။

၂၀၁၀ခုနှစ်၊ မတ်လ (၂၅)ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)၌ လွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄နှင့် နည်းဥပဒေ ၆၂ တို့အရ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အောက်ဖော်ပြပါကော်မတီဝင် (၃)ဦးကို ဖြည့်စွက်ဖွဲ့စည်း တာဝန်ပေးအပ်သွားမှာဖြစ်ပါတယ်-

(၁) ဦးခင်မောင်ညွန့် ကျေးသီးမြို့နယ်မဲဆန္ဒနယ်အမှတ်-၂ အဖွဲ့ဝင်
(၂) ဒေါက်တာဝဏ္ဏစိုး ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်-၂ အဖွဲ့ဝင်
(၃) ဦးစိုင်းလှဝင်း မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်-၂ အဖွဲ့ဝင်

သို့ဖြစ်ပါ၍ ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီဝင် ဖြည့်စွက်ဖွဲ့စည်းမည့် အမည်စာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ကော်မတီဝင်ဖြည့်စွက်ဖွဲ့စည်း တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဒါ့ကြောင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီတွင် ပါဝင် သည့် အမည်စာရင်းကို တင်ပြပါမယ်။

(၁)	ဦးခင်မောင်တင့်	တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်-၂	ဥက္ကဋ္ဌ
(၂)	ဦးဒါဝိဒ်	မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်-၂	အဖွဲ့ဝင်
(၃)	ဦးတင်လှိုင်	နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်-၁	အဖွဲ့ဝင်
(၄)	ဦးစိုင်းမွန်းလိန်	မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်-၁	အဖွဲ့ဝင်
(၅)	ဦးရန်ကျော်	ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်-၂	အဖွဲ့ဝင်
(၆)	ဦးခင်မောင်ညွန့်	ကျေးသီးမြို့နယ်မဲဆန္ဒနယ်အမှတ်-၂	အဖွဲ့ဝင်
(၇)	ဒေါက်တာဝဏ္ဏစိုး	ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်-၂	အဖွဲ့ဝင်
(၈)	ဦးစိုင်းလှဝင်း	မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်-၂	အဖွဲ့ဝင်
(၉)	ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကို	ကြည်း-၁၉၀၃၅၅	အဖွဲ့ဝင်
(၁၀)	ဒေါ်နန်းစမ်းစမ်းအေး	သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်-၁	အတွင်းရေးမှူး

တို့ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ယခု ဆက်လက်ပြီး ရှမ်းပြည်နယ်လွှတ်တော်မှာ လစ်လပ်နေတဲ့ ကော်မတီဝင်နေရာ များကို အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် ရေးရာကော်မတီ(၁၀)ခုကို ဖွဲ့စည်းခဲ့ရာ အောက်ပါရေးရာ ကော်မတီ (၃)ခုမှ တပ်မတော်သားကိုယ်စားလှယ်များသည် ပြောင်းရွှေ့ သွားတဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၀ အရ ရေးရာကော်မတီဝင်များနေရာ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက် တာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်-

(၁) **ပညာရေး၊ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီမှာ-**

(က) ကြည်း-၃၆၃၂၀ ဗိုလ်မှူး ရဲမြတ်ထွန်း (အစား)
ကြည်း-၄၈၇၅၂ ဗိုလ်ကြီး ရဲနောင်ဇော်

(၂) **တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီမှာ-**

(က) ကြည်း-၂၃၈၁၄ ဒုတိယဗိုလ်မှူးကြီးကျော်သူရ (အစား)
ကြည်း-၃၃၄၉၄ ဗိုလ်မှူး လင်းကျော်ခိုင်

(၃) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာ ကော်မတီမှာ-**

(က) ကြည်း-၃၀၀၈၉ ဗိုလ်မှူး ဇော်လင်းထွေး (အစား)
ကြည်း-၃၃၇၉၇ ဗိုလ်မှူး ထွန်းထွန်း

သို့ဖြစ်ပါ၍ ဖော်ပြပါကော်မတီများတွင် စုစုပေါင်း ရေးရာကော်မတီအဖွဲ့ဝင်(၃)ဦး လစ်လပ်သွားတဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၀ အရ ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက် တာဝန်ပေးအပ်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်မှ သဘောတူတဲ့အတွက် လစ်လပ်သွားသောရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက် တာဝန်ပေးခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (သတ္တမနေ့) ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ နှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် (အင်္ဂါနေ့) နံနက် (၁၀) နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်
ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
(သတ္တမနေ့)မှတ်တမ်း
၁၃၈၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်
[အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၁၄၃)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၂.၅၂%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၁၈၀(က) နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (သတ္တမနေ့)အစီအစဉ်ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်

လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅-၉-၂၀၁၈) ရက်နေ့ (သတ္တမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက်ခွင့်(၁)ရက်

ယခင်ကခွင့်ပန်ကြားထားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ(၂၄)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၅)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေ လေးစားစွာ ဖြင့် တင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၃)ဦး၊ ယခင်ကခွင့်ပန်ကြားထားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ(၂၄)ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၂၅)ဦး ရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၈)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်နန်းခင်ထားရီက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ၊ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာနံနက်ခင်းပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမည့် မေးခွန်းကတော့ သိန္နီမြို့နယ်၊ ဟွတောင်ကျေးရွာအုပ်စု၊ အ.မ.က (လန်ဒွဲဟော်)အား တာဝန်ယူဆောက်လုပ်သည့်သုခဦးကုမ္ပဏီနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

(၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်တွင် သိန္နီမြို့နယ်၊ ဟွတောင်ကျေးရွာအုပ်စု၊ အ.မ.က (လန်ဒွဲဟော်)ကို နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သိန်း(၂၇၀)ဖြင့် သုခဦးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ (၂၀၁၈-၂၀၁၉)ပညာသင်နှစ်တွင် ကျောင်းသူ/ ကျောင်းသားများက လုံခြုံအေးချမ်းစွာဖြင့် ပညာရေးနို့သောက်စို့လျက်ရှိပါတယ်။ ဒေသခံတိုင်းရင်းသားမိဘပြည်သူများနှင့် ကျောင်းသား/ကျောင်းသူများကိုယ်စား ကျေးဇူးအထူးတင်ရှိပါတယ်။

သို့သော် အ.မ.က(လန်ဒွဲဟော်)အား တာဝန်ယူဆောက်လုပ်ခဲ့သည့် သုခဦးကုမ္ပဏီသည် ဒေသခံတိုင်းရင်းသားများထံမှကျောင်းဆောက်လုပ်စဉ်တွင် သစ်ဖိုး(၁,၁၆၅,၇၅၀)ကျပ်၊ ရေသဲတင်ခ(၂၀၀,၀၀၀)ကျပ်၊စုစုပေါင်း(၁,၃၆၅,၇၅၀)ကျပ်တစ်ဆယ့်သုံးသိန်းခြောက်သောင်းငါးထောင်ခုနှစ်ရာငါးဆယ်တိတိ ပေးချေရန်ကျန်ရှိနေပါတယ်။ (၉ - ၅ - ၂၀၁၈)ရက်နေ့တွင် ဟွေတောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် သိန္နီမြို့နယ် ပညာရေးမှူးရုံးသို့ ရရန်ရှိသောငွေကို တောင်းခံပေးပါရန် လာရောက်အကူအညီ တောင်းခဲ့ပါတယ်။ လားရှိုးမြို့တွင် နေထိုင်သော သုခဦးကုမ္ပဏီတာဝန်ခံ ဦးထွန်းထွန်းနှင့် သွားရောက်တွေ့ဆုံခဲ့သော်လည်း ပန်းရံဆရာနှင့်သာ သက်ဆိုင်သည်ဟု အချင်းချင်း လွှဲချနေသည်ကို သိရှိရပါတယ်။ (၃၁.၅.၂၀၁၈)ရက်နေ့တွင် သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ လစဉ် ပုံမှန် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး အစည်းအဝေးတွင်လည်း ဟွေတောင်ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျွန်မအား ရရန်ရှိသောငွေကို တောင်းခံပေးပါရန် တင်ပြလာပါသည်။ ၎င်းနေ့တွင်ပင် ကျွန်မက သုခဦး ကုမ္ပဏီတာဝန်ခံ ဦးထွန်းထွန်းထံ ဖုန်းဆက်ပြီး အကျိုးအကြောင်းမေးမြန်းခဲ့ပါတယ်။ ကျွန်မက လွတ်တော်တွင် မေးခွန်းမေးပါက ကုမ္ပဏီသိက္ခာကျဆင်းမည် စိုးရိမ်သဖြင့် ကုမ္ပဏီပိုင်ရှင်၏ ဖုန်းနံပါတ်ပေးရန် တောင်းဆိုသော်လည်း ကုမ္ပဏီသူဌေးက သူ့ဖုန်းနံပါတ်အား မည်သူ့ကိုမျှမပေးခိုင်းကြောင်း၊ ကျွန်မက ဦးထွန်းထွန်းအား လာရောက်ဖြေရှင်းပေးရန် ဇွန်လကုန်ထိ အချိန်ပေးမည်ဟု ပြောကြားသည်ကိုလည်း ဦးထွန်းထွန်းက လက်ခံခဲ့ပါတယ်။ သို့သော် ယနေ့ထိ လာရောက်ဖြေရှင်းခြင်း မပြုသေးကြောင်း သြဂုတ်လကုန်ရက် ရပ်/ကျေး ပုံမှန်အစည်းအဝေးတွင် ဟွေတောင် အုပ်ချုပ်ရေးမှူးထံမှ ထပ်မံတင်ပြ အကူအညီတောင်းခံ လာခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ တနေ့လုပ်မှ တနေ့စားရသော တောင်ပေါ်နေ တိုင်းရင်းသားပြည်သူများအနေဖြင့်ငွေကျပ် (၁,၃၆၅,၇၅၀)သည် အလွန်တန်ဖိုးကြီးမားလှသော်လည်း ကုမ္ပဏီများအတွက်မှာ များသောပမာဏမဟုတ်ပါ။ ထို့ကြောင့် ဒေသခံတိုင်းရင်းသားများ၏ ရရန်ရှိသောငွေကို မည်သည့်နေ့ရက်တွင် ပေးချေမည်နည်းနှင့် ဤကဲ့သို့ ပမာဏနည်းသော ငွေကြေးကိုပင် တာဝန်ယူမှု တာဝန်ခံမှုမရှိသော သုခဦးကုမ္ပဏီကို မည်ကဲ့သို့အရေးယူမည်ကို သိရှိလိုပါသဖြင့် ဟွေတောင်ကျေးရွာအုပ်စုကိုယ်စား လွတ်တော်ဥက္ကဋ္ဌမှတဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ လေ့လာသူဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ သိန္နီမြို့နယ်၊ အ.မ.က (လန်ဒွဲဟော်) အား

တာဝန်ယူဆောက်လုပ်ခဲ့သည့် သုခဦးကုမ္ပဏီသည် ဒေသခံတိုင်းရင်းသားများထံမှ ကျောင်းဆောက်လုပ်စဉ် သစ်ဖိုး၊ ရေသဲတင်ခ ပေးချေရန်ကျန်ရှိနေပါသဖြင့် အဆိုပါငွေကို မည်သည့်နေ့ရက်တွင် ပေးချေမည်နည်းနှင့် ပမာဏနည်းသော ငွေကြေးကိုပင် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော သုခဦးကုမ္ပဏီကို မည်ကဲ့သို့အရေးယူမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

သိန္နီမြို့နယ်၊ အ.မ.က(လန်ဒွဲဟော်)ကျောင်းဆောင်အဆောက်အဦအား ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာနှစ်တွင် လားရှိုးမြို့ ရပ်ကွက်(၁)နေ မန်နေးဂျင်းဒါရိုက်တာ ဦးမျိုးဆန်းထွန်း၏ သုခဦးကုမ္ပဏီမှ ရန်ပုံငွေကျပ်(၂၇)သန်းဖြင့် တင်ဒါအောင်မြင်၍ တာဝန်ခံဆောင်ရွက်ခဲ့သော အဆောက်အဦဖြစ်ပါသည်။ ၎င်းအဆောက်အဦအား စာချုပ်စည်းကမ်းပါအတိုင်း စံချိန်စံညွှန်းများဖြင့် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်သည့်အတွက် သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်ကြီးကြပ်ကော်မတီအသီးသီး၏ ထောက်ခံချက်များနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲ၍ ကုမ္ပဏီသို့ပေးချေရန် တင်ပြတောင်းခံလာသောကြောင့် အဆောက်အဦဦးစီးဌာန အနေဖြင့် ၂၀၁၈ခုနှစ်၊ မေလတွင် နောက်ဆုံးအရစ်ပေးချေခဲ့ပြီး ဖြစ်ပါတယ်။ အဆောက်အဦကို မြို့နယ်ပညာရေးမှူးနှင့် အ.မ.က ကျောင်းအုပ်ထံသို့လည်း လွှဲပြောင်းပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စာချုပ်စည်းကမ်းအရ လုပ်ငန်းဆောင်ရွက်သူ သုခဦးကုမ္ပဏီသို့ ငွေပေးချေရန်သာ အဆောက်အဦ ဦးစီးဌာနအနေဖြင့် တာဝန်ရှိပါတယ်။ သုခဦးကုမ္ပဏီမှ အဆောက်အဦဆောင်ရွက်ရာတွင် တဆင့်ခံပေးချေရမည့် ပစ္စည်း/လုပ်သားခေါင်းဆောင်တို့အစရှိသည့် ဆက်နွယ်သူများကို ကုမ္ပဏီမှသာ ပေးချေရန်ဖြစ်ပါတယ်။ သုခဦးကုမ္ပဏီနှင့် ၎င်းကုမ္ပဏီမှ ပေးချေရန် ကျန်ရှိသော သူတို့ကို ရှမ်းပြည်နယ်အဆောက်အဦ ဦးစီးဌာနသို့ ၂၀၁၈ခုနှစ် ၊ စက်တင်ဘာလအတွင်း ခေါ်ယူ၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော သုခဦးကုမ္ပဏီကို နောက်နောင်ဤကဲ့သို့ မပြုလုပ်ရန် ပြင်းထန်စွာ သတိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ။ ယနေ့ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် အစည်းအဝေးသို့ ကြွရောက်လာကြသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်

တော်ကြီးများအားလုံး၊ လေ့လာသူများအားလုံး မဂ််လာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရွမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ပြုလုပ်တဲ့အစည်းအဝေးမှာ ရွမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခရီးသွားလာရေးလုပ်ငန်းဟာ ကမ္ဘာမှာအရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာ ဖန်တီးပေးသည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားအဖြစ် တည်ရှိလျက်ရှိပါတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်တဲ့လုပ်ငန်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ခရီးသွားလုပ်ငန်းကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်ပါက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို များစွာ အထောက်အကူပြုနိုင်ပါတယ်။

ကျွန်တော်တို့ ရွမ်းပြည်နယ်အတွင်းမှာ တန်ဖိုးမဖြတ်နိုင်သော တိုင်းရင်းသား ပေါင်းစုံတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ၊ သဘာဝရှုခင်းများနှင့် ပေါကြွယ်ဝလှတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ရွမ်းပြည်နယ်အစိုးရအဖွဲ့၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအနေဖြင့် ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလမှစ၍ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းခရီးစဉ်တွင် (Permission Tour) များ သွားလာနိုင်ရေးအတွက် ခွင့်ပြုခဲ့ပြီလို့ လေ့လာတွေ့ရှိရပါတယ်။ ဤလမ်းကြောင်းခရီးစဉ်တွင် မည်သည့်ကမ္ဘာလှည့် ခရီးသွားများမဆို သွားလာနိုင်ရေး ခွင့်ပြုပေးပါက ရွမ်းပြည်နယ်နှင့် ပြည်ထောင်စုခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ခွင့်ပြုပေးပါက ရွမ်းပြည်နယ်အတွင်းရှိ မော်တော်ယာဉ်လိုင်းများ၊ လမ်းမကြီး တစ်လျှောက်ရှိ စားသောက်ဆိုင်များ ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ဟိုတယ်များ၊ မိုတယ်များ၊ တည်းခိုရိပ်သာလုပ်ငန်းရှင်များ အလုပ်အကိုင်၊ အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာမှာ ဖြစ်ပါတယ်။မြန်မာနိုင်ငံ၏ ခရီးသွားလာရေးလုပ်ငန်း ရောင်းကုန်သစ်များ တစ်နည်းအားဖြင့် လေ့လာစရာ နေရာသစ်များကိုလည်း တစ်ပါတည်းဖော်ဆောင်ပြီးသားဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ အစည်းအဝေးမှာ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းခရီးစဉ်တွင် (Permission Tour) များအပြင် အခြားမည်သည့် ကမ္ဘာလှည့် ခရီးသည်များမဆို လွတ်လပ်စွာသွားလာခွင့်ကို ယခုနှစ်ခရီးသွားရာသီအမီ ခွင့်ပြုပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် မရှိသေးပါက မည်သည့်အကြောင်းကြောင့် ခွင့်မပြုနိုင်သည်ကို ဖြေကြား ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေ။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပထမဦးစွာ ဂါ ရဝပြုနူတ်ခွန်းဆက်သအပ်ပါတယ်။ လွှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၏ တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်းကြောင်းခရီးစဉ်တွင် (Permission Tour) များအပြင် မည်သည့်အခြားကမ္ဘာလှည့် ခရီးသည်များမဆို လွတ်လပ်စွာသွားလာ ခွင့်ကို ယခုနှစ်ခရီးသွားရာသီအမီ ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက မည်သည့် အကြောင်းကြောင့် ခွင့်မပြုသည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်းကြောင်းအတိုင်း သွားရောက်လိုသည့် ခရီးစဉ်များအား ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလမှစ၍ (Permission Tour) များသွားလာမှု ရပ်တန့်ခဲ့ရာမှ အဆိုပါလမ်းအခြေအနေမှာ အေးချမ်းတည်ငြိမ်မှုရှိသဖြင့် ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့်ပတ်သက်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၇)အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ကန့်ကွက်ရန်မရှိကြောင်း သဘောထား တင်ပြလာပါသဖြင့် တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်းကြောင်းခရီးစဉ်တွင် (Permission Tour)များသွားလာနိုင်ရေးအတွက် ၎င်းကော်မတီမှ သဘောတူခွင့်ပြု၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါကြောင်း နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး၏ (၁.၁၁.၂၀၁၇) ရက်စွဲပါစာအမှတ် ၅၁၁ (၄၅၅)/၁၂ သမ္မတရုံးဖြင့် အကြောင်းကြားလာမှုအပေါ် ဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်တွင် အထက်ပါလမ်းကြောင်းအား ခရီးသွားများသွားလာရန်အတွက် ခွင့်ပြုမိန့် (Permission)အား ပြည်ထောင်စုအစိုးရသို့ (၂)ပတ်ကြိုတင် တင်ပြရပါတယ်။ အမျိုးသား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ (၁/၂၀၁၈) အစည်းအဝေးတွင် ခရီးစဉ်လမ်းကြောင်းများနှင့် ပတ်သက်၍ ခရီးသွားမြှင့်တင်ရန် နိုင်ငံတော်မှ ပံ့ပိုးပေးရမည့်အချက်များတင်ပြခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပြီး ခွင့်ပြုမိန့်ရရှိခြင်းမရှိသေးပါ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် EP ဖြင့်ဝင်ရောက်လာသော ခရီးသွားများ ရှမ်းပြည်နယ်အတွင်း လွယ်ကူစွာသွားလာခွင့်ပြုပါရန်၊ VISA ဖြင့်လာသော ဧည့်သည်များအား နိုင်ငံတော်အစိုးရ၏ Permission အစား ကားလမ်းမှ ရှမ်းပြည်နယ်အစိုးရ၏ခွင့်ပြုချက်ဖြင့်

တာချီလိတ်- ကျိုင်းတုံမှ တောင်ကြီး- အင်းလေးဒေသသို့ ဝင်ရောက်ခွင့်ပြုနိုင်ပါရန်၊ လာအို-မြန်မာချစ်ကြည်ရေးတံတား အမြန်ဖွင့်လှစ်ခွင့်ပြုရေးနှင့် ခွင့်ပြုပါက(၂)နိုင်ငံခရီးစဉ်တစ်ခု၊ (၃)နိုင်ငံခရီးစဉ်တစ်ခု၊ ခရီးစဉ်များ ဖော်ထုတ်နိုင်ရန်အတွက် တံတားအမြန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန်၊

ရှမ်းပြည်(မြောက်ပိုင်း)တွင်လက်ရှိမူဆယ်မှဝင်သော ခရီးသွားများ(၁၀၅)မိုင်ထိ ခွင့်ပြုထားမှုရှိပါတယ်။ မူဆယ်မြို့တွင် အသစ်ဖွင့်မည့် ဟိုဆောင်ဂိတ်အား အမြန်ဖွင့်လှစ်နိုင်ရေးနှင့် ၎င်းဂိတ်မှ Visa On Arrival ခွင့်ပြုပေးနိုင်ပါရန်၊ ချင်းရွှေဟော်ဂိတ် အမြန်ဖွင့်လှစ်ပေးနိုင်ရန်နှင့် Visa On Arrival လျှောက်ထားပါက ခွင့်ပြုပေးနိုင်ပါရန်၊

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဟဲဟိုးလေဆိပ် အဆင့်မြှင့်တင်ခြင်းအား နိုင်ငံတော်မှ ဆောင်ရွက်နေသော်လည်း အဆင့်မြှင့်တင်ခြင်း မပြီးမီ CIQ စနစ်တပ်ဆင်ပေးနိုင်ပါရန်၊ CIQ တပ်ဆင်ပြီးပါက အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် ပြည်နယ်ခွဲများဖြစ်သော(တယ်ဟုန်၊ လင်ချန်း၊ ထိန်ချုန်း)တို့နှင့် တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းခွင့်ပြုနိုင်ပါရန်၊ CIQ တပ်ဆင်ပြီးပါက အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံမှ ချင်းရိုင်၊ ချင်းမိုင်(ဇင်းမယ်)၊ ဘန်ကောက်တို့နှင့် တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းခွင့်ပြုနိုင်ပါရန် ပြည်ထောင်စုအစိုးရကို တင်ပြပြီးဖြစ်ပါသည်။

တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်းကြောင်းနှင့် အင်းလေး- စကား- ဖယ်ခုံ-မိုးဗြဲ- လွိုင်ကော်ရေလမ်းကြောင်းတွင် ခရီးသွားမြှင့်တင်ရေးအတွက် MRTV ရုပ်သံနှင့် ပြည်တွင်းဧည့်သည်များအတွက် မြန်မာဘာသာစကားဖြင့်လည်းကောင်း၊ ထိုင်းဧည့်သည်များအတွက် ထိုင်းဘာသာစကားဖြင့်လည်းကောင်း၊ ပြည်ပဧည့်သည်များအတွက် အင်္ဂလိပ်ဘာသာစကား ဖြင့်လည်းကောင်း ရိုက်ကူးထုတ်လွှင့်စီစဉ်ရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါလမ်းကြောင်းအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ ခွင့်ပြုချက်ရယူဆောင်ရွက်နေရဆဲဖြစ်သဖြင့် မည်သူမဆိုလွတ်လပ်စွာ သွားလာခွင့်ကို ယခုနှစ်ခရီးသွားရာသီအမီ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ(၁/၂၀၁၈)အစည်းအဝေးတွင် အဆိုပါလမ်းကြောင်းအား Permission Tour ခွင့်ပြုမိန့်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုနိုင်ရေး တင်ပြထားပြီးဖြစ်ပါသဖြင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် ကမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ယနေ့တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်များအပေါ် ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့၊ အထူးအဖွဲ့များအနေဖြင့် ယနေ့အချိန်အထိ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သက်ဆိုင်ရာ ခရိုင်/မြို့နယ်များအလိုက် အဖွဲ့အစည်းအရေအတွက်နှင့် မြေဧရိယာများစာရင်းကို သိရှိလိုသည်နှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ရှမ်းပြည်နယ်မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၊ အထူးအဖွဲ့နှင့် သက်ဆိုင်ရာပြည်နယ်၊ ခရိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများအနေဖြင့် ညွှန်ကြားချက်များနှင့် အညီသက်ဆိုင်ရာ ကာယကံရှင်များအား ဆက်သွယ်အကြောင်းကြားခြင်း၊ မြေပြင်ကွင်းဆင်းစိစစ်စာရင်းကောက်ယူပြုစု တင်ပြခြင်းလုပ်ငန်းများကို စိစစ်ဆောင်ရွက်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး အသိပင်ဖြစ်သလို အကြောင်းအမျိုးမျိုး၊ ခွင့်ပြုချက်ပုံစံမျိုးစုံတို့ဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများရယူထားသောသူများမှလည်း ခွင့်ပြုစဉ်ကပင် ယနေ့အထိ အကောင်အထည်ဖော် စိုက်ပျိုးခြင်းမရှိသော မြေများပေါ်တွင် ယခုအချိန်မှ ကြီးမြန်ပင်များဖြစ်သော ငှက်ပျောပင်၊ ဝါးပင်များနှင့် နှစ်ရှည်ပင်များ အလျင်အမြန်စိုက်ပျိုးနေကြသလို ကွန်ကရစ်တိုင်များဖြင့်ခြံစည်းများ ကာရံနေခြင်းများကိုလည်း အဆောတလျင် လုပ်ဆောင်နေသည်ကိုလည်း တွေ့ရှိလာနေရပါတယ်။ ဒါဟာခွင့်ပြုချက်ရယူထားသူများမှ မြေလွတ်၊မြေလပ်၊မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို လက်တစ်လုံးခြား ပြုလုပ်နေခြင်းဖြစ်ပြီး ခွင့်ပြုချက်မဲ့ရယူထားသူများမှလည်း

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ (ဗဟို)မှ ချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ညီညွတ်မှုရှိစေရန် ကြိုတင်စီမံ ဆောင်ရွက်နေကြောင်း တွေ့ရှိနေရ ပါတယ်။

ကျွန်တော်တို့ ကလောမြို့မှာဆိုရင် ပကတိမြေစာရင်း မြေပုံအတိုင်းအတာနှင့် အမှန်တကယ်အသုံးပြုနေသော မြေဧရိယာတိကျမှန်ကန်မှုရှိစေရန် မြို့နယ်ကွင်းဆင်း စိစစ်ရေး အဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၂(ဂ)နှင့် ၂၂(ဃ) ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေ (၅၃)အရလည်း ပြည်နယ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့မှလည်း အထူးအဖွဲ့၊ သီးခြားအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေသည်ကို လည်း သိရှိရပါတယ်။

အဆိုပါလုပ်ငန်းစဉ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပြင်ကွင်းဆင်း စိစစ်စာရင်းကောက်ယူပြုစုခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စာရွက်ပေါ်မှာရှိတဲ့ စာရင်းနှင့်မြေပြင်ပေါ်ရှိ စာရင်း များကိုက်ညီမှုရှိစေပြီး လုပ်ငန်းပြီးစီးမှု အခြေအနေမှန်ကို လည်းသိရှိနိုင်မှာ ဖြစ်သလို သြဂုတ်လ (၂၂.စ.၂၀၁၈ ရက်နေ့)တွင် ကျင်းပပြီးစီးခဲ့သည့် (၁၃)ကြိမ်မြောက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဗဟိုကော်မတီ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးမှ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်ကို လုပ်ငန်းရှင်ကြီးများသာမက သက်ဆိုင်ရာဒေသများရှိ လုပ်ကွက်ငယ်တောင်သူများ အနေဖြင့်လည်း တစ်ပိုင်တစ်နိုင် လျှောက်ထားရယူနိုင်ကြောင်း၊ ဥပဒေနှင့်အညီ လျှောက်ထားရယူကာ သတ်မှတ်ကာလအတွင်းစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ဆောင်ပြီး အမှန်တကယ်အကျိုးရှိအောင် အသုံးပြုနိုင်ရေးကို သက်ဆိုင် သူများက ဝိုင်းဝန်းထိန်းကျောင်း ကူညီပေးကြရန် လမ်းညွှန်ထားပြီးလည်းဖြစ်သောကြောင့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များမှ သိရှိထားရမည့် ကိန်းဂဏန်းအချက်အလက်များ ဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) အား ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ရာ အဆိုပါ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ပြည်နယ်အတွင်း

ဖွံ့ဖြိုးရေးစီမံကိန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသော ကဏ္ဍပေါင်းစုံအတွက် ရင်းနှီးမြုပ်နှံလိုသည့် ပြည်တွင်း၊ ပြည်ပ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများအတွက် မြေယာရှားပါးမှုပြဿနာများ၊ မြေယာဈေးကွက်များ အဆမတန်များပြားနေခြင်း၊ မြေဈေးကစားခြင်းစသည့် အခက်အခဲများကို ဖြည့်ဆည်းပေးနိုင် လိမ့်မည်လို့လည်း မျှော်လင့်မိပါတယ်။

ထို့အပြင် (၂၁.၉.၂၀၁၈)ရက်နေ့ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် (၁၄)ကြိမ်မြောက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးတွင်လည်း ယခင်ဗဟိုခွင့်ပြုချက်ဖြင့် သတ်မှတ်ကာလ (၄)နှစ် ကျော်လွန်သည်အထိ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ သိမ်းဆည်းမှုအပြင် ယနေ့အထိ (၁၁၆၇၁၇၆.၂၇)ဧက (ဧကတစ်ဆယ့်တစ်သိန်းကျော်)ကို ပြန်လည်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါသောကြောင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဗဟိုကော်မတီမှ ညွှန်ကြားချက်အတိုင်း ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲမှု အဆင့်ဆင့်သော အဖွဲ့များအနေဖြင့် ယနေ့အချိန်ထိ ဆောင်ရွက်ပြီးစီးမှုများကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်အလိုက် အဖွဲ့အစည်းအရေအတွက်နှင့် မြေဧရိယာဧကများကို သိရှိလိုရ၍ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော် ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မေးမြန်းသွားတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်များအပေါ် ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၊ အထူးအဖွဲ့များအနေဖြင့် ယနေ့အချိန်အထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သက်ဆိုင်ရာ ခရိုင်/ မြို့နယ်များအလိုက် အဖွဲ့အစည်း အရေအတွက်နှင့် မြေဧရိယာများကို သိလိုသည့်နှင့် မေးခွန်းနှင့်ပတ်သက်၍

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများနှင့် ပတ်သက်ပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၁၊ ၂၂(ဂ)၊ ၂၂(ဃ) နှင့် နည်းဥပဒေ ၅၃ တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည်-

ပုဒ်မ ၂၁ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့် ၊ အသုံးပြုခွင့် ရရှိသူက ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို လည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်။

ပုဒ်မ ၂၂(ဂ)တွင် မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

ပုဒ်မ၂၂ (ဃ)တွင် မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များ နှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက် ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

နည်းဥပဒေ ၅၃ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ/မရှိ ကို စစ်ဆေးရန် နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့မဟုတ် အထူးအဖွဲ့အား တာဝန်ပေးအပ်၍ ကွင်းဆင်း စစ်ဆေးဆောင်ရွက်စေရမည်။

စည်းကမ်းချက်တွင် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်ရမည့် ကာလကျော်လွန် ၍ လုံးဝစိုက်ပျိုးလုပ်ကိုင်မှုမရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအတွက် လုပ်ပိုင်ခွင့် ရရှိခဲ့သော ကာယကံရှင်များအား စာဖြင့်ဆက်သွယ်အကြောင်းကြားခြင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၂(ဃ)ပါ ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းထား သော အာမခံကြေးအား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း၊ မူလခွင့်ပြုမိန့်၊ ပယ်ဖျက်မိန့် ထုတ်ပြန်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာ ကာယကံရှင်အား အသိပေးရှင်းလင်း

ပြောကြားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် ပြဋ္ဌာန်းညွှန်ကြားထားရှိပြီးဖြစ်ပါတယ်။

စည်းကမ်းချက်တွင် သတ်မှတ်ထားသောဧရိယာ၏ တစ်စိတ်တစ်ပိုင်းသာ စိုက်ပျိုးလုပ်ကိုင်ထားရှိသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအတွက် လုပ်ပိုင်ခွင့်ရရှိခဲ့သော ကာယကံရှင်များအား စာဖြင့် ဆက်သွယ်အကြောင်းကြားခြင်း၊ လုပ်ပိုင်ခွင့်ရရှိထားသော ဧရိယာများအနက်မှ အမှန်တကယ် စိုက်ပျိုးထားသော ဧရိယာအား နည်းဥပဒေ ၅၃ လုပ်ထုံးလုပ်နည်းနှင့်အညီ ကွင်းဆင်းစိစစ်၍ ဆောင်ရွက်ထားသည့် ဧရိယာအား အထူးအဖွဲ့မှ အတည်ပြုသည့်အတိုင်း မြေပုံရေးဆွဲဆောင်ရွက်ပေးခြင်း၊ အမှန်စိုက်ပျိုးသည့် ဧရိယာအပေါ် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် လက်မှတ်အသစ် ပြောင်းလဲထုတ်ပေးနိုင်ရေးအတွက် ယခင် ကာယကံရှင်များအား ထုတ်ပေးထားရှိသည့် ခွင့်ပြုမိန့်လက်မှတ်အဟောင်းနှင့်အတူ တင်ပြရန် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် ညွှန်ကြားထားရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ ၂၂ အရ အကျုံးဝင်သည့် စည်းကမ်းချက် သတ်မှတ်ကာလ (၄)နှစ်ကျော်လွန် ပြီးသည်အထိ မြေပြင်တွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသောလုပ်ကိုင်ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ပြန်လည်သိမ်းဆည်းခြင်း၊ အမိန့်ပြင်ဆင်ထုတ်ပေးခြင်းလုပ်ငန်းများကို နည်းဥပဒေ ၅၃ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ညွှန်ကြားချက်အရ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့အနေဖြင့် ခရိုင်(၁)ခုလျှင် အဖွဲ့ဝင်(၇)ဦးပါ ဝင်သော အထူးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ညွှန်ကြားချက်အရ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့အနေဖြင့် အထူးအဖွဲ့များထံ အကြောင်းကြားခဲ့ရာ လွှဲပြောင်းခရိုင်၊ လင်းခေးခရိုင်၊ လားရှိုးခရိုင်၊ မိုးမိတ်ခရိုင်၊ ဟိုပန်ခရိုင်၊ ကျိုင်းတုံခရိုင်နှင့် မိုင်းဆတ်ခရိုင်အထူးအဖွဲ့များမှ ပြန်လည်တင်ပြလာခဲ့ပြီး တင်ပြမှုအပေါ် စိစစ်ရာတွင် အဆိုပါ(၇)ခရိုင်အတွင်း လုပ်ပိုင်ခွင့်ရရှိခဲ့သည့် ဦးရေ (၃၅၅)ဦးရှိပြီး ခွင့်ပြုခဲ့သည့် ဧရိယာ (၁၀၉၅၆၈.၀၅) ဧကအပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဧရိယာ(၆၂၃၀၄.၀၅)ဧက ရှိပြီး ဆောင်ရွက်ကျန်ဧရိယာ (၄၇၂၆၄.၀၀) ဧက ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ဆောင်ရွက်ရန် ကျန်ဧကအနက် ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ)အရ အကျုံးဝင်သည့် ပြန်လည်သိမ်းယူရမည့် မြေဧရိယာ (၄၅၈၁၉.၅၀)ဧကဖြစ်

ကြောင်း၊ အဆိုပါမြေဧရိယာများအား ပြန်လည်သိမ်းယူနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီ ထံသို့တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ခရိုင်အလိုက် ဆောင်ရွက်မှုအခြေအနေများကို တစ်ခရိုင်ချင်း တင်ပြခွင့်ပြုပါ။ ဆက်လက် တင်ပြပေးသွားမှာဖြစ်ပါတယ်။

ရှေးဦးစွာ လွိုင်လင်ခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူဦးရေ (၉)ဦးရှိပြီး ခွင့်ပြုသည့် ဧရိယာမှာ (၇၅၁.၂၂)ဧကာ ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သည့် ဧရိယာမှာ (၇၀၁.၂၂) ဧကာ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၉၃%)ဖြစ်ပြီး ဆောင်ရွက်ရန်ကျန်ဧရိယာမှာ (၅၀)ဧကာ ဖြစ်ပါတယ်။ (၇%)ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ဆက်လက်ပြီး လင်းခေးခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူဦးရေ (၂)ဦးရှိပြီး ခွင့်ပြုသည့်ဧရိယာမှာ (၂၃၅၀)ဧကာ ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သည့် ဧရိယာမှာ (၃၅၀)ဧကာ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၁၅%) ဖြစ်ပြီး ဆောင်ရွက်ရန်ကျန်ဧရိယာမှာ (၂၀၀၀)ဧကာ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၈၅%)ဖြစ်ပါတယ်။ ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ)အရ အကျုံးဝင်သည့် ဧရိယာမှာ (၂၀၀၀)ဧကာ ဖြစ်ပါတယ်။ လားရှိုးခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူဦးရေ (၁၃၃)ဦး ရှိပြီး ခွင့်ပြုသည့်ဧရိယာမှာ (၂၉၂၀၈.၀၅)ဧကာ ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သည့် ဧရိယာမှာ (၂၀၉၄၀.၃၄)ဧကာ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၇၂%)ဖြစ်ပြီး ဆောင်ရွက်ရန် ကျန်ဧရိယာမှာ (၈၆၇.၇၁)ဧကာ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၂၈%)ဖြစ်ပါတယ်။ ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ)အရ အကျုံးဝင်သည့် ဧရိယာမှာ (၇၀၁၅.၇၁)ဧကာ ဖြစ်ပါတယ်။ မိုးမိတ်ခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူ ဦးရေ(၁၇)ဦး ရှိပြီး ခွင့်ပြုသည့်ဧရိယာမှာ (၂၈၉၃၂.၉၉)ဧကာ ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သည့် ဧရိယာမှာ (၇၆၂.၈၁)ဧကာဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၃%)ဖြစ်ပြီး ဆောင်ရွက်ရန်ကျန် ဧရိယာမှာ (၂၈၁၇၀.၁၈)ဧကာ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၉၇%)ဖြစ်ပါတယ်။ ဥပဒေ ပုဒ်မ ၂၂(ဂ)၊ (ဃ)အရ အကျုံးဝင်သည့် ဧရိယာမှာ (၂၈၁၇၀.၁၈)ဧကာ ဖြစ်ပါတယ်။ ဟိုပန်ခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူဦးရေ (၂၀)ဦးရှိပြီး ခွင့်ပြုသည့်ဧရိယာမှာ (၆၅၈၀)ဧကာဖြစ်ပြီး အကောင် အထည်ဖော်ဆောင်ရွက်သည့် ဧရိယာမှာ (၆၅၈၀)ဧကာ ဖြစ်ပြီး ရာခိုင်နှုန်းပြည့် ဆောင်ရွက် ပြီးဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ကျိုင်းတုံခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူ ဦးရေ(၁၁၈)ဦးရှိပြီး ခွင့်ပြုသည့်ဧရိယာမှာ (၈၃၂၀.၂၁)ဧကာ ဖြစ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သည့် ဧရိယာမှာ (၄၇၇၆.၉၇)ဧကာ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၅၇%)ဖြစ်ပြီး ဆောင်ရွက်ရန် ကျန်ဧရိယာမှာ (၃၅၄၃.၂၄)ဧကာ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၄၃%)ဖြစ်ပါ တယ်။ ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ)အရ အကျုံးဝင်သည့် ဧရိယာမှာ (၃၄၄၈.၆၁)ဧကာ ဖြစ်ပါတယ်။ မိုင်းဆတ် ခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူ ဦးရေ (၅၆)ဦးရှိပြီး ခွင့်ပြုသည့်ဧရိယာမှာ (၃၃၄၂၅.၅၈)ဧကာ ဖြစ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်သည့် ဧရိယာမှာ (၂၈၁၉၂.၇၁)ဧကာဖြစ်ပြီး ရာခိုင်နှုန်း

အားဖြင့် (၈၄%)ဖြစ်ပြီး ဆောင်ရွက်ရန်ကျန်ဧရိယာမှာ (၅၂၃.၈၇)ဧက ဖြစ်ပြီး ရာခိုင်နှုန်း အားဖြင့် (၁၆%)ဖြစ်ပါတယ်။ ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ)အရ အကျုံးဝင်သည့် ဧရိယာမှာ (၅၁၈၅ .၀၀)ဧက ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကျန်ခရိုင်များဖြစ်သည့် တောင်ကြီးခရိုင်၊ မူဆယ်ခရိုင်၊ ကျောက်မဲခရိုင်နှင့် တာချီလိတ် ခရိုင် အထူးအဖွဲ့အနေဖြင့်လည်း မြေပြင်တွင် ကွင်းဆင်းစိစစ် ဆောင်ရွက်လျက်ရှိပါ ကြောင်းနှင့် အဆိုပါခရိုင်များ၏ ကနဦးစိစစ်ချက်အရ လုပ်ပိုင်ခွင့်ရရှိခဲ့သည့် ဦးရေ(၅၅၉)ဦး၊ ခွင့်ပြုခဲ့သည့် ဧရိယာ(၃၂၇၁၉.၈၈) ဧကအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဧရိယာ(၆၈၈၇၂.၃၈) ဧကရှိပြီး ဆောင်ရွက်ကျန်ဧရိယာ (၂၅၈၂၈၇.၅၀)ဧကအနက် ဥပဒေ ပုဒ်မ ၂၂(ဂ)၊ (ဃ) အရ အကျုံးဝင်သည့် ပြန်လည်သိမ်းယူရမည့်မြေဧရိယာ (၁၅၅၉၅၂.၃၆) ဧက ဖြစ်ပါကြောင်း၊ အဆိုပါ မြေဧရိယာများအပေါ် သက်ဆိုင်ရာခရိုင်အလိုက် အထူးအဖွဲ့များ မှတင်ပြလာပါက ပြန်လည်သိမ်းယူနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီထံသို့ တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ခရိုင်အလိုက် ဆောင်ရွက်ထားမှုကို တင်ပြခွင့်ပြု ပါ ။

တောင်ကြီးခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူဦးရေ (၁၁၁)ဦးရှိပြီး ခွင့်ပြုသည့်ဧရိယာမှာ (၁၄၁၀၉၁.၄၁)ဧက ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သည့် ဧရိယာမှာ (၂၀၃၉၉.၉၇) ဧက ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၁၄%)ဖြစ်ပြီး ဆောင်ရွက်ရန်ကျန်ဧရိယာမှာ (၁၂၀၆၉၁.၄၄) ဧကဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၈၆%)ဖြစ်ပါတယ်။ ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ)အရ အကျုံးဝင် သည့် ဧရိယာမှာ (၅၃၃၉၅.၅၁)ဧက ဖြစ်ပါတယ်။ မူဆယ်ခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူဦးရေ (၅၃)ဦးရှိပြီး ခွင့်ပြုသည့်ဧရိယာမှာ (၃၁၉၄၅.၁၉)ဧကဖြစ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သည့် ဧရိယာမှာ (၃၈၈၂.၄၉)ဧက ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၁၂%)ဖြစ်ပြီး ဆောင်ရွက်ရန်ကျန်ဧရိယာမှာ (၂၈၀၆၂.၇၀)ဧက ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၈၈%) ဖြစ်ပါတယ်။ ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ)အရ အကျုံးဝင်သည့် ဧရိယာမှာ (၃၈၈၁)ဧက ဖြစ်ပါတယ်။ ကျောက်မဲခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူဦးရေ (၁၇၇)ဦးရှိပြီး ခွင့်ပြုသည့်ဧရိယာမှာ (၁၃၉၃၆၉.၇၀)ဧက ဖြစ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သည့် ဧရိယာမှာ (၃၃၅၂.၇၂)ဧက ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၂၄%)ဖြစ်ပြီး ဆောင်ရွက်ရန် ကျန်ဧရိယာမှာ (၁၀၅၈၄၆.၉၈)ဧက ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၇၆%)ဖြစ်ပါတယ်။ ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ)အရ အကျုံးဝင်သည့် ဧရိယာမှာ (၉၅၃၈၆.၉၈)ဧက ဖြစ်ပါတယ်။ တာချီလိတ်ခရိုင်တွင် လုပ်ပိုင်ခွင့်ရရှိသူဦးရေ (၂၁၈)ဦးရှိပြီး ခွင့်ပြုသည့်ဧရိယာမှာ (၁၄၇၅၃.၅၈)ဧက ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သည့် ဧရိယာမှာ (၁၁၀၆၇.၂၀)ဧကဖြစ်ပြီး ရာခိုင်နှုန်း

အားဖြင့် (၇၅%)ဖြစ်ပြီး ဆောင်ရွက်ရန်ကျန်ဧရိယာမှာ (၃၆၈၆.၃၈)ဧကာ ဖြစ်ပြီး ရာခိုင်နှုန်း အားဖြင့် (၂၅%)ဖြစ်ပါတယ်။ ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ)အရ အကျုံးဝင်သည့် ဧရိယာမှာ (၃၂၈၈.၈၇)ဧကာ ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် လုပ်ပိုင်ခွင့်ရရှိသည့်ဦးရေ (၉၁၄)ဦး၊ ခွင့်ပြုခဲ့သည့် ဧရိယာ (၄၃၆၇၂၇ .၉၃) ဧကာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဧရိယာ (၁၃၁၁၇၆ .၄၃)ဧကာ ရှိပြီး ဆောင်ရွက်ကျန်ဧရိယာ (၃၀၅၅၅၁ .၅၀)ဧကာအနက် ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ) အရ အကျုံးဝင်သည့် ပြန်လည်သိမ်းယူရမည့်မြေဧရိယာ (၂၀၁၇၇၁ .၈၆)ဧကာ ဖြစ်ကြောင်း စိစစ်တွေ့ရှိရ ပါတယ်။

အဆိုပါမေးခွန်းနှင့်ပတ်သက်ပြီး မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပုဒ်မ ၂၂(ဂ)၊ (ဃ)အရ စိုက်ပျိုး လုပ်ကိုင်မှုမရှိသော မြေလွတ်၊ မြေရိုင်းများအား ပြန်လည်သိမ်းဆည်းခြင်း၊ အမိန့်ပြင်ဆင် ထုတ်ပေးခြင်း လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့မှတစ်ဆင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဗဟိုကော်မတီသို့ ဆက်လက်တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျောက် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းကျောက် ၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီး များ၊ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာ ခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ နမ့်လောက်ကျေးရွာအုပ်စု၊ ဝမ်ဆာကျေးရွာမှ (၁)မိုင်ခန့်ကွာဝေးသော ဝမ်လွေကျေးရွာသို့လည်းကောင်း၊ ထိုမှတဆင့် ဝမ်လွေကျေးရွာမှ ရွာချင်းကပ်ပါထွန်ကျေးရွာသို့လည်းကောင်း၊ ပါထွန်ကျေးရွာမှ (၁.၅)မိုင်ခန့် ဝေးကွာသော

နမ့်လန်းကျေးရွာအုပ်စု၊ နမ့်လန်းကျေးရွာသို့လည်းကောင်း ဆက်သွယ်သော အုပ်စုချင်း ဆက်လမ်း ဖြစ်ပါသည်။ နမ့်လန်းရွာသည် မိုင်းဖြတ်နှင့်မိုင်းယောင်းလမ်းမကြီး နဘေးရှိ ရွာကြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုတင်ပြသောလမ်းကို ဖောက်လုပ်ပေးမည်ဆိုပါက လမ်းမကြီးနှင့် ချိတ်ဆက်ပြီးဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းသည် ယခင်စော်ဘွားခေတ် ကတည်းက ရောင်းဝယ်ဖောက်ကားခြင်း၊ သာရေး/ နာရေး အသုံးပြုခဲ့သော လမ်းဟောင်း ဖြစ်ခဲ့ပါသည်။ နယ်မြေအခြေအနေအရ ရွံ့နွံ၊ ဗွက်တော၊ သစ်ဝါး အုံ့ဆိုင်းမှုကြောင့် သွားလာခြင်း မရှိခဲ့ပါ။

ယခုနေ့စဉ်သွားလာနေသောလမ်းသည် "ဂ" ကွေ့ပုံစံဖြစ်နေသဖြင့် မိုင်းဖြတ် မြို့မ၊ နမ့်လန်း၊ ဟောင်ဟင်၊ ပါဆန်း၊ နမ့်လောက်၊ ဝမ်ဆာအထိ ကွေ့ပတ်သွားလာ နေရပါတယ်။ အကယ်၍ ယခုတင်ပြသည့် လမ်းဟောင်းကို ပြန်လည်ဖောက်လုပ်ပေးမည်ဆိုပါက ခရီးသုံးပုံ နှစ်ပုံ သက်သာစေပြီး ထောင့်ဖြတ်အဖြောင့်လမ်းဖြစ်သဖြင့် ငွေကြေး၊ အချိန်၊ ပင်ပန်းမှု သက်သာစေသည့်အတွက် ယခုလိုဒေသခံပြည်သူများကိုယ်စား တင်ပြမေးမြန်း အပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အတူလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ အစည်းအဝေးသို့ တက်ရောက်နေသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်မေးမြန်းသည့် မိုင်းဖြတ်မြို့နယ်၊ ဝမ်ဆာ၊ ဝမ်ဆာ-ဝမ်လွေ- ပါတွန်- နမ့်လမ်းကျေးရွာအုပ်စုချင်းဆက်တဲ့ လမ်းဟောင်းအဖြောင့်လမ်းကို ပြန်လည်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ်၊ နမ့်လောက်ကျေးရွာအုပ်စုနှင့် နမ့်လန်းကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့် ဝမ်ဆာ-ဝမ်လွေ-ပါတွန်-နမ့်လမ်းရွာများသို့ ဆက်သွယ်ထားသည့် လမ်းသည် အရှည်(၂/၄)မိုင်ခန့်ရှိ လမ်းအဆင့်အတန်း Class B ဦးစားပေးအဆင့်(၁)ဖြစ်ပြီး အကျိုးပြုကျေးရွာ ၄ရွာ၊ အိမ်ခြေ ၁၇၆ လုံး၊ လူဦးရေ ၈၂၀ဦးတို့ကို အကျိုးပြုသော လမ်းတစ်လမ်းဖြစ်ပါတယ်။ မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လျာထားတောင်းခံခဲ့သော်လည်း ခွင့်ပြုချက် ရရှိခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မြို့နယ်စီမံကိန်း လျာထားချက်များပြုစုရာတွင် မြို့နယ်အတွင်း ဦးစားပေးလိုအပ်ချက်အလိုက် ရေးဆွဲထားသည့် (၁၃)နှစ် စီမံကိန်းအတိုင်း မြို့နယ်မှထည့်သွင်းလျာထား တင်ပြသွားရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဂါရဝနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာ သင်ကြားပေးသည့် ဆရာ/ဆရာမများအား TA နေ့စားအဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ရန်နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အခြေခံပညာသင်ကျောင်း (၁၂)ကျောင်းတွင် ရှမ်းဘာသာ(၇)ကျောင်း၊ လားဟူဘာသာ(၄)ကျောင်းနှင့် အာခါဘာသာ (၁)ကျောင်း၊ ကျောင်းသား(၅၃၅)ယောက်တို့ကို တိုင်းရင်းသားဘာသာစာပေများကို ဆရာ/ ဆရာမ(၁၇)ဦးမှ သင်ကြားပေးလျက်ရှိပါသည်။

ဆရာ/ဆရာမများအနက် ၊ အရည်အချင်းသတ်မှတ်ချက်ဖြင့် TA နေ့စား(၁)ဦး၊ ၃၀၀၀၀ စားအတွင်း(၂)ဦး၊ ၃၀၀၀၀စားအပြင်(၁၄)ဦး ခန့်အပ်ခွင့်ပြုထားသည်ကို တွေ့ရှိရပါတယ်။ အဆိုပါ ဆရာ/ ဆရာမများကို တာဝန်ပေးမှု၊ သင်ကြားမှုများတို့သည် အတူတူပင်ဖြစ်ပါသဖြင့် ခံစားခွင့်လည်း သာတူညီမျှ ခွင့်ပြုခန့်အပ်ပေးနိုင်ရန် သက်ဆိုင်ရာ ဆရာ/ဆရာမများ၏ တင်ပြချက်အရ ပြန်လည်တင်ပြခြင်းဖြစ်ပါတယ်။ ၎င်းအပြင် စားဝတ်နေရေးအဆင်ပြေစေရန် (၁)နှစ်တစ်ကြိမ် ထောက်ပံ့ကြေးအစား (၃)လတစ်ကြိမ် ထောက်ပံ့ကြေးခံစားခွင့်ရရှိရန်လည်း တင်ပြထားခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားဘာသာ စာပေသင်ကြားသည့် ဆရာ/ဆရာမတို့အား စာနာထောက်ထားပြီး၊ သတ်မှတ်ချက်များ လျော့ပေါ့၍ TA နေ့စားခန့်အပ်ပေးနိုင်ပါရန်နှင့် (၃)လတစ်ကြိမ် ထောက်ပံ့ကြေး ထုတ်ခွင့်ရရှိနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ တိုင်းရင်းသားဘာသာစာပေ သင်ကြားသည့် ဆရာ/ဆရာမတို့အား TA နေ့စားအဖြစ် ခန့်အပ်ပေးနိုင်ပါရန်နှင့် ၃လ တစ်ကြိမ် ထောက်ပံ့ကြေး ထုတ်ခွင့်ရရှိရေး အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာန၏ တိုင်းရင်းသားစာပေသင်ကြားသည့် ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ TA နေ့စား ခန့်ထားရေးစီမံချက်ပါ အရည်အချင်း သတ်မှတ်ချက်များမှာ ဘွဲ့ရ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်သူဖြစ်ရမည်။ လက်ရှိတွင် အစိုးရ စာသင်ကျောင်း၌ (တိုင်းရင်းသားဘာသာစာပေ ကျွမ်းကျင်စွာ သင်ကြားနိုင်ကြောင်း သက်ဆိုင်ရာတိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့မှ အသိအမှတ်ပြု ထောက်ခံချက်ရရှိသူဖြစ်ပါက တက္ကသိုလ်ဝင်တန်း အောင်မြင်ခြင်းမရှိသော်လည်း TA အဖြစ်ဆက်လက်ခန့်ထားပေးရန်၊ ဒေသခံဖြစ်ရမည်၊ အသက် ၁၈နှစ်မှ ၃၀နှစ်အတွင်းရှိသူဖြစ်ရမည်၊ သင်ကြားမည့် ဘာသာစကား/စာပေကို အမှန်တကယ်တတ်မြောက်၍ သင်ကြားပေးနိုင်သူဖြစ်ရမည်ဟု သတ်မှတ်ထားပါတယ်။

၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင် မိုင်းပျဉ်းမြို့နယ်၌ ရှမ်းတိုင်းရင်းသားဘာသာစာပေ သင်ကြားသူ(၅)ဦးမှ သတ်မှတ်ချက်နှင့် ကိုက်ညီသူ(၁)ဦးအား TAအဖြစ် တာဝန်ပေးခန့်ထားခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ပညာသင်နှစ်တွင် လားဟူဘာသာစကားသင်ကြားသူ (၉)ဦး၊ ရှမ်းတိုင်းရင်းသားဘာသာစာပေ သင်ကြားသူ (၁၆)ဦးရှိသည့်အနက် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ရှမ်းစာပေသင်ကြားသူ(၁)ဦးအား TA အဖြစ် ခန့်အပ်နိုင်ရန်အတွက် အခြေခံပညာဦးစီးဌာန နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာ စာပေသင်ကြားသည့် ဆရာ/ ဆရာမတို့အား သတ်မှတ်ချက်များ လျော့ပေါ့၍ TA နေ့စားအဖြစ် ခန့်အပ်ပေးနိုင်ရေးနှင့် ၃လ တစ်ကြိမ် ထောက်ပံ့ကြေး

ထုတ်ခွင့်ရရှိရေးအတွက် ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)၊ ကျိုင်းတုံမြို့၏ ၁၈-၉-၂၀၁၈ ရက်စွဲပါစာအမှတ်၊ စိတ်(၁-က)/ ၁၇၇၈/ လွှတ်တော် (၂၀၁၈)ဖြင့် အခြေခံပညာဦးစီးဌာန နေပြည်တော်သို့ တင်ပြထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသောရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည် နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ နမ့်ခမ်းမြို့နယ်၊ မန်ဟောင်းကျေးရွာအုပ်စု၊ နောင်မကျေးရွာနှင့် မန်ဟောင်းကျေးရွာ၊ ရွာချင်းဆက်သွယ်သော တံတားအသစ် ဆောက် လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်မကျေးရွာနှင့်မန်ဟောင်းကျေးရွာ ဆက်သွယ်ထားသောတံတားသည် တံတား အရှည်(၂၂)ပေ၊ တံတားအကျယ်(၁၄)ပေ၊ တံတားအမြင့်(၁၂)ပေရှိပါတယ်။ ကျေးရွာ(၂)ရွာမှ အိမ်ခြေ(၂၃၈)အိမ်နှင့် လူဦးရေ (၂၀၆၀)ဦး အသုံးပြုသော တံတားဖြစ်ပါတယ်။

အဆိုပါတံတားသည် ယခုနှစ်မိုးရာသီ၌ ရေတိုက်စားမှုကြောင့် အောက်ခြေအုတ်ခုံများ ပြိုကျပျက်စီးနေသောကြောင့် ပြည်သူများသွားလာရေးအတွက် အန္တရာယ် ကျနိုင်ပါသဖြင့် တံတားအသစ်ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။

ထို့ကြောင့် သွားလာရေးခက်ခဲမှုကြောင့် လည်းကောင်း၊ အန္တရာယ်ဖြစ်နိုင်သောကြောင့် လည်းကောင်း၊ ပျက်စီးနေသော တံတားအား အဓိက ဦးစားပေး၍ ဆောင်ရွက်ပေးရန် ပြည်သူလူထုထံသို့ ကွင်းဆင်းခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော တံတားအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် မေးမြန်းထားသည့် နမ့်ခမ်းမြို့နယ် နောင်မကျေးရွာနှင့် မန်ဟောင်းကျေးရွာ ရွာချင်းဆက်သွယ်သော အရှည်(၂၂)ပေရှိသည့် တံတားအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ဆက်လက်ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်၊ မန်ဟောင်းကျေးရွာအုပ်စု၊ နောင်မကျေးရွာနှင့် မန်ဟောင်းကျေးရွာသို့ ဆက်သွယ်ထားသည့် အရှည်(၂၂)ပေ၊ အကျယ် (၁၄)ပေ၊ အမြင့်(၁၂)ပေရှိ တံတားမှာ ကွန်လုံ-နောင်ကောင်-နောင်မ-မန်ဟောင် လမ်းပေါ်ရှိ လမ်းအဆင့်အတန်းသတ်မှတ်ချက် Class A ဦးစားပေးအဆင့် ၁ ဖြစ်ပြီး အကျိုးပြုကျေးရွာ ၄ရွာ၊ အကျိုးပြုအိမ်ခြေ ၇၀၇အိမ်၊ လူဦးရေ ၃၅၄၁ဦး တို့ကို အကျိုးပြုသော လမ်းတစ်လမ်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါလမ်းပေါ်ရှိ တံတားအား အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် မြို့နယ်စီမံကိန်းလျာထားချက်များ ပြုစုရာတွင် မြို့နယ်အတွင်း ဦးစားပေး လိုအပ်ချက်အလိုက် မြို့နယ်မှထည့်သွင်းလျာထား တင်ပြသွားရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော်မေးမြန်းသွားမှာကတော့ ကျောင်းသူ/ ကျောင်းသားများနှင့် ပတ်သက်သည့် မေးခွန်းကို တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ ရှမ်းပြည်နယ်အတွင်းရှိ တက္ကသိုလ်များ၊ ကောလိပ်များ၊ အဝေးသင်တက္ကသိုလ်များတွင် တက်ရောက်သင်ကြားနေသော ကျောင်းသား/ ကျောင်းသူ မည်မျှရှိပြီး သင်ကြားနေသော

ဆရာ/ ဆရာမများနှင့် အချိုးညီ/မညီ ဘွဲ့ရ ကျောင်းသား/ကျောင်းသူများကို အလုပ်အကိုင် ရရှိစေရန် မည်သို့စီစဉ်ဆောင်ရွက်နေကြောင်း အများပြည်သူသိရှိစေရန် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှတဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ၏ ရှမ်းပြည်နယ်အတွင်းရှိ တက္ကသိုလ်များ၊ ကောလိပ်များ၊ အဝေးသင်တက္ကသိုလ်များတွင် တက်ရောက်သင်ကြားနေသော ကျောင်းသား/ကျောင်းသူ မည်မျှရှိပြီး ဆရာ/ဆရာမ များနှင့် အချိုးညီ/မညီ ဘွဲ့ရ ကျောင်းသား/ကျောင်းသူများကို အလုပ်အကိုင်ရရှိစေရန် မည်သို့စီစဉ် ဆောင်ရွက်နေကြောင်းမေးခွန်းကို ဆက်လက်ပြီး ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသား၊ ဆရာအချိုးနှင့် ပတ်သက်သည့် Data များကို Power Point ဖြင့် ဖြေကြားခွင့်ပြုရန်တင်ပြအပ်ပါတယ်။ ပထမ Slide သည် မေးခွန်းနှင့်တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော်လည်း ကိုယ်စားလှယ်များ အားလုံး သိရှိစေရန်တင်ပြခြင်းဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ရှမ်းပြည်နယ်တစ်ခု လုံးတွင် အခြေခံပညာအထက်တန်းကျောင်း(၂၂၅)ကျောင်းအပါအဝင် စုစုပေါင်း (၅၉၇၃) ကျောင်း ဖွင့်လှစ်ထားရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ရှမ်းပြည်နယ်တစ်ခုလုံးတွင် ကျောင်းအဆင့်တိုး (၅၃၂)ကျောင်း ရရှိပါတယ်။ ကျောင်းအဆင့်တိုးရရှိပြီးနောက်ပိုင်းတွင် အထက်တန်းကျောင်း(၂၄၂)ကျောင်းအပါအဝင် စုစုပေါင်း(၆၀၉၃)ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်းအသစ်ပေါင်း(၁၂၀) တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရှမ်းပြည်နယ်တစ်ခုလုံးတွင် ကျောင်းအဆင့်တိုး(၅၈၆)ကျောင်းရရှိပြီး အခြေခံပညာအထက် တန်းကျောင်း (၂၅၈)ကျောင်း အပါအဝင် စုစုပေါင်းလက်ရှိကျောင်းပေါင်း (၆၂၃၆)ကျောင်း ဖွင့်လှစ်ထားရှိပြီး ယခင်နှစ်ထက် (၁၄၃)ကျောင်း တိုးတက်လာပါတယ်။ ကိုယ့်အားကိုယ် ကိုးကျောင်း (၅၇)ကျောင်းရှိပါကြောင်းလဲ တင်ပြအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ရှမ်းပြည်နယ်၏ အခြေခံပညာအထက်တန်းကျောင်းများတွင် ဆရာ/ဆရာမပေါင်း (၃၈၇၀၃) ဦးရှိပြီး ကျောင်းသား/ကျောင်းသူပေါင်း (၈၁၀၀၀၀)ကျော်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဆရာ/ဆရာမပေါင်း(၃၇၃၀၀)ကျော်သာဦးရှိပြီး ကျောင်းသား/ကျောင်းသူ ပေါင်း (၈၃၅၀၀၀)ကျော် ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဆရာ/ ဆရာမပေါင်း (၃၈၁၉၁)ဦး ရှိပြီး ကျောင်းသား/ကျောင်းသူပေါင်း (၈၄၄၂၇၈)ဦး ရှိပါတယ်။ အချုပ်အားဖြင့် တင်ပြရလျှင်

အထက်တန်းအဆင့် ဆရာ၊ ကျောင်းသား အချိုးသည် ၁:၂၄၊ အလယ်တန်းဆင့် ၁:၂၉ဖြစ်ပြီး မူလတန်းအဆင့် ၁:၂၁ ဖြစ်ပါတယ်။ ကိုယ်ပိုင်ကျောင်းအနေဖြင့် ရှမ်းပြည်နယ်တစ်ခုလုံးတွင် (၁၁၄)ကျောင်းရှိပြီး ဆရာ/ ဆရာမ (၁၃၁၁)ဦးရှိပြီး ကျောင်းသား/ ကျောင်းသူ (၂၀၂၁၀) ဖြစ်ပါတယ်။ ကိုယ်ပိုင်ကျောင်းများတွင် ဆရာ၊ ကျောင်းသားအချိုးသည် ၁:၁၅ ဖြစ်ပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေး(၈၃)ကျောင်းရှိပြီးဆရာ/ဆရာမပေါင်း(၈၅၃)ရှိပြီး ကျောင်းသား/ ကျောင်းသူ (၂၁၁၈၀)ရှိပါတယ်။ ဆရာ၊ ကျောင်းသားအချိုးသည် ၁:၂၅ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် နည်းပညာအထက်တန်းကျောင်း (၅)ကျောင်းရှိပြီး ဆရာ/ဆရာမပေါင်း (၁၈၂)ရှိပြီး ကျောင်းသား/ ကျောင်းသူ (၇၁၆)ရှိပါတယ်။ ဆရာ၊ကျောင်းသားအချိုးသည် ၁:၄ ဖြစ်ပါတယ်။ သက်မွေးပညာသင်တန်းကျောင်း (၁)ကျောင်းရှိပြီး ဆရာ/ ဆရာမပေါင်း(၁၇) ရှိပြီး ကျောင်းသား/ကျောင်းသူ (၈၀)ရှိပါတယ်။ ဆရာ၊ကျောင်းသားအချိုးသည် ၁:၅ ဖြစ်ပါတယ်။ အားကစားနှင့် ကာယသိပ္ပံကျောင်း (၁)ကျောင်းရှိပြီး ဆရာ/ ဆရာမပေါင်း (၄၇)ရှိပြီး ကျောင်းသား/ ကျောင်းသူ (၂၄၂)ရှိပါတယ်။ ဆရာ၊ ကျောင်းသားအချိုးသည် ၁:၅ ဖြစ်ပါတယ်။ ပညာရေးကောလိပ် ကျောင်း(၃)ကျောင်းရှိပြီး ဆရာ/ ဆရာမပေါင်း(၁၈၇)ရှိပြီး ကျောင်းသား/ ကျောင်းသူ (၁၅၃၉)ရှိပါတယ်။ ဆရာ၊ ကျောင်းသားအချိုးသည် ၁:၈ ဖြစ်ပါတယ်။ဆေးတက္ကသိုလ် (၁)ကျောင်းရှိပြီး ဆရာ/ဆရာမပေါင်း(၁၁၃)ရှိပြီး ကျောင်းသား/ ကျောင်းသူ (၄၆၀)ရှိပါတယ်။ ဆရာ၊ကျောင်းသားအချိုးသည် ၁:၄ ဖြစ်ပါတယ်။ ဝိဇ္ဇာ၊သိပ္ပံ ကျောင်း (၄)ကျောင်းရှိပြီး ဆရာ/ ဆရာမပေါင်း(၈၅၉)ရှိပြီး Day ကျောင်းသား/ ကျောင်းသူ (၁၂၈၁၇)ရှိပါတယ်။ ဆရာ၊ ကျောင်းသား အချိုးသည် ၁:၁၄ ဖြစ်ပါတယ်။ အဝေးသင် အနေဖြင့် ကျောင်းသား/ ကျောင်းသူ (၃၅၂၂၈)ဖြစ်သည့်အတွက် ဆရာ၊ ကျောင်းသားအချိုး သည် ၁:၄၀ ဖြစ်ပါတယ်။ နည်းပညာကျောင်း(၄)ကျောင်းတွင် ဆရာ/ ဆရာမပေါင်း (၃၂၅)ရှိပြီး ကျောင်းသား/ ကျောင်းသူ (၃၉၈၂)ရှိပါတယ်။ ဆရာ၊ ကျောင်းသားအချိုးသည် ၁:၁၂ ဖြစ်ပါတယ်။ ကွန်ပျူတာတက္ကသိုလ် ကျောင်း(၄)ကျောင်းတွင် ဆရာ/ဆရာမ ပေါင်း (၂၂၇)ရှိပြီး ကျောင်းသား/ကျောင်းသူ (၁၄၅၅)ရှိပါ တယ်။ ဆရာ၊ ကျောင်းသားအချိုးသည် ၁:၆ ဖြစ်ပါတယ်။ သူနာပြုသားဖွားသင်တန်း ကျောင်း(၄)ကျောင်းတွင် ဆရာ/ ဆရာမပေါင်း (၅၅)ရှိပြီး ကျောင်းသား/ ကျောင်းသူ (၁၁၃၇)ရှိပါတယ်။ ဆရာ၊ ကျောင်းသားအချိုးသည် ၁:၂၀ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တက္ကသိုလ်တွင်ရှိသော ဘွဲ့ရ ကျောင်းသား/ ကျောင်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုဇယားကို အနီးစပ်ဆုံး တင်ပြ ထားခြင်း ဖြစ်ပါတယ်။ ပညာသင်နှစ်(၄)နှစ်စာဖြစ်ပါတယ်။ တောင်ကြီးဆေးတက္ကသိုလ် အနေဖြင့် ၂၀၁၅ခုနှစ် ဒီဇင်ဘာလမှ စတင်ဖွင့်လှစ်ခဲ့သည့်အတွက် ယခုအခါ First MB, Second MB, Third MB သာရှိသည့်အတွက် ဘွဲ့ရကျောင်းသား/ကျောင်းသူများ မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။တောင်ကြီးတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသား/ ကျောင်းသူများအား

Taunggyi Japanese Language School သင်တန်းကျောင်းမှ အလုပ်အကိုင်အခွင့်အလမ်းဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ပင်လုံတက္ကသိုလ်မှ နေ့သင်တန်းသားကျောင်းသား/ ကျောင်းသူများကို နိုင်ငံခြားပညာတော်သင် ရွေးချယ်ရေးကိစ္စရပ်များအတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သတ်မှတ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မဟာဘွဲ့ရရှိသည့် ကျောင်းသား/ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ နည်းပြ၊ သရုပ်ပြခေါ်ယူ ရွေးချယ်ခန့်ထားခြင်းပြုပါတယ်။ ကျိုင်းတုံတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား/ ကျောင်းသူများ၏ အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်၍ ဒေသခံလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်ကြီး နည်းပညာတက္ကသိုလ်မှ ဘွဲ့ရရှိသည့် ကျောင်းသား/ ကျောင်းသူများအနက် မြို့ပြအင်ဂျင်နီယာ ဘွဲ့ရအများစုမှာ ဒေသအတွင်း ဆောက်လုပ်ရေးကုမ္ပဏီများတွင် အလုပ်အကိုင်ရရှိနိုင်ကြပြီး သတ္တုတူးဖော်ရေး အင်ဂျင်နီယာကျောင်းသားအများစုမှာလည်း ရှမ်းပြည်နယ်အတွင်းရှိ သတ္တုတူးဖော်ရေးကုမ္ပဏီများတွင် အလုပ်အကိုင်ရရှိကြပါတယ်။

Electronic, Mechanical, Information Technology နှင့် Electrical Power ဘာသာရပ် အင်ဂျင်နီယာဘွဲ့ရ ကျောင်းသားအများစုမှာ ဒေသအတွင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုနည်းပါးခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနည်းပါးကြပါတယ်။

၂၀၁၆ခုနှစ်မှစ၍ ဂျပန်နိုင်ငံ၊ အိုဆာကာအခြေစိုက် Willtech Co.ltd နှင့် သဘောတူညီမှုရယူကာ နည်းပညာတက္ကသိုလ်ဘွဲ့ရများ ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေးဆောင်ရွက်ခဲ့ပါတယ်။ ပဉ္စမနှစ် (EC,EP,Mech)ကျောင်းသားများအား ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးပြီး တစ်နှစ်လျှင်(၅၀)ဦးရွေးချယ်ခဲ့ပါတယ်။ ၎င်း(၅၀)ဦးအား နည်းပညာတက္ကသိုလ်တွင် ညနေကျောင်းဆင်းချိန် တစ်ရက်လျှင်(၂)နာရီ ဂျပန်စာအခမဲ့ သင်ကြားပေးခဲ့ပါတယ်။ ပဉ္စမနှစ်တွင် Level N5 နှင့် N4 နောက်ဆုံးနှစ်တွင် N3 ထိ သင်ကြားပေးခဲ့ပါတယ်။ N3 အဆင့်အောင်မြင်ပြီးသူများ ဂျပန်နိုင်ငံတွင် အင်ဂျင်နီယာအဖြစ် အလုပ်လုပ်ရန် ကုမ္ပဏီမှ လာရောက်စစ်ဆေးခေါ်ယူခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ပညာသင်နှစ် N3 ဖြေဆိုထားသူ(၂၆)ဦးရှိပြီး ၎င်းတို့ဘွဲ့ရပြီးချိန်တွင် အလုပ်ခေါ်ယူရန်လာရောက်မည်ဖြစ်ပါတယ်။ ကျောင်းသား/ကျောင်းသူများ၏ဘာသာရပ်ဆိုင်ရာ ထူးချွန်မှု၊ ဂျပန်စကား ကျွမ်းကျင်မှု၊ ကြိုးစားမှုများအရ တစ်နှစ်ထက်တစ်နှစ် အလုပ်အကိုင်ပိုမိုရရှိရန် စီစဉ်ထားရှိပါတယ်။

လားရှိုး နည်းပညာတက္ကသိုလ်မှ နောက်ဆုံးနှစ် သင်တန်းသားများအား Internship training (၈)ပတ်ကို ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံနှင့် ဝန်ကြီးဌာနများတွင် ဆင်းစေပြီး လုပ်ငန်းခွင်အတွေ့အကြုံနှင့် အလုပ်အကိုင် အခွင့်အလမ်းများအတွက် ချိတ်ဆက်မိစေရန် ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ လူငယ်များ Forum များ တက်ရောက်စေပြီး လေ့လာရေးခရီးထွက်စေခြင်းအားဖြင့် ချိတ်ဆက်မိစေခြင်း စသည့်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျိုင်းတုံ နည်းပညာတက္ကသိုလ်မှ ကျောင်းသား/ကျောင်းသူများ အလုပ်အကိုင် ရရှိရေးအတွက် နောက်ဆုံးနှစ်တွင် စက်ရုံ၊ အလုပ်ရုံများသို့ စေလွှတ်ရန် လုပ်ငန်းခွင် အကြိုလုပ်ငန်းများသင်ယူစေခြင်း၊ အစိုးရစက်မှုလုပ်ငန်းများ၊ အလုပ်ရုံများနှင့် ချိတ်ဆက်ကာ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်၍ အတွေ့အကြုံများရယူစေပါတယ်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ပုဂ္ဂလိက ကုမ္ပဏီများနှင့်သော်လည်းကောင်း၊ အစိုးရလုပ်ငန်းများနှင့်သော်လည်းကောင်း ထိတွေ့ခွင့်ရရှိသည့်အတွက် သိရှိနားလည်ပြီး မိမိနှင့်ကိုက်ညီသော အလုပ်အားရွေးချယ်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ရရှိစေနိုင်ပါတယ်။

တောင်ကြီး ကွန်ပျူတာတက္ကသိုလ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ စတုတ္ထနှစ် ကျောင်းသား/ကျောင်းသူများအား ဒုတိယနှစ်ဝက် သင်တန်းပြီးချိန်၌ လေ့လာရေး ခရီးအဖြစ် ရန်ကုန်မြို့ရှိ IT ကုမ္ပဏီများသို့ စေလွှတ်ခဲ့ပါတယ်။ ထိုသို့သွားရောက် လေ့လာခြင်းကြောင့် ကျောင်းသား/ ကျောင်းသူများအနေဖြင့် မိမိတို့သင်ယူနေသော IT ဘာသာရပ်များကို လက်တွေ့ အသုံးချနေသည့် IT လုပ်ငန်းခွင်များအား မျက်မြင်ကိုယ်တွေ့ သိရှိရခြင်း၊ ၎င်းတို့အတွက် IT ပညာရပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုရန် အလုပ်အကိုင် အခွင့်အလမ်းများ အမှတ်တကယ်ရှိကြောင်းသိမြင်ခြင်း၊ ဘွဲ့ရအများစုသည် IT ကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်ကြပါတယ်။ ၎င်းအပြင် ပြင်ပ IT ကုမ္ပဏီများ၊ IT ပညာရှင်များကို ဖိတ်ခေါ်၍ ရရှိနိုင်သော အလုပ်အကိုင်အခွင့်အလမ်းများ အကြောင်း ဟောပြောပွဲများ ကျင်းပပေးလျက်ရှိပါတယ်။ တက္ကသိုလ်၏ လူမှုကွန်ယက်စာမျက်နှာတွင်လည်း IT ကုမ္ပဏီများ၏ အလုပ်ခေါ်စာများကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးလျက် ရှိပါတယ်။

ကွန်ပျူတာတက္ကသိုလ်(ပင်လုံ/လားရှိုး/ကျိုင်းတုံ)တို့တွင် နောက်ဆုံးနှစ်ကျောင်းသား/ကျောင်းသူများအား IT နည်းပညာကုမ္ပဏီများနှင့် ဆက်သွယ်ပြီး Internship (၃)လ စေလွှတ်ကာ အလုပ်အကိုင်ရရှိရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တောင်ကြီး/ လားရှိုး/ ကျိုင်းတုံ ပညာရေးကောလိပ်မှ သင်တန်းသားများသည် သင်တန်းကာလ (၂)နှစ်ပြီးဆုံးပြီး အောင်မြင်သူများကို မူလတန်းဆရာမများအဖြစ် ခန့်ထားပေးပြီး ထူးချွန်အောင်မြင်သူများအား ပညာရေးတက္ကသိုလ်၊ B.Ed (၃)နှစ်တက် ရောက်စေပါတယ်။ B.Ed သင်တန်းပြီးပါက အလယ်တန်းပြ ဆရာ/ဆရာမအဖြစ် ခန့်ထားပေးပါတယ်။ PPTT လုပ်ငန်းခွင် အကြိုဆရာအတတ်ပညာသင်တန်း ပြီးမြောက် အောင်မြင်သူများကို မူလတန်းဆရာမအဖြစ် ခန့်ထားပေးပါတယ်။ ပညာရေးကောလိပ်သင်တန်းဆင်းများကို အလုပ်ခန့်နိုင်ရေး သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ ပြည်နယ်ပညာရေးမှူးရုံးများမှ သင်တန်းအမှတ်စဉ်အလိုက် ဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရနည်းပညာ အထက်တန်းကျောင်းများ (တောင်ကြီး၊ ပင်းပက်၊ ပင်လုံ၊ လားရှိုး၊ ကျိုင်းတုံ)မှ ကျောင်းသား/ကျောင်းသူများသည် အသက်အရွယ်ငယ်သေးသည့်အတွက် အများအားဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ဆက်လက်တက်ရောက်ခြင်း၊ အခြေခံပညာ အထက်တန်း ကျောင်းစာမေးပွဲ ပြန်လည်ဖြေဆိုခြင်းများလည်းရှိပါတယ်။ ကျောင်းပြီးသွားသူများ အလုပ်ရရှိရေးအတွက် ဒေသအတွင်းစက်ရုံများ၊ ကုမ္ပဏီများမှ အလုပ်ခေါ်ယူခြင်းများရှိပါက ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ သူနာပြု၊ သားဖွားသင်တန်းကျောင်းမှ သင်တန်းသား/သင်တန်းသူများသည် သင်တန်းစတင်တက်ရောက်စဉ် ချုပ်ဆိုထားသော ကတိဝန်ခံချက်အရ နိုင်ငံ့တာဝန်ကို (၃)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ရမည် ဖြစ်သဖြင့် သူနာပြု/သားဖွား ဒီပလိုမာအောင်လက်မှတ် အပ်နှင်းပြီးသည့်အချိန်တွင် သင်တန်းသား/သင်တန်းသူများ၏ ဆန္ဒသဘော လျှောက်လွှာပါအတိုင်း ၎င်းတို့ဦးစားပေးလျှောက်ထားသော ဒေသများသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အလုပ်ခန့်အပ်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်အတွင်းရှိ အလုပ်လုပ်နိုင်သော လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရန်အတွက် ရှမ်းပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ပြည်နယ်ရုံး)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီးမြို့နှင့် လွိုင်လင်မြို့တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကျောက်မဲမြို့၊ လားရှိုးမြို့နှင့်မူဆယ်မြို့တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျိုင်းတုံမြို့၊ တာချီလိတ်မြို့တွင်လည်းကောင်း ရုံးများဖွင့်လှစ်ထားရှိပြီး ၁-၄-၂၀၁၆မှ ၃၁-၇-

၂၀၁၈အထိ အစိုးရဌာနပေါင်း (၆၁၃)ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်း(၆၈၇)ခုတို့တွင် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ပေးခဲ့ရာ အစိုးရဌာနတွင် (၁၇၇၅)ဦး၊ ပုဂ္ဂလိက လုပ်ငန်းတွင် (၆၉၁၇)ဦး၊ စုစုပေါင်း(၉၆၉၂)ဦး အလုပ်ခန့်ထားပေးနိုင်ခဲ့ပါတယ်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA(National Skills Standard Authority) ဖွဲ့စည်းပြီး ဖြစ်ရာ အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community AEC) တွင် ဘုံအလုပ်သမားဈေးကွက် ဖြစ်ပေါ်စေရန်အတွက် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးလျက်ရှိပါတယ်။ အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် အဆင့်(၁)တွင်(၆၃၈၁)ဦး၊ အဆင့်(၂)တွင် (၂၆၃)ဦး ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှ အသက်မွေးဝမ်းကြောင်းပညာ တက်ရောက်ပြီးသူများထဲမှ ကျွမ်းကျင်သူများကိုလည်း အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ရရှိရန် စာမေးပွဲဝင်ရောက် ဖြေဆိုနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများကို လင်းခေးမြို့၊ လောက်ကိုင်မြို့၊ ကွမ်းလုံမြို့၊ မိုင်းဆတ်မြို့၊ အောင်ပန်းမြို့၊ မိုင်းဖြတ်မြို့တို့တွင် ဘဏ္ဍာရေးနှစ်အလိုက် မြေနေရာရရှိမှုနှင့် ဘတ်ဂျက်အပေါ် မူတည်၍ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါတယ်။

ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ဒေသများသို့ Mobile Team ကွင်းဆင်း၍လည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါ ရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းလွေကျေးရွာအနီး နမ့်လွေချောင်းမှာ

တိမ်ကောလာသည့်အတွက် တူးဖော်ဆယ်ယူပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအနီး၊ နမ့်လွေချောင်း အရှည်ပေ(၂၀၀၀)မှာ တိမ်ကော လာသည့်အတွက် ၎င်းချောင်းဘေးရှိ တောင်သူလယ်သမား(၆၀)ဦးမှာ နှစ်စဉ်ရေလွှမ်းမိုး ခြင်းခံနေကြရပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံတောင်သူလယ်သမားများအနေဖြင့် ၎င်းချောင်း အား တူးဖော်ဆယ်ယူပေးစေလိုကြပါတယ်။

သို့ဖြစ်ပါ၍ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအနီး၊ နမ့်လွေချောင်း အရှည်ပေ (၂၀၀၀)မှာ တိမ်ကောလာသည့်အတွက် တူးဖော်ဆယ်ယူပေးရန်အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက လည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း၊ ဒေသခံ ပြည်သူများ၏ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်း အပ်ပါတယ်ခင်ဗျား ။အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။ လေးစားအပ် ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းမေးမြန်းတဲ့ မိုင်းယန်း မြို့နယ်၊ မိုင်းလွေကျေးရွာအနီး၊ နမ့်လွေချောင်း အရှည်ပေ (၂၀၀၀)မှာ တိမ်ကောလာသည့်အတွက် တူးဖော်ဆယ်ယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို သည့်မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ဦးစိုင်းလုံကျော်မှ ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စုရှိ ဒေသခံတောင်သူ လယ်သမားများသည် အဓိက အသက်မွေးဝမ်းကျောင်းဖြစ်သော လယ်ယာစိုက်ပျိုးရေးကို အားထား၍ မိုးစပါးနှင့် နွေစပါးကို အဓိကစိုက်ပျိုးလျက်ရှိရာ အဆိုပါကျေးရွာအနီး ဖြတ်သန်း စီးဆင်းလျက်ရှိသော မိုင်းလွေချောင်း၏ ရေဆင်းဧရိယာအတွင်းတွင် သစ်တောများ ပြုန်တီး လာခြင်း၊ အပေါ်ယံမြေဆီလွှာများမှ မိုးရေစီးကြောင်းအတိုင်း တိုက်စားမျောပါလာမှုကြောင့် ချောင်းအတွင်း သဲနုန်းမြေများ ပို့ချကာ တိမ်ကောလာပြီး ချောင်းကြမ်းပြင်မြင့်တက်လာမှု ကြောင့် မိုးတွင်းကာလ ချောင်းဘေးတစ်လျှောက်ရှိ လယ်မြေများ ရေလွှမ်းမိုးလာသည်ဟု သိရှိရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ချောင်းဘေးတစ်လျှောက်ရှိ တိမ်ကောနေသော မိုင်း လွေချောင်း အားခန့်မှန်းအလျား (၂၅၀၀)ပေခန့်အား သဲနှုန်းပြန်လည်တူးဖော် ဘောင်ဆင့်ပြီး ချောင်းချဲ့ပေးပါက သဲနုန်းတူးဖော်၍ ထွက်ရှိလာသော မြေစာများအား ချောင်းကမ်းဘေးရှိ

လယ်မြေများပေါ်တွင် ဘောင်တင်ရမည်ဖြစ်သဖြင့် ချောင်းဘေးရှိ လယ်မြေအနည်းငယ်ခန့် ထိခိုက်နိုင်မှာဖြစ်ပါတယ်။ ဒေသမှ သဘောတူညီမှုသာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင် မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါတိမ်ကောနေသော မိုင်းလွေချောင်းအား သဲနုန်းပြန်လည် တူးဖော်ဘောင်ဆင့်ခြင်း၊ ချောင်းချဲ့ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးပါက ဒေသခံတောင်သူ(၆၀)ဦး၏ စိုက်ပျိုးလယ်ယာမြေအား ရေကြီးရေလွှမ်းမိုးမှုဒဏ်မှ ကာကွယ်နိုင်မည်ဖြစ်ပြီး ဒေသမှ သဘောတူညီပါ က လုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေ(၃၉.၀၀)သန်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ မိုင်းယန်းမြို့နယ်၏ စီမံကိန်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနတို့ညှိနှိုင်းပြီး စီမံကိန်းရေးဆွဲတင်ပြလာပါက ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့်လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းအစီအစဉ်ပြီးဆုံးပြီဖြစ်ပါတယ်။

ရှမ်းပြည်နယ် လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှု ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

ဥက္ကဋ္ဌ။ ယခုအစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာကို ရှမ်းပြည်နယ် လွှတ်တော် ပညာရေး၊ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီမှ ရှင်းလင်းဖတ်ကြားတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန်နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီးနှင့် ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ အဖွဲ့ဝင်၊ သိန်နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ

ဖြစ်ပါတယ်ရှင်။ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီ ၏ ဒုတိယနှစ်ပတ်လည် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် အဖွဲ့ဝင်(၇)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး (၈.၁၂.၂၀၁၇)ရက်နေ့တွင် အဖွဲ့ဝင်(၉)ဦးဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ အဖြစ် အမည်ပြောင်းလဲတိုးချဲ့ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

စိစစ်တွေ့ရှိချက်

ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီသည် အစည်းအဝေးကို (၉)ကြိမ် ကျင်းပနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွှိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်သို့ (၁)ကြိမ်၊ ၂၀၁၈ ခုနှစ်၊ ဧန်နဝါရီလ(၂၀)ရက်နေ့မှ (၂၄) ရက်နေ့အထိကို ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းဆေးခရိုင်၊ မိုးနဲမြို့နယ်သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ(၂၄)ရက်နေ့မှ (၂၆)ရက်နေ့အထိကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လ (၂၇)ရက်နေ့မှ (၃၀)ရက်နေ့ အထိကို တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်သို့လည်းကောင်း ကွင်းဆင်း စိစစ် နိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်သို့လည်း သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်၍ အမျိုးသမီးအဖွဲ့မှ မိမိကော်မတီသို့ တိုင်တန်းချက်အရ ၂၀၁၈ ခုနှစ် မတ်လ (၃၁)ရက်နေ့နှင့် ဧပြီလ(၁)ရက်နေ့တွင် မုဒိမ်းကျင့်ခံရသော မိသားစုနှင့်တွေ့ဆုံပြီး ကော်မတီမှ တတ်အားသရွေ့ ငွေကြေးထောက်ပံ့ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် သွားရောက်ကူညီအားပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့တွင် ဒုတိယခရိုင်တရားသူကြီးနှင့် အမှုဖြစ်စဉ်အကြောင်းအရာကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ (၁)လ အတွင်းမှာပင် ပြစ်မှုကျူးလွန်သူကို ဒုတိယခရိုင်တရားသူကြီးကလည်း ထောင်ဒဏ်နှစ်(၂၀) ကျခံစေရန် စီရင်ချက်ချခဲ့သည်ကို သိရှိရပါသည်။

ကွင်းဆင်းစိစစ်တွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီး လွှတ်တော်မှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ဆက်လက်ပေးပို့ခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်း အချိန်ကြန့်ကြာမှုမရှိဘဲ ပြန်လည်ပေးပို့လာသည်

ကို သုံးသပ်ရလျှင် အားရကျေနပ်မှုရှိပါသည်။ အထူးသဖြင့် မိမိတို့ ကော်မတီနှင့် ဆက်စပ်မှု ရှိသည့် လူမှုရေးဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။

ရှေ့လုပ်ငန်းစဉ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့လည်း မြို့နယ်ကိုယ်စားလှယ်များ၏ လိုအပ်ချက်အရ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ကွင်းဆင်းရန် စီစဉ်ထားရှိပါသည်။ ရေးရာကော်မတီများ အားကောင်းမှ လွှတ်တော်အားကောင်းမည်ဖြစ်သည်။ လွှတ်တော်အားကောင်းစေရန်လည်း အကောင်အထည်ဖော်ဆောင်မှုကဏ္ဍဖြစ်သည့် အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုသည် အဓိကကျပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီသည် တတ်စွမ်းသမျှဆောင်ရွက်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များတွင်လည်း ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ ရှေ့လုပ်ငန်းစဉ်များတွင်လည်း ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် အကြီးအမှူးများ သက်ဆိုင်ရာဌာနများကလည်း ဆက်လက် ကူညီပံ့ပိုးပေးပါရန် တောင်းဆိုအပ်ပါသည်။

အကြံပြုတင်ပြချက်

ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီအနေဖြင့် အကြံပြု ဆွေးနွေးတင်ပြလိုသည်မှာ-

(၁) ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှမ်းပြည်နယ်၏ ဥပဒေပြုခွင့်ရှိသည့် ဇယား(၂)နှင့် ဇယား(၅)တွင် အများပြည်သူ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေရန်နှင့် ကာကွယ် စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေသစ်များ ပေါ်ထွန်းလာရေးအတွက် တတ်ကျွမ်း နားလည်သည့် ဥပဒေပညာရှင်များကို ဖိတ်ခေါ်ပြီး ရေးဆွဲရန်၊

(၂) လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးမြင့်မားစေရန် ပြည်ပသို့ လေ့လာရေးခရီးစေလွှတ်ခြင်းနှင့် သင်တန်းများများတက်ရောက်နိုင်ရန် စီစဉ်ပေးခြင်း၊

(၃) ရှမ်းပြည်နယ်အစိုးရ၊ ရှမ်းပြည်နယ်လွှတ်တော်နှင့် CSO များမှ ကြီးမှူးကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ခေါင်းစဉ်အရ ဒေသအခြေအနေနှင့် ကိုက်ညီသည့် ကိုယ်စားလှယ်များကို ဦးစားပေးရွေးချယ်တက်ရောက်စေရန် လိုအပ်ခြင်း၊

(၄) ရေးရာကော်မတီအသီးသီး၏ ရင်ထိုးတံဆိပ်များ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိခြင်း စသည်တို့ကို အကြံပြုဆွေးနွေးတင်ပြပြီး ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ၏ ဒုတိယနှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းလျက်နိဂုံးချုပ်အပ်ပါသည်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(သတ္တမနေ့)တွင် ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီမှ တင်ပြသည့် အစီရင်ခံစာအား ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈(စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာ များအား ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို စက်တင်ဘာလ ၁၇ ရက်နေ့မှ စက်တင်ဘာလ ၂၅ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးကျင်းပတဲ့ရက်တွေမှာ မေးခွန်းများမေးမြန်းခြင်း၊အဆိုများတင်သွင်းခြင်း၊အကြံပြုဆွေးနွေးခြင်းစသည့် လွှတ်တော်အတွင်း တာဝန်အသီးသီးကို ဆောင်ရွက်ပေးကြတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်းဦးစွာ ပြောကြားလိုပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်(၃၁)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း(၇၃)ခုကို မေးမြန်းခြင်း၊ဖြေကြားခြင်းတို့ကိုဆောင်ရွက်နိုင်ခဲ့သလို ၊ အဆိုအနေနဲ့ အဆို(၄)ခုတင်သွင်းရာမှာ အဆို(၃)ခုအားအတည်ပြုနိုင်ခဲ့ပြီး အဆို(၁)ခုအား မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ဥပဒေကြမ်းအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေမူကြမ်းနဲ့ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြပြီး ဆောင်ရွက်ရမည့်အစီအစဉ်များကိုပါ ရှင်းလင်းတင်ပြနိုင်ခဲ့ပါတယ်။

ထို့အတူ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီကလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စိစစ်၍သုံးသပ်တဲ့ အစီရင်ခံစာကို တင်ပြနိုင်ခဲ့ပါတယ်။ အဲ့ဒီဥပဒေတွေကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့သလို အရေးပေါ်အစည်းအဝေး(၁/၂၀၁၈)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်အပန်းဖြေစခန်း တိရစ္ဆာန်ဥယျာဉ် နှင့်ရုက္ခဗေဒဥယျာဉ်ဥပဒေမူကြမ်းကိုလည်း အတည်ပြု နိုင်ခဲ့ပါတယ်။

လွှတ်တော်ရဲ့လုပ်ငန်းတာဝန်များမှာ ဥပဒေပြုခြင်း၊ ပြည်သူလူထုကို ကိုယ်စားပြုခြင်း နှင့်အပြန်အလှန် ထိန်းညှိခြင်းတို့ပါဝင်ပါတယ်။ ယင်းတာဝန်များအနက် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံးမှာ ဥပဒေပြုခြင်း ဖြစ်သောကြောင့် ဥပဒေပြုရေးကဏ္ဍမှာပြဋ္ဌာန်းထားတဲ့ ဥပဒေများ၊နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ပြည်သူလူထုများ ခံစားနေရတဲ့ အခက်အခဲတွေ ၊ အကျပ်အတည်းတွေ၊ ပြဿနာတွေကို မေးခွန်းများ၊ အဆိုများနှင့် ဥပဒေ ကြမ်းများအဖြစ်ပြောင်းလဲပြီး လွှတ်တော်သို့ရောက်ရှိအောင် ဆောင်ရွက်ရေးဟာ ကိုယ်စား လှယ်များရဲ့တာဝန်ပဲ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းခြင်းနဲ့အဆိုများ တင်သွင်းခြင်းအရေအတွက်ဟာ များပြားလာပေမဲ့ အများ ပြည်သူနဲ့ သက်ဆိုင်တဲ့ဥပဒေများ ရေးဆွဲတင်သွင်းနိုင်မှုဟာ နည်းပါးနေပါသေးတယ်။ လွှတ်တော်ကိုယ်စားလှယ်များအတွက် မိမိတို့ မေးခွန်းများနဲ့အဆိုများတင်သွင်းဆောင်ရွက် တဲ့အခါမှာ ယင်းတို့နဲ့ စပ်လျဉ်းတဲ့ ကန့်သတ်ချက်တွေ၊ စည်းကမ်းချက်တွေ သိရှိနားလည် ပြီးတော့မှ အဲ့ဒီစည်းကမ်းချက်များအတိုင်း ညီညွတ်စေဖို့ လိုအပ်ပါတယ်။ ထို့အတူ ပြည်နယ်အဖွဲ့အစည်းဝင်များကလည်း ယေဘုယျဆန်သော၊ ခေါက်ရိုးကျိုးနေသာ ဖြေကြား ချက်မျိုး မဖြစ်စေဘဲ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊တာဝန်ခံမှု အပြည့်အဝရှိသော ဖြေကြားချက်မျိုးကိုဖြစ်စေလိုပါတယ်။ စီမံခန့်ခွဲရေးတာဝန်ယူထားသူများသည် လုပ်ပိုင်ခွင့် များလည်း ရှိသဖြင့် မိမိတို့လုပ်ဆောင်ရမည့်တာဝန်များ၊ မိမိတို့ လုပ်သင့်သည့် အလုပ်များကို ပြည်သူလူထု၏ တိုက်တွန်းချက်ကို စောင့်မနေပဲ မိမိအသိနှင့်ယှဉ်ပြီးတော့မှ တက်တက် ကြွကြွ ဆောင်ရွက်ပေးဖို့လိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး မှာ လွှတ်တော်ရေးရာကော်မတီနှစ်ခုမှ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားရှင်းလင်း တင်ပြ နိုင်ခဲ့ပါတယ်။ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီမှာ

လိုအပ်ချက်အရ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နှင့်အညီ ဖြည့်စွက်တာဝန်ပေးအပ်နိုင်ခဲ့ပြီး ပြောင်းရွှေ့သွားသော တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့ရဲ့ လစ်လပ်တဲ့နေရာမှာလည်းပဲ ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၇၀ အရ ရေးရာကော်မတီဝင်များအဖြစ် အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက် တာဝန်ပေးအပ် နိုင်ခဲ့ပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခရီးစဉ်ကို ကြိုးပမ်း ဖော်ဆောင်ရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိဒေသရှိ ပြည်သူလူထုများအပေါ် မှန်ကန်သည့် စိတ်ရင်းစေတနာနှင့် အမြော်အမြင်ရှိရှိ နည်းလမ်းမှန်မှန်ဖြင့် မိမိတို့၏ ကိုယ်စီ တာဝန်များကို ကျွန်တော်တို့ ထုတ်ဖော်ပြသနိုင်အောင် ကြိုးစားကြပါ။ အစည်းအဝေး ကျင်းပမှု တစ်ကြိမ် ထက်တစ်ကြိမ်ပိုပြီးအတွေ့အကြုံ ရင့်ကျက်လာသည်နှင့်အမျှ ဒီမိုကရေစီ ပိုမိုရှင်သန်အောင်ဆက်လက်ဆောင်ရွက်ပေးကြပါ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့နဲ့ သက်ဆိုင်တဲ့ဒေသများသို့ အဆင်ပြေချောမွေ့စွာပြန်လည်ရောက်ရှိကြပြီး အများ ပြည်သူနှင့် လွှတ်တော်အတွက် လိုအပ်ချက်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေ။ နောက်တစ်ကြိမ်ကျင်းပမည့် ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ကျန်းမာ ချမ်းသာစွာဖြင့် ပြန်လည်ဆုံတွေ့ကြပါစို့ဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့) ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပြီးမြောက်ကြောင်းကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့) အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

ရှမ်းပြည်နယ်လွှတ်တော်

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့်ကျော် ၁ ရက်ထိ

(ခရစ်သက္ကရာဇ် ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်မှ စက်တင်ဘာလ ၂၅ ရက်ထိ)

တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်များ

ပထမနေ့ (၁၇-၉-၂၀၁၈)ရက်၊ တနလာ်နေ့

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦး၊ တက်ရောက်သူ (၁၂၅)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က မှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဒုတိယနေ့ (၁၈-၉-၂၀၁၈)ရက်၊ အင်္ဂါနေ့

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦး၊ တက်ရောက်သူ (၁၂၀)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က မှတ်တမ်းတင်သည်။

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူအသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး**

ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုအား လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

တတိယနေ့ (၁၉-၉-၂၀၁၈)ရက်၊ ဗုဒ္ဓဟူးနေ့

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦး၊ တက်ရောက်သူ (၁၁၈)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က မှတ်တမ်းတင်သည်။

၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံတိုင်းရင်းသား မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”**အဆိုအား လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

စတုတ္ထနေ့ (၂၀-၉-၂၀၁၈)ရက်၊ ကြာသပတေးနေ့

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦး၊ တက်ရောက်သူ (၁၂၁)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က မှတ်တမ်းတင်သည်။

၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရ စ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ (မူကြမ်း)အား လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၁၀။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေး**

နိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း” အဆိုအား လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ပဉ္စမနေ့ (၂၁-၉-၂၀၁၈)ရက်၊ သောကြာနေ့

၁၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦး၊ တက်ရောက်သူ (၁၁၉)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၄)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က မှတ်တမ်းတင်သည်။

၁၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၁၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေးအတွက် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း ”** အဆိုအား လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

၁၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ **“ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း”**ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆဋ္ဌမနေ့ (၂၄-၉-၂၀၁၈)ရက်၊ တနင်္လာနေ့

၁၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦး၊ တက်ရောက်သူ (၁၁၇)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က မှတ်တမ်းတင်သည်။

၁၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)၌ ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

သတ္တမနေ့ (၂၅-၉-၂၀၁၈)ရက်၊ အင်္ဂါနေ့

၁၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦး၊ တက်ရောက်သူ (၁၁၈)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး၊ ခွင့်မဲ့ ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က မှတ်တမ်းတင်သည်။

၁၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့)၌ **"ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြို့တင်မှုကော်မတီ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း"**ကို လွှတ်တော်က မှတ်တမ်းတင်သည်။

၁၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့)၌ **"ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်း ဆိုင်ရာများ"**အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။